





မာ့ခဟေယ်
အကောင်းဆုံးစာအုပ်ရေးသူ

One Thing you Can't Do in Heaven

( ကောင်းကင်ဘုံတွင်သင်မလုပ်နိုင်သောအရာတစ်ခု)

နှင့်

One Heartbeat Away

(နောက်ဆုံးနှလုံးခုန်သံတစ်ခုသာ)




The watchmen

ကင်းစောင့်သူ

စာရေးသူ Mark Cahill

Mark Cahill မှ မူပိုင်ခွင့် @2012

Light of Life Foundation, B.E. 2022 ထိုင်းနိုင်ငံ၏မူပိုင်ခွင့်ဥပဒေအရ ထုတ်လုပ်ထားခြင်းဖြစ်သည်။

တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ မည်သည့်ပုံစံဖြင့်မဆို ကူးယူခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်း၊ ထုတ်ဝေခြင်း မပြုပါနှင့်။

ဒီစာအုပ်တွင်ခွင့်ပြုချက်အပြင်

ကိုးကားသောကျမ်းပိုဒ်များသည် Thai King James Version မှဖြစ်သည်။

ISBN 978–616–93626–1–6

2nd Edition (ပြန်လည်ပြင်ဆင်ထားသောထုတ်ဝေမှု)

ဇွန်လ 2022

ခေါန်တောင်(မီးမီး) မှ ဘာသာပြန်သည်။

Moonnithi Saeng of Life မှ ပြုစုပြုစုပါသည်။

ပုံနှိပ်သည်။

Modern Film Center Co., Ltd.

122/15–16 Soi Ladprao 37 Ladprao Road

Chantarakasem Sub– District Chatuchak District Krungthep Mahanakorn 10900

စာအုပ်အမှာစာ (အင်္ဂလိပ်ဗားရှင်း) စာအုပ်ဆိုင် သို့မဟုတ် www.markcahill.org တွင် ပိုမိုဖတ်ရှုပါ။



သင့်ကိုပေးပါသည်။

မှ

လှူပေးပါ။

ဒီစာအုပ်ကို ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးသောကင်း
စောင့်သူများအပါအဝင်

ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကင်းစောင့်မည့်သူများအားအပ်နှံပါသည်။

"ကင်းစောင့်သူသည် ကမ္ဘာကြီးပျက်စီးမည့်အချိန်တွင် နှုတ်ဆိတ်၍မနေနိုင်ပါ။ ဒီစာအုပ်သည် သင့်အသက်တာအား မယုံကြည်သောသူများအတွက် ပေးဆပ်နိုင်ရန် သင့်အားတွန်းအားပေးသောစာအုပ်ဖြစ်လိမ့်မည်။ ကင်းစောင့်သူဟူသည်မှာ မယုံကြည်သူများ၏ ဝိညာဉ်ရရှိရန်အားတက်မာန်တက်ဖြင့်တိုက်ပွဲဝင်ကြောင်း ၊အချိန်တို တောင်းသဖြင့်မြန်ဆန်စွာလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အပျော်သဘောဖြင့်အမှု ဆောင်ခြင်းမဟုတ်ကြောင်းသိရှိအလေးထားသူဖြစ်သည်။ Mark Cahill သည် ခရစ်တော်၏သစ္စာရှိသောစစ်သားများအားသက်တောင့်သက်သာရှိသော အသက်တာမှ ထွက်လာပြီးမယုံကြည်သူများကိုကယ်တင်မည့်စစ်မြေပြင်သို့ချီတက်ရန် ဤစာမျက်နှာ များပေါ်တွင်နက်နက်ရှိုင်းရှိုင်းစိန်ခေါ်ခဲ့သည်။ "

– Josh Page၊ ကင်းစောင့်သူ

"ဒီစာအုပ်သည် ကင်းစောင့်များအားဘုရားသခင်၏အလိုတော်အတိုင်းလျှောက်လှမ်း စေသည့်အပြင်ကိုယ်တော်နှင့်နီးကပ်သောအသက်တာဖြင့် အမှုတော်ကိုထမ်းဆောင် သော ကင်းစောင့်များဖြစ်ရန်၊ မယုံကြည်သောသူများကို ခရစ်တော်၌ခိုလှုံရန်သတိပေး စာအုပ်ဖြစ်သည်။ Mark Cahill သည် အမှုတော်ကိုတည်ကြည်သောစိတ်နှင့် မရှက်မ ကြောက်တမ်းလေးနက်စွာသစ္စာတရားဖြင့် ထမ်းဆောင်သည့်သူ၏ဘဝကို သက်သေခံ ထားခြင်းဖြစ်သည်။ ပျက်စီးခြင်းသို့ရောက်လုနီးသောသူအား မိမိအသက်ကိုရွေးချယ်ရန် တိုက်တွန်းနေသူဖြစ်သည်။ ဤကဲ့သို့အလေးအနက်နှင့်ဧဝံဂေလိပြောမည့်သူအား ကျွန်ုပ်တို့စောင့်မျှော်နေပါသည်။"

–Brenda Nikle၊ ကင်းစောင့်



"စာတန်သည်ခရစ်ယာန်များကို မကြိုက်ပါ။ Mark Cahill ၏သတ္တိကိုလည်း သူမုန်းသည်။သို့သော်စာတန်သည်ဘုရားသခင်၏စစ်တပ်ကိုမခုခံနိုင်ပါ။ဤစာအုပ်သည် ယေရှုခရစ်၏နာမတော်ကို ပဋိနာပြုသော သူအပေါင်းတို့အား နိုးထလော့ ဟုနိုးဆော် နေသောတံပိုးမှုတ်သံဖြစ်ပါသည်။

– Jon Lamb၊ ကင်းစောင့်သူ

မာက်ရဲ့စံပြအသက်တာသည် ကျွန်တော့်အား ဧဝံဂေလိတံပိုးကို အကောင်းဆုံး သံစဉ်ဖြင့်မှုတ်ရန် နှိုးဆော်နေသည်။ မာက်သည်သမ္မာကျမ်းချက်ဖြင့် တိုက်တွန်းပြီး သူကိုယ်တိုင်လည်းထိုကျမ်းချက်များအတိုင်း လက်တွေ့ဆောင်ရွက်သောကြောင့် ကမ္ဘာလူသားများအား ကောင်းသောအကျိုးသက်ရောက်မှု ရှိကြောင်းသက်သေပြ ခဲ့သည်။ ဤအရာများသည် ကျွန်တော့်အား မှန်ကန်သောသံစဉ်ဖြင့်တံပိုးကို အစဉ်အမြဲမှုတ်လွှင့်သွားမည်ဟုဆုံးဖြတ်စေနိုင်ခဲ့သည်။ မာက်သည်အစောင့်များ၏ အကြံပေး ဖြစ်သည်။"

– Don Blythe၊ ကင်းစောင့်သူ

"ဒီစာအုပ်သည် ရုံးထုတ်ပြန်ချက်သီအိုရီကို အခြေခံပြီး ရေးထားခြင်းမဟုတ်၊ စိန်ခေါ်မှုများပြည့်နက်ကာ လက်တွေ့ကျသော စာအုပ်တစ်အုပ်ကို မာက်က ရေးသားခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့သောအကြောင်းအရာနှင့် ပတ်သက်သည့် ဖတ်ဖူးသမျှထဲ၌ ဤစာအုပ်သည်လက်တွေ့အသုံးချနိုင်သောစာအုပ်ဖြစ်သည်။

ထို့ပြင်အတွေ့အကြုံရင့်ကျက်ပြီး ဘုရားသခင်ကိုကိုးစားခြင်းအပြည့်ဖြင့် ရေးသားထားကြောင်း ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်သူတိုင်း တို့ထိခံစားမိမည်ဖြစ်သည်။

– John Bainesley၊ ကင်းစောင့်

"ဘုရားသခင်အားအရေးကြီးသောအရာကို ပေးဆောင်ခြင်းသည် သင့်အသက်တာအတွက် အရေးကြီးဆုံးအရာပင်ဖြစ်သည်။ ဤစာအုပ်ထဲမှ အကြောင်းအရာသည် သင့်စိတ်ကို တို့ထိမည်ဟု ကျွန်မယုံကြည်ပါသည်။ ဤကဲ့သို့သစ္စာရှိသောကင်းစောင့်အတွက် နှိုင်းယှဉ်ရန်စကားလုံးမရှိသလောက်ပင် တန်ဖိုးမြင့်မိသောကြောင့် ကျွန်မ၏မျက်လုံးတွင် မျက်ရည်များ ပြည့်နေပါပြီ။"

–Linda Ruttle၊ ကင်းစောင့်

"The Watchman သည်စွဲမက်ဖွယ်ကောင်းလှသည့်စာအုပ်တစ်အုပ်ဖြစ်ပြီး သင်၏နေ့စဉ်အသက်တာ၌ သင်ဦးစားပေးနေသောအရာများအားစမ်းစစ်ရန် တိုက်တွန်းပေးသောကြောင့် အလွန်စိတ်ဝင်စားဖွယ် ကောင်းပါသည်။ ဤစာအုပ်သည် သင့်ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲစေမည်ဟု ကျွန်ုပ်ယုံကြည်ပါ သည်။ သင့်နေ့စဉ် အသက်တာ၌ မှတ်သော ဘုရားသခင်၏ အမှန်တရားတံပိုးသံ သည် ယေရှုခရစ်၏ အသင်းတော်အားနိုးကြားစေလိမ့်မည်။ ဤစာအုပ်သည် ဖတ်သင့်သည့်စာအုပ်ဖြစ်သည်!

–Def Farmer, ကင်းစောင့်



# မာတိကာ


| | |
|---|---|
| နိဒါန်း | 9 |
| အခန်းတစ် | |
| ကြောက်မက်ဖွယ်ရာ အော်ဟစ်ခြင်း | 13 |
| အခန်းနှစ် | |
| သင်နှင့် ... | 39 |
| အခန်းသုံး | |
| မင်္ဂလာပါ သူစိမ်းများ | 55 |
| အခန်းလေး | |
| သတင်းကောင်းကိုရဲရင့်စွာဝေငှခြင်း။ | 79 |
| အခန်းငါး | |
| ဆုတောင်းခြင်းသည် ပြောင်းလဲစေနိုင်သည်။ | 107 |
| အခန်းခြောက် | |
| ပေးကမ်းခြင်းသည် လက်ခံခြင်းထက် သာ၍ဝမ်းမြောက်စေသည် | 133 |
| အခန်းခုနစ် | |
| “ကျွန်ုပ်သည်ထာဝရကာလအကြောင်းကိုအမြဲတွေးတောနေမိသည်" | 159 |
| အခန်းရှစ်၊ | |
| ငါ၏စကားများသည် မီးနှင့်မတူသည်လား၊ | 197 |
| အခန်းကိုး | |
| ကူးသွားရန် နည်းလမ်းမရှိပါ။ | 247 |
| အခန်းတစ်ဆယ် | |
| အချိန်မရှိတော့ပါ | 267 |
| အောက်ခြေမှတ်စု | 301 |
| အခမဲ့လေ့လာမှုလမ်းညွှန် | www.markcahill.org |




# နိဒါန်း

"သင်သည်ဘုရားသခင်ကိုကြောက်ရွံ့လျှင် အခြားမည်သည့်အရာကိုမျှမကြောက်တော့ပါ။"

– Oswald Chambers၊

ဤစာအုပ်ကိုဖတ်ပြီးလျှင် သင်အတွက်အလွန်အဆင်မပြေဖြစ်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ သို့သော်ကျွန်ုပ်အတွက်ပြဿနာမရှိပါ၊ ဤစာအုပ်ကို ချလိုက်သည်နှင့် ကျွန်ုပ်ကိုမကြိုက်လျှင်လည်း ပြသာနာမရှိပါ။

စာအုပ်၏နိဒါန်း၌ အထက်ပါ ဝါကျနှစ်ကြောင်းကိုဖတ်ရလိမ့်မည်ဟု သင်ထင်မိမည်မဟုတ်။ သို့သော်ဤစာအုပ်၏ နောက်စာမျက်နှာများတွင် စိန်ခေါ်မှုများ ကြီးကြီးမားမားရှိလိမ့်မည်၊ ဖျော်ဖြေရေးအတွက် စိတ်ကူးယဉ်ဝတ္ထုများမပါပါ၊ အေးအေးဆေးဆေး နေချင်သူများအတွက်ရေးထားခြင်းမဟုတ်ကြောင်းကြိုတင်သတိပေးလိုပါသည်။ မပူမအေးသောအသက်တာဖြင့် ယေရှုခရစ်နောက်လိုက်မည်ဆိုလျှင်လည်း သင်၏ရွေးချယ်မှုပင်ဖြစ်သည်။ သို့သော်ကြောက်စရာကောင်းသည့်ရွေးချယ်မှုဖြစ်သည်ကိုသတိရှိစေလိုသည်။ ကျွန်ုပ်တို့သည်အကြောင်းအမျိုးမျိုးကို ဆုံးဖြတ်ချက်ချရစမြဲဖြစ်သည်။ ဆုံးဖြတ်ချက်တိုင်း၌ အကောင်းသို့မဟုတ်အဆိုးဟူ၍ ခံစားရလိမ့်မည်။ ဤစာအုပ်မှ အချက်အလက်များသည် ဘုရားသခင်၌မိမိဘဝတစ်ခုလုံးကိုပေးဆပ်လိုသူများအတွက်၊ မိမိအသက်တာသည် ဤကမ္ဘာကြီးနှင့်မသက်ဆိုင်ကြောင်း သိသောသူများအတွက်၊ ခြားနားမှုကိုဖန်တီးလိုသူအတွက်၊ ဒီကမ္ဘာကြီးသည်ဖြတ်လျှောက်ရမည့်လမ်းသာဖြစ်ပြီး လောကတွင်နေသော်လည်းလောကီနှင့်မဆိုင်ဟု သိသောသူအတွက်၊ သာမန်လူအများကဲ့သို့ အသက်မရှင်လိုသူများအတွက်သင့်လျော်ပါသည်။

ကျွန်တော်အကြိုက်ဆုံးဆရာမှာ ကျွန်တော့အားကျောင်းသားကောင်းဖြစ်စေပြီး သင်ယူလိုစိတ်ပြင်းပြအောင်ထောက်ပံ့ပေးသည့် ဆရာပင်ဖြစ်သည်။ ကျွန်တော်အကြိုက်ဆုံး ဘတ်စကတ်ဘောနည်းပြမှာကျွန်တော့အားကွင်းလယ်တွင် ထူးချွန်စေပြီး သူများ၏နောက်လိုက်မဖြစ်စေလိုသောနည်းပြပင်ဖြစ်သည်။အလုပ်တွင်ကျွန်တော်လေးစားရသည့် မန်နေဂျာမှာ ကြီးမားသည့်ဌာနတစ်ခုကိုအောင်မြင်အောင်စီမံခန့်ခွဲပေးနိုင်သည့် မန်နေဂျာပင်ဖြစ်သည်။

ကျွန်တော်အကြိုက်ဆုံးတရားဟောဆရာမှာကျွန်တော်၏ခံစားချက်ကိုမမှုဘဲ ကျွန်တော့်အားဘုရားသခင်အတွက်အကောင်းဆုံးလူ၊ ဘုရားသခင်ကိုနာခံသောသူဖြစ်ရန် တိုက်တွန်းပေးသောပုဂ္ဂိုလ်များဖြစ်သည်။ကျွန်တော်အကြိုက်ဆုံးတရားဒေသနာများမှာ ကျွန်တော့အားပြင်းပြင်းထန်ထန် သတိပေးသောနုတ်ကပတ်တော်များဖြစ်သည်။ ဤတရားဟောဆရာများသည် အလယ်အလတ်လမ်းစဉ်လိုက်စားသောသာမန်ဘဝဖြင့်နေထိုင် သည့်ခရစ်ယာန်များကိုမလိုလားပါ၊ အသင်းသားတစ်ယောက်ယောက်မှ ဆယ်ဖို့တစ်ဖို့ပူဇော်မည်ကိုရပ်သန့်မှာမကြောက်ဘဲ တရားဒေသနာ၏လေးနက်မှုကိုမလျှော့သည့်နုတ်ကပတ်တော်ကိုဟောပြောသူဖြစ်သည်။ လူရှေ့တွင်မဟုတ် ဘုရားသခင်၏ရှေ့တွင် အစီရင်ခံရမည်ဖြစ်ကြောင်း ထိုအမှုတောင်ဆောင်များကောင်းစွာသိရှိသောကြောင့်ဖြစ်သည်။ ယနေ့ကဲ့သို့သောကျွန်တော်ဖြစ်လာရန် ကူညီပေးခဲ့သည့်ထိုအမှုတော်ဆောင်များအတွက်လည်း ဘုရားသခင်အား ကျေးဇူးတင်ပါသည်။

ဤစာအုပ်မှအမှန်တရားနှင့်စိန်ခေါ်မှုအမျိုးမျိုးသည် သင့်အပေါ်ရလဒ်များစွာသက်ရောက်မှုရှိမည်ဟုကျွန်တော်မျှော်လင့်ပါသည်။ သာမန်နေ့စဉ်ဘဝ၌ဦးတည်ရာမဲ့လျှောက်လှမ်းသော၊ ဘုရားလမ်း၌မည်သည့်ထူးချွန်ထက်မြက်မှုမရှိသော ယေရှုခရစ်၏နောက်လိုက်များကိုဘုရားသခင်အလိုမရှိ၊ အလားတူထိုသို့လျှောက်လှမ်းနေသည့်ကြေးမုံမှန်၌နေ့စဉ်မြင်နေရသောသင့်ကိုသင်လည်းအလိုမရှိသင့်ပါ။






ယုဒ 1 : 3 "ချစ်သူတို့၊ အညီအမျှဆက်ဆံသောကယ်တင်ခြင်းအကြောင်းအရာကို သင်ထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည်ကြိုးစား၍ တိုက်တို့ထံသို့ရေး၍ပေးလိုက်ခြင်းငှါ ငါသည်အလွန်ကြိုးစားသည်တွင်၊ သန့်ရှင်းသူတို့၌ အလှန်စေခြင်းငှါ နှိုးဆော်သွေးဆောင်၍ ရေးလိုက်ရသောအကြောင်းရှိ၏။"

မြင့်မြတ်သောဘုရားသခင်ကို ဆည်းကပ်သူများသည် ယုံကြည်ခြင်း၌ အမြဲထက်သန်နေကြသည်။ အကယ်၍သင်သည်သင်၏ယုံကြည်ခြင်းကို တပါးသူအားမပြောပြဖူးပါက ဤစာအုပ်သည် သင့်အတွက်ဖြစ်သည်၊ သင်သည် ဧဝံဂေလိကိုအနည်းငယ် ဟောပြောခဲ့လျှင် ဤစာအုပ်သည် သင့်အတွက်ဖြစ်သည်။ မယုံကြည်သူများနှင့်စကားပြောသည့်အခါ သင်ကြောက်ရွံ့နေသည် သို့မဟုတ် စိတ်လှုပ်ရှားနေသည်ဆိုလျှင် ဤစာအုပ်သည် သင့်အတွက်ဖြစ်သည်။ သင်၏နေ့ရက်စဉ်တိုင်း၌သက်သေခံသည်ဆိုလျှင်ပင် ဤစာအုပ်သည်သင့်အတွက်ဖြစ်သည်။

ဤစာအုပ်ကိုသင်ဖတ်ပြီးလျှင်သင့်အသက်တာဖြင့်မယုံကြည်သူများအားတို့ထိရန် ပို၍သတ္တိရှိလာမည်ဟုကျွန်တော်မျှော်လင့်သည်။

သင့်အသက်မဆုံးရှုံးမီ ကင်းစောင့်အဖွဲ့၏တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်စေလိုသည်။ ဤစာအုပ်ဖတ်မပြီးခင်ပင် ကင်းစောင့်တို့နှင့်ပူးပေါင်းရန် တိုက်တွန်းခွန်အားပေးမှုရလိမ့်မည်ဟုမျှော်လင့်ပါသည်။ ဤစာအုပ်ဖတ်ခြင်း၌စီးမျှောပြီး စိန်ခေါ်မှုကိုရမည်ဟုလည်းမျှော်လင့်ပါသည်။ တခြားစောင့်များက သင်လာရောက်ပူးပေါင်းရန်စောင့်မျှော်နေကြသည်။ ထိုထက်ပို၍အရေးကြီးသည်မှာ သင်သည်ဤလောကမှမထွက်ခွာမီ ကင်းစောင့်အဖွဲ့၌စာရင်းသွင်းရန်သင့်အားဘုရားသခင်စောင့်ဆိုင်းနေပါသည်။




# အခန်း 1

# ကြောက်မက်ဖွယ်ကောင်းသောဟစ်အော်သံ

“အပြစ်မှလွဲ၍ ဘာကိုမျှကြောက်ရွံ့ခြင်းမရှိသော ဓမ္မဆရာ၊ ဘုရားသခင်မှတပါး ဘာကိုမျှ အလိုမရှိသောဓမ္မဆရာ အပါးတစ်ရာကိုကျွန်ုပ်အားရှာပေးပါ။ ထိုသူတို့သည် ဘာသာရေး ခေါင်းဆောင်ဖြစ်စေ သို့မဟုတ် အသင်းသားများပင်ဖြစ်စေ ထိုလူများကသာ ငရဲ၏တံခါးကို တုန်ခါစေပြီးမြေကြီးပေါ်တွင် ကောင်းကင်နိုင်ငံတော်တည်ဆောက်နိုင်သူများဖြစ်သည် "

John Wesley

ယေဇကျေလ 33 : 1 “ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ငါ့ဆီသို့တဖန်လာပြန်သည်....”

ကျွန်ုပ်တို့မှတ်ထားရမည်မှာဘုရားသခင်၏နှုတ်ကပတ်တော်သည်ဓမ္မာကျမ်းစာမှတဆင့် ကျွန်ုပ်တို့ကိုတို့ထိပြောကြားနေသည်။ ယနေ့ကမ္ဘာတွင်သင်ကြားနေရသည့် အရာများ မှန်ကန်လားဆိုသည်ကိုဆန်းစစ်ရန်စံချိန်ဖြစ်ပါသည်။ နောက်ဆုံးသောကာလတွင် ခရစ်တော်အတုအယောင်များရှိလာမည်ဟု သမ္မာကျမ်းစာက ကတိပြုထားသည်။

ဤပရောဖက်အတုအယောင်များအားလုံးသည် မှားယွင်းသောဘာသာရေးလူများဖြစ်ကြ၍ ထိုသူများသည်အလွန်ပင်အန္တရာယ်များပါသည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်သူအများစုက ဘာသာရေးသမားများသည် ယုံကြည်သူများအားလှည့်စားမည်ဟုမမျှော်လင့်ထားတာကြောင့် သတိမမူမိဘဲထိုသူတို့၏ဟောပြောမှုကို လက်ခံကြသည်။ နှုတ်ကပတ်တော်၏စံချိန်နှင့်တိုင်းတာရန်မေ့လျော့သွားကြသည်။

တက္ကသိုလ်တက်သည့်ကျောင်းသားများသည်သူတို့ဆရာများ၏လိမ်လည်သင်ကြားမှုကြုံတွေ့ရသည်ဟုကျွန်တော်ကြားဖူးသည်။ ထိုထက်မကထိပ်လန့်မှုကောင်းသည့်အဆိုးဆုံးအရာမှာ ခရစ်ယာန်တက္ကသိုလ်များတွင်ဖြစ်ပွားသည့် လှည့်စားမှုများပင်ဖြစ်သည်။ အချို့သောကျောင်းသားများကဆင့်ကဲဖြစ်စဉ်သီအိုရီသည် စစ်မှန်ကြောင်းယုံကြည်ရန်သွန်သင်ခံရသည်ဟုဆိုကြပြီး အချို့မှာအံ့ဖွယ်အမှုများမရှိဟုသွန်သင်ခံရကြသည်။ ထွက်မြောက်ရာကျမ်းမှဖြစ်ရပ်များသည် အမှန်တကယ်မဖြစ်စဖူးဟုဆိုလျှင်ခွင့်လွှတ်ခြင်း၏အံ့ဖွယ်အမှု သို့မဟုတ် ရှင်ပြန်ထမြောက်ခြင်း၏အံ့ဖွယ်အမှုတို့ကိုကျွန်ုပ်တို့အဘယ်ကြောင့်ယုံကြည်ကြသနည်း။ ထိုကျောင်းသားများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုယုံကြည်မည့်အစား သူတို့ဆရာ၏သင်ကြားမှုကိုပို၍ယုံကြည်ကြသည်ကိုတွေ့ရသည်။

ဤစာအုပ်ကိုဖတ်လျှင်ကျွန်တော်ပြော သောအရာကိုလွယ်လွယ်နှင့်မယုံဘဲ သတိရှိစွာဖြင့်ဖတ်ပါဟုပြောပါရစေ။ ထာဝရဘုရား၏နှုတ်ကပတ်တော်ကိုနာခံပါ။ ကင်းစောင့်များသည် အစီရင်ခံအပ်သောသူဖြစ်သောကြောင့် အမြဲသတိရှိလော့၊ မကြာမီသင်သည်နားလည်ရလိမ့်မည်။

ယေဇကျေလအနာဂတ္တိကျမ်း။ 33:2–6 (MYJ) အချင်းလူသား၊ သင်၏ အမျိုးသားအချင်းတို့ အားဟော်ပြော၍ ဆင့်ဆိုရမည်မှာ၊ ငါသည် တစုံတခု သောပြည်သို့ ထားဘေးရောက်စေသောအခါ၊ ပြည်သား တို့သည် ပြည်သားတယောက်ကို ယူ၍ ကင်းစောင့် ထားပြီးမှ၊



ထိုသူသည် ထားဘေးရောက်သည်ကို မြင်လျက်တံပိုးမှုတ်၍သတိပေးသော်လည်း၊ တစုံတယောက် သောသူသည် တံပိုးမှုတ်သံကို ကြားလျက်နှင့် အမှုမထား၊ ထားဘေးရောက်၍ သူ၏ အသက်ဆုံးလျှင်၊ ထိုသူသည် ကိုယ်အသက်ဆုံးသောအပြစ်ကို ကိုယ်တိုင်ခံရမည်။



တံပိုးမှုတ်သံကိုကြား၍ အမှုမထားသောကြောင့်၊ ကိုယ်အသက် ဆုံးသောအပြစ်ကိုကိုယ်တိုင်ခံရမည်။ အမှုထားသောသူမူကား၊ ကိုယ်အသက်ကို ကယ်တင် လိမ့်မည်။သို့မဟုတ် ကင်းစောင့်ထားသောသူသည် ထားဘေး ရောက်ကြောင်းကိုမြင်လျက် တံပိုးမမှုတ်၊ ပြည်သားတို့အား အသိမပေးသောကြောင့် ထားဘေးရောက်၍ တစုံတယောက်သောသူ အသက်ဆုံးလျှင်၊ ထိုသူသည် မိမိအပြစ်ကြောင့် အသက်ဆုံးသော်လည်း၊ သူ၏အသက် ကို ကင်းစောင့်သောသူ၌ ငါတောင်းမည်။''

ရှေးခေတ်၌မိမိရန်သူများမည်သည့်အရာလုပ်နေသည်ကိုစောင့်ကြည့်ရန်ဂြိုလ်တုများမရှိ၊ ကေဘယ်လ်တီဗီမရှိ၊ နိုင်ငံတဝှမ်းကိုစူးစမ်းရန်ဒရုန်းများလည်းမရှိ၊ ရှေးခေတ်လူများလုပ်နိုင်သည်မှာ မြို့ပတ်ပတ်လည်ဆောက်ထားသည့်တံတိုင်းပေါ်တွင် အစောင့်တပ်များစုဆောင်းထားရသည်။ မြို့သူမြို့သားများကိုကာကွယ်ရန် ရည်ရွယ်၍ကင်းစောင့်များသည်ရန်သူများအတွင်းဖက်သို့တိုးဝင်လာခြင်းရှိမရှိစောင့်ကြည့်ရသည့်အပြင်၊ စစ်ပွဲစတင်မည်လားသို့မဟုတ် ရန်သူများကျူးကျော်လာလျှင်တံပိုးမှုတ်ရန် စောင့်ကြည့်ရမည်ဖြစ်သောကြောင့်ကင်းစောင့်များသည် အလွန်အရေးကြီးပါသည်။ အကယ်၍ကင်းစောင့်များချို့ယွင်းခဲ့လျှင်တစ်မြို့လုံးသေသွားနိုင်သည်။ သို့ဖြစ်လျှင်သင့်အနေဖြင့်မင်းတပ်၌မည်သို့သောအရည်အချင်းရှိသူကိုအလိုရှိပါသနည်း၊ စဉ်းစားကြည့်ပါ။ သင့်မမေ့သင့်သည်မှာ ဤကင်းစောင့်တာဝန်ထမ်းစဥ်ချို့ယွင်းချက်ရှိလျှင် သင်နှင့်သင့်မိသားစုအသက်ဆုံးရှုံးရမည်ဖြစ်သည်။

တံပိုးမှုတ်သောကင်းစောင့်သည် သမာဓိကောင်းသူ၊ အားကိုးရသောသူ၊ မပျင်းရိသတိနှင့်ဂရုတစိုက်ရှိသူ၊အားကိုးထိုက်သူ၊အမြင်ကောင်းသူ၊သနားကျင်နာတတ်သူဖြစ်ရမည်။ ထိုသူသည်တံပိုးကိုအသံကျယ်လောင်စွာနှင့်အမှန်ကန်ဆုံးတံပိုးမှုတ်နည်းကို ကောင်းစွာသိသူဖြစ်သည်။ ထို့ကြောင့်တံပိုးမှုတ်သံသည် ဖြောင့်မှန်သောလူ၊ စည်းကမ်းရှိသောသူ၊ ဂုဏ်သိက္ခာရှိသောသူဖြစ်ရမည်။

ခေတ္တရပ်သန့်ပြီးစဉ်းစားကြည့်ပါစို့၊ ကျွန်ုပ်တို့မြို့သည်ရန်သူများလက်မှကာကွယ်ရန်တံတိုင်းတစ်ခုဆောက်ထားမည်၊ ပြီးလျှင်မိမိလူမျိုးကိုကာကွယ်ရန် ထိုတံတိုင်းပေါ်တွင် အစောင့်အကြပ်ရွေးရမည်ဆိုလျှင် သင့်ကိုရွေးမည်လား။ သင်၌အထက်ပါအရည်အချင်းရှိပါသလား၊ ရှိသည်ဆိုလျှင်ယေရှုခရစ်၏နောက်လိုက်တစ်ဦးဖြစ်ပြီလား။ ဤအရည်အသွေးများသည် အဘယ်ကြောင့်သင့်ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သင့်သနည်း။ အကယ်၍မရှိပါက ယနေ့သည်သင်ပြောင်းလဲရန် နေ့သစ်တစ်နေ့ဖြစ်သင့်ပါသည်။ ယေရှုနောက်လိုက်သောသင်သည် အဘယ်သို့သောလူဖြစ်သနည်းဟူမူကား အလွန်အရေးကြီး၏။

ယခုလေ့လာကြပါစို့၊ ကျွန်ုပ်တို့ဖတ်လိုက်သောဓမ္မာကျမ်းသည် ကျွန်ုပ်တို့အားမည်ကဲ့သို့ခေါ်စောင်သွားမည်နည်း။

ယေဇကျေလအနာဂတ္တိကျမ်း။ 33:7–11 “ထိုအတူ၊ အချင်းလူသား၊ သင့်ကိုဣသရေလ အမျိုး၌ကင်းစောင့်စေခြင်းငှါ ငါခန့်ထားသောကြောင့်၊ သင်သည် ငါ၏နှုတ်ထွက်စကားကိုနာခံ၍သူတို့ကို သတိပေးရမည်။ ငါသည်လူဆိုးအား၊ အိုလူဆိုး၊ အကယ်စင်စစ်သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသောသူကိုသူ၏လမ်းမှလွှဲစေခြင်းငှါ သင်သည် သတိမပေးလျှင်၊ ထိုလူဆိုးသည်မိမိအပြစ်ကြောင့်အသက်ဆုံးလိမ့်မည်။ သို့ရာတွင်၊ သူ၏အသက်ကိုသင်၌ ငါတောင်းမည်။သို့မဟုတ်။ လူဆိုးကိုသူ၏ လမ်းမှလွှဲစေခြင်းငှါ သင်သည် သတိပေး၍သူသည်မလွှဲဘဲနေလျှင်၊ မိမိ အပြစ်ကြောင့် အသက်ဆုံးသော်လည်း၊ သင်သည် ကိုယ် အသက်ကိုကယ်တင်ပြီ။ သို့ဖြစ်၍၊ အချင်းလူသား၊ ဣသရေလ အမျိုးသားတို့အား ဟောပြောရမည်မှာ၊ ငါတို့သည် ကိုယ်ပြုမိသော ဒုစရိုက်အပြစ်ကို ခံရသဖြင့် အားလျော့ သည်ဖြစ်၍၊ အဘယ်သို့အသက်ရှင်နိုင်ပါမည်နည်းဟု သင်တို့ဆိုကြသော်၊ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေ ခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည်မိမိဆိုသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာငါနှစ်သက်၏။ အိုဣသရေ





လအမျိုးသားတို့၊ သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့။ လွှဲကြလော့။ အဘယ်ကြောင့်အသေခံလိုကြသနည်း။”

ဘုရားသခင်သည်ဆိုးသွမ်းသူတို့၏ သေခြင်းကိုနှစ်သက်တော်မမူကြောင်းရှုမြင်နိုင်သည်။ အဒေါက်ဟစ်တလာသေဆုံးပြီး ငရဲသွားရမည်ဆိုလျှင် ဘုရားသခင်အတွက် ဝမ်းနည်းစရာဖြစ်သည်။ ထိုအရာသည်ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်မဟုတ်၊ ယောသပ် စတာလင်, ဖောဖွက်, လင်နှင်း, အီဒီအာမင့် ဤသူများနှင့်တူသောသူများကွယ်လွန်ပြီး ငရဲပြည်သွားကြမည်ကိုဘုရားသခင်အလိုမရှိပါ။ ထိုအရာသည်ကိုယ်တော်၏ဖန်ဆင်းခြင်းရည်ရွယ်ချက်မဟုတ်ပါ။ သင်၏အကြိုက်ဆုံးသီချင်းမှာ "I Did It My Way" "ကျွန်ုပ်၏စိတ်တိုင်းကျလမ်းအတိုင်းလျှောက်ခဲ့သည်" သီချင်းဖြစ်ခဲ့လျှင်ဘုရားသခင်၏လမ်းအတိုင်းမလျှောက်လှမ်းခဲ့သောကြောင့် ဘဝကြီးပြီးဆုံးသွားသောအခါပူဆွေးရလိမ့်မည်။

နာမည်ကြီးလူရွှင်တော် ဂျော့ဂျ် ကာလင်း ကွယ်လွန်ပြီးနောက်ပိုင်းတွင်သူ၏ဖျော်ဖြေမှုအပိုင်းများကို YouTube ထဲတွင်ကျွန်တော်ကြည့်မိသည်၊ သူ၏ clip များတွင် 10မိနစ်တိုင်း၌ယေရှု၏နာမတော်ကိုမထိမဲ့မြင်စကားသုံး၍ရှုတ်ချသည်ကိုတွေ့ရသည် ။

ဝတ်ပြုရာကျမ်း 24:16 (MYJ) ထာဝရဘုရား၏ နာမတော်ကို ပြစ်မှားသောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ ပရိသတ် အပေါင်းတို့သည် ထိုသူကို အမှန် ကျောက်ခဲနှင့်ပစ်ရကြမည်။ အမျိုးသားချင်းဖြစ်စေ၊ တပါး အမျိုးသားဖြစ်စေ၊ နာမတော်ကို ပြစ်မှားလျှင် အသေသတ်ခြင်းကို ခံရမည်။

အကယ်၍ ဂျော့ဂ်ျ ကာလင်း သည် ဤကမ္ဘာသို့ ငါးစက္ကန့်ကြာမျှပြန်လာနိုင်ခဲ့ပါက၊ သူသည် ဂျေ လီနိုနှင့် The Tonight Show အစီအစဉ်သို့မဟုတ် ဒါဝိတ် လီတာမင်နှင့် The Late Show အစီအစဉ်တွင် ပါဝင်မည်မဟုတ်ပါ၊ ရယ်စရာများအတွက် ဝင်ငွေလစာကိုလက်ခံမည်မဟုတ်ပါ။ စင်ပေါ်မှာ သူပုံမှန်ပြလေ့ရှိသောဟာသများအတွက် နောင်တရရန်ငါးစက္ကန့်ပြန်လာ၍ အပြစ်မှနောင်တရပြီး ဝိညာဥ်မွေးဖွားခြင်းခံယူလိမ့်မည်၊ သူ၏နောက်ဆုံးထွက်သက်ကို ယေရှုနှင့်အတူထာဝရဖြတ်သန်းမည်ဟု ကျွန်တော်ယူဆပါသည်။သို့သော်သူ့အတွက်အလွန်နောက်ကျသွားပြီဖြစ်သည်။ ကျွန်တော်မေးချင်သည်မှာ ခရစ်ယာန်တစ်ဦးဦးက တံပိုးခရာကို ကောက်ကိုင်ပြီး ဂျော့ဂ်ျ ကေလင်း နောက်ဆုံးသောကာလတွင် တရားစီရင်ခြင်းခံရမည်ဟု သတိ ပေးခဲ့ဖူးပါလား။



Apple ကိုပူးတွဲတည်ထောင်သူ၊ CEO Steve Jobs ကွယ်လွန်သွားသောအခါတွင် ကျွန်တော် သူ့အကြောင်းကိုအနည်းငယ်လေ့လာကြည့်ရာ သူ့ကုမ္ပဏီတစ်ခုကို ဒေါ်လာသန်း400 ဖြင့်ရောင်းချခဲ့ပြီး နောက်ထပ်ကုမ္ပဏီတစ်ခုကိုလည်း ဒေါ်လာ ရှစ်ဘီလီယံဖြင့်ရောင်းချခဲ့သည်။ မာကု ၈:၃၆ တွင်ယေရှုက၊ “လူသည် ဤစကြာဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဥ်ရှုံးလျှင်အဘယ်ကျေးဇူးရှိသနည်း။” မစ္စတာ Steve Jobs ကဗုဒ္ဓဘာသာကိုစိတ်ဝင်စားသည်။ သို့သော်သင်သည်သခင်ယေရှုရှေ့တွင် ရပ်ရမည့်နေ့၌ ဘာသာတရားသည်သင့်ကို မကူညီနိုင်ပါ၊ ကျွန်တော်က Steve ကိုဧဝံဂေလိပြောခဲ့သောသူနှင့်ရင်းနှီးသည်၊ သို့သော် steve ငြင်းဆိုခဲ့သည်။ ဧဝံဂေလိပြောကြားသောသူအတွက်ကင်းစောင့်သူအနေဖြင့်သွေးစွန်းခြင်းမရှိတာဝန်ကိုထမ်းဆောင်ခဲ့ပြီး Steve ၏တာဝန်မှာ ယေရှုခရစ်၌အမှန်တရားကိုရှာဖွေရန်ပင်ဖြစ်ပါသည်။ သို့သော် သူမလုပ်ခဲ့ပါ၊ ထိုအရာသည်သူ၏ ကိုယ်ပိုင်ရွေးချယ်မှုဖြစ်ပြီး ယခုအခါထာဝရအကျိုးဆက်ကိုရရှိနေပြီဖြစ်သည်။ ကင်းစောင့်သည်သူ့ကို အလွန်ချစ်သောကြောင့် သတိပေးခြင်းငှါ တံပိုးခရာမှုတ်လေ၏။



ကျွန်တော်သည်တနေရာရာကိုမသွားခင် လေယာဥ်ပေါ်ကျွန်တော့အနား၌ထိုင်သူကိုဘုရားသခင်ပြင်ဆင်ပေးရန်အမြဲဆုတောင်းခဲ့သည်။ တချိန်ကကျွန်တော်နယူးယောက်ကိုသွားသောအခါ ဒါလင် ၏ဘေးတွင်ထိုင်ခဲ့ရသည်။ CIA မှာအလုပ်လုပ်သောဒါလင်ကိုမေးခွန်းများစွာမေးခဲ့သော်လည်း သူမဖြေနိုင်ခဲ့ပါ၊ အလွန်ပျော်ဖို့ကောင်းပါသည်။ သူ့ထံမှအချက်အလက်များရရန်ကြိုးစားခဲ့သော်လည်း ဒါလင်ကကျွန်တော့်ကိုမပြောနိုင်သောအချို့လျို့ဝှက်ချက်များစွာရှိနေသည်။ ကျွန်တော်အမြင်တွင်ထိုလျှို့ဝှက်ချက်သိရှိရန်ကျွန်တော်၌ လိုင်စင်မရှိသောကြောင့်ဟုယူဆပါသည်။ ကျွန်တော်သည်ဤကဲ့သို့မေးခွန်းမေးခြင်းဖြင့်သင်ခန်းစာယူခြင်းကိုနှစ်သက်ပါသည်။

ကျွန်တော်တို့စကားပြောနေခြင်းမှခဏရပ်ထားပါ! သင်၏ယုံကြည်ချက်များကို သက်သေခံသောအချိန်တွင်အလွန်အရေးကြီးသောအရာတစ်ခုရှိကြောင်း သတိရပါ။ သတင်းကောင်းပြောကြားခြင်းသည် အကြောင်းအရာကိုဖော်ပြခြင်းမဟုတ်၊ သို့သော်စကားစမြည်ပြောခြင်းဖြစ်သည်။ ဤအရာသည်အလွန်အရေးကြီးပါသည်။ သခင်ယေရှုသည်ရေတွင်းတွင် အမျိုးသမီးနှင့်ငှင်း၊ လူငယ်သူဌေးနှင့်ငှင်း စကားပြောပါသည်။ ပေါလုသည်အဂြိပ္ပမင်းနှင့်ငှင်း၊ ဖေတ္တုမင်းနှင့်ငှင်း စကားဝိုင်းများအပြန်အလှန်ပြောဆိုကြသည်။ သင်သည်စကားဝိုင်းများပြောဆိုနိုင်မည်လား။ အမှန်မှာကျွန်ုပ်တို့သည်စကားစမြည်ကိုအမြဲပြောနေပါသည်။ ကျွန်တော်အဓိကမေးလိုသည်မှာ ဤစကားဝိုင်းကိုယာယီလောကီအတွက်ပြောမည်လား၊ ထာဝရနေအိမ်အတွက်ပြောမည်လား။

ဒါလင်နှင့်စကားပြောရာတွင်သူသည် ဘာသာမဲ့တစ်ဦးဖြစ်သည် (ဘုရားသခင်၏တည်ရှိမှုသို့မဟုတ်မရှိမှုကိုသက်သေမပြနိုင်သောယုံကြည်သူ)ဟု ကျွန်ုပ်အားပြောခဲ့သည်။ အကယ်၍ကျွန်ုပ်တို့သည် သေချာသောစကားလုံးတစ်လုံးကို မသိပါကငှင်းသည်ဘာကိုဆိုလိုသနည်းဆိုသည်ကို မေးမြန်းရန်လိုပါသည်၊ ဥပမာ– ဘာသာမဲ့ဟူသောစကားလုံးကိုပြောသည့်အခါ ဘာကိုဆိုလိုသနည်း၊ ဘုရားမဲ့ဝါဒီလို့ပြောသောအခါဘာကိုဆိုလိုသနည်း၊ မွတ်စလင်လို့ပြောသောအခါဘာကိုဆိုလိုသနည်း၊ ဆင့်ကဲဖြစ်စဉ်သီအိုရီကိုသဘောမတူသောသူဆိုလျှင်ဘာကိုဆိုလိုသနည်း ဤမေးခွန်းများသည်စကားပြောဆိုမှုကိုဆက်လက်ပြောစေနိုင်ပြီး ထိုသူသည်သမ္မာကျမ်းစာနှင့် မကိုက်ညီ

သောယုံကြည်ခြင်းရှိသည်ဟုသင်နားလည်နိုင်မည်။ ဘာသာမဲ့သူအများအားဖြင့် ဘုရားသခင်တည်ရှိခြင်း သို့မဟုတ်မရှိခြင်းကိုသက်သေပြနိုင်သောလုံလောက်သည့်အထောက်အထားသူတို့မတွေ့ဖူးသောကြောင့်ဘုရားသခင်မရှိဟု agnostic(ဘုရားမဲ့ဝါဒ) ကယူဆကြသည်။ ကျွန်တော်သည် ဒါလင်ကို "ဘုရားသခင်ရှိတယ်ဆိုတာကို သက်သေပြဖို့အထောက်အထားဘယ်လောက်များအောင်သုံးရမှာလဲခင်ဗျား" ဟူသောအမေးအဖြေစကားစမြည်များစွာပြောဖြစ်ပါသည်။ သူသည်ထက်မြက်ပြီး မေးခွန်းကောင်းများစွာရှိသည်။

ကျွန်ုပ်တို့၏နောက်ဆုံးစကားပြောဆိုရာမှာ ဒါလင်းသည် 2001ခုနှစ် စက်တင်ဘာ 11 ရက်တွင် လေကြောင်း 93 တွင်လိုက်ပါစီးနင်းမည်ဟုကျွန်တော့်အားပြောပြသည်။ ကျွန်တော်၏အတွေးထဲပြန်စဥ်းစားမိသည်မှာ ထိုနေ့ကလေယဥ် Pennsylvaniaသည် ပျက်ကျခဲ့သည့်လေယာဥ်ဖြစ်ပြီး ထိုလေယာဥ်ပေါ်မှလူများအားလုံးသေဆုံးခဲ့ကြသည်။ သေခြင်းတရားသည်လောကကြီးတွင် နိဂုံးချုပ်ခြင်းဖြစ်သည်ဟုလောကကြီးကကျွန်ုပ်တို့ကိုလိမ်ညာနေသည်ကိုသတိရပါ။ Peter Jennings ကွယ်လွန်ပြီ၊ Johnny Carson ကွယ်လွန်ပြီ၊ Elvis Presley ကွယ်လွန်ပြီ၊ Michael Jackson ကွယ်လွန်ပြီ လောကကြီးအတွက်ထိုအရာသည် သေခြင်းနှင့် နိဂုံးချုပ်သည်။ သူတို့လူ့လောကကြီးတွင်မရှိတော့ပါ၊ ကျန်ကြွင်းသောအရာမှာအမှတ်တရ များမှလွဲ၍ဘာမှမရှိတော့ပါ။ သို့သော်ထိုသေခြင်းသည်သမ္မာကျမ်းစာထဲမှသေခြင်းနှင့်မတူပါ။ သမ္မာကျမ်း၌သေခြင်းသည်ကောင်းကင်ဘုံ သို့မဟုတ် ငရဲကိုကူးသွားရမည့်တံခါးသော့ချက်ပင်ဖြစ်သည်။ သင်ဤစာအုပ်ကိုဖတ်နေစဥ်ကျွန်တော်ပြောခဲ့သောလူများသည်ကောင်းကင်သို့မဟုတ်ငရဲတွင်ရှိနေကြသည်၊ ထိုသူတို့သည် "အသက်ရှင်ခြင်းနှင့်သုခ" သို့မဟုတ် ငရဲတနေရာမှာနေထိုင်ကြ သည်၊ သို့သော်ကျွန်တော်သံသယဝင်မိသည်မှာ ထိုသူတို့မသေဆုံးခင်တွင် မည် သူကသတိပေးခဲ့ဖူးပါသလဲ? ဒါလင်းဆက်လက်ပြောပြသည်မှာ သူ့ဆရာက စက်တင်ဘာ11ရက် မတိုင်ခင်





သောကြာနေ့၌ဖုန်းဆက်ပြီးတစ်ရက်စော၍ ကယ်လီဖိုးနီးယားကိုရောက်စေချင် သည်ဟုပြောသည့်အတွက် ဒါလင်းကအင်္ဂါနေ့စက်တင်ဘာ11ရက်မှတနင်္လာနေ့စက်တင်ဘာ 10 ရက် နေ့ကို လေယာဥ် ခရီးစဥ်ပြောင်းလဲခဲ့ပါသည်။ နေ့ရက်ပြောင်းထားသော်လည်း လေကြောင်းလမ်း နံပါတ်93 သာဖြစ်သည်၊ ဒါလင်းကထိုစက်တင်ဘာ 11ရက်နေ့ 93 လေကြောင်းလက်မှတ်ကို ဘောင်ထဲထည့်ပြီးသူ့အိမ်နံရံတွင် ယခုထက်ထိကပ်ထားဆဲဖြစ်သည်ဟုကျွန်တော့ကိုပြောပြသည်။

ကျွန်တော်ကသူ့ကိုတည့်တိုးမေးလိုက်သည်မှာ" အဲ့ဖြစ်စဥ်ကတိုက်တိုက်ဆိုင်ဆိုင်ကံကောင်းသွားလို့လား သို့မဟုတ် ဘုရားသခင်က ခင်ဗျားကို ကာကွယ်ပေးလို့အဲ့လေကြောင်းနဲ့မလိုက်စေတာလား" သူကပြန်ဖြေသည် "ဟုတ် ဟုတ် ဟုတ်" သူ့ကိုတယောက်ယောက်မှထိုလေကြောင်းနှင့်မလိုက်ရန် ကာထားသည်ကိုသူသိသည်ဟုဆိုသည်။ ကျွန်တော်ဒါလင်းကိုပြောလိုက်သည် မှာ ထိုလေကြောင်းနှင့်မလိုက်ရန်ဘုရားသခင်ကာကွယ်ထားသည့်အကြောင်းရင်းမှာ ယနေ့ကိုယ်တော်၏အကြောင်းကိုဆုံးအောင်နားထောင်ရန်အခွင့်ပေးထားခြင်းဖြစ်သည်၊၎င်းမှာသခင်ယေရှုက သူ့အတွက်ကားတိုင်မှာအသေခံခဲ့ခြင်း ပင်ဖြစ်သည်။ ဒါလင်းကသူစာအုပ်ဖတ်တာကြိုက်သည်ဟုပြောသောကြောင့် ကျွန်တော်ရေးထားသောစာအုပ်ကို သူ့အားပေးလိုက်သည်။ သင်မြင်ပြီမလား ကျွန်တော်၏လုပ်ဆောင်ခြင်းလွယ်ကူလှပါသည်၊ ထိုအရာမှာတံပိုးထုတ်ပြီး မှုတ်လိုက်ခြင်းဖြင့် ဒါလင်းကိုသူ့အပြစ်မှရုန်းထွက်ပြီး ခရစ်တော်ကိုကယ်တင်ပိုင်ရှင်အဖြစ်မလက်ခံလျှင်ကြုံတွေ့ရမည့် ဆင်းရဲဒုက္ခသည်ထာဝရတိုင် အကျိုး သက်ရောက်မည်ဟုသတိပေးလိုက်ခြင်းပင်ဖြစ်သည်။

တနေ့၌အက်လန်တာလေယဥ်ကွင်း၌ ဆိုင်တဆိုင်တွင် အမျိုးသားတဦးစာအုပ်ဖတ်နေတာတွေ့လိုက်သည်၊ သူကရုပ်အင်္ကျီအနက်ရောင်နှင့်အင်္ကျီမှကွက်ကျားပုံစံကစိတ်ဝင်စားစရာကောင်း၍ကျွန်တော်ကသူ့ပုခုံးကိုလက်နှင့်တို့လိုက်သည်။ ကျွန်တော်မကြာခဏလူတွေကိုလက်တို့ခဲ့ဖူးသည်၊ ထိုအပြုအမူကစကားစမြည်ပြောရန်စတင်ရလွယ်ကူစေသည်။ သို့သော်တနေ့နေ့ကျွန်တော်လက်သီးထိုးခံရနိုင်သည်။ သူလုပ်ည့်လာ

သည့်အခါ သူ့လည်ပင်းမှာ ငါးထောင့်ပါကြယ်ဆွဲသီးဆွဲထားတာတွေ့ရသည်။ စကားစပြောလိုလျှင်လွယ်ကူသောနည်းမှာ သူတို့ဝတ်စားဆင်ယင်မှုမှအစပြုနိုင်သည် ဥပမာ ဆွဲသားအင်္ကျီ ဆွဲကြိုး တက်တူး သားရေလက်ကောက်စသည့်အရာများမှစတင်ပြောဆိုနိုင်သည်။ သူဆွဲထားသည့် ၅ထောင့်ကြယ်က ဝိခါ(မှော်အတတ်ကိုယုံကြည်ခြင်း – ဘာသာပြန်သူ) သူလားဟုကျွန်တော်သူ့ကိုမေးလိုက်သည် "မဟုတ်ပါဘူး ၊ ကျွန်တော်ကစာတန်ကိုကိုးစားတဲ့အယူဝါဒကိုယုံကြည်တာ" အိုး...ကျွန်တော်မထင်ထားသောအဖြေဖြစ်သည်။ကျွန်တော်သူ့ကိုမေးလိုက်သည် "ခင်ဗျားကစာတန်ရဲ့ ကျမ်းစာကိုဖတ်ဖူးသလားခင်ဗျား" သူပြန်ဖြေသည်မှာ ပထမစာမျက်နှာမှနောက်ဆုံးစာမျက်နှာအထိသူနှစ်ခေါက်ဖတ်ပြီးသွားပါပြီ။ ကျွန်တော်တို့ဤကိစ္စနှင့်ပတ်သက်ပြီးဆွေးနွေးကြည့်ကြပါစို့။ ကျွန်တော်သည်ခရစ်ယာန်များနှင့်



အမြဲတစေတွေ့ဆုံနေရသော်လည်း ထိုသူများပြောကြားချက်အရ သူတို့သည်သမ္မာကျမ်းစာကိုပထမစာမျက်နှာမှနောက်ဆုံး စာမျက်နှာအထိမဖတ်ဖူးကြပါ။ စာတန်ကိုကိုးကွယ်သောသူသည် ခရစ်ယာန် ယုံကြည်သူများထက် သူတို့၏ကျမ်းစာကိုပို၍လေ့လာသည်ကို တွေ့ရသည်မှာအမှန်ပင်ဝမ်းနည်းစရာဖြစ်သည်။ ဤအမျိုးသား၏အမည်မှာအဲလက်ဖြစ်သည်၊ ကျွန်တော်နှင့်အဲလက်ကြားစကားပြောဆိုမှုမှာ စိတ်ဝင်စားစရာ ကောင်းလှပါ သည်။ ကျွန်တော်သူ့ကိုသတိပေးလိုက်သည်မှာ သူယုံကြည်သောစာတန်သည် သမ္မာကျမ်းမှလာခြင်းဖြစ်သည်။ ထို့ကြောင့်သူသည် သမ္မာကျမ်းစာကိုလည်း ယုံကြည် သင့်သည်။ မှတ်လိုက်သောတံပိုးသံကို သူကြားလိုက်ရပြီ။

နောက်ဆုံးတွင်တယောက်သောသူက ကျွန်တော့်ကိုဟာဝိုင်မှာဝေငှရန်ဖိတ်ခေါ်သည်။ ဤအရာကိုကျွန်တော်စောင့်မျှော်နေတာကြာပါပြီ၊ ကျွန်တော်ထိုနေရာမှာအချိန်တစ်ပတ်တိတိဝေငှခွင့်ကိုရမည်။ ထိုသူများသည်ကျွန်တော့ကိုရိုးရိုးတန်းလေယဥ်လက်မှတ်မစီးစေဘဲ အဆင့်မြင့်တန်းလေယဥ်လက်မှတ်ဝယ်ပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဟာဝိုင်ကိုကျွန်တော်ပထမဆုံးအကြိမ်သွားရောက်ခြင်းဖြစ်ပြီး



အချိန်အတော်လေးကြာစီးရသောလေကြောင်းလည်းဖြစ်သည်။ ကျွန်တော်ဤကဲ့သို့သဘောကောင်းသူများကိုအလွန်နှစ်သက်ပါသည်။ကျွန်တော်လေယဥ်ထိုင်ခုံပေါ်ထိုင်လိုက်စဥ်ကျွန်တော့်ဘေးတွင်အသက်ကြီးရင့်သောအမျိုးသားလိုက်ပါစီးနှင်းသည်။ ကျွန်တော်ပြောလိုက်သည်မှာ "မင်္ဂလာပါ ကျွန်တော့နာမည်မာက်ပါ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲခင်ဗျ" သူက "ဒေါက်တာဝူးလ်"ဟုဖြေသည်။ ကျွန်တော်က " ဒေါက်တာဝူးလ်... ခင်ဗျားဘာကြောင့်အရမ်းကံကောင်းရတာလဲ ဒီရှေ့ဆက်ကျွန်တော့ဘေးမှာဆယ့်တစ်နာရီတောင်မှထိုင်ရမှာ" အသက်ရှစ်ဆယ့်ငါးနှစ်အရွယ်အဖိုးက တစ်ခွိခွိရယ်တာမြင်ရသည့်ခံစားချက်မှာအလွန်ကောင်းလှပါသည်။ ကျွန်တော်တို့ပျော်ပါးစွာစကားပြောနေစဥ်ေဒါက်တာဝူးလ်က သူသည် atheist (ဘုရားမဲ့ဝါဒ) ဖြစ်ကြောင်းပြောသည်။ တပြိုင်တည်းမှာပင်သူ့သမီးသည်ခရစ်ယာန်ဖြစ်ပြီးကြွံခိုင်မှုရှိ သောဖိခင်ဖြစ်သည်ဟုကမန်းကတန်းပြောပြမှုအတွက် ကျွန်တော်အလွန်ပင်စိတ်လှုပ်ရှားမိသည်။ သို့သော်မည်သူတစ်ဦးတစ်ယောက်ကမှ သူ၏သားသမီးသည်ဘုရားသခင်ကိုချစ်ခြင်းအားဖြင့်မိဘဖြစ်သူကကောင်းကင်နိုင်ငံသို့သွားခွင့်မရှိပါ။ ထိုနည်းတူမည်သည့်သားသမီးမှမိဘများဘုရားသခင်ကိုချစ်ခြင်းအားဖြင့် မိမိလည်းကောင်းကင်နိုင်ငံသွားမည့်ခွင့်မရှိပါ၊ မိမိကိုယ်တိုင်ဆုံးဖြတ်ခြင်း၌မူတည်ပါသည်။

ဒေါက်တာဝူးလ်၏အသက်တာမှာ တခုခုကြုံတွေ့ခဲ့ဖူးမည်ဟုကျွန်တော်ယူဆသောကြောင့်သူ့ကိုမေးလိုက်သည်။ အဖြေမှာဒေါက်တာဝူးလ်သည် ဒုတိယကမ္ဘာစစ်ကစစ်သားဖြစ်ခဲ့ပြီး သူ၏တပ်ကိုကျည်ဆံအကြီးစားကျရောက်သဖြစ် သူ့စစ်တပ်မှအပေါင်းအဖော်များစွာသေဆုံးခဲ့သည်။ ထို့နောက်သူသည် အမေရိကသို့ပြန်လာချိန်တွင်လည်းစစ်သားများ၏ရုပ်အလောင်းကိုကြိုဆိုသောရထားဘူတာမှာတာဝန်ကျပြန်သည်။ ထိုစစ်သားများကိုရွှေရောင်အခေါင်းထည့်ပြီး သူတို့၏မိဘများထံပို့ပေးရသည့်အပြင် ထိုစစ်သား၏မိဘများက ဒေါက်တာဝူးလ်ကိုသင်္ဂြိုလ်သည့်အထိ နေပေးရန်တောင်းဆိုသောကြောင့် သင်္ဂြိုလ်ပြီးမှပြန်ရသည်။ ပြန်ရောက်မှနောက်တလောင်းကို နောက်မိဘတွေထံပို့ပြီးသင်္ဂြိုလ်သည်အထိနေပေးရသည်။ ထိုကဲ့သို့ထပ်ခါထပ်ခါလုပ်ခဲ့ရချိန်သူ၏အသက်မှာနှစ်ဆယ့်သုံးနှစ်သာရှိသေးသည်။ "အတိတ်ကအတွေ့အကြုံဟာလက်ရှိ

ယုံကြည်ခြင်းနဲ့ ဆက်နွယ်လားခင်ဗျ" ဟုကျွန်တော်မေးလိုက်သည်။ "ကျွန်တော်တွေး လေလေ ဆက်နွယ်မှုရှိလေလေဘဲ"ဟုဒေါက်တာဝူးလ်ဖြေခဲ့သည်။

နောက်နှစ်ရက်အကြာတွင် ဟာဝိုင်ကမ်းခြေဘေး၌ ကျွန်တော်မနက်စာစား နေချိန် သင်ယုံပါသလား!! ဒေါက်တာဝူးလ်နှင့် လေယဥ္ဌ၌ကျွန်တော်တို့နှင့်လိုက်ပါမလာ သောသူ၏ဇနီး အပန်းဖြေလှမ်းလျှောက်နေကြသည်ကိုတွေ့ရသည်။ ကျေးဇူးတော် ကြောင့် ကျွန်တော်တို့ထိုမနက်၌ စကားများစွာပြောဖြစ်သည်။ နောက်ပိုင်းတွင် ဒေါက်တာဝူးလ်ကသူ၏နေရပ် Kentucky မှကျွန်တော့ထံအမြဲပင်စာပို့လာသည်။ ထိုလေကြောင်းကိုစီးနင်းချိန်တွင်ကျွန်တော်သည်တံပိုးကိုအိမ်တွင်ချန်မထားခဲ့သော ကြောင့်ပီတိဖြစ်မိပါသည်။

Straight Edge Movement ဟုခေါ်သော ဆယ်ကျော်သက်များကြားတွင် လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ထိုသူတို့သည် အရက်မသောက်၊ ဆေးလိပ်မသောက်၊ မူးယစ်ဆေးဝါးမသုံးစွဲ၊ ညစ်ညမ်းသောအမူအကျင့်များကို မလုပ်ဆောင်ကြသည့် လူငယ်အုပ်စုများဖြစ်သည်။ သူတို့၏အသက်တာညစ်ညမ်းမှာကိုမလိုလားကြပါ။ အံ့သြစရာကောင်းသည်မှာ ထိုအဖွဲ့ထဲမှကျောင်းသားအများစုသည်ဘုရားမဲ့ ( atheist ဘုရားရှိသည့်ကိုမယုံကြည်သူ)သို့မဟုတ် ဘာသာမဲ့( agnostic ဘုရားရှိသည်မရှိသည် ကိုသက်သေမပြနိုင်ဟုယုံကြည်သူများ)များဖြစ်ကြသည်။ ထိုသူများသည်ဘုရားသခင် ကိုယုံကြည်၍ ဤကဲ့သို့ရပ်တည်ခြင်းမဟုတ်ပါ။ သို့သော်ဤဘဝ၌ ဆိုးရွားမှုအကျိုး ဆက်များ မသက်ရောက်စေလိုသောကြောင့်သာဖြစ်သည်။

Jersey Shoreအစီအစဥ်ကို Seaside Heights , NJ မြို့၌ရိုက်ကူးခဲ့သည့် နီဗီရှိုးတစ်ခုအကြောင်းကိုတချို့သောသူသိကြလိမ့်မည်။ ထိုမြို့၌ကျွန်တော်ဟော ပြောခဲ့သည်။ လူအများနှင့်စကားပြောရင်းလမ်းလျှောက်ရင်း ဆယ်ကျော်သက် အုပ်စုကိုလှမ်းပြီး စကားပြောဖြစ်ပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ လူငယ် 2–3 ယောက်က Straight Edge ဘုရားမဲ့ဝါဒများဖြစ်ပြီးတစ်ချို့က ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ ပါသည်။ ဤလူငယ်များသည် စစ်မှန်သောဘုရားသခင်ရှိလျှင်ပင် သူတို့သည်လူ ကောင်းဖြစ်သောကြောင့် သူတို့ဘဝပြီးဆုံးသွားသောအခါဘုရားသခင်က သူတို့ကို



လက်ခံလိမ့်မည်ဟု သူတို့ယုံကြည်ကြသည်။ ဤစာအုပ်တွင် ဤကိစ္စနှင့်ပတ် သက်၍ကျွန်ုပ်တို့ဆက်လက်ဆွေးနွေးပါမည်။ ထိုကမ်းခြေ၏လှေကားထစ်ပေါ်၌ ထာဝရအသက်နှင့်ပတ်သက်သည့်တံပိုးကို လူငယ်များအားသတိပေးရန် ကျွန် တော်မှုတ်ပြလိုက်ရသောကြောင့်ဝမ်းသာမိပါသည်။ ထိုလူငယ်များကို စာအုပ် ဝေငှပြီး ညနေစာအတွက်ပါ ပိုက်ဆံပေးလိုက်သည်။ ထိုည၌ လူတစ်ယောက်နှင့် ကျွန်တော်စကားပြောနေခိုက် ကျွန်တော်နှင့်စကားပြောနေသောသူ၏ အ နောက်၌စောစောကလူငယ်အုပ်စုမှ ကောင်လေးတစ်ယောက်ကို လှမ်းမြင် လိုက်သည်။ ရေအေးဗူးကိုကျွန်တော့အားလှမ်းပေးရင်း "အရမ်းပူပြင်းတဲ့ဒီညမှာ စကားအများကြီးပြောတဲ့အကို လည်ချောင်းခြောက်နေမှာကြောက်လို့ရေအေး လေးသောက်လိုက်ပါလား" ဟုပြောခဲ့သည်။ သူသည်အလွန်ရက်ရောသောလူ ငယ်တစ်ယောက်ဖြစ်ပြီး သူ၏ယုံကြည်ခြင်းကို ရှာဖွေနေချိန်ဖြစ်သည်ဟုဆိုကာ ကျွန်တော့ထံအီးမေးလ်ပို့ဖြစ်သည်။

ကျွန်တော်ငယ်ငယ်က ဤ Seaside Heights ကမ်းခြေမှာ မိသားစုနှင့် အပန်းဖြေခဲ့ဖူးသည်။ ယခုဘုရားသခင်၏လူအဖြစ်နှင့် ဤနေရာတွင် ဘုရားသခင် အတွက် တံပိုးမှုတ်ခွင့်ရတော့ကြောင့်ဝမ်းသာမိပါသည်။

တနေ့မှာအမျိုးသားတယောက်ထံမှအီးမေးလ်ရရှိသည်၊ သူ၏ဇနီးသည် အမေရိကစစ်တပ်တွင်တာဝန်ထမ်းဆောင်သူဖြစ်သည်။တာဝန်ထမ်းဆောင်နေစဥ်သူ့ကို ဖောက်ပြန်ကြောင်းသိလိုက်ရသောအခါအလွန်ဝမ်းနည်းမိသည်။ ဤကိစ္စမျိုးဖြစ်လာ မည်ဟုတခါမှသူမတွေးမိပါ။ ထို့နောက်တွင် ကျွန်တော်ရေးသော One Heartbeat Away စာအုပ်၌ "အမှန်တရားသည်သင်တို့ကိုလွတ်လပ်မှုရှိစေမည်"ဟု သူ၏ဇနီးကို ကျွန်တော်လက်မှတ်ထိုးပေးခဲ့သည့် အကြောင်းနဲ့ပတ်သက်၍သူမေးခဲ့သည်။ ကျွန် တော်ခရီးထွက်တိုင်းစစ်သားများနှင့်အမြဲလိုလိုကြုံတွေ့တတ်ပြီး ခွန်အားပေးလေ့ရှိ သည်။ ခင်ပွန်းဖြစ်သူပြောသည်မှာ ထိုစာသားသည်အလွန်လိုက်ဖက်သော စာသားဖြစ်

သည်ဟုဆိုသည်။ သူတို့၏အဖြစ်အပျက်ကိုကျွန်တော်ကြိုတင်မသိခဲ့ပါ။ သို့သော် ဘုရားသခင်၏ တို့ထိမှုဖြင့် ထိုဇနီးမောင်နှံအားတံပိုးမှုတ်ခဲ့ခြင်းဖြစ်သည်။

တနေ့တွင်ကျနော်ခရီးထွက်နေစဉ်ဂျွန်ဆိုသော ဂျူးလူမျိုးတယောက်နှင့် ထိုင်ခွင့်ရခဲ့သည်။ ကျနော်ဂျူးလူမျိုးများနှင့်စကားပြောဆိုရသည်ကိုနှစ်သက်သည်၊ သူပြောပြသည်မှာသူ၏မိခင်အသက်83နှစ်အရွယ်တွင်ခရစ်ယာန်အဖြစ်ပြောင်းလဲလာသည်။ ကျွန်တော်ကပြောလိုက်သည်မှာ "ကျွန်တော့်ကိုနောက်နေတာလား" သူက "နောက်တာမဟုတ်ဘူး ခရစ်ယာန်တကယ်ဖြစ်သွားတာ Boca Raton, Fla. မှာ ကျမ်းစာသွားသင်ယူနေတယ်" ကျွန်တော်အံ့အားသင့်သွားသည်။ သူကျွန်တော့်ကိုကြည့်ပြီးပြောသည်မှာ "ကျွန်တော်မေးခွန်းအများကြီးရှိတယ်" "မေးပါ "ဟုကျွန်တော်ပြန်ဖြေသည်။အလွန်ကောင်းသောလေကြောင်းခရီးစဉ်ဖြစ်သည်။ စကားအဆုံးမသတ်ခင်ကျွန်တော်သည်သူ၏လုပ်ငန်းမှသူငယ်ချင်း တယောက်နှင့်တူသည်ဟုပြောခဲ့သည်။ လွန်ခဲ့သည့်ညကသူနဲ့သူ့သူငယ်ချင်းသည် သခင်ယေရှုအကြောင်းကိုပြောဆိုခဲ့သည်။ မနက်နိုးလာသည့်အချိန်၌ပင်မနက်စာစားရင်းခရစ်တော်အကြောင်းပြောဖြစ်ပြန်သည်။ ဤကဲ့သို့လုပ်ငန်းဖော်ကိုကျွန်တော်အလွန်ကြိုက်ပါသည်။ သူကဂျွန်၏အသက်တာ၌ တံပိုးမှုတ်သောကင်းစောင့်တာဝန်ထမ်းဆောင်ခဲ့သည်။

မှတ်ထားစေချင်သည်မှာ ဂျူးလူမျိုးများနှင့်သင်ဆုံခွင့်ကောင်းကြီးရခဲ့လျှင် "ဂျူးလူမျိုးများ၏ပဟေဋ္ဌိကိုသင်ကြားဖူးပါသလား" ဟုမေးစေလိုပါသည်။

သုတ္တံကျမ်း။ 30:4 " ကောင်းကင်ဘုံသို့ အဘယ်သူတက်သနည်း။ အဘယ်သူဆင်းလာသနည်း။ အဘယ်သူသည် လေကို မိမိလက်နှင့် ဆုပ်ထားသနည်း။ အဘယ်သူသည် ရေကို အဝတ်နှင့် ထုပ်ထားသနည်း။ မြေကြီးစွန်းရှိသမျှတို့ကို အဘယ်သူတည်စေသနည်း။ ထိုသို့ပြုသောသူ၏ အမည် နှင့်သူ၏သားအမည်ကား အဘယ်သို့နည်း။ သင်ပြော နိုင်သလော။"



ဂျူးလူမျိုး၏ကျမ်းစာ၌ ဘုရားသခင်၏သားတော်အကြောင်းကိုရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်တော့ကိုသိသောသူငယ်ချင်းများက ကျွန်တော်အစားကြိုက်သည်ကို သိကြသည်။ ကျွန်တော်အလုပ်တစ်ခုကိုရွေးချယ်ခွင့်ရှိလျှင် ခရစ်ယာန်ဆူမိုနပန်းသမားဖြစ်ချင်သည်။ တစ်နေကုန်အစားစားရပြီးဆူမိုသူငယ်ချင်းများနှင့်အတူ ဗိုက်ခေါက်တိုက်ရင်း ဧဝံဂေလိတရားကိုမျှဝေရမှာဖြစ်သည်။ ထို့ကြောင့်အစာစားခြင်းဖြင့် စိတ်ကူးထဲမှအလုပ်လုပ်နိုင်ရန်အတွက ကိုယ့်ကိုယ်ကိုလေ့ကျင့်ခဲ့သည်။ ခရီးသွားစဉ်မှာ အရသာရှိသည့်စားသောက်ဆိုင်အများအပြားကိုသွားခဲ့သည်။ ဘုရားသခင်ပြင်ဆင်ထားသောလူများနှင့်တွေ့ဆုံရန် အမြဲလိုလိုကျွန်တော် ဆုတောင်းလေ့ရှိသည်။ မည်သည့်နေရာတွင်မဆိုစားနိုင်သော်လည်း ဘုရားသခင်ထံကျွန်တော်သီးခြားတောင်းဆိုထားသောလူနှင့်သီးခြားဆိုင်တွင်သာစားသောက်ဖြစ်သည်။



သင်သတိပြုရမည်မှာ ဂျူးလူမျိုးများနှင့်စကားပြောရန် အခွင့်ရခဲ့လျှင် သူတို့ကိုဤကဲ့သို့မေးခွန်းများမေးလို့ရပါသည်။ "ဂျူးတွေရဲ့ နက်နဲတဲ့ပဟေဋ္ဌိတွေကို ကြားဖူးသလား။

မကြာသေးမီကအိုဟိုင်းအိုပြည်နယ်တွင် ဟောပြောပွဲတစ်ခုပြုလုပ်နေစဉ်လစ်ဘရယ်ဝါဒများရှိသောနာမည်ကြီးမြို့တစ်မြို့တွင်စွန့်စားခန်းဝင်ရန်ကျွန်တော်ဆုံးဖြတ်ခဲ့သည်။ နှစ်နာရီတိတိကျွန်တော်သည်လမ်းလျှောက်ပြီးဧဝံဂေလိ တရားကိုပြောခဲ့သည်။ ထို့နောက်စားသောက်ဆိုင် နှစ်ခုထဲမှ တစ်ခုကိုရွေးမည်။ ဆုတောင်းပြီး ပထမ စားသောက်ဆိုင်ကို လျှောက်သွားသည်။ စားပွဲအလွတ်ရရန်စောင့်ဆိုင်းနေသူများတန်းစီနေ၍ ၎င်းသည် ကျွန်ုပ်ရွေးချယ်မည့် စားသောက်ဆိုင်မဟုတ်ကြောင်းချက်ချင်းသိလိုက်ရပါသည်။

ကျွန်တော်သည်းခံစိတ်နဲသည်။ ထို့ကြောင့်အခြားစားသောက်ဆိုင်ကို လမ်းလျှောက်သွားလိုက်သည်။ ပိုင်ရှင်ဟုထင်ရသောဧည့်ခံဝန်ထမ်းက ကျွန်တော့်ကိုစားပွဲဆီသို့ခေါ်သွားသည်။ သူမနဲ့စကားပြောဖြစ်သည်။ သခင်ယေရှုအကြောင်းဆွေးနွေးရန် ကျွန်တော်၏စားပွဲ၌ လေးကြိမ်တိတိသူမလာထိုင်ခဲ့သည်။ ကျွန်တော့အတွက် စိတ်လှုပ်ရှားဖွယ်အချိန်တစ်ချိန်ဖြစ်သည်။

ကျွန်တော်မှာထားသောအစားအစာမှာ အရသာအလွန်ကောင်းပါသည်။ မီးဖိုချောင်တွင် အလုပ်လုပ်သောလူဘယ်နှစ်ယောက်ရှိလဲဟု ဆူဇန်ကိုမေးရာသူမက "လေးယောက်"ဟုဖြေသည်။ "သူတို့က အင်္ဂလိပ်လိုပြောတာလား စပိန်လိုလား" ဟုကျွန်တော်မေးသည်။ သူတို့၏ဘာသာစကားနှင့်ဆက်သွယ်ရလွယ်ကူရန် ဤအချက်တွေကိုသိထားရန်လိုအပ်ပါသည်။မီးဖိုချောင်၌အလုပ်လုပ်သူများအားလုံးက စပိန်လူမျိုးများဖြစ်သောစားသောက်ဆိုင်တစ်ဆိုင်ကို ကျွန်တော်ရောက်ဖူးပြီး စပိန်ဘာသာလက်ကမ်းကြော်ငြာနှင့်စပိန်ဘာသာပြန်ထားသောကျွန်တော့်ဇေ်ဂေလိစာအုပ်ကိုဝေမျှခဲ့ဖူးသည်။ သို့သော်ဤဆိုင်မှဝန်ထမ်းအားလုံးအင်္ဂလိပ်စကားပြောကြသည်။ ကျွန်တော်လက်ကမ်းစာစောင်လေးခုကို ထုတ်လိုက်ပြီးတစောင်ကို ဒေါ်လာနှစ်ဆယ်စီညှပ်ကာ "စူဇန်၊ဒါတွေကိုစားဖိုမှူးနဲ့ဝန်ထမ်းတွေကို ပေးလိုက်ပါ၊ ညေ့သည်က အရမ်းပျော်ရွှင်ပြီး ဒီနေ့အတွက်ကောင်းကြီးဖြစ်စေချင်တဲ့အကြောင်း၊ပေးကမ်းခြင်းက ရယူခြင်းထက်ပိုပြီး ပျော်ရွှင်မှုဖြစ်စေတယ်လို့ယေရှုမိန့်တော်မူကြောင်းသူတို့ကိုပြောပြလိုက်ပါ။" သူမထွက်သွားလိုက်သည်။

နှစ်မိနစ်နီးပါးအကြာ John ဟုခေါ်သောခန္ဓာထွားကြိုင်းသောစားဖိုမှူးကြီးတစ်ယောက်ကကျွန်တော့်စားပွဲသို့ လျှောက်လာပြီး "ခင်ဗျားကကျွန်တော်တို့ကို ဒီအရာတွေနဲ့ကောင်းကြီးပေးခဲ့သူလား"ဟုမေးသည်။မီးဖိုချောင်တွင်သာ အလုပ်လုပ်သူများကိုတန်ဖိုးထားသည့်အတွက် သူအလွန်ကျေးဇူးတင်နေမိသည်။ ကျွန်တော်ကိုယ်တိုင်အစားအသောက်လုပ်ငန်းတွင်လုပ်ဖူးသောကြောင့်မီးဖိုချောင်တွင် အလုပ်လုပ်ရသည်မှာမည်မျှခက်ခဲသည်ကို နားလည်ပါသည်။ မီးဖိုချောင်တွင်လုပ်သောသူများသည် အများအားဖြင့်ညေ့သည်မှ အပြစ်တင်စကားများသာကြားရသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်ဖြစ်သောကြောင့် မတူညီသောစံနှုန်းများဖြင့် အသက်ရှင်လျှောက်လှမ်းပြီး သူတပါးအားထောက်ပံ့ခြင်း၊ အားပေးစကားဖြင့်ကောင်းကြီးပေးခြင်းအသက်တာရှိရမည်ဟုသတိပြုပါ။

ကျွန်တော် john ကို"စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းတစ်ခုမေးလို့ရမလား" ဟုမေးရာသူက "မေးပါ" ဟုပြန်ဖြေသည်။ "ခင်ဗျားဘယ်ဘာသာတရားဘယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်းမှာကြီးပြင်းလာတာလဲ" ဟုမေးရာတွင် "နှစ်ခြင်း" ဟုဖြေသည်။ ကျွန်တော်ဆက်မေးသည် "အခုခင်ဗျားက၊ လူကြီးဖြစ်လာတော့ ဒါတွေကခင်ဗျားအတွက်ပိုပြီးအရေးကြီးလာသလား၊ အရေးကြီးမှုနဲ့သွားလား "

John ပြန်ဖြေသည်မှာ "အရေးပေးမှုနဲ့သွားပါတယ် အခုကျွန်တော်ဝိညာဥပိုင်းကိုပိုပြီးအရေးပေးပါတယ်" ဤစကားလုံးများသည်ကောင်းသောမေးခွန်းဖြစ်ပြီး လူတိုင်းကိုမေးလို့ရသောမေးခွန်းဖြစ်သည်။ "ဝိညာဥပိုင်း" ဟူသော John ၏ဆိုလိုရင်းမှာ ကျွန်တော်ထင်ထားသည့်အတိုင်းပင်ဖြစ်သည်။ သူအတွေးထဲတွင် "ကောင်းကင်သွားမည့်လမ်းများစွာရှိသည်" ရွေးချယ်ရန်လမ်းများစွာရှိပြီး လူတိုင်းကမိမိ၏ယုံကြည်ချက်အတိုင်းယုံကြည်ခွင့်ရှိသည်။ နောက်ဆုံးတွင်လူတိုင်းကတနေရာတည်းအဆုံးသတ်သွားမည်။ထို့နောက်တွင် John ကမီးဖိုချောင်ထဲမှ သူ၏သူငယ်ချင်းများကို သွားကြည့်ရမည်ဟုပြောသည်။ စာအုပ်ဖတ်တာကြိုက်သလား ဟု ကျွန်တော်ကသူ့ကိုမေးရာ" ကြိုက်သည် "ဟုပြန်ဖြေသည်။ ကျွန်တော်ကားထဲမှစာအုပ်ယူလာပေးမည်ဟုပြောလိုက်သည်။

စာအုပ်နှင့်တကွ ကျွန်တော်စားသောက်ဆိုင်ထဲပြန်ဝင်သွားသည့်အခါ မီးဖိုကျောင်းထဲမှာ ဝုန်းခနဲအသံကျယ်လောင်လာသည်။ စူစန်ဝင်ပြီးစစ်ဆေးသည် သူမပြန်ထွက်လာသည့်အခါ ကျွန်တော်နုတ်ဆက်ပြီး စားသောက်ဆိုင်မှထွက်လာသည်။

နောက်တရက်အက်လန်တာသို့ပြန်ရောက်လာစဥ်စူစန်ဆီမှအီးမေးလ်ကို ကျွန်တော်လက်ခံရရှိသည်။ သူမပြောသည်မှာ မနေ့ကမီးဖိုချောင်မှ ဝုန်းခနဲအသံမှာ စားဖိုမှူးတယောက်က ကျွန်တော့်ဆီမှလက်ကမ်းစာစောင်ရရှိပြီးနောက် ဒေါ်လာကိုဘဲယူပြီးအိတ်ကပ်ထဲထည့်ကာစာစောင်ကိုအမှိုက်ပုံးထဲထည့်လိုက်သည်။ မြင်သာစွာတွေ့ရသည်မှာ သူ၏ဘုရားသခင်သည်ပိုက်ဆံဖြစ်သည်။ သူစာစောင်ကိုအမိုက်ပုံးထဲထည့်နေစဉ် သူ့ခြေထောက်ချော်သွားပြီး ကိုင်ထားသည့်ပန်းကန်ကြမ်းပြင်ပေါ်ကျသွားသည်။ စူစန်မီးဖိုချောင်ထဲဝင်သွားသောအခါ သူကြမ်းပြင်ပေါ်ထိုင်ပြီး ခြေအိတ်ထဲမှပန်းကန်ကွဲစများထုတ်နေသည်ကိုတွေ့ရသည်။ ဝိညာဉ်ပိုင်းကိုအရေးထားသော John က ပြောထွက်လာသည် "ခင်ဗျားအဲ့စာစောင်ကိုပုံးထဲကနေ ပြန်ထုတ်သင့်တယ်လို့ကျွန်တော်ထင်တယ်" John ကိုယ်တိုင်ကထိုစာစောင်သေးသေးလေးသည် ထူးခြားမှုရှိနေသည်ဟုသိသည်။ John ကထိုအမျိုးသား၏အသက်တာကိုတံပိုးမှုတ်ပေးနေသည်ဆိုတာကို သူကိုယ်တိုင်သတိမထားမိချေ။

ကျွန်တော်အဆင့်မြင့်ထိုင်ခုံမှာ ပြောင်းထိုင်ရသည်ကိုမကြိုက်ပါ ! အမှန်မှာနောက်နေခြင်းဖြစ်ပါသည်။ တနေ့မှာကျွန်တော်အဆင့်မြင့်တန်းထိုင်ခုံတွင်ပြောင်းထိုင်ခွင့်ရ၍ထိုင်မည်အပြုမှာ ကျွန်တော့ဘေးမှအမျိုးသားက "အိုး...ဒီမှာ လာထိုင်မဲ့သူရှိမယ်ဆိုတာကိုကျနော်မသိဘူး" သူ၏စကားကကျွန်တော့ကိုတမင်ကြိုဆိုနေသလိုလိုပင်ခံစားရသည်။ သူ၏ဇနီးကရိုးရိုးတန်းတွင်ထိုင်နေရသည်၊ သူတို့ဇနီးမောင်နှံခရီးအတူထွက်ခဲ့သည်မှာ ဆယ့်နှစ်နှစ်ရှိပြီလေယာဉ်ထိုင်ခုံလည်းအမြဲတမ်း အတူတကွကထိုင်ရသည်ဟုဆိုသည်။ သူကကျွန်တော့ကိုနေရာချင်းလဲခိုင်းမည်ဟုထင်သည်။ ကျွန်တော့်စိတ်ထဲတွင်လည်း "အခုချိန်ကအစေခံရမယ့်အချိန်မဟုတ်ဘူး" ကျွန်တော်တခုခုပြောမည်ပြင်နေစဉ်သူကဦးပြီးပြောလာသည်မှာ အနောက်တွင်ထိုင်သောအမျိုးသားနှင့်နေရာချင်းလဲလိုက်ပြီဆိုသောကြောင့် ကျွန်တော်စိတ်ပြေသွားသည်။ သို့သော်တခုခုထူးခြားနေသည်ဟုခံစားရသည်၊ ကျွန်တော်လေယာဉ်စီးတိုင်းကျွန်တော့် ဘေးတွင်ထိုင်သောသူကိုဘုရားသခင်ပြင်ဆင်ပေးရန်အမြဲဆုတောင်းလျက်ရှိသည်။သို့သော်ယခုဤသူသည်ကျွန်တော့ထံမှထွက်သွားပြီး သူ့ဇနီးနှင့်သွားထိုင်တော့မည်။

ထို့နောက် ဂျိုး ဆိုသောအမျိုးသားက ကျွန်တော့်ဘေးမှထိုင်ခုံတွင်လာထိုင်သည်။ ကျွန်တော်တို့စကားပြောဖြစ်သည် ၊ သူသည်အလွန်ကောင်းသောသူဖြစ်သည်ကိုကျွန်တော်သိလိုက်သည်။ ကျွန်တော်တို့စကားပြောကြစဉ်ဝိညာဉ်ရေးရာအကြောင်းပြောရန်ကျွန်တော်လမ်းကြောင်းရှာမတွေ့ပါ။ သူ့ကိုမေးခွန်းထုတ်လိုက်သည် "စိတ်ဝင်စားစရာကောင်းတဲ့မေးခွန်းတခုမေးလို့ရမလား" "ရတယ်" ဟုသူဖြေသည် "ခင်ဗျားငယ်ငယ်တုန်းကသာသနာဘောင် သို့မဟုတ် ယုံကြည့်မှုစနစ်တစ်ခုခုထဲကနေကြီးပြင်းလာတာလား"သူပြန်ဖြေသည်မှာ " မက်သဒစ်" ကျနော်ပြန်မေးလိုက်သည် " အခုခင်ဗျားအရွယ်ရောက်လာတော့အဲ့ယုံကြည်ခြင်းတွေဘယ်လောက်အရေးကြီးလဲ" သူကပြတ်ပြတ်သားသားပြန်ဖြေသည်မှာ "အရေးပေးမှုနဲသွားတယ်" ကျွန်တော်ဆက်မေးသည် "လွန်ခဲ့တဲ့အချိန်ကခင်ဗျားကိုဘုရားသခင်နဲ့ဝေးကွာအောင်ဘယ်အရာကလုပ်ခဲ့တာလဲဂျိုး" သူကတိုတိုတုတ်တုတ်ပြန်ဖြေသည် "ဟုတ်တယ်" ဤစကားပြောခြင်းမည်သည့်နေရမှာအဆုံးသတ်မည်ကိုကျွန်တော်မသိပါ။

ထိုကြောင့်ဤကဲ့သို့စကားပြောဆိုခြင်း၌ မေးလေ့ရှိသောမေးခွန်းဖြင့်ကျွန်တော်မေးသည် "ခင်ဗျားအတွက်စိတ်အနှောက်အယှက်မဖြစ်ဘူးဆိုရင် ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော့်ကိုပြောပြလို့ရမလား "



သူတို့ဖြေရန်အဆင့်သင့်မဖြစ်သေးသောကိုယ်ရေးကိုယ်သာကိစ္စကို အတင်းမမေးပါနှင့်။ ပြောဆိုရန်မှာသူတို့အချိန်ဘောင်းအတွင်းဖြစ်ရမည် ကျွန်တော်တို့အချိန်ဘောင်မဖြစ်ရ။ ၎င်းသည်ကျွန်တော့၏နှစ်ပေါင်းများစွာမှအတွေ့အကြုံအားဖြင့် ရရှိခဲ့သောသင်ခန်းစာကောင်းပင်ဖြစ်သည်။ ဂျိုးကခေါင်းငုံ့ကာစဉ်းစားနေသည်။ ဤအချိန်သည်တိတ်ဆိတ်လွန်း၍ စိတ်ကျဉ်းကြပ်စဖြစ်လာပြီ။ အချိန်တန်ကြာမှ ဂျိုးကခေါင်းမော့လာပြီး " ကောင်းပြီ " ဟုဆိုကာသူ၏အတွေ့အကြုံကိုပြောပြသည်။ ဂျိုး၏သမီးကိုလိုက်ပြီးနောက်ယှက်သူရှိ၍ရဲကိုတိုင်ခဲ့သည်၊ ရဲတိုင်ပြီးနောက်ပိုင်းတွင် ထိုရာဇဝတ်သားကသူ့ဇနီးကိုလာနှောက်ယှက်ပြန်သည်။ ရဲ၏တားမြစ်ချက်ကိုချိုးဖောက်သောကြောင့်ထိုသူကိုအရွယ်မရောက်သေးသောထိန်းသိမ်းရေးစခန်းသို့ဖမ်းစီးပို့ဆောင်လိုက်သည်၊ သူ၏အသက်မှာဆယ့်ခုနစ်နှစ်သာရှိသေးသည်။

တနေ့မနက်5နာရီမှာ ဂျိုး၏သမီးအော်ဟစ်မှုကြောင့်ဂျိုးကထိပ်လန့်စွာနိုးလာသည်။ ဂျိုးအိပ်ခန်းမှပြေးထွက်လာကြည့်သည့်အခါ ထိုအနှောက်အယှက်လိုက်ပေးသောလူငယ်သည်သူ့အိမ်ထဲ၌သေနတ်ရှည်ကိုင်ပြီးရပ်နေသည်ကိုတွေ့ရသည်။ ဂျိုး၏အိမ်ပြတင်းပေါက်မှန်ကိုသေနတ်နှင့်ပစ်ဖောက်ပြီးဝင်လာခြင်းဖြစ်သည်။

အကယ်၍ဤအကြောင်းအရာသည် သင့်ဘဝ၌ဖြစ်ပေါ်ခဲ့လျှင် သင်မည်ကဲ့သို့ရှင်းမည်နည်း။သင်ကြောင်ပြီးရပ်ကြည့်နေမည်လား၊ သင်၏ဇနီးနှင့်သမီးကိုကာကွယ်မည်လား။ ထိုအချိန်တွင် သူပစ်လိုက်သော ကျည်ဆန်သည် သင့်ခန္ဓာထဲဝင်ပြီး သခင်ယေရှုကိုမြင်ဖူးချင်သောသင့်အိပ်မက်ကအမှန်တကယ်ဖြစ်သွားနိုင်သည်။ သို့သော် ကျွန်တော်စကားပြောနေသောသူမှာယုံကြည်သူမဟုတ်ပါ။ ကျွန်တော်ဂျိုးကိုမေးလိုက်သည် "ခင်ဗျားဘယ်လိုဖြေရှင်းလိုက်တာလဲ" ဂျိုးက "ကျွန်တော်အဲ့လူငယ်ဆီအမြန်ခုန်ဝင်လိုက်တော့ ကျွန်တော့ဗိုက်ထဲကျည်ဆန်နှစ်တောင့်ဝင်သွားတယ်"

ဂျိုး ဆက်လက်ပြောပြသည်မှာ သူသည်ထိုလူငယ်ထံဆက်တိုးဝင်ပြီး ကြမ်းပြင်တွင်နပမ်းလုံးတိုက်ခိုက်ကြသည်။ထွက်လာသည့်သွေးများလည်းကြမ်းပြင်ပေါ်ပြည့်နေသောကြောင့်ထိုလူငယ်ရုန်းလွတ်ထွက်ပြေးသွားခဲ့သည်။ နောက်ပိုင်းတွင် ထိုလူငယ်ကို ရဲများကလမ်းမတွင် ဖမ်းဆီးမိခဲ့သည်။

ဂျိုးဆက်လက်ပြောပြသည်မှာသူကြမ်းပြင်ပေါ်တွင် လဲကျနေခိုက်စဉ်းစားမိသည်မှာ "နေပါဦး၊ငါ့ဇနီးဘယ်မှာလဲ" ကြိုးစားထပြီးအိမ်ရှေ့တံခါးဆီသို့ ယိုင်တိယိုင်တိုင်လမ်းလျှောက်သွားကြည့်ရာနှင်းတောထဲတွင်သူ့ဇနီးမှောက်လျက်သေဆုံးနေသည်

ကိုတွေ့ရသည်။ သူ့ဇနီးကအိမ်သို့မနက်ငါးနာရီပြန်လာချိန်တွင် သေနတ်သမားကအိမ်နောက်ဖေးချုံပုတ်မှာကွယ်ပြီး သူ့ဇနီးကိုချောင်းပစ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အိမ်နောက်ပြတင်းပေါက်မှတဆင့်အိမ်ထဲဝင်ခဲ့ခြင်းဖြစ်သည်။

ဂျိုးကကျွန်တော့်ကိုအကြောင်းစုံ ပြောပြပြီး ကျွန်တော့်ထံလှည့်လာကာ "ကျနော်ခင်ဗျားကိုမေးစရာရှိတယ်" စကားပြောဆိုရာတွင် အပြန်အလှန်ပြောဆိုခြင်းဖြစ်ကြောင်းကိုသင်မမေ့သင့်ပါ။ ဖြေရခက်သောမေးခွန်းဖြစ်မည်ဆိုသည်ကိုကျွန်တော်သိသည်။ ဤစကားဝိုင်းသည်ရင်ခုန်လှုပ်ရှားဖွယ်ကောင်းမှန်းလည်းသိသည်။ သို့သော်ဂျိုးမေးမည့်စကားကိုကျွန်တော်ပို၍စိတ်ဝင်စားသည်။ "ဘယ်လိုလို့ဘုရားသခင်ရှိနိုင်မှာလဲကျနော့်ဇနီးကသေဆုံးပြီး ထိုသေနတ်သမားကအိုဟိုင်အိုထောင်ထဲမှာ အသက်ရှင်နေတုန်း" ဤမေးခွန်းသည်အကျိုးနှင့်အကြောင်းပြည့်လျှက်ရှိသောနားလည်မှုတောင်းဆိုသောမေးခွန်းဖြစ်နေသည်။ ထိုကြောင့်ကျွန်တော်ဂျိုးကိုမေးလိုက်သည် "ဂျိုး...ကျွန်တော်တို့တယောက်ဆီတိုင်းမှာလွတ်လပ်စွာရွေးချယ်ခွင့်ရှိတယ်ဆိုတာ ခင်ဗျားယုံပါသလား " ထိုစကားလုံးကို သူလက်ခံသည်။ ထို့နောက်ကျွန်တော် ဆက်ပြောဖြစ်သည် ဘုရားသခင်ကလွတ်လပ်စွာရွေးချယ်ခွင့်ပေးထားလျှင်ကျွန်တော်တို့သည် မှန်ကန်သည့်ဘက်၌ရွေးချယ်၍ ဆွေးနွေးသင့်သည်။ ဆင်းရဲသားများအားကူညီခြင်း သို့မဟုတ် မိမိ၏မိသားစုကိုချစ်ခြင်း အစရှိသည့်ယခုကျွန်တော်တို့ပြုလုပ်နေသကဲ့သို့ မှန်ကန်စွာရွေးချယ်လုပ်ဆောင်သင့်သည်။

သို့မဟုတ်ထိုအခွင့်အရေးကိုမှားယွင်းသည့်ဖက်တွင် ရွေးချယ်လုပ်ဆောင်နိုင်သည်၊ ဥပမာ လိမ်ပြောခြင်း လိမ်လည်ခြင်း ခိုးခြင်း သို့မဟုတ် လူသတ်ခြင်း လုပ်နိုင်သည်။ ကျွန်တော်ဘာကိုဆိုလိုသည်ကိုဂျိုးနားလည်သည်။ တခါတရံကျွန်ုပ်တို့သည် မိမိအမှားမဟုတ်သောဖြစ်ရပ်အတွက်ဘုရားသခင်အားအပြစ်တင်လိုသည်။ လူသားများအားလုံးမိမိအလိုအတိုင်း အကြောင်းအရာအသီးသီးကို ဆုံးဖြတ်ချက်ချကြသည်။ ထိုဆုံးဖြတ်ချက်များသည် အခြားတယောက်အားနှစ်ပေါင်းများစွာထိခိုက်စေနိုင်သည်။ အဓိကပြဿနာမှာ ဂျိုးသည်သူ၏ဇနီးကို သတိရနေဆဲဖြစ်သည်၊ ဖြစ်ရပ်ကြာမြင့်ခဲ့သော်လည်း မနေ့ကမှဖြစ်ပျက်ခဲ့သည့်အတိုင်း သူပြောပြနိုင်သည်။

စကားပြောဆိုနေချိန် ကျွန်တော်က " ခင်ဗျားစာအုပ်ဖတ်ရတာကြိုက်လား" ဟုမေးလိုက်သည်။ကျွန်တော်ဤကဲ့သို့မေးသောသူဆယ်ယောက်ထဲတွင်ကိုးယောက်ကကြိုက်သောကြောင့် ကောင်းသောစာအုပ်ဝေရန်အဆင်သင့်ပြင်ထားရသည်။ ဂျိုးက



ကျွန်တော့်ထံလှည့်လာပြီး " စာဖတ်ရတာမကြိုက်ဘူး " ဟုပြန်ဖြေသည်။ ကျွန်တော်ရေးသောစာအုပ်ကိုလက်မှတ်ထိုးပြီးသူကိုပေးလိုက်သေးသည်။ ကျွန်တော်လွယ်လွယ်နှင့်အလျှော့မပေးပါ။ ဝိချီတာမြို့ကိုရောက်တော့ဂျိုးကကျွန်တော့စာအုပ်ကို ၅၅မျက်နှာဖတ်ပြီးသွားပါပြီ။ ဂျိုးကကျွန်တော့မျက်နှာကိုလှမ်းကြည့်ပြီး "ဒီစာအုပ်အရမ်းကောင်းပါတယ်ကျွန်တော့ရဲ့စိတ်ထဲကမေးခွန်းများစွာကိုဖြေပေးနိုင်ခဲ့တယ်" ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းပါသည်။ သူကကျွန်တော်၏လက်ကိုနှစ်ကြိမ်တိတိကိုင်ပြီး ဤစကားပြောဆိုခြင်းအတွက်အလွန်ကျေးဇူးတင်ကြောင်း ၊ ဤအကြောင်းအရာကိုမည်သူ့ကိုမှမပြောပြခဲ့ဖူးကြောင်းနှင့် သူ့အတွက်အလွန်ကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ကြောင်း ဂျိုးပြောခဲ့သည်။ ဤအကြောင်းကိုပြောတိုင်းနောက်တကြိမ် ထိုဖြစ်ရပ်ထဲပြန်ရောက်သွားသကဲ့သို့ခံစားရသည်ဟုဆိုသည်။ ကျွန်တော်သည်လေယဥ်စီးတိုင်း သတင်းစာကိုအာရုံစိုက်ဖတ်ခြင်း သို့မဟုတ် လက်ဘက်ရည်သောက်ရန်အချိန်ကုန်စေခြင်းမပြုလုပ်ဘဲတံပိုးယူဆောင်လာပြီး ကျယ်လောင်စွာမှုတ်ခြင်းအတွက် ဝမ်းသာမိပါသည်။

အထက်တန်းကျောင်းသားတစ်အုပ်စုက သူတို့ဆရာများနှင့်ကျောင်းသားများ၏နာမည်ကိုရေးချပြီး ထိုသူများအားဧဝံဂေလိသတင်းကောင်းဝေငှခဲ့ကြောင်းကျွန်တော်သိခဲ့သည်။ နောက်တစ်အုပ်စုက သူ့ကျောင်းမှကျောင်းသားအားလုံးကို သုံးလအတွင်းဧဝံဂေလိဝေငှခဲ့သည်။ နောက်တစ်အုပ်စုမှာနှစ်တိုင်း တစ်နှစ်အတွင်း သူတို့ကျောင်းမှယောက်တိုင်းကိုဧဝံဂေလိပြောကြားရန်ရည်ရွယ်ချက်ချကြသည်။ သူတို့၏ပန်းတိုင်မှာ ဆုနှင်းသဘင်ပွဲနေ့မရောက်ခင်ကျောင်းသားတိုင်းသည် ယုံကြည်သူလူငယ်များမှတဆင့် ဧဝံဂေလိတရားကို အနဲဆုံးလေးကြိမ်ကြားရှိရန်ရည်ရွယ်သည်။ သူတို့သည စိစ်မှန်သောကင်းစောင့်များဖြစ်ကြသည်။ အချို့သောသူများသည် တံပိုးကိုတစ်ကြိမ်အထက်မှုတ်ပြီးသတိပေးရမည်ဖြစ်ကြောင်း ကင်းစောင့်များနားလည်သည်။

တစ်ခါက၊ အမေရိကန်ပရော်ဖက်ရှင်နယ် ဘောလုံးအသင်း၏ဝတ်ပြုရေးအစည်းအဝေးတွင် ကျွန်တော် မျှဝေခွင့်ရပါသည်။ ဤအသင်းမှ ကစားသမားများသည် စနေညတွင်ဟိုတယ်တစ်ခု၌ တည်းခိုကြပြီး ဝတ်ပြုရေး အစည်းအဝေးပြုကြပြီး တနင်္ဂနွေနေ့တွင်အားကစားပြိုင်ပွဲလုပ်ကြသည်။ အသင်းမှကစားသမားများအားလုံးနှင့် ကျွန်တော်စကားပြောဖြစ်ခဲ့ပါသည်။ ကျွန်တော် သူတို့ကို ရိုးရှင်းသည့် မေးခွန်းတစ်ခုမေးခဲ့သည်။ “စနေနေ့တိုင်းသင်တို့တည်းခိုတဲ့ဟိုတယ်တံခါးကဈေ့ခံဝန်ထမ်းရဲ့ နာမည်ဘယ်လိုခေါ်လဲ။” အဖြေကို လူဘယ်နှစ်ယောက်သိမည်ဟုထင်သနည်း။ အိုး! သင်ရော

ကျောင်းစောင့် သို့မဟုတ် ရုံးမှသန့်ရှင်းရေး ကိုသင်သိပါသလား။ ထို့အပြင် သင့်အား ကူညီရန်အမြဲရှိနေသော စတိုးဆိုင်မှလူများ၏ အမည်များ သို့မဟုတ် သင်နှစ်သက်သော Drive–thru ဟုခေါ်သည့်ကားမောင်းဖြတ်ပြီးဝယ်ရသည့် စားသောက်ဆိုင်တွင်ရောင်းသောပြတင်းပေါက်မှဝန်ထမ်း၏အမည်များကို သင်သိပါသလား။

ဖိလိပ္ပိသြဝါဒစာ 4:3“ အချင်းငါ့လုပ်ဘော်ဆောင်ဘက်စစ်၊သင်တို့ကိုလည်း ငါတောင်းပန်၏။ ငါနှင့်ကလေမင်မှစ၍အသက်စာရင်းဝင်သောအခြားသောငါ၏ လုပ်ဘော်ဆောင်ဘက်တို့နှင့်အတူ၊ ဧဝံဂေလိတရားကို ဟောပြောသောအမှု၌ ကူညီ၍ ကြိုးစားအားထုတ်သော မိန်းမတို့ကို မစ ထောက်ပံ့ပါလော့။

ဗျာဒိတ်ကျမ်း 20:15 “အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။”

ကျွန်ုပ်တို့သည် အခြားသူများကို “ဟေး! ” လို့မခေါ်သင့်ပါ၊ သူတို့၏နာမည်ကို မေးပါ။ အဘယ်ကြောင့်ဆိုသော် နာမည်သည်ဘုရားသခင်အတွက် အရေးကြီးသောကြောင့် ကျွန်ုပ်တို့အတွက်လည်း အရေးကြီးပါသည်။ စားသောက်ဆိုင်ဝန်ထမ်းများ သို့မဟုတ် ကြိုဆိုရေးဝန်ထမ်းနှင့် ကျွန်တော်စကားစပြောသည့်အခါ သူတို့၏နာမည်ကို နှစ်ကြိမ်သုံးကြိမ်ထည့်ပြောသည်။ ခဏခဏခေါ်သည့်အခါသင့်စိတ်ထဲစွဲသွားပြီးသူတို့၏ နာမည်မှတ်မိလိမ့်မည်။



တခြားသူတွေကို "ဟေး ,ဒီမှာ " ဟုမခေါ်သင့်ပါ၊ သူတို့နာမည်မေးပါ။

သင်ထင်ထားသည့်အတိုင်းဘောလုံးအသင်း တဖွဲ့လုံးကဟိုတယ်တံခါးဝမှဝန်ထမ်း၏နာမည်ကို မသိကြပါ။ကျွန်တော်ကသူ၏နာမည်မှာရာမန်ဖြစ်ပြီး နီပေါကဖြစ်သည်ဟုသူတို့ကိုပြောပြသည်။ကျွန်ုပ်၏စာအုပ်နှစ်အုပ်ကိုနီပေါဘာသာပြန်ထားကြောင်း ရာမန် မယုံနိုင်လောက်အောင်ဖြစ်နေသည်။ သူ့တွင်ယုံကြည်မှုမြောက်များစွာရှိသည်။ စုပေါင်းလိုက်လျှင်ဘုဖေးယုံကြည်ခြင်းဟုကျွန်တော်ခေါ်သည်။ အရာရာတိုင်းကိုရွေးချယ်ယုံကြည်ခြင်းသည်ကောင်းသည့် ခံစားချက်ကိုဖြစ်စေသည် သို့မဟုတ်ကိုယ်ပိုင်သဘောကျ၍ဖြစ်သည်။ သို့သော်အမှန်တရားကိုအခြေခံခြင်းမရှိပါ။ စနေနေ့ဟူသည်ထပ်ခါထပ်ခါရောက်လာပြီး ဤဘောလုံးသမားများသည်တံခါးဝတွင် စောင့်သည့်ထိုလူရှေ့မှထပ်ခါထပ်ခါဖြတ်လျှောက်သွားလာသည်။ သူတို့သည်ဘုရားသခင်၏ထာဝရအမှန်တရားအကြောင်းကိုရာမန်အားဘယ်သောအခါမှတံပိုးမှုတ်သတိပေးခြင်းမရှိခဲ့ပါ။ အလွန်ဝမ်းနည်းစရာ



ကောင်းပါသည်။ သို့သော်ဤဘောလုံးအသင်းမှကစားသမားများသည် အနာဂတ်တွင်ကင်းစောင့်အဖြစ် လုပ်ဆောင်ရန်တိုက်တွန်းမှုရရှိမည်ဟု ကျွန်တော်မျှော်လင့်ပါသည်။

သက်သာလောနိတ်သြဝါဒစာပဌမစောင် 2:4 “ဧဝံဂေလိတရားကို စောင့်ထိုက်သောသူဟု ငါတို့ကို ဘုရားသခင်လက်ခံတော်မူသည်နှင့်အညီ၊ လူကို နှစ်သက်စေသကဲ့သို့မဟုတ်၊ ငါတို့စိတ်နှလုံးကို စစ်ကြောစုံစမ်းတော်မူသော ဘုရားသခင်ကို နှစ်သက်စေသကဲ့သို့ ဟောပြောကြ၏။”

သင်သည်ဧဝံဂေလိတရားကိုဟောရန်တာဝန်ပေးခံရသူဖြစ်သည်။လူတိုင်းသိရန်လိုအပ်သည့်ထာဝရအမှန်တရားကို ပြောပြရန်သင့်ကိုတာဝန်ပေးထားသည်။ ဘုရားသခင်ကသင့်အပေါ်၌ပေးအပ်သောသတင်းကောင်းကို သင်မည်သို့ တုန့်ပြန်နေသနည်း။ ယေဇကျေလကျမ်းပါ အကြောင်းအရာများကို ဖတ်ကြည့်ကြပါစို့။

ယေဇကျေလအနာဂတ္တိကျမ်း။ 3:18 “သင်သည် အမှန်သေလိမ့်မည်ဟု၊ လူဆိုးအား ငါပြောလျက်နှင့် သင်သည်သတိမပေး၊ လူဆိုး၏ အသက် ကို ချမ်းသာစေခြင်းငှါ၊ လူဆိုးအား သတိပေးသောစကား ကို မပြောဘဲနေလျှင် ထိုလူဆိုးသည် မိမိအပြစ်၌ သေ လိမ့်မည်။ သူ၏အသက်ကိုကား၊ သင်၌ငါတောင်းမည်။”

ယေဇကျေလအခန်းကြီး ၃၃မှာ အလားတူအကြောင်းအရာကိုထပ်၍ဖော်ပြထားသည်။ ကျွန်တော့်မိခင်က ကျွန်တော့်ကိုမည်သည့်အချိန်၌အိမ်ပြန်ရမည်၊ နေ့ခင်းဘက်တွင် အိမ်စာလုပ်ရန်မှာထားသည်မှာပြီးပြီလားဟုလှေကားပေါ်မှအမေပြောတာကိုကျွန်တော်မကြားလိုက်ပါဟုဖြေခြင်းမှာမုသားဖြစ်သည်။ ကျွန်တော့်အမေကသူ့သားအကြောင်းကိုကောင်းကောင်းသိသည်။ သူမကကျွန်တော့်ကိုတစ်ခုခုလုပ်ခိုင်းလျှင် ထိုအကြောင်းကိုထပ်ခါထပ်ခါပြောသည်။ ပထမအချက်မှာ သူမပြောတာကိုမကြားပါဟ ုလိမ်ညာ၍မရတော့ပါ။ ဒုတိယအနေနှင့်သူမထပ်ခါထပ်ခါပြောသည့်စကားသည် အရေးကြီးလိမ့်မည်ဟုသိရသည်။ သမ္မာကျမ်းစာမှ တူညီသည့်အကြောင်းရင်းကို နှစ်ကြိမ်ထပ်၍ပြောလျှင် အမှန်ပင်အရေးကြီးသည့်ဘုရားသခင်ထံမှမိန့်ခွန်းဖြဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့လျစ်လျူရှုမထားသင့်ပါ။ တရားစီရင်ခြင်းရောက်လာမည်ဟု အပြစ်သားများအားသတိပေးခြင်းသည် ခရစ်ယာန်အသက်တာအတွက် အလွန်အရေးကြီးသည်။

နောက်ထပ်ကင်းစောင့်များအမြဲသတိရှိရမည့်အချက်မှာတံတိုင်းပေါ်ရပ်သည့်အခါ ပိုမို၍ကောင်းသည့်မြင်ကွင်းရရှိပါမည်။ အမြင့်မှကြည့်ခြင်းသည် မြေပြင်မှမြင်ရသည်ထက်ပိုကောင်းပါသည်။ အမေရိကန်ဘောလုံးပွဲ၏နည်းပြသည် အလွန်မြင့်သည့်

ထိုင်ခုံတွင်ထိုင်သည်ကိုသင်မြင်ဖူးပါသလား။သူတို့သည်ထိုးစစ်နှင့် ခံစစ်မည်သည့်အရာလုပ်နေသည်ကို မြေပြင်ကနည်းပြများထက် ပို၍ထင်ရှားစွာမြင်ရပါသည်။

ကောလောသဲသြဝါဒစာ 3:2 “ မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။”

ကင်းစောင့်များသည် မိမိဘဝကိုဘုရားသခင်မြင်သည့်အတိုင်း မှန်ကန်သောရှုထောင့်မှ အမြဲကြည့်ရှုနေရမည်။ လူ၏ဝိညာဉ်များသည် ဘုရားသခင်အတွက် အရေးကြီးကြောင်း ကားတိုင်အားဖြင့်သက်သေပြခဲ့သည်။ ကင်းစောင့်များကမယုံကြည်သူများအား ထာဝရအသက်သည်အရေးကြီးကြောင်းပြောပြခြင်းမှာ လူ့ဝိညာဉ်သည်ကင်းစောင့်များအတွက် အရေးကြီးကြောင်းသက်သေပြနေခြင်းဖြစ်သည်။




# အခန်း 2
# သင်နှင့်.....

"ပင်တေကုတ္တေပွဲနေ့မှစ၍ ယုံကြည်သူများသည်ဘုရားသခင်ထံ ဆယ်ရက်
ဆက်တိုက်တိုးဝင်ချဥ်းကပ်စေသည့် အသင်းတော်ရှိပါသလား။ သန့်ရှင်းသော
ဝိညာဉ်တော်၏တန်ခိုးတော် ပေါ်ထွန်းခြင်းကို စောင့်ဆိုင်းနေပါသလား?
ကျွန်တော်တို့သည်နည်းလမ်းနှင့် ယန္တရားကို အာရုံစိုက်ထားကြသည်။ သို့သော်
တန်ခိုး၏အရင်းအမြစ်ပိုင်ရှင်ကိုလျှော့တွက်ထားကြသည်။

– Hudson Taylor

**ကင်းစောင့်သည်** အထီးကျန်သောနေ့များညများရှိတတ်သော်လည်း သူသည်တစ်ယောက်တည်း မဟုတ်ကြောင်းနှင့်သူမည်သောအခါမျှ တစ်ယောက်တည်း နေရမည်မဟုတ်ကြောင်း အမြဲသိနေသည်။

ဟေဗြဲသြဝါဒစာ။ 13:5 "သင်တို့၏ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့် ကင်းလွတ်၍၊ ကိုယ်၌ရှိသောဥစ္စာနှင့် ရောင့်ရဲ ခြင်းရှိကြလော့။ အကြောင်းမူကား၊ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟု ဂတိတော်ရှိ၏။"

ယောရှုမှတ်စာ။ 1:5 "သင့်အသက်တည်သည် ကာလပတ်လုံး သင့်ရှေ့ မှာ အဘယ်သူမျှမခံမရပ်နိုင်ရာ။ မောရှေနှင့်အတူ ငါရှိ သကဲ့သို့ သင်နှင့်အတူ ငါရှိလိမ့်မည်။ ငါသည် သင့်ကို မစွန့်၊ သင့်ကိုပစ်၍မထား။"

ဘုရားသခင်သည် မောရှေနှင့်အတူရှိတော်မူသည်အတိုင်း၊ ယောရှုနှင့်အတူရှိသည်။ ထို့ကြောင့်သမ္မာကျမ်းစာထဲမှဘုရားသခင်ထက် သစ္စာရှိသောသူ မရှိတော့ပါ။

၁ ဓမ္မရာဇဝင်၁၇တွင် ဒါဝိဒ်နှင့်ဂေါလျတ်ကြား ကြီးစွာသောဖြစ်ရပ်ကို သင်မှတ်မိပါသလား။အသက်ရှင်သောဘုရားသခင်၏စစ်တပ်ကို စိန်ခေါ်လာသည့်ဖိလိတ္တိလူ (ဂေါလျတ်)ကို ရင်ဆိုင်တိုက်ခိုက်ရန်ဒါဝိဒ်စိတ်အားထက်သန်သည်။ ထိုသို့စိန်ခေါ်ခြင်းသည်ဘုရားသခင်ကို စော်ကားရာရောက်သောကြောင့် မည်သူကမှထိုသို့ပြုလုပ်ရန် ဒါဝိဒ်ကလုံးဝခွင့်မပြုပါ။

ဒါဝိဒ်သည် ထိုခေတ်က အသုံးပြုခဲ့သော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ရန် ငြင်းဆိုခဲ့သည်။ မည်သည့်အကာအကွယ်ပစ္စည်းမှမပါဘဲ စစ်တိုက်ရန်ထွက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ဒါဝိဒ်သည်မည်သူမည်ဝါကိုအစေခံကြောင်းသိနေသည့်အပြင် ဘုရားသခင်ပေးထားသည့်အကာအကွယ်ကိုပါ ကောင်းစွာသိသောကြောင့်ဖြစ်ပါသည်။

ဓမ္မရာဇဝင်ပဌမစောင် 17:44–47 “တဖန် ဖိလိတ္တိလူက လာခဲ့။ သင့်အသားကို မိုဃ်းကောင်းကင်ငှက်နှင့်တောသားရဲတို့အား ငါပေးမည်ဟု ဒါဝိဒ်ကိုဆို၏။ ဒါဝိဒ်ကသင်သည် ထား၊ လှံ၊ ကိဒုန်ပါလျက် ငါ့ထံသို့ လာ၏။ ငါသည် သင် ကြိမ်းပသော ဣသရေလ ဗိုလ်ခြေတို့၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ နာမတော်ပါလျက် သင်ရှိ ရာသို့လာ၏။ ထာဝရဘုရားသည် သင့်ကို ငါ့လက်၌ ယနေ့ အပ်တော်မူသဖြင့်၊ သင့်ကို ငါသတ်၍ လည်ပင်းကို ဖြတ်မည်။ ဖိလိတ္တိဗိုလ်ခြေ အသေကောင်များကို မိုဃ်းကောင်းကင်ငှက်နှင့် တောသားရဲတို့အား ယနေ့ ငါပေးမည်။ ဣသရေလအမျိုး၌ ဘုရားသခင် ရှိတော်မူသည်ကို မြေကြီးသားအပေါင်းတို့သည်သိရကြလိမ့်မည်။ ထာဝရဘုရားသည် ထားလှံအားဖြင့် ကယ်တင်တော်မမူကြောင်းကို၊ ဤပရိသတ်အပေါင်းတို့သည် သိရကြလိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် စစ်မှုကို ပိုင်၍၊ ငါတို့လက်သို့ အပ်နှံတော် မူမည်ဟု ဖိလိတ္တိလူအား ဆို၏။”



ဒါဝိဒ်၏ထက်သန်သည့်စကားသံကိုသင်ကြားပါသလား။ မည်သူ့ဘက်၌နေသည်ကိုသူသိသည့်အတွက် တိုက်ပွဲကိုအနိုင်ရမည်၊ တိုက်ပွဲသည် မိမိအားဖြင့်မဟုတ် သခင်ဘုရားအားဖြင့်ဖြစ်ကြောင်းဒါဝိဒ်သိသည်။


ကျွန်တော်နှစ်သက်စွာနားထောင်ရသည့်အရာတစ်ခုမှာအတန်းထဲတွင်ဆရာနှင့်ကျောင်းသားများရှေ့၌မတ်တပ်ရပ်ပြီးဘုရားသခင်၏အမှန်တရားဘက်၌ရပ်တည်သည့်ကျောင်းသားများ၏အကြောင်းပင်ဖြစ်သည်။

ကျွန်တော်နှစ်သက်စွာနားထောင်ရသည့်အရာတစ်ခုမှာအတန်းထဲတွင်ဆရာနှင့်ကျောင်းသားများရှေ့၌မတ်တပ်ရပ်ပြီးဘုရားသခင်၏အမှန်တရားဘက်၌ရပ်တည်ပြောဆိုသည့်ကျောင်းသားများ၏အကြောင်းပင်ဖြစ်သည်။ဤအရာထက်ကောင်းသောအရာမရှိတော့ပါ။ တစ်နေ့မှာချိတာဒွန်မှကျောင်းသားတစ်ယောက်က ကျွန်တော့်ထံဖုန်းခေါ်သည်။ တက္ကသိုလ်ကျောင်းသား Tate ကသိပ္ပံဘာသာအတန်းထဲ၌ ဆရာနှင့်ကျောင်းသား ၃၀၀ ရှေ့တွင်မတ်သပ်ရပ်ပြီး လူသားများသည် မျောက်မှဆင့်ကဲပြောင်းလဲလာခြင်းမဟုတ်ကြောင်း၊ တစ်ဦးတစ်ယောက်ကတိရစ္ဆာန်ရုံကိုသွားခြင်းမှ လူဖြစ်လာခြင်းမဟုတ်ကြောင်း ဖန်ဆင်းတော်မူသောဘုရားသခင်ရှိကြောင်း ဘုရားသခင်ဘက်၌ရပ်တည်ပြီးပြောခဲ့သည်။ သူ၏စကားကို ပါမောက္ခယုံမည်ဟုမထင်။ သို့သော်လက်မြှောက်ရန်ရဲရင့်မှုမရှိသောကျောင်းသား ၃၀၀ ကသူ့စကားကိုနားထောင်နေသည်ဟု ကျွန်တော်သူ့ကိုသတိပေးခဲ့သည်။ ထာဝရအမှန်တရားဖြစ်သည့်ဘုရားသခင်အတွက် ရပ်တည်ပြီးတခြားမမှန်ကန်သောအရာကိုလက်မခံကြောင်း စံနမူနာကောင်းရှိသောအသက်တာကို Tate ဖော်ပြနိုင်ခဲ့သည်။

ကင်းစောင့်များကိုသတိပေးလိုသည်မှာသင်သွားလေရာရာတွင် သင်နှင့်အတူသန့်ရှင်းသောဝိညာဉ်တော်ပါရှိသည်ကိုသင်ယုံကြည်လျှင် သင့်ဘဝတစ်လျှောက်လုံး၌ဘုရားသခင်၏အမှုထမ်းဆောင်ခြင်းတွင်မည်သည့်အရာမှတားဆီး၍မရပါ။

ဓမ္မရာဇဝင်ဒုတိယစောင်6 တွင်ဆီးရီးယားဘုရင်က ဣသရေလတပြည်လုံးသို့ကျူးကျော်လာနေကြောင်း၊ ဧလိရှဲကိုဖမ်းဆီးရန် ကြွလာနေသည်ဖြစ်ကြောင်း ဧလိရှဲက ဣသရေလရှင်ဘုရင်ကိုသတိပေးခဲ့သည်။ ထိုသို့သတိပေးနိုင်ခြင်းမှာ ဆီးရီးယားဘုရင်က ဧလိရှဲအပေါ်ပြုလုပ်မည့်အရာများကို ဘုရားသခင်ကဧလိရှဲအားကြိုတင်ဖွင့်ပြတော်မူသောကြောင့်ဖြစ်သည်။

ဓမ္မရာဇဝင်စတုတ္ထစောင်။ 6:14–16 “ထိုမြို့သို့မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ဗိုလ်ခြေများ ကို စေလွှတ်သဖြင့်၊ ညဉ့်အခါရောက်၍ မြို့ကိုဝိုင်းကြ၏။ နံနက်စောစောဘုရားသခင့်လူ၏ ကျွန်သည် ထ၍ ပြင်သို့ ထွက်သောအခါ၊ မြင်းစီးသူရဲ၊ ရထားစီးသူရဲ၊ ဗိုလ်ခြေတို့သည် မြို့ကို ဝိုင်းလျက်ရှိကြသည်ဖြစ်၍၊ အိုသခင်၊ အဘယ်သို့ ပြုရပါမည်နည်းဟု မိမိသခင်အား ဆို၏။ဧလိရှဲကမစိုးရိမ်နှင့်။ ငါတို့ဘက်၌နေသောသူတို့သည် ရန်သူတို့ဘက်၌ နေသောသူတို့ထက်သာ၍ များကြသည်ဟု ဆိုလျက်၊”

ရန်သူများဝန်းရံနေသောကြောင့် ထွက်လမ်းပင်မရှိသည့်အတွက်ဧလိရှဲ၏ကျွန်သည် ကြောက်ရွံ့နေသည်။ သေခြင်းသည်သူတို့အနီးသို့ချဉ်းကပ်လာပြီ။ ဧလိရှဲသည် "ငါတို့ဘက်၌နေသောသူတို့သည် ရန်သူတို့ဘက်၌ နေသောသူတို့ထက်သာ၍ များကြသည်” ဟုပြောခြင်းမှာ ဧလိရှဲရူးနေသည်ဟုပင်သူ့ကျွန်ကထင်မည်။ ဘုရားသခင်၏လုပ်ဆောင်မှုမပြီးစီးသေးပါ။

ဓမ္မရာဇဝင်စတုတ္ထစောင်။ 6:17 “အိုထာဝရဘုရား၊ ဤသူသည် မြင်နိုင်မည် အကြောင်း သူ၏မျက်စိကို ဖွင့်တော်မူပါဟု ဆုတောင်း သည်အတိုင်း။ ထာဝရဘုရားသည် ထိုလုလင်၏ မျက်စိကိုဖွင့်တော်မူသဖြင့်၊ ဧလိရှဲပတ်လည်၌တတောင်လုံးသည်မီးမြင်း၊ မီးရထားနှင့်ပြည့် သည်ကို မြင်လေ၏။”

ဘုရားသခင်သည် ဧလိရှဲ၏ကျွန်အား ဝိညာဉ်ရေးရာအမြင်ကိုဖွင့်ပြသောကြောင့်ဘုရား၏ကိုယ်စားများသည် တောင်တန်းများတွင်မီးတောက်မီးလျှံများ ဖြန်းတီးနေသောရထားများဖြင့်ပြည့်နေကြောင်း ဘုရားသခင်၏ကြီးမြတ်သော တန်ခိုးတော်ကို သူမြင်သည်။ ကမ္ဘာပေါ်မှစစ်တပ်သည် ဘုရားသခင်၏စစ်တပ်ကို မကျော်လွန်နိုင်ပါ။ ဖြစ်လာနိုင်စရာ အကြောင်းပင်မရှိပါ။

1996 ခုနှစ် အတ္တလန်တာအိုလံပစ်ပွဲတော်အတွင်းကျွန်ုပ်သည် ကင်းစောင့်တစ်ဦးအဖြစ်ဘဝကိုစတင်ခဲ့သည်။ သက်သေခံခြင်းအလေ့အကျင့်ကိုသင်ယူခဲ့ပြီး အပြင်ထွက်ကာဟောပြောမှုကိုလေ့ကျင့်သည်။ အတ္တလန်တာမြို့လယ်၏ လမ်းတစ်ခုတွင် ပျော်စရာများစွာနှင့် ကလပ်များစွာရှိသည်။ Blues သီချင်းအိမ်ဟုနာမည်ပေးထားသော ကလပ်လည်းရှိသည်။ ဤကလပ်များသည် အိုလံပစ်ကစားကွင်းကြီးကို ဝန်းရံထားပြီး



လူများစွာ၏ပါတီပွဲကျင်းပသည့် အဓိကလမ်းမဖြစ်သည်။ လမ်းဝရိုကုန်းလေးပေါ်တွင် ကျွန်တော်ရပ်နေပြီး အောက်ကိုငုံ့ကြည့်ကာဘုရားသခင်ဘက်၌ သက်သေခံရန်ဆုံးဖြတ်လိုက်သည်။ လမ်းပေါ်တွင်လူများစွာသောက်စားကြ၊ ပါတီပွဲလုပ်ကြသည်။ ကျွန်တော့်ခြေထောက်က ရှေ့ကိုလှမ်းပြီး



သင်သွားလေရာရာ၌သင်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်ပါရှိကြောင်း မမေ့ပါနှင့်။

လျှောက်ပြီ၊ မည်သူတစ်ယောက်ကိုမှသက်သေမခံဘဲ လမ်းအဆုံးထိလျှောက်ခဲ့သည်၊ ဟုတ်ပါသည်။ သင်ထင်ထားသည့်အတိုင်းပင်၊ ကျွန်တော်ကမိမိကိုယ်ကို အကြောက်တရားလွှမ်းမိုးစေခဲ့သည်။ သို့သော်ကျွန်တော်ကြိုးစားစိတ်ရှိသည့်အပြင် ကျွန်တော်ကိုးကွယ်နေသည့် ဘုရားသခင်ကိုကျွန်တော်သိသည်။ ထို့ကြောင့်လမ်းထိပ်ကိုပြန်သွားပြီး သတ္တိရှိရန်ဆုတောင်းခဲ့သည်။ ဘုရားသခင်သာလျှင် ပေးစွမ်းနိုင်သောအရာဖြစ်သည်။ ထို့နောက် ကျွန်တော်လမ်းအစမှပြန်လျှောက်ဖြစ်သည်၊ ဤတစ်ကြိမ်၌လမ်းဆုံးကိုရောက်ရန်နှစ်နာရီခွဲကြာခဲ့သည်။ ဘုရားသခင်အတွက်သက်သေခံသည့် အချိန်သည် အလွန်အံ့သြစရာကောင်းသည့် အချိန်ဖြစ်ပါသည်။

ကျွန်တော်ကောင်းကောင်းမှတ်မိသည်မှာ အင်္ဂလန်မှလာသည့်အဖွဲ့တစ်ဖွဲ့နှင့် ပြောဆိုသည့် ထူးထူးခြားခြားစကားဝိုင်းတစ်ခုပင်ဖြစ်သည်။ သူတို့ကနိုင်ငံကိုယ်စားပြုဖြစ်ပြီးအောင်ပွဲခံရန်အရက်သောက်နေကြသည်။ သူတို့နှင့်စကားစမြည်ပြောရင်းစကားအဆုံးမှာလူတစ်ယောက်က လက်သီးဆုပ်ရင်းကျွန်တော့်ကိုလှည့်ကြည့်ကာ “Charles Darwin!”ဟုပြောသည်။ မျောက်များမှလူဖြစ်လာသည်ဟူသောဆင့်ကဲပြောင်းလဲလာသည့်သီအိုရီ၊ ဘုရားသခင်လည်းမရှိသကဲ့သို့ ဘဝနောက်ဆက်တွဲလည်းမရှိ ဟူသောယူဆမှု၌သူ၏ထာဝရအသက်ကို ပုံအပ်ထားသူဖြစ်သည်။ ကျွန်တော်ကသူ၏လက်သီးဆုပ်ကိုကြည့်ကာပြောလိုက်သည်မှာ "ယေရှုခရစ်!" ဤလောက၌ကျွန်ုပ်၏ဘဝတစ်ခုလုံးကိုလောင်းကြေးထပ်ပါသည်။ သေခြင်း၊ မြုပ်နှံခြင်း၊ ယေရှုခရစ်၏ရှင်ပြန်ထမြောက်ခြင်း၊ ထိုလိုဏ်ဂူသည်လွတ်နေသည်လား၊မလွတ်ဘူးလားဆိုသည်မှာအဖြေတစ်ခုတည်းသာဖြစ်နိုင်သည်။ ထို့ကြောင့်သင်၏ရပ်တည်ချက်ကိုဆုံးဖြတ်ပြီးရွေးချယ်ပါ။ သင်နှင့်သန့်ရှင်းသောဝိညာဉ်တော်သည် သင်သွားလေရာရာ၌အများစုအဖွဲ့ဖြစ်သည်ကိုမမေ့ပါနှင့်။

သမ္မာကျမ်းစာပါကြီးမြတ်သောပုဂ္ဂိုလ်များထဲမှတစ်ဦးမှာ ဒံယေလဖြစ်သည်။ သူသည်လူငယ်ဘဝ၌တုံ့ပန်းအဖြစ်ဖမ်းဆီးခံရသည်။ ဆယ်ကျော်သက်များအပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ကိန်းဝပ်မှုကိုလျှော့မတွက်ပါနှင့်။ လူငယ်များသည်သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်၍ အမှုတော်ထမ်းဆောင်သည့်အခါ လူကြီးအများစုကိုပင်အရှူးကဲ့သို့ဖြစ်အောင်လုပ်နိုင်ကြသည်။ ထိုလူငယ်များသည် တဖက်သား၏ခံစားချက်အတွက်ပူပန်မှုမရှိ၊ မည်သည့်နည်းဖြင့်မဆိုဘုရားသခင်အတွက်လုပ်ဆောင်ကြရန်သာအသင့်ရှိကြသည်။

ဒံယေလသည်သခင်ဘုရား၏ပညတ်တော်များကို အပြည့်အဝစောင့်ထိန်းရန်ကတိကဝတ်ပြုခဲ့သည်။ အစ္စရေးနှင့်ယေရုဆလင်အတွက်သာ သူ့ဘဝတစ်လျှောက်လုံးကို ပုံအပ်ပေးမည့်နှလုံးသားရှိသည်။

ဒံယေလအနာဂတ္တိကျမ်း။ 6:7 “ကိုယ်တော်မြတ်မှတပါး အခြားသော လူကို ဖြစ်စေ၊ ဘုရားကို ဖြစ်စေ၊ အရက်သုံးဆယ်အတွင်းတွင် ဆုတောင်းသောသူမည်သည်ကို ခြင်္သေ့လှောင်သော တွင်း ထဲသို့ ချပစ်ရမည်ဟုမဖေါက်ပြန်နိုင်သော အမိန့်တော် မြတ်ကို ထုတ်စေခြင်းငှါ နိုင်ငံတော်ဝန်ကြီး၊ မြို့ဝန်၊ စော်ဘွား၊ တိုင်ပင်မှူးမတ်၊ စစ်ကဲအပေါင်းတို့သည် အညီအညွတ် တိုင်ပင်ကြပါပြီ။”

ဒံယေလသည်သူ၏အသက်တာကိုမြင့်မြတ်သောဘုရားမှတပါး အခြားမည်သူမျှတင်ပြစရာမရှိကြောင်းသူသိသည်။ ဒံယေလအတွက်ထိုအရာသည် အမိန့်ကိုလိုက်နာခြင်းမဟုတ်၊ အမှန်တရားကိုလုပ်နေခြင်းဖြစ်သည်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ခြင်းဖြစ်ပြီး မည်သို့သောအကျိုးဆက်များရှိစေကာမူ အမှန်တရားဘက်၌ရပ်တည်ခြင်းပင်ဖြစ်သည်။ ကျွန်တော်လူအများကိုအမြဲပြောဖူးသည့်အတိုင်း အမှန်တရားဘက်၌ရပ်တည်လုပ်ဆောင်ပါ။ဘုရားသခင်၌စိတ်ချယုံကြည်ပါ။ ကျောက်ကိုတူနှင့်ထုသည့်နည်းတူ ကျိုးပဲ့ကွဲထွက်သွားသော ကျောက်တုံးအပိုင်းအစများသည်သူသွားလိုရာအဖက်ဖက်သို့ပြန့်ကျဲမည်၊ မည်သည့်ဘက်သို့ပြန့်ကျဲသွားမည်ကို မစိုးရိမ်ပါနှင့်။ ဘုရားသခင်သည်ထိုကျောက်ကွဲစများ၏ပိုင်ရှင်ဖြစ်သည်။ အကယ်၍ဤအုတ်ခဲများပြန့်ကျဲနေပါက၊ ဘုရားသခင်သည် ၎င်းတို့ကိုသပ်ရပ်စွာပြန်စုစည်းနိုင်မည်ဖြစ်သည်။ ကိုယ်တော်လုပ်သောအရာများသည်ကောင်းမွန်စွာထွက်ပေါ်လာမည်၊ ထိုကဲ့သို့ဖြစ်မည်ဟုလည်းယူဆသည်။ ဤအခြေအနေတွင် ဒံယေလ မည်သို့လုပ်မည်ဆိုသည်ကို ကျွန်တော်သိချင်လာသည်။



ဒံယေလအနာဂတ္တိကျမ်း။ 6:10 (MYJ) အမိန့်တော်ထုတ်၍ တံဆိပ်ခတ်ကြောင်းကို ဒံယေလသည် ကြားသိသော်လည်း၊ မိမိအိမ်သို့သွား၍ ယေရုရှလင်မြို့သို့ မျက်နှာပြုရာ အထက်ခန်းပြတင်းပေါက်ပွင့်လျက်ပင်၊ အထက်ပြုလေ့ရှိသည်အတိုင်း၊ တနေ့ သုံးကြိမ်ဒူးထောက်လျက် ဘုရားသခင်ကို ဆုတောင်း၍ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလေ၏။

ဒံယေလသည်ဘုရားသခင်ကိုနာခံရုံမျှမက၊သူသည်ပြတင်းပေါက်ကိုတမင်ဖွင့်ပြီးဆုတောင်းခြင်းမှာဘုရားသခင်ကို နာခံရန်ရွေးချယ်မည်ဟု လူတိုင်းကိုကြေညာလိုက်ခြင်းဖြစ်သည်။ ကျွန်တော်ဒံယေလကို အရမ်းကြိုက်သည်။

ဤအကျိုးဆက်များကို ကျွန်တော်တို့သေချာပေါက်သိပါသည်။ ဒံယေလကခြင်္သေ့တွင်း၌ပစ်ချခံရပြီးဘုရားသခင်ကခြင်္သေ့ပါးစပ်ကိုပိတ်လိုက်သည်။ ဒံယေလသည်ခိုင်ခံ့စွာရပ်တည်ပြီး ယုံကြည်ချက်ကြီးမားသူဖြစ်သည်၊ သင်ရော? ။

တစ်နေ့မှာကျွန်တော် Newarkလေဆိပ်မှ ခရီးထွက်စဉ်လေဆိပ်အပြင်ဘက်တွင်လမ်းလျှောက်ရင်းလေဆိပ်တွင်ရှိသည့်ဂိတ်များကြားက ဘတ်စ်ကားမောင်းသည့်အမျိုးသားတစ်ဦးနှင့်တွေ့ခဲ့သည်။ ဤအချိန်တွင်စီးပွားရေးအခြေအနေ မည်ကဲ့သို့ရှိသနည်းဟုသူ့ကိုမေးသည်။ အဲဂုတ္တုပြည်မှလာသူ မူစတာဖာက အခြေအနေတွေကိုခံနိုင်ရည်ရှိရန်ကြိုးစားနေသည်ဟုပြန်ဖြေသည်။ မွတ်ဆလင်တစ်ယောက်အနေနှင့်ကြီးပြင်းလာသလားဟုမေးရာ မူစတာဖာက ဟုတ်ပါသည်ဟုဖြေသည်။ ကျွန်တော်ဆက်မေးသည် "ခင်ဗျားရဲ့သားသမီးတွေကိုမွတ်စလင်ဖြစ်အောင် သင်ပေးခဲ့တာလားခင်ဗျ" ဟုမေးရာသူက "မဟုတ်ဘူး၊ သူတို့ကို အတင်းအကြပ်မလုပ်ချင်ဘူး " အိုး.. အံ့ဩဖွယ်ကောင်းသည့်အဖြေပါ။ ကျွန်တော်တို့ဘုရားသခင်အကြောင်းပြောနေသည်၊ ထာဝရအသက်အကြောင်းပြောနေသည်။ ကျွန်ုပ်တို့သည် အရေးကြီးဆုံးအကြောင်းအရာကိုလှဲလှယ်ပြောဆိုကြသည်။ အချို့သောသူများစွာသည် ဤအရေးကြီးလွန်းလှသည့်အကြောင်းအရာကို မိမိသားသမီးများအား မပေးလိုကြသူများစွာကိုကျွန်တော်တွေ့ဖူးသည်။

ယုံကြည်ခြင်းကိုသားသမီးများအားအတင်းအကြပ်မထည့်ပေးလိုပါဟုပြောကြသည်။ ကလေးများကို သွားတိုက်ရန် ဖိနပ်ကြိုးချည်ရန်၊ ဟင်းသီးဟင်းရွက်စားရန် တိုက်တွန်းခြင်းအတွက်မခက်ခဲဘူးမဟုတ်လားဟုသူတို့ကိုကျွန်တော်အမြဲမေးမိသည်။ ယေဘုယျအားဖြင့်ဤကဲ့သို့မေးသည့်အခါမိဘများကကျွန်တော်၏ဆိုလိုရင်းမေးခွန်းကို နားလည်ကြသည်။


ကလေးများကို သွားတိုက်ရန် ဖိနပ်ကြိုးချည်ရန်၊ ဟင်းသီးဟင်းရွက်စားရန် တိုက်တွန်း ခြင်းအတွက် မခက်ခဲဘူးမဟုတ်လားဟုသူတို့ကိုကျွန်တော်အမြဲမေးမိသည်။

ဤစာအုပ်ဖတ်နေသောခရစ်ယာန်မိဘများတရားဟောရာ 6:4–9ကိုဖတ်ကြည့်ပါ။ မိဘများအနေနှင့် လုပ်ဆောင်နိုင်မည့်အရာမှာ ကျွန်ုပ်တို့၏သားသမီးများကို ဘုရားသခင်၊ သခင်ယေရှုနှင့် သမ္မာကျမ်းစာအကြောင်းကို အမှန်အတိုင်းသွန်သင်ပေးရန်ဖြစ်သည်။ လေးလေးနက်နက်ပြောရလျှင် ဤအရာသည်အဓိကကျသည့်အရာတစ်ခုဖြစ်ပြီးဘုရားသခင်ရှေ့တွင်အစီရင်ခံရမည့် အချက်တခုဖြစ်ကြောင်း ကျွန်တော်ယုံကြည်သည်။

မူစတာဖာက ကျွန်တော့်ကိုပြောသည်မှာ သူကလေးဘဝတုန်းက အီဂျစ်တွင်နေသည်၊ သူ့မိဘများက ကွာရှင်းကြပြီး မည်သူမှသူ့ကိုအလိုမရှိသည့်ကိစ္စက သူ့အပေါ်ကြီးမားသည့်သက်ရောက်မှုရှိခဲ့သည်။ သို့သော်တပါးသူကိုချစ်တတ်သည့် ခရစ်ယာန်အမျိုးသမီးတစ်ယောက်ကသူ့ကိုမွေးစားခဲ့သည်။ ထိုအမျိုးသမီးမှာ သားနှစ်ယောက်ရှိနေသည်။ မူစတာဖာကသူ့မျက်လုံးတွင်မျက်ရည်များနှင့် ကျွန်တော့်ကိုကြည့်ပြီးပြောသည်၊“သူ့မှာသားနှစ်ယောက်ထဲမဟုတ်ဘူးသုံးယောက်ရှိပါတယ်။” သူ့အတွေး၌အမှတ်တရများအားလုံးပြန်ထွက်သည်။ယုံကြည်ခြင်းရင့်ကျက်သည့် ထိုခရစ်ယာန်အမျိုးသမီးသည်မည်သည့်အကျိုးဆက်များရှိလာပါစေမှန်ကန်သည့်အရာကိုလုပ်ခဲ့သည်။ သူမက မူစတာဖာကိုချစ်သည်၊ ချစ်သည်၊ ချစ်ခြင်းကိုပေးသည်၊ ဤကဲ့သို့အချစ်မျိုးကို ကျွန်တော်အမှန်ပင်တန်ဖိုးထားသည်။ မူစတာဖာက ကျွန်တော့ကိုကြည့်ပြီး ငို၍မေးသည် “ခရစ်ယာန်ဖြစ်ဖို့ကျွန်တော်ဘယ်လိုလုပ်ရမလဲ။”

လေဆိပ်၏အလယ်၌သင်ရပ်နေသည့် အချိန်ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် သင်သွားလေရာရာ၌ အများစုအဖွဲ့ဖြစ်ကြောင်းသတိရပါ။

သမ္မာကျမ်းစာပါကြီးမြင့်သည့်အရာပြုလုပ်သည့်အမျိုးသမီးတစ်ဦးမှာမိဖုရားဧသတာဖြစ်သည်။လူသိများသောကျမ်းဧသတာ ၄:၁၄မှာ “ယခုကာလသင်သည် တိတ်ဆိတ်စွာနေလျှင်၊ သင်နှင့်သင်၏အဆွေအမျိုးသည်ပျက်စီး၍၊ ယုဒလူတို့အသက်ရှင်ခြင်း၊



ကယ်တင်ခြင်း အကြောင်းတစုံတခု ပေါ်လိမ့်မည်။ ယခုအမှုကိုဆောင်ဘို့ရာ သင်သည်မိဖုရားအရာကိုရသည်ဟုထင်စရာရှိသည်မဟုတ်လောဟုဧသတာအား ပြန်ပြောစေခြင်းငှါမှာလိုက်၏။"

ဧသတာအမှန်တရားဘက်မရပ်တည်လျှင်လည်း သူမ၏ရွေးချယ်မှုဖြစ်သည်၊ သို့သော်ဘုရားသခင်ကဂျူးလူမျိုးအားကိုယ်တော်၏နည်းနှင့်ကာကွယ်မည်ဟု မော်ဒကဲကဧသတာကိုသတိပေးနေခြင်းဖြစ်သည်။

ဧသတာ 2 : 15 "မိမိသမီးကဲ့သို့ မော်ဒကဲမွေးမြူသော ဘထွေး အဘိဟဲလသမီး ဧသတာသည် အလှည့်သင့်၍၊ ရှင်ဘုရင် ထံသို့ဝင်ရသောအခါ၊ နန်းတော်မိန်းမစိုး၊ အပျိုတော်အုပ် ဟေဂဲစီရင်သော အရာမှတပါး အဘယ်အရာကိုမျှ မတောင်း၊ ဧသတာကို တွေ့မြင်သမျှသော သူတို့သည် ချစ်တတ်ကြ၏။"

မော်သကဲသည် ဧသတာ၏ဘဝကိုတိုက်တွန်း ခွန်အားပေးသူဖြစ်သည်။ သင်လည်းတိုက်တွန်းခွန်အားပေးသူဖြစ်ပါသလား။ လူအများကိုဘုရားသခင်အတွက်ကြီးမြတ်သောအမှုလုပ်ဆောင်ရန် သင်တိုက်တွန်းတတ်၍လူအများကသင့်အနားအမြဲနေချင်ကြသည်လား?။

ထိုခေတ်ကာလသည် ဘုရင်ကြီးထံအခွင့်မရဘဲဝင်သွားခြင်းသည်အသက်ဆုံးရှုံးနိုင်သည်။ သို့သော်ကင်းစောင့်များသည်အကျိုးဆက်ကိုစိုးရိမ်ခြင်းထက် မှန်ကန်သောလုပ်ရပ်ကိုလုပ်ဆောင်ရန် ပို၍အလေးထားသင့်သည်။ သူမအစာရှောင်ဆုတောင်းသောကြောင့် ဘုရားသခင်က သူ့ကိုမျက်နှာသာပေးခဲ့သည်။ ဧသတာသည် ရှင်ဘုရင်ထံသို့ချဉ်းကပ်၍ရှင်ဘုရင်ကိုတောင်းပန်သဖြင့် ဣသရေလလူမျိုးများလွတ်မြောက်ခွင့်ရခဲ့သည်။ သူမ၏ဖြောင့်မတ်ခြင်းကြောင့်ဖြစ်သည်။

တစ်ခါကခရစ်ယာန်တက္ကသိုလ်တစ်ခုမှာ ဟောပြောပွဲပြီးသည်နှင့် လူငယ်တစ်ယောက်ကကျွန်တော့်ဆီရောက်လာသည်။ သူသည်အာဖရိကမှဖြစ်ပြီး အမေရိကတွင် ပညာသင်ကြားရန်လာရောက်ခဲ့သည်။

တစ်နေ့တွင်သူအိမ်၌နေစဉ်လူ့ကြမ်းတစ်ယောက်ဝင်လာပြီး သူ၏မိသားစုတစ်စုလုံးကိုချည်နှောင်ထားသည်။ ထိုအချိန်၌သူသည်ဆယ်ကျော်သက်သာရှိသေးသည်။ ကြမ်းပြင်ပေါ်တွင်လဲလျောင်းချည်နှောင်ခံခဲ့ရပြီး လူဆိုးကသူတို့ကိုတင်းကျပ်စွာချည်နှောင်ထားခြင်းမရှိ၍ သူကမတ်သက်ထရပ်လိုက်ပြီး "ယေရှုခရစ်၏နာမတော်အားဖြင့်သင်သည်ကျွန်ုပ်၏မိသားစုကိုမသတ်ရ" ဟုသူပြောခဲ့သည်။ ဤသို့သောလူငယ်သည်နှစ်သက်မြတ်နိုးဖွယ်ပုံသက်သေကောင်းရှိသောလူငယ်ဖြစ်သည်။ မည်သို့ဆက်လက်ဖြစ်သနည်းဟုကျွန်တော်မေးသည်။ လူဆိုးကသေနတ်ဖြင့်ပစ်ခဲ့သော်လည်း သေနတ်ကပေါင်းလွှန်း၍ ကျည်ဆံကတည့်တည့်မထွက်ဘဲ သူ၏အသည်းနှလုံးနှင့်ဆန့်ကျင်ဘက်နေရာကိုဝင်သွားသည်ဟုပြောသည်။ သွေးများပြည့်နေသည်ကိုသေနတ်သမားမြင်သောအခါ ထိပ်လန့်ပြီးထွက်ပြေးသွားသည်။ ဤလူငယ်သည် ယုံကြည်မှုအပြည့်အဝရှိကြောင်းသူ့မျက်ဝန်းအားဖြင့်သိနိုင်သည်။ သူ့ဘဝအဆုံးသတ်ရမည်ဆိုလျှင်ပင် သူမည်သည့်အရာလုပ်ရမည်ဆိုသည်ကိုသူသိသည်။ ရှင်းရှင်းပြောရလျှင် ထိုလူငယ်နှင့်သန့်ရှင်းသောဝိညာဉ်တော်သည် သွားလေရာရာ၌အများစုအဖွဲ့ ဖြစ်ကြောင်းသိရသည်။

သမ္မာကျမ်းစာတွင်သတေဖန်သည်ကြီးစွာသောနိမိတ်လက္ခဏာများနှင့် အံ့ဖွယ်ရာများကိုလုပ်ဆောင်ခဲ့သူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည်ယုံကြည်ခြင်း၊ ဘုရားသခင်၏တန်ခိုးတော်နှင့်ပြည့်စုံခြင်းကြောင့်ဖြစ်သည်။ သို့သော် သခင်ယေရှုအတွက်ရပ်တည်ခြင်းသည် သူ့အသက်ကိုပေးဆပ်ရလိမ့်မည်။

တမန်တော်ဝတ္ထု။ 7:55–60 “သူသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်သဖြင့်၊ ကောင်းကင်သို့ စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ ဘုန်းတော်ကိုငင်း၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ယေရှုရပ်နေသည်ကိုငင်း မြင်လျှင်၊ကြည့်ပါ။ ကောင်းကင်ဖွင့်လှစ်သည်ကိုငင်း၊ လူသားသည် ဘုရားသခင်၏လက်ျာတော်ဘက်၌ ရပ်နေသည်ကိုငင်း၊ ငါမြင်သည်ဟုဆို၏။ ထိုသူတို့သည် ပြင်းစွာသော အသံနှင့် ဟစ်ကြော်၍ နားကိုပိတ် ဆို့လျက် သူ့ဆီသို့ညီညွတ်စွာ တဟုန်တည်းပြေး၍၊မြို့ပြင်သို့နှင့်ထုတ်ပြီးမှ ကျောက်ခဲနှင့်ပစ်ကြ၏။ သက်သေခံ တို့သည်လည်း မိမိတို့အဝတ်ကို ရှောလု အမည်ရှိသော လုလင်၏ခြေရင်း၌ထားကြ၏။ကျောက်ခဲနှင့်ပစ်ကြစဉ် သတေဖန်သည် ပဌနာ ပြုလျက်၊ သခင်ယေရှု၊ အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူတော်မူပါဟု လျှောက်ဆို၏။ဒူးထောက်လျက်၊ သခင်၊ ဤသူတို့ပြုသော ဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်ဟု ကြီးသော အသံနှင့် ကြွေးကြော်ပြီးမှ ကျိန်းစက်လေ၏။ သူ့ကို ကွပ်မျက်သော အမှုကို ရှောလုသည်လည်း ဝန်ခံလျက် ရှိ၏။”





သတေဖန်သည် မည်သည့်အခါမျှ အထိတ်တလန့်မဖြစ်... တယောက်တည်း သက်သေခံခဲ့သည်။ သတေဖန်သည်အထီးကျန်စွာ တယောက်တည်းနေရသည်မဟုတ်..သခင်ယေရှုသည် သူ့အားကြိုဆိုရန် မတ်သပ်ရပ်လိုက်သည်

သတေဖန်သည် မည်သည့်အခါမျှ အထိတ်တလန့်မဖြစ်၊ ကျောက်ခဲနှင့်ပစ်ခံရသော်လည်းတယောက်တည်းသက်သေခံခဲ့သည်။ သို့သော် ကျွန်ုပ်တို့သိသည်မှာသတေဖန်သည်အထီးကျန်စွာတယောက်တည်းနေရသည်မဟုတ်၊သူအသက်မထွက်ခင် ဘုရားသခင်ကသူ့အားသခင်ယေရှုကိုမြင်ခွင့်ပေးခဲ့သည်။ သခင်ယေရှုသည် သူ့အားကြိုဆိုရန် မတ်သပ်ရပ်လိုက်သည်။ သတေဖန်အသက် ဆုံးရှုံးရသော်လည်းညှင်းပန်းနှိပ်ဆက်ခြင်းက ဧဝံဂေလိကိုပို၍ပြန့်နှံ့စေသည်။ မျိုးစေ့သည်မြေသို့ကျပြီးပုပ်သိုးမှုမရှိလျှင် အပင်မပေါက်နိုင်ကြောင်းအမှတ်ရပါ။

တစ်နေ့မှာတက္ကသိုလ်ကျောင်းသူ အန်နာလီဆိုသူနှင့် စကားပြောခွင့်ရခဲ့သည်။ သူမသည်ဘုရားသခင်အတွက်ရဲရင့်သည့်အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ထိုအချိန်တွင် ဘာသာရေးဘာသာရပ်ကို သင်ယူနေစဉ် သင်ပေးသည့်နှစ်ခြင်းတရားဟောဆရာက ကောင်းကင်ဘုံသို့သွားရာလမ်းကြောင်းက တစ်လမ်းတည်းလားသို့မဟုတ် နည်းလမ်းများစွာရှိသည်လား? ဟုသွန်သင်နေသည်။ ဝမ်းနည်းစရာပါ၊ သူ၏သွန်သင်ချက်တွေကို သင်ခန့်မှန်းနိုင်သည်။ ကောင်းကင်ဘုံသို့ရောက်ရန်နည်းလမ်း များစွာရှိသည်ဟုသင်ပေးနေသည်။ အန်နာလီသည်သူမ၏မိဘများထံမှ မှန်ကန်စွာသင်ကြားခွင့်ရခဲ့ပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကောင်းစွာသိသူဖြစ်သည်။ သူမသည်အတန်းထဲတွင်လက်မြှောက်ကာအမှန်တရားကိုပြောဆိုပြီးနောက် မေတ္တာနှင့်ကြံ့ခိုင်မှုဖြင့်အခန်းအပြင်သို့ထွက်ခဲ့သည်။ အတန်းထဲတွင်ဘုရားမရှိဟုယူဆသောဘာသာမဲ့တစ်ယောက်က သူမကို အမြဲလှောင်ပြောင်နေတတ်သည်၊ သို့သော်သူမဂရုမစိုက်ပါဟုပြောပြသည်။ သူမ၏ အတန်းထဲတွင် မည်သို့ပြောဆိုရမည်ကို ကျွန်တော်လမ်းညွှန်ပြခဲ့သည်။

နောက်ထပ်ဝင်ရမည့်တိုက်ပွဲအတွက် သူမကမှတ်သားနေသည်။ ထိုအတန်းထဲမှာ အန်နာလီသည် တစ်ယောက်တည်းမဟုတ်ပါ၊ သူမနှင့်သန့်ရှင်းသောဝိညာဉ်တော်သည် တက္ကသိုလ်တွင်အများစုအဖွဲ့ဖြစ်ကြောင်းသူမသိသည်။

သင်နှင့်သန့်ရှင်းသောဝိညာဉ်တော်သည် သင်သွားလေရာရာ၌ အများစုဖြစ်သည်ကို ယခုသင်နားလည်ပါပြီ။ ကျေးဇူးပြု၍ ဤကျမ်းချက်များကို ကြည့်ပါ။

ဆာလံကျမ်း 34:7 " ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့ ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ ကယ် လွှတ်တတ်ကြ၏။"

ဆာလံကျမ်း 37:4, 40 "ထာဝရဘုရား၌ မွေ့လျော်ခြင်းရှိလော့။ သူတို့ပြု လျှင်၊ စိတ်နှလုံး အလိုပြည့်စုံရသောအခွင့်ကို ပေးတော် မူမည်။ထာဝရဘုရားသည် သူတို့ကို မစကယ်တင်တော် မူမည်။ ယုံကြည်ခိုလှုံသောကြောင့်၊ မတရားသောသူတို့ လက်မှ နှုတ်ယူကယ်တင်တော်မူမည်။"

ဆာလံကျမ်း 112:7 " မကောင်းသော သိတင်းကိုမကြောက်ရ၊ စိတ် နှလုံးသည် ထာဝရဘုရားကို ကိုးစားသဖြင့် တည်ကြည် တတ်၏။"

ဆာလံကျမ်း 118:8 " ထာဝရဘုရား၌ ခိုလှုံခြင်းသည်၊ လူကို ကိုးစား ခြင်းထက် သာ၍ ကောင်း၏။"

ဟေရှာယအနာဂတ္တိကျမ်း။ 6:8 " တဖန်ထာဝရဘုရားက၊ ငါသည်အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူသွားမည်နည်း ဟု မေးတော်မူသံကို ငါကြားလျှင်၊ ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏။"

ဒံယေလအနာဂတ္တိကျမ်း။ 11:32 " ပဋိညာဉ်တရားကို ပြစ်မှားသော သူတို့သည် ချော့မော့ရာသို့ လိုက်၍ ယိုယွင်းကြလိမ့်မည်။ မိမိတို့ ဘုရားသခင်ကို သိသောသူတို့မူကား၊ ကြီးစွာသောအားနှင့် ပြုကြလိမ့်မည်။"



ရှင်ယောဟန်ခရစ်ဝင်။ 15:5 "ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။ အကြင်သူသည်ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏၊ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှု ကိုမျှ မတတ်နိုင်ကြ။"

**"လူတယောက်နှင့်သတ္တိရှိခြင်းပေါင်းလိုက်လျှင် အများစုဘက်၍ဖြစ်သွားပါပြီ။"**

သမ္မတ Andrew Jackson

အမှန်တရားမှာသင်နှင့်သန့်ရှင်းသောဝိညာဉ်တော်သည်အများစုဘက်၌နေပြီး သင်သွားလေရာရာ၌လွှမ်းမိုးနေသည်။ အဘယ်ကြောင့်ဆိုသော် လိုအပ်သည့်ရဲစွမ်းသတ္တိနှင့် ယုံကြည်မှုအားလုံးကို သင့်အားပေးအပ်မည်ဖြစ်ပါသည်။

ဆာလံ ၃၇-၅ "သင်၏လမ်းကို ထာဝရဘုရားထံ အပ်နှံပါ။ သူ့ကိုယုံကြည်ပါ။ ပြီးမြောက်စေလိမ့်မည်။"

ဆာလံကျမ်း 118:6 "ထာဝရဘုရားသည် ငါ့ဘက်မှာ ရှိတော်မူသည် ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ၌ အဘယ်သို့ ပြုနိုင်သနည်း။"

မိမိလူမျိုးကိုစွန့်ပယ်ခြင်းသည်ဘုရားသခင်၏သဘာဝမဟုတ်ကြောင်း နားလည်ထားရပါမည်။ ကိုယ်တော်သည်ကျွန်ုပ်တို့နှင့်အတူပါရှိစမြဲဖြစ်သည်။ အမှန်မှာ၊ ကျွန်ုပ်တို့၏ ဘဝစရီးစဉ်တွင်ကိုယ်တော်အတူလျှောက်လှမ်းနေကြောင်း၊ ကျွန်ုပ်တို့ တစ်ဦးစီကို အလွန်ဂရုစိုက်ပြီးအကူအညီလိုသည့်အခါ ကျွန်တော်တို့ကိုမစွန့်ပစ်ကြောင်းသိရပါမည်။ တခါတရံမှာကျွန်ုပ်တို့မည်သို့ဖြစ်နေသည်ကိုနားမလည်းသော်လည်း ကိုယ်တော်သည် အကြွင်းမဲ့သစ္စာရှိတော်မူ၏။



ဤစွန့်စားခန်းတွင်ကင်းစောင့်သည်တစ်ယောက်တည်း စွန့်စားခြင်းမဟုတ်ကြောင်း၊သူသည်ဘုရားသခင်အတွက် အမြဲရပ်တည်နိုင်ကြောင်းနှင့်ကိုယ်တော်သည်မည်သောအခါမျှ စွန့်ပစ်မည်မဟုတ်ကြောင်းကင်းစောင့်ကိုယ်တိုင်သိနေသည်။

ဤစွန့်စားခန်းတွင်ကင်းစောင့်သည် တစ်ယောက်တည်းစွန့်စားခြင်းမဟုတ်ကြောင်း၊သူသည်ဘုရားသခင်အတွက် အမြဲရပ်တည်နိုင်ကြောင်းနှင့်ကိုယ်တော်သည် မည်သောအခါမျှ စွန့်ပစ်မည်မဟုတ်ကြောင်း ကင်းစောင့်ကိုယ်တိုင်သိနေသည်။

သင်သည် ဤသို့သောဘုရားသခင်စိတ်ချရသည့်ကင်းစောင့်ဖြစ်ပါသလား။ ကင်းစောင့်နှင့်သန့်ရှင်းသောဝိညာဉ်တော်ပူးပေါင်းလျှင် ခွန်အားကြီးသောကြောင့် မည်သည့်အရာမျှတားဆီး၍မရသော စွမ်းအားတစ်ခုဖြစ်သည်ကို ကင်းစောင့်များသိနေပါသည်။




# အခန်း ၃
# မင်္ဂလာပါ သူစိမ်း

“သင်သည်မိမိခွန်အားနှင့် မိမိကိုယ်ကိုကယ်တင်၍မရပါ။ ယခုသင်သည်
ကယ်တင်ခြင်းရရှိပြီးဖြစ်၍ သင့်အသက်တာအားဖြင့် ဘုရားသခင်၏ဘုန်းတော်
ထင်ရှားစေရန် ကြိုးစားအားထုတ်ရန်လိုအပ်ပါသည်။”
– Harry A. Ironside

**ကင်းစောင့်**များသိသည်မှာ အပြုအမူအားလုံးကို သမ္မာကျမ်းစာနှင့်အညီ သေချာစွာလုပ်ဆောင်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် မိမိ၏ခံစားချက်အတိုင်း လုပ်ဆောင်၍မရပါ။ လုပ်သင့်သည့်အရာများဟုယူဆကာ မိမိ၏ကိုယ်ပိုင်ခွဲခြမ်းတွေးခေါ်မှုကိုသုံး၍မရပါ။ အခြားမည့်သည့်အရာကိုမျှမမှီခိုဘဲ ဘုရားသခင်၏ အမှန်တရားကိုသာစွဲကိုင်ထားရမည်ဖြစ်သည်။

ဤသည်မှာ ထင်ရှားကျော်ကြားသောတရားဟောဆရာကြီး၏ စကားဖြစ်သည် “ခရစ်ယာန်ဘာသာနာမည်ကောင်းရစေဖို့အတွက် အတိတ်ရဲ့အခန်းကဏ္ဍတွေကို ပြန်ရေးသားခွင့်ရှိမယ်ဆိုရင် မယုံကြည်သူရေတွနဲ့ ဆက်ဆံရေးတည်ဆောက်မယ်၊ သူတို့ကိုအစေခံမယ်၊ သူတို့ကိုချစ်မြတ်နိုးမယ်၊ သူတို့ကိုလက်ခံတယ်လို့ခံစားစေအောင်အာရုံစိုက်မယ်ဆိုရင် အဲဒီအချိန်ကဇဝေဂေလိတရားဟောပြောပိုင်ခွင့် ရှိလာမယ် ” ယင်းကကောင်းမွန်သည်ဟု ထင်ရသော်လည်း ပြဿနာတစ်ခုရှိသည်။

ဤသည်မှာ သမ္မာကျမ်းစာနှင့်မကိုက်ညီပေ။ ဤသို့အကြောင်းကိုလည်း သမ္မာကျမ်းစာ၌သင်တွေ့လိမ့်မည်မဟုတ်ပါ။ ယုံကြည်ခြင်းကိုဝေငှရန် "ထိုက်တန်ပြီလား" ဟူ၍အကြောင်းရှာရန်မလိုအပ်ဘဲ သင်၏ယုံကြည်ခြင်းကို ထုတ်ဖော်ပိုင်ခွင့်ရှိသည်။ သားတော်အတွက် ရဲရင့်ရန်ဘုရားသခင်က သင့်ကို မိန့်ဆိုထားသည်။

တမန်တော်ဝတ္ထု။ 1:8 "ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏။"

မယုံကြည်သူများအတွက် ကျွန်ုပ်တို့၏နှုတ်ကိုဖွင့်၍ သက်သေခံရန်နှင့် အသက်တာကိုဆန့်ထုတ်ရန် ဘုရားသခင်မိန့်တော်မူသည်။ ဤသို့မပြုလျှင် သင်သည် ဘုရားသခင်၌ နာခံမှုမရှိကြောင်းပီပြင်ပါသည်။




"ခင်မင်ရင်းနှီးမှုမှတစ်ဆင့် ဧဝံဂေလိဝေငှခြင်း အကြောင်း" ကိုအကြိမ်ပေါင်းများစွာ ကျွန်တော်ကြားခဲ့ရဖူးသည်။ ဆိုလိုသည်မှာ "တစ်ဦးဦးနဲ့မိတ်ဆွေဖွဲ့ပါ၊ သူနဲ့သူငယ်ချင်းဖြစ်ပြီဆိုရင် သတင်းကောင်းဝေမျှ လို့ရတယ်။" ရိုးရှင်းသောမေးခွန်းမှာ "ဆက်ဆံရေးမှတဆင့် ဧဝံဂေလိတရားဟောခြင်းသည်သမ္မာကျမ်းစာတွင်အကြိမ်ပေါင်းမည်မျှပါရှိသနည်း ? အဖြေမှာ သုညဖြစ်သည်။ ဤစကားလုံးကိုကျမ်းစာတွင်သင်တွေ့မည်မဟုတ်ပါ။ သမ္မာကျမ်းစာတွင်ဆို ထားသည်မှာ သင့်အပေါ်ဆက်ဆံလိုသောအရာအတိုင်းတပါးသူအားဆက်ဆံပါ ဟူ၍ဖြစ်သည်။ လိုအပ်သောအရာကိုဦးစွာ ပြင်ဆင်ပြီးမှသာလျှင် ဧဝံဂေလိပြောရမည်ဟူ၍မဟုတ်ပါ။

မဿဲ 5 : 16 "ထိုနည်းတူ၊ သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါး ရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။"



ကျွန်ုပ်တို့သည်ကောင်းမှုပြုလုပ်သင့်သည့်အကြောင်းရင်းမှာ လူအများကို ကောင်းကင်၌ ကိန်းဝပ်သော ဘုရားသခင်၏ဘုန်းတော်ကိုမြင်စေနိုင်ရန်ဖြစ်သည်။ သို့သော်ထိုဘုရားသခင်သည်ကျွန်ုပ်တို့ကိုးကွယ်သောဘုရားဖြစ်ကြောင်း ထိုသူတို့သိမှသာလျှင်ကောင်းသောအကျိုးသက်ရောက်မှုရှိမည်။ သို့သော်ထိုကောင်းမှုအား မည်သူ့ကိုပေးရမည်ကိုမည်ကဲ့သို့သိနိုင်မည်နည်း။ ကျွန်ုပ်တို့ကဘုရားသခင်၏ သတင်းကောင်းကိုပြောပြရမည်၊ ထို့နောက်တွင်ကျွန်ုပ်တို့၏ကောင်းမှုကို သူတို့မြင်၍ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းကြမည်ဖြစ်သည်။

ကျွန်တော်သည် ဘုရားမဲ့ဝါဒီတစ်စုနဲ့ တွေ့ခဲ့သည်။ သူတို့သည် ဟာရီကိန်းကက်ထရီနာမုန်တိုင်းအပြီး လူအများကိုကူညီရန် New Orleans ကိုသွားကြသည်။ အပျက်အစီးများစွာမြင်၍ ကူညီရန်တစ်ခုခုလုပ်ရတော့မည်။ New Orleans မြို့တွင်ရှိသောလူများသည် ဘုရားမရှိဟုယုံကြည်သည့်သူဖြစ်လာလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရားမဲ့ဝါဒီအချို့က ထိုသူတို့ကို ကူညီရန် လာကြသောကြောင့်ဖြစ်သည်။ သေချာသည်မှာထိုအဖြေမမှန်ပါ၊ လူ၏ယုံကြည်ခြင်းသည်တဆင့် "ကူးစက်ခြင်း"မရှိ။ သို့သော်လည်းဘုရားမဲ့ဝါဒီများသည် သူတို့၏ယုံကြည်ချက်များကို မျှဝေခြင်းဖြင့် ဘုရားသခင်မရှိဟု အခြားသူများယုံကြည်လာစေရန်ကြိုးစားကြသည်။ မယုံကြည်သူများသည်ခရစ်ယာန်၏ယုံကြည်ခြင်းကို osmosis နည်းကဲ့သို့ "မကူးစက်"ပါ။ သူတို့သည် ခရစ်ယာန်ဖြစ်လာရခြင်းမှာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဝေငှခြင်းကြောင့်ဖြစ်သည်။ ဤအရာသည်ကင်းစောင့်များပြုလုပ်သင့်သောအရာဖြစ်သည်။

နောက်ထပ်စိတ်ဝင်စားစရာ အချက်မှာ တစ်စုံတစ်ယောက်နှင့် မိတ်ဆွေဖြစ်မှ ဧဝံဂေလိတရားကို ဝေငှနိုင်မည်ဟူသောအချက်ပင်။ သို့ဆိုလျှင် မည်မျှကြာအောင် အချိန်ပေးရမည်နည်း။ ထိုအချိန်ရောက်လာပြီဟု သင်မည်ကဲ့သို့သိမည်နည်း။

သင်၏မိတ်ဆွေအသစ်ကို အရေးကြီးဆုံးအရာများပြောပြရန် နှစ်ပတ်၊ ခြောက်လသို့မဟုတ်တစ်နှစ်ဟူ၍အချိန်မည်မျှကြာအောင်ပေးရမည်နည်း။ ဤသို့အချိန်ဆွဲရခြင်းပြဿနာ၏ အရင်းအမြစ်မှာသခင်ယေရှုသည် သင့်ဘဝတွင်အရေးအကြီးဆုံးအရာမဟုတ်သောကြောင့်ဟုသုံးသပ်နိုင်သည်။ မွေးနေ့အကြောင်း၊ လက်ဆောင်အကြောင်း၊ သောကြာညတွင် ကြီးမားသည့်ထိပ်တိုက်တွေ့ဘောလုံးပွဲအကြောင်းပြောဆိုနိုင်သည်။ သို့သော်သခင်ယေရှုအကြောင်းဝေမျှရာ၌ အချိန်ပေးပြီးစောင့်ရမည်ဆိုသည်မှာမမှန်ကန်ဟုကျွန်တော်မြင်သည်။

သင့်ဘဝ၌ နေ့ရက်၊ အပတ်နှင့်လတိုင်း သင်ဘာလုပ်သည်ကို စဉ်းစားကြည့်ပါ။ အလုပ်ရှုပ်နေသည်ဟုသင်ထင်ပါသလား။ အဖြေကဟုတ်သည်ဆိုလျှင် သင့်အသက်တာ၌ သူငယ်ချင်းအသစ် ဘယ်နှယောက်ရနိုင်ဦးမည်နည်း။ သင့်အနေဖြင့်မိတ်ဆွေအသစ် လူဦးရေသတ်မှတ်ပေးနိုင်မည်လား။

ကယ်လီဖိုးနီးယားရှိ ခရစ်ယာန်အမျိုးသားများသင်တန်း၏ ဟောပြောပွဲတစ်ခုတွင်သူတို့ကိုကျွန်တော်ဤမေးခွန်းမေးခဲ့ဖူးသည်။ သူတို့၏လက်ရှိအချိန်ဇယားကိုအခြေခံပြီး မိတ်ဆွေအသစ်ဘယ်နှစ်ယောက်ရနိုင်မည်နည်းဟုမေးရာ အဖြေမှာတစ်ယောက်သို့မဟုတ် နှစ်ယောက်ဖြစ်ပြီး အများဆုံးငါးယောက်ဖြစ်ပါသည်။ လူတစ်ယောက်ကသူ့လက်ကိုမြှောက်ပြီး "သုညပါ၊ ကျွန်တော်အလုပ်အရမ်းရှုပ်ပြီး အလုပ်နားတဲ့အချိန်မှာလဲ ကျွန်တော့်ဇနီးနဲ့သားသမီးတွေအတွက်အချိန်ပေးပါတယ်" ဘုရားသခင်၌လျှောက်လှမ်းသောသူက မိမိ၏မိသားစုကိုအချိန်ပေးလိုသည်ကိုသိ၍ ကျွန်တော်ဝမ်းမြောက်ပါသည်၊ ကျွန်တော်အလွန်သဘောကျသည့်လူလည်းဖြစ်ပါသည်။

သို့သော်စားပွဲထိုးများ ၊ ဓာတ်ဆီဆိုင်ဝန်ထမ်းများ၊ ကော်ဖီဖျော်သည့်ဝန်ထမ်းများ၊လေယာဉ်မယ်များ၊ သင့်ဘေး၌ထိုင်သည့်လူ၊ လေယာဉ်ပေါ်မှဝန်ထမ်းများ၊ စားသောက်ဆိုင်ပြတင်းပေါက်မှဝန်ထမ်းများ၊ ကုန်စုံဆိုင်တွင်တန်းစီနေသူများအပေါ် သင်မည်ကဲ့သို့ပြုလုပ်မည်နည်း။ ကျွန်တော်တို့တွင် သူတို့နှင့်မိတ်ဆွေဖွဲ့ရန် အချိန်မလောက်ပါ။ ကျွန်တော်တို့မည်သည့်အရာမျှမလုပ်ဘဲ သူတို့ငရဲသွားရမည်ကို ကြည့်နေသင့်သည်လား၊ သူတို့ကိုဧဝံဂေလိတရားလက်ကမ်းကြော်ငြာ မပေးဘဲနေသင့်သည်လား။



မယုံကြည်သူအနေဖြင့် သင်တွေးဖူးပါသလား? မယုံကြည်သူများသည် သူစိမ်းနှင့်စကားပြောရသည်ကိုကြိုက်သည်။ အဘယ်ကြောင့်လဲဆိုသော် သူတို့ပြောလိုက်သည့်အကြောင်းကို ထိုသူစိမ်းနှင့်ထပ်မတွေ့တော့ဟု ထင်မှတ်ခြင်းကြောင့်ဖြစ်သည်။ (ကျွန်တော်ဆိုလိုသည်မှာ သူတို့ရင်ဖွင့်လိုသည့်အကြောင်းအရာကို သူစိမ်းတယောက်အားပြောပြနိုင်ခြင်းဖြစ်သည်။) ကျွန်တော်ကြုံဖူးသောအချို့သူစိမ်းသည်သူတို့၏ရင်းနှီးသောသူငယ်ချင်းအားမဖွင့်ပြောသည့်အကြောင်းကို ကျွန်တော့အားရင်ဖွင့်သည်။ သူစိမ်းသည်သူတို့အတွက်လုံခြုံသည်ဟုခံစားရသောကြောင့်ဖြစ်သည်။ ဤအရာကို ဘုရားသခင်ဖန်ဆင်းထားသည်ဟုလည်းကျွန်တော်ယုံကြည်သည်။



ခရစ်ဝင်ကျမ်းလေးစောင်နှင့်
တမန်တော်ကျမ်းတွင်တွေ့ရသည်မှာ
သက်သေခံချက် 80% ကျော်သည်
သူစိမ်းများကြားတွင်ဖြစ်ပွားသည်။
သူငယ်ချင်းအဖြစ် ကြိုတင်ခင်မင်ရင်းနှီးရန်မလိုပါ။

ယခုသူငယ်ချင်းသည် ယခင်ကသူစိမ်းဖြစ်ကြောင်းမမေ့ပါနဲ့။ သင်အိမ်ထောင်ကျပြီးလျှင်သင့်အိမ်ထောင်ဖက်သည်ယခင်ကသူစိမ်းတစ်ယောက်ဖြစ်ခဲ့ဖူးသည်။သင်ဝမ်းသာသည်မဟုတ်လား၊တစ်ယောက်ကနောက်တစ်ယောက်ကိုရင်းနှီးအောင်ကြိုးစားခဲ့ခြင်းကြောင့်အိမ်ထောင်ဖက်ဖြစ်လာသည်။သူစိမ်းများအားဧဝံဂေလိတရားဟောရန် သင့်အတွက်အဆင်မပြေဖြစ်ကောင်းဖြစ်လိမ့်မည်။ သို့သော်ယနေ့သူစိမ်းသည် မနက်ဖြန်၌ သင်၏သူငယ်ချင်းဖြစ်လာလိမ့်မည်။ ဟုတ်ပါသည်။ အမှန်ပင်အရေးကြီးသည့်အချက်မှာ တစ်နေ့ကျွန်ုပ်တို့၏ ထာဝရသူငယ်ချင်းဖြစ်စေလိုခြင်းပင်ဖြစ်သည်။

ကျမ်းစာလေ့လာမှု၌အရေးကြီးသည့် မှတ်တမ်းတချို့ကို ကျွန်တော်သတိထားမိသည်။ ခရစ်ဝင်ကျမ်းလေးစောင်နှင့်တမန်တော်ကျမ်းတွင် တွေ့ရသည်မှာ သက်သေခံချက် 80% ကျော်သည်သူစိမ်းများကြားတွင်ဖြစ်ပွားသည်။ သူငယ်ချင်းအဖြစ်ကြိုတင်ခင်မင်ရင်းနှီး ရန်မလိုပါ။ တပည့်တော်များသည် သူတို့တွေ့ဆုံသည့်လူများကိုချက်ချင်းနီးပါးဝိညာဉ်ရေးရာဝေမျှပြောဆိုကြသည်။ လောကီရေးရာယာယီစကားဝိုင်းသာပြောဆိုခြင်းမဟုတ်ပါ။

ဧဝံဂေလိတရားကိုဝေငှရန် တစ်စုံတစ်ဦးနှင့်မိတ်ဆွေဖြစ်ရန်လိုအပ်သည်ဟု တစ်စုံတစ်ယောက်ကပြောလာလျှင် ကျွန်တော့အဖြေမှာ " သင်စောင့်ဆိုင်းရန် မလိုပါ" ဧဝံဂေလိဝေငှခြင်းသည် ကျွန်ုပ်တို့ပြုလုပ်နိုင်သော ရွေးချယ်မှုတစ်ခုဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့် မဝေငှရန်လူအများကရွေးချယ်ကြသည်။ အဘယ်ကြောင့်ဆိုသော် လှောင်ပြောင်ခံရနိုင်သည်၊ တစ်စုံတစ်ယောက်ကအတန်းပိုင်ဆရာကိုတိုင်ပြောနိုင်သည် ဟူသောအကျိုးဆက်များကို ကြောက်ရွံ့သောကြောင့်ဖြစ်သည်။ ကင်းစောင့်များအနေဖြင့် မည်သို့တုံ့ပြန်မှုရလာမည်ကိုစိုးရိမ်ခြင်းမဟုတ် သခင်ယေရှုကိုနာခံခြင်းသည်သာ အရေးကြီးဆုံးဖြစ်သည်။

ရှင်ယောဟန်ခရစ်ဝင် 4:6-7 “ထိုအရပ်၌ယာကုပ်၏ ရေတွင်းရှိ၏။ ယေရှုသည် ခရီးသွား၍ ပင်ပန်းသောကြောင့်ရေတွင်းနားမှာထိုင်တော်မူ၏။ ထိုအချိန်သည် ခြောက်နာရီအချိန်ဖြစ်၏။ ရှမာရိမိန်းမတယောက်သည် ရေခပ်ခြင်းငှါ လာ၍၊ ယေရှုက၊ ငါသောက်ဘို့ရေပေးပါဟု ထိုမိန်းမအားမိန့်တော်မူ၏။”

ဤတွင်သခင်ယေရှုသည် ရေတွင်း၌အမျိုးသမီးနှင့် စကားပြောစပြုသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ သခင်ယေရှုသည်ရေငတ်နေပြီး ကိုယ်တော်၏တွေ့ကြုံခဲ့သည့် ခက်ခဲကြမ်းတမ်းသောနေ့ရက်များကို တွေးတောနေလိမ့်မည်၊ ရှမာရိအမျိုးသမီးသည် အလုပ်များနေသောကြောင့် သခင်ယေရှုက သူမအားဝိညာဉ်ရေးရာပြောခြင်းအားဖြင့်အနှောက်အယှက်မပေးလိုပါ၊အဘယ်ကြောင့်ဆိုသော် သူမကငရဲကျနေသည့်အလားပူပင်သောကခံစားနေလိမ့်မည်၊တပည့်တော်တို့ပြန်လာလျှင်ကိုယ်တော်က သူမနှင့်မိတ်ဆွေမဖြစ်သေးဘဲသက်သေခံသည်လားဟု ထင်ကြမည်ဟူ၍သခင်ယေရှုတွေးမည်ဟု သင်ထင်ပါသလား? မဟုတ်ပါ။ ဘုရားသခင်၏ကျေးဇူးတော်တော်ကိုချီးမွမ်းပါသည်။ ကိုယ်တော်ရှေ့မှာဝိညာဉ်ရေးဒဏ်ရာရပြီးအကူအညီလိုနေသည့် အမျိုးသမီး၏ပြဿနာကို ဖြေရှင်းရန် ကိုယ်တော်သည်တစ်ခုခုလုပ်တော့မည်။ သူမတသက်လုံးရှာဖွေနေသည့်အဖြေမှာ သခင်ယေရှုကိုယ်တိုင်ဖြစ်ကြောင်း ပြောပြနေခြင်းဖြစ်ပါသည်။



ရှင်ယောဟန်ခရစ်ဝင် 4:14 "ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေး သော ရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလို့ငှါ ထွက်သော စမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။"

သခင်ယေရှုသည် တစ်စုံတစ်ဦးနှင့်တွေ့ဆုံသောအခါ "ထာဝရအသက်" ဟူသောခေါင်းစဉ်ဖြင့်စကားပြောဆိုခြင်းမှာ အရေးကြီးဆုံးအရာဖြစ်သည်။ သင်အနေဖြင့် တစ်ယောက်ယောက်နှင့်တွေ့လျှင် အရေးကြီးဆုံးပြောဆိုသည့်အရာသည် မည်သည့်အကြောင်းနည်း။

ဖိလိပ္ပုနှင့် အဲသယောပိပြည်၏အမတ် အကြောင်းကို သင်မှတ်မိပါသလား။ သန့်ရှင်းသောဝိညာဉ်တော်သည်ဖိလိပ္ပုအားအမတ်နှင့်စကားပြောရန်ရထားသို့ပို့ဆောင်ပေးပုံကိုမှတ်မိပါသလား၊အမတ်ကကယ်တင်ခြင်းရရှိပြီးနောက်မည်သည့်အရာဖြစ်ပျက်ခဲ့သည်ကို သင်မှတ်မိပါသလား။

တမန်တော်ဝတ္ထု 8:39-40 “ရေထဲကတက်ကြလျှင်၊ထာဝရဘုရား၏ ဝိညာဉ်တော်သည် ဖိလိပ္ပုကိုဆောင်ယူတော်မူ၍၊ အမတ်သည်ဖိလိပ္ပုကိုနောက်တဖန်မတွေ့မမြင်ရ။ ဝမ်းမြောက်ဝမ်းသာခြင်းနှင့်မိမိသွားရသောလမ်းကို သွားလေ၏။ ဖိလိပ္ပုသည်လည်း အာဇုတ်မြို့၌ပေါ်လာ၍၊ ထိုမြို့မှကဲသရိမြို့တိုင်အောင်မြို့ရွာအစဉ်အတိုင်းရှောက်သွား၍ ဧဝံဂေလိတရားကို ဟောလေ၏”

ဖိလိပ္ပုသည် ဧဝံဂေလိဝေငှပြီးနောက် ဆက်တွဲကြည့်ရှုမှုမလုပ်ခဲ့ပေ။ အဘယ်ကြောင့်လျစ်လျူရှုခဲ့သနည်း!ဝိညာဉ်ပိုင်းမကြည့်ရှုနိုင်လျှင်သက်သေမခံဟုပြောသူကိုလည်းကျွန်တော်တွေ့ဖူးသည်။ စောစောကပြောခဲ့သည်ကို မမေ့ပါနဲ့။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာနှင့်ကိုက်ညီသည့်အတိုင်းလုပ်ပါ။ လမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်စည်းမျဉ်းများကိုမဖန်တီးပါနှင့်။ ဖိလိပ္ပုသည်ကြည့်ရှုမှုမရှိရုံသာမကအခြားမြို့သို့သွားစေပြီး တခြားသူစိမ်းများကို ဧဝံဂေလိဟောပြောရန် ခေါ်တော်မူခြင်းခံရသည်။

ကျွန်တော်သက်သေခံပြီးထိုသူယုံကြည်လာလျှင် တတ်နိုင်သမျှ ဝိညာဉ်ရေးရာကြည့်ရှုပါသည်။ ထိုသူကျမ်းစာအုပ်အလိုရှိလျှင် ရောင်းသည့်ဆိုင်ကိုခေါ်သွားပြီး

ကျမ်းစာအုပ်ဝယ်ပေးသည်။ အနီးအနားမှာရှိသည့်ဘုရားကျောင်းကိုသွားလိုသည် ဆိုလျှင်သူ့အတွက်အကောင်းဆုံးဘုရားကျောင်းရှာပေးသည်။ တတ်နိုင်သလောက်လုပ် ပါမည်။ တခါတရံကျွန်တော်က ကြည့်ရှုမှုကိုမလုပ်နိုင်သည့်အချိန်များရှိသော်လည်း ဤအကြောင်းပြချက်အားဖြင့် သူစိမ်းများကိုဧဝံဂေလိဟောပြောလိုသည့်ကျွန်တော်၏ ကြိုးစားမှုကိုအဟန့်အတားမဖြစ်စေပါ။




တစ်ညတွင်ကုန်စုံဆိုင်၌အီသီယိုးပီးယားမှလာသည့်ခရစ်ယာန်အမျိုးသမီးတစ်ယောက်နှင့် ကျွန်တော်စကားပြောဖြစ်သည်။သူမကမည်ကဲ့သို့ ခရစ်ယာန်တစ်ယောက်ဖြစ်လာကြောင်း ကျွန်တော်သိချင်သည်။ အဘယ်ကြောင့်ဆိုသော် အမတ်ကဖိလိပ္ပုနှင့်တွေ့ပြီး အီသီယိုးပီးယားသို့ ပြန်လာခဲ့ရာ ကျမ်းစာနှင့်သန့်ရှင်းသောဝိညာဉ် တော်အတူပါလာမှုကြောင့် ထိုအချိန်မှစ၍ယနေ့တိုင်အောင် ထိုနိုင်ငံတွင်ခရစ်ယာန်များ ရှိနေခြင်းဖြစ်သည်။ ဖိလိပ္ပုသည်ထိုနေ့၌သန့်ရှင်းသောဝိညာဉ်တော်ကို လိုက်နာရန် ဆုံးဖြတ်ချက်ချပြီး သူစိမ်းနှင့်စကား ပြောဆိုခဲ့မှုအတွက်ကျွန်တော်ကျေးဇူးတင်မိသည်။

မကြာသေးမီကအလွန်တူညီသောအီးမေးလ်နှစ်စောင်ကိုကျွန်တော်လက်ခံ ရရှိခဲ့သည်။လွန်ခဲ့သည့်လေးနှစ်လောက်ကကျွန်တော်ဧဝံဂေလိဟောပြောခဲ့သည့်သူထံမှ ဖြစ်သည်။ ကျွန်တော်ကသူတို့နှစ်ဦးစလုံးနှင့်စကားပြောပြီးကျွန်တော့်စာအုပ်ကိုပေး ထားသည်ဟုသူတို့ပြောပြသည်။သူတို့နှစ်ယောက်သည်တစ်ယောက်တစ်မြို့စီနေကြပြီး နှစ်ယောက်လုံးကကျွန်တော့်စာအုပ်ကိုလေးနှစ်ကြာမှဖွင့်ဖတ်ကြသည်။ ပထမဦးဆုံး ကျွန်တော့်အတွေးထဲဝင်လာသည်မှာအဘယ်ကြောင့်နှစ်ယောက်လုံးက ဤမျှလောက် အချိန်ကြာအောင်ထားခဲ့သနည်း။ သို့သော်နှစ်ယောက်စလုံးပြောကြသည်မှာ ကျွန်တော့် စာအုပ်ကသူတို့အားသမ္မာကျမ်းစာကိုစတင်လေ့လာစေပြီး ဝိညာဉ်ပိုင်းမွေးဖွားခွင့်ရခဲ့ သည်။ ထာဝရဘုရားကိုချီးမွမ်းကြပါ။ စိတ်ဝင်စားစရာကောင်းသည်မှာ ထိုနှစ် ယောက်စလုံးကိုကျွန်တော်မမှတ်မိပါ။အရေးကြီးသည့်အချက်မှာ မည်သည့်ဒေသ၌မဆို သူစိမ်းများကိုကျွန်တော်ဧဝံဂေလိဟောပြောခဲ့မှုအတွက် ဝမ်းသာမိပါသည်။



တချိန်က Tennessee မှာ ဟောပြောပွဲပြီးသည်နှင့် အလာဘားမားမြို့သို့ နောက်ထပ်ဟောပြောပွဲသွားရန် ကျွန်တော်ဆက်လက်၍ကားမောင်းနှင်ခဲ့သည်။ မိုးအ လွန်ရွာလာသည်။ လမ်းတလျှောက်တွင်ကျွန်တော်အစာစားနိုင်မည့်ဆိုင်ကိုပြင်ဆင်ပေး ရန်ဘုရားသခင်ထံဆုတောင်းခဲ့သည်။ ကားမောင်းဖြတ်၍ဝယ်ရသည့် ဘာဂါဆိုင်ကို ဖြတ်ဝင်ပြီးအစားအသောက်များမှာသည်။ ငွေရှင်းမည့်ချိုင်နယ်ကိုရောက်သည့်အခါ အ စားအသောက်အတွက်ပြတင်းပေါက်မှ ပိုက်ဆံကောက်သည့် လူငယ်လေးနှင့်စကား ပြောဖြစ်ခဲ့သည်။ သူသည်ခရစ်ယာန်ဖြစ်ပြီးသူ့အသက်အရွယ်နှင့်နှိုင်းယှဉ်လျှင် ဝိညာဉ် ရင့်ကျက်သည်ဟုဆိုရမည်။ ကျွန်တော်သည်ကောင်းကြီးအဖြစ်နှင့်သူ့အား ကျွန်တော်၏ စာအုပ်တစ်အုပ်ပေးပြီးခွန်အားပေးခဲ့သည်။ ထို့အပြင် “အနောက်ကားကအစားအ သောက်ကိုစုစုပေါင်းငွေဘယ်လောက်မှာထားတာလဲ”ဟုလူငယ်ကိုမေးပြီး သူတို့အစား အသောက်အတွက်ငွေရှင်းပေးလိုက်သည်။ စုစုပေါင်းလေးဒေါ်လာကျော်သာဖြစ်၍ ဤ တစ်ကြိမ်တော့ငွေများများစားစားမသုံးဖြစ်ပါ။အမှန်မှာဤကဲ့သို့အပြုအမူကို ကျွန်တော် အမြဲလုပ်နေကျဖြစ်သည်။ သူတပါးအပေါ် ကောင်းချီးပေးမှုနှင့် ထိုလူများ၏တုံ့ပြန်မှုကို မြင်ရလျှင်ဝမ်းသာပီတိဖြစ်မိသည်။ ထို့နောက်ကျွန်တော် စာအုပ်နောက်တအုပ်ထုတ်ပြီး နောက်ကကားပေါ်မှလူများကို ပေးပေးပါရန်၊ ခရစ်ယာန်တယောက်ကကောင်းကြီး ပေးလိုကြောင်းပြောပေးရန်လူငယ်အားတောင်းဆိုခဲ့သည်။ သူပေးပေးမည်ဟု ဂတိပြု၍ ကျွန်တော်လည်း အလာဘားမားမြို့သို့ခရီးဆက်ခဲ့သည်။

ရက်အနည်းငယ်ကြာသောအခါကျွန်တော်အိမ်ပြန်ရောက်ချိန် တစ်စုံတစ် ယောက်ထံမှအီးမေးလ်တစ်စောင်ကိုလက်ခံရရှိခဲ့သည်။ ကျွန်တော့်ကားနောက်မှ အစား အသောက်အတွက်ငွေရှင်းပေးသည့်အမျိုးသမီးဖြစ်သည်။ သူမသည်ထိုနေ့က စားစရာ ဝယ်ရန်ပိုက်ဆံမရှိ၍ သူမနှင့်သားအတွက် အစားအနည်းငယ်သာမှာခဲ့သည်။ အိုး !....ထို့ နောက်သူမဆက်လက်ပြောပြသည်မှာ ခရစ်ယာန်အမျိုးသားတစ်ဦးက သူတို့၏အစား အသောက်အခကြေးငွေကိုရှင်းပေးခဲ့ကြောင်း၊ သူမအတွက်စာအုပ်တအုပ်ပါပေးခဲ့ ကြောင်းကိုဂိတ်စောင့်သည့်လူငယ်ကပြောပြသောအခါသူမ၏သားက “အမေ၊ ဒီအဖြစ် ကဘုရားကျောင်းကိုပြန်သွားစေချင်တဲ့ ဘုရားသခင်ရဲ့အချက်ပြမှုလို့ အမေမထင်ဘူး လား?”ဟုကျွန်တော့်အားရေး၍ပြောပြခြင်းပင် ကျွန်တော်မျက်ရည်ကျမိပြန်သည်။ ယခု တွင်သူမနှင့်သားက ဘုရားရှိခိုးကျောင်း၌ပြန်လည်ဝတ်ပြုပြီး အမှုတော်၌ပါဝင်ကြောင်း ပြောပြသည်။ နောက်၌တန်းစီသည့်ကားထဲမှသူစိမ်းသည်မည်သူနည်းဟု စိတ်ပူပန်မှုမရှိ

ဘဲဘုရားသခင်၏အသံတော်ကို နာခံပြီးကောင်းကြီးဖြစ်စေသောကြောင့် ဤကိစ္စအတွက်ကျွန်တော်အလွန်ဝမ်းသာမိပါသည်။ ထာဝရဘုရားကိုချီးမွမ်းပါသည်။ သင်သည် သူစိမ်းများနှင့်စကားပြောရန်အခွင့်အရေးရသော်လည်း မပြောခြင်း၏အကြောင်းရင်းကို စဉ်းစားကြည့်ပါ။ယေဟောဝါသက်သေခံများသို့မဟုတ် Mormon များသည် သူတို့၏ယုံကြည်ခြင်းကို သူစိမ်းများထံ ဟောပြောရန်အိမ်သို့ဝင်ထွက်ကြသည်။ ဤနည်းလမ်းက သင်နှင့်မလိုက်ဖက်ဟုထင်သည်လား၊ ဤကဲ့သို့မတွေးကြပါနှင့်။

လစ်ဘာတီတက္ကသိုလ်မှပါမောက္ခတစ်ဦး၏အိမ်တံခါးဝတွင်ယေဟောဝါသက်သေအဖွဲ့မှလူတစ်အုပ်စုကရောက်လာကြောင်းသူပြောပြသည်။ ထိုလူများကိုအိမ်ထဲဝင်ရန် သူဖိတ်ခေါ်ခဲ့ပြီးယောဟန်ကျမ်း ၁:၁ ကို King James Version နှင့်ဝေါ့ချ်ထောင်ဝေါနှစ်ခုလုံးဖြင့်နှိုင်းယှဉ်ဆွေးနွေးခဲ့သည်။ King James Version က ဤသို့ဆိုသည်၊ “နှုတ်ကပတ်တော်သည်ဘုရားသခင်ဖြစ်တော်မူ၏။” ဝေါ့ချ်ထောင်ဝေါဗားရှင်း၌မူ “နှုတ်ကပါတ်တော်သည် ဘုရားသခင်တစ်ပါးဖြစ်သည်" “တစ်ပါး” ဟူသောစကားလုံးကို ထည့်သွင်းခြင်းဖြင့် ဤကျမ်းပိုဒ်၏ အဓိပ္ပါယ်တစ်ခုလုံးကို ပြောင်းလဲစေခဲ့သည်။ ပါမောက္ခကမူရင်းဖြစ်သည့်ဂရိဘာသာနှင့်ကျမ်းစာကိုဖွင့်ပြီး ဤကျမ်းပိုဒ်တွင် “တစ်ပါး” ဟူသောစာလုံးမရှိကြောင်း သူတို့ကိုထောက်ပြသည်။ ထို့ကြောင့်သူတို့အားပြန်သွား၍ လေ့လာရန် လိုအပ်ကြောင်းပြော၍ လွှတ်လိုက်သည်။ ရက်အနည်းငယ်ကြာသော် အိမ်တံခါးကိုတစ်စုံတစ်ယောက်ကလာခေါက်သည်။ သူမသည်ယခင်က အဖွဲ့ထဲတွင်ပါသောအမျိုးသမီးတစ်ဦးဖြစ်သည်။ သူမသည်နှုတ်ကပတ်တော်ကို ပြန်လည်လေ့လာပြီးသူမ၏အပြစ်များကိုနောင်တရကာ သမ္မာကျမ်းစာအရ တစ်ဖန်မွေးဖွားခဲ့သည်။ ထိုပါမောက္ခသည်သူစိမ်းနှင့် စကားပြောဆိုခဲ့ခြင်းအတွက် ကျွန်တော်အလွန်ဝမ်းမြောက်ပါသည်။

Kentuckyမြို့မှခရစ်ယာန်အားကစားသမားများနှင့်ပူးပေါင်း၍ နွေရာသီအချိန်တွင် အိမ်များ၌သက်သေခံရန် တံခါးလိုက်ခေါက်ကြသည်။ ကျောင်းသား ၄၀၀ လောက်လမ်းကြောအသီးသီးပေါ်သို့ထွက်ခဲ့ကြသည်။ ကင်းစောင့်များသည် တစ်မြို့လုံးပြန်နှံ့နေပြီး ဘုရားသခင်၏အလိုတော်အတိုင်း အမှုတော်ထမ်းဆောင်နေကြသည်မှာ လှပလွန်းသည့်မြင်ကွင်းတစ်ခုဖြစ်ပါသည်။ ကျွန်တော်သည်တစ်အိမ်မှတစ်အိမ်သို့ လမ်းလျှောက်သွားရင်း လူတစ်ယောက်ကိုတွေ့သည်။ သူသည် ထရပ်ကားနောက်ဘက်တွင် ထိုင်နေသည်။ ကျွန်တော်သူ့ဆီလမ်းလျှောက်သွားပြီးစကားပြောသည်၊ သူ့မှာတက်တူး



အနည်းငယ်ရှိ၍ “ခင်ဗျားဘယ်တက်တူးကိုအကြိုက်ဆုံးလဲ”ဟုမေးသော် သူ့လက်ပေါ်မှ ငါးထောင့်ပါကြယ်ပွင့်ကိုအကြိုက်ဆုံးဟုပြန်ဖြေပါသည်။ ကျွန်တော့်ကိုပြသောအခါမည်သည့်ထူးခြားမှု သို့မဟုတ် စိတ်ဝင်စားစရာမတွေ့ပါ၊ သူဘာကြောင့်ကြိုက်မှန်း ကျွန်တော်တကယ်မသိပါ။ "ခင်ဗျားဘာကြောင့်ဒီတက်တူးကိုကြိုက်တာလဲ"ဟုမေးရာ "အိုး၊ နာဇီဆွာတိကအမှတ်အသားကိုဖုံးဖို့တက်တူးထိုးထားတာ”သူလိမ်မပြောပါ။ ကျွန်တော်အနီးကပ်ကြည့်သောအခါ နာဇီဆွာတိကအမှတ်အသားကို ငါးထောင့်ပါကြယ်အောက်တွင်မြင်သည်။ ကျွန်တော်အရင်ကမြင်ဖူးသည်မှာအကျဉ်းသားများဖြစ်သော အာရိယန်အဖွဲ့သားများ၏ခန္ဓာပေါ်၌ ဤအမှတ်အသားရှိကြောင်း၊ ထိုလူများသည်လူဖြူများဖြစ်ကြောင်းပြောသော် “ဟုတ်တယ် ကျွန်တော့်အဖေ အဲ့အဖွဲ့မှာပါနေတယ်” ဟုပြောသောကြောင့်အခုကျွန်တော့်အတွက် စိတ်ဝင်စားစရာကောင်းလာသည်။ သူ့အဖေကအနှစ်လေးဆယ်ထောင်ကျခံခဲ့ရသည်။ အဘယ်ကြောင့်ထိုတက်တူးကိုပိတ်ရန်အပေါ်မှထပ်၍ထိုးရသနည်းဟုမေးသော် တစ်နေ့တွင်အလုပ်ရှာပြီးအလုပ်ရလာချိန် လူမျိုးပေါင်းစုံနှင့်တွဲ၍အလုပ်လုပ်ရာ အလုပ်လုပ်ကောင်းခြင်း သို့မဟုတ် အလုပ်အတူလုပ်ရာပျော်ရွှင်မှုရှိခြင်းသည် အသားအရောင်နှင့်သက်ဆိုင်မှုမရှိဟု သူလျင်မြန်စွာသိလိုက်ရသည်ဟုဖြေသည်။ စိတ်ဝင်စားစရာကောင်းသည့် အဖြေပါ။ ယေရှုခရစ်နှင့်ပတ်သက်သော ကျွန်ုပ်တို့၏ ပြောဆိုချက်များသည်လည်း အံ့ဩဖွယ်ကောင်းသည်။ ဤလူသည် လူမျိုးရေးခွဲခြားမှုဆိုင်ရာ အယူအဆကိုစွန့်လွှတ်ခဲ့သော်လည်း သူသေဆုံးသောအခါ၊ သူသည်ငရဲ၌အဆုံးသတ်ရမည်။ သူ့အားဤအသက်တာ၌ ထောင်ထဲမသွားစေလိုသည့်အပြင် ထာဝရငရဲသို့လည်းမချဉ်းကပ်စေလိုပါ။

ကျွန်တော်သည်လွန်ခဲ့သောနှစ်ပေါင်းများစွာက Auburn တက္ကသိုလ်၌ ဘတ်စကက်ဘောကစားသမားပညာသင်ဆုအတွက် စာရင်းသွင်းခွင့်ရ၍ အလွန်စိတ်လှုပ်ရှားခဲ့သည်။ ဘတ်စကတ်ဘောသမားဖြစ်လိုသည့် အိပ်မက်ကို ကျွန်တော်အကောင်အထည်ဖော်နိုင်သည့်အပြင် ဘွဲ့လည်းရယူခဲ့သည်။ တစ်နေ့ တက္ကသိုလ်တက်နေရင်း လူငယ်တစ်ယောက်ကျွန်တော့်ဆီလာပြီးသူ့နာမည်က ရော့စမစ်ဟုပြောသည်။ သူကခရစ်ယာန်အားကစားအသင်း၏အဖွဲ့ဝင်တစ်ယောက်ပါ။ဘောလုံးသမားအချို့က ထိုအဖွဲ့ဝင်ဖြစ်၍ကျွန်တော်ထိုအဖွဲ့ကိုသိပါသည်။သူတို့သည်အားကစားခန်းမတွင်ပုံမှန်တွေ့ဆုံကြသည်။ သူကကျွန်တော့်ကိုအစည်းအဝေး၌ပါဝင်ရန်ဖိတ်ခေါ်၍ တစ်ခေါက်လောက်သွားကြည့်မည်ဟုကျွန်တော်ဂတိပေးခဲ့ဖူး၍ မိမိစကားကိုစောင့်ရှောက်လိုသောကြောင့် ထိုအစည်း

အဝေး၌ပါဝင်ခဲ့သည်။ အမှန်အတိုင်းဝန်ခံရလျှင်ထိုခရစ်ယာန်များသည် ထူးခြားသူများဟုကျွန်တော်ခံစားမိသည်။ ထိုခရစ်ယာန်များသည် ဂစ်တာအတူတူတီးပြီး သခင်ယေရှုနှင့်ပတ်သက်သည့်သီချင်းဆိုကြပါသည်။ ကျွန်တော့်မှာတော့အခန်းထောင့်မှာ ထိုင်ရင်း ရွှေးများစို့နေသည်။ ယခင်ကဤကဲ့သို့ တစ်ခါမျှမမြင်ဖူး၍ အလွန်စိတ်ပျက်မိကာ စည်းဝေးပြီးရန်သာနာရီကိုကြည့်နေမိသည်။ စည်းဝေးပြီးသွားသောအခါအလွန်းစိတ်လှုပ်ရှားသွားသည်။ ထို့နောက်တံခါးကို ကမန်းကတန်း ဖွင့်လိုက်ပြီး နောက်တကြိမ်ပြန်လာရန် မစဉ်းစားတော့ပါ။

ဤဒီမှာသင်ခန်းစာကောင်းတစ်ခုပါ။ ရော့ပ်သည်ကျွန်တော့်ကိုအစည်းအဝေးသို့ဖိတ်သည်မှာ ကောင်းသောအရာဖြစ်၍ သူ့ကိုအလွန်ကျေးဇူးတင်ပါသည်။ သို့သော် အမှန်မှာ တစ်စုံတစ်ဦးကို ဘုရားရှိခိုးကျောင်းသို့ဖိတ်ခေါ်ခြင်းသည် သက်သေခံခြင်း မဟုတ်ပါ။ သက်သေခံခြင်းသည် ဧဝံဂေလိတရားကိုနားလည်အောင်ပြောပြခြင်းသို့မဟုတ်ထိုသူသည်ကယ်တင်ခြင်းကိုမည်သို့ရမည်ဆိုသည်ကို သူသိစေရန် သတင်းအချက်အလက်ပေးခြင်းဖြစ်ပါသည်။ မယုံကြည်သူတစ်ဦး၏ အမြင်၌ ခရစ်ယာန်များ၏လုပ်ဆောင်မှုများသည် ကြီးမားသည့်ထိတ်လန့်တုန်လှုပ်စရာ ခံစားချက်ကိုဖြစ်စေနိုင်ခဲ့သည်။ ကျွန်ုပ်၏နောက်ခံယုံကြည်ခြင်းသည် ကက်သလစ်ဖြစ်၍ ကျွန်တော်တက်ခဲ့ဖူးသည့် အသင်းတော်အသီးသီးတွင်ဤကဲ့သို့တစ်ခါမျှမတွေ့ဖူးပါ။

Auburn တက္ကသိုလ်ပထမနှစ်တွင် ကျွန်တော့်အခန်းဖော် Kim Garwell သည်ကြံ့ခိုင်သည်ခရစ်ယာန်တစ်ယောက်ဖြစ်သည်။ သူသည်သမ္မာကျမ်းစာကို အမြဲဖတ်ရှုသည့်အပြင်အမြဲဆုတောင်းသော သူ့အသက်တာကို ကျွန်တော်သတိထားကြည့်ဖြစ်ခဲ့သည်။ သူကဘတ်စကတ်ဘောမန်နေဂျာများထဲမှတစ်ယောက်ဖြစ်သည်။ အမှန်ပင် အရည်အချင်းရှိသူဖြစ်ပြီး သဘောထားကြီးသူဖြစ်ပါသည်။ ဘုရားသခင်နှင့်သခင်ယေရှုအကြောင်းကို သူပြောသည့်အခါကျွန်တော်နားထောင်သည်။

တစ်နေ့တွင်ကျွန်တော့်အခန်းသို့ ဘောလုံးသမားနှစ်ယောက်ရောက်လာပြီး အိပ်ရာခြေရင်းတွင်ထိုင်ကာ အပြစ်အကြောင်း၊ ကယ်တင်ခြင်းအကြောင်း၊ ကောင်းကင်နှင့်ငရဲစသောအကြောင်းနှင့် ယေရှုလုပ်ဆောင်ခဲ့သောအကြောင်းများပြောပြသည်။ ယခုထိုနှစ်ယောက်စလုံး ကျွန်တော့်အတွက်သူစိမ်းမဟုတ်တော့ပါ။ သို့သော်ကျွန်တော့်သူငယ်ချင်းလည်းမဟုတ်ကြပါ၊ သူတို့အနေနှင့်ကျွန်တော်က သူတို့၏အသိအုပ်စုထဲမှ လူတစ်ယောက်ဖြစ်ပါသည်။ လူတစ်ယောက်ကကျွန်တော့်မှာ ကျမ်းစာရှိသလားဟု



မေးသည်။ မရှိပါဟုဖြေသော် သူ့နာမည်ကို ကျမ်းစာအုပ်ပေါ်တွင်ရေးပြီး ကျွန်တော့်ကိုပေးပါသည်။ အမှန်မှာဘုရားသခင်နှင့်ထာဝရအသက်ဆိုသည့် သဘောတရားကိုကျွန်တော်စိတ်ဝင်စားလာသည့်အတွက်ထိုလူငယ်နှစ်ဦးနှင့်ကျမ်းစာစတင်လေ့လာခဲ့သည်။

ယခုကျွန်တော့်မှာ သူစိမ်းတစ်ယောက်၊ သူငယ်ချင်းနှစ်ယောက်နှင့် အသိနှစ်ယောက်က ယေရှုအကြောင်းပြောပြသူများဖြစ်သည်။

Baton Rouge သို့ပြောင်းရွှေ့ပြီးနောက် Los Angeles မှသူငယ်ချင်း တစ်ယောက်နှင့် ဖန်ခေါ်တွေ့ရပ်ကွက် New Orleans တွင်ပိတ်ရက်၌သွားရောက်လည်ပတ်ဖြစ်သည်။BourbonStreet တွင်လမ်းလျှောက်ရင်းလက်ကမ်းစာစောင်ဝေသော လူငယ်တစ်စုကိုတွေ့သည်။ တစ်စုံတစ်ယောက်က ကျွန်တော့်လက်ထဲ၌ တစ်စုံတစ်ခုကိုလာထည့်သည်။ ကျွန်တော်က အမှိုက်ပစ်တာကို မကြိုက်သောသူဖြစ်၍ အိတ်ကပ်ထဲ ထည့်လိုက်သည်။ ကျွန်တော် Baton Rouge သို့ ပြန်ရောက်လာတွင်နံနက် 3နာရီရှိပြီ။ အိပ်ကပ်ထဲမှပစ္စည်းများကို အံဆွဲထဲသွန်ထည့်လိုက်ချိန် စာရွက်လေးတစ်ရွက်ပေါ်လာသည်။ဧဝံဂေလိတရားလက်ကမ်းကြော်ငြာတစ်စောင်ပါ၊ ကျွန်တော်အိပ်ရာပေါ်တွင်ထိုင်ပြီးစာဖတ်ခဲ့သည်။ ကောင်းကင်ကိုညွှန်ပြသည့် မြှားတစ်စင်းနှင့် ငရဲကိုညွှန်ပြသည့်မြှားကိုတွေ့သည်။ နောက်ကျောဘက်တွင် ကျမ်းချက်အချို့ကိုတွေ့ချိန် ကျွန်ုပ်လျှောက်လှမ်းနေသည့် ဦးတည်ရာကိုမြင်ယောင်သည်။ ကောင်းသောလမ်း မဟုတ်ကြောင်းလည်းသိပါသည်။

ထို့နောက်မကြာမီမှာကျွန်တော်သည်လေ့စ်အိန်ဂျလိစ်ကိုအလုပ်ကိစ္စနှင့် ခရီးထွက်ခဲ့သည်။ လုပ်ဖော်ကိုင်ဖက်တချို့နဲ့ကမ်းခြေတစ်ခုပေါ်တွင်ရှိနေစဉ် လူတစ်ယောက်လမ်းလျှောက်လာပြီးမေးပါသည်။ “ဒီညသင့်ဘဝဆုံးရှုံးရင် သင်ကောင်းကင်ဘုံကို ရောက်သွားမယ်ဆိုတာ 100% စိတ်ချနိုင်ပါသလား။” ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူ့အားပြင်းပြင်းထန်ထန် ဆဲဆိုကြိမ်းမောင်းရန်မတွန့်ဆုတ်ခဲ့ပါ။ တခြားသူကိုဤကဲ့သို့မဆက်ဆံသင့်ပါ။ သို့သော်ထိုအမျိုးသားက အမူအကျင့်ကောင်းပြီး မိမိကိုယ်ကိုထိန်းချုပ်မှုရှိပါသည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာကိုစိုးရိမ်သည်ဟုဆိုကာ ဤနေ့သည်ကောင်းသောနေ့ရက်ဖြစ်ပါစေဟု ကောင်းကြီးပေးခဲ့သေးသည်။ ထို့နောက်ထိုလူကိုကျွန်တော်သတိထားကြည့်သည်၊ သူကဆိပ်ကမ်းမှလေ့အသီးသီးရှိ လူအုပ်စုများထံလျှောက်သွားသည်။ တခါတရံ ခဏမျှအကြာစကားပြောကြသည်။ အချို့သောသူများကသူ့ကိုဖက်ကြသည်၊ ခရစ်ယာန်ဘာသာဝင်များဟု ထင်ပါသည်၊ သူ့ကို

အားပေးကြတာဖြစ်မည်။ ဤအရာများအားလုံးက ကျွန်တော့်ကိုအလွန်အံ့အားသင့်စေသောကြောင့် ထိုနောက်တွင်ကျွန်တော်ကျမ်းစာကို ပို၍လေ့လာကြည့်သည်။

တစ်ညမှာ ကျွန်တော်တီဗီကြည့်ရင်း လိုင်းများပြောင်းသွားပြောင်းလာနိုပ်နေချိန်ဒေသတီဗီချိုင်နယ်များမှသမ္မာကျမ်းစာများ သင်ပေးနေသည့်လိုင်းကိုတွေ့သည်။ ဗဟုသုတနှင့်သင်ယူမှုကို ကျွန်တော်နှစ်သက်ပါသည်။ ထို့ကြောင့်ဤအစီအစဥ်ကိုညတိုင်းလိုလိုစတင်ကြည့်ရှုခဲ့ပါသည်။ တခါတရံလက်ထဲမှာ ဘီယာတစ်ခွက်နှင့် အတူထိုင်ကြည့်သည်။ တစ်ညတွင်သူတို့သည် ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်းတင်ပြ၍ ကျွန်ုပ်၏အသက်တာသည် အပြစ်ထုတ်လုပ်သည့်စက်ဖြစ်နေပြီး ကယ်တင်ရှင်လိုအပ်ကြောင်းကျွန်တော့်ကို သဘောပေါက်စေသည်။ ကျွန်တော့်၏အပြစ်များကိုဝန်ခံပြီး အပြစ်အတွက်နောင်တရကာတစ်ဖန်မွေးဖွားခြင်းအတွက်ဒူးထောက်ဆုတောင်းခဲ့သည်။ ဤ၊ကဲ့သို့ရိုးရှင်းစွာပင် ခရစ်တော်နှင့်အတူ ကျွန်ုပ်စတင်လျှောက်လှမ်းခဲ့သည်။ ယနေ့တိုင်အောင်ဤအကြောင်းအရာသည်ကျွန်တော့်ဘဝတွင် အရေးကြီးဆုံးဖြစ်ရပ်တစ်ခုပင်ဖြစ်ပါသည်။

ထို့ကြောင့်ကျွန်တော့်မှာ သူစိမ်းတစ်ယောက်၊ သူငယ်ချင်းတစ်ယောက်၊ အသိနှစ်ယောက်၊ လက်ကမ်းကြော်ငြာတစ်စောင်၊ နောက်ထပ်သူစိမ်းတစ်ဦးနှင့် ရုပ်မြင်သံကြားမှခရစ်ယာန်အစီအစဉ်တစ်ခု ဤအရာများအားလုံးက ကျွန်တော့်ကိုကယ်တင်ခြင်းသို့ပို့ဆောင်ပေးခဲ့သည်။




၂၀၀၇ ခုနှစ်၌ City Christian Athletic Association ၏နွေရာသီသင်တန်းတွင် ကျွန်တော်ဟောပြောခွင့်ရခဲ့သည်။မြောက်ကာရိုလိုင်းနားပြည်နယ်ကို အကြာကြီးမောင်းပြီးနောက်ဦးတည်ရာကိုရောက်၍ကျွန်တော်ဝမ်းသာမိသည်။ကားပေါ်မှဆင်းကာအဆောက်အဦးတစ်ခုဆီသို့ လမ်းလျှောက်လာစဉ် လူတစ်ယောက်ရပ်၍ကျွန်တော့်အားကြိုဆိုနေသည်။ သူသည် အလာဘားမားတက္ကသိုလ်၏ ဦးထုပ်ကိုဆောင်းထားသည်။ အားကစားကိုစိတ်ဝင်စားသူတိုင်းက ၎င်းသည် Auburn တက္ကသိုလ်၏ အကြီးမားဆုံးပြိုင်ဘက်ဖြစ်သည်ကို သိကြမည်ဖြစ်သည်။ သူသည် Alabama Christian Athletic Association ၏ ဒိုင်လူကြီးဖြစ်သည်ဟု ဆိုသည်။ သူအမှန်အတိုင်းပြောသည်လားတော့ ကျွန်တော်မသိပါ။



သို့သော်လည်းကျွန်တော်သည် သူနှင့်သူငယ်ချင်းဖြစ်ရန် ဆုံးဖြတ်မြဲဖြစ်သည်။ ကျွန်တော်တို့စကားပြောနေစဉ် သူလက်ညှိုးထိုးပြပြီး “Auburn တက္ကသိုလ်ကလူတွေလည်းရှိတယ်ဟိုမှာလေ"ဟုပြောသည်။ထိုသူကကျွန်တော်တို့ဆီလှမ်းဝင်လာပြီး ကျွန်တော်တို့အားလုံးစကားပြောကြသည်။ သူဘွဲ့ရသည့်နှစ်ကိုမေးသော် “၁၉၈၂” ဟုပြန်ဖြေသည်။ ထိုနှစ်၌ကျွန်တော်ထိုကျောင်းမှာ ပညာသင်နေတုန်းဖြစ်သည်။ “ခင်ဗျား ဘာအားကစားကစားတာလဲ”ဟုမေးသော်သူကအမေရိကန်ဘောလုံးပါ။ အမေရိကန်ဘောလုံးကစားသမားများနှင့်ဘတ်စကတ်ဘောများအားလုံးကအဆောင်တစ်ဆောင်တည်းအတူတူနေကြသည်။ "ခင်ဗျားနာမည်ဘယ်လိုခေါ်လဲ"ဟုမေးသော်"ဂျွန်ကင်ဘွန်" ဟုပြန်ဖြေသည်။ “ဦးထုပ်ကို ချွတ်လို့ရလား” သူက ဘေ့စ်ဘောဦးထုပ်ကို ချွတ်လိုက်သောအခါ "ကျွန်တော်တစ်ခုလောက်မေးလို့ရမလားဂျွန်၊ တစ်ညမှာခင်ဗျားကကျွန်တော့်အခန်းထဲကိုလာပြီး ဘီချော့ပ်ရီနှင့်ကျွန်တော့်အိပ်ရာခြေရင်းမှာ ယေရှုခရစ်အကြောင်း လာပြောပြတာလေ။" ကျွန်တော်ထပ်မေးဖြစ်သည်မှာ "မှတ်မိလားကျွန်တော့်ကိုကျမ်းစာအုပ်ပေးခဲ့တာလေ၊ခင်ဗျားရဲ့လက်မှတ်တောင်ထိုးထားလိုက်သေးတယ် ကျမ်းစာအုပ်ကိုဖတ်ပြီးနှစ်ပေါင်းများစွာကြာမှနောက်တစ်ယောက်ဆီလက်ဆင့်ကမ်းပေးခဲ့တယ် အခုကျွန်တော်ဝိညာဥ်ပိုင်းအသစ်တဖန်ပြန်လည်မွေးဖွားပြီး ကယ်တင်ခြင်းရခဲ့ပြီ” ဟုပြောပြခဲ့သည်။ နှစ်များကြာလာသည့်အခါကျွန်တော့်ကိုလက်ကမ်းစာစောင်ပေးခဲ့သည့် ၄ ဦးထဲမှ တစ်ဦး ကို Auburn တက္ကသိုလ်၌ ပြန်တွေ့ဆုံခွင့်ကိုဘုရားသခင်ပြင်ဆင်ပေးခဲ့သည်။ ထိုနေ့၌ကျွန်တော်၏ စိတ်လှုပ်ရှားမှုများပြောပြ၍ မရသည့်အထိပြည့်နေသည်။ ဤလူများကိုကျွန်တော်အမြဲသတိရနေမိသည်။ သူတို့သည်ဘုရားသခင်နောက်ကိုလိုက်နေသေးလား၊ဘုရားလမ်းမှလှည့်၍အပြစ်ထဲသို့ကျနေသည်လား၊ သူတို့မည်သည့်အရာများကြုံတွေ့ပါလိမ့်နည်းဟုအမြဲတွေးနေမိသည်။ နောက်ဆုံးတွင်ကျွန်တော့်အားသက်သေခံခဲ့သည့်အတွက်ကျေးဇူးတင်ကြောင်း ဂျွန်ထံသို့သုံးမျက်နှာအပြည့်စာတစ်စောင်ရေးခဲ့သည်။ အံ့ဩဖွယ်မှာ သူကျွန်တော့်ကိုသက်သေခံခဲ့ပြီးနှစ်ဆယ့်ငါးနှစ်ကြာမှ သူနှင့်ကျွန်တော်ပြန်တွေ့ဖို့ ဘုရားသခင်ကခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။ ထိုအခန်း၌သူကကျွန်တော့်ကိုသက်သေခံခဲ့သည့်စကားလုံးများကိုသူမမှတ်မိတော့ပါ။ ဤသို့မမှတ်မိသည့်ကိစ္စနှင့်ပတ်သက်၍လည်းကျွန်တော်စိတ်အားငယ်မှုမဖြစ်စေပါ။အဘယ့်ကြောင့်ဆိုသော် သူနှင့်ဘီချော့ပ်သည်လူများစွာကို သက်သေခံခဲ့ခြင်းကြောင့်ဖြစ်ပြီး ကျွန်တော်သည်ထိုလူများစွာများထဲမှတစ်ယောက်သာဖြစ်သည်။ ဤသည်မှာကျွန်တော့်အတွက် ကြည်နူးစရာ

ဖြစ်သည်ဟုခံစားရသည်။ ထို့အပြင်ဘတ်စကတ်ဘောသမားဖြစ်သည့် ကျွန်တော်က သူတို့ပြောသည့်အကြောင်းကို မည်သို့တုံ့ပြန်မည်ကို စိုးရိမ်ခြင်းမရှိပဲသက်သေခံခဲ့ခြင်း အတွက်လည်းဝမ်းသာပါသည်။ သူတို့၏တာဝန်မှာ ဘုရားသခင်ကို နာခံရန်ဖြစ်ကြောင်း သူတို့နှစ်ဦးစလုံးသိကြသည်။ သင်မည်သူနှင့်စကားပြောနေသည်ကို သင်မသိနိုင်ပါ။ အရပ်ရှည်ပြီးပိန်ပိန်ပါးပါးဘတ်စကက်ဘောကစားသမားဖြစ်သော်လည်း တစ်နေ့မှာထိုလူက ယေရှုခရစ်၏ဧဝံဂေလိတရားကိုဟောပြောသောသူဖြစ်လာနိုင်သည်။

အချို့ကသူတို့သည်သူစိမ်းများနှင့် စကားပြောလျှင်ကတိကအောက်များ ဖြစ်စေနိုင်သည်ဟုယူဆကြသည်။ ထိုသို့ယူဆမည့်အစား ဘုရားသခင်လုပ်ဆောင်သည့် ကြီးမြတ်သောအရာများကိုမျိုးစေ့ကြဲနေသည်ဟု ယုံကြည်ခြင်းရှိသင့်သည်။ အတ္တလန်တာတွင်အေးသောနေ့တစ်နေ့၌ ပျက်သွားသည့်ခရီးဆောင်အိတ်ကိုပြင်ရန်သွားချိန် စားသောက်ဆိုင်ထဲမှလူတစ်ယောက်ထွက်လာပြီးကားပေါ်တွင်ငြိမ်ငြိမ်လေးထိုင်နေသည်ကိုတွေ့ရသည်။ ကျွန်တော်သူ့ကားဆီသို့သွားပြီး ပြတင်းပေါက်ကိုခေါက်လိုက်သည်၊ ဟုတ်ပါသည်၊တစ်ခါတရံကျွန်တော် ထူးထူးဆန်းဆန်းလုပ်တတ်သည်။ “ဒီလက်ကမ်းစာစောင်ကိုရပြီးပြီလား” ဟုမေးကာလက်ကမ်းကြော်ငြာစာရွက်ကို ပေးပြီးဆက်မေးသည်။ " ဒီမြို့မှာဘာလာလုပ်တာလဲခင်ဗျား” သူ့ညီဆုံးပါးသွားတဲ့အတွက် Minnesota မှလာကြောင်းနှင့် “လွန်ခဲ့တဲ့နှစ်မှာ ကျွန်တော်သိတဲ့လူတော်တော်များများသေဆုံးကြတယ်”ဟုပြန်ဖြေသည်။ သူ့ဘဝပြီးဆုံးသွားသည့်အခါမည်သို့ဖြစ်မည်နည်းဟုကျွန်တော်မေးလိုက်သည်။ "သူတကယ်မသိပါ" ဟုဖြေသည်။ လေပြင်းတိုက်ပြီးချမ်းအေးလှသည့်ထိုနေ့၌မိနစ်သုံးဆယ်အကြာ ကျွန်တော်တို့စကားပြောခဲ့ကြသည်။ နောက်ရက်များတွင်သူကကျွန်တော့်ဆီနှစ်ခါဖုန်းဆက်လာသည်။ ဂျေစီ၏ဘဝကိုကျွန်တော်ကပြဿနာတစ်ခုခုသွားရှုတ်စေမလားဟု စိုးရိမ်မှုမရှိခဲ့ခြင်းကြောင့် ဝမ်းသာမိသည်။ ထိုမျှမက သူ့ဘဝကို ဘုရားသခင်ပြုလုပ်သောအံ့သြဖွယ်များအတွက် သာ၍ဝမ်းမြောက်ပြီးစိတ်လှုပ်ရှားစေမိပါသည်။

တမန်တော်ဝတ္ထု။ 25:22 “အဂြိပ္ပမင်းကလည်း၊ ထိုသူ၏စကားကို ကျွန်ုပ်သည်ကိုယ်တိုင်နားထောင်ချင်ဘွယ်ဖြစ်သည်ဟုဆိုလျှင်၊ ဖေတ္တုမင်းက၊ နက်ဖြန်နေ့၌ သူ၏စကားကိုနားထောင်ပါလေ့ဟု ဆို၏။”



ရှင်ပေါလုသည် သူ၏ယုံကြည်ခြင်းကြောင့်ဖမ်းဆီးခံခဲ့ရသည်။ အဂြိပ္ပမင်းကြီးက ပေါလုပြောမည့်အရာကို သူကြားချင်သည်။

တမန်တော်ဝတ္ထု။ 26:1 “ထိုအခါအဂြိပ္ပမင်းက၊ သင်သည်ကိုယ်အဘို့ အလိုငှါ ပြောရသောအခွင့်ရှိသည်ဟု ပေါလုအားဆိုလျှင်၊ ပေါလုသည် လက်ကိုဆန့်၍ အပြစ်ဖြေရာစကားကို ဤသို့ပြော၏။”

ရှင်ပေါလုမည်သို့တုံ့ပြန်သည်ကို ကျွန်ုပ်တို့အသေအချာသိပါသည်၊ “အိုအဂြိပ္ပမင်းကြီး၊မင်းကြီးသည်ပညာရှိဘုရင်တစ်ပါးဖြစ်သည်။ဒါပထမဆုံးအကြိမ်မင်းကြီးထံချဉ်းကပ်ခြင်းဖြစ်သည်။ သို့သော်မင်းကြီးနှင့်ကျွန်တော်မျိုးမိတ်ဆွေဖြစ်လိုသည်ကျေးဇူးပြုပြီးမင်းကြီးနှင့်ရင်းနှီးမှုကိုပေးပါ။ နောက်ခြောက်လအတွင်းမှာ အကောင်းဆုံးသတင်းကောင်းကိုပြောပြပါမည်၊ မင်းကြီးနှင့်သူငယ်ချင်းဖြစ်ပါရစေ နောက်ခြောက်လအတွင်းအံ့သြဖွယ်အချက်အလက်များကိုကျွန်ုပ်ပေးပါမည်" ပေါလု၏စိတ်ထဲတွင် ဤသို့သောအကြံအစည်ပေါ်လာသည်ဟု သင်ထင်ပါကတမန်တော်ပေါလုကို သင်ကောင်းကောင်းမသိသေးပါ။ တမန်တော် ၂၆ ကိုဆက်ဖတ်ပါက ရှင်ပေါလုကအဂြိပ္ပမင်းကြီးအားသခင်ယေရှုအကြောင်းကိုရဲရင့်စွာ ဟောပြောခဲ့သည်။

တမန်တော်ဝတ္ထု 26:26–29 “ဤအရာများကိုအဂြိပ္ပမင်းကြီး သိတော်မူ၏။ ထိုမင်းရှေ့တော်၌ အကျွန်ုပ်အတည့်အလင်း လျှောက်ဝံ့ ပါ၏။ ဤအမှုအရာ တစုံတခုကိုမျှ မင်းကြီးမသိဘဲနေတော်မမူဟုအကျွန်ုပ်ထင်ပါ၏။ အကြောင်းမူကား၊ ဤအမှုသည် ဆိတ်ကွယ်ရာအရပ်၌ ပြုသောအမှုမဟုတ်ပါ။အိုအဂြိပ္ပမင်းကြီး၊ ကိုယ်တော်သည် အနာဂတ္တိကျမ်းစာကို ယုံတော်မူသလော။ ယုံတော်မူသည်ကိုအကျွန်ုပ်သိပါသည်ဟု လျှောက်၏။အဂြိပ္ပမင်းကလည်း၊ သင်သည်ဖြားယောင်း သွေးဆောင်သောအားဖြင့်၊ ငါသည်ခရစ်ယာန်ဖြစ်လုပြီဟု ပေါလုအား ပြောဆိုလျှင်၊ ပေါလုက၊ ကိုယ်တော်မှစ၍ ယနေ့တွင် အကျွန်ုပ်၏စကားကို ကြားသောသူအပေါင်းတို့သည်၊ ဤသံကြိုးကိုထား၍ အကျွန်ုပ်ကဲ့သို့သောသူဖြစ်လုသည် သာမက လုံးလုံးဖြစ်စေခြင်းငှါ ဘုရားသခင်ကို အကျွန်ုပ် ဆုတောင်းပါသည်ဟု လျှောက်လေ၏။

သင်မြင်ပြီမလား! ရှင်ပေါလု၏ဆန္ဒသည်အဂြိပ္ပမင်းကြီးကို ဝိညာဉ်ပိုင်း၌အသစ်မွေးဖွားစေလိုသည်။ အဂြိပ္ပမင်းကြီးသာမဟုတ်ပါ၊ နှုတ်ကပတ်တော်ကြားနာသောသူအားလုံးကို ကယ်တင်ခြင်းရစေလိုသည်။ သင့်အနေဖြင့်ကယ်တင်ခြင်း အကြောင်းကိုလူတိုင်းနားလည်လာစေလိုသောဆန္ဒရှိပါသလား။ ဟုတ်သည်ဆိုလျှင်

သင့်ရှေ့မှလူသည်သူငယ်ချင်းလား၊ သူစိမ်းလားဆိုတာအရေးမကြီးတော့ပါ။ ထာဝရဘုရားပြုတော်မူသော လေးနက်သည့်အရာကို ထိုသူများအားသင်အကောင်းဆုံးဝေမျှပေးမည်ဖြစ်သည်။




"အကြောင်းရင်းကိုပြောပြပါလား" ထိုကဲ့သို့မေးခြင်းသည်တစ်ဖက်လူကို စကားစတင်ပြောစေနိုင်သောကြောင့် စကားဝိုင်းကဆက်သွားနိုင်စေသည့် ကောင်းသောအကျိုးသက်ရောက်စေပါသည်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်က လေတပ်ဗိုလ်မှူးကြီးတစ်ယောက်ဖြစ်ပြီး သူပုံမှန်လုပ်နေသည့်အရာတစ်ခုမှာ သူ့လေယာဉ်မှူးကျောပိုးအိတ်ထဲ၌ ကျွန်တော့်စာအုပ်ကိုနေ့တိုင်းထည့်ထားပြီးအလုပ်သွားသည်။အလုပ်လုပ်နေစဉ် သူနှင့်စကားပြောသောသူများကိုထာဝရအသက်ရရန်ဖြည်းဖြည်းပို့ဆောင်သည်။နေ့သစ်တစ်ခု၏အရုဏ်ဦးရောက်လာသောအခါ ဤစာအုပ်ကိုလက်ခံမည့်သူနှင့် တွေ့ဆုံရန်ဘုရားသခင်ထံဆုတောင်းသည်။ တစ်နေ့တွင်လေထီးခုန်ရန်သင်ပေးရင်း သင်တန်းသားတစ်ယောက်နှင့်စကားပြောဖြစ်စဉ် ကျွန်တော်ရေးသည့်စာအုပ်ကို သူ့အားပေးလိုက်သည်။ နောက်ခြောက်လကြာသောအခါ လေထီးခုန်သင်တန်းပြနေချိန် လေထီးကိုကူညီထုပ်ပိုးပေးသောလူငယ်က "အဲ့စာအုပ်ကိုပေးလို့ကျေးဇူးတင်ပါတယ် ပေးလိုက်တဲ့အချိန်ကကျွန်တော်လိုအပ်နေတဲ့အချိန်နဲ့ကွက်တိဘဲ" ဟုပြောသည်။ ဂျွန်သည် ထိုလူငယ်ကိုယခင်က မည်သည့်နေရာတွင်တွေ့ဖူးသည်ကို မမှတ်မိတော့သဖြင့် "အကြောင်းရင်းကိုပြောပြပါလား" ဟုပြောခဲ့သည်။ ထိုကဲ့သို့မေးခြင်းသည်တစ်ဖက်လူကို စကားစတင်ပြောစေနိုင်သောကြောင့် စကားဝိုင်းကဆက်သွားနိုင်စေသည့် ကောင်းသောအကျိုးသက်ရောက်စေပါသည်။ မိမိဖက်မှတင်ဆက်မှုတစ်ခုတည်းသာမဟုတ်ဘဲ အပြန်အလန်ပြောဆိုမှု အကျိုးသက်ရောက်စေသည်။ ထိုလူက "အချိန်မရှိဘူး" ဟု ဗိုလ်မှူးကြီးကိုပြောလိုက်သည်။ ထို့ကြောင့်အဖြစ်အပျက်များကိုပြောပြရန် တွေ့ဆုံဖို့ အချိန်ချိန်းလိုက်ပါသည်။ ဗိုလ်မှူးကြီးကသူစိမ်းများနှင့် နေ့တိုင်း စကားပြောမှုအတွက် ကျွန်တော်ဝမ်းသာမိသည်။



လေယာဉ်ပေါ်တက်သည့်အခါ ကျွန်တော်သည်တက္ကသိုလ်ပါမောက္ခ၏ ဘေးတွင်ထိုင်ရသည်ကိုနှစ်သက်သည်။ အဘယ်အကြောင်းကြောင့်လည်းတော့မသိပါ။ မည်သို့ဖြစ်စေကျွန်တော်တို့သည် အမြဲတမ်းလိုလိုစိတ်ဝင်စားစရာကောင်းသည့် စကားဝိုင်းနှင့်အဆုံးသတ်ပါသည်။ ကျွန်တော့်ဘေးတွင်ထိုင်ခဲ့ဖူးသောပါမောက္ခတစ်ယောက်သည် ဘာသာမဲ့တစ်ဦးဖြစ်ပြီး ကမ္ဘာတဝှမ်းတွင်အိမ်သုံးလုံးရှိသည်။ တက္ကဆက်ရှိ တက္ကသိုလ် တစ်ခုနှင့် တောင်အာဖရိကရှိတက္ကသိုလ်တစ်ခုတွင်သင်ကြားပေးနေသည်။ ပျံသန်းစဉ်တစ်လျှောက်လုံး ဘုရားသခင်အကြောင်းပြောခဲ့ကြသည်။ အဆုံးမှာတော့ သူကတရားဟောဆရာတစ်ယောက်၏သားဖြစ်ကြောင်း ပြောခဲ့သည်၊ "ဒီလိုဘုရားအကြောင်းမပြောဖြစ်တာအနှစ်သုံးဆယ်ရှိပြီ၊ကျေးဇူးအများကြီးတင်ပါတယ်" ဟုပြောပါသည်။ ကျွန်တော်သည် သူစိမ်းများနှင့်စကားပြောရမှာကိုကြောက်ရွံ့တွန့်ဆုတ်မှုမရှိခဲ့သောကြောင့်မိမိအတွက်ဝမ်းသာမိပါသည်။

တစ်ခါက Purdue တက္ကသိုလ်မှာကျွန်တော်ဟောပြောခွင့်ရခဲ့သည်။ နားထောင်သူအယောက် 6,000 ရှိပါသည်၊ ဟုတ်ပါသည် ကျွန်တော်စိတ်လှုပ်ရှားသည်။ အထူးသဖြင့် လူအတော်များများရှေ့တွင်ဟောပြောရတိုင်း စည်းဝေးမစခင်စိတ်လှုပ်ရှားနေတတ်သည်။စိတ်လှုပ်ရှားနေချိန်၌တခါတရံကျွန်တော်လမ်းလျှောက်သည်။ ထိုအချိန် တွင်ကျွန်တော်လျှောက်သွားလျှောက်လာလုပ်ရာမှ အစီအစဉ်အားလုံးကိုတာဝန်ယူသူဒါရိုက်တာရပ်နေသည့်နေရာတွင် အဆုံးသတ်လိုက်သည်။ ကျွန်တော်တို့စကားပြောစပြုပြီး အယ်လ်သည်ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်ကြောင်းသိရသည်။ အယ်လ်သည်ကျွန်ုပ်နှင့်စကားပြောဆိုရာတွင် နားကြပ်ကိုအမြဲတပ်ထားကာ အစီအစဉ်အမျိုးမျိုး၏ ညှိနှိုင်းမှုများကိုပါနားထောင်နေသည်။ ကျွန်တော်တို့စကားပြောနေတုန်းရုတ်တရက် သူက ကျွန်တော့်ကိုကြည့်ကာပြောသည "ခင်ဗျားပြောရမဲ့အချိန်ရောက်ပြီခင်ဗျ" သို့သော် စင်မြင့်ပေါ်မတက်ခင် ကျွန်တော်ကအယ်လ်ကိုကြည့်ပြီး "ဘယ်မှ မသွားနဲ့နော်၊ ခဏနေကျွန်တော်ပြန်လာခဲ့မယ်" ဟုပြောလိုက်သည်။ တစ်နာရီကြာနားထောင်သည့်သူများက ကျွန်တော်ဘာသာမဲ့တစ်ယောက်နှင့်စကားစမြည်မပြတ်သေးကြောင်းသူတို့မသိပါ။ ဟောပြောပွဲပြီးသွား၍စင်ပေါ်မှဆင်းပြီး အယ်လ်ဆီကို တန်းတန်းမတ်မတ်လျှောက်သွားပြီး လွန်ခဲ့သည့်တစ်နာရီကရပ်သန့်ခဲ့သောစကားဝိုင်းကို စတင်ပါသည်။

တက္ကသိုလ်ကျောင်းသူတစ်ယောက်က ရင်းနှီးမှုဖြင့်သက်သေခံမည်ဟု သူမယူဆသည်။ သူနှင့်ရင်းနှီးသည့်လူများအကြောင်းကိုမေးကြည့်သည်၊ ထိုသူများကိုခြောက်လကြာရင်းနှီးပြီး သူတို့ကိုသက်သေခံသည်လား။ သူမကမဟုတ်ပါဟုဖြေသည်။ တစ်နှစ်လောက်အကြာလား ဟုမေးသော်လည်းအဖြေက မဟုတ်ဘူးဟုဖြေသည်။ ညီအကိုတို့၊ ကျွန်ုပ်တို့၏ဘဝထဲမှအရေးကြီးဆုံးလူများ၊ ပတ်ဝန်းကျင်ရှိလူများကိုသက်သေခံရန် ကျွန်ုပ်တို့မည်မျှကြာအောင်စောင့်မည်နည်း။ ထိုသူများသည် တစ်နေ့တွင် ကျွန်ုပ်တို့၏ဘဝမှပျောက်ကွယ်သွားနိုင်သည်။

တစ်ချိန်က စင်စင်နာတီမြို့မှလေယဥ္ဍန့်ပျံသန်းနေစဉ် ဘေးမှာထိုင်သည့်အမျိုးသားတစ်ယောက်နှင့်စကားစမြည်ပြောဖြစ်သည်။ သူ၏လေယူလေသိမ်းနှင့်ပတ်သက်၍ပြောသော် သူက New York City ကဖြစ်သည်ဟုပြန်ဖြေသည်။ " 9/11 အဖြစ်အပျက်တွေကသင့်ကိုဘယ်လိုအကျိုးသက်ရောက်စေခဲ့သလဲ" ဟုမေးရာကမ္ဘာ့ကုန်သွယ်ရေး World Trade Center ကိုလေယဥ္ဍတိုက်သည့်အချိန်တွင် သူသည်အတိုက်ခံရသည့်ပထမအဆောက်အဦး၏ အစားအသောက်စင်တာတွင် ရှိနေသည်ဟုပြန်ဖြေပါသည်။ အဆောက်အဦး၏အပေါ်ထပ်ကို လေယာဉ်တိုက်သည့်အချိန်နှင့်ဖြစ်ပျက်ခဲ့သောအံ့သြဖွယ်ဇာတ်လမ်းကိုလန်းကပြောပြရင်း “သေပြီးရင်ဘာဖြစ်မလဲဆိုတာကို ခုနစ်နှစ်ခွဲလောက်ကျွန်တော်ရှာဖွေခဲ့တယ် ဗုဒ္ဓဘာသာ ဟန္ဒူဘာသာကိုလေ့လာရာသံတရာလည်ခြင်းအကြောင်းသိခဲ့ရတယ် ကျွန်တော်သေရင်ဘာဖြစ်မလဲဆိုတဲ့အဖြေသိကိုသိရမယ်”ဟုသူပြောသည်။ သင့်အနေဖြင့်လန်းနှင့်ဦးစွာသူငယ်ချင်းဖြစ်သင့်သည်ဟုယူဆပါသလား။ ကယ်ရိုလိုင်းနားကသူ့အိမ်၏နံဘေး ချာလစ်တွန်တောင်တွင်အိမ်သွားဝယ်ပြီးခြောက်လကြာမှဧဝံဂေလိအကြောင်းသူ့ကိုပြောမည်လား။ ထိုသို့ပြုလုပ်မည့်အစား “လန်း၊ ဒီနေ့ ဒီလေယာဉ်ပေါ်မှာ ကျွန်တော်ကခင်ဗျားရဲ့ဘေးမှာထိုင်ခွင့်ကိုဘာကြောင့်ဘုရားသခင်က ပြင်ဆင်ပေးတာလဲဆိုတာပြောပြပါရစေ" ဟုကျွန်တော်ပြောပါသည်။

ဗျာဒိတ်ကျမ်း 20:11–15 “တဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ် မှာထိုင်တော်မူသောသူကိုငှင်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှပြေးလွင့်၍ သူတို့ နေစရာအရပ်မရှိ။ သေလွန် သောသူ အကြီးအငယ်တို့သည် ပလ္လင် တော်ရှေ့မှာရပ်နကြသည်ကို ငါမြင်၏။ စာစောင်များ ကို ဖွင့်ထား၏ အသက်စာစောင်တည်းဟူသော အခြားတပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန် သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊



စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင် ခြင်းကို ခံရကြ၏။သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကို အပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ ရှိသော လူသေတို့ကို အပ်ပေးကြ၏။ လူအသီးအသီး တို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကို ခံရ ကြ၏။ ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်း ဖြစ် သတည်း။ အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။”

လူငယ်နှင့်လူကြီးများအားလုံးသည်ဘုရားသခင်ရှေ့ ရပ်နေသည့်အခါ သူတို့ထဲမှတချို့ကသင်၏မိသားစုဝင်၊ တချို့ကသူငယ်ချင်း၊ အချို့သောသူများကသင်နှင့်စကားပြောဖူးသောသူစိမ်းသို့မဟုတ် သင့်ဘဝ၌ဝင်လာဖူးသောသူစိမ်းများဖြစ်နိုင်သည်။

ကျွန်ုပ်တို့ကင်းစောင့်များအနေဖြင့် တရားစီရင်ရာနေ့တွင် အဘယ်ကြောင့်ဧဝံဂေလိမပြောခဲ့ကြောင်းကို မည်သည့်ဆင်ခြေမျှပေး၍မရပါ။ အမှန်တွင်ကျွန်ုပ်တို့သည် ထိုနေ့၌ လုံးဝဆင်ခြေပေးဝံ့မည်မဟုတ်ပါ။

ထွက်မြောက်ရာကျမ်း 40:16 "ထာဝရဘုရား မိန့်တော်မူသမျှအတိုင်း မောရှေပြုလေ၏။"

ကင်းစောင့်များမည်သည့်အရာလုပ်သနည်း။ ထာဝရဘုရားမှာထားတော်မူသည်အတိုင်း ပြု၏။ ဘုရားသခင်က မည်သို့မိန့်ဆိုသနည်း။

ရှင်မာကု 16 : 15 "သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍၊
ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။"

ဧဝံဂေလိတရားဝေငှရာတွင် အချို့သူများသာဝေငှသည်မဟုတ်၊ မိမိနှင့်စကားပြော၍အဆင်ပြေသောသူကိုသာဝေငှသည်မဟုတ်၊ မိမိနှင့်တူသောလူများကိုသာဝေငှသည်မဟုတ်လူတိုင်းအားဝေငှရန်ကျွန်ုပ်တို့ကိုဘုရားသခင်မိန့်မှာထားသည်။

“သွားၡ” ဆိုသည်မှာ မတ်တပ်ရပ်မနေဘဲ ထသွားရန်ဖြစ်သည်။ ဧဝံဂေလိတရားသည် လူတိုင်းလိုအပ်သောအရာဖြစ်သောကြောင့်သူငယ်ချင်းဖြစ်စေ၊သူစိမ်းဖြစ်စေလူတိုင်းကို ဟောပြောသင့်သည်။



ဧဝံဂေလိတရားဝေငှရာတွင် အချို့သူများသာမဟုတ်၊ မိမိနှင့်စကားပြော၍အဆင်ပြေသောသူသာမဟုတ်၊ မိမိနှင့်တူသောလူများသာမဟုတ်လူတိုင်းအား ဝေငှရန်ကျွန်ုပ်တို့ကို ဘုရားသခင်မိန့်မှာထားသည်။

ဧဝံဂေလိတရားဝေငှရာတွင် အချို့သူများ သာမဟုတ်၊မိမိနှင့်စကားပြော၍အဆင်ပြေ သောသူသာမဟုတ်၊ မိမိနှင့်တူသောလူများ သာမဟုတ်လူတိုင်းအားဝေငှရန်ကျွန်ုပ်တို့ကို ဘုရားသခင်မိန့်မှာထားသည်။ ကင်းစောင့် သည်ကြီးမားသောတာဝန်ရှိကြောင်း သိ၍၊ တိုက်ခိုက်ရန်အချိန်ရောက်လာသောအခါ တံပိုးမှုတ်ခြင်း၊ အသင့်ပြင်ဆင်ခြင်းရှိရမည်။ ကင်းစောင့်သည်သူ့သူငယ်ချင်းအပြင်မြို့ထဲမှ သူစိမ်းများကိုပါနိုးကြား၍ လာမည့်စစ်ပွဲအတွက်အဆင်သင့်ဖြစ်နေရမည်။ လူတိုင်းကအတူတကွပါဝင်တိုက်ပွဲဝင်မှုမရှိလျှင်လာမည့်တိုက်ပွဲတွင် အောင်နိုင်မည်မဟုတ်ကြောင်း ကင်းစောင့်ကကောင်းစွာသိပါသည်။ မကြာမီရောက်ရှိလာတော့မည့်တော်ဝင်မင်္ဂလာပွဲအတွက် သူစိမ်းများစွာကိုပြင်ဆင်ကြပါစို့။




# အခန်း ၄
# ရဲရင့်စွာဝေငှပါ။

“မဟာအမိန့်တော်သည်
ရွေးချယ်ရန်လမ်းမဟုတ်ပါ။
သို့သော်နာခံရန်ဖြစ်သည်"
Hudson Taylor

**ကျွန်ုပ်တို့သည်**ကျမ်းစာလေ့လာသောအခါ သခင်ယေရှု၏စကားတော်ကို သတိပြုရမည်။ ကိုယ်တော်စကားပြောသောအခါသွယ်ဝှက်ခြင်းမရှိ ပွင့်ပွင့်လင်းလင်း ပြောပါသည်။ ဝိညာဉ်များကိုကယ်တင်ရန်ခမည်းတော်၏ အစီအစဥ်သည်အရေးကြီး ကြောင်းနှင့်ဝိညာဥ်များစွာသည်ကယ်တင်ခြင်းမရသေးကြောင်း ကိုယ်တော်သိသော ကြောင့် ယောင်ဝါးဝါးပြော၍စွန့်စားခြင်းမပြုခဲ့ပေ။

ရှင်မဿဲခရစ်ဝင် 4:19 "ထိုသူတို့အား ငါ့နောက်သို့လိုက်ကြလော့။ သင်တို့သည် လူကို မျှားသောတံငါဖြစ်စေခြင်းငှါ ငါပြု မည်ဟု အမိန့်တော်ရှိလေသော်၊"

သခင်ယေရှုပြောသောစကားကို သင်သတိပြုမိပါသလား။ “ငါ့နောက် လိုက်ခဲ့သင့်ကိုထူးချွန်တဲ့အားကစားသမားဖြစ်အောင်ငါလုပ်မယ်”ဟုမပြောခဲ့၊“ငါ့နောက် လိုက်ခဲ့၊ သင့်ကိုထူးချွန်တဲ့ကျောင်းသားဖြစ်အောင်ငါလုပ်မယ်” ဟုမပြောခဲ့၊ "ငါ့နောက် သို့လိုက်ခဲ့ သင့်ကိုသန်းကြွယ်သူဌေးဖြစ်အောင် ငါလုပ်မယ်။" ဟုမပြောခဲ့၊ "ငါ့နောက်သို့

လိုက်ခဲ့၊ သင့်သားသမီးယောက်တိုင်းကို ကျန်းမာခြင်းအခွင့်ပေးမယ်"ဟုမပြောခဲ့၊ ကိုယ်တော်သည်ထိုသို့မပြောကြားခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည်အပြစ်မှနောင်တရပြီး အသစ်တဖန်မွေးဖွားခြင်းခံပြီးလျှင် မယုံကြည်သူများကို လိုက်ရှာရန်အချိန်တန်ပြီ။ တံငါသည်သည်ငါးရှာသကဲ့သို့ လူတို့၏စိတ်ဝိညာဉ်ကိုရရှိရန် ပိုက်ကွန်ချခြင်းသည် ခရစ်ယာန်များပြုလုပ်သည့်အရာဖြစ်သည်။

တစ်ချိန်ကအမျိုးသားတစ်ဦးပြောဖူးသည်"မင်းကပျောက်နေတဲ့ဝိညာဥ်ကိုမရှာရင် သခင်ယေရှုနောက်လိုက်မဟုတ်ပါ" ဤစာသားကိုကျွန်တော်မေ့မည်မဟုတ်ပါ။ ကင်းစောင့်ဆိုသည်မှာ မည်သည်ကိုဆိုလိုသည်၊ မည်သို့လုပ်ဆောင်ရမည်ကိုသူအတိအကျသိသည်။

ကျွန်တော်ကခရစ်ယာန်များကို အကြိမ်ကြိမ်မေးဖူးပါသည်၊ “သင်တို့ကမယုံကြည်သူတွေကို ဧဝံဂေလိတရားဝေငှခဲ့တဲ့ နောက်ဆုံးအချိန်က ဘယ်အချိန်လဲ” အဖြေသည် အံ့သြစရာပင်ဖြစ်သည်။ ကျွန်တော့မျက်နှာကို ထူးဆန်းစွာကြည့်ပြီးသူတို့၏အတွေးထဲ၌ မည်သည့်အဖြေမျှပေါ်မလာပါ။

တနင်္ဂနွေတစ်ရက်၌ ကျွန်တော်တက္ကဆက်မှာရှိသည့် ဘုရားကျောင်းတွင်ဝေငှခဲ့သည်။ တက္ကဆက်တက္ကသိုလ်ဘောလုံးအသင်းက အမျိုးသားဘောလုံးချန်ပီယံပြိုင်ပွဲတွင်ပါဝင်ယှဥ်ပြိုင်ပြီးနောက် ထိုအသင်းတော်ကိုကျွန်တော်မေးခဲ့သည်၊ "လွန်ခဲ့တဲ့အပတ်ကမယုံကြည်သူတွေကို သခင်ယေရှုအကြောင်းဘယ်သူကဝေငှခဲ့သလဲ" လက်မြှောက်သောသူဆယ်ယောက်မျှမရှိပါ။ ပို၍ဝမ်းနည်းဖွယ်ကောင်းသည်မှာ ထိုနေ့တွင်မြှောက်သောလက်အရေအတွက်သည် ကျွန်ုပ်မေးခဲ့ဖူးသောအခြားအသင်းတော်များရှိလက်အရေအတွက်ထက် ပိုများနေသောကြောင့်ဖြစ်သည်။


လူ၏ဝိညာဉ်များသည်ဘုရားသခင်အတွက် အလွန်အရေးကြီးကြောင်းလက်ဝါးကားတိုင်အားဖြင့် သက်သေဖြစ်သည့်အပြင်ကားတိုင်သည်အလွန်အရေးပါ သောကြောင့်သခင်ယေရှုကထိုကားတိုင်ပေါ်မှာအသေခံခဲ့သည်။ ထို့ကြောင့်ဤအကြောင်းကိုမယုံကြည်သူများအားဝေငှရန်အလွန် အရေးကြီးလှပါသည်။

သို့နှင့်ကျွန်တော်က“ဒါဆိုမနေ့ညကရုပ်မြင်သံကြားကလွှင့်တဲ့နိုင်ငံအဆင့်ဘောလုံးပွဲကိုဘယ်သူတွေကြည့်ကြလဲ " ဟုမေးရာ လက်ထောင်မည့်သူအရေအတွက်မည်မျှရှိမည်ဟုသင်ထင်ပါနည်း။



ကျွန်တော်မေးသည်မှာ Texas မှလူများဖြစ်သည်ကိုမမေ့ပါနှင့်။ ဤမြို့သားများသည် ဘောလုံးပွဲကို အလွန်ဝါသနာပါကြသည်။ သင်ထင်ထားသည်မှာမှန်ပါသည်၊ လက်မမြှောက်သောသူမရှိပါ။ "လွန်ခဲ့တဲ့တစ်ပတ်က မယုံကြည်သူတွေဆီသွားပြီး တရားဟောတာထက်ဘောလုံးပွဲကပိုအရေးကြီးသလား" ဟုကျွန်တော်ဆက်မေးသည်။ ကျွန်တော်ကသူငယ်ချင်းကောင်းဖွဲ့သည့်နည်းလမ်းကျွမ်းကျင်သည်။ အမှန်မှာ သူတို့သည် ကျွန်တော်၏စိန်ခေါ်မှုကို သဘောကျကြသည်။ ကိစ္စနှစ်ခုကိုရှင်းလင်းစွာနှိုင်းယှဥ်ပြလိုက်သည်၊ တစ်လမ်းက ထာဝရအတွက်အရေးကြီးသည် သို့သော်တခြားဇာတ်လမ်းကလုံးဝအရေးမပါပါ။ သူတို့လမ်းလွဲနေပြီဆိုသည်ကိုသူတို့သိကြပြီ၊ လမ်းမှန်ပေါ်ပြန်တက်ရန်အချိန်တန်ပါပြီ။

လွန်ခဲ့သည့်ငါးနှစ်ခန့်ကအမျိုးသားအားကစားအဖွဲ့(NCAA)မှဘတ်စကတ်ဘောချန်ပီယံကို မည်သူရခဲ့သနည်းဟု လူအများအားအကြိမ်ကြိမ် မေးကြည့်ဖူးသည်။ ထိုသူတို့သည် အနည်းငယ်မျှမမှတ်မိတော့ပါ။ ထို့အပြင်ကျွန်တော်ကရာသီအလိုက်ပြိုင်ပွဲဂိမ်းများထဲမှဂိမ်းတစ်ခုကိုကြည့်ဖူးသည်လားဟုမေးသော်အဖြေကသေချာစောင့်ကြည့်ဖူးပါသည်။ ကျွန်ုပ်တို့သည်ထိုဂိမ်းများကိုခြေရာခံကာ အချိန်ဇယားပွဲစဉ်များကိုမိတ္တူကူးထုတ်ပြီးလျှင် အနိုင်ရမည်ဟုထင်သည့် အသင်းနာမည်ကိုကြက်ခြေခတ်ထားသေးသည်။ လူတော်တော်များများကငွေနှင့်ပင်လောင်းကစားလုပ်ကြသည်။ သို့သော်နောက်ထပ်ငါးနှစ်ကြာသော်ထိုနှစ်မှာမည်သူကချန်ပီယံဖြစ်ခဲ့သည်ကိုသင်မမှတ်မိလျှင် ထိုအရာသည်အရေးမကြီးသောအရာပင်ဖြစ်သည်။ သင့်အိမ်ထောင်ဖက်နာမည်ကို မှတ်မိလား၊ သင့်သားသမီး၏နာမည်များကို သင်မှတ်မိလား၊ သေချာသည်မှာသင်လုံးဝမှတ်မိသည်။ လူ၏ဝိညာဉ်များသည်ဘုရားသခင်အတွက် အလွန်အရေးကြီးကြောင်း လက်ဝါးကားတိုင်အားဖြင့်သက်သေဖြစ်သည့်အပြင် ကားတိုင်သည်အလွန်အရေးပါသောကြောင့်သခင်ယေရှုကထိုကားတိုင်ပေါ်မှာအသေခံခဲ့သည်။ ထို့ကြောင့်ဤအကြောင်းကို မယုံကြည်သူများအား ဝေငှရန်အလွန်အရေးကြီးလှပါသည်။

တစ်ချိန်ကနီဗားဒါးမြို့နယ်ရှိ ရီနိုမြို့၏ခရစ်ယာန်ဘုရားကျောင်းတစ်ခုတွင်ကျွန်ုပ်သည်ကျမ်းစာမျှဝေရာ သက်ကြီးရွယ်အိုစုံတွဲတစ်တွဲနှင့် တည်းခိုခွင့်ရပါသည်။ တနင်္ဂနွေနေ့ညနေတွင် ဘုရားကျောင်းမှမိသားစုအသီးသီး၏အိမ်များတွင် အုပ်စုငယ်များဖွဲ့၍တွေ့ဆုံကြသည်။ ထိုည၌နှစ်ယောက်စလုံးက သူတို့အုပ်စုနှင့်အတူ မိတ်သဟာရဖွဲ့ပြီးပြန်လာချိန်တွင် သူတို့ကျွန်တော့ကိုပြောပြသည်မှာသူတို့တစ်အုပ်စုလုံးက အမြင်တူနေကြသည်။ ထိုအရာမှာကျွန်တော်ကစည်းကျော်သောကြောင့် လူတော်တော်များများကကျွန်တော်၏သွန်သင်မှုကိုမကျေနပ်ကြပါဟုဆို၏။ "ကျွန်တော်ကလား?"ဟု

မေးလိုက်သည်။ကျွန်တော်ကိုယ်တိုင်လည်း ထိုကဲ့သို့ပြုခဲ့ကြောင်းမိမိကိုယ်ကိုသိသည်။ ထို့ကြောင့် အံ့သြစရာတော့ မဟုတ်ပါ။ သို့သော်ဇနီးသည်က “ဒါပေမဲ့ကျွန်မတို့က စည်းအကျော်ခံပြီး ကြမ်းကြမ်းလေး သတိပေးခံသင့်တယ်” ဟု နှိမ့်ချစွာပြောပြီး သူတို့သည် လမ်းကြောင်းမှန်ကို ထွက်လာခဲ့သည်။ မယုံကြည်သူအများအပြားတို့နှင့် အထိအတွေ့ရှိနေကျဖြစ်ပြီး ဧဝံဂေလိတရားကိုပြောရန် အခွင့်အရေးရှိသည့်မြို့ကြီးတစ်ခုမှာနေထိုင်ကြသောကြောင့် ဤကဲ့သို့စိန်ခေါ်ခံရခြင်းဖြစ်သည်။ သူတို့နှစ်ယောက်ကနှိမ့်ချကာ ထာဝရဘုရား၏စကားတော်ကို နားထောင်ကြသောကြောင့် ဤသို့တုံ့ပြန်ကြသည်။

ထို့ကြောင့်ကျွန်တော်တို့အားကင်းစောင့်မဖြစ်အောင်ကာစည်းနေသည့်အတားအဆီးများကိုဤတောက်လောင်နေသောမီးနှင့်မည်ကဲ့သို့မီးရှို့လိုက်မည်ကိုကြည့်ကြပါစို့

## ပြုလုပ်ရန်အလိုရှိသည်။

ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်သောအခါရှိရမည့် အဓိကအချက်တစ်ခုမှာ ပြင်းပြသည့်ဆန္ဒနှင့်ရဲဝံ့မှုဖြစ်သည်။ ၎င်းသည်ကျွန်ုပ်တို့လုံခြုံသည်ဟုခံစားသည့်နေရာမှ ထွက်စေသည့်တွန်းအားတစ်ခုဖြစ်သည်။ မိမိ၏လုံခြုံရာနေရာမှထွက်လာသည့်အခါ ဘုရားသခင်၏လုံခြုံသောနေရာတွင် လျှောက်နေကြောင်းအမြဲသတိရပါ။ သင်ဧဝံဂေလိပြောသောမြေပြင်သည်ကိုယ်တော်ပိုင်ဆိုင်သည်။ ထိုနည်းတူသင်နှင့်စကားပြောနေသောလူသည်လည်းဘုရားသခင်ဖန်ဆင်းထားသူဖြစ်သည်။“ဘုရားသခင့်ပုံသဏ္ဍာန်နှင့်တူစွာဖန်ဆင်းထားသည်” ဟုဆိုသော်လည်း သူတို့သည်ဘုရားသခင်ကို မသိကြသေးသူများဖြစ်သည်။ သူတို့သည် အမှန်တရားကိုအလိုရှိသည်၊ ထိုအမှန်တရားကို ယူဆောင်သွားရန် သင့်တာဝန်ပင်ဖြစ်သည်။

ရှင်မဿဲခရစ်ဝင် 28:19–20 "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့ အား မိန့်တော်မူ၏။"

ဤကျမ်းချက်က နှုတ်ကပတ်တော်ကိုနာခံရန် ယေရှုမိန့်ထားသည်။ "ဆုံးမသြဝါဒ"ဟူသောစကားလုံးသည် တတ်စွမ်းနိုင်စေရန်အကြံပေးခြင်းဟု အဓိပ္ပါယ်



ရပြီးလူအများသိရန်သင်ပေးရမည်။ လူ့အပြစ်အကြောင်းကိုသင်ကြားပြီး သခင်ယေရှုသည် အပြစ်သားများအတွက် လုပ်ဆောင်ပေးသောအရာများဖြစ်သည့် အမှန်တရားကိုဆုံးမသြဝါဒပေးရမည်။

ရှင်မာကုခရစ်ဝင် 6:12 "တပည့်တော်တို့သည်ထွက်သွား၍ နောင်တတရားကိုဟောကြ၏။"

ယေရှုက လူသားများသည်မိမိ၏အပြစ်များမှ နောင်တရရမည်ဟု ဟောသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကဲ့သို့ ဝေငှပြောရမည်ဖြစ်သည်။

တမန်တော်ဝတ္ထု 1:8 "ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏။"


ဂရိစကားလုံးတွင် “သက်သေခံ”(witness) ဟူသောစကားလုံးသည် "ယုံကြည်ခြင်းအတွက်အသက်စွန့်ခြင်း"(martyr) ဟူ၍ လည်းအဓိပ္ပါယ်သက်ရောက်ပါသည်။

သခင်ယေရှုပြုပြီးသွားသောအရာများကို သင်ရှင်းလင်းစွာမြင်ပြီးဖြစ်သည်။ထို့ကြောင့် အခုထွက်သွားပြီး လူအများကိုသက်သေခံပါ။ ဂရိစကားလုံးတွင် “သက်သေခံ”(witness) ဟူသောစကားလုံးသည် ယုံကြည်ခြင်းအတွက်အသက်စွန့်ခြင်း" (martyr) ဟူ၍လည်းအဓိပ္ပါယ်သက်ရောက်ပါသည်။ မိမိ၏ယုံကြည်ခြင်း၌ရပ်တည်ပြီး အသက်စွန့်ခဲ့ကြသည့် အာဇာနည်များအကြောင်းကို ဖတ်ရသည့်အခါအလွန်ပင်စိတ်ဝင်စားစရာကောင်းပါသည်။ သူတို့အသေခံခဲ့သည့် အဓိကအကြောင်းရင်းကအဘယ်နည်း။ အမှိုက်ကောက်ခြင်းအတွက်ကူညီပေးမှုကြောင့်လား၊ သို့မဟုတ် ဈေးဝယ်စင်တာမှာ ခရစ္စမတ်လက်ဆောင်ထုပ်ရန်ကူညီပေးခဲ့ခြင်းကြောင့်လား။ သေချာသည်မှာထိုသို့ပြုခြင်းကြောင့်မဟုတ်ပါ။ သူတို့သည်သခင်ယေရှုအကြောင်းကို မယုံကြည်သူများထံ သက်သေခံရန် ထွက်သွားခြင်းကြောင့် အသတ်ခံရခြင်းဖြစ်သည်။ ထိုမယုံကြည်သူထဲမှ တစ်ယောက်သောသူက သက်သေခံသူကိုအဆုံးစီရင်ခြင်းဖြစ်သည်။

1999ခုနှစ်တွင် ကိုလမ်ဘိုင်အထက်တန်းကျောင်း၌ ပစ်ခတ်မှုဖြစ်ပွားရာ ရာရှယ်စကော့သည်လည်းအသတ်ခံခဲ့ရသည်။ ထိုသို့ပစ်ခတ်ချိန် သူမထံသို့ လေစ်ဟယ်ရစ်က

ချဉ်းကပ်လာပြီး သူမ၏ဆံပင်ကိုဆွဲကာ "မင်းကဘုရားသခင်ကိုယုံကြည်သေးလား“ ဟုမေးသော်သူမကလည်း "ကျမယုံကြည်တယ်ဆိုတာသင်လဲသိတာဘဲ" ဟုပြန်ဖြေသောကြောင့် သူမခေါင်းချိုး၍သတ်ခံခဲ့ရသည်။ ထို့နောက်တွင်သူမ၏ဖခင်သိခဲ့သည်မှာ လွန်ခဲ့သည့်နှစ်ပတ်ခန့်ကလူသတ်သမားကို သူမသက်သေခံခဲ့ကြောင်း၊ သူမကိုသတ်သည့်လူသတ်သမားအား သခင်ယေရှုအကြောင်းမျှဝေခဲ့ကြောင်း ကျွန်တော့်ကိုပြောပြသည်။ အို…သူမသည် ကျွန်တော်အလွန်ပင်ချီးကျူးမိသည့် ကင်းစောင့်တစ်ယောက်ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်ပြောဖူးသည်မှာ တမန်တော် 1:8 ကိုဖတ်ပြီးပါက နံပါတ်ပြောင်းပြီး တမန်တော် 8:1 သို့ပြောင်းဖတ်ကြည့်ပါ။

တမန်တော်ဝတ္ထု။ 8:1-4 "ထိုအခါယေရုရှလင်မြို့၌ ရှိသော အသင်းတော် သည် ပြင်းစွာသောညှဉ်းဆဲခြင်းကိုခံရသဖြင့် တမန်တော်တို့မှတပါး သင်းဝင်သူ အပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည်အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြား ကြ၏။တရားကိုရိုသေသောသူတို့သည် သတေဖန်ကိုသင်္ဂြိုဟ်၍ ပြင်းစွာသောငိုကြွေးမြည်တမ်းခြင်းကို ပြုကြ၏။ရှောလုသည် အသင်းတော်ကိုဖျက်ဆီးလေ၏။ အိမ်များသို့ ဝင်ပြီးလျှင် ယောကျ်ားမိန်းမတို့ကို ဆွဲငင်၍ ထောင်ထဲ၌လှောင်ထားတတ်၏။ ထိုကြောင့် အရပ်ရပ်သို့ကွဲပြားသော သူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိ တရားကို ဟောပြောကြ၏။"

အမှန်မှာနှိပ်စက်ညှဉ်းပန်းခြင်းသည် မကောင်းသောအရာတော့မဟုတ်ပါ။ လူအများအားသခင်ယေရှုအတွက်ရပ်တည်ရန် သို့မဟုတ် ကိုယ်တော်နောက်လိုက်ခြင်းမှရပ်တန့်မည်ဟူသောဆုံးဖြတ်ချက်ချရန် တွန်းအားပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် ရှောလု..မကြာမီပေါလုဟုအမည်ပြောင်းတော့မည့်သူသည်အချို့သောယုံကြည်သူတို့ကိုဖမ်းဆီး၍ ထောင်ထဲတွင်ချုပ်နှောင်ထားသောကြောင့် နေရာအသီးသီးသို့ပြန့်ကျဲသွားသည့်ယုံကြည်သူများကိုပို၍သတ္တိရှိစေခဲ့သည်။ ထိုကဲ့သို့ရာရှယ်၏အသက်တာသည်လည်းတုန်လှုပ်ချောက်ချားစေသောအကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်။ သူမသည်



အခြားသူများကိုရဲရင့်မှုရှိစေရန် ခွန်အားဖြစ်စေသည်။ သင်၏အသက်တာသည်လည်း ဤကဲ့သို့ပြုလုပ်နိုင်သည်ကိုမမေ့ပါနှင့်။

## ပြုလုပ်ရန်ရဲရင့်မှုမရှိခြင်း။

သင်ကြုံတွေ့ရသောသူများအား သခင်ယေရှုအကြောင်းပြောရန်မဝံ့ရဲခြင်းသည် သင့်ကိုမည်သည့်အရာကတားဆီးထားသနည်း။ ကျွန်တော်ရရှိသည့်အဓိကအဖြေက ထိုသူတို့သည်ငြင်းပယ်ခံရမည်ကို ကြောက်ရွံ့ကြခြင်းဖြစ်သည်။

တမန်တော်ဝတ္ထု 4:31-33 "ထိုသို့ဆုတောင်းပဌနာပြုပြီးမှ၊ စုဝေးသော အရပ်သည် တုန်လှုပ်၍၊ ထိုသူအပေါင်းတို့သည် သန့်ရှင်း သော ဝိညာဉ်တော်နှင့် ပြည့်သဖြင့်၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုရဲ့ရင့်စွာဟောပြောကြ၏။ ယုံကြည်သောသူအပေါင်းတို့သည်စိတ်နှလုံးတညီတညွတ် တည်းရှိကြ၍၊ အဘယ်သူမျှ မိမိဥစ္စာတစုံ တခုကို ငါ့ဥစ္စာဟူ၍မဆိုဘဲလျက်၊ ရှိသမျှသောဥစ္စာတို့ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏။သခင်ယေရှု ထမြောက်တော်မူခြင်းအကြောင်း ကို တမန်တော် တို့သည် ကြီးသော တန်ခိုးနှင့် သက်သေခံ ၍၊ ထိုသူအပေါင်းတို့သည်ကြီးသော ကျေးဇူးတော်နှင့် ပြည့်စုံကြ၏။"

သမ္မာကျမ်းစာတွင်သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦးတစ်ယောက်အပေါ်သို့ သက်ရောက်သောအခါ ထိုသူသည်ဧဝံဂေလိတရားကို ရဲရင့်စွာဟောပြောသည်။ သူတို့သည်မယုံကြည်သူများအားစိုးရိမ်ခြင်းကြောင့် တစ်ခုခုပြုလုပ်ကြသည်။ အချို့သူကသူ၌ သန့်ရှင်းသောဝိညာဉ်တော်ပြည့်လျှံနေပြီး ဝိညာဉ်တော်ဆုကျေးဇူးရရှိထားသည်ဟုဆိုသည်။ သို့သော် ဧဝံဂေလိတရားကိုဝေငှသည့် နောက်ဆုံးအကြိမ်သည်မည်သည့်အချိန်နည်းဟုမေးသောအခါ၊ မဖြေနိုင်ခဲ့ပါ။ သူတို့သည် မည်သည့်ဝိညာဥ်နှင့်ပြည့်နေသည်ကိုကျွန်တော်မသိပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦးအပေါ်ကိန်းဝပ်သော် ထိုသူသည်ဧဝံဂေလိတရားကို ရဲရင့်စွာဟောပြောလိမ့်မည်။ ကင်းစောင့်များသည် ဘုရားသခင်ကိုချစ်သောစိတ်နှနှင့် မယုံကြည်သူများအားစိုးရိမ်ခြင်း

စိတ်ရှိသည်။ ထိုနည်းတူ သမ္မာကျမ်းစာမှသန့်ရှင်းသောဝိညာဉ်တော်သည် သင့်အသက်တာ၌ဤကဲ့သို့တို့ထိကြောင်း သေချာစေရန်ဆုတောင်းပါ။

ရှင်လုကာခရစ်ဝင်။ 6:22–23 " ပယ်ရှားနှင်ထုတ်၍ ကဲ့ရဲ့ခြင်း၊ အသရေရှုတ်ချခြင်းကို ပြုသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ထိုကာလ၌ ဝမ်းမြောက်ခြင်းရှိကြလော့။ ရွှင်မြူးသောစိတ်နှင့် ခုန်ကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။ သူတို့၏ဘိုးဘေးများသည် ပရောဖက်တို့ကို ထိုသို့ပင် ပြုကြပြီ။"

ယုံကြည်ခြင်းကိုဝေငှခြင်းဖြင့်ပြင်းပြင်းထန်ထန်ငြင်းဆိုခံရလျှင် သင်သည် ပျော်ရွှင်စွာကခုန်လိုသည့်ဆန္ဒရှိဖူးပါသလား။ အမှန်မှာသူတို့သည် သင့်ကိုငြင်းပယ်ခြင်း မဟုတ်၊ သခင်ယေရှုကိုငြင်းဆိုနေကြခြင်းဖြစ်သည်။ ထိုသူတို့သည် ကျွန်ုပ်တို့ကိုငြင်းဆိုခြင်းထက် သခင်ယေရှုကိုငြင်းဆိုသောကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို ပို၍နာကျင်စေသည်။

Onile Thing You Can't Do in Heaven (ကောင်းကင်တွင်သင်မလုပ်နိုင်သည့်အရာ) ဟူသောစာအုပ်ထဲတွင် Winning Winning Winning (အနိုင်ရပြီ အနိုင်ရပြီ အနိုင်ရပြီ) ဟူသောအခန်း၌ ဤကျမ်းချက်ကို သုံးထားသည်။ တစ်နေ့မှာနယ်လှည့်တရားဟောဆရာနှင့်တွေ့ခဲ့သည်။သူ၏အမည်မှာဆမ်ဖြစ်သည်။ ဆမ်သည် လေးစားဖွယ်ကောင်းသော အီဂျစ်လူမျိုးဖြစ်သည်။ သူပြောပြသည်မှာ “လူထောင်ပေါင်းများစွာရှေ့မှာ ကျွန်တော်စကားပြောနိုင်တယ်၊ ဒါပေမယ့် တစ်ယောက်ချင်းသက်သေခံရတာတော့အဆင်မပြေဘူး၊ ကျွန်တော့ကိုအကြံဉာဏ်ပေးပါလား” ဟုသူ၏သင်းအုပ်ဆရာကိုမေး၏။ သင်းအုပ်ဆရာက ကျွန်တော်ရေးသော "ကောင်းကင်မှာမလုပ်နိုင်သည့်အရာ" စာအုပ်ကိုသူ့အားပေးခဲ့သည်။ ထိုတနင်္ဂနွေမှာ သူအိမ်ပြန်ရောက ်သည် နှင့် စာအုပ်၏ပထမသုံးခန်းကို ဖတ်ခဲ့သည်။ အခန်းသုံးမှ Winring Winning Winning ကိုဖတ်ပြီးသောအခါ ငြင်းပယ်ခြင်းနှင့်ပတ်သက်ပြီး သမ္မာကျမ်းစာမှပြောသည့်ယူဆချက်ကိုသူနားလည်ခဲ့သည်။ သူသည်စာအုပ်ကိုချပြီးဈေးဝယ်စင်တာသို့သွားကာ သူစိမ်းကိုပထမဆုံးအကြိမ်ဝေငှခဲ့သည်။ သူပြောပြသည်မှာယခုအချိန်တွင် သူသည်အစဉ်အမြဲ



သက်သေခံပြီး ကျွန်တော့်၏သွန်သင်ဆုံးမမှုများကိုခိုးယူကာ တပြည်လုံးတွင် သင်ကြားနေပြီဖြစ်သည်ဟု ဝန်ခံသည်။ ကျွန်တော်ရီမောပြီး ၎င်းသည်ကျွန်ုပ်၏ သွန်သင်ဆုံးမမှု မဟုတ်ဘဲ ဘုရားသခင်၏သွန်သင်ချက်ဖြစ်ပြီး၊ ထိုဆုံးမစကားကြောင့် ယုံကြည်သူများထွက်၍သက်သေခံကြမည်ဆိုပါက လူများစွာကိုသွန်သင်ပေးရန်ကျွန်တော်ပြောခဲ့သည်။

ဟေရှာယအနာဂတ္တိကျမ်း 51:11–13 "သို့ဖြစ်၍၊ ထာဝရဘုရားကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ၍ သီချင်းဆိုလျက်၊ ထာဝရဝမ်း မြောက်ခြင်းသရဖူကို ဆောင်းလျက်၊ ဇိအုန်မြို့သို့ ရောက် ကြလိမ့်မည်။ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကို ရကြ၍၊ ဝမ်းနည်းခြင်းနှင့် ညည်းတွားခြင်းသည် ပြေးသွားရလိမ့် မည်။သင်တို့ကို နှစ်သိမ့်စေသော သူကား၊ အခြားသူမဟုတ်၊ ငါ့ကိုယ်တိုင်ပေတည်း။ သေရသော လူကိုင်၎င်း၊ မြက်ပင်ကဲ့သို့ ဖြစ်လတံ့သောလူသားကို၎င်း၊ သင်သည် ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော သဘော ရှိသနည်း။
မိုဃ်းကောင်းကင်ကို ကြက်တော်မူထသော၊ မြေကြီးကိုလည်း တည်တော်မူထသော၊ သင့်ကို ဖန်ဆင်း တော်မူသော ထာဝရဘုရားကို သင်သည် မေ့လျော့၍၊ ညှဉ်းဆဲသောသူသည် ငါ့ကို ဖျက်ဆီးလုပြီဟု စိတ်ထင်နှင့်၊ သူ၏ဒေါသအမျက်ကို အစဉ်ကြောက်ရမည်အကြောင်း၊ အဘယ်သို့သော သဘောရှိသနည်း။ ယခုမှာ ညှဉ်းဆဲ သော သူ၏ဒေါသအမျက်သည် အဘယ်မှာ ရှိသနည်း။"

ကျွန်ုပ်တို့ဘုရားကမည်သူဖြစ်သည်ကို ကျွန်ုပ်တို့မေ့နေကြပြီလား။ ကိုယ်တော်သည်မည်မျှတန်ခိုးကြီးပြီး၊ ကြီးမားသောအာဏာရှိသည်ကို ကျွန်ုပ်တို့မေ့ကြပြီလား။ ကိုယ်တော်သည်မည်မျှဖြောင့်မတ်ပြီးသန့်ရှင်းသည်ကိုကျွန်ုပ်တို့မေ့ကြပြီလား။ ဘုရားသခင် သည်မည်သူဖြစ်သည်နှင့် ကိုယ်တော်၏ပုံသဏ္ဍာန်သည် မည်သို့ဖြစ်သည်ကိုကျွန်ုပ်တို့သိရှိသောအခါ ကိုယ်တော်၏အကြောင်းကို တပါးသူအားပြောပြလိုသောဆန္ဒရှိလိမ့်မည်။

လူများကိုကျွန်တော်အမြဲသတိပေးသောအရာတစ်ခုမှာ နောက်ဆုံးတွင်သေရမည့် လူသားများကိုမကြောက်ပါနှင့်။ သေခြင်းတရားသည် လူသားအားလုံးကိုတန်းတူညီမျှဖြစ်စေသည်။ သင်္ချိုင်းကိုသွားကြည့်ကြပါစို့။ တစ်နေ့၌အရပ်ရှည်သည်ဖြစ်စေ၊ ပုသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ အသားမည်းသည်ဖြစ်စေ၊ ဖြူသည်ဖြစ်စေ၊ အာရှသား သို့မဟုတ် လက်တင်လူမျိုး၊ ထက်မြက်လွန်း

သူသို့မဟုတ်ထက်မြက်မှုနဲ့သူ၊ ကျွန်ုပ်တို့အားလုံးသည် သင်္ချိုင်းကုန်း၌အဆုံးသတ်ရမည်ဖြစ်သည်။ အဓိကမေးခွန်းမှာ ထိုနောက်၌ကျွန်ုပ်တို့ဘယ်သွားမည်နည်း။

လူသားကိုကြောက်ရွံ့သည့်စိတ်ရှိလျှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့်အနိုင်ရစေပါ။ ဤရိုးရှင်းသောစကားလုံးကို သင့်နှလုံး၌မြှုပ်နှံထားသင့်သည်။ “လူကိုကြောက်သည့်စိတ်ကို ဘုရားသခင်၏မေတ္တာတော်အားဖြင့် အနိုင်ရစေပါ ”

ကျွန်ုပ်တို့အနေဖြင့်သက်သေခံရခက်သောလူများနှင့်တွေ့ဆုံရမည်။ ကျွန်တော့်အတွက်တော့ ကုပ်အင်္ကျီသုံးလွှာဝတ်စုံအပြည့်အစုံ ဝတ်ထားသည့်သူများမှ အပယ်ခံရစမြဲဖြစ်သည်။ အဝတ်အစားဈေးကြီးပြီး အိတ်ကပ်ထဲ၌ပိုက်ဆံများစွာရှိကြသူများဖြစ်ရာ ဤအဖွဲ့ကတခြားအဖွဲ့များထက်ပို၍ ဘဝ၌အောင်မြင်သူများဖြစ်ကြသည်။ တစ်နေ့မှာ လေယဉ်ကွင်း၌ လူတစ်ယောက်ကို လက်ကမ်းကြော်ငြာပေးရန် ကြိုးစားခဲ့သည်။ ထိုသို့သောငွေချမ်းသာသူဖြစ်သည်၊ ဝေစာကိုခါချကာငြင်းပယ်ပြီး ဆက်လျှောက်သွားသည်။ ကျွန်တော်သည်ရပ်ပြီး “အို ဘုရားသခင်၊ ဒီနေ့ကျွန်တော် လူသားတွေကိုမကြောက်ဖို့ဆုတောင်းပါတယ်။” ဟုသတ္တိရှိရန် ဆုတောင်းခဲ့သည်။ ထို့နောက်လက်ကမ်းစာစောင်များဆက်လက်ပေးဝေခဲ့သည်။ ထိုနေ့တွင် ကျွန်ုပ်သည် သက်သေခံရန်အလွန်အခွင့်ကောင်းရခဲ့ပါသည်။ မှန်ကန်သည့်သဘောထားကို အမြဲထိန်းသိမ်းရန် မမေ့ပါနှင့်၊ သင်အဆင်ပြေလိမ့်မည်။

## ဘယ်လိုလုပ်မလဲ


ဘုရားသခင်၏ချစ်ခြင်းမေတ္တာအားဖြင့် လူသားကိုကြောက်ရွံ့သည့်စိတ်အား အမြဲအနိုင်ရစေပါ

လူများမကြာခဏမေးလေ့ရှိသည့် နောက်မေးခွန်းကြီးတစ်ခုမှာ“ဘယ်လိုသက်သေခံရမလဲ” “စကားစမြည်ကိုဘယ်လိုစရမလဲ”ဟူသောမေးခွန်းဖြစ်သည်။

ကျမ်းစာမှလူအများပြောလေ့ရှိသည့်အကြောင်းမှာ ရေတွင်းတွင် သခင်ယေရှုနှင့် အမျိုးသမီးတွေ့ဆုံခြင်း ဖြစ်သည်။ ယင်းအကြောင်းကို အခန်း၃ ၌ကျွန်တော်ပြောပြီးဖြစ်သည်။ ယောဟန် ၄:၆-၃၀တွင်ဖတ်ရှုနိုင်သည်။ သခင်ယေရှုသည် ထိုအမျိုးသမီးနှင့် ဦးစွာမိတ်ဆွေဖြစ်ရန်မလိုပေ။ ကိုယ်တော်သည်သာမာန်ထက်လွန်ကဲသောအရာမပြုလုပ်မီ သာမာန်ပြုလုပ်ခြင်းဖြင့်အစပြုသည်။ အသက်စမ်းရေကိုမပြောမီ ရေတွင်းထဲမှရေဖြင့်စ၍စကားပြောသည်။ ထို့ကြောင့်သက်သေခံမည်ဆိုလျှင် လူအများ



နှင့်စကားပြောခြင်းမှစတင်သင့်သည်။ ကျွန်တော်သည်ကမ္ဘာပေါ်၌ မည်သည့်နေရာသွားသွား လူအများသည်စကားစမြည်ပြောခြင်းကိုယနေ့အထိနှစ်သက်ကြသည်။

ကနေဒါနိုင်ငံရှိ အသင်းတော်တစ်ခုတွင် ဟောပြောပွဲလုပ်ပြီးလူငယ်တစ်ဖွဲ့အားမည်ကဲ့သို့သက်သေခံရမည်အကြောင်းသင်ပေးခဲ့သည်။ ထို့နောက်ဈေးဝယ်စင်တာကိုသွားပြီးဧဝံဂေလိဝေငှကြသည်။ အချို့လူကြီးများက “ဒါက ကနေဒါပါ၊ ဒီကလူတွေကခင်ဗျားနဲ့ထိုင်စကားပြောမှာမဟုတ်ဘူး။” သူတို့ဆိုလိုသည်မှာ ဤနယ်မှလူများသည်သီးသန့်နေတတ်ပြီး “နက်နဲသောအရာ” အကြောင်းကိုမပြောကြပါဟုဆိုကြသည်။ “အင်း... သမ္မာကျမ်းစာထဲမှာ ဒီနည်းလမ်းကိုမြင်ပြီး ကျွန်တော်သွားတဲ့နေရာတိုင်းမှာ ဒီနည်းသုံးတာအဆင်ပြေပါတယ်။ ကနေဒါမှာလည်း အကျိုးရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။” ဤသည်မှာကျွန်တော့်အကျင့်ဖြစ်ပြီး သက်သေခံခြင်းနှင့်ပတ်သက်၍ သက်သေမခံဖူးသောသူခံမှ အကြံဉာဏ်ကိုကျွန်တော်မယူကြောင်း သင်သိထားသင့်သည်။ အပြင်ထွက်ပြီးမယုံကြည်သူများနှင့်စကားပြောသည့် ရှေ့တန်းမှလူများကို ကျွန်တော်ရှာသည်။ ထိုသူများ၏စကားကို ကျွန်တော်နားထောင်မည်။ အဘယ်ကြောင့်ဆိုသော်သူတို့သည် ဧဝံဂေလိတရားဟောခြင်းကို ရှေ့တန်း၌မီးဖြင့်စမ်းသပ်မှုအောင်မြင်ထားသူဖြစ်သည်။

ထို့ကြောင့်ဈေးဝယ်စင်တာတွင်တရားဟောရန် လူငယ်များနှင့်လူကြီးတချို့ကိုခေါ်သွားခဲ့သည်။ ထိုအချိန်သည် အလွန်ကောင်းသောအချိန်ဖြစ်ခဲ့သည်။ တစ်ဦးတစ်ယောက်၏စိတ်နှလုံးကိုဘုရားသခင်တို့ထိရန်ကျွန်တော်တို့ဆုတောင်းသည်။ ပုံမှန်အတိုင်းကျွန်တော်တို့၏ဆုတောင်းချက်ကိုဘုရားသခင်ဖြေကြားခဲ့သည်။ သင်သည်မည်သူမည်ဝါကို အစေခံနေကြောင်း၊ မည်သူ့ထံအစီရင်ခံစာတင်ပြရမည်ဖြစ်ကြောင်းသတိပြုပါ။

စကားဝိုင်းကိုဆက်လက်ထိန်းထားနိုင်ပြီး တင်ဆက်မှုအစီအစဉ်ကဲ့သို့မဖြစ်စေရန် အကောင်းဆုံးနည်းလမ်းမှာ မေးခွန်းမေးခြင်းဖြစ်ပါသည်။ လူအများပိုင်းက သူတို့၏နှစ်သက်သောအကြောင်းကို သင်သည်အဖွင့်မေးခွန်းအဖြစ်မေးလျှင် သူတို့ဖြေလိမ့်မည်။ သူတို့၏ကိုယ်ပိုင်ဇာတ်လမ်းဖြစ်၍ သူတို့နှင့်တစ်ချိန်လုံး စကားပြောနိုင်မည်။ တစ်စုံတစ်ဦးနှင့် အချိန်ကြာကြာ စကားပြောလေ၊ ဝိညာဉ်ရေးလမ်းကြောင်းကိုဖွင့်ပေးနိုင်သောတံခါးကို ရှာဖွေရန် သင့်၌အခွင့်အလမ်း ပိုများလေဖြစ်သည်။ သခင်ယေရှုသည်ရေတွင်းရှိအမျိုးသမီးနှင့် စကားလက်ဆုံပြောပြီး သူမ၏အိမ်ထောင်ရေး

ဖောက်ပြန်ခြင်းအကြောင်းကို သခင်ယေရှုမိန့်တော်မူသည်။ တစ်ဥိးဥိး၏လိင်ပိုင်းဆိုင်ရာ ကိစ္စကိုပြောဆိုခြင်းသည် ထိုသူ၏ကိုယ်ရေးကိုယ်သာကိစ္စကိုဝင်ရှုတ်သည်ဟု ကျွန်တော်သိသည်။ သို့သော် သခင်ယေရှုက သူမကိုတစုံတရာဖော်ပြခဲ့သည်၊ ၎င်းမှာ သူမသည် ဘုရားသခင်၏ ပညတ်တော်ကိုလွန်ဆန်ခဲ့ပြီး ထိုအပြစ်မှဖြေလွတ်ရန်လိုအပ်ကြောင်း သခင်ယေရှုဖော်ပြခဲ့ခြင်းဖြစ်သည်။

ထို့ပြင်သခင်ယေရှုသည် သူမနှင့်အခြားသောသူများ မျှော်နေသည့် မေရှိယဖြစ်ကြောင်းပြောခဲ့သည်။ အဆုံး၌ သူမသည်သခင်ယေရှုအကြောင်းကို တမြို့လုံးမှလူများအားပြောပြခဲ့သည်။ ဤကျမ်းချက်သည် မယုံကြည်သူများအား ဧဝံဂေလိ ဟောပြောရန် ကောင်းသောအချက်အလက်များစွာရရှိသည်။ ယခု၌စကားစမြည်စတင်ရန်အတွက် မေးခွန်းကောင်းတချို့ကို ကြည့်ကြပါစို့။

စကားစမြည်စတင်ရန် လွယ်ကူသောနည်းလမ်းတစ်ခုမှာ "သင့်ကို စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းတစ်ခုမေးလို့ရမလား" ဟူသော ဤမေးခွန်းမျိုးကို အမြဲသုံးပါ။ မည်သူက မကြိုက်ဘဲနေမည်နည်း။ စိတ်ဝင်စားစရာမေးခွန်းများကို လူအများကသဘောကျကြသည်။ထို့ကြောင့်သူတို့နှင့် စိတ်ဝင်စားဖွယ်စကားဝိုင်းများကို စတင်ပြောဆိုကြပါစို့။



လူအများပိုင်းကသူတို့၏နှစ်သက်သောအကြောင်းကို
သင်သည်အဖွင့်မေးခွန်းအဖြစ်မေးလျှင်သူတို့ဖြေလိမ့်မည်။
သူတို့၏ကိုယ်ပိုင်ဇာတ်လမ်းဖြစ်၍
သူတို့နှင့်တစ်ချိန်လုံးစကားပြောနိုင်မည်။

လူအများပိုင်းကသူတို့၏နှစ်သက်သောအကြောင်းကိုသင်သည်အဖွင့်မေးခွန်းအဖြစ်မေးလျှင်သူတို့ဖြေလိမ့်မည်။ သူတို့၏ကိုယ်ပိုင်ဇာတ်လမ်းဖြစ်၍ သူတို့နှင့်တစ်ချိန်လုံးစကား ပြောနိုင်မည်။

**"ဒီညမှာသင့်ဘဝကြီးဆုံးသွားခဲ့ရင်သင်ကောင်းကဘုံကိုရောက်မယ်ဆိုတာ 100 ရာခိုင်နှုန်းသေချာရဲ့လား"** ဆွေးနွေးရန်အချိန်များစွာမရှိပါက ဤမေးခွန်းသည် သင်မေးရန်ကောင်းသောမေးခွန်းဖြစ်သည်။ ဥပမာ drive–thru စားသောက်ဆိုင်ပြတင်းပေါက်များ ၊ ငွေကောင်တာထိုင်သူများ၊ ငွေစာရင်းကောင်တာ စသည်တို့တွင်များစွာ အကျိုးရှိပါသည်။ တစ်နေ့တွင်ကျွန်တော်ဟိုတယ်မှအထွက် ဆေးလိပ်သောက်နေသည့် လူတစ်ယောက်ကိုတွေ့၍ လက်ကမ်းကြော်ငြာတစ်စောင်ပေးပြီး ချိန်းထားသည့်ဟောပြောရေး၌ သင်ကြားရန် ကျွန်တော်ကားရှိရာသို့လျှောက်သွားသည်။ အမှန်မှာလက်ကမ်းစာစောင်ပေးခြင်းအပြင်



အခြားသောအရာကိုပြုလုပ်သင့်ကြောင်းကျွန်တော်၏အတွင်းစိတ်ကသိနေသည်။သူနှင့် စကားပြောရန်သင့်သည်။ ထို့ကြောင့်ကျွန်တော်သူ့ဆီပြန်လှည့်ကာ လမ်းလျှောက်ခဲ့သည်။ ကျွန်တော့်ဘဝတွင် တစ်စုံတစ်ယောက်နှင့် စကားပြောဆိုရန် အကြိမ်ကြိမ်ပြန်လှည့်ခဲ့ဖူးပါသည်။သင်သည်တစ်ယောက်ယောက်အနားမှဖြတ်သွားလျှင်ထိုသူနှင့်စကားပြောသင့်သည်ဟု ခံစားမိလျှင်ပြန်လှည့်ပြီး စကားပြောဆိုပါ။ သင်နောင်တ မရရန်နှင့် ထိုသူသည်လည်း နောင်တမရရန်ဖြစ်သည်။

ထိုလူဆီသို့ကျွန်တော်ပြန်သွားပြီး“သင်စိတ်ဝင်စားတဲ့မေးခွန်းတစ်ခုမေးပါရစေ” ဟုမေးရာ “ရပါတယ်”ဟုသူပြန်ဖြေသည်။ "ဒီညမှာသင့်ဘဝဆုံး သွားခဲ့ရင်သင်ကောင်းကင်ဘုံကိုရောက်မယ်ဆိုတာ 100 ရာခိုင်နှုန်းသေချာရဲ့လား"ဟုမေးသော်"သေချာပေါက်ရောက်မှာ"ဟုပြန်ဖြေသောကြောင့်ကျွန်တော်က "ဒီလိုဖြစ်မယ်ဆိုတာ အမှန်တကယ်သင်ဘယ်လိုသိနိုင်မလဲ” ဟုပြန်မေးသော် ထိုလူကကျွန်တော့်ကိုစပြီး တရားဟောပါသည်။သူသည်သခင်ယေရှုနှင့် ရင်းနှီးသည့်အသက်တာရှိသည်။ ထို့ကြောင့်မယုံကြည်သူများထံထွက်သွားရန် သတ္တိရှိဖို့သူ့ကိုကျွန်တော်စိန်ခေါ်ခဲ့သည်။ ကျွန်တော်သူ့ကို စာအုပ်ပေးပြီးထွက်လာခဲ့သည်။ ထိုသူက“သင်မသွားခင်တစ်ခုခုပြောလို့ရမလား” ဟုဆိုသောကြောင့် ကျွန်တော်သူ့ထံပြန်လျှောက်သွားသည်။ လွန်ခဲ့သည့် အနှစ်သုံးဆယ်က သူ၏လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကသူ့ကိုဤမေးခွန်းမေးသည်၊ သူက "စိတ်မဝင်စားဘူး" ဟုပြောသော်လည်းသူ့သူငယ်ချင်းက အပူအပင်မရှိခဲ့ဟုသူပြောပြသည်။ သူ့သူငယ်ချင်းကနောက်ဤအကြောင်းနှင့်ပတ်သက်၍ဆွေးနွေးလိုလျှင်ပြောပါဟုဆိုသည်။သုံးနှစ်ကြာသောအခါ ထိုခရစ်ယာန်သူငယ်ချင်း၏ တံခါးကိုသွားခေါက်ပြီး ဝင်ခွင့်တောင်းသည်။ "လာဝင်ထိုင်ပါ၊မင်းပြောချင်တာကိုငါသိတယ်” ခရစ်ယာန်ချင်းကသူသခင်ယေရှုအကြောင်းပြောချင်မှန်း သိထားပြီးသားဖြစ်သည်။ “ဒီည မင်းသေရင် ကောင်းကင်ဘုံကို 100ရာခိုင်နှုန်းရောက်သွားမယ်ဆိုတာသေချာရဲ့လား” ဟူသောမေးခွန်းကိုနေ့တိုင်းတွေးနေခဲ့သည်မှာသုံးနှစ်ကြာပြီဖြစ်သည်ဟုခရစ်ယာန်မိတ်ဆွေကိုပြောပြခဲ့ပါသည်။ အိုး...သူ့သူငယ်ချင်းကဤလူ၏ဘဝထဲကိုမျိုးစေ့ကြဲထားသည်။ ထိုမျိုးစေ့ကို ဘုရားသခင်မည်သို့ပြုလုပ်ပေးမည်ဆိုသည်ကို ကျွန်တော်တို့မသိပါ။ သို့သော် မကြဲသောမျိုးစေ့ကို ဘုရားသခင်အဘယ်သို့ပြုနိုင်သနည်း၊ ဟုတ်ပါသည်မည်သို့မျှမပြုလုပ်နိုင်ပါ။ ထို့ကြောင့် ဘုရားသခင်အတွက် ဧဝံဂေလိကို ဆက်လက်ဆောင်ရွက်ပါ။

**"သင်သေပြီးရင် သင်ဘာဖြစ်လာမယ်ထင်လဲ"**

ဤမေးခွန်းသည် ကျွန်တော်အကြိုက်ဆုံး မေးခွန်းထဲမှတစ်ခုဖြစ်သည်။ ပွင့်ပွင့်လင်းလင်းမေးခွန်းတစ်ခုဖြစ်ပြီး ကောင်းကင်ဘုံသို့သွားမည်၊ ငရဲသွားမည်၊ ငရဲမရှိကောင်းကင်ဘုံသို့သာသွားမည်၊ လူအဖြစ်ပြန်လည်ဝင်စားမည်၊ မည်သည့်အရာမျှ မဖြစ်ပေါ်ပါ၊ မသေချာပါ အစရှိသောအဖြေအမျိုးမျိုးကို သင်ရရှိမည်။ ထိုသူတို့အား "ဘာလို့အဲ့လိုယုံတာလဲ" ဟုဆက်လက်မေးမြန်းပါက စိတ်ဝင်စားစရာကောင်းသောစကားဝိုင်းပြောဆိုခွင့်ရလိမ့်မည်။ သူတို့ရွေးချယ်ထားသောယုံကြည်ချက်များဘက်မှ ကာကွယ်ပြောဆိုခွင့်ပေးရန်မမေ့ပါနှင့်။

**"သင့်ဘဝဆုံးရှုံးခဲ့ရင်ဘာဖြစ်မလဲဆိုတာတွေးဖူးပါသလား။ ဘယ်အရာကသင့်ကိုအဲ့လိုတွေး စေတာလဲ။ အဲဒါတွေဘာဖြစ်မယ်လို့ထင်လဲ?"**

ဤသည်မှာ တူညီသောမေးခွန်းဖြစ်သော်လည်း စကားလုံးအသုံးအနှုန်းကိုချိန်ညှိခြင်းဖြစ်သည်။ သင်၏စကားစမြည်ပြောဆိုသူနှင့် အနည်းငယ်ပိုမိုချိတ်ဆက်စေပြီး စကားဝိုင်းတွင်ပိုမိုနက်ရှိုင်းစေသည်။

တစ်ခါတွင် နယူးဂျာစီပြည်နယ်က ဟိုတယ်တစ်ခုမှာ ဟောပြောပွဲလုပ်နေသည့်အချိန် ပြခန်း၏စားပွဲပေါ်တင်ထားသော ကျွန်တော့်စာအုပ်ကို လူတစ်ယောက်ကြည့်နေသည်ကို သတိထားမိပြီး ထိုသူထံသို့လျှောက်သွားလိုက်သည်။ သူသည်ကျွန်တော်တို့၏ဟောပြောပွဲမှလူမဟုတ်ပါ။ ဟိုတယ်တွင်မင်္ဂလာပွဲကြီးတစ်ခုကျင်းပရာသို့သည် အများအပြားတက်ရောက်ခဲ့ပါသည်။ ထိုအမျိုးသားက One Heartbeat Away ခေါင်းစဥ်နှင့်ကျွန်တော့်စာအုပ်၏ မျက်နှာဖုံးမှာနှလုံးခုန်ရပ်နေသည့်ပုံနှင့် သူစိတ်ဝင်စားနေပါသည်။ စကားပြောနေရင်းနှင့်"ကျွန်တော်ဘားမှာတစ်ယောက်ယောက်နဲ့ တွေ့ဖို့လိုတယ်၊ ဒါပေမယ့် မိနစ်သုံးဆယ်ကြာရင် ပြန်လာခဲ့မယ်" ဟုဆိုကာ သူထွက်သွားသည်။ ဤကဲ့သို့ဆင်ခြေပေးမှုကိုကျွန်တော်ကြုံဖူးပါသည်။သို့သော်မကြာမီခဏအတွင်းသူကျွန်တော့်ဆီပြန်လာသည်။

ကျွန်တော်တို့သေပြီးရင်ဘာမှဖြစ်မလာဘူးဟုသူပြောသည်။ ကျွန်တော်က သူဘာကြောင့်ထိုသို့ယုံကြည်သနည်းဟုမေးသော် သူသည်ဘုရားမဲ့ဝါဒီဖြစ်ကြောင်း ပြန်ဖြေသည်။ "ဘုရားမရှိကြောင်း အကောင်းဆုံးသက်သေကဘာလဲ" ဟု ကျွန်တော်မေးသည်။ ဘုရားမဲ့အများအားဖြင့် ရှင်းပြစရာသက်သေသိပ်မရှိပါ။ အဘယ်ကြောင့်ဆိုသော် သူတို့၏ယုံကြည်ချက်သည် သက်သေပြခြင်းမှလွဲ၍အခြားအရာများ ကိုအခြေခံထားယုံကြည်ကြသည်။ နောက်ထပ်မေးခွန်းကောင်းတစ်ခုမှာ "ဘုရားမဲ့ဝါဒီကိုသင်ဘယ်လို



ယုံကြည်လာတာလဲ" တစ်စုံတစ်ယောက်အား ဤမေးခွန်းကိုသင်မေးနိုင်သည်။ အခြားယုံကြည်ချက်များတွင်လည်း "သင် မွတ်စလင် ဘယ်လိုဖြစ်လာတာလဲ" သင်ဘယ်လိုနဲ့ဆင့်ကဲပြောင်းလဲမှုယုံကြည်သူဖြစ်လာတာလဲ" "သင်ဘယ်လိုနဲ့ခရစ်ယာန်ဖြစ်လာသလဲ" ဤကဲ့သို့သောမေးခွန်းများက သင့်အတွက်အထောက်အကူဖြစ်စေပြီး သူတို့၏အတွေးအခေါ်များကို ထိုင်နားထောင်ရန်သာလိုပါသည်။ ထို့အပြင် စကားဝိုင်းကိုရှေ့ဆက်ရန်မည်သို့လုပ်ဆောင်ရမည်ကို အဖြေရှာနိုင်သည့် သင့်အတွက်အချက်အလက်ပိုမိုစုဆောင်းရန်ကူညီပေးသည်။

Matthew နဲ့ ကျွန်တော် စကားလက်ဆုံကျခဲ့ပါသည်။ သူက Big Bang Theory အကြောင်းကို စာအုပ်ဖတ်ရန် စာကြည့်တိုက်ကိုသွားတတ်သည်ဟုဆို၍ ကျွန်တော်က One Heartbeat Away စာအုပ်ကို သူ့အားပေးလိုက်သည်။ "ကျွန်တော်ခင်ဗျားကိုတစ်ခုခုပြောလို့ရမလား" ဟုသူမေး၍ "ရတယ်" ဟုဖြေရာသူက "ဘုရားမဲ့ဝါဒီကို ယုံတယ်လို့ပြောရင် လူတွေရဲ့အထင်သေးတဲ့တုံ့ပြန်မှုတွေကို ကျွန်တော်အမြဲလိုလိုသတိထားမိတယ်။ ဒါပေမယ့် ခင်ဗျားကအဲ့လိုမလုပ်ခဲ့ဘူး။ ကျွန်တော်ခင်ဗျားကိုကျေးဇူးတင်ချင်တယ်" ဝိုး! ကျွန်တော်ဧဝံဂေလိတရားကိုသက်သေခံနေချိန်မှာသူဘုရားမဲ့ဝါဒီဖြစ်ကြောင်းကို ကျွန်တော်ကမည်သို့တုံ့ပြန်မည်ကိုသူသိရန် ကျွန်တော့်မျက်နှာကိုစိုက်ကြည့်နေသည်ကို ကျွန်တော်နည်းနည်းမျှမသိခဲ့ပါ။

ဆာလံ 14 : 1 "ဘုရားသခင်မရှိဟုမိုက်သောသူသည်ထင်တတ်၏။.....

သမ္မာကျမ်းစာကရှင်းလင်းစွာဖော်ပြထားသည်။ဖန်ဆင်းခြင်းဆိုင်ရာအထောက်အထားအားလုံးကိုခြုံ၍မကြည့်လျှင်မိုက်မဲရာရောက်၏။ ပြည့်စုံသောပရောဖက်ပြုချက်များနှင့်ယှေရှုမည်သူဖြစ်သည်ကို သိရှိသော်လည်းဘုရားသခင်မရှိဟု နိဂုံးချုပ်သူသည်လူမိုက်ဖြစ်၏။ သို့သော်ဘာသာမဲ့များကို လူမိုက်အဖြစ်ကျွန်တော်တို့မဆက်ဆံသင့်ပါ။ အကယ်၍ ကျွန်တော့်မျက်နှာက Metthew သည်ဘုရားမဲ့ဖြစ်သည်ဟုဆိုရာတွင်သူ့အားမထီမဲ့မြင်ပြုသော် သို့မဟုတ် သူ့ကိုလူမိုက်ဟုခေါ်သော် ကျွန်တော်တို့၏စကားဝိုင်းအားလုံးကို ပိတ်ဆို့သွားလိမ့်မည်။ ဤအရာသည် ကျွန်တော့်အတွက်သင်ခန်းစာကောင်းတစ်ခုပါ။ အခြေအနေကိုမှန်မှန်ကန်ကန် ကိုင်တွယ်နိုင်၍ကျွန်တော်

အလွန်ဝမ်းသာမိပါသည်။ စကားဝိုင်းများကိုမှန်ကန်စွာကိုင်တွယ်ဖြေရှင်းရန် ကျွန်တော်လည်းအမြဲတမ်းတော့မလုပ်နိုင်ပါ။

နောက်တစ်ခုသတိထားရမည်မှာ စကားစပြောရန်ထိုလူ၏ဦးထုပ် သို့မဟုတ် တီရှပ်ပေါ်တွင်ရိုက်နှိပ်ထားသည့်သင်္ကေသ၊ သူတို့ပြောနေသည့်အရာများ၊ ဆွဲကြိုး၊ တက်တူးများ၊ လက်ကောက်များအစရှိသည့် ပတ်ဝန်းကျင်အရာများကိုအသုံးပြု၍ စကား စမြည်စတင်ပြောခြင်းသည် ကောင်းသည့်အရာဖြစ်ပါသည်။

အများစုက ရော်ဘာလက်ကောက်များဝတ်တတ်ကြသည်။ ရော်ဘာလက်ကောက်ဝတ်ထားသည့်သူထဲမှ တစ်ဝက်လောက်ကထိုလက်ကောက်သည် သေခြင်းတရားနှင့်ပတ်သက်နေသည်။ထိုအချက်မှတဆင့်ဝိညာဉပိုင်းသို့ရွှေ့၍ဆွေးနွေးနိုင်သည်။



စကားစပြောရန်ထိုလူ၏ဦးထုပ်သို့မဟုတ်တီရှပ်ပေါ်တွင်ရိုက်နှိပ်ထားသည့်သင်္ကေသ၊သူတို့ပြောနေသည့်အရာများ၊ဆွဲကြိုး၊တက်တူးများ၊ လက်ကောက်များအစရှိသည့်ပတ်ဝန်းကျင်အရာများကိုအသုံးပြု၍စကားစမြည်စတင်ပြောခြင်းသည် ကောင်းသည့်အရာဖြစ်ပါသည်။

"ဒီရာဘာလက်ကောက်က ဘာကိုကိုယ်စားပြုလဲ" ဟု Interprice Car Rental ကားအငှားဝန်ဆောင်မှုကိုမေးသော် "Virginia Tech တက္ကသိုလ်" ဟုပြန်ဖြေသည်။ "ပစ်ခတ်မှုဖြစ်တဲ့အချိန်သင်အဲဒီမှာရှိလား"ဟုမေးကျွန်တော်ဆက်မေးသည်။ သူကရှိသည်ဟုပြန်ဖြေသော် "သင့်သူငယ်ချင်းတစ်ယောက်ယောက်ဆုံးရှုံးသွားသေးလား" ဟုမေး၍ သူကသူ့သူငယ်ချင်းတယောက်သေဆုံးသွားကြောင်း ပြန်ဖြေသည်။ "သေခြင်းတရားကိုမြင်တဲ့အခါ ဘဝဆုံးသွားပြီးတဲ့နောက်ဘာဖြစ်လာမယ်လို့ထင်လဲ" ဟုမေးသော်သူခေါင်းငုံ့ကာ "မသိဘူး၊ ကျွန်တော်တကယ်မသိပါဘူး" သူ့သူငယ်ချင်း ဆုံးရှုံးမှုကြောင့် စိတ်ထိခိုက်နေသေးသည်ကို ကျွန်တော်သိ၍သူ့ကို အားပေးလိုက်သည်။ ဤအကြောင်းနှင့်ပတ်သက်၍အဖြေရှာရန် သူ့ကိုစိန်ခေါ်ခဲ့သည်။ ထို့ပြင်သူဖတ်ရန်စာစောင်ပေးခဲ့ပြီး ကောင်းကြီးတစ်ခုအနေဖြင့်သူ့ကိုအပိုငွေပေးခဲ့သည်။ ဤနေ့၌သူတွေ့ဆုံခဲ့သည့်ခရစ်ယာန်တစ်ယောက်ကို မမေ့စေချင်ပါ။

တစ်ခါက လေဆိပ်တွင်အိတ်ဆောင်သယ်သည့် ဓါတ်လှေကား၌ကျွန်တော့် အိတ်များသွားယူစဉ် LIVESTRONG ( ကင်ဆာရောဂါဖြစ်သူများအား ထောက်ပံ့သည့်ရော်ဘာလက်ကောက်) အဝါရောင်ရော်ဘာလက်ကောက်ကို ဝတ်ထားသည့်အမျိုးသားတစ်ဦးကိုတွေ့လိုက်သည်။ ကျွန်တော်သူ့ဆီလျှောက်သွားပြီး "သင့်မိသားစုထဲမှာကင်ဆာဖြစ်နေသူရှိတာလား" ဟုမေးတော့ "ကျွန်တော့်အမျိုးသမီးပါ" ဟု



ပြန်ဖြေသည်။ "သူမဆုံးသွားတာလား" ဟု မေးလိုက်သည်။ သူမဆုံးသွားပြီဟုဖြေသည်၊ ဆုံးသွားတာကြာပြီလားဟု ဆက်မေးသော် "လွန်ခဲ့တဲ့ငါးနှစ်လောက်က"ဟု ပြန်ဖြေသည်။ ဤလူကအသက်မကြီးသေးပါ၊ သူ့ဇနီးကင်ဆာရောဂါနှင့်ဆုံးပါးသွားသည်မှာငါးနှစ်လောက်ကတည်းကဟုသိလိုက်၍ ကျွန်တော်ခဏသောင်တင်နေခဲ့သည်။ ကျွန်တော်ဆက်မေးသည် "သူမနှင့်ပတ်သက်ပြီးဘာအကြောင်းကိုအမှတ်မိဆုံးလဲ" သူမဘဝ၏ နောက်ဆုံးအချိန်၌ အလွန်နာကျင်နေချိန် ပူဖောင်းများပြည့်နေသည့် ရေချိုးကန်ထဲမှာစိမ်ပြီးနွေးနွေးထွေးထွေးရေချိုးပေးသည်ကိုသဘောကျသည်ဟုဖြေသည်။ ဤခင်ပွန်းနှင့်ဇနီးကြားချစ်ခြင်းမေတ္တာကိုသင်မြင်ပါသလား၊ ဤကဲ့သို့ကြားရသည်မှာကောင်းသည့် ခံစားချက်ရပါသည်။

"ဘယ်အရာကသူမကို သတိရဆုံးဖြစ်စေတာလဲ" ဟုမေးရာ "နံပါတ် 103ပါ" ကျွန်တော်သည်သာမန်အားဖြင့်မှတ်ဉာဏ်ကောင်းသူပါ။ သို့သော်ဘာကြောင့်သူပြောသည့်နံပါတ်မည်မျှအရေးကြီးကြောင်း ကျွန်တော်မမှတ်မိတော့ပါ။ ကျွန်တော်ပြန်ပြောလိုက်သည့်စကားကိုတော့မှတ်မိပါသည်၊ "ကျွန်တော် Sacramento ကနေခရီးထွက်လာချိန်လမ်းမှာ ဆာလံကျမ်း 103 ကျမ်းစာဖတ်ဖြစ်တယ် "အရှေ့မျက်နှာစွန်းသည်အနောက်မျက်နှာစွန်းနှင့်ဝေးသည်အတိုင်း၊ငါတို့အပြစ်များကို ငါတို့နှင့်ဝေးစေတော်မူ၏။" ဟူသော အကြောင်းပြောပြခဲ့သည်။ ဂျေသည်သူ့ဇနီးကင်ဆာရောဂါနှင့်ဆုံးသွားခြင်းဖြင့်ကောင်းကင်မသွားနိုင်ပါ။ မိမိအပြစ်များကိုနောင်တရပြီးနောက်တဖန်မွေးဖွားခြင်းဖြင့်သာကောင်းကင်သို့သွားနိုင်မည်။ ကျွန်တော်သူ့ကိုဧဝံဂေလိလက်ကမ်းစာစောင်ကိုပေးခဲ့ပြီးသူကကျွန်တော့်ကိုဝင်ဖက်ခဲ့သည်။ တွေ့ဆုံခြင်းထဲ၌ဤကဲ့သို့တွေ့ဆုံခြင်းကိုကျွန်တော်အနှစ်သက်ဆုံးဖြစ်သည်။

**"သင်က ဘယ်ဘာသာတရား၊ ယုံကြည်ချက် ဒါမှမဟုတ် ဘယ်လိုဓလေ့ထုံးတမ်းကနေကြီးပြင်းလာတာလဲ။သင်ကြီးပြင်းလာတဲ့အခါဒီအရာတွေကသင့်အတွက် ပိုပြီးအရေးကြီးလာပါသလား။"**

ယခုနောက်ပိုင်းတွင်ဒီမေးခွန်းက ကျွန်တော်အသုံးများသည့် မေးခွန်းတစ်ခုဖြစ်လာပါသည်။ လွယ်သည့်မေးခွန်းပါ။ အကြောင်းမှာ လူအများစုသည်ဘာသာတရားတစ်ခုတွင် ယုံကြည်ကြီးပြင်းလာကြပြီး အခြားသောအားသာချက်မှာဤမေးခွန်းကို ကျားမ မရွေး၊ လူငယ်များ သို့မဟုတ်သက်ကြီးရွယ်အိုများကိုမေးမြန်းရန်အသုံးပြုနိုင်သည်။

စကားဝိုင်းတစ်ခုတွင်မေးနိုင်သည့်နောက်ထပ်မေးခွန်းကောင်းတစ်ခုမှာ “သင့်အနေနဲ့ယေရှုကဘယ်သူလို့ထင်ပါသလဲ”ဟူသောမေးခွန်းအတွက်စိတ်ဝင်စားစရာကောင်းသောအဖြေရရှိမည်ဖြစ်သည်။ တနေ့တွင်ဘရိုင်ယန်ဟုခေါ်သော ဗုဒ္ဓဘာသာဝင်တယောက်ကသခင်ယေရှုဟာပုဂ္ဂိုလ်အဖြစ်မတည်ရှိဘူး၊ သြဇာအရှိဆုံးပုဂ္ဂိုလ်လို့လူအများစုကမပြောကြဘူး၊ အနောက်တိုင်းယဉ်ကျေးမှုမှာယေရှုကကမ္ဘာမြေပေါ်မှာတကယ်ခြေချဖူးတာမဟုတ်ဘူးဟု ဘရိုင်ယန်ပြောသည်။ ထို့ကြောင့်ကျွန်တော်က ထိုခေတ်မှသခင်ယေရှု၏သမိုင်းကို မှတ်တမ်းတင်ခဲ့သည့် ပညာရှင်များအကြောင်းပြောပြသော်သူက "မှတ်တမ်းတင်ခဲ့တဲ့နှစ်ပေါင်း 2000 လောက်က သမိုင်းဆရာများအားလုံးမှားနေကြပြီလို့ကျွန်တော်ထင်တယ်" ဟုဘရိုင်ယန်က ကောက်ချက်ချသည်။ စာတန်ကသင်၏ယုံကြည်ချက်နှင့်ငြင်းခုံမှုများမည်မျှရယ်စရာကောင်းသည်ကိုဂရုမစိုက်ပါ။စာတန်အလိုရှိသည့်တစ်ခုတည်းသောအရာမှာ လူတို့သည်အပြစ်များမှနောင်တရပြီးသခင်ယေရှုခရစ်ထံမှ အပြစ်လွတ်ခြင်း မခံကြရန်ဖြစ်သည်။

ဇဝ်ဂေလိဝေငှသောအခါ အရေးကြီးသည့်အချက်မှာ အပြစ်အကြောင်းပြောရမည်ကိုမမေ့သင့်ပါ။ လူများစွာသည်ယေရှုခရစ်ကိုယုံကြည်ရသည်မှာကောင်းသောခံစားချက်ရသော်လည်း ကိုယ်တော်သည်အခြားဘာသာတရားနှင့် ကွဲပြားကြောင်းကိုမသိကြပါ။ သင်သည်အပြစ်အကြောင်းပြောပြပြီးသခင်ယေရှုသည်ကယ်တင်ရှင်ဖြစ်ကြောင်းပြောပြလျှင်ကိုယ်တော်သည် ချက်ခြင်းပင်အဓိပ္ပါယ်ရှိလာသည်။ ကျမ်းစာအရဘုရားသခင်၏တရားမျှတခြင်းသည် ကျွန်ုပ်တို့၏အပြစ်များအတွက် ပေးဆပ်ရန် အပြစ်အနာအဆာကင်းသောပူဇော်သက္ကာကိုပူဇော်ရမည်။ ထိုပူဇော်သက္ကာသည် သခင်ယေရှုသာလျှင်ဖြစ်သည်။ မည်သူမျှ အပြစ်ဖြေရာယဇ်အဖြစ် အသုံးမပြုနိုင်ပါ။

ထို့ကြောင့် မေးရန်မေးခွန်းကောင်းတစ်ခုမှာ "သင်ဟာလူကောင်းတစ်ယောက်ဖြစ်တယ်လို့ထင်ပါသလား"



ဇဝ်ဂေလိဝေငှသောအခါအရေးကြီးသည့်
အချက်မှာအပြစ်အကြောင်းပြောရမည်



သုတ္တံကျမ်း 20:6 "လူများတို့သည် မိမိတို့ပြုသော ကျေးဇူးကို ကြားပြောတတ်၏။ သစ္စာ ရှိသောသူကိုကား၊ အဘယ်သူရှာ၍ တွေ့နိုင်သနည်း"

လူအများစုက သူသည် လူကောင်းတစ်ယောက်ဖြစ်ကြောင်း ဖြေဆိုရန်တွန့်ဆုတ်မှုမရှိကြပေ။ သို့သော်ကျမ်းစာ၌ ဤအချက်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။

ရောမသြဝါဒစာ 3:23 "အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ဘုရားသခင်ရှေ့တော်၌ အသရေ ပျက်ကြပြီ"

လူတို့သည် မတော်တဆ၊ ကင်ဆာ၊ နှလုံးရောဂါ သို့မဟုတ် ဆူနာမီကြောင့်သေဆုံးခြင်းမဟုတ်ကြောင်း သတိရပါ။ မိမိအပြစ်အတွက် အသေခံခဲ့ကြရသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့အားလုံး တစ်နေ့သေရမည်မှာ သေချာသည်။

ရောမသြဝါဒစာ 7:7 "သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း။ ပညတ် တရား၌ အပြစ်ရှိသလော။ အပြစ်မရှိနိုင်ရာ။ သို့ရာတွင်ပညတ်တရားအားဖြင့်သာအပြစ်သဘောကိုငါသိရ၏။ အဘယ်သို့နည်းဟူမူကား၊ လောဘစိတ်မရှိစေနှင့်ဟု ပညတ်တရားမဆိုလျှင်၊ လောဘသဘောကိုငါမသိ"

“လောဘမကြီးကြနှင့်” ဟူသောအချက်သည် ပညတ်တော်ဆယ်ပါးထဲမှတစ်ခုဖြစ်သည်ကို တရားဟောရာ ၅ နှင့် ထွက်မြောက်ရာ ၂၀ တွင်တွေ့ရသည်။

ဂလာတိသြဝါဒစာ 3:24 "ထိုကြောင့်ငါတို့သည်ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ ပညတ်တရားသည်ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ငါတို့၏အထိန်းဖြစ်သတည်း"

သန်းကြွယ်သူဌေးလုလင်၏ အရေးကြီးသည့် ဇာတ်လမ်းကို မှတ်မိသေးသည်လား။

ရှင်လုကာခရစ်ဝင် 18:18–27 "အရာရှိတယောက်က၊ ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ် သည် အဘယ်အမှုကို ပြုရပါမည်နည်းဟု မေးလျှောက်သော်၊ယေရှုက၊ ငါ့ကို ကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသော ကောင်းမြတ်တော်မူ၏။ သင်သည် ပညတ်တော်တို့ကို သိသည်မဟုတ်လော။ သူ့မယားကို မပြစ်မှားနှင့်။ မမှန်သော သက်သေ ကို မခံနှင့်။ မိဘကို ရိုသေစွာပြုလော့ဟု မိန့်တော်မူလျှင်၊အရှင်ဘုရား၊ ထိုပညတ်ရှိသမျှတို့ကို ငယ်သောအရွယ်မှစ၍ အကျွန်ုပ်စောင့်ရှောက်ပါပြီဟု လျှောက် ပြန်သည်ကို ယေရှုသည်ကြားလျှင် သင်သည် တခုလိုသေး၏။ကိုယ်ဥစ္စာရှိသမျှကို ရောင်း၍ ဆင်းရဲသောသူတို့အား ပေးဝေလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ရလိမ့်မည်။ သို့ပြီးမှ လာ၍ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။ ထိုသူသည် များစွာသောဥစ္စာကို ရတတ်သောသူဖြစ်၍၊ ထိုစကားကိုကြားလျှင် အလွန်စိတ်မသာသည် နှင့် သွားလေ၏။ထိုသို့ စိတ်မသာသည်ကို ယေရှုသည် မြင်တော်မူလျှင်၊ ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံတော်သို့ အလွန်ဝင်ခဲလှ၏။ကုလားအုပ်သည် အပ်နဖားကို လျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံ တော်သို့ ဝင်ခဲသည်ဟု မိန့်တော်မူ၏။ကြားသောသူတို့ကလည်း၊ သို့ဖြစ်လျှင် အဘယ်သူသည် ကယ်တင်တော်မူခြင်းသို့ ရောက်နိုင်မည်နည်း ဟု ပြောဆိုကြ၏။ကိုယ်တော်ကလည်း၊ လူမတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏"

ရှင်မာကုခရစ်ဝင် 10:18 "ယေရှုက၊ ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာ ကောင်းမြတ်တော်မူ၏"

ဘုရားသခင်တစ်ပါးတည်းမှတပါး အခြားမည်သူမျှကောင်းမွန်ခြင်းမရှိကြောင်း သတိရပါ။ လူအများသည် ဘုရားသခင်၏မျက်မှောက်တော်၌ ဖြောင့်မတ်သောသူမဟုတ်ကြောင်း သင်မည်ကဲ့သို့ဖော်ပြမည်နည်း။ ပညတ်တော်ဆယ်ပါးနှင့် ယခုကဲ့သို့သခင်ယေရှုပြုသောနည်းအတိုင်း နှိုင်းယှဥ်ကြည့်နိုင်သည်။ သူဌေးလုလင်က သခင်ယေရှုကို လိမ်ညာနေသည်။

သူသည်ငယ်စဉ်ကပင်ထိုပညတ်တော်များကိုစောင့်ရှောက်ခြင်းမရှိပေ။ သူ၏စည်းစိမ်ကိုစွန့်လွှတ်ရန် အဆင်သင့်မဖြစ်သောအခါ သူနားလည်ရန်အခြားရှုထောင့်တစ်ခု ကို သခင်ယေရှုပေးခဲ့သည်။ သူ၏ဘဝမှာ ဘုရားသခင်ကိုဦးထိပ်ထားခြင်းမရှိ၊ သူ၏စည်းစိမ်သည်သာနံပါတ်တစ်ဖြစ်ကြောင်း သခင်ယေရှုဖော်ပြခဲ့သည်။ သူသည်



ဘုရားသခင်၏ပညတ်တော်ကို အကြွင်းမဲ့နာခံခြင်းမရှိကြောင်းကို လက်တွေ့သင်ခန်းစာပြခဲ့သည်။



ဘုရားသခင်တစ်ပါးတည်းမှတပါးအခြားမည်သူမျှ ကောင်းမွန်ခြင်းမရှိကြောင်း သတိရပါ

တစ်နေ့တွင်ကျွန်တော်သည်သူငယ်ချင်းများနှင့် နေ့လည်စာသွားစားရန် အတ္တလန်တာရှိလှပသောဟိုတယ်တစ်ခုသို့လမ်းလျှောက်ထွက်ခဲ့သည်။ ဟိုတယ်ရှေ့ရောက်၍လမ်းတဘက်ကို လှမ်းကြည့်လိုက်ရာရပ်နေသည့်လူကိုမှတ်မိသည်။ သို့သော်သူ၏နာမည်ကိုချက်ချင်းမစဉ်းစားနိုင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ကြောက်ရွံ့စိတ်ကရုတ်တရက်ပေါ်လာသောကြောင့်ဖြစ်သည်။ Kanye West ဆိုသည့်နာမည်ကြီး ရက်ပ်အဆိုတော်တစ်ယောက်ဖြစ်ပြီး ဟိုတယ်ရှေ့မှာ အစောင့်အကြပ်များနှင့် သူ၏ပတ်လည်၌ရပ်နေသည်။ ဘဝတွင်တစ်ခုခုလုပ်ရန် အခွင့်အလမ်းသည် တစ်ကြိမ်သာရှိဟု ကျွန်တော်တွေးမိသည်။ ထို့ကြောင့် သူတို့ဆီလျှောက်သွားခဲ့သည်၊ ထိုအချိန်မှာကျွန်တော့်နှလုံးခုန်သံကျယ်လောင်နေသည်ကို ခံစားလိုက်ရသည်။ ကျွန်တော်စိတ်လှုပ်ရှားနေသည်။ ဤသည်မှာ စိတ်ဝင်စားစရာကောင်းသည့်တွေ့ဆုံခြင်းဖြစ်မည်ကိုကျွန်တော်သိသည်။ သို့သော်မည်သို့ဖြစ်လာမည်၊ မည်သို့သွားမည်ကို ကျွန်တော်မသိနိုင်ပါ။ မည်သို့ဖြစ်စေကျွန်တော်စိတ်လှုပ်ရှားမိပါသည်။

ဇဝံဂေလိဝေငှရန်ကြိုတင်လေ့ကျင့်ခြင်းမျိုးကို ကျွန်တော့်ကျောင်းသားအားမလေ့ကျင့်ပေးပါ။ အဘယ်ကြောင့်ဆိုသော် သင်၏တီထွင်ဖန်တီးနိုင်မှုစကားလုံးများ ဆုံးရှုံးသွားနိုင်သည်။ရင်ခုန်စိတ်လှုပ်ရှားစရာခံစားချက်များကင်းမဲ့စေလိမ့်မည်။တစ်ဖက်လူ၏မျက်နှာ၊ အဖြေရှာရန်ကြိုးစားရင်း တုန်လှုပ်နေသည့် နှုတ်ခမ်းကိုသင်မမြင်ရတော့ပါ။ တိုက်ရိုက်ဆွေးနွေးခြင်းသည် မည်သည့်အရာနှင့်မျှယှဉ်၍မရပါ။ Oh! နောက်တချက်ကသခင်ယေရှုသည် တပည့်တော်များအား အမှုတော်ထမ်းဆောင်ရန်စကားပြောလေ့ကျင့်ခြင်းမရှိပါ။ ထွက်သွား၍ဘုရားသခင်ကိုကိုးစားပြီး တရားဟောရန်သာပြောခဲ့သည်။

ကျွန်တော့်မှာ လက်ကမ်းစာစောင်များပါခဲ့ပြီး Kanye အဖွဲ့ထဲကမှ လူများကိုပေးခဲ့သည်။ လူတစ်ယောက်ကမေးသည် “ဒါက ဘာလဲ။” “ကောင်းကင်ဘုံကို သွားတဲ့လက်မှတ်” ဟုကျွန်တော်ပြန်ဖြေသည်။ သူတို့ထဲကနောက်လူကပြောသည် “ကျွန်တော်လည်း အဲဒါကိုလိုချင်တယ်။” ဒီတော့ ကျွန်တော်က “ကောင်းကင်ကို ယုံသလား” ဟုမေးရာယုံသည်ဟုဖြေသည်။ “ငရဲကို ယုံသလား” ဟုဆက်မေးသည်။ ထို့

ကြောင့်ငရဲသည် မည်သို့ဖြစ်သည်ကို ကျွန်တော်စပြောပြသည်။ Kanye က ကျွန်တော့်ကို ကြည့်ပြီး " နှလုံးရပ်သွားသူတွေ ငရဲကိုသွားမြင်တဲ့အကြောင်း Newsweek မှာ ဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရတယ်" ဟုပြောရင်း သူ့မျက်လုံးများ တောက်ပသွားသည်။ ငရဲသို့မသွားရန် သင်ဘာလုပ်ရမည်ကို သင်သိပါသလား ဟုကျွန်တော်ကသူတို့ကို မေးလိုက်သည်။ သူတို့ကမသိဘူးဟု ပြန်ဖြေကြသည်။ ထို့ကြောင့် ဘုရားသခင်၏ ပညတ်တော်ဆယ်ပါးအကြောင်း တဆင့်ချင်း သူတို့ကို ပြောပြခဲ့သည်။

“သင်လိမ်ဖူးလား” ဟုမေးရာ Kanye ကအဖွဲ့ကိုယ်စားဖြေသည် “လိမ်ဖူးတယ်” ၊ “အဲဒါက သင့်ကိုဘာဖြစ်စေတာလဲ” ဟုဆက်မေးရာ “လူလိမ်” ဟုဖြေသည်။ မှန်ပါသည်။ သို့သော်လူများစွာက “အပြစ်သား”သို့မဟုတ် “လူသား” ဟု ဖြေဆိုနိုင်သည်။ တစ်ယောက်ယောက်က ထိုသို့ဖြေလျှင်တစ်စုံတစ်ယောက်ကို သင်သတ်လျှင် သင်ကလူသတ်သမားဖြစ်မည်။ လူတစ်ယောက်ကိုမုဒိမ်းကျင့်လျှင် မုဒိမ်းကျင့်တဲ့သူဘဲ၊ ဤအချိန်မှာ သူတို့ကလိမ်ညာလျှင်မည်သို့ဖြစ်မည်နည်းဟုမေးလျှင် ယေဘုယျအားဖြင့် "လူလိမ်" ဟုဖြေကြလိမ့်မည်။ သူတို့ကိုဖြေကြားသူများဖြစ်စေပါ။ သူတို့အစားသင်မဖြေပေးပါနှင့်။သူတို့မဖြေမှသာသင်ဖြေပေးပါ။သူတို့ကိုယ်တိုင်တွေးပြီး အဖြေပေးသည့်အခါ သူတို့သည်အမှားများလုပ်သူဖြစ်သည်ဟူသော အသိတရားနှင့်ဝန်ခံခြင်းကို သူတို့၏ မျက်လုံး ထဲ၌ပို၍မြင်ရမည်။

“သင်တခြားတစ်ယောက်ရဲ့ ပစ္စည်းတွေခိုးယူဖူးလား” ဟုမေးတော့ Kanyeက ဝန်ခံသည်။ “ဒါနဲ့သင့်ကို ဘာဖြစ်စေတာလဲ” ဟုဆက်မေးရာ “အဲဒါက "A stealer.” ဖြစ်စေတယ်" ဟုဖြေသည်၊ ဒါအဖြေမှန်လား? ကျွန်တော်မှတ်မိသလောက်ဆိုလျှင် အမေရိကန်ဘောလုံးဂိမ်းတွင်သုံးသောစကားလုံးဖြစ်သည်။ မှန်ကန်သောစကားလုံးမှာ “သူခိုး”ဖြစ်သည်။ "A stealer.” ဟူသော စကားလုံးသည် ဂိမ်းဆော့ကစားခြင်း၌သုံးသောစကားဖြစ်သော်လည်း သူ၏အဖြေကိုကျွန်တော်မပြင်ပေးခဲ့ပါ။ ရက်ပ်သီချင်းရေး



သူများအတွက် "A stealer” ကသူခိုးဟူသောစကားလုံးထက်ပို၍ကာရန်ကိုက်ညီ သည် လည်းဖြစ်နိုင်သည်။

နောက်မေးခွန်းမှာ “သင့်စိတ်နှလုံးထဲမှာ တပ်မက်ဖူးသလား” “တပ်မက်တာပေါ့”ဟုပြန်ဖြေသည်။ “အိမ်ထောင်ရေးဖောက်ပြန်တာနဲ့တူတယ်လို့သခင်ယေရှုပြောခဲ့တယ်”ဟုကျွန်တော်ပြောခဲ့သည်။ ဘုရားသခင်က ကျွန်ုပ်တို့၏ အတွင်းစိတ်နှလုံးသားနှင့် အပြင်ပိုင်းသဏ္ဍာန်ကိုပါ စစ်ဆေးကြောင်းသတိရပါ။

“ဘုရားသခင်၏နာမတော်ကို အပြောင်အပြက်ပြောဖူးပါသလား" "ပြောဖူးတယ်" ဘုရားသခင်၏နာမကိုကဲ့ရဲ့သောသူကို အပြစ်ပေးတော်မူမည်။

“တစ်ယောက်ယောက်ကို ဒေါသထွက်ဖူးလား” "သေချာပေါက်ထွက်ဖူးတာပေါ့" ဟု ပြန်ဖြေသည်။ အခြေအမြစ်မရှိသော ဒေါသသည်လူသတ်မှုနှင့်တူ၏”

"သင့်အဖြေအရ ဘုရားသခင်၏စံနှုန်းများအတိုင်းသင်က လူလိမ်၊ သူခိုး၊ ဘုရားသခင်ရဲ့နာမကိုကဲ့ရဲ့သူ၊ ဓလေ့ချိုးဖောက်သူ နဲ့ လူသတ်သမားဖြစ်တယ်၊ ဒါဆိုတရားစီရင်တဲ့နေ့မှာ သင်ကအပြစ်ရှိသူ ဒါမှမဟုတ် အပြစ်မရှိသူလို့စီရင်ခံရမလား" ဟုကျွန်တော်မေးခဲ့သည်။

ကျွန်ုပ်တို့သည် လူအများအားဘုရားသခင်နှင့် လက်ဝါးကပ်တိုင်ကိုမြင်ရန် အမြဲညွှန်ပြရမည်၊သူတို့သည်ကျွန်ုပ်တို့အပေါ်မှားယွင်းသည်မဟုတ်ဘုရားသခင်၏စံနှုန်းများကို ချိုးဖောက်ခဲ့ကြောင်းသတိရစေပါ။ စိတ်ဝင်စားဖွယ်အချိန်ရောက်လာပါပြီ။ သူတို့လုပ်ဆောင်ချက်များ၏ နောက်ဆက်တွဲဆိုးကျိုးများကိုမြင်ရပြီ။ သူကနှိမ့်ချစွာနှင့် “ကျွန်ုပ်မှာသေချာပေါက်အပြစ်ရှိတယ်” ဟု ပြန်ဖြေသည်။

သို့နှင့်ကျွန်တော်ဆက်မေးသည် "ဒါဆို သင်ကကောင်းကင် ဒါမှမဟုတ် ငရဲကို သွားရမှာလား။"

“ငရဲ” ဟု ပြန်ဖြေသည်။

“ငရဲသွားရမှာက သင့်ကိုစိတ်မသက်မသာဖြစ်စေသလား” ဟုထပ်မေးပြန်သည်။ ကျွန်တော်၏မေးခွန်းသည် တစ်ယောက်ယောက်အားထိုနေ့၌ သူ၏ပျော်ရွှင်မှုကိုကျွန်တော် ဖျက်ဆီးပစ်လိုက်သည်ဟု ကျွန်တော်သိပ်စိတ်မပူပါ။ အဘယ်ကြောင့်ဆိုသော် ထာဝရအသက်ပျက်စီးခံရမည်က ပိုအရေးကြီးနေသောကြောင့်ဖြစ်သည်။ အမှန်မှာ မေးခွန်းက သူ့ကိုမဖျက်စီးစေခဲ့ပါ။ မည်သည့်နည်းဖြင့်မဆိုပညတ်တော်နှင့် အမှန်တရားများကိုသူတို့အားပေးဆောင်ရန်သာဖြစ်သည်။

Kanye က "စိတ်ကျဥ်းကြပ်ပါတယ်" ဟုပြန်ဖြေခဲ့ပါသည်။ “ငရဲမသွားဖို့ ဘာလုပ်ရမှန်း သင်သိလား။" မသိကြောင်းပြန်ဖြေသည်။ ထို့ကြောင့်ထိုအဖွဲ့ကိုကျမ်းစာမှအမှန် တရားများပိုမိုရှင်းပြခဲ့သည်။

တမန်တော်ဝတ္ထု 3:19 “ထိုကြောင့်ထာဝရဘုရားထံတော်မှချမ်းဧသောအချိန်ကာလသည်ရောက် လာ၍၊”



"ငရဲကိုသွားရမယ်ဆိုတာ သင့်ကိုစိတ်ထိခိုက်စေလား"

တမန်တော်ဝတ္ထု။ 26:20 “လူတို့သည် နောင်တရရမည်။ နောင်တရခြင်း နှင့်ထိုက်တန်သော အကျင့်ကိုကျင့်ရမည်။ ဘုရားသခင် အထံတော်သို့ ပြောင်းလဲရမည် ဟူ၍ဒမာသက်မြို့၌ ရှေ့ဦးစွာဟောပြော ပြီးလျှင်၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်အရပ်ရပ်၌နေသောသူတို့ အားငင်း၊ တပါးအမျိုးသား၊ တို့အားငင်း၊ ဟောပြော ပါ၏။”

ရောမဩဝါဒစာ 10:9–13 “အဘယ်သို့နည်းဟူမူကား၊ သင်သည်သခင်ယေရှု ကိုနှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါ နှုတ်ဖြင့် ဝန်ခံရ၏။ ကျမ်းစာလာသည်ကား၊ ထိုကျောက်ကို အမှီပြု သော သူမည်သည်ကား၊ ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသတည်း။ယုဒအမျိုး၊ ဟေလသအမျိုးကိုမရွေး၊ လူ အပေါင်းတို့ကို အစိုးရသော အရှင်တပါးတည်းရှိ၍၊ ကိုယ်တော်ကိုပဋ္ဌာနပြုသော သူအပေါင်းတို့၌ ကျေးဇူး ကြွယ်ဝတော်မူ၏။အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။

ကောရိန္သုဩဝါဒစာပဌမစောင်။ 15:3–6 “ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အားရှေ့ဦးစွာအပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်းငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ ကေဖသည် ကိုယ်တော်ကိုမြင်ပြီးမှ၊ တကျိပ်နှစ်ပါးသော သူတို့သည် မြင်ရကြ၏။ ထိုနောက် ညီအစ်ကိုငါးရာ မက၊ တပြိုင်နက် မြင်ရကြ၏။ ထိုသူတို့တွင် အများသောသူတို့သည် ယခု တိုင်အောင် အသက်ရှင်ကြသေး၏။ အချို့တို့သည် အိပ်ပျော်ကြပြီ။”



ကောလောသဲဩဝါဒစာ 1:14 “ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူး ကို ငါတို့သည် ခံရကြ၏။”

Kanye နှင့်သူ့အဖွဲ့အား အပြစ်မှနောင်တရ ပြီးခွင့်လွှတ်ခြင်းရရှိရန် ယေရှုခရစ်ကိုယုံကြည်ကိုးစားပါဟု ရိုးရှင်းလှသည့်အချက်ကိုပြောပြသည်။

နောက်ရက်တွင် ကျွန်တော်သက်သေခံခဲ့သည့်အမျိုးသား၏ အချက် အလက်များပိုမိုသိရှိရန် အင်တာနက်ထဲဝင်ရှာခဲ့သည်။ တော်တော်စိတ်ဝင်စားဖို့ကောင်းပါသည်။ Kanye သည် တစ်ချိန်ကကယ်တင်ခြင်းခံခဲ့ဖူးသည်။ ထိုအချိန်၌ ကားမတော် တဆဖြစ်ပွားမှုကိုပြင်းထန်စွာခံရပြီးခက်ခဲမှုကြုံနေရချိန်ဖြစ်သည်။ ခဏ!! ခဏလောက် ပြန်စဉ်းစားကြည့်ရအောင်။ သူ့အပြစ်ကိုဖယ်ရှားရန် မည်သို့လုပ်နိုင်မည်ကိုသူ မဖြေနိုင်ခဲ့ပါ။ နောက်တဖန်မွေးဖွားခြင်းအကြောင်းကို မသိဘဲဝိညာဥမ်ကြီးထွားနိုင်ပါ၊ သူသည် နောက်တဖန်မွေးဖွားမှုမရှိသေးပါ။ အရေးကြီးသည့်အချက်မှာ သူသည် ကယ်တင်ခြင်းမခံရသေးပါ။ လူများစွာသည် ခက်ခဲသည့်အချိန်ကို ဖြတ်သန်းရသည့်အခါ ခံစားချက်ကိုအဓိကထားကာယေရှုခရစ်တော်ကို လက်ခံရန်ဆုံးဖြတ်ကြသည်။ ခက်ခဲတဲ့အချိန်ကို ဖြတ်သန်းပြီးသည့်အခါ သူတို့၏ နေထိုင်မှုပုံစံဟောင်းအတိုင်း ပြန်ပြီးအသက်ရှင်ကြသည်။

ရှင်လုကာခရစ်ဝင် 9:62 “ယေရှုက၊ ထွန်ကိုင်းကို ကိုင်လျက်နောက်သို့ လှည့်၍ကြည့်သောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်နှင့် မထိုက်မတန်ဟု မိန့်တော်မူ၏။”

ကယ်တင်ခြင်းကိုရပြီးသောအခါ၊ ကျွန်ုပ်တို့သည် ရှေ့ကိုမျှော်ကြည့်သူဖြစ်ရမည်၊ နောက်ပြန်မကြည့်ပါ။

ကင်းစောင့်တိုင်းသည် မိမိအသက်တာကိုဆန့်ထုတ်ကာ မယုံကြည်သူများကို ဧဝံဂေလိပြုလိုစိတ်ရှိကြသည်ကိုသတိရပါ။ တံပိုးမှုတ်သောအခါ

ကြောက်ရွံ့မှုမရှိသည့် အပြင် မယုံကြည်သူများအားကယ်တင်ခြင်းရရန်မည်သို့ ခေါ်ဆောင်ရမည်ကိုသိသည်။

ရှေးဆိုရိုးစကားကြားဖူးသည်လား "Practice makes perfect" (အလေ့အ ကျင့်သည်ကျွမ်းကျင်စေသည်) ဆိုသည့်အတိုင်း ကောင်းစွာသက်သေခံနိုင်ရန်ကျွန်ုပ်တို့ လေ့ကျင့်ရမည်၊ လေ့ကျင့်ရမည်၊ လေ့ကျင့်ရမည်ကိုသတိပြုပါ။ အလေ့အကျင့် လုပ်ခြင်းသည် သင့်ကိုပြည့်စုံမှုမ ပေးနိုင်သော်လည်း အဆင်သင့်ဖြစ်စေလိမ့်မည်။



ရှေးဆိုရိုးစကား ကြားဖူးသည်လား "Practice makes perfect" (အလေ့အကျင့်သည် ကျွမ်းကျင်စေသည်) ဆိုသည့်အတိုင်းကောင်းစွာသက်သေခံနိုင်ရန် ကျွန်ုပ်တို့လေ့ကျင့်ရမည်၊လေ့ကျင့်ရမည်၊ လေ့ကျင့်ရမည်ကိုသတိပြုပါ။အလေ့အကျင့် လုပ်ခြင်းသည်သင့်ကိုပြည့်စုံမှုမပေးနိုင်သော်လည်း အဆင်သင့်ဖြစ်စေလိမ့်မည်။

တစ်ချိန်ကဘေ့စ်ဘောကစားသမားကြီး Albert Pujols ကကျွန်တော့်ကိုပြောခဲ့ဖူးသည်။ ပြိုင်ပွဲရာသီ ရပ်နားချိန်အတွင်းပင်လျှင် သူသည်ဘေ့စ်ဘောကို အကြိမ် 30,000 အထိအရိုက်လေ့ကျင့်သည်။ "သင်တကယ်လုပ်တာမဟုတ်ဘူးမလား" ဟုမေးရာသူက "အဲ့လိုတကယ်လေ့ကျင့်တယ်" ဟုဖြေသည်။ ထိုအရာသည် အလွန်ကောင်းမွန်သည့် အလေ့အကျင့်တစ်ခုဖြစ်သည်။ သူကဘေ့စ်ဘောကစားသမားကောင်းတစ်ယောက်ပါ။ ညာလက်နှင့်ဘေ့စ်ဘောရိုက်သည့် အကျော်ကြားဆုံးဘေ့စ်ဘောသမားဖြစ်ပြီး ခက်ခက်ခဲခဲလေ့ကျင့်ခဲ့ရသောကြောင့် ဤမျှနာမည် ကြီးသူဖြစ်လာသည်ကိုကျွန်တော်နားလည် သည်။ ဘေ့စ်ဘော batting အလေ့အကျင့် များအားလုံးကသူ့ကိုပြည့်စုံစေသည့်အားက စားသမားဖြစ်စေသည်မဟုတ်သော် လည်း အမြဲအဆင်သင့်ဖြစ်နေသည့် ကစားသမား ဖြစ်စေသည်။ဆက်ပြီးလေ့ကျင့်ပါ။ သင်သည် ပိုမိုကျွမ်းကျင်စွာ ဧဝံဂေလိတရားကို ဟောပြောနိုင်လိမ့်မည်။



ကင်းစောင့်များသည် သတ္တိရှိရှိနှင့်ဧဝံဂေလိတရားဝေမျှရန်အချက်နှစ်ချက်သာလိုအပ်သည်။ ၎င်းမှာအသစ်တဖန်မွေးဖွားခြင်းနှင့် အသက်ရှင်နေခြင်းဖြစ်သည်။ ယခုသင်သည် ကယ်တင်ခြင်းရရှိပြီး အသက်ရှင်နေဆဲဖြစ်လျှင်မြင့်မြတ်သော ဘုရားအတွက်ကြီးမားသည့် ဧဝံဂေလ ိဟောပြောသူဖြစ်ရန် အသင့်ဖြစ်နေပါပြီ။






# အခန်း ၅
# ဆုတောင်းခြင်းသည် ပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသည်

"ဒူးထောက်ခြင်းဖြင့်ရှေ့သို့တိုးပါ"
ဟက်ဆန် ထေလာ

**ကျမ်းစာ**ထဲတွင် "ဆုတောင်း" "ဆုတောင်းချက်" နှင့် "ဆုတောင်းခြင်း" ဟူသောစကားလုံးကို အကြိမ် ၅၀၀ကျော်တွေ့ရသည်။

ရောမသြဝါဒစာ 1:8–10 "သင်တို့၏ယုံကြည်ခြင်းအရာသည် မြေတပြင်လုံး၌ အနှံ့အပြား ကျော်စောသည်ဖြစ်၍၊ သင်တို့ အကြောင်းကြောင့် ယေရှုခရစ်အားဖြင့်၊ ငါ၏ဘုရား သခင်ကျေးဇူးတော်ကို ရှေးဦးစွာ ငါချီးမွမ်း၏။ ငါသည်သင်တို့ကို မခြားမလပ်အောက်မေ့၍ အစဉ်မပြတ်ဆုတောင်းပဌနာပြုသည်ဟု သားတော်၏ ဧဝံဂေလိတရားကို ဟောလျက်၊ အမှုတော်ကို စိတ် ဝိညာဉ်နှင့်တကွ ငါဆောင်ရွက်၍ ငါကိုးကွယ်သော ဘုရားသခင်သည် ငါ၏အသက်သေခံဖြစ်တော်မူ၏။ မကြာမမြင့်မှီ ဘုရားသခင်အလိုတော်အားဖြင့် အဆင်သင့်၍၊ သင်တို့ရှိရာသို့ ငါလာရသော အခွင့်တစုံတခုရှိပါမည်အကြောင်း ဆုတောင်းပဌာနပြု၏။"

ဤကျမ်းပိုဒ်၌ရှင်ပေါလုက ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့်ဆုတောင်းနေသည်ကို ကြည့်ကြပါစို့။ သူသည် တစ်ပါးသူအတွက် ဆုတောင်းပေးနေသည်။ "ဆုတောင်းခြင်း

သည် ဘုရားသခင်နှင့်စကားပြောခြင်းဖြစ်သည်။ ( အငယ် ၉ တွင် "ငါဆုတောင်းသောအခါ" ဟူသည်မှာ ပေါလုနှင့် ဘုရားသခင်အကြား ဖခင်တစ်ယောက်အနေဖြင့်သော်၎င်း မိတ်ဆွေအဖြစ်သော်၎င်း ရင်းနှီးသောဆက်ဆံရေးကိုပြသသည်)"

ရှင်ပေါလုသည် အရာရာတိုင်းအတွက် ဘုရားသခင်ထံဆုတောင်းခဲ့သည်။ ရှင်ပေါလု၏သဘောထားကိုသတိပြုကြည့်ပါ။ သူသည်တောင်းဆိုမှုသဘောမျိုးမဟုတ်ဘဲ ကျေးဇူးတရားကိုအမြဲသတိရပြီး ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် ဘုရားသခင်၏ဆန္ဒနှင့်ကိုက်ညီပြီး ယေရှုနာမဥ္စဆုတောင်း ခြင်းဖြစ်ရမည်။

ကင်းစောင့်များအနေဖြင့် ကယ်တင်ခြင်းမရသေးသူများ၏ဝိညာဉ်များအတွက် ဆုတောင်းခြင်းဖြစ်ရမည်။

တိမောသေသြဝါဒစာပဌမစောင် 2:3–4 "အကြောင်းမူကား၊ ထိုသို့သော အမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကိုကယ်တင်တော်မူသော အရှင်ဘုရားသခင်နှစ်သက် တော်မူသောအမှုလည်းဖြစ်၏။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော် ရှိ၏။"

ကယ်တင်ခြင်းမခံရသေးသော အမျိုးသား၊ အမျိုးသမီးများအတွက် အချိန်မနှောင်းခင်ဧဝံဂေလိတရားကြားသိရန်နှင့် ခရစ်ယာန်များသာ၍အမှုတော်ဆောင်ကြရန် ကျွန်ုပ်တို့ဆုတောင်းသင့်သည်။

ရှင်မဿဲခရစ်ဝင် 9:37–38 "ထိုအခါ ကိုယ်တော်က၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏။"

ဆုတောင်းခြင်းသည်ပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသည် ဟူသောစကားလုံးကို သင့်နှလုံးသားထဲ၌ဆွဲမြဲစေချင်သည်။



ကောရိန္သုသြဝါဒစာဒုတိယစောင် 1:8–11 "ညီအစ်ကိုတို့၊ အာရှိပြည်၌ငါတို့ခံရသောဆင်းရဲခြင်းတည်းဟူသော အသက်မလွတ်နိုင်ဟု ထင်ရ၍၊ မခံနိုင်အောင်အတိုင်းထက်အလွန်လေးသော ဆင်းရဲခံရကြောင်းကို သင်တို့မသိဘဲ နေစေခြင်းငှါ ငါတို့ အလိုမရှိ။ ငါတို့သည်မိမိကိုယ်ကိုအစဉ်မကိုးစားဘဲ၊ သေသောသူတို့ကို ထမြောက်စေတော်မူသော ဘုရားသခင်ကို ကိုးစားမည်အကြောင်း သေစေဟုစီရင်ခြင်းကို ကိုယ်တိုင်ခံရ သကဲ့သို့ဖြစ်၏။ ထိုဘုရားသခင်သည် ငါတို့ကိုထိုမျှလောက် ကြီးစွာသော သေဘေးမှ ကယ်လွှတ်တော်မူပြီ။ ယခု၌လည်း ကယ်လွှတ်တော်မူသေး၏။ သင်တို့သည်ကူညီ၍ ငါတို့အဘို့ဆုတောင်းလျှင်၊ နောက်၌လည်း ကယ်လွှတ်တော်မူလတံ့ဟု ငါတို့သည် ယုံကြည်မျှော်လင့်ခြင်းရှိ၏၊ ထိုသို့ဖြစ်လျှင် အများသော သူတို့သည် ကူညီသောအားဖြင့် ငါတို့၌ ရောက်သော ကျေးဇူးကို အများသောသူတို့သည်ထောက်၍ ငါတို့အတွက်ကျေးဇူးတော်ကို ချီးမွမ်းကြလိမ့်မည်။"

ဘုရားသခင်သည် သူ့လူများ၏ဆုတောင်းချက်များကို ဖြေကြားလိမ့်မည်။ ထိုဆုတောင်းချက်သည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီလျှင် ကိုယ်တော်ဖြေကြားပေးလိမ့်မည်။ လုံးဝရှုပ်ထွေးမှုမရှိပါ။ ဘုရားသခင်ထံမှ အဖြေသည် ကျွန်ုပ်တို့၏ အချိန်ဘောင်၌ရှိချင်မှရှိမည် သို့မဟုတ် ကျွန်ုပ်တို့၏လိုအင်ဆန္ဒနှင့် ကိုက်ချင်မှကိုက်မည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၌ ယုံကြည်စိတ်ချမှုအပြည့်အဝရှိခြင်းလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်၏အလိုတော်အလုံးစုံကို ကျွန်တော်တို့မသိနိုင်ပါ။ တစ်ယောက်ယောက်ကို ထောင်ထဲ၌ကြာမြင့်စွာနေစေခြင်းက ကျွန်တော်တို့နားမလည်သေးသော်လည်း ဘုရားသခင်၏ရည်ရွယ်ချက်ကြီးတစ်ခုရှိလိမ့်မည်။ ဘုရားသခင်သည် ဖျားနာသူအချို့ကို ကုသပေးတော်မမူဘဲ အချိန်အတော်ကြာထားခြင်းက ဆရာဝန်များနှင့်သူနာပြုများအား ထိုလူနာမှတဆင့်သခင်ယေရှုကို သိစေလိုခြင်းဖြစ်လိမ့်မည်။ အလုပ်ရရန်ဆုတောင်းချက်ကို ဘုရားသခင်အဖြေမပေးသေးခြင်းသည် အလုပ်၏ဝန်ထုပ်ဝန်ပိုးများမှအနားယူရန် ၊ မိသားစုအတွက်သာ၍အချိန်ပေးရန်၊ ခရီးထွက်ပြီး လူအများနှင့်တွေ့ဆုံကာ မယုံကြည်သူများအား ဧဝံဂေလိဝေငှစေလိုသော အလိုတော်ရှိခြင်းပင်ဖြစ်သည်။

မေးခွန်းမှာ ထိုအချိန်၌ သင်သည်ဘုရားသခင်ကိုစိတ်ချယုံကြည်ပါသလား။ ကျွန်ုပ်တို့သတိထားရမည်မှာ ကျွန်ုပ်တို့၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းမှုမရှိခြင်းသည် ကျွန်ုပ်တို့ကိုယ်တိုင်ကတားဆီးနေခြင်းလည်းဖြစ်စေနိုင်သည်။

ရှင်ယာကုပ်ဩဝါဒစာ 4:3 "ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာတို့ရှိစေခြင်းငှါ၊ အလွဲတောင်းသောကြောင့်မရကြ။"

တကိုယ်ကောင်းဆန်သောတောင်းဆိုမှုသည် ဘုရားသခင်၏စိတ်တော်ကို မတို့ထိစေပါ။

ဟေရှာယအနာဂတ္တိကျမ်း 59:1–2 "ကြည့်ရှုလော့။ ထာဝရဘုရားသည်မကယ်မတင် နိုင်အောင် လက်တော်တိုသည်မဟုတ်။ မကြားနိုင်အောင် နားတော်ထိုင်းသည်မဟုတ်။ သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။"

အပြစ်၌အသက်ရှင်သောအသက်တာသည် ဘုရားသခင်၏မျက်နှာတော်ကိုလွှဲစေပြီ။ ဤကျမ်းပိုဒ်၌ ဖော်ပြသည့် နောက်ကွယ်မှအကျိုးသက်ရောက်မှုများကို လေ့လာကြပါစို့။

ဟေရှာယအနာဂတ္တိကျမ်း 1:15 "သင်တို့သည်လက်ဝါးတို့ကို ဖြန့်ကြသောအခါ၊ ငါသည်မျက်စိကိုလွှဲမည်။ များစွာသော ပဌနာကို ပြုကြသောအခါ၊ ငါသည် နားမထောင်။ သင်တို့လက်တို့ သည် အသွေးနှင့် ပြည့်ကြ၏။"

ကျွန်ုပ်တို့၏အသက်ရှင်လျှောက်လှမ်းခြင်းနှင့်ပတ်သက်၍ ဘုရားသခင် စိတ်ဝင်စားပါသည်။ ကိုယ်တော်သည် ကောင်းကင်တွင်စျေးရောင်းသည့် အော်တိုစက်ကြီးမဟုတ်၊ ခလုတ်တစ်ခုကိုနှိပ်လိုက်သည်နှင့် ကျွန်ုပ်တို့တောင်းသမျှကို ကောင်းကင်မှချပေးခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏အသက်တာလျှောက်လှမ်းခြင်း၊ ကျွန်ုပ်



တို့၏အတွေးများနှင့် စိတ်ခံစားမှုများကိုပါ ကိုယ်တော်ဂရုစိုက်သည်။ ထို့ပြင် ဖရိုဖရဲဖြစ်နေသောဤကမ္ဘာ၌ ဘုရားသခင်၏ကိုယ်စားအမှုတော်ကို ဆောင်ရွက်မည်လားဟု ကိုယ်တော်ဂရုစိုက်ပါသည်။

သင်သည် ဘုရားသခင်၏လမ်းစဉ်မှ ထွက်သွားပါက နောင်တရပြီး ကျဉ်းမြောင်းသောလမ်းပေါ် ပြန်လာနိုင်သည်ကို သတိရပါ။

ဆာလံကျမ်း 32:5 "တဖန်အကျွန်ုပ်သည် ကိုယ်အပြစ်ကိုရှေ့တော်၌ ဝန်ချပါ၏။ ပြုမိသော ဒုစရိုက်ကို ဖုံး၍မထားပါ။ ငါလွန်ကျူးသောအရာကို ထာဝရဘုရားအား ဘော်ပြတောင်းပန်မည်ဟုပြောဆိုသောအခါ၊ ကိုယ်တော်သည် အကျွန်ုပ်ပြစ်မှားခြင်းအပြစ်ကို လွှတ်တော်မူ၏။"

ရှင်ယာကုပ်ဩဝါဒစာ 4:8 "ဘုရားသခင်၌ချဉ်းကပ်ကြလော့။ သို့ပြုလျှင်၊ သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို စင်ကြယ်စေကြလော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို သန့်ရှင်းစေကြလော့။"

ဤလောကတွင်ဖြတ်သန်းစဉ် သင့်ပတ်ဝန်းကျင်၌ ယုံကြည်ခြင်းကြီးရင့်သူ၊ ဘုရားသခင်ကိုချစ်သောသူ၊ ဘုရားသခင်အတွက်သာအသက်ရှင်သူ၊ ဧဝံဂေလိဟောပြောသူ၊ ဘုရားသခင်နောက်လိုက်ရာ၌မတွန့်ဆုတ်သူ စသည့်ယုံကြည်သူများရှိရန် အလွန်အရေးကြီးပါသည်။သူတို့သည်အဆုံး၌ဘုရားသခင်၏လမ်းသို့လှပစွာဝင်ရောက်မှုကိုကျွန်တော်တို့ စောင့်ကြည့်နိုင်ပါသည်။ အသက်ငယ်ရွယ်ချိန်ဘုရားသခင်ကိုစွန့်ပစ်မှုမရှိလျှင် အသက်ကြီးရင့်ချိန်၌ဘုရားလမ်းစွန့်ပစ်ရန်အခွင့်နဲပါသည်။

ကျွန်တော့်မှာအသက်ခုနစ်ဆယ်ကျော်သည့် သူငယ်ချင်းနှစ်ယောက်ရှိသည်။ သူတို့သည်ဘုရားသခင်ကို ယုံကြည်သောသူဖြစ်ပြီး၊ ကျွန်ုပ်အတွက် အလေးစားဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဘုရားသခင်အတွက် အသက်ရှင်ခြင်းပုံစံ၊ ဇနီးမယားနှင့်မိသားစုကိုဆက်ဆံပုံ၊ မယုံကြည်သူများအားဧဝံဂေလိတရားဟောပြောပုံ စသည်တို့သည် ကျွန်ုပ်၏အသက်တာအပေါ် ကြီးမားသောဩဇာသက်ရောက်မှုရှိခဲ့သည်။ သူတို့ထဲမှ

တစ်ယောက်မှာ ဒေါက်တာ ဂျော့ပ် မာသင် (W evolutionofacreationist .com) ဖြစ်သည်။ ဒေါက်တာ Martin သည်ကျွန်တော့်အား ဖုန်းဖြင့်ဖြစ်စေ၊ တွေ့ဆုံခြင်းဖြင့် ဖြစ်စေမိတ်သဟာယဖွဲ့စဥ် စကားဝိုင်းသို့မဟုတ်နိဂုံးချုပ်ဆုတောင်းချက်တွင် ကောလောသဲ 1:10 ကိုကိုးကားဆုတောင်းလေ့ရှိသည်။




ဤလောကကိုဖြတ်သန်းစဉ်သင်၏ယုံကြည်ခြင်းထက်ရင့်ကျက်သည့်အခြားယုံကြည်သူသည်သင့်ပတ်ဝန်းကျင်တွင်ရှိနေရန်အရေးကြီးပါသည်။ ဘုရားသခင်ကို ချစ်သောသူ၊ ကိုယ်တော်အတွက်အသက်ရှင်သူ၊ ဇေံဂေလိဟောသူ....

ကောလောသဲဩဝါဒစာ 1:10 "ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့သည် ကောင်းသောအကျင့်အမျိုးမျိုးတည်း ဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကိုသိသော ဥာဏ်တိုးပွါးခြင်းရှိသဖြင့် ၎င်း၊ ဝမ်းမြောက်သောစိတ်နှင့် အရာရာ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလို၄၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့် ပြည့်စုံသဖြင့်၎င်း၊"

ဘုရားသခင်နှင့်နှစ်ပေါင်းများစွာလျှောက်လှမ်းခဲ့သောဒေါက်တာမာသင်၏အတွေ့အကြုံအရ ဝိညာဥတ်စ်ဖန်မွေးဖွားသောသူသည် မှန်ကန်သောနည်းလမ်းဖြင့် အသက်ရှင်နေထိုင်ရန်များစွာလိုအပ်သည်။ အပြောနှင့်အလုပ်မကိုက်ညီခြင်းသည် ခရစ်ယာန်အသက်တာရင့်ကျက်ခြင်းကို တားဆီးလိမ့်မည်။ ကြာရှည်မခံပါ။ သင်၏ဆုတောင်းချက်များကိုလည်း အတားအဆီးဖြစ်စေပါသည်။ ကင်းစောင့်တာဝန်ရထားသည့်ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ အကောင်းဆုံးအသက်ရှင်လျှောက်လှမ်းရမည်ဖြစ်သည်။

တစ်ခါက အီလီနွိုက်ပြည်နယ် ရော့ဖော့မြို့တွင်စနေနေ့၌ စည်းဝေးကြီး၏နောက်ဆုံးဟောပြောပွဲအပြီးတွင် ကျွန်တော်တို့အုပ်စုကြီးသည် ထမင်းအတူစားရန်ထွက်ခဲ့ကြသည်။ ကျေးဇူးတော်ချီးမွမ်းခြင်းနေ့မတိုင်မီဖြစ်ပြီး ပိတ်ရက်လည်းဖြစ်သောကြောင့် မိတ်သဟာယဖွဲ့ရန် အလွန်သင့်လျော်လှပါသည်။ စားသောက်ဆိုင်မှလူသုံးဆယ်ထိုင်ရန်စားပွဲရှည်ကြီးတစ်ခုကိုစီစဉ်ပေးသည်။ ထမင်းမစားခင်အစည်းအဝေးစီစဥ်သည့်မန်နေဂျာကို “ကျွန်ုပ်တို့အားလုံးအတွက် ဆုတောင်းပေးပါဦး” ဟုကျွန်တော်ပြောသည်။ “ကျေးဇူးပြုပြီးကျွန်ုပ်တို့အတွက် ဆုတောင်းပေးပါ” ဟုသူပြန်ပြောသည်။ ကြည့်ပါ၊ ကင်းစောင့်တစ်ဦးအနေဖြင့် သင်သည်လူအများ၏သတိပြုခြင်းအတွက် စိုးရိမ်စရာမလိုပါ။ စစ်မှန်သည်“ပစ်မှတ်"မှာ ဘုရားသခင်အတွက် ကြီးမားသည့်အရာပြုလုပ်ခြင်းပင်ဖြစ်သည်။ "ရပါတယ်" ဟုကျွန်တော်က အစည်းအဝေးစီစဥ်သူကိုပြောပါ



သည်။ အနည်းငယ်စိတ်လှုပ်ရှားမိသည်၊ ကျွန်တော်မတ်တပ်ရပ်ပြီး ကျွန်တော်တို့၏အစားအစာအတွက်ကျေးဇူးတော်ချီးမွမ်းခြင်းဆုတောင်းကြပါစို့ ဟုဆိုကာဆုတောင်းအစပြုသည်။ ကျွန်တော်စ၍ဆုတောင်းသော် စားသောက်ဆိုင်ကတိတ်ဆိတ်လာသည်။ ထို့ကြောင့်စားသောက်ဆိုင်အတွင်းမှ လူများအတွက်နှင့်သူတို့မိသားစုများအတွက်ပါဆုတောင်းပေးခဲ့သည်။ လူတိုင်းသည် ဘုရားသခင်အားဖြင့် လုံးဝပြီးပြည့်စုံပြီးဖြစ်၍ကိုယ်တော်၏ကျေးဇူးတော်ကို ခံထိုက်ပေသည်။ သူတို့၌ကောင်းသောပိတ်ရက်ရှိပါစေဟု ဆုတောင်းပေးပြီး ယေရှုခရစ်၏နာမတော်နှင့်အဆုံးတတ်ပါသည်။ ဆုတောင်းပြီးအဆုံး၌ ထမင်းစားခန်းထဲတွင်စကားစမြည်သံတဖြည်းဖြည်းပြန်ကျယ်လာပြီး ပုံမှန်ပြန်ဖြစ်လာသည်။ ထမင်းစားခန်း စားပွဲကိုကျော်ပြီး လှမ်းကြည့်လိုက်ရာသက်ကြီးရွယ်အို စုံတွဲတစ်တွဲထိုင်နေပြီး ကျွန်တော့်ကို ဘာမှန်းမသိဘဲစိုက်ကြည့်နေသည်ကို တွေ့လိုက် ရသည်။ သို့နှင့်ကျွန်တော်က ထကာသူတို့စားပွဲဆီသို့သွားထိုင်လိုက်သည်။ နည်းနည်းထူးဆန်းနေသည် ကိုကျွန်တော်သိ သည်။ သို့သော်သူတို့ဘာကြောင့် ဤမျှလောက် စိုက်ကြည့်နေသည်ကိုကျွန်တော် သိချင်သည်။ ကျွန်ုပ်တို့စကားပြောစပြုသောအခါ သူတို့သည် တင်းကြပ်သော ဘုရားကျောင်းလူထေရန်အသင်းတော်မှကြီးပြင်းလာသည်ဖြစ်၍ ထိုကဲ့သို့ဆု တောင်းခြင်းကိုတခါမျှမမြင်ဖူးသောကြောင့်အံ့ဩနေကြသည်ဟုသိရသည်။ ထို့ကြောင့် ယေရှုခရစ်တော်အကြောင်းပြောပြခဲ့သည်။ ကျွန်တော်သည် သူတို့ဖတ်ရန်တစ်ခုခုပေးခြင်းအားဖြင့် ကောင်းကြီးပြုခဲ့သည်။




အပြောနှင့်အလုပ်မကိုက်ညီခြင်းသည် ခရစ်ယာန်အသက်တာရင့်ကျက်ခြင်းကို တားဆီးလိမ့်မည်။ကြာရှည်မခံပါ။ ကင်းစောင့်တာဝန်ရထားသည့် သင်၏ဆုတောင်းချက်များကိုလည်း အတားအဆီးဖြစ်စေပါသည်။

ထိုညနေက အစည်းအဝေးပြီးသောအခါ စားပွဲထိုးတစ်ယောက် ကျွန်တော့်စားပွဲဆီသို့ လျှောက်လာသည်။ ကျွန်တော်တို့ထိုင်သောစားပွဲတွင် သူမတာဝန်မကျပါ၊ သို့သော်ဆုတောင်းစပြုအချိန်မှာ သူမကလမ်းလျှောက်လာချိန်နှင့်ကြုံ၍ရပ်နားထောင်ဖြစ်သည်။ "wow ! ဤအရာကြည့်ခြင်းအားဖြင့် ကိုယ်တော်၏နာမ၌

ကျွန်ုပ်တို့အမြဲဆုတောင်းသင့်သည်ဖြစ်သည်။ ကိုယ်တော်၏နာမသည် လူအများအား ဘုရားသခင်အကြောင်းကို စပြီးတွေးစေသည်။

ဖိလိပ္ပိသြဝါဒစာ 2:6–11 "ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ် သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါ တည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟုနှုတ်နှင့် ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း။"

သခင်ယေရှုတစ်ပါးတည်းသာလျှင် ကင်းစောင့်များ၏အသနားခံဆုတောင်းချက်ကို ဖြည့်ဆည်းပေးလိမ့်မည်။ ထို့ကြောင့် ကင်းစောင့်သည် ယေရှု၏နာမကို ဖော်ပြရမည်၊ ဝေံဂေလိတံပိုးမှုတ်သောအခါ ယေရှုနာမတော်တစ်ပါးတည်းသာ ကြွေးကြော်ရမည်။

ဆာလံကျမ်း 4:1 "အကျွန်ုပ်ကိုဖြောင့်မတ်စေတော်မူသော ဘုရား၊ အကျွန်ုပ်ခေါ်သောအခါ နားထောင်တော်မူပါ။ အကျွန်ုပ် သည်ဆင်းရဲစဉ်တွင် ကိုယ်တော်သည် ချမ်းသာပေးတော် မူပါပြီ။ ယခုလည်းသနား၍ အကျွန်ုပ်၏ ပဋ္ဌနာစကား ကို နားထောင်တော်မူပါ။"



ဆာလံကျမ်း 5:3 " အိုထာဝရဘုရား၊ နံနက်အခါ အကျွန်ုပ် စကားသံကို ကြားတော်မူရပါ၏။ နံနက်အခါကိုယ်တော် ကို မျက်မှောက်ပြု၍ မြော်လင့်ပါမည်။"

ဆာလံကျမ်း 39:12 "အိုထာဝရဘုရား၊ အကျွန်ုပ်ဆုတောင်းခြင်း ပဋ္ဌနာကို ကြားတော်မူပါ။ အကျွန်ုပ်အောဟစ်သော အသံကို နားထောင်တော်မူပါ။ အကျွန်ုပ်မျက်ရည်ကို ကြည့်၍ နေတော်မမူပါနှင့်။ ဘိုးဘေးအပေါင်းတို့သည် ဖြစ်ဘူးသကဲ့သို့၊ အကျွန်ုပ်သည် ရှေ့တော်၌ဧည့်သည် အာဂန္တုဖြစ်၏။"

ဆာလံကျမ်း 64:1 "အို ဘုရားသခင်၊ အကျွန်ုပ်ဆုတောင်းသော စကားသံကို နားထောင်၍ အကျွန်ုပ်အသက်ကို ရန်သူဘေးမှ ကွယ်ကာစောင့်မတော်မူပါ။"

သုတ္တံကျမ်း 15:8 "မတရားသောသူ ပူဇော်သောယဇ်ကို ထာဝရ ဘုရားစက်ဆုပ် ရွံရှာတော်မူ၏။ သဘောဖြောင့်သောသူ ဆုတောင်းသော ပဋ္ဌနာကိုကား၊ နှစ်သက်တော်မူ၏။"

ရာဇဝင်ချုပ်ပဋ္ဌမစောင် 4:10 "ယာဗက်ကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို အစဉ်ကောင်းကြီးပေး၍၊ အကျွန်ုပ်နေရာကို ကျယ်ဝန်း စေတော်မူပါ။ အကျွန်ုပ်သည် ဘေးဥပဒ်အနှောင့် အရှက်နှင့်ကင်းလွတ်ပါမည်အကြောင်း၊ လက်တော်သည် အကျွန်ုပ်ဘက်၌နေ၍ ကွယ်ကာစောင့်မတော်မူပါဟု ဣသရေလအမျိုး၏ ဘုရားသခင်အား ဆုတောင်းတတ်၍၊ တောင်းသောဆုကို ဘုရားသခင်ပေးသနားတော်မူ၏။"

The Prayer of Jabez (ယာဗက်၏ဆုတောင့်သံ) စာအုပ်ကို လူတိုင်းမှတ်မိမည်ဟုထင်သည်။ လူအတော်များများနှစ်သက်သည့်စာအုပ်ဖြစ်သည်။ တနေ့၌တီးဝိုင်းကျင်းပပွဲတွင် ဗုဒ္ဓအမျိုးသားတဦးကို ဧဝံဂေလိဝေငှခဲ့သည်။ သူသည် ယာဗက်၏ဆုတောင်းသံအတိုင်းလိုက်၍ ဆုတောင်းခြင်းသည် အလွန်ကောင်းသည်

ဟုဆိုသည်။ ဤအချက်ကြည့်ခြင်းအားဖြင့် သူသည်ဆုတောင်းချက်ကို ဂါထာရွတ် သကဲ့သို့သာရွတ်ခြင်းဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး လူအများမသိသော အချက်တစ်ခုမှာ ကျမ်းစာတွင်ရေးသားထားသော ယာဗက်ဆုတောင်းသံ၏အရှေ့တွင် ပါဝင်သည့်အကြောင်းအရာဖြစ်ပါသည်။

ရာဇဝင်ချုပ်ပဌမစောင် 4:9 "ထိုအဆွေအမျိုး၌ ယာဗက်သည် ထူးဆန်းသော သူဖြစ်၏။ သူ၏အမိက၊ ငါသည်ပြင်းစွာသော ဝေဒနာကို ခံ၍ ဤသားကို မြင်ရပြီဟုဆိုလျက်၊ ယာဗက်အမည်ဖြင့် မှည့်၏။"

ယာဗက်သည်သူ၏မောင်နှမများထက် ပို၍ဂုဏ်သရေရှိသည်။ သူသည်ဘုရားသခင်အားလေးစားသောသူဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ကသူ့ကို ကောင်းကြီးပေးသည်။ တခါတရံတွင် ကျွန်ုပ်တို့သည်ဘုရားသခင်ထံမှကောင်းကြီးရလိုသည်။သို့သော်ကိုယ်တော်၏အလိုတော်အတိုင်းလိုက်လျောက်ခြင်းမရှိပါ။ ကျွန်တော်သည်ဘုရားသခင်ထံမှ မျက်နှာသာရရန်မသင့်လျော်ပါ ၊ အပြစ်သားဖြစ်၍ ငရဲသွားသင့်သည်။သို့သော်ဘုရားသခင်က ကျွန်တော့အားမျက်နှာသာပေးခြင်းသည် ကျွန်တော့် အတွက်အမြဲနှိမ့်ချသည့်စိတ်ရှိစေသည်။



ယာဗက်သည်သူ၏မောင်နှမများထက် ပို၍ဂုဏ်သရေရှိသည်။ သူသည် ဘုရားသခင်အားလေးစားသောသူဖြစ်သည်

ကျွန်တော်တို့သည်ကျေးဇူးတော်ချီးမွမ်းခြင်းနေ့တွင် အမေကမိသားစုအတွက် အစားအစာမလုပ်ဖြစ်လျှင် နှစ်တိုင်းစားနေကျစားသောက်ဆိုင်မှာဘူးဖေးသွားစားကြသည်။ စားသောက်ဆိုင်တွင်တန်းစီနေစဉ်သတ္တုပြားပေါ်မှာ စစ် ID တံဆိပ်နှင့် နာမည်ပါသည့် ဆွဲကြိုးကိုဝတ်ထားသည့် အမျိုးတမီးတစ်ယောက်ကို သတိထားမိသည်။ ကျွန်တော်သူမဆီလျောက်သွားပြီး သူမ၏သားကတပ်သားလားဟု မေးသော်



သူမက "ဟုတ်တယ်"ဟုဖြေသည်။ “သူသေဆုံးသွားပြီမဟုတ်လား” သူမကဟုတ်တယ်ဟုပြန်ဖြေပါသည်။ “ဒီဖြစ်ရပ်ကယုံကြည်ခြင်းအတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိပါသလဲ" သူမက “အဖြစ်ဆိုးတွေကြုံလာတာနဲ့ ရွေးချယ်ဖို့လမ်းနှစ်သွယ်ရှိပါတယ်၊ ဘုရားသခင်ဆီ လှည့်လာမလား ဒါမှမဟုတ် ဘုရားသခင်ဆီကနေလှည့်ထွက်သွားမလား ဆိုတာဘဲ” ဟုသူမပြောသည်။ “ဒါနဲ့သင်က ဘယ်ဖက်ကိုဦးတည်လိုက်တာလဲ” ကျွန်တော်တို့၏စကားဝိုင်းက အလွန်စိတ်ဝင်စားစရာကောင်းပါသည်။ သူမသည် ယုံကြည်ခြင်းပြင်းထန်သော မိခင်တစ်ဦးဖြစ်သည်။ သူ့သားက အီရတ်ကိုသွားစဉ်ကယ်တင်ခြင်းမရသေးပါ၊ သူမသည်သားဖြစ်သူအတွက်ထပ်ခါထပ်ခါ ဆုတောင်းပေးသည်။ အခါအားလျော်စွာသူသားထံမှ စာစောင်ကိုမကြာမကြာရပါသည်။ နောက်ဆုံးစာတစ်စောင်၌ သူ့သားကိုထပ်မတွေ့ရတော့ပါ ဟုသူမသိလိုက်သည်။ သားဖြစ်သူက မကြာခင်သေရတော့မည် ဟုသူ့ မိခင် အားပြောသည်။ "ဒါပေမဲ့ဘာမှမဖြစ်ဘူး ဘာကြောင့်လဲဆိုတော့ သားကဘုရားကို သိပြီး အမှုတော်ထမ်းဆောင်နေတယ်" ဟုပြော သည်။ နောက်ဆုံး၌ သားဖြစ်သူ၏သတင်းကို တံခါးခေါက်သူထံမှကြားသိရသည်မှာ သူမ၏သား တိုက်ပွဲ၌ သေဆုံးသွားပြီဖြစ်ကြောင်း သိရသည်။ သူမသည်အလွန်ထူးခြားသည့်အမျိုးသမီးတစ်ဦးဖြစ်သည်။ ကျွန်တော်သူမနှင့် စကားပြောခဲ့ရသည်မှာ အမှန်ပင် ကောင်းကြီးခံစားရပါသည်။ ထို့အပြင် ဘုရားသခင်သည်မိခင်ဖြစ်သူများ၏ဆုတောင်းချက်ကို နားထောင်ပြီး အဖြေပေးကြောင်းတွေ့ရှိစေသည်။



အဖြစ်ဆိုးတွေကြုံလာတာနဲ့ ရွေးချယ်ဖို့လမ်းနှစ်သွယ်ရှိပါတယ်၊ ဘုရားသခင်ဆီလှည့်လာမလားဒါမှမဟုတ် ဘုရားသခင်ဆီကနေလှည့်ထွက်သွားမလားဆိုတာဘဲ

ကျွန်တော်၏ခရီးစဉ်တိုင်း၌ဘုရားသခင်ပြင်ဆင်ပေးသည့်စားသောက်ဆိုင်ကို သွားနိုင်ပါစေဟုအမြဲဆုတောင်းသည်။ အိုင်အိုဝါမြို့တွင် လူညွန်းများသည့်စားသောက်ဆိုင်တစ်ဆိုင်ကိုလျှောက်သွားဖြစ်သည်။ လူများလွန်း၍ တန်းစီရသည်မှာအလွန်ရှည်နေသည်။ ကျွန်တော်က အရမ်းစိတ်မရှည်သည့်သူဖြစ်သောကြောင့် တခြားစားသောက်ဆိုင်ကိုရှာကြည့်သည်။ အကြံပေးသူကဤနေရာ၏နောက်တလမ်းမှ စားသောက် ဆိုင်တစ်ဆိုင်ကိုညွန်းသောကြောင့်လှမ်းဝင်လိုက်ရာ စားပွဲကိုချက်ချင်းရလိုက်သည်။ အစားစားနေစဉ် မန်နေဂျာကကျွန်တော့စားပွဲကို ခဏခဏလာကြည့်သည်။ သို့နှင့်ကျွန်တော် သူ့ကိုမေးခွန်းများစမေးရာ သူကငယ်စဉ်တွင်နွေရာသီစခန်း၌ နှောက်ယှက်ခံခဲ့ရဖူးသည်ဟု ပြောပါသည်။ အမှုကိုတရားရုံးတွင်လျင်မြန်စွာ

အဆုံးသတ်နိုင်ခဲ့ပြီး သက်သေပြရန် လေးထောင့်ဘောင်မှန်ခတ်သည့်နေရာသို့သွားကာ သူ့အားနှောင့်ယှက်သူကို ထောက်ပြရသည်။ ဤအမှုကိုပို၍လျှင်မြန်စွာထုတ်ဖော်နိုင်ခဲ့လျှင် အခြားကောင်လေးများကို သူကကူညီပေးနိုင်မည်။ ဤအမှုနှင့်ပတ်သက်သည့် စိတ်ပိုင်းဆိုင်ရာဒဏ်ရာများအပြင် သူ၏လက်ရှိဇနီးတွင် ရှစ်နှစ်သားလေးတစ်ယောက်ရှိကြောင်း၊ တစ်နေ့တွင် သားဖြစ်သူ၏ဖခင်အရင်းသည် အိမ်သို့လာ၍ ကလေးအား သေနတ်နှင့်ပစ်သတ်သောကြောင့် ကလေးသေဆုံးခဲ့ကြောင်းပြောပြသည်။ စကားစမြည်ပြောရာတွင် ဧဝံဂေလိမဟောပါက သင့်ဘဝတွင်ပျောက်ဆုံးသွားမည့် အရာတစ်ခုမှာ ပိုမိုကျယ်ပြန့်နက်ရှိုင်းသော အမြင်နှင့်နားလည်မှုရရှိခြင်းပင်ဖြစ်သည်။ ဤအဖြစ်အပျက်များ ကို ဖြတ်သန်းခဲ့သည့် မိုက်ခ် ကဲ့သို့လူမျိုးနှင့်တွေ့သောအခါ ကျွန်တော့်ဘဝက ကြီးမားသည့်အခက်အခဲမရှိ အလွန်ရိုးရှင်းနေပါသည်။ သို့သော် မိုက်ခ်ကဲ့သို့ မကြုံတွေ့ရခြင်းကြောင့်လည်းဘုရားသခင်ကိုကျေးဇူး တင်ပါသည်။ ထူးဆန်းသည်မှာ ယေရှုခရစ်အကြောင်း ကိုသူလက်ခံသည်။ နာကျည်းချက်ရှိနိုင်သေးသည်ဟု ထင်သော်လည်း သူ့မှာနာကျည်းမှုခံစားချက်မရှိပါ။ ဤအရာသည် ဘုရားပြင်ဆင်ထားသည့် စားသောက် ဆိုင်ကို သွားခွင့်ရရန် ကျွန်တော့်ဆုတောင်းချက်ကို ဘုရားသခင်နားညောင်းခဲ့ခြင်းဖြစ်သည်။ အကယ်၍ပထမဆုံး စားသောက်ဆိုင်သွား ဖြစ်လျှင် မိုက်ခ်နှင့်တွေ့ရမည်မဟုတ်ပါ။ တစ်နှစ်လောက်ကြာသော် ထိုမြို့ကိုကျွန်တော်ပြန်သွားဖြစ်သည်။ ယခင်ကစားသောက်ဆိုင်ကို ပြန်သွားပြီးယခင်ကတွေ့ခဲ့ဖူးသည့်လူသုံးယောက်နှင့်တွေ့သည်။ ယခင်နှစ်က ပြောဆိုဖြစ်သည့် မိုက်ခ် နှင့်ထပ်မံပြော ဆိုဖြစ်သည်။ သူ၏စားသောက်ဆိုင်တွင် အတော်ကြာစကားပြောဖြစ်၍ ဘုရားသခင်၏မေတ္တာတော်သည် သူ့အပေါ်ကြီးမားလှကြောင်းတွေ့ရပါသည်။



စကားစမြည်ပြောရာတွင်ဧဝံဂေလိမဟောဖူးပါက သင့်ဘဝတွင် ပျောက်ဆုံးသွားမည့်အရာတစ်ခုမှာ ပိုမိုကျယ်ပြန့်နက်ရှိုင်းသောအမြင်နှင့် နားလည်မှုရရှိခြင်းပင်ဖြစ်သည်။

ဖိစဘုတ်မြို့၌ သောကြာညနေခင်းမှာ ညစာစားရန်ဈေးဝယ်စင်တာအနီးမှ စားသောက်ဆိုင်ရှာရသည်မှာ မလွယ်လှပါ။ ကျွန်တော်နှင့်သူငယ်ချင်းများသွားခဲ့သည့် ပထမဆုံးဆိုင်သုံးဆိုင်မှာလူများပြည့်ကျပ်နေသည်။ ထို့ကြောင့် စတုတ္ထစားသောက်ဆိုင်ကိုသွားသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဂျိန်နီ ခါရီနိုဆိုင်တွင် ထိုညမှာဧည့်သည် များများစားစားမရှိခဲ့ပါ။ ဧည့်ကြိုသူနှင့်စကားစမြည်ပြောဖြစ်ပြီး စိတ်ဝိညာဉ်



ရေးရာအကြောင်းပြောရသည်မှာလည်း အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ထို့နောက် မန်နေဂျာကပါ ဝင်ရောက်ပြောဆိုဖြစ်သောကြောင့် အလွန်စိတ်လှုပ်ရှားစရာဖြစ်လာသည်။ ဂြင်းသည်အလွန်ပွင့်လင်းပြီး မေးခွန်းကောင်းများစွာကိုမေးခဲ့သည်။ သူမက "ကျွန်မအမေက သင့်ကိုသဘောကျမှာပါ" ဟုပြောသည်။ သူမ၏မိခင်က ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်ပြီး အလွန်ရင့်ကျက်သူဖြစ်ကြောင်းသူမပြောပြ၍ ကျွန်တော်စာအုပ်လေးတစ်အုပ်ကိုလက်ဆောင်ပေးလိုက်သည်။ တပတ်အကြာတွင် ကျွန်တော်အီးမေးလ်တစ်စောင်ရလာသည်။သူမပြောသည်မှာဖိစဘုတ်မြို့မှသူမ၏သမီးကို တစုံတယောက်က ဧဝံဂေလိပြောပြရန်အတွက် သူမဆုတောင်းခဲ့သည်ဟုဆိုသည်။ သြော်...ထို့ကြောင့် ကျွန်တော်တို့စားသောက်ဆိုင်ကို လေးဆိုင်တိတိရှာခဲ့ရခြင်းအကြောင်း ရင်းကိုနားလည်လိုက်သည်။ ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။

ကျွန်တော်သည်ဂျော်ဂျီယာနိုင်ငံ၊ ကိုလံဘတ်စ်မြို့ရှိခရစ်ယာန်ကျောင်းတစ်ကျောင်းတွင်ကျမ်းစာသင်ကြားသည့်ဆရာဖြစ်နေစဉ်ဘုရားသခင်ကကျွန်တော့်အား မယုံကြည်သူများကို ဧဝံဂေလိပြုလုပ်ရန်စိန်ခေါ်ခဲ့သည်။ ထို့ကြောင့်ဤအမှုဆောင်ခြင်းနှင့်ပတ်သက်၍ကျွန်တော့်တပည့်များကိုသဘာဝကျကျသင်ပေးနိုင်ခဲ့သည်။ ကျွန်တော်၏တစ်ချို့ကျောင်းသားများက ကောလောသဲကျမ်းမှအချို့ကျမ်းချက်ကို သဘောကျသည်ဟုဆိုပါသည်။

ကောလောသဲဩဝါဒစာ 4:2-6 "ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။ ငါသည် ခရစ်တော်၏ နက်နဲသောအရာကြောင့် အချည်အနှောင်ခံရသည်ဖြစ်၍။ ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ၊ ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အား ဖွင့်တော်မူမည် အကြောင်းကိုငှင်း၊ ထိုနက်နဲသော အရာကို ဟောပြောအပ်သည်နှင့်အညီငါဘော်ပြမည်အကြောင်းကိုငှင်း၊ ငါတို့အဘို့လည်းဆုတောင်း ကြလော့။ ပြင်ပလူတို့၏ မျက်နှာကိုထောက်လျက်၊ ပညာနှင့် ကျင့်ဆောင်၍ ကာလအချိန်ကို ရွေးနှုတ်ကြလော့။လူအသီးအသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကိုသိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့်ငန်သော အရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ။"

တစ်ချို့ကျောင်းသားကဤကျမ်းပိုဒ်ကိုကူးယူပြီးအိပ်ယာမဝင်မီညစဉ်ဖတ်နိုင်ရန် နံရံ၌ကပ်ထားသည်ဟုဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ဤသမ္မာကျမ်းစာသည်

မယုံကြည်သူများအား သက်သေခံရာတွင် သူတို့လုပ်ဆောင်ရမည့်အရာအားလုံး၌ အကျိုးဝင်သောကြောင့်ဖြစ်သည်။ ဤကျမ်းချက်ကို ထပ်ခါထပ်ခါပြန်လည်ဖတ်စေလိုသည်။ ထာဝရဘုရား၏ ကင်းစောင့်ဖြစ်ရန် ပြည့်စုံသည့်အမှန်တရားများပါဝင်နေသောကြောင့်ဖြစ်သည်။



တစ်ချို့ကျောင်းသားတွေကဤကျမ်းပိုဒ်ကို ကူးယူပြီးအိပ်ယာမဝင်မီ ညစဉ်ဖတ်နိုင်ရန် နံရံ၌ကပ်ထားသည်ဟုဆိုကြသည်။ အဘယ်ကြောင့်ဆိုသော်ဤသမ္မာကျမ်းစာသည် မယုံကြည်သူများအားသက်သေခံရာတွင် သူတို့လုပ်ဆောင်ရမည့်အရာအားလုံး၌ အကျိုးဝင်သောကြောင့်ဖြစ်သည်

အဖွဲ့လိုက်ဝေဂေလိထွက်ရခြင်းသည် အမြဲပျော်စရာကောင်းပါသည်။ တယောက်ကသက်သေခံနေစဉ်အခြားသူများက ဆုတောင်းပေးနိုင်ပြီးအချို့ကလိုအပ်သည့်အခါ ထပ်၍အကဲဖြတ်နိုင်ပါသည်။ ထို့နောက်ပြုပြင်ရမည့်အရာများကိုဆွေးနွေးပြီး ယခင်ကစကားပြောခဲ့သည့် လူများအတွက်ဆုတောင်းပေးသည်။ ထို့နောက်ထပ်၍သက်သေခံရမည့်သူကိုတွေ့ရန် ဆက်လက်ဆုတောင်းသည်။ ကျွန်တော်တို့၏ လူငယ်တစ်စုသည် ပနားမားစီးတီးကမ်းခြေမှာ သက်သေခံရန်သုံးယောက် သို့မဟုတ် လေးယောက် အုပ်စုခွဲလိုက်သည်။ ကျွန်တော်၏နံဘေးတွင် အာလင် ဟုခေါ်သောလူငယ်တစ်ဦးသည် တိတ်တိတ်လေးကြည့်နေသည် ။ သက်သေခံနေစဉ်သူသည်စကားဝိုင်းသို့ ရုတ်တရက် ဝင်ပြီးကျွန်တော်တို့ပြောနေသောစကားနှင့်မသက်ဆိုင်သည့်အရာကိုသူပြောသည်။ အာလင်ကအနည်းငယ်စိတ်လှုပ်ရှားနေသော်လည်း သူ၏ရဲရင့်မှုကိုကျွန်တော်သဘောကျသောကြောင့် သူ့အားဆက်ပြောစေသည်။ ထို့နောက်စကားဝိုင်းကို ကျွန်တော်အလိုရှိသည့်နေရာသို့ ဖြည်းဖြည်းချင်းပြန်ဆွဲဆောင်လိုက်သည်။ မိနစ်သုံးဆယ်အတွင်း အာလင်ကဝေဂေလိပြောရန်အသင့်ဖြစ်နေပါပြီ။ ခဏအကြာကျွန်တော်သူ့ကိုလှည့်ကြည့်လိုက်သောအခါ ရဲအရာရှိနှင့် သဘာဝကျကျစကားပြောနေသည်ကို မြင်လိုက်ရသည်။ သတ္တိရှိသည့် အာလင်ကို ကျွန်တော်အလွန်သဘောကျပါသည်။

သက်သေခံရန် ထွက်သွားသည့်အခါတိုင်း ဘုရားသခင်ထံမှ လမ်းညွှန်မှုရရန်ကျွန်ုပ်တို့ဆုတောင်းပါသည်။ သင်းအုပ်ဆရာတစ်ယောက်ပြောဖူးသည်မှာ ဘုရားသခင်ဦးဆောင်ရန်ဆုတောင်းပြီးလျှင် သင့်ရှေ့၌မြင်နေရသောသူသည် မည်သူဖြစ်နေပါစေ



ထိုသူကို ဘုရားသခင်ပြင်ဆင်ပေးသူဖြစ်သည်ဟုဆိုဖူးပါသည်။ ထိုအရာသည်အရမ်းကောင်းသောအကြံပေးခြင်းပင်ဖြစ်သည်။

တစ်နေ့တွင်ကျွန်တော်၏ကျောင်းသားအချို့ကို ဈေးဝယ်စင်တာတစ်ခုသို့ သက်သေခံရန်ခေါ်ဆောင်သွားခဲ့ပါသည်။ စဗင်က အမျိုးသမီးတယောက်ကိုသက်သေခံနေသည်။ သူကောင်းကောင်းလုပ်ဆောင်နိုင်ကြောင်းတွေ့၍ ကျွန်တော်ကအခြားတယောက်နှင့်စကားပြောရန် လျှောက်ခဲ့သည်။ တစ်နာရီလောက်ကြာသောအခါ စဗင်က ကျွန်တော့်ဆီပြေးလာပြီး “မစ်စတာခေဟူးဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာကိုသင်ယုံမှာမဟုတ်ဘူး!” ဟုဆိုသည်။ “ဒီညမှာသင့်ဘဝဆုံးသွားခဲ့ရင် သင်ကောင်းကင်ဘုံကိုရောက်မယ်ဆိုတာ 100 ရာခိုင်နှုန်း သေချာရဲ့လား” ဟုထိုအမျိုးသမီးကိုမေးသော် သူမက ခေါင်းငုံ့ကာငိုပါတော့သည်။ ထို့ကြောင့်စဗင်ဘာလုပ်ရမည်မသိ ထိုင်စောင့်နေပါသည်။ သူမစိတ်သက်သာရာရ၍ စကားပြောသောအခါ အသက်ဆယ့်ခုနစ်နှစ်အရွယ်သူမ၏သားသည် လွန်ခဲ့သောတစ်ပတ်က မတော်တဆယာဉ်တိုက်မှုကြောင့်သေဆုံးသွားခဲ့သည်။ စဗင်သည် အသက်ဆယ့်ခုနစ်နှစ်ရှိပြီး။ သင်ခန့်မှန်းမိပေမည်။ ဟုတ်ပါသည် သူမသား၏ရုပ်ပုံကို တွေးပြီးဝမ်းနည်းကြေကွဲနေခြင်းဖြစ်သည်။ သူမသည်ပွင့်လင်းမြင်သာသောဟိန္ဒူအမျိုးသမီးတစ်ဦးဖြစ်သော်လည်း ယေရှုခရစ်၏အကြောင်းကို နှလုံးသားတံခါးဖွင့်ပြီးနားထောင်ပါသည်။ စဗင်သည် သူမနှင့်စကားပြောရန် အသင့်တော်ဆုံးလူဖြစ်ပြီး စကားဝိုင်းပြီးဆုံးချိန်တွင် သူတို့နှစ်ယောက်ပွေ့ဖက်နှုတ်ဆက်ကြသည်။



သင်းအုပ်ဆရာတစ်ယောက်ပြောဖူးသည်မှာ ဘုရားသခင်ဦးဆောင်ရန်ဆုတောင်းပြီးလျှင် သင့်ရှေ့၌မြင်နေရသောသူသည်မည်သူဖြစ်နေပါစေ ထိုသူကိုဘုရားသခင်ပြင်ဆင်ပေးသူဖြစ်သည်ဟုဆိုဖူးပါသည်။ ထိုအရာသည် အရမ်းကောင်းသော အကြံပေးခြင်းပင်ဖြစ်သည်။

ကွန်ပျူတာများက အလွန်အသုံးဝင်သော်လည်း ကျွန်တော့်အမြင်တွင် သုံးဆွဲရခက်သည်။ ကွန်ပြူတာပျက်သွားသောကြောင့် ဆိုင်တွင်သွားရောက်ပြုပြင်ရန် အချိန်ဆွဲထားသော်လည်းနောက်ဆုံးတွင်ပြုပြင်မည်ဟုဆုံးဖြတ်ကာအိမ်မှထွက်ခဲ့သည်။ ကားထဲမှထွက်လာပြီး ဆိုင်ထဲကိုလမ်းလျှောက်သွားစဉ် ကျွန်တော်၏ကျောင်းနေဖက်သူငယ်ချင်း ဒူဘင်ကဆိုင်မှ လမ်းလျှောက်ထွက်လာသည်။ သူကကျွန်တော့်ကိုကြည့်

ကာ "ဒီမှာတွေ့တာ ထူးဆန်းတယ်" ကျွန်တော်က "ဘာလို့လဲ" ဟုပြန်မေးသော် သူ့ဖုန်းကိုထုတ်ပြီး သူ့သူငယ်ချင်းများထံပို့လိုက်သည့် မက်ဆေ့ချ်ကိုပြသည်။ ထိုမက်ဆေ့ချ်မှာ "ကောင်းဘုံမှာမင်းမလုပ်နိုင်တဲ့အရာတစ်ခု" ဟူသောကျွန်တော်ရေးသည့် စာအုပ်ကို ဖတ်ကြရန်၊ မဖတ်ဖူးသူတိုင်း၌စာအုပ်ကို ဖတ်သင့်သည်ဟု ဒူဘင်ပြောခဲ့သည်။ ဒူဘင်နှင့်ပြန်အဆက်အသွယ်ရသည်မှာ အလွန်ဝမ်းမြောက်ရပြီး သူသည်ကျွန်တော့်ဆုတောင်းချက်ထဲမှ အဖြေတစ်ခုဖြစ်သည်။

ကျွန်တော်အိမ်မှမထွက်မီ တံခါးခုံမှာမတ်တပ်ရပ်ကာ လက်ကိုမြှောက်ပြီး "အိုအဖ ဒီနေ့ကျွန်တော့်ကို မပျော့ညံ့စေပါနှင့်။ ပါးစပ်ကိုဖွင့်ပါ။ သတ္တိရှိစေပါ။ သားတော်အကြောင်းဝေမျှနိုင်ရန် မေတ္တာတော်အားဖြင့်ကျွန်ုပ်ကိုတွန်းပါ။ အလိုတော်အတိုင်း လက်ယာဘက်နှင့်လက်ဝဲဘက်၌လည်းကောင်း၊ လူတို့ကို မကြောက်သည့်စိတ်ပေးအပ်ပါ။ ကျေးဇူးပြု၍ ခြေလှမ်းတိုင်း၌ ကျွန်ုပ်ကို ဦးဆောင်ပါ။ ကျေးဇူးပြု၍ ကိုယ်တော်ပေးအပ်သည့်တာဝန်ကို လောက၌အသက်ရှင်နေစဉ် ကျွန်ုပ်ထမ်းဆောင်နိုင်ရန် ခွန်အားပေးပါ။ အကယ်၍ ကိုယ်တော်သည်ကျွန်ုပ်အား ယနေ့ညတွင်တစ်ဖန်ပြန်အိပ်ရန်ခွင့်ပြုပါက၊ ကျွန်ုပ်သည် အဘယ်ကြောင့်အသက်ရှင်နေရသည်ကို နားလည်ခွင့်ပြုပါ၊ ဤအသက်တာသည် ကိုယ်တော်၏ဘုန်းအသရေအတွက်တည်ရှိပါစေ ကျွန်ုပ်၏ဂုဏ်အတွက် မဟုတ်ပါစေနှင့်"ဟု ဆုတောင်းကာ တံခါးခုံကိုကျော်တက်၍အိမ်မှ ထွက်ခဲ့သည်။

ခရီးထွက်ချိန်ဟိုတယ်၌တည်းခိုစဉ်လည်း တံခါးခုံတွင်ဤကဲ့သို့ဆုတောင်းပြီး အခန်းမှထွက်သည်။ အခန်းတံခါးနားမှာ အမျိုးသမီးဝန်ထမ်းတစ်ဦး မတ်တပ်ရပ်နေသည်။ လှည်းထဲ၌ဟိုတယ်သန့်ရှင်းရေးပစ္စည်းများ ထည့်ထားသည်။ ကျွန်တော်သူမနှင့်စကားပြောသည် သူမပြောပြသည်မှာ "ဒီမနက်မှာကျွန်မက ဘုရားသခင်ဟာစစ်မှန်တဲ့ဘုရားဖြစ်ကြောင်းဖော်ပြပါလို့ ဆုတောင်းခဲ့ပါတယ်၊ အခုကျွန်မကသင်နဲ့မတ်တပ်ရပ်ပြီး စကားပြောဖို့ဘုရားသခင်ခွင့်ပြုတော်မူတယ်!"ဟုပြောပါသည်။ ယုံပါ။ သင်သည်တစ်စုံတစ်ဦး၏ဆုတောင်းချက်၌ အဖြေဖြစ်သောအခါ၊ ၎င်းသည် သင့်အား အမှန်တကယ်နှိမ့်ချစိတ်ဖြစ်စေပါသည်။

လေ့စ်အိန်ဂျလိစ်ကိုလေယာဉ်နှင့်သွားစဉ် လေယာဉ်၏ရှေ့ခန်းကို ကျွန်တော်လျှောက်သွား သည်။ လေယာဉ်ပျံရှေ့ခန်း၌ "သန့်ရှင်းသော ဝိညာဉ်တော်" ဟူ



သောစကားလုံးကို ကြားလိုက် ရသည်။ ကန့်လန့်ကာနောက်ကွယ်မှတစ်ယောက်ယောက်ကို လေယာဉ်မယ်ကစကား ပြောနေခြင်းဖြစ်သည်။ ကျွန်တော်ကန့်လန့် ကာနောက်ကို လှမ်းကြည့်လိုက်ပြီး သူတို့နှင့် ဝင်ပြီးစကားပြောသည်။ ကျွန်တော်၌ကဲ့သို့ တခါတရံလုပ်ဖြစ်သည် ၊ စိတ်လှုပ်ရှားဖွယ်ဖြစ်ပါသည်။ ကျွန်တော်ကန့်လန့်ကာနောက် ကိုလျှောက်ဝင်ခဲ့ရာ သူမကကင်ဆာနောက်ဆုံးအဆင့်ဖြစ်နေသည့်ခရီးသည်တစ်ဦးကို ဆုတောင်းပေးနေသည်။ ထိုခရီးသည်သည်လေ့စ်အိန်ဂျလိစ်တွင် အခြားဆရာဝန်နှင့် တိုင်ပင်ကာမည်သည့်ကုသမှုကအထောက်အကူဖြစ်နိုင်သည်ကို ရှာဖွေနေခြင်းဖြစ်သည်။ စစ်ဆေးရန်ပြင်ဆင်နေသောကြောင့် အကိုက်အခဲပျောက်ဆေးများမသောက်ရ၍ နာကျင်ကိုက်ခဲမှုများစွာခံစားနေရပါသည်။ လေယာဉ်မယ်နှင့်ကျွန်တော်ကဤလူအတွက်




ကျွန်တော်သူမနှင့်စကားပြောသည် သူမပြောပြသည်မှာ"ဒီမနက်မှာကျွန်မက ဘုရားသခင်ဟာစစ်မှန်တဲ့ဘုရားဖြစ်ကြောင်းဖော်ပြပါလို့ ဆုတောင်းခဲ့ပါတယ်၊အခုကျွန်မကသင်နဲ့မတ်တပ်ရပ်ပြီး စကားပြောဖို့ဘုရားသခင်ခွင့်ပြုတော်မူတယ်!"ဟုပြောပါသည်။ ယုံပါ။သင်သည်တစ်စုံတစ်ဦး၏ဆုတောင်းချက်၌အဖြေဖြစ်သောအခါ၊ ၎င်းသည် သင့်အား အမှန်တကယ်နှိမ့်ချစိတ်ဖြစ်စေပါသည်။

ဆုတောင်းပြီး ကျမ်းစာ၌သင်ပေးသည့် ကယ်တင်ခြင်းအကြောင်း သူ့ကိုပြောပြ သည်။ ထိုကယ်တင်ခြင်းသည် ဘုရားကျောင်း၍ဝပ်ပြုကိုးကွယ်ခြင်း သာမဟုတ်ပါ။

တချိန်ကစင်စင်နာတီလေဆိပ်ကို ရောက်သည်နှင့် လေယာဉ်ပေါ်မတက်မီ ကျွန်တော်လျှောက်သွားရင်း တစ်ယောက်ယောက်ကို ဧဝံဂေလိဝေငှရန် ရှာနေစဉ် စကားစမြည်ပြောနေသည့် လူနှစ်ယောက်စကားသံကြားလိုက်ရသည်။ "ယုံကြည်ခြင်းကိုအကာအကွယ်ပေးခြင်း"သင်မှန်းနိုင်လိမ့်မည်။ ကျွန်တော်မြန်မြန်သွားပြီး စကားဝိုင်းထဲဝင်ရန်တောင်းဆိုလိုက်သည်။ လေဆိပ်ဆင်းရန်ပြင်ဆင်နေသည့်သင်္ဘေးကို သူ၏ဝန်ထမ်းကသက်သေခံနေပါသည်။ သူသည်အလွန်ကောင်းသော သက်သေခံသူဖြစ်သည်။ သူ့ရဲ့စွမ်းသတ္တိကို ကျွန်တော်အလွန်သဘောကျသည်။ သူ၏သင်္ဘေးကို လုံခြုံရေးစစ်ဆေးရေးဂိတ်မှာသွားပို့နေစဉ် ကျွန်တော့်ကိုခဏစောင့်ရန်သူတောင်းဆိုခဲ့သည်။ သူသည် သူ့ဌေးကိုသက်သေခံသည်မှာ ကြာခဲ့ပြီဟုဆိုသည်။ သူ့ဌေးက ဧဝံဂေလိတရားကိုလုံးဝစိတ်မဝင်စားပါ။

လပေါင်းများစွာကြာသောအခါ ထိုဝန်ထမ်းက ကျွန်တော့်နှင့်တွေ့ပြီး သူစားပွဲမှာထိုင်ငိုသည်။ အဘယ်ကြောင့်ဆိုသော်သူ့သဌေးကို သူပေးခဲ့ဖူးသောလက်ကမ်းစာစောင်နှင့် စာရွက်စာတမ်းများကိုဖတ်သည်ဟု ကတိပေးခဲ့သော်လည်းသူ့

သူ့ဌေးက ဘာတစ်ခုမှမဖတ်သေးပါ။ သူ့ကိုလိမ်ခဲ့သည့်အတွက် သူဝမ်းနည်းသည်။ ထို့အပြင် သူ့သဌေးက သခင်ယေရှုနှင့်ပတ်သက်၍ဘာမှမသိချင်တော့ပါဟု ဆိုသောကြောင့်ပို၍ကြေကွဲရသည်။ ဤသူသည် ဘုရားသခင်၏ကင်းစောင့်ဖြစ်ပြီး သူ၏တာဝန်ကို သစ္စာရှိစွာထမ်းဆောင်ခဲ့သည်။

တစ်နေ့မှာ ကျွန်တော် မက်ဆေ့ချ်တွေ စစ်နေတုန်း Clyde Kendall ဆိုတဲ့ လူကြီးတစ်ယောက်ဆီက မက်ဆေ့ချ်တစ်ခုကို ကျွန်တော်လက်ခံရရှိခဲ့ပါသည်။ သူသည်ကျွန်တော်ရေးသောစာအုပ်များမှ တစ်အုပ်ကိုဖတ်သည်။ အသက်ရှစ်ဆယ့်ကိုးနှစ်ရှိပြီဖြစ်၍ ကျွန်ုပ်အားတတ်နိုင်သမျှ အမြန်ဆုံးစာပြန်ကြားစေလိုသည်ဟုဆိုသော်လည်း ကျွန်တော်လျင်မြန်စွာစာမပြန်ခဲ့ပါ။ တစ်စုံတစ်ဦးသည် သင့်အားတစ်ခုခုကိုလုပ်စေချင်သောအခါ အများအားဖြင့်သူတို့ဘက်မှ အမှားအယွင်းတစ်စုံတစ်ရာပြုလုပ်ထားခြင်းကြောင့်ဖြစ်သည်။ ထို့အပြင်အခြေအနေကိုပြုပြင်ရန် အခြားသူမှအပြေးအလွှားဝင်ရောက်အကူအညီတောင်းကြသည်။ စဉ်းစားကြည့်ပါ၊ အများအားဖြင့် ထိုသို့ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ဤကိစ္စတွင် ကျွန်တော်တစ်ခုခုနှင့် အလုပ်ရှုပ်နေသောကြောင့် ခရိုက်ထံဖုန်းဆက်ရန်ကျွန်တော်မေ့သွားသည်။

ရက်အနည်းငယ်ကြာသော် Clyde ထံမှနောက်ထပ်ဖုန်းမက်ဆေ့ချ်တစ်ခု လက်ခံရရှိခဲ့သည်။ တတ်နိုင်သမျှ အမြန်ဆုံးသူ့ထံပြန်ဆက်သွယ်စေလိုသည်။ အသက်ရှစ်ဆယ့်ကိုးနှစ်တွင် အရာရာကိုတတ်နိုင်သမျှ မြန်ဆန်စွာလုပ်ချင်နေလိမ့်မည်။ ထို့ကြောင့်ဖုန်းဆက်ပြန်ခေါ်လျှင် ပိုကောင်းမည်ဖြစ်၍ ဖုန်းဆက်ပြီးနေ့လည်စာအတူစားရန်ချိန်းတွေ့လိုက်သည်။ သူကဂိုးဒန်ခေါရက် ဆိုင်ကိုရွေးချယ်သည်။ သက်ကြီးရွယ်အိုများ အားလုံးသွားချင်ကြသည့်ဆိုင် ဖြစ်နိုင်သည်။ ကျွန်တော်ကသူ့အားစားသောက်ဆိုင်ရွေးချယ်ခွင့်ပေးပြီး အစားအစာကုန်ကျစရိတ်ကို ကျွန်တော်ရှင်းမည်ဟုပြောထားပြီးဖြစ်သည်။ ကျွန်တော်စားသောက်ဆိုင်ရောက်သော် ဆိုင်အပြင်၌ရပ်နေသည့်လူတစ်ယောက်သည် ဧဝံဂေလိတရားလက်ကမ်းစာစောင်များကို လမ်းလျှောက်နေသည့်လူများအားဝေငှပေးနေသည်။ ထိုသူသည်ခရိုက်ဖြစ်နိုင်သည်ဟု မှန်းဆလိုက်သည်။ ဟုတ်ပါသည် ခရိုက်ပါ။ သူ့ကိုကျွန်တော် သဘောကျပါသည်။

ခရိုက်သည်ဒုတိယကမ္ဘာစစ်မှစစ်ပြန်တစ်ဦးဖြစ်သည်။ သင်္ဘောပေါ်ရှိစစ်သားတစ်ဝက်ခန့်သေဆုံးခဲ့သည့် သင်္ဘောမြုပ်ခြင်းအတွေ့အကြုံရှိသူဖြစ်သည်။ သူသည်တဲထိုးပြီး တရားဟောထွက်သည့်ဓမ္မဆရာဖြစ်ခဲ့ဖူးသည်။ တစ်နေ့မှာ



လေပြင်းတိုက်၍ သူ၏တဲပျက်စီးခဲ့သည်။ ဤလူကြီးလူကောင်းသည်အံ့သြဖွယ်ကောင်းသောဘဝဇာတ်ကြောင်းများစွာရှိသည်။ သက်ကြီးရွယ်အိုများနှင့်စကားပြောရန် အခွင့်အလမ်းရှာပါ။ အဘယ်ကြောင့်လဲဆိုသော် သူတို့၌အတွေ့အကြုံကောင်းများစွာရှိပြီး နောင်လာနောက်သားများကို လက်ဆင့်ကမ်းပေးနိုင်သောကြောင့်ပင်ဖြစ်သည်။

ကျွန်တော်တို့စကားပြောနေစဉ် အနီးနားမှစားပွဲတွင်ထိုင်နေသည့် ရဲအရာ ရှိ တစ်စုကို သတိထားမိသည်။ လူအများကိုသက်သေခံရန်ကြိုက်သည့်ကျွန်တော်က ပြည်သူ့ဝန်ကိုအနစ်နာခံထမ်းဆောင်သည့်သူတို့ကို ကျေးဇူးတင်စကားသွားပြောခဲ့သည်။ ကျွန်တော်သည် ပေးကမ်းခြင်းဖြင့်လည်း ကောင်းကြီးဖြစ်လိုပါသည်။ ကျွန်တော်၏စာအုပ်များနှင့် ဒီဗီဒီများပေးရန်ဆုံးဖြတ်ခဲ့သည်။ သို့သော်ကျွန်တော့လက်ထဲမှာ စာအုပ်များမကျန်တော့ပါ။ ထို့ကြောင့်ကားပေါ်မှ စာအုပ်နှင့် DVD ကိုယူပြီး သူတို့ဆီပြန်ယူလာကာရှင်းပြသည်။ အရာရှိသုံးဦးမှတစ်ဦးသည် ကျွန်တော်ပြောသမျှ တချိန်လုံးတွင် ကျွန်တော့်နှင့်မျက်နှာချင်းမဆိုင်ပါ။ စကားပြောပြီးချိန်မှာတော့ သူတို့နှင့်လက်ဆွဲနှုတ်ဆက်ရာ ထိုအရာရှိကကျွန်တော့လက်ကိုကိုင်ပြီး ခေါင်းညိတ်ပြသည်မှာ ထူးဆန်းသည်။သို့သော်ကျွန်တော့အလုပ်ကလူများကိုကောင်းကြီးပေးရမည့်ကင်းစောင့်ဖြစ်သည်။ ထို့နောက် ခရိုက်နှင့်အတူ အစားအသောက်များဆက်လက်စားရန် စားပွဲသို့ပြန်လာခဲ့သည်။

မကြာခင်မှာ ဘရီခစ်စုံစမ်းစစ်ဆေးရေးအရာရှိဆီမှ အီးမေးလ်လက်ခံရရှိသည်။




အရာရှိသုံးဦးမှတစ်ဦးသည်ကျွန်တော်ပြောသမျှတချိန်လုံးတွင် ကျွန်တော့်နှင့်မျက်နှာချင်းမဆိုင်ပါ။စကားပြောပြီးချိန်မှာတော့သူတို့နှင့် လက်ဆွဲနှုတ်ဆက်ရာထိုအရာရှိကကျွန်တော့လက်ကိုကိုင်ပြီးခေါင်းညိတ် ပြသည်မှာထူးဆန်းသည်။သို့သော်ကျွန်တော့အလုပ်က လူများကိုကောင်းကြီးပေးရမည့် ကင်းစောင့်ဖြစ်သည်

" မစ်စတာမာက်

ခင်ဗျားကျွန်တော့်ကိုမမှတ်မိလောက်ဘူး

လွန်ခဲ့တဲ့နှစ်ပတ်ကခင်ဗျားစာအုပ်ကိုInspector Munos စုံစမ်းစစ်ဆေးရေးဝန်ထမ်းဖြစ်တဲ့ ကျွန်တော်နဲ့ကျွန်တော့်ရဲ့အဖော်ကို 2အုပ်စီပေးခဲ့တာ

လေ။ ဂျော်ဂျီယာ၊ Jonesboro ရှိ Golden Corral မှာနေ့လည်စာစားချိန်မှာပါ။ ကျွန်တော့်ရဲ့နာမည်မှာချာ့က်ဖီးပရစ်ဖြစ်ပါတယ်။

ကျွန်တော်ကလူသတ်မှုနဲ့ပတ်သက်တဲ့ကလေတန်ရဲ့ဌာနကစုံစမ်းစစ်ဆေးရေးအရာရှိပါ။ အဲဒီနေ့က တိတ်ဆိတ်ပြီးထိုင်တဲ့အတွက် ခွင့်လွှတ်ပါ။ ကျွန်တော့်အလုပ်က သူစိမ်းတွေအပေါ်စိတ်ချယုံကြည်ဖို့အတော်ခက်ခဲစေပါတယ်။ ကျွန်တော်ရဲလုပ်လာတာ ဆယ့်ခုနစ်နှစ်ရှိပြီ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က လူသတ်မှုနဲ့ ပတ်သက်တဲ့ အမှုတွဲတွေအများကြီးလုပ်ခဲ့လို့လူတွေကိုယုံကြည်ဖို့ကျွန်တော့်အတွက်ခက်ခဲလှပါတယ်။ ခင်ဗျားရဲ့စာအုပ်နှစ်အုပ်လုံးကိုဖတ်ပြီး ကျွန်တော့်ဘဝကိုလုံးဝပြောင်းလဲသွားစေတယ်ဆိုတာ ခင်ဗျားကိုသိစေချင်ပါတယ်။ ကျွန်တော်ငယ်ငယ်က ယေရှုခရစ်ကိုလက်ခံခဲ့ဖူးပါတယ်၊ မပူမအေးအသက်တာ ဖြစ်နေရုံမက ဧဝံဂေလိကိုလက်ချောင်းတွေနဲ့ရေတွက်လို့ရတဲ့အထိဧဝံဂေလိပြောမှုနဲခဲ့ပါတယ်။ ဒီကမ္ဘာမြေပေါ်နေထိုင်တဲ့ကျွန်တော့်ရဲ့လေးဆယ့်ငါးနှစ်တာကာလအတွက် ကျွန်တော်ရှက်မိပါတယ်။ "ကောင်းကင်တွင် သင်မလုပ်နိုင်သောအရာတစ်ခု" ဆိုတဲ့ခင်ဗျားရဲ့စာအုပ် ဖတ်ပြီးတဲ့နောက် သခင်ယေရှုရဲ့အကြောင်းပြောပြဖို့ ကျွန်တော်သူစိမ်းဆီကိုသွားပြီး သူတို့ကိုသက်သေခံတယ်။ ကျွန်တော့်ရဲ့လုပ်ဖော် စုံထောက် Munos နဲ့ စုံထောက် Hatto ကိုသက်သေခံခဲ့ပါတယ်။ Hatto ကကက်သလစ်ဖြစ်ပြီး ဘုရားသခင်ကိုမယုံကြည်ကြောင်း ကျွန်တော်သိခဲ့တယ်။ စုံထောက် Munos ကတော့အရမ်းပွင့်လင်းပါတယ်၊ ကျွန်တော်သူမနဲ့စကားပြောတဲ့အရာတွေကိုလက်ခံတဲ့အပြင် ရှင်ပေးတဲ့စာအုပ်ကို ကျွန်မဖတ်မယ်လို့ပြောခဲ့တယ်၊ မစ္စတာမာက်၊ စာတန်ရဲ့လက်ရာကိုကျွန်တော်ကိုယ်တိုင်မြင်ဖူးတယ်။ ခင်ဗျားကိုလဲအသိပေးချင်တာက စာတန်တကယ်ရှိတယ်ဆိုတာပါ။ ကျွန်တော်ကြုံရတဲ့မှုခင်းတွေမှာအလောင်းအရေအတွက်ကိုတောင် ရေတွက်လို့မရအောင်ဘဲ ဒါ့အပြင်ကြုံတွေ့ရတဲ့မြင်ကွင်းက သည်းမခံနိုင်စရာတနေ့ထက်တနေ့ ပိုဆိုးလာတယ်။ အရင်တုန်းကမိမိကိုယ်ကိုစိတ်မပျက်အောင်စောင့်ရှောက်တဲ့အနေနဲ့ လူသေတွေကိုနာမ်ဝိညာဉ်ရှိသူလို့မမြင်ဘဲ အရာဝတ္ထုတွေအဖြစ် ရှုမြင်ခဲ့တယ်။ ဒါပေမယ့် အခုချိန်မှာတော့လူတိုင်းကဘုရားသခင်ကို လိုအပ်နေတဲ့လူလို့မြင်ပါတယ်။ ဒါကြောင့်လူတွေကိုဧဝံဂေလိပြောဖို့



ကျွန်တော်မစောင့်ဆိုင်းလိုတော့ပါ။ မစ်တာမာက်ခင်ဗျ ကျွန်တော်တို့အပေါ်လုံလောက်တဲ့ဂရုစိုက်မှုရှိလို့ ယေရှုခရစ်အကြောင်းလာပြောတဲ့ ခင်ဗျားကိုနှလုံးသားရဲ့အတွင်းပိုင်းကနေပြီးကျေးဇူးအထူးတင်ပါတယ်။ အဲဒီနေ့မှာကျွန်တော့်ရဲ့ဝိညာဉ်မျက်လုံးပွင့်စေခဲ့တဲ့အတွက် ခင်ဗျားကိုကျွန်တော်မမေ့ပါ။ အဲ့နေ့မှစပြီးခင်ဗျားအတွက်ဆုတောင်း ပေးခဲ့တာ ရှေ့အဆက်ဆက်လဲဆုတောင်းပေး ပါမယ်။ "

နေ့လယ်စာစားရန်ခရိုက်ဟုခေါ်သောကင်းစောင့်တစ်ယောက်နှင့်သွားတွေ့မည်ကိုကျွန်တော်နည်းနည်းမှမသိ ခဲ့ပါ။ ထို့ပြင်နောက်ထပ်ကင်းစောင့် စုံထောက်ဘရီချစ် နှင့်တွေ့မည်ဟုလည်း စိတ်ကူး၌မတွေးခဲ့ဖူးပါ။ သင့်ကိုကျွန်တော်အမြဲပြောသည်မှာ သင်မည်သူနှင့်ပြောနေသည်ကို သင်မသိနိုင်ပါ။ စိတ်ဝင်စားမှုမရှိသည့်စုံစမ်းရေးမှူးတစ်ဦးဟု




သင်ထင်ကောင်းထင်နိုင်သည်။ သို့သော်တစ်နေ့တွင်သူတို့သည်ဧဝံဂေလိကိုဦးဆောင်ဟောပြောသူ၊ လူတို့၏ဝိညာဉ်ကို ဘုရားသခင်ထံရဲရင့်စွာယူဆောင်လာကြမည့်သူများဖြစ်လာနိုင်သည်။

"ကျွန်တော်ကြုံရတဲ့မှုခင်းတွေမှာအလောင်းအရေအတွက်ကိုတောင်
ရေတွက်လို့မရအောင်ဘဲဒါ့အပြင်ကြုံတွေ့ရတဲ့မြင်ကွင်းက
သည်းမခံနိုင်စရာတနေ့ထက်တနေ့ပိုဆိုးလာတယ်။
အရင်တုန်းကမိမိကိုယ်ကိုစိတ်မပျက်အောင်စောင့်ရှောက်တဲ့အနေနဲ့
လူသေတွေကိုနာမ်ဝိညာဉ်ရှိသူလို့မမြင်ဘဲအရာဝတ္ထုတွေအဖြစ်ရှုမြင်ခဲ့တယ်။
ဒါပေမယ့်အခုချိန်မှာတော့လူတိုင်းကဘုရားသခင်ကိုလိုအပ်နေတဲ့လူလို့မြင်ပါတယ်။
ဒါကြောင့်လူတွေကိုဧဝံဂေလိပြောဖို့ ကျွန်တော်မစောင့်ဆိုင်းလိုတော့ပါ။"

တစ်နေ့တွင်၊ အတ္တလန်တာရှိ ဘုရားကျောင်းတစ်ခုတွင် တရားဟောပြီးနောက်အိမ်အပြန်လမ်း၌ ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ဝင်ရန်ဆုံးဖြတ်လိုက်သည်။ ကျွန်တော်သည် ဘုရားသခင်ပြင်ဆင်ပေးသောသူနှင့်တွေ့နိုင်မည့် ဆီဆိုင်ကိုသွားနိုင်ပါစေဟုအမြဲဆုတောင်းခဲ့သည်။ ဤလမ်းဆုံမှာ ဓာတ်ဆီဆိုင်နှစ်ဆိုင်ရှိသောကြောင့် သွားသင့်သည်ဟုထင်သောဆိုင်ကို့ကွေ့ဝင်လိုက်သည်။ ကျွန်တော်ထိုဆိုင်ထဲသို့ ဒုတိယအကြိမ်လျှောက်သွားနေစဥ် (နောက်ထပ်ဝေငှမည့်ပစ္စည်းများယူရန် ကားရှိရာသို့ပြန်သွားရခြင်းဖြစ်သည်။) တနင်္ဂနွေသတင်းစာတစ်စောင်နှင့် လူတစ်ယောက်ထွက်လာသည်။ ဧဝံဂေလိတရားစာစောင်ဖြင့် သူ့ထံသို့လျှောက်သွားကာမေးမြန်းဖြစ်သည်၊ "ဒီစာရွက်ကိုသင်ရပြီလား" ။ သူက သိပ်စိတ်မဝင်စားသည့် လေသံဖြင့် “ကျွန်တော်ဂရုမစိုက်ဘူး”

ဟုပြန်ဖြေပါသည်။ ထိုနေ့မနက်ခင်းမှာ သူသည်စိတ်ပျက်လက်ပျက်နှင့် အိပ်ရာကနိုးလာချေရှိသည်။သင့်ဘဝပြီးဆုံးချိန်မှာသင်လိုအပ်မှာပါ” ဟုကျွန်တော်ပြောခဲ့ပါသည်။ သူကအလွန်စိတ်ဆိုးပြီးကျွန်တော်နားမလည်သည့်စကားဖြင့်ပြောလာသည်။ထို့ကြောင့် ကျွန်တော်က “ယေရှုကိုဘာကြောင့် အရမ်းမုန်းရတာလဲ” ဟုမေးလိုက်သည်။ လူတချို့ကိုသာ ဤစကားလုံးမေးပါသည်။ ဤမေးခွန်းမျိုးကိုကျွန်တော်သိပ်မသုံးပါ။ သို့သော် လိုအပ်လျှင်သုံးဖြစ်သည်။ အချို့သောလူများက ဘဝကိုမမုန်းပါ၊ မိမိအလုပ်ကိုမမုန်းပါ ကျွန်တော့်ကိုမမုန်းပါ၊ သို့သော်အရင်းခံကယေရှုခရစ်ကိုမုန်းခြင်းဖြစ်သည်၊ ထိုအရာသည်သူ့ဘဝ၏ပြဿနာဖြစ်သည်ဟု နားလည်အောင် ကြိုးစားပြောဆိုခြင်းဖြစ်သည်။ ဤကဲ့သို့မေးခွန်းထုတ်ပစ်လိုက်သော် အလွန်စိတ်ဝင်စားစရာကောင်းသည့် စကားဝိုင်းတစ်ခုပေါ်လာသည်။ ထိုလူက "ယေရှုကိုမုန်းတာမဟုတ်ဘူး ခင်ဗျားကိုမုန်းတာ" ဟုဆိုရာ "ခင်ဗျားကျွန်တော့်ကို မမုန်းနိုင် ဘူး၊ခင်ဗျားကကျွန်တော့်ကိုမှမသိသေးတာ" ဟုဆိုလိုက်သည်။ ထိုစကားလုံးကသူ့အားတခုခုကိုစဥ်းစားဆင်ခြင်စေသည်၊ နောက်စကားမဆက်ခင်သူက သူ့ကားအက်ယူဝီကိုမောင်းထွက်သွားသည်။



“ယေရှုကိုဘာကြောင့်အရမ်းမုန်းရတာလဲ”ဟုမေးလိုက်သည်။ လူတချို့ကိုသာဤစကားလုံးမေးပါသည်။ခဏခဏ မမေးဖြစ်ပါ၊ ဤမေးခွန်းကိုကျွန်တော်သုံးတာတော်တော်ရှားပါသည်။သို့သော် လိုအပ်လျှင်သုံးဖြစ်သည်။ တချို့လူတွေက ဘဝကို မမုန်းပါ၊ ကိုယ့်အလုပ်ကိုမမုန်းပါကျွန်တော့်ကိုမမုန်းပါ၊သို့သော်အရင်းခံကယေရှုခရစ်ကိုမုန်းခြင်းဖြစ်သည်၊ထိုအရာသည် သူ့ဘဝ၏ပြဿနာဖြစ်သည်ဆိုတာ နားလည်အောင် ကြိုးစားပြောခြင်းဖြစ်သည်။"

ထို့နောက်အပြင်မှာရပ်နေသည့် အရောင်းသမားနှင့်စကားပြောခဲ့သည်။

ထိုလူကဓာတ်ဆီဆိုင်သို့ ပြန်မောင်းလာပြီး ကားပါကင်သို့လှည့်ဝင်လိုက်သည်။ ကားမှန်ကိုလျှောချကာဝန်ထမ်းအား “ဒီဘာသာရေးသမားတွေကို ဒီဆီပန့်ကနေဘာလို့မမောင်းထုတ်လိုက်တာလဲ"ဟုအော်ပြောသည်။ သို့သော်ပြဿနာကထိုဝန်ထမ်းသည်ကျွန်တော်ပေးလိုက်သည့် စာအုပ်ကိုရပ်ပြီးဖတ်နေသည်။ သူကဤစာအုပ်ကို ဘယ်လောက်ကြိုက်ကြောင်းပြောပြနေသည်။ သို့နှင့်ထိုသူ၏ကားဆီသို့ကျွန်တော်လျှောက်သွားရန် ဆုံးဖြတ်လိုက်သည်။ ဤအရာသည်ကောင်းသည့် တုန့်ပြန်မှုတော့မဟုတ်ပါ။ သို့သော်ဖြစ်ပျက်လာမည့်အခြေအနေကို ကျွန်တော့်စိတ်ထဲတွေးထားပြီးပြီဖြစ်သည်။ ထိုလူသည်



ထိုင်ခုံကြားရှိ ကွန်ဆိုးလ်ထဲသို့လက်နိုက်လိုက်ကာ သေနတ်ကို ဆွဲထုတ်လိုက်သည်။ ဤအရာသည် တနင်္ဂနွေနေ့ခင်းအတွက် ကျွန်တော်အစီအစဉ်ဆွဲထားခြင်းမျိုး မဟုတ်ပါ။ ဤအခြေအနေမျိုးသည် ကျွန်တော့်ဘဝတွင် ဖြစ်ပေါ်နိုင်သည်ဟု ကျွန်တော်တွေးထားပြီးသားဖြစ်သည်။ မည်သည့်အချိန်ဖြစ်လာမည်ဆိုသည်ကိုတော့ ကျွန်တော်မသိပါ။ အံ့ဩစရာကောင်းသည်မှာ ကျွန်တော်တွေးထားခြင်း၏တစ်ဝက်မျှ မရှိသေး၍မကြောက်မိပါ။ ရုတ်တရက် ထိုလူ၏လက်တုန်လာသည်။ သူကြောက်၍တုန်သည်လား၊ ကောင်းကင်တမန်က သူ့လက်ကိုရိုက်လိုက်၍တုန်သည်လားမသိပါ။ ဘေးထိုင်ခုံပေါ် သေနတ်ကိုပြန်ချလိုက်သည်။ ကျွန်တော်က ယဉ်ယဉ်ကျေးကျေးပြောသည်၊ "သင့်ရဲ့ဝိညာဉ်က ဘယ်နေရာမှာထာဝရနေရမယ်ဆိုတာကို ကျွန်တော်အလေးထားတဲ့အတွက်ဒီအကြောင်းတွေကိုသင့်ကိုမျှဝေတာပါ" ဟုပြောပြီးသည်နှင့်ကျွန်တော်လှည့်ပြန်ခဲ့သည်။ သူကကျွန်တော့်အားစိုက်ကြည့်နေသည်။ ညီအစ်ကိုတို့၊ အစောင့်များသည်ကျည်ဆန်များအတွက် စိုးရိမ်စရာမလိုကြောင်းသတိရပါ။ ကျည်ဆန်ကမည်သို့တတ်နိုင်မည်နည်း။ ကျည်ဆန်တတ်နိုင်သည့်အရာမှာကျွန်ုပ်တို့ထာဝရအတူနေလိုသည့်ဘုရားသခင်ထံ ပို့ပေးနိုင်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ထင်ထားသည်ထက် ပို၍မြန်စွာဘုရားသခင်ထံသွားရခြင်းသာဖြစ်သည်။

ဖိလိပ္ပိသြဝါဒစာ 1:21 "အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏"

ကျွန်တော့်ကားကဘာကြောင့် မကြာခဏပြုပြင်နေရတာလဲဟု တွေးဖူးသည်။ နောက်ဆုံးတော့ အဖြေကိုတွေ့ပါပြီ။ ကားနှင့်လုံးဝမဆိုင်ပါ၊ လူတစ်ယောက်၏ ဝိညာဉ်နှင့် ဆိုင်သည်။ ကားဝေါ့ရှော့တွင်ကျွန်တော့်ကားကို ပြင်ရန် နောက်ဆုံးအကြိမ်သွားရာ ကားဝေါ့ရှော့ကိုတာဝန်ယူရသူ နက်ခ်နှင့်ဆုံတွေ့သည်။ထိုအချိန်တွင်နက်ခ်အသက် ၂၃ နှစ်ရှိပြီဖြစ်ပြီး စစ်မှုထမ်းခဲ့သည်။ တစ်ခါကသူ့ကိုယ်သူ သတ်သေရန် ကြိုးစားခဲ့သည်။ တစ်နာရီလျှင် မိုင်ခုနစ်ဆယ်နှုန်းဖြင့်မောင်းပြီး ထိုင်ခုံခါးပတ်မပတ်ဘဲ သစ်ပင်တစ်ပင်ကိုအရှိန်နှင့် ဝင်တိုက်လိုက်သည်။ သစ်ပင်လဲကျပြီး သူ့ကားကနှစ်ကြိမ်ဂျွန်းထိုးမှောက်ကာ ဘုရားရှိခိုးကျောင်း၏ကားပါကင်မှာရပ်သွားသည်။ နက်ခ်သည် သူ့မျက်နှာပေါ်တွင်ခြစ်ရာများနှင့်ရင်ဘတ်ပေါ်တွင် ဒဏ်ရာအနည်းငယ်မျှသာရခဲ့သည်။ သူကားပေါ်မှဆင်းကာယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှ ထွက်ခွာခဲ့ပါသည်။ "ဘုရားသခင်က ကျွန်ုပ်ကိုဘာကြောင့်အသက် ရှင်ခွင့်ပေးတာလဲ” ဟုမေးသည်။



သူ့ကိုယ်သူသတ်သေရန်ကြိုးစားခဲ့သည်။ တစ်နာရီလျှင်မိုင်ခုနစ်ဆယ်နှုန်းဖြင့်မောင်းပြီး ထိုင်ခုံခါးပတ်မပတ်ဘဲသစ်ပင်တစ်ပင်ကိုအရှိန်နှင့် ဝင်တိုက်လိုက်သည်။သစ်ပင်လဲကျပြီးသူ့ကားက နှစ်ကြိမ်မှောက်ပြီးဘုရားရှိခိုးကျောင်း၏ကားပါကင်မှာ ရပ်သွားသည်။နက်ခ်သည်သူ့မျက်နှာပေါ်တွင်ခြစ်ရာများနှင့် ရင်ဘတ်ပေါ်တွင်ဒဏ်ရာအနည်းငယ်မျှသာရခဲ့သည်။သူကား ပေါ်မှဆင်းကာယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှထွက်ခွာခဲ့ပါသည်။ "ဘုရားသခင်ကျွန်ုပ်ကိုဘာကြောင့်အသက်ရှင်ခွင့်ပေးတာလဲ” သူဟုမေးသည်။

ကျွန်တော်က ဘုရားသခင်သူ့ကိုအသက်ရှင်ခြင်းခွင့်ပြုရသည့် အကြောင်းရင်းကိုပြောပြခဲ့သည်။ ဤကားပြင် သည့်ဝေါ့ရှော့ကိုကျွန်တော်မလာမီ ဘုရားသ ခင်ထံဆုတောင်းခဲ့ကြောင်း၊ ဘုရားသခင်ကသူ ပြင်ဆင်ပေးသည့်သူနှင့် တွေ့ရန် ဆုတောင်းသံ ကိုနားညောင်းခဲ့ကြောင်း နက်ခ်အားပြောပြ သည်။
တစ်ခါက နယူးဂျာစီမှာကျင်းပသည့် စည်းဝေးကြီးတစ်ခုတွင် ကျွန်တော်ကနက်ခ်၏အကြောင်းကိုဝေငှခဲ့သည်။ ထို့နောက်တွင် လူတစ်ယောက်ကမျက်ရည်ကျပြီး ကျွန်တော့်ဆီလျှောက်လာခဲ့သည်။ သစ်ပင်ကိုကားမောင်းတိုက်ကာ သူ့ကိုယ်သူသတ်သေရန် ဆုံးဖြတ်ထားကြောင်း၊ နက်ခ်၏အကြောင်းကို နားထောင်ပြီးနောက်တွင် သူ၏အပြစ်များအတွက်နောင်တရပြီး ဘုရားသခင်၌တစ်ဖန်မွေးဖွားရမည်ဖြစ်သည်ကိုသူနားလည်ခဲ့သည်။ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းပါ၏။

သက်သာလောနိတ်ဩဝါဒစာပဌမစောင် 5:16–18 "အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။



မခြားမလပ်ဆုတောင်းပဌာနပြုကြလော့။ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။"

Southwest Radio ChurchMini– istrier (www.swrc.com) မှကျွန်တော် အနှစ်သက်ဆုံးသောဘုရားသခင်၏အစေခံတစ်ဦးဖြစ်သည့် ဒေါက်တာနိုအာ ဟက်စင် ပြောခဲ့သည့်စကားမှာ "ဘုရားသခင်က ပလ္လင်ပေါ်မှာ ရှိနေတုန်းဖြစ်ပြီး၊ ဆုတောင်းခြင်းဟာ ပြောင်းလဲမှုကိုဖြစ်စေနိုင်တယ်"

ဘုရားသခင်သည် သူ၏ပလ္လင်ပေါ်တွင် ရှိနေကြောင်းကို ကင်းစောင့်က အမြဲသိသည်။ ဘုရားသခင်သည် တစ်ရက်မျှ အားလပ်ရက်မယူပါ။ ကျွန်ုပ်တို့သည် ခေတ္တအနားယူနိုင်သော်လည်းဘုရားသခင်သည် မည်သည့်အခါမျှ ထိုသို့မပြုပါ။ ကင်းစောင့်သည် ဆုတောင်းရမည်ကို အမြဲသိနေပါသည်။ တစ်ချို့ညတွင် အပြောင်းအလဲဖြစ်နိုင်ရန် တံတိုင်းပေါ်၌ အချိန်အတော်ကြာ မတ်တပ်ရပ်ကောင်းရပ်ရလိမ့်မည်။ တံပိုးမမှုတ်ခင်ဆုတောင်းခြင်းဖြင့် ပညာရှိရှိအချိန်ယူပါ။ ဘုရားသခင်သည်သူ၏အလုပ်ကို ဂရုစိုက်သည့်အတွက် သင်၏ဆုတောင်းသံကို နားညောင်းမည်ဖြစ်သည်။



ဘုရားသခင်သည်သူ၏ပလ္လင်ပေါ်တွင်ရှိနေကြောင်း ကိုကင်းစောင့်ကအမြဲသိသည်။ဘုရားသခင်သည်တစ်ရက်မျှ အားလပ်ရက်မယူပါ။ကျွန်ုပ်တို့သည်ခေတ္တအနားယူနိုင် သော်လည်းဘုရားသခင်သည် မည်သည့်အခါမျှ ထိုသို့မပြုပါ




# အခန်း ၆
# ပေးကမ်းခြင်းသည် ရရှိခြင်းထက် သာ၍ကောင်း၏

“တတ်နိုင်သမျှ ကောင်းတာလုပ်ပါ။ နေရာတိုင်းအချိန်တိုင်းမှာ
သင်တတ်နိုင်တဲ့နည်းလမ်းနဲ့ စိတ်အားထက်သန်စွာကောင်းတဲ့အရာလုပ်ပါ။
သင်အသက်ရှင်နေသ၍ကောင်းတဲ့အရာပြုလုပ်ပါ"

John Vale။

**ကျွန်ုပ်တို့**အားလုံးသည် ဘုရားသခင်အတွက်အသက်ရှင်နေသ၍ ခွန်အားပေးမှုရရှိရန် မျှော်လင့်ကြသည်။

တရားဟောရာကျမ်း 3:28 "သို့ရာတွင် ယောရှုကိုမှာခဲ့၍ အားပေးလော့။ မစထောက်ပင့်လော့။ သူသည် ဤလူမျိုးရှေ့မှာသွား၍၊ သင်မြင်ရသောပြည်ကို အမွေခံစေရမည်ဟု ငါ့အား မိန့်တော်မူ၏။"

ဤသူမှာယောရှုဖြစ်သည်။ နောက်ပိုင်းတွင်သူ၏အကြောင်းကိုလေ့လာကြမည်။ ယောရှုသည်သူ၏လုပ်ဖော်ကိုင်ဖက်များထံမှ တာဝန်ပေးအပ်ခြင်းခံရသည်။ ယောရှုသည် ဘုရားသခင်စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်သူဖြစ်သည်၊ ဟုတ်ပါသည်။ ခေါင်းဆောင်များပင်လျှင် စိတ်ခွန်အားပေးမှုကိုအလိုရှိကြသည်။

သက်သာလောနိတ်ဩဝါဒစာပဌမစောင် 5:11 "ထိုကြောင့်၊ သင်တို့သည်ယခုပင်ပြုသည်နည်းတူ၊ အချင်းချင်း တိုက်တွန်း၍ တယောက်ကိုတယောက် တည်ဆောက်ကြလော့။"

ဤနေရာတွင် "တည်ဆောက်သည်" ဟူသော စကားလုံးသည် ယုံကြည်သူများ၏ ဝိညာဉ်ရေးကြီးထွားမှုကိုဖန်တီးရန် သို့မဟုတ် ထူထောင်ရန်ဖြစ်သည်။ သင်သည်ဤကဲ့သို့ပြုလုပ်နေသည်လား။ လူအများ၏အသက်တာ၌ထာဝရရင်းနှီးမြုပ်နှံမှုအတွက် ထိုသူတို့အားဘုရားသခင်၏အကြံအစည်မှ မလွဲချော်စေရန် တိုက်တွန်းပေးနေသည်လား။

လွန်ခဲ့သည့်နှစ်များတွင်၊ လူဝီစီယားနားပြည်နယ် ဘောစတန်ရိုန်းမှ ယောကျ်ားလေးသာရှိသည့်ကျောင်းတွင် စာသင်ပြီးနောက်အတ္တလန်တာကို ကျွန်တော်ပြန်ပြောင်းလာခဲ့သည်။ ကျောင်းသားတော်တော်များများ ကျွန်တော့်ထံစာရေးကြသည်။ ထိုအထဲမှစာတစောင်က စိတ်ဝင်စားဖွယ်စာကြောင်းပါရှိသည်– "မစ္စတာခေဟေးလ်၊ ဘုရားသခင်က သင့်ကိုဒီလောကမှာထားရတဲ့ အဓိကအကြောင်းရင်းကခင်ဗျားအသက်တာက တခြားသူတွေကို အားပေးခြင်းဘဲဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။" လူငယ်တစ်ဦးထံမှ ချစ်စရာကောင်းသော ဤစကားတစ်ခွန်းက ကျွန်တော့်အတွက် အားဆေးတခွက်ဖြစ်သည်။

ကျွန်တော်တည်ဆောက်ခဲ့သည့် အသက်တာများရင့်ကျက်မှုရှိသည်ကိုမြင်ရခြင်းထက် ကြည်နူးစရာကောင်းသောအရာမရှိပါ။ အချို့လူများကကျွန်တော့်ထက်သာ၍ များစွာတိုးတက်နေပြီဖြစ်သည်။ တပါးသူအပေါ်ရှိသည့်ချစ်ခြင်းနှင့်ရဲစွမ်းသတ္တိရှိမှုကြောင့် သူတို့သည်အမှုတော်၌တိုးတက်လာခြင်းဖြစ်သည်။ ဖုန်မှုန့်ကိုပင်မမြင်နိုင်သည့်တိုင် ကျွန်တော့်ကိုနောက်မှာထားခဲ့ကြသည့် သူတို့အတွက်ဂုဏ်ယူသည်။ ဤအရာများက ကျွန်တော့်အတွက်ပြဿနာမဟုတ်ပါ။ ကျွန်တော်နှိမ့်ချသည်။



ဆရာတစ်ဦးသည် ကျောင်းသားတစ်ဦး၏ “သိနားလည်မှုရရှိခြင်း” ထက်မည်သည့်အရာကိုမျှ အလိုမရှိပါ။

ဤစာအုပ်ကိုသင်ဖတ်ခြင်းသည် ကျွန်တော့်အတွက်ဤထက်သာ၍ဝမ်းမြောက်စေသည့်အရာမရှိတော့ပါ။ သင်ဖတ်ပြီးနောက်၌ သင်သည်ကြီးမားသည့် ကင်းစောင့်သူဖြစ်လာမည်။

သင့်မိသားစု သင့်မိတ်ဆွေ သင်ကြုံတွေ့ရသည့်သူစိမ်း တမြို့လုံးတွင်ရှိသည့်သင်ခင်မင်သောသူများအား ခရစ်တော်၏အကြောင်းဝေငှရန် ဘုရားသခင်အလိုရှိကြောင်းမမေ့ပါနှင့်။

တောလည်ရာကျမ်း 6:24–26 "ထာဝရဘုရားသည်၊ သင့်ကို ကောင်းကြီးပေး၍ စောင့်မတော်မူပါစေသော။ထာဝရဘုရားသည်သင်၌ မျက်နှာတော်အလင်း ကိုလွှတ်၍ ကရုဏာကျေးဇူးပြုတော်မူပါစေသော။"

ထာဝရဘုရားသည်သင့်ကိုမြော်ကြည့်၍ချမ်းသာပေးတော်မူပါစေသောဟု နံပါတ် ၆ ပါ ကျမ်းပိုဒ်သည် ဂျူးလူမျိုးများ၏ အကျော်ကြားဆုံးကောင်းကြီးများထဲမှ တစ်ခုဖြစ်သည်။ သို့သော်ပြောင်းပြန် ပြန်စဥ်းစားကြည့်ပါ။ သင်သည်အခြားသူများကိုကြင်နာတတ်သည်လား၊ မယုံကြည်သူများအား ဧဝံဂေလိတရားကို ဟောပြောသည်လား၊ ကျွန်ုပ်တို့၏လုပ်ရပ်နှင့် ကျွန်ုပ်တို့၏စကားလုံးများကိုက်ညီသည်လား ဟုတွေးခေါ်ရန်လိုအပ်ပါသည်။

သုတ္တံကျမ်း။ 15:13 "ရွှင်လန်းသောစိတ်နှလုံးသည် ချိုသောမျက်နှာ ကို ဖြစ်စေတတ်၏။ ညှိုးငယ်ခြင်းအားဖြင့်ကား၊ စိတ်ပျက် တတ်၏။"

ကျွန်တော့်အသိတစ်ယောက်ကဆုတောင်းသည်မှာ သူ၏မျက်နှာအနေအထားသည် လူများကိုမောင်းထုတ်ခြင်း မရှိစေပါနှင့်၊ သူ့အမူအရာက လူများအားစကားပြောရန်ဆွဲဆောင်ပါစေဟုဆုတောင်းသည်။ ဤသည်မှာ အလွန်ကောင်းသည့်ဆုတောင်းချက်ဖြစ်သည်။ ဘုရားသခင်သည် နာမတော်ကိုဘုန်းကြီးစေရန် အရာခပ်သိမ်းကိုအသုံးပြုနိုင်ကြောင်း သူသိသည်။

ဆာလံကျမ်း 145:8 "ထာဝရဘုရားသည် ကျေးဇူးပြုတတ်သော သဘော၊ သနားစုံမက်တတ်သောသဘောနှင့်ပြည့်စုံ၍၊ ခန္တီတော်နှင့်ကရုဏာတော်သည် အလွန်ကြွယ်ဝပါ၏။"

ဆာလံ ၁၃၆ တွင် ဖော်ပြထားသော စာကြောင်းတစ်ကြောင်းသည် "ဘုရားသခင်၏ ကရုဏာတော်နှင့်ပြည့်ဝပါစေ" ဟူသောစကားလုံး နှစ်ဆယ့်ခြောက်ကြိမ်တွေ့ရပါသည်။ ကျွန်ုပ်တို့လည်း မိမိ၏ယုံကြည်ခြင်းကို ဟောပြောရင်းအခြားသူများကိုမေတ္တာပြရန်လိုအပ်ပါသည်။



...."ကျွန်ုပ်အတွက်ဆုတောင်းပေးလို့ရမလား" ဤကဲသို့စကားလုံးသင်ကြားရလျှင်ရတယ်ဟုမဖြေပါနှင့်။ "တို့တတွေအတူဆုတောင်းရအောင်" ဟုဖြေပါ။

သုတ္တံကျမ်း။ 15:1 "ဖြည်းညှင်းသော စကားသည် စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား၊ အမျက်ကို နှိုးဆော် တတ်၏။"

စကားစမြည်ပြောနေစဉ်မှာတစ်ယောက်ယောက်ကသင့်ကိုဒေါသထွက်ပြီးမကျေနပ်သည့်အခါ သင့်အသံကိုလျှော့ချပြီး နူးညံ့ချိုသာသောအဖြေဖြင့်တုံ့ပြန်လိုက်ပါ။ စကားဝိုင်းကဆက်လက်ဆွေးနွေးသွားနိုင်မည်ဖြစ်ပါသည်။

စကားဝိုင်းတစ်ခု၏အဆုံး၌ ကျွန်တော်အများဆုံးမေးသည့် မေးခွန်းတစ်ခုက "ခင်ဗျားအတွက် ကျွန်တော်ဘာကူညီပေးရမလဲ။" သူတို့က "ကျေးဇူးပြုပြီး ကျွန်တော့်အတွက်ဆုတောင်းပေးပါလား" ဟုဆိုလျှင် ဟုတ်ကဲ့ဟုမပြောပါနှင့်၊ "အတူတူဆုတောင်းကြပါစို့" ဟုပြောပြီး ချက်ချင်း ခေါင်းငုံ့ဆုတောင်းပါ။ အချို့သောသူသည် ဘုရားသခင်ရှေ့၌သူတို့၏ နာမည်ခေါ်ခြင်းမျိုးမကြုံဖူးကြ။ ကျွန်တော်၏လက်ကို သူတို့ပခုံးပေါ်တင်ပြီး ဆုတောင်းခြင်းသည် သူတို့၏မျက်နှာများပြောင်းလဲသွားတာကို မြင်ဖူးသည်။ ထို့ကြောင့်ပြုံးပြခြင်း၊ ပခုံးပေါ်ကိုလက်တင်လိုက်ခြင်း သို့မဟုတ် ရိုးရှင်းသောလက်ဆွဲလှုပ်ခါခြင်းပြုလုပ်ရန် မမေ့ပါနှင့်။ ဤအမူအရာသည် တခြားသူများအားများစွာသောခွန်အားကိုပေးနိုင်သည်။

တစ်ချိန်ကလော့စ်အိန်ဂျလိစ်မှာဟောပြောပွဲတစ်ခုလုပ်စဉ်က ကျွန်တော်နေမကောင်းခဲ့ပါ။ ဘုရားသခင်သည် ကျွန်တော့်အားသနားတော်မူပြီး ကျွန်တော်၏ဟောပြောပို့ချမှု အစမှအဆုံးအထိကူညီပေးခဲ့ပါသည်။ သို့သော်အိမ်ပြန်ရန် လေယာဉ်ပေါ်၌လေးနာရီခွဲကြာထိုင်ရမည်ကို ကျွန်တော်စိတ်ပူမိသည်။ ဘယ်သူနှင့်မျှ စကားမပြောလိုပါ။ ထိုင်ပြီး အနားယူချင်သည်။ ကျွန်တော်ထိုင်လိုက်ကာ ကျွန်တော့်



ဘေးမှာထိုင်နေသည့် လူကိုကြည့်လိုက်ပြီး "မင်္ဂလာပါ ကျွန်တော့်နာမည် Mark Cahill ပါ။ ကျွန်တော် သခင်ယေရှုကို ယုံကြည်သူဖြစ်ပါတယ်၊ ဒါက ကျွန်တော်ရေးတဲ့စာအုပ်ပါ။ သင့်ရဲ့ခရီးစဉ်ကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေ။" ထိုစကားလုံးအတိုင်း တထည်ရာတည်းပြောခဲ့ခြင်းမဟုတ်သော်လည်း ထိုအဓိပ္ပါယ်အတိုင်းပြောခဲ့ခြင်းဖြစ်သည်။ ထိုလူက "စိတ်ဝင်စားဖို့ကောင်းတယ်။" ကျွန်တော့်စိတ်ထဲတွင် "အိုး! စိတ်ဝင်စားစရာမဖြစ်စေချင်ဘူး" ဟုတွေးနေသည်။ "ဘာလို့စိတ်ဝင်စားနေတာလဲ" ဟုပြန်မေးရာ သင်ထင်သည်မှာ မှန်ပါသည်။ လေယာဉ်ပေါ်မှာ ကျွန်တော် ကောင်းကောင်း အနားယူခွင့်မရှိခဲ့ပါ။ ထိုသူသည် ရုပ်သံစီးရီး The Vampire Diaries ၏ ဒါရိုက်တာဖြစ်ပြီး ရုပ်ရှင်ရိုက်ကူးရန် အတ္တလန်တာကို ပျံသန်းခဲ့ပါသည်။ ကျွန်တော်တို့စကားပြောနေစဉ် သူ၏အဖြစ်ကို စတင်ပြောပြခဲ့သည်။ ကင်မရာမင်းမှ ဒါရိုက်တာတစ်ယောက်ဖြစ်လာရန် ကြိုးစားခဲ့ကြောင်းပြောပြသည်။ အလွန်စိတ်ဝင်စားစရာကောင်းသည့်လူပါ။ သူနှင့်တွဲလုပ်နေသည့် ကင်မရာမင်းတယောက်ကခရစ်ယာန်ဖြစ်လာပြီး သူ့အားသက်သေခံလေသည်။ သူလေးလေးနက်နက် နားထောင်ခဲ့သော်လည်းသူက သခင်ယေရှုကို မယုံကြည်သေးပါ၊ ထိုကင်မရာမင်းက သူရိုက်နေသည့်ဓါတ်ကားကို ဆက်မရိုက်နိုင်တော့ကြောင်း၊ ယုံကြည်ခြင်းနှင့် ဆန့်ကျင်နေကြောင်း သူ့အားလာပြောသည်။

ဆာလံကျမ်း 101:3 "အဓမ္မအမှုအရာကို မျက်မှောက်မပြုပါ။ လမ်းလွဲ သော သူ၏ အမှုကို ရွံရှာသည်ဖြစ်၍၊ ငါ၌ မငြိမကပ်ရ။"

ကင်မရာသမားသည် သူ၏ယုံကြည်ချက်တွင် အခိုင်အမာရပ်တည်ခဲ့သည်။ ဆိုးညစ်သောအမှုကို မျက်မှောက်၌ မထားလို။ ဤအရာကိုသူက ဒါရိုက်တာအားရှင်းရှင်းလင်းလင်းပြခဲ့သည်။ သူ၏ယုံကြည်ခြင်း ခိုင်မာမှုကြောင့် နောက်ဆုံးတွင် ရုပ်ရှင်ကင်မရာသမားလုပ်ငန်းမှ အနားယူခဲ့ပါသည်။ လက်ရှိတွင်ကင်ယာနိုင်ငံ၌ သာသနာပြုတစ်ဦးဖြစ်လာသည်။ သို့သော် သင်မမေ့ပါနှင့်ကင်ယာတွင် သာသနာပြု

အဖြစ် မထွက်ခွာမီ၊ သူသည် သာသနာပြုတာဝန်များကို ဟော်လီဝတ်တွင် ထမ်းဆောင်ခဲ့ဖူးသည်။

ကောရိန္သုဩဝါဒစာပဌမစောင်။ 3:6 "ငါသည်စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသော သူဖြစ်၏။ အပင်ကိုကြီးပွါးစေသော သူကား၊ ဘုရားသခင်ပေတည်း။"

ဤဒါရိုက်တာ၏အသက်တာ၌ ယုံကြည်ခြင်းမျိုးစေ့ကို ကြဲခဲ့သည့် ကင်မရာမင်းအတွက် ဝမ်းသာပါသည်။ ယုံကြည်ခြင်းခိုင်ခံ့သော ကင်းစောင့်တစ်ဦးနှင့် တွေ့ဆုံခဲ့သည့်သူနှင့်စကားပြောရသည်မှာ ကျွန်တော့အတွက်လွယ်ကူစေသည်။

ကောရိန္သုဩဝါဒစာပဌမစောင်။ 10:31 "သင်တို့သည်စားသော်၎င်း၊ သောက်သော်၎င်း၊ မည်သည့်အမှုကို ပြုသော်၎င်း၊ ဘုရားသခင်၏ ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော့။"



အမျိုးမျိုးသောဝါဒယုံကြည်သည့်သူကိုကြုံတွေ့လာရသည့်အခါ သူတို့သည်လှည့်စားခံနေရသည်ဟု နားလည်ပါ။ သူတို့ကို ဒေါသထွက်မည့်အစား လှည့်စားသည့်စာတန်ကိုဒေါသထွက်ပါ။

Baton Rouge ရှိယောက်ျားလေးများသာ ရှိသည့်ကျောင်းတွင်ဧဝံဂေလိ ဆရာ Jimmy Swaggart သည် အပြစ်၌ကျရောက်သည့်အတွက် ကျောင်းထဲတွင် အော်ဟစ်ဆူညံနေသည်။ ဤကဲ့သို့ဖြစ်သည့်အခါ Davis ဟုခေါ်သည့်ဆရာ တစ်ယောက်က"ဒီကိစ္စကိုဘယ်လိုထင်လဲ" ဟုမေးသည်။ " ဘုရားသခင်ရဲ့လူက အပြစ်မှာလဲကျတာ မကောင်းဘူး" ဟုပြောလိုက်သည်။ သူကကျွန်တော့်ကိုကြည့်ကာ "ခင်ဗျားက တကယ်ပဲ ခရစ်ယာန်တစ်ယောက်ပါ" ဟုဆိုသည်။ မည်သူတစ်ဦးတစ်ယောက်က ကျွန်ုပ်တို့၏အသက်တာကိုစောင့်ကြည့်နေသည်ကို ကျွန်ုပ်တို့မသိနိုင်ပါ။



ဖြစ်ပျက်သည့်အရာပေါ်၌ ယုံကြည်သူအနေနှင့်မည်သို့တုံ့ပြန်မည်ကို ထိုသူတို့သတိထားကြည့်နေသည်။ ထို့ကြောင့်အခြားသူများနှင့် ပေါင်းသင်းဆက်ဆံရာမှာ နှိမ့်ချပြီး ယဉ်ကျေးသိမ်မွေ့ရမည်ဖြစ်သည်။

အမျိုးမျိုးသောဝါဒယုံကြည်သည့်သူကို ကြုံတွေ့လာရသည့်အခါ သူတို့သည်လှည့်စားခံရသည်ဟုနားလည်ပါ။ သူတို့ကိုဒေါသထွက်မည့်အစား လှည့်စားသည့်စာတန်ကိုဒေါသထွက်သင့်သည်။ မျက်စိကန်းသောသူသည် သင့်ရှေ့မှာလဲကျပါက သင်သည်သူ့ကိုရိုမောမည်လား၊ အဖြေကသေချာသည် မရီပါ ပြေးပြီးဝင်ကူညီမည်ဖြစ်သည်။ ဤနိယာမမှာလည်း အလားတူပင်။ လူတို့သည် မှားယွင်းသောသွန်သင်ချက်ထဲသို့ ကျရောက်သောအခါ၊ သူတို့သည် မျက်စိကန်းဆဲဖြစ်ကြောင်းသတိရပါ။ ထိုသူများလမ်းမှန်သို့လျှောက်လှမ်းနိုင်ရန် ကျွန်ုပ်တို့ကူညီသင့်သည်။

ရှင်လုကာခရစ်ဝင်။ 6:38 "သူတပါးအားပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်းရုံမှုမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်၊ တင်းပမာဏနှင့် သင်တို့သည် သူတပါးအားပေး၏၊ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။"

ကင်းစောင့်သူသည် ပေးလှူသူဖြစ်ကြရန် ကျွန်တော်စိန်ခေါ်သည်၊ ဆိုလိုသည်မှာ အမှန်တကယ်ပေးလှူသူဖြစ်ခြင်းဖြစ်ပြီး တွန့်တိုမှုမရှိ သင်ပြန်ရလာမည့်အရာကိုသာအာရုံထားခြင်းမဟုတ်ဘဲ ခရစ်တော်ကဲ့သို့ ပေးလှူသောသူဖြစ်ရန် တိုက်တွန်းခြင်းဖြစ်သည်။

တမန်တော်ဝတ္ထု။ 20:35 "ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသော သူတို့ကို မစရမည်ကိုင်း၊ အစွန့်အကြဲ ခံခြင်း အရာထက် စွန့်ကြဲခြင်း အရာသည်သာ၍ မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူသော စကားတော်ကို အောက်မေ့ရမည်ကိုင်း၊ အရာရာ၌ သင်တို့အား ငါပြသပြီဟု၊"

သမ္မာကျမ်းစာတွင် သခင်ယေရှုသည် သွယ်ဝိုက်သောနည်းဖြင့် မပြောပါ။ အလေးအနက်ထား၍မိန့်ကြားပါသည်။ ကိုယ်တော်၏စကားက အလွန်ကောင်းသည်။ ပေးကမ်းခြင်းက လက်ခံခြင်းထက်ပျော်ရွှင်သည် ဟုဆိုသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော်တစ်စုံတစ်ယောက်အား သင်ပေးကမ်းလိုက်သောအခါ ဖြစ်ပေါ်လာမည့်အရာများစွာရှိသည်ကိုပင် သင်သတိထားမိမည်မဟုတ်ပါ။ ဤကမ္ဘာမှာ လူနှစ်အုပ်စုရှိသည် "ငါ့ပစ္စည်းတွေကို မထိနဲ့" ဟူ၍တစ်ကိုယ်ကောင်းဆန်သူနှင့် တစုံတယောက်အားမည်သည့်အရာ ကူညီရမည်ကိုအလေးထားသူ ဟူ၍ဖြစ်သည်။ ကင်းစောင့်တစ်ယောက်အနေနှင့် ထိုအမျိုးအစားများထဲမှ တစ်ခုသာဖြစ်ခွင့်ရှိသည်မှာ သဘောထားကြီးသူဖြစ်သည်။

တစ်နေ့ဓါတ်ဆီဆိုင်မှာ အမျိုးသမီးတယောက်အတွက်ဓါတ်ဆီပေးဆောင်ရန် ကဒ်သွားထည့်ပြီး ပေးကမ်းခြင်းသည်ရယူခြင်းထက် ပျော်ရွှင်မှုကို ပိုပေးသည်ဖြစ်ကြောင်း ကျွန်တော်သည်သမ္မာကျမ်းနှင့်လိုက်လျောညီထွေစွာ နေထိုင်ကြောင်း သူမအားပြောပြခဲ့သည်။ သူမက ဘုရားရှိခိုးကျောင်းမှ ပြန်လာသည်၊ ယနေ့ဘုရားကျောင်း၌ ပေးကမ်းခြင်းနှင့်ပတ်သက်၍ တရားဟောခဲ့ရာ ယခုလက်တွေ့မြင်ရသည်မှာ "နှုတ်ကပတ်တော်က အသက်တာမှာထင်ရှားတယ်" ဟုသူမဆိုသည်။ ကျွန်ုပ်၏ခရေးဒစ်ကဒ်နှင့်ပိုက်ဆံရှင်းလိုက်ရာ ဓာတ်ဆီအတွက် ခုနစ်ဆယ့်လေးဒေါ်လာအထိပေးဆောင်ခဲ့ရသည်။ နောက်အကြိမ်များတွင် ဆိုင်ကယ်သမားကိုသာ ဆီဖြည့်ပေးတော့မည်။ (နောက်တာပါ)

တစ်ခါက စတိုးဆိုင်မှာ ဈေးဝယ်လာသည့်သူများကို ကျွန်တော့်စာအုပ်ပေးဝေသည်၊ ငွေရှင်းရန်တန်းစီနေချိန် ကျွန်တော့်နောက်မှာရပ်နေသည့် အမျိုးသမီးတယောက်၏ ကျသင့်ငွေကိုကျွန်တော် ပေးချေခဲ့သည်။ သခင်ယေရှုပြောသောစကားကိုပါ ပြောပြ၏။ သူမ အလွန်ကျေးဇူးတင်သည်။ ထို့နောက် အခြားသူများအတွက် ဝေငှမည့်စာအုပ်အနည်းငယ်ကိုယူရန်ကားသို့ ပြန်သွားခဲ့သည်။ စတိုးဆိုင်သို့ ပြန်ဝင်ချိန် သူမကားထဲမှာထိုင်ငိုနေသည်ကို တွေ့လိုက်သည်။ ထို့ကြောင့်သူမအဆင်ပြေရဲ့လား ဟုသိရန် လမ်းလျှောက်လာခဲ့သည်။ သူမကခက်ခဲသည့်အချိန်များကို ဖြတ်သန်းနေရသည်ဟုသိလိုက်ရသည်။ ကျွန်တော်က " ခရစ်တော်၌တဖန်မွေးဖွားပြီလား" ဟုမေးရာ "မဟုတ်ဘူး၊ ကျွန်မက ကက်သလစ်ဘာသာဝင်ပါ" ဟုပြန်ဖြေ၍ နောက်တဖန်မွေးဖွားခြင်း၏အဓိပ္ပါယ်ကို ကျွန်တော်ပြောခဲ့ပြီး သူ့ကိုသာ၍ကောင်းကြီးဖြစ်စေခဲ့သည်။

လေဆိပ်တစ်ခုတွင်ရှိသော ရထားဘူတာတစ်ခုတွင် ကျွန်တော်ရထားလက်မှတ် ၁၀ စောင်ဝယ်ပြီး တခြားမြို့ကလာသည့်သူတွေကို ရထားလက်မှတ်နှင့်အတူလက်ကမ်းကြော်ငြာများဝေငှခဲ့သည်။ သခင်ယေရှုပြောသောစကားကို ပြောပြသည်။ အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို ကြည့်ပြီးပြောသည်၊ " သင့်လို ခရစ်ယာန်တွေပိုများလာလိမ့်မယ်လို့ ကျွန်မ တကယ်မျှော်လင့်ပါတယ်။"

ရှင်ယောဟန်ခရစ်ဝင်။ 3:16 "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏။"

ဘုရားသခင်သည် ပေးတော်မူ၏။ သူ့နောက်လိုက်သူများလည်း ပေးကမ်းသင့်သည်။

အတ္တလန်တာတွင် လေ့ကျင့်ခန်းစက်ဘီးစီးသည့်အခါ ငွေစက္ကူ 10ဒေါ်လာ နှင့် လက်ကမ်းကြော်ငြာတစ်စောင်ပါသောပလတ်စတစ်အိတ်ကို အမြဲယူဆောင်သွားသည်။ တစ်နေ့တာအတွက်ရည်မှန်းချက်တစ်ခုက အိတ်ထဲမှာ ပိုက်ဆံမကျန်ဘဲအိမ်ပြန်ခြင်း

ဖြစ်သည်။ နေပူတုန်းချိန် အနားယူခဲ့သည့် ဘတ်စ်ကားမှတ်တိုင်တွင်ရပ်ပြီး လူများတို့အားကောင်းကြီးမင်္ဂလာ စကားပြောရသည်မှာ ပျော်စရာကောင်းသည်။

တိုးဂိတ်မှဖြတ်မောင်းရတိုင်း ငွေကောက်သည့်ဝန်ထမ်းကို သက်သေခံသည့်အပြင် ကျွန်တော့်၏စာအုပ်ကိုပါပေးသည်။ ထို့အပြင်နောက်ကားအတွက် ထိုတစ်နေ့တာကားဖြတ်သန်းခရှင်းပေးပြီးခရစ်ယာန်တစ်ဦးသည်သင့်အတွက်ကားဖြတ်သန်းခရှင်းပေးပြီးကြောင်းနှင့် စာအုပ်ကိုထိုသူတို့အားပေးပေးပါရန် ငွေကောက်ဝန်ထမ်းကိုမှာခဲ့သည်။ လက်ခံခြင်းထက်ပေးကမ်းခြင်းက ပို၍ပျော်ရွှင်မှုကိုရစေသည်ဟုသခင်ယေရှုမိန့်ထားသည်။ တစ်နေ့တွင်ကျွန်တော် အိုကလာဟိုးမားမှာ တိုးဂိတ်တစ်ခုကိုဖြတ်သွားစဉ်နောက်မှကားအား ပိုက်ဆံရှင်းပေးပြီး ဖြည်းညှင်းစွာ မောင်းထွက်ခဲ့သည်။ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်ကာမည်သည့်နောက်ဆက်တွဲဖြစ်လာမည်ကိုသတိထားဖြစ်သည်။ နောက်မှကားက ငွေရှင်းရန်ပိုက်ဆံပေးသော်လည်း ကောက်ခံသူကမယူဘဲ ကျွန်တော့်စာတစ်စောင်အားပေးလိုက်သည်ကိုတွေ့သည်။ မယုံကြည်သူမှခရစ်ယာန်စာအုပ်ဝေသည်ကို ကျွန်တော်ကြိုက်သည်၊ သူတို့သည်မယုံကြည်သူဖြစ်သော်လည်း ကင်းစောင့်တာဝန်လုပ်ဆောင်နေကြသည်။ သို့သော် စိတ်မကောင်းစရာမှာ ဤစာအုပ်ဖတ်နေကြသည့် အချို့ယုံကြည်သူများက ကင်းစောင့်တာဝန်မလုပ်ဆောင်ကြပါ။ လမ်းပေါ်တွင် ကားများရှုတ်ထွေးနေချိန် ထိုကားကကျွန်တော့်ကားဘေးမှဖြတ်သွားသည်။ ကျွန်တော်ကြည့်လိုက်ရာ ကားထဲမှလူက တိုးဂိတ်မှပေးခဲ့သည့်စာအုပ်ကို အာရုံစိုက်ဖတ်နေသည်ကို တွေ့လိုက်ရသည်။ ဘုရားသခင်၏ဂုဏ်တော်ချီးမွမ်းပါသည်။

လေကြောင်းခရီးစဉ်တစ်ခုတွင် ဘုရားသခင်နှင့်ခရစ်ယာန်များကိုဆန့်ကျင်သည့် ဘုရားမဲ့ဝါဒီတစ်ယောက်၏ဘေးမှာ ထိုင်ခွင့်ရခဲ့သည်။ Atlanta မှ ဘုရားကျောင်းတစ်ကျောင်း၏ တန်ဖိုးသည်ဒေါ်လာသိန်းပေါင်းရာချီတန်ဖိုးကြီးသောကြောင့် "နတ်ဘုရားများ၏ခံတပ်" ဟုသူတင်စားသည်။ သူ၏အပြောအရ ခရစ်ယာန်များသည် လူကောင်းဖြစ်သော်လည်း ရယူ၊ ရယူ၊ ရယူခြင်းဖြင့်သာ အသက်ရှင်သည်ဟုဆို၏။ ထို့ကြောင့် စကားစမြည်ပြောပြီးသည့်အခါ သူ့ကိုကျွန်တော်၏စာအုပ်တစ်အုပ်ပေး



လိုက်သည်။ သူကျေးဇူးတင်သည်၊ ကျွန်တော့်ဂက်ဘ်ဆိုဒ်မှ စာအုပ်များကို ဝယ်စရာမလို အလှူငွေထည့်ရုံမျှနှင့် ရယူနိုင်ကြောင်းရှင်းပြသော် David ကနောက်ပိုင်းမှာ အံ့သြစရာကောင်းသည့် သူ၏အတွင်းရေးမှူးခရစ်ယာန်အမျိုးသမီးတစ်ဦးအကြောင်းပြောပြခဲ့ပါသည်။ သူမကိုသူလေးစားသည်။ သူအမှန်မပြောခဲ့ကြောင်းသင်မြင်ပါသလား။ ခရစ်ယာန်အားလုံး ရယူခြင်းဖြင့်အသက်ရှင်သည် မဟုတ်ပါ။ သူသည် သူမကိုအကဲခတ်ကြည့်နေပြီး ခရစ်ယာန်အမျိုးသမီးတစ်ဦး၏ လှပသောအသက်တာကိုကောင်းစွာမြင်တွေ့ခဲ့သည်။ ကျွန်ုပ်တို့သည်လည်း ယုံကြည်သူ၏နေထိုင်မှုပုံစံကိုမမေ့ပါနှင့်၊ အရေးကြီးသောအရာဖြစ်သည်။

မာလခိအနာဂတ္တိကျမ်း 3:8-10 "လူသည် ဘုရားသခင်၏ဥစ္စာတော်ကို လုယူရ မည်လော။ သို့သော်လည်း၊ သင်တို့သည် ငါ့ဥစ္စာကို လုယူ ကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့လုယူပါသနည်းဟု သင်တို့မေးလျှင်၊ ဆယ်ဘို့တဘို့ကိုငှင်း၊ ပူဇော်သက္ကာတို့ ကိုငှင်း လုယူကြပြီ။ သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကို ခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ ဥစ္စာကို လုယူကြပြီ။ ဆယ်ဘို့တဘို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့ သွင်း ၍၊ ငါ့အိမ်တော်၌စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုဃ်းကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ကောင်းကြီးမင်္ဂလာကိုအကုန်အစင်သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။"

လုယက်ခြင်းသည်မှားယွင်းသည်ဟုအားလုံးသိပါသည်။ သို့သော်သင်သည် ဘုရားသခင်ကို လုယူနေသည်ဟု တွေးဖူးပါသလား။ ဤအရာကို ခဏလောက် ပြန်စဉ်းစားကြည့်ရအောင်။ ဆယ်ဖို့တစ်ဖို့ကို မလှူလျှင်သင်သည် ဘုရားသခင်ထံမှ ခိုးယူနေပါသည်။ အစိုးရငွေကိုခိုးယူလျှင် မည်သို့ဖြစ်မည်ကိုသိသော်လည်း ကျွန်ုပ်တို့တော်တော်များများက ဘုရားသခင်ထံမှခိုးယူ၍ မည်မျှမှားယွင်းသည်ကို လုံးဝစိတ်မဝင်စားပါ။ နောက်ဆက်တွဲဆိုးကျိုးများရှိလာမည်မှာ သေချာပါသည်။ ကင်းစောင့်တို့သည် ထိုသို့အမှားများမပြုလုပ်ပါ။ မည်သည့်အရာဝေမျှရမည်ဟုသာ တွေးတောနေသူဖြစ်သည်။ အထက်မှကျမ်းချက်ကို နောက်တစ်ကြိမ်ထပ်ဖတ်ပါ။ အကြောင်းမှာ ဘုရားသခင်သည်

ဆယ်ဖို့တစ်ဖို့အကြောင်းကိုသာ ပြောနေခြင်းမဟုတ်ပါ။ အခြားယဇ်ပူဇော်ခြင်းများ လည်းပါဝင်သည်။ ကျွန်တော်သည်အခြားသောအလှူငွေအပြင်၊ ဆယ်ဖို့တစ်ဖို့ကိုအများ ဆုံးပေးလှူခြင်းဟု မည်သည့်အခါမျှမထင်ဖူးပါ။ သို့သော်ဆယ်ဖို့တစ်ဖို့သည် အနည်း ဆုံးလှူတန်းခြင်းအဆင့်ဟု မြင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်အသက်တာ တစ်လျှောက်လုံး၌ ပေးကမ်းခြင်းအသက်တာဖြစ်လိုသောကြောင့်ပင်ဖြစ်သည်။

ကောရိန္သုဩဝါဒစာဒုတိယစောင်။ 9:6–7" အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည်စပါး အနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။လူတိုင်း ကိုယ်အလိုအလျှောက်လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲ မနေရဟု စိတ်ထင်နှင့် မလှူရ၊အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသော သူကိုသာ ဘုရားသခင်နှစ်သက်တော်မူ၏။"

ပေးကမ်းခြင်းသည် စိတ်နှလုံးကိစ္စဖြစ်သည်ကိုမြင်ရ၏။ သင့်မှာ ပိုက်ဆံရှိလား၊ မရှိလားဆိုသည်မှာ အရေးမကြီးပါ။ ဘုရားနောက်လိုက်သည့်အခါ ပေးကမ်းလိုသောဆန္ဒသည် အတွင်းမှဖြစ်ပေါ်လာသည်။ တခြားသူများကို ကောင်းချီး ပေးရသည်မှာအလွန်ပျော်ရသည်။တစ်စုံတစ်ယောက်၏အသက်တာကိုတို့ထိပြီးကောင်း ကြီးပေးရန် အခွင့်အလမ်းများကို သင်ရှာဖွေလိမ့်မည်။ သင့်မျက်လုံးများကို ကျယ်ကျယ် ဖွင့်ထားလိမ့်မည်။



ပေးကမ်းခြင်းသည်စိတ်နှလုံးကိစ္စဖြစ်သည်ကိုမြင်ရ၏။ သင့်မှာပိုက်ဆံရှိလား၊ မရှိလားဆိုတာ အရေးမကြီးပါ။ ဘုရားနောက်လိုက်သည့်အခါ ပေးကမ်းလိုသောဆန္ဒသည် အတွင်းမှ ဖြစ်ပေါ်လာသည်။

တစ်ခါက ဆောင်းပါးတစ်ပုဒ်တွင် နာမည်ကြီး ပရော်ဖက်ရှင်နယ်ဘောလုံးသမား Kurt Warner အကြောင်းကိုဖတ်ဖူးသည်။ သူတို့သည်မိသားစု လိုက်စားသောက်ဆိုင်တွင် သွားစားကြသည့် အခါစားသောက်ဆိုင်မှ အခြားသူ၏ စားသောက် စရိတ်ကိုအမြဲပေးဆောင်တတ်သည်။ သူတို့၏ သားများက ပတ်ပတ်လည်ကို ဝိုင်းကြည့်ကာ “ဖေဖေ၊ အဲဒီစားပွဲရော ဒါမှမဟုတ်အဲဒီ စားပွဲရောငွေရှင်းပေးပြီးပြီလား” ကျွန်တော်ဤဆောင်းပါးကို ဖတ်ရင်း မယုံနိုင်လောက် အောင်ဖြစ်သွားသည်။ သူ့သားသမီးများကို ပေးကမ်းတတ်သည့် ခရစ်ယာန်ဖြစ်အောင်



သင်ပေးခဲ့ခြင်းဖြစ်သည်။ အခြားသူများကို ကောင်းချီးပေးခြင်းဖြင့် Kurt Warner သည် သူ၏ကလေးများကို စံနမူနာပြနေပါသည်။ သူက ကျွန်တော် သဘောကျသည့် အဖေ အမျိုးအစားပါ။ ဤဆောင်းပါးကိုဖတ်နေစဉ် "Kurt Warner လုပ်နိုင်ရင် ငါလည်းလုပ် နိုင်တယ်" ဟုဆုံးဖြတ်လိုက်သည်။ ထို့နောက်တွင် စားသောက်ဆိုင်သွားတိုင်း တစ်စုံ တစ်ယောက်၏အစားအစာအတွက်ရှင်းပေးသည်။ တခါတရံအလွန်စိတ်ဝင်စားစရာ ကောင်းသည့် အကြောင်းအရာဖြစ်ပေါ်တတ်သည်။

ကျွန်တော်သည် တက္ကသိုလ်ဘတ်စကတ်ဘောအသင်းမှပွိုင့်ကာဒ်ဝေသူနှင့် သူ၏မိသားစုအပါ စားသောက်ဆိုင်တွင်ထိုင်နေစဉ် အသက်ငါးဆယ်အရွယ် အမျိုးသား နှစ်ယောက် စားသောက်နေသည်ကို တွေ့လိုက်ရသည်။ သူတို့နှစ်ယောက်သည် ရင်းနှီး သည့်အပေါင်းအသင်းဖြစ်ပုံပေါ်သည်။ ကျွန်တော်ကသူတို့နှစ်ယောက်၏ အစားအ သောက်ကုန်ကျစရိတ်ကို ရှင်းပေးလိုကြောင်း စားပွဲထိုးကိုပြောခဲ့သည်။

ဤအရာနှင့်ပတ်သက်ပြီးစားပွဲထိုးကအံ့သြသွားသည်။ အချို့သောစားပွဲထိုး များက သူတို့ဆိုင်တွင်မြင်ဖူးသမျှ၌ အကောင်းဆုံးဖြစ်ရပ်ဖြစ်သည်ဟုဆို၏။ သင်မြင် ပါသလား၊ တခြားသူများကို ကောင်းချီးပေးသည့်အခါ ဘုရားသခင်သည်ကျွန်ုပ်တို့နား မလည်နိုင်သော နည်းလမ်းများဖြင့်လုပ်ဆောင်သည်။

စားပွဲထိုးက ထိုအမျိုးသားနှစ်ယောက်အား လူတစ်ဦးကစားစရိတ်ရှင်း ပြီးသွားပြီဟုပြောရာသူတို့အံ့သြသွားကြသည်။ ကျွန်တော်သူတို့ထံချဉ်းကပ်ပြီး သခင် ယေရှုကမည်ကဲ့သို့မိန့်မှာကြောင်းရှင်းပြသည်။ တစ်ယောက်က ကျွန်တော့်ကိုအံ့အား သင့်စွာကြည့်ရင်း “ကျွန်တော့်တစ်သက်မှာ ထမင်းစားစရိတ်ကို ဘယ်သူမှမပေးဖူးဘူး။” ကျွန်တော်တို့ စကားစမြည်ပြောရင်း သူ၏မိခင်သည် မကြာခင်ကမှဆုံးပါးသွားကြောင်း သူ့မျက်လုံးထဲမှာ မျက်ရည်များဝဲနေသည်။ သူတို့နှစ်ယောက်လုံး ဝိညာဉ်ရေးရာ၌ မွေးဖွားမှုမရှိသေးပါ။ သို့သော်သေခြင်းတရား၏အဓိပ္ပါယ်ကိုပြောပြရင်း သူတို့ကို ကျွန် တော်၏စာအုပ် တစ်ယောက်တစ်အုပ်စီပေးခဲ့သည်။ သူတို့က ကျွန်တော့်လက်ကိုကိုင် ကာလှုပ်ယမ်းလိုက်ကြပြီး ထွက်ခွာခဲ့သည်။

Cincinnati ရှိ စားသောက်ဆိုင်တစ်ခုတွင် အမျိုးသားတယောက်ကသူ့သမီးကို ပွေ့ကာ တီဗီမှလွင့်သည့်ဘောလုံးပွဲကြည့်နေသည်။ သူနှင့်စကားပြောရာ သူ့သမီးက ကျန်းမာရေးမကောင်းကြောင်း ခွဲစိတ်မှုများစွာလုပ်ရကြောင်း သူကပြောပြသည်။ သို့သော်ဤအရာက ဖခင်၏ချစ်ခြင်းမေတ္တာကိုဖော်ပြခွင့်ရ၍ အလွန်ဝမ်းသာပါသည်။ ထိုစားပွဲမှကုန်ကျစရိတ်အတွက် ကျွန်တော့်ထံဘေလ်ယူလာပေးရန် စားပွဲထိုးအား တောင်းဆိုခဲ့သည်။ ထိုစားပွဲ၌ လူငါးယောက်ခြောက်ယောက် အတူတူစားသောက်ကြခြင်းဖြစ်သည်။ ထို့နောက်တွင်သူတို့သည် ကျွန်တော်တို့စားပွဲကိုလာပြီး ကျေးဇူးတင်ကြောင်းပြောသည်။ ထိုစားပွဲတွင် အဖွားတစ်ယောက်လည်းပါသည်။ နှစ်ပတ်ကြာသော်ကျွန်ုပ်ထံအီးမေးလ်ပို့သည်။ ထိုနေ့၌ဖြစ်ရပ်ကိုအခြားသူများအား ပြောပြကြောင်း၊ တစ်ခါမျှဤကဲ့သို့ မကြုံဖူးကြောင်း၊ သူမသည်ယေရှုခရစ်၌ ခိုင်ခံ့သောယုံကြည်ခြင်းရှိပြီး ဤအဖြစ်အပျက်က သူ့အားယုံကြည်ခြင်း၌ ပို၍အသက်ရှင်ရန် လှုံ့ဆော်ပေးခဲ့ကြောင်း ပြောပြသည်။

ရှင်လုကာခရစ်ဝင်။ 8:12–14 "လမ်း၌ရှိသောသူကား၊ တရားစကားကို ကြားသည်ရှိသော်၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းသို့ မရောက် စေခြင်းငှါ၊ မာရ်နတ်သည် လာ၍ တရားစကားကို နှလုံးထဲမှနှုတ်ယူသောသူကိုဆိုလိုသတည်း။ကျောက်ပေါ်၌ရှိသောသူကား၊တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့် ခံယူသော်လည်း စိတ်နှလုံး၌အမြစ်မစွဲ၊ ခဏသာယုံကြည်သဖြင့် စုံစမ်းနှောင့်ရှက်ခြင်းကို ခံရသောအခါ ဖောက်ပြန်သောသူကို ဆိုလိုသတည်း။ ဆူးပင်တို့တွင် ရှိသောသူကား၊ တရားစကားကိုကြားသည်ရှိသော်၊ လောကီစိုးရိမ်းခြင်း၊ စည်းစိမ်ကြွယ်ဝ ခြင်း၊ ကာမဂုဏ်ခံစားခြင်းတို့သည် နှိပ်စက်၍ အသီးမသီးသောသူကိုဆိုလိုသတည်း။"

ပေးလှူသည့်အခါ ကျွန်ုပ်တို့၏စိတ်သဘောထားကို အရေးပေးဆန်းစစ်ရပါမည်။ ဤအကြောင်းကို ကျွန်တော်ပြောပြခြင်းက “ဟေး! ငါ့ကိုကြည့်။” ဟုဝါကြွားခြင်းမဟုတ်ပါ။ သို့သော်ကြီးမြတ်မှုကို ဘုရားသခင်လုပ်ဆောင်နိုင်သည်ကို သင်မြင်နိုင်စေရန်အတွက် ဤအကြောင်းများကို ကျွန်ုပ်မျှဝေခြင်းဖြစ်ပါသည်။ မျက်စိရှေ့မှာတင်



အမှန်ပင်အံ့ဩစရာအမှုတွေကို ဘုရားသခင်ပြုကြောင်း သင့်ကိုမြင်စေလိုသည်။ ကိုယ်တော် အလွန်ကြီးမြတ်ပါသည်။



ပေးကမ်းသောအခါ၌ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွင်းသဘောထားကို ဂရုတစိုက်ဆန်းစစ်ရပါမည်။

နွေရာသီတစ်နေ့၌ သင်ကြားရန်ကျောင်းကို ကားမောင်းသွားစဥ်လမ်းဘေးမှာပေါင်းပင်များကိုရှင်းလင်းနေသည့် အကျဉ်းသားတစ်စုကို တွေ့၍ကုန်စုံဆိုင်တွင် Gatorade အချိုရည်ဝယ်ကာ သူတို့နှင့်အစောင့်ကို ဝေလိုက်သည်။ လူအချို့နှင့် စကားပြောပြီး ဧဝံဂေလိစာစောင်ဝေခဲ့သည်။ ထိုနေ့နှောင်းပိုင်းတွင် ကျောင်းမှထွက်လာချိန် ထိုအကျဉ်းသားများ ရှိနေဆဲပင်။ ဂျော်ဂျီယာမြို့၏နေရောင်အောက်တွင်ယောက်တိုင်းအပူဒဏ်ရင်ဆိုင်ကြရသည်။သူတို့ကကျွန်တော့်ကားကိုမှတ်မိပြီး လမ်းဘေးတွင် တစ်ယောက်ပြီးတစ်ယောက်ပြုံးပြီး နှုတ်ဆက်ကြသည်။ ထိုနေ့၌ သူတို့ကို ကောင်းချီးပေးသည့်အတွက် ကျေးဇူးတင်ကြသည်။ ဤအကြောင်းရေးတဲ့အခါ ကျွန်တော့်ကိုမျက်ရည်ကျစေသည်။ ရိုးရှင်းသောလုပ်ဆောင်ချက်ဖြင့် အမြင့်ဆုံးသော ဘုရားသခင်သည် သူတို့ကိုတန်ဖိုးထားကြောင်း ၊ သူတို့သည်အထူးနည်းလမ်းဖြင့် ဖန်ဆင်းထားတော်မူသောသူဖြစ်ကြောင်း ဖော်ပြနိုင်ခဲ့သည်။ ထိုသူတို့ကိုဘုရားသခင်က အထူးဖန်းဆင်းထားသောကြောင့် သူတို့၏ဖြစ်စဥ်အမှန်အတိုင်း ဆက်ဆံရမည်ဖြစ်သည်။

ဆာလံကျမ်း 139:14 "အကျွန်ုပ်သည် ကြောက်မက်ဘွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည် ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှုတို့သည် အံ့ဩဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏ စိတ်ဝိညာဉ်သည်အမှန်သိပါ၏။"

ခရစ်ယာန်တစ်ယောက်အနေနှင့် ဤအရာကို သတိရပါ။ ပတ်ဝန်းကျင်က လူများအတွက် စံဖြစ်ရန်လိုအပ်ပါသည်။ ကျွန်တော်တို့၏ စံနှုန်းကို မြင့်မြင့်ထားကြပါစို့။

ဘုရားအမှုဆောင်သည် စိန်ခေါ်မှုတစ်ခုဖြစ်သည်။ သို့သော် ကင်းစောင့်သည် ထိုစိန်ခေါ်မှုကိုရင်ဆိုင်ရန် အမြဲတမ်းအသင့်ရှိနေသည်။

သင့်မှာငွေသုညကျပ်ရှိသည်ဆိုပါစို့။ သင်၌ဘာမျှမရှိသောကြောင့် တပါးသူကိုပေးနိုင်မည်လား။ သေချာသည် မပေးနိုင်ပါ။ သို့သော် ဘုရားသခင်အတွက်ပေးအပ်ရာတွင်သင်၏အချိန်၊အရည်အချင်းနှင့်ဆယ်ဘို့တဘို့အားဖြင့်ပေးအပ်နိုင်သည်။ အခြားသူများကို ကောင်းချီးပေးမည့် နည်းလမ်းများစွာရှိသောကြောင့် နည်းလမ်းအချို့ကိုရှာဖွေပါ။

အမျိုးသမီးတစ်ယောက်က တစ်ပတ်ရစ်ပစ္စည်းကို ကားဂိုဒေါင်ဖွင့်၍ရောင်းခြင်းသည် သက်သေခံရန်အတွက်ဖြစ်သည်ဟုပြောဖူးသည်။ နောက်တစ်ယောက်ကပစ္စည်းများဖြန့်ဝေရန်ကားဂိုဒေါင်ဖွင့်သည်။ပစ္စည်းများအားလုံးကို အခမဲ့လက်ဆောင်ပေးကြောင်းသတင်းစာမှာလည်း ကြော်ငြာသောကြောင့်လူအများအပြားလာရောက်ခဲ့ကြသည်။ထို့နောက်သူမသည်ဧဝံဂေလိတရားကို ဖြန့်သည်။

ကျွန်တော့်သူငယ်ချင်းတချို့က ညစာစားရန်ဧည့်သည်များ အမြဲရှိတတ်သည်။ သို့မဟုတ် တစ်ယောက်ယောက်က သူတို့အိမ်တွင် လာတည်းတတ်သည်။ သူတို့ကတခြားသူများကိုလည်း ကောင်းချီးဖြစ်သည့်အနေဖြင့် အရသာရှိသည့်အစားအစာတွေကို ချက်ပြုတ်ပေးပါသည်။ ထို့နောက်အစာစားနေစဉ်ဘုရားသခင်၏ အကြောင်းကိုပြောကြသည်။

တစ်ခါက ကျွန်တော်သင်ကြားသည့်ဝတ်ပြုစည်းဝေးပွဲတစ်ခုတွင် ချီးမွမ်းဦးဆောင်သူတစ်ယောက်နှင့် စကားပြောဖြစ်ခဲ့သည်။ သူငယ်ငယ်က ပါနားမားစီးတီတွင်ပါတီပွဲတစ်ခုသွားရန် လမ်းပေါ်ထွက်ပြီး ကားလိုက်စီးရန် ကားတားခဲ့သည်။ သူ့ကိုကားလိုက်စီးရန်ခေါ်သောပထမဆုံးလူမှာ သင်းအုပ်ဆရာဖြစ်ပြီး သခင်ယေရှုအကြောင်းပြောပြခဲ့သည်။ ဒုတိယလူကလည်း သင်းအုပ်ဆရာဖြစ်ပြီး ဧဝံဂေလိတရားကိုဝေမျှ၏။ တတိယလူက သူ့ကိုကားနှင့်လိုက်ပါရန် ကားရပ်ပေးစဉ်သူကကားသမားကို "ကျွန်တော်သိတယ် ခင်ဗျားက သင်းအုပ်ဆရာပဲ” ဟုပြောလိုက်သည်။ သင်းအုပ်ဆရာက “ခင်ဗျားဘယ်လိုသိတာလဲ!” ဟုပြန်မေးသည်။ ပါနားမားစီးတီကိုရောက်ရန် သူ့အား



လူခြောက်ယောက်က ကားလိုက်စီးရန်ခေါ်ဆောင်ခဲ့သည်။ ခြောက်ယောက်စလုံးကသင်းအုပ်ဆရာများဖြစ်ကြသည်။ ထို့ကြောင့်သူများကိုကောင်းချီးပေးရာတွင် ကားလိုက်စီးစေပြီး ဧဝံဂေလိတရားကို ဝေမျှပေးခြင်းသည် ခရစ်ယာန်တိုင်း လုပ်နိုင်သည့်အရာဖြစ်သည်။

တစ်ချိန်ကပြောခဲ့သလိုပင်၊“အသေးအမွှားလေးတွေက ကြီးလာနိုင်ပါတယ် အဲ့အရာအပေါ်ဘုရားရှိတော်မူခဲ့ရင်…” ဟူသောစကားလုံးသည်အမှန်ပင်ဖြစ်သည်။ အရေအတွက် သို့မဟုတ် အရွယ်အစားကို မကြည့်ဘဲ သစ္စာရှိမှုသာလျှင်အရေးကြီးသည်။ ကင်းစောင့်သူသည်သစ္စာရှိကြသည်။

ယခုချိန်တွင် တစ်ချက်တော့ သတိထားစေလိုသည်။ ၎င်းမှာ “Servant Evangelist” ဟုခေါ်သော ဝန်ဆောင်မှုပေးခြင်းဖြင့် ဧဝံဂေလိပြုခြင်းဖြစ်သည်။ ဥပမာအပြင်ထွက်၍ ကောင်းမှုပြုခြင်း၊ ရပ်ကွက်တွင်းမှလူများ၏အိမ်ရှေ့ မြက်ခင်းပြင်ကိုမြတ်ရိတ်ပေးခြင်း၊ လမ်းဘေးမှအမှိုက်ကောက်ခြင်း၊ ကုန်တိုက်တွင် ခရစ္စမတ်လက်ဆောင်များကို အခမဲ့ထုပ်ပိုးပေးခြင်းတို့ကို သတင်းကောင်းကြေငြာခြင်း ခေါ်ကြသည်၊ သို့သော်ထိုအရာများသည် ဧဝံဂေလိပြုလုပ်ခြင်းမဟုတ်ပါ။

တစ်နှစ်သောနွေရာသီမှာ Tennessee ပြည်နယ်၌ ကျွန်တော်သင်တန်းပေးခဲ့သည်။ လက်တွေ့အနေဖြင့်ကျောင်းသားတစ်အုပ်စုကို ဧဝံဂေလိပြောရန် ခေါင်းဆောင်တစ်ယောက်ကဦးဆောင်ကာထွက်ခဲ့သည်။ ကျောင်းသားများသည်Attanooga ၏လမ်းများပေါ်တွင် အမှိုက်ကောက်ရာတွင် ပါဝင်ကြသည်။ သူက ကျောင်းသားများကို "ဒါလုပ်တာ အမှုတော်ထမ်းဆောင်ခြင်းနဲ့ ဧဝဂေလိပြုလုပ်ခြင်းဖြစ်တယ်" ဟုပြောပြသည်။ ထိုအစီအစဉ်၌ ပါဝင်ကြသည့်ကျောင်းသား များစွာရှိသည်။ သို့သော် ထိုအဖွဲ့ကလူများ၏ဝိညာဉ်ပိုင်းကို ကယ်တင်ခြင်းရရန် မည်သည့်ပြင်ဆင်သတိပေးခြင်းမရှိပါ။ မိမိ၏ဇာတိသဘောကိုသာ ကောင်းမှုလုပ်သည်ဟူသော ခံစားချက်သာ ရစေနိုင်သည်။ ကျွန်တော့်အနေဖြင့် လမ်းတွင်အမှိုက်ကောက်နေသော လူများကိုတွေ့လျှင် ပထမဦးဆုံးစိတ်ထဲတွင်ပေါ်လာသည်မှာ "သူတို့တွေကအကျဉ်းသားတွေပါ၊ဥပဒေကိုချိုးဖောက်ပြီးလူမှုရေးလုပ်ငန်းတွေ လုပ်နေရခြင်းဖြစ်တယ်" ဟုသာမြင်သည်။ ဤလူများသည်

ခရစ်ယာန်များဖြစ်သည်ဟု မထင်မိပါ။ ထိုလူများကို အလွန်သဘောကျပြီး စာအုပ်ဆိုင်ကို သွား၍ကျမ်းစာဝယ်ဖတ်ကာ သခင်ယေရှုအကြောင်း လေ့လာမည်မဟုတ်ပါ။ အနှစ်သန်းတစ်ရာကြာလျှင်ပင် ကျွန်တော့်အနေနှင့် ထိုသူတို့အား ခရစ်ယာန်များဟု ဘယ်သောအခါမျှ တွေးမိမည်မဟုတ်ပါ။

ထိုအချိန်က ကျွန်တော်လမ်းဘေးမှာ လမ်းလျှောက်သွားစဉ်ကျွန်ုပ်တို့၏ ကျောင်းသားအချို့သည် လမ်းဘေးရှိလူတစ်ဦးအား ဧဝံဂေလိတရားကို သက်သေခံနေသည်။ လမ်းဘေးသို့ရောက်ရှိရခြင်း၏ အကြောင်းရင်းမှာ စားသောက်ဆိုင်မှနှင်ထုတ်ခံရခြင်းကြောင့်ဖြစ်သည်။ သို့သော်ဆိုင်ရှိ ဘားသမားသည် စကားစမြည်ကိုဆက်ပြောလို၍ ဆိုင်အပြင်ဘက်မှာ ဘုရားအကြောင်းပြောရန် ထွက်လာခဲ့ကြခြင်းဖြစ်သည်။ ဤကျောင်းသားအုပ်စုသာလျှင် ကင်းစောင့်ဖြစ်ကြောင်းပေါ်လွင်နေသည်။

ဘော်စတွန်မှာ ဧဝံဂေလိတရားဟောဖို့ ဆုံးဖြတ်ထားသည့် အုပ်စုနှစ်စုမှ လူနှစ်ယောက်နှင့်တွေ့သည်။ ရထားဘူတာကို သွားကာ granola bars (နံနက်စာ သို့မဟုတ် သီးနှံအခြေခံ သရေစာများ၊ ဘာသာပြန်သူ)ကို လမ်းသွားလမ်းလာများအား အခမဲ့ပေးကမ်းခြင်းပြုလုပ်သည်။ တခြားမည်သည့်အရာမျှပြုလုပ်ခြင်းမရှိပါ။ ဝေမျှခြင်းခံရသောသူများက ခရစ်ယာန်များဖြစ်သည်ကို သိသောကြောင့် ထို granola bars များကိုလက်မခံကြပါဟုဆိုသည်။ သို့ဆိုလျှင် granola bars များကို ကြိုးစားမည့်အစားလက်ကမ်းစာစောင်ကို ထုတ်ပေးစမ်းကြည့်သည်မှာ ပို၍ကောင်းသည်မဟုတ်လား။ သင်၏နှုတ်ကိုဖွင့်ပြီး သခင်ယေရှုအကြောင်းကို အခြားသူများသိစေခြင်းသည် သာ၍ကောင်းမည်မဟုတ်လော။ သူတို့၏အပြစ်အတွက် ကိုယ်တော်အသေခံခဲ့ပြီး တရားစီရင်ရာနေ့ရောက်လာပြီဟု ပြောပြလျှင်ပိုကောင်းသည်။ သေချာသည် သာ၍ကောင်း၏။

လူနှစ်ယောက်ကသူတို့အဖွဲ့လည်းဤကဲ့သို့ ပြုလုပ်ခြင်း၏ အကြောင်းရင်းကိုပြောပြသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့မြောက်ပိုင်းသည် ဧဝံဂေလိတရားကိုဆန့်ကျင်သောစိတ်နှလုံးရှိသောကြောင့်၊ ထိုသို့ပြုခြင်းသည်လူ၏စိတ်ကိုပျော့ပျောင်းစေ ဟုဆိုသည်။ စိတ်ဝင်စားစရာကောင်းပါသည်။ ဧဝံဂေလိဝေငှသည့် နောက်တဖွဲ့က



Connecticut ရှိ Yale တက္ကသိုလ်နားက ကိုယ်ဝန်ဖျက်ချတဲ့ဆေးခန်းရှေ့မှာ စနေနေ့တိုင်းကိုယ်ဝန်ဖျက်ချဖို့ ရောက်လာကြသည့် အမျိုးသမီးများ၊ ကျောင်းသားများ၊ ပါမောက္ခများကို ဧဝံဂေလိပြောသည်။ granola ချောင်းများကို ပေးစရာပင် မလိုပါ။

ကောင်းသောအပြုအမူသည်နှုတ်ဖြင့်ဝေမျှသည့်ဧဝံဂေလိတရားကိုအစားထိုးနိုင်ပါသလား။ လုံးဝအစားမထိုးနိုင်ပါ။

ရှင်မာကုခရစ်ဝင်။ 16:15 "သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတ ရာကို ဟောကြလော့။"

ဤနေရာတွင် "ဟောပြောခြင်း" ဟူသော စကားလုံးသည် "တရားဟောခြင်း" ကို မဆိုလိုပါ။ "ဟောပြောခြင်း" ဟူသည်မှာ ပွင့်ပွင့်လင်းလင်း ဟောပြောခြင်းကို ရည်ညွှန်းပြီး အလွန်အရေးကြီးသည့် အလေးအနက်ထားမှု သို့မဟုတ် အခွင့်အာဏာကို ရည်ညွှန်းပါသည်။ ဝိညာဉ်သီအစ်ကိုညီအစ်မများ လိုက်နာရမည်။ ၎င်းမှာ ဧဝံဂေလိတရားဖြစ်သည်၊ မယုံကြည်သူများအတွက် အလွန်အရေးကြီးပြီး ၎င်းကိုဟောကြားရမည်။

သင်းအုပ်ဆရာတစ်ယောက်က ကျွန်တော့်ကိုပြောသည်မှာ ဧဝံဂေလိတရားအတွက် ကောင်းသောအကျင့်သော်လည်း ဧဝံဂေလိတရားဟောခြင်းမဟုတ်ပေ။ ဇာတိပကတိ၏ကောင်းသောခံစားချက်ကို ကျေနပ်စေသော အရာတစ်ခုကိုမလုပ်ဘဲ သမ္မာကျမ်းစာအတိုင်းလုပ်ပါ။

ဧဝံဂေလိတရားဟောခြင်းသည် ကောင်းမြတ်မှုကိုပြသခြင်းမဟုတ်ဘဲ သတင်းကောင်းဟောပြောခြင်းဖြစ်သည်ကို သတိရပါ။

တစ်နေ့မှာကျွန်တော် တိုရွန်တိုကို ထွက်ခွာခဲ့သည်။ အားလပ်နေသည့် ဖိနပ်တိုက်သမားနှင့် စကားပြောခဲ့သည်။ ကျွန်တော်အမြဲရှာဖွေလေ့ရှိသော အရာတစ်ခုမှာ အချိန်ကိုဖြုန်းနေသည့် အလုပ်နားနေသူ၊ ပန်းခြံခုံတန်းလျားများတွင် ထိုင်နေသည့်သူ၊ တွန်းလှည်းတွန်းသူ ကုန်တိုက်အလုပ်၌ငြီးငွေ့နေပုံပေါက်သူ အစရှိသောလူများကို အဘယ်ကြောင့် မကူညီဘဲနေမည်နည်း။ ထိုလူသည် ယခင်ကကက်သလစ်ဘာသာဝင်

ဖြစ်သည်။ သူသည် လက်ရှိတွင် မွတ်စလင်တစ်ဦးဖြစ်သည်။ ယုံပါ ၊ ကျွန်တော်တို့နှစ်ယောက် စကားစမြည်ပြောနေစဉ်ဖိနပ်ကိုတိုက်ရန် လူတစ်ယောက် ဝင်လာသည်။ ဖိနပ်တိုက်သူက ထိုင်ချလိုက်ပြီး ဖိနပ်ကိုတိုက်ကာ ယုံကြည်ခြင်းအကြောင်း ဆက်ပြောနေသည်။ ယခု ဖိနပ်လာတိုက်သည့် ဖောက်သည်ကပါ ကျွန်တော်တို့၏ စကားဝိုင်းကို နားထောင်ခွင့်ရခဲ့သည်။ သင်ကြုံဖူးမည်၊ လူတစ်ဦးနှင့် စကားပြောနေသော်လည်း အခြားလူများကလည်း နားထောင်နေပါသည်။ တခါတရံ နားထောင်သူနှင့် ပြောဖြစ်သည့်အကြောင်းရင်းဖြစ်လာသည်။ တရားဟောရမည့် အစစ်အမှန်က ဤနေရာပင်။ ဖိနပ်တောက်ပြောင်နေသူနှင့် စကားစမြည်ပြောဖြစ်ခဲ့သည်။ ဖိနပ်လာတိုက်သည့် ထိုဖောက်သည်အတွက် ကုန်ကျစရိတ်ကို ကျွန်တော်ပေးပြီး ဖိနပ်တိုက်သူကိုပါ ငွေအပိုပေးပြီးထွက်ခဲ့၏။ ပွတ်သပ်ပြီးခါစ ဖိနပ်တစ်ရံကို ဝတ်ဆင်ထားသူနှင့် ကျွန်တော်စကားဆက်ပြောခဲ့သည်။

တစ်ခါတုန်းက အော်လန်ဒိုကို သွားစဉ်ဘုရားသခင်က ကျွန်တော့်ကို အံ့သြစရာကောင်းသည့် အခွင့်အရေးတစ်ခုပေးခဲ့သည်။ ၎င်းမှာ Tiger Woods ကို သက်သေခံခွင့်ရခြင်းဖြစ်သည်။ ထိုအကြောင်းကိုအိမ်ပြန်လေကြောင်းလမ်းတွင်ကျွန်တော့်ဘေးမှာထိုင်သည့် အမျိုးသားကိုပြောပြသည်။ ထို့နောက်လေယာဉ်ပေါ်မှဆင်းမည့်အချိန်တွင်ကျွန်တော့်နောက်ကလူကကျွန်တော့်ပုခုံးကိုထိပြီးမေးသည် “ထိုက်ကားဝပ်ကိုသက်သေခံတဲ့အခွင့်အရေးရခဲ့တယ်မဟုတ်လား” ကျွန်တော်က ဟုတ်ကဲ့ ဟုဆိုရာကျွန်တော်နှင့်စကားပြောလိုသည်ဟုဆိုပါသည်။ လေယာဉ်ပေါ်ကဆင်းပြီးအပြင်မှာရပ်ကာစကားပြောဖြစ်သည်။ သူသည် ထိုက်ကားဝပ် ကယ်တင်ခြင်းရရန်အတွက် ဆုတောင်းပေးသည့် လူသုံးယောက်မှတစ်ယောက်ဖြစ်ကြောင်းပြောပြသည်။ ဝေါင်း!!! ကျွန်တော်သည် သူတို့ဆုတောင်းချက်၏ အဖြေတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သူ့ကို အသိပေးခဲ့ပါသည်။တစ်ခါတရံကျွန်တော်တို့စကားပြောဆိုခြင်းကိုတစ်ယောက်ယောက်ကသတိထားနားထောင်နေသည်။ သို့သော်ကင်းစောင့်က ဧဝံဂေလိပြောရန်မှာ သူ့တာဝန်ဖြစ်ကြောင်း သိသည်။



ယာကုပ်ကဧသောကိုကမ္ဘာဦးကျမ်း 33:11တွင်ပြောခဲ့သည်မှာ"ကိုယ်တော်ထံသို့ရောက်သောကျွန်တော်၏ မင်္ဂလာကိုခံယူတော်မူပါ။ဘုရားသခင်သည်၊ ကျွန်တော်၌များစွာသောကျေးဇူးကိုပြုတော်မူပြီ။ ကျွန်တော်၌လုံလောက်အောင်ရှိပါ၏ဟူ၍တိုက်တွန်းသောကြောင့်ခံယူလေ၏။" သူ၏တောင်းခံမှုကြောင့် ဧသောကလက်ခံခဲ့သည်။

ကင်းစောင့်သူများ၊ဤလောက၌အချိန်လျော့နည်းလာသည်နှင့်အမျှအခက်အခဲများကြုံလာရသည်ကိုသတိရပါ။ သို့သော် ခရစ်ယာန်များသည် စုဆောင်းခြင်းသာပြုသူများမဟုတ်ပေ။ ကျွန်ုပ်တို့သည် ယုံကြည်သူများဖြစ်သောအခါ အခြားသူများကိုပေးကမ်းခြင်းသည် ကျွန်ုပ်တို့၏ DNA ၌ပါဝင်နေပြီးဖြစ်သည်။

တစ်နေ့စားသောက်ဆိုင်တစ်ခုတွင်ငွေကောက်ကောင်တာ၌ ဖြတ်ပိုင်းတွေကိုကြည့်ရင်း နာတာရှာဆိုသည့်စားပွဲထိုးကို အပိုငွေမည်မျှပေးရမည်စဥ်းစားနေချိန် သူ့ကလေးကကျန်းမာရေးမကောင်းဖြစ်နေသည်ကိုသိ၍ ဒေါ်လာ 100 ပေးရန်ဆုံးဖြတ်ခဲ့သည်။ ကျွန်တော့်ရင်ထဲမှာက သူ့ကိုဒေါ်လာ ၂၀၀ ပေးပါဟုနိုးဆော်နေသည်။ ကျွန်တော်တို့ သိမ်းဆည်းရန် ဘုရားသခင် အလိုတော်မရှိ။ ထို့ကြောင့်ကိုယ်တော်၏အမိန့်ကိုလက်ခံပြီး နာခံသင့်သည်။ ကျွန်တော်သူမကိုငွေပေးလိုက်သော် သူမငိုပါတော့သည်။ နောက်တနေ့အစောပိုင်းမှာ နာတာဆာ၏ ပိုက်ဆံအိတ်ခိုးယူခံရကြောင်း သူ့သူငယ်ချင်းဆီကသိလိုက်ရသည်။ သင်ခန့်မှန်းတာမှန်ပါသည်။ ခိုးယူခံရသည့်သူမ၏ပိုက်ဆံအိတ်ထဲ၌ဒေါ်လာ ၂၀၀ ရှိပါသည်။ သူမကကျွန်တော့်ထံ အီးမေးလ်ပို့သည်။ ထိုနေ့၌စားသောက်ဆိုင်သို့ ဘုရားသခင်ကကျွန်တော့်ကို ပို့ဆောင်ပေးသည်ဟုသူမယုံကြည်ကြောင်း၊သမ္မာကျမ်းစာအရ စစ်မှန်သောကယ်တင်ခြင်းကား အဘယ်နည်းဟု သူရှာဖွေနေကြောင်းပြောပြသည်။

ရှင်ယောဟန်ခရစ်ဝင်။ 15:13 "ကိုယ်အဆွေတို့အဘို့အလို့ငှါ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။"

သခင်ယေရှုသည် လူသားအားလုံးအတွက်အသေခံခဲ့သည်။ လူအတော်များများက သခင်ယေရှုအတွက်အသေခံနိုင်ကြောင်းပြောသောသူကို ကြိမ်ဖန်များစွာတွေ့ဖူးသော်လည်း ကျွန်ုပ်တို့၏အိပ်ကပ်၌ရှိသောအရာကို မပူဇော်ပါက မည်သို့ဖြစ်နိုင်မည်နည်း။ ကိုယ်တော်အတွက် ကျွန်ုပ်တို့၏အချိန်နှင့် အရည်အချင်းကိုပင် မစွန့်လွှတ်နိုင်ဘဲလျက် တစ်နေ့သခင်ယေရှုအတွက်အသေခံမည်မှာ မဖြစ်နိုင်သေးပါ။

သက်သာလောနိတ်ဩဝါဒစာပဌမစောင် 5:7 "အကြောင်းမူကား၊ အိပ်ပျော်သော သူတို့သည် ညဉ့်အခါ အိပ်ပျော်တတ်ကြ၏။ သေရည်သေရက်နှင့် ယစ်မူးသော သူတို့သည်လည်း ညဉ့်အခါ ယစ်မူးတတ်ကြ၏။"

သင်သေဆုံးသောအခါ မည်သည့်အရာမျှယူသွား၍မရပါ။

ကောရိန္သုဩဝါဒစာပဌမစောင်။ 3:11–15 "အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသော တိုက်မြစ်မှတပါး အခြားသော တိုက်မြစ်ကို အဘယ်သူမျှ မချနိုင်။
ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ၊ အသီးသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဘော်ပြချိန် နေ့ရက် သည် မီးအားဖြင့် ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည်အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည်စစ်ကြောစုံစမ်း လိမ့်မည်။ ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍ တည်ဆောက်သော အကြင်သူ၏ အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကို ခံရလိမ့်မည်။အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏၊ ထိုသူ သည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ် သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။"

ကောင်းကင်တွင် ယုံကြည်သူများအတွက် ဆုပေးသည့်နေ့ရှိသည်။ ဤလောက၌သင့်အလုပ်အတွက် စစ်ဆေးမည်ဖြစ်သည်။ ကောင်းကင်ဘုံတွင် သင်ကဆင်းရဲသားမဖြစ်လိုသည်မှာသေချာသည်။ ဘုရားသခင်ကဤလောက၌အသက်ရှင်စဉ်သင်ပြုခဲ့သောအရာအတွက် သင့်အား ကြီးမားသောဆုချပါမည်။ သားတော်ကို



ပေးအပ်သောဘုရားသခင်က ကျွန်ုပ်တို့အတွက် ကျိန်းသေကောင်းသည့်အရာတစ်ခု ပေးမည်ဖြစ်သည်။

ရှင်မသဲခရစ်ဝင်။ 7:12 "သင်တို့သည် ကိုယ်၌သူတပါးပြုစေလိုသမျှအတိုင်းသူတပါး၌ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်း နှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင် ဖြစ်သတည်း။"

ဤသည်မှာ "ရွှေစည်းမျဉ်းစည်းကမ်း" ဟုခေါ်သော ကျမ်းပိုဒ်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးတွေ့ကြုံခံစားရကြောင်းမှာဘဝ၏တစ်ချိန်ချိန်တွင် ဆင်းရဲမွဲတေမှုများကြုံတွေ့ရဖူးမည်။ တချိန်ကကျွန်တော့်ဘဝမှာ ငွေသုညဒေါ်လာနှစ်ခါကြုံဖူးသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် သစ္စာရှိလှပါသည်၊ ကျွန်တော့်ကို ကူညီရန် ကိုယ်တော်ဦးဆောင်မှုကြောင့် ကိုယ်တော်အပေါ် ကျွန်ုပ်၏ယုံကြည်ကိုးစားမှုသာ၍ တိုးမြင့်စေပါသည်။

တမန်တော်ဝတ္ထု။ 10:1–4 "ကဲသရိမြို့၌ ဣတလိတပ်ဟု ခေါ်ဝေါ်သော တပ်တွင် လူတရာ ကိုအုပ်ချုပ်သော တပ်မှူးကော်နေလိ အမည် တွင်သော သူတယောက်ရှိ ၏။ထိုသူသည် မိမိအိမ်တွင်ရှိသမျှသော သူတို့နှင့်တကွ ဘုရားဝတ်၌ မွေ့လျော်၍ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိသဖြင့် လူတို့အားများစွာသော စွန့်ကြဲခြင်းကိုပြု၍ ဘုရားသခင်ကို အစဉ်ဆုတောင်းလေ့ရှိ၏။တနေ့သ၌ နေသုံးချက်တီးအချိန်တွင် ဘုရား သခင်၏ ကောင်းကင်တမန်သည်၊ ကော်နေလိဟု ခေါ်လျက် ရောက်လာသည်ကို ထိုသူသည် ထင်ရှားသော ဗျာဒိတ်ရူပါရုံအားဖြင့် မြင်ရ၏။ကောင်းကင်တမန်ကို စေ့စေ့ကြည့်လျှင် ထိတ်လန့်ခြင်းရှိသည် ဖြစ်၍၊ သခင်၊ အဘယ်အခင်းရှိပါ သနည်းဟု မေးသော်၊ ကောင်းကင် တမန်က၊ သင်ပြု သောဆုတောင်းပဌနာနှင့် စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင့်ရှေ့တော်၌ အောက်မေ့စရာဘို့တက်ကြပြီ။"

သင်၏ပေးကမ်းခြင်းနှင့် အလှူသည် ဘုရားသခင်၏ရှေ့တော်သို့ရောက်လျှင် အဘယ်သို့ဖြစ်မည်နည်း။ ခဏမျှရပ်သန့်ပြီး စဉ်းစားကြည့်ရအောင်။ သင်၏အဖြေကို မကြိုက်လျှင် တစ်ခုခုလုပ်သင့်သည်။

တပါးသူအားလက်ဆောင်ပေးရန်အတွက်ပိုက်ဆံပို၍ချွေတာခြင်း၊ သကြားလုံးများဝယ်ခြင်းကို ရပ်သင့်သည်။ ပေးစရာငွေကျန်ရှိနေစေရန် မိုဘိုင်းလ်ဖုန်းအသုံးပြုခြင်းလျှော့သင့်သည်။ ယခုခေတ်၌ဖုန်းသည်မရှိမဖြစ်ဟု လူအများပြောကြသည်ကို အံ့သြမိပါသည်။ သို့သော်ဘုရားသခင်၏အမှုတော်တွင် ပါဝင်ကူညီခြင်းသည် နောက်ဆုံးမှသတိရသည့်အရာဖြစ်နေသည်။ သင်သည် ကေဘယ်တီဗီ၏ဝန်ဆောင်ခကိုလျှော့ပြီး

သာသနာပြုများကိုကူညီရန် ထိုငွေကို အသုံးပြုသင့်ပါသလား။ သင်၏စိတ်ကိုညစ်ညမ်းစေပြီး သင်၏အချိန်များကို ခိုးယူနေသောတီဗီကြည့်မှုကိုလျှော့သင့်သည်။ ထိုအရာကိုစဉ်းစားကြည့်ပါ။ ရုပ်ရှင်သွားကြည့်နေတာကို ရပ်သင့်သည်။ ထိုရုပ်ရှင်လက်မှတ်ဝယ်သည့်ပိုက်ဆံကို ဧဝံဂေလိစာစောင်များဝယ်ပြီး ဘုရားသခင်အတွက် သက်သေခံရန်ရုပ်ရှင်ရုံကိုပြန်သွားသင့်သည်။

ဂလာတိသြဝါဒစာ။ 6:7-10 "အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည်မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့် မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ငါတို့သည်အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။ထိုကြောင့်ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။"

တစ်နေ့လေဆိပ်မှအိမ်ပြန်တွင် ကျွန်တော်ရထားပေါ်မှာထိုင်ပြီးဘေးမှ သက်ကြီး ရွယ်အို လူမည်းအမျိုးသမီးနှင့် စကားပြောဖြစ်သည်။ မီးခိုးရောင်ဆံပင်သည် မျက်နှာပေါ်ရှိ အသားအရောင်နှင့် လိုက်ဖက်သဖြင့် သူမပုံစံက အလွန်လှနေသည်။ သူမသည် နွေးထွေးသောအပြုံးနှင့် ချစ်စဖွယ်ကောင်းသော အမျိုးသမီးတစ်ဦးဖြစ်ပြီး အရေးအကြီးဆုံးမှာ သူမသည် ယေရှုခရစ်နှင့်အံ့သြဖွယ်ရင်းနှီးမှုရှိသည်။ သူမပြောပြသည်မှာ လွန်ခဲ့သည့်အပတ်က သူမပိုက်ဆံအိတ် အခိုးခံရသည်။ သူမပိုက်ဆံများအားလုံး ထိုအိတ်ထဲမှာရှိသည်။ သူ့ပိုက်ဆံများကိုကြည့်ရှုရန် ဘဏ်မလိုအပ်ပါ ၊ အဘယ်ကြောင့်ဆိုသော် သူမ၌ငွေအားလုံးသည် ထိုပိုက်ဆံအိတ်တစ်ခုထဲမှာသာရှိသောကြောင့်ဖြစ်သည်ဟုပြောပြသည်။ သို့နှင့်ကျွန်တော်က ပိုက်ဆံအိတ်ကိုဖွင့်ပြီးစာအိတ်ကိုကောက်ကိုင်လိုက်သည်။ ကျွန်ုပ်၏စာအုပ်ဟောပြောပွဲမှရရှိသော အလှူငွေများဖြစ်သည်။ check စာရွက်ဆွဲထုတ်ပြီး စာအိတ်ထဲထည့်ကာပိတ်လိုက်သည်။ ထိုစာအိတ်ထဲမှာ ချိတ်ပိုက်ဆံဘယ်လောက်ပါလဲကျွန်တော်မကြည့်မိပါ။ ကျွန်တော်စာအိတ်ကို လှမ်းပေးလိုက်သည်။ သူမသည်စာအိတ်ကိုဖွင့်ရာ သူမမျက်နှာကိုမြင်လိုက်ရသည်မှာ အဖိုးမဖြတ်နိုင်ပါ။ သူမထိုင်ငိုရုံသာ။ ထိုစာအိတ်ထဲမှာ ပိုက်ဆံမည်မျှရှိမှန်း မသိသော်လည်း သူမအတွက်က ဒေါ်လာတစ်သန်းမျှလောက် ထိုက်တန်ပါသည်။ ယုံကြည်ခြင်းမိသားစုကို ကောင်းကြီးပြုခွင့်ရသည့်အတွက် ကျွန်တော်အလွန်ဝမ်းသာပါသည်။



ကောရိန္သုသြဝါဒစာပဌမစောင်။ 13:13 "ယခုတွင်ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက် ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်း၊ မေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။"

ဤနေရာ၌ "ချစ်ခြင်း" ဟူအဓိပ္ပါယ်မှာ ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာ၊ ဆန္ဒနှင့် ကြင်နာမှုဖြစ်သည်။ ကျွန်တော်အမြဲပြောလေ့ရှိသောစကားလုံးမှာ မယုံကြည်သူသည် ကျွန်ုပ်တို့ဝေမျှသော အမှန်တရားကိုငြင်းခုံနိုင်သည်။ သို့တော်ကျွန်ုပ်တို့ ဖော်ပြသောချစ်ခြင်းမေတ္တာကိုတော့ သူတို့ငြင်းခုံ၍မရပါ။ ချစ်ခြင်းမေတ္တာသည် လုပ်ရပ်ဖြစ်သည်။ သင့်မိသားစု၊ သင့်ရပ်ကွက် သို့မဟုတ် သင့်လုပ်ငန်းခွင်တွင် မည်သူမျှသင့်ထက်သာ၍ ပေးကမ်းသောသူမရှိသင့်ပါ။ကျွန်တော်ထပ်ပြောပါမည်၊ သင့်ထက်သာသောသူမည်သူမျှမရှိသင့်ပါ။ သင့်ဘဝ၏နေ့စဉ်အသက်တာ၌ လူအများတို့အား ပေးကမ်းသည်ထက်သာ၍ ပေးကမ်းနိုင်သူဖြစ်ပါစေ။

သမ္မာကျမ်းစာအမှန်တရား၏ အရင်းအမြစ်ဖြစ်သည့် ကြီးမြတ်သောပေးကမ်းသူဆိုသည့်သင့်အသက်တာ၏ နေ့ရက်တိုင်း၌ ချစ်ခြင်းမေတ္တာကိုပေးကမ်းသောသူဖြစ်စေပါ။

ကင်းစောင့်များသည် အခြားသူများကို အမြဲကြင်နာတတ်ကြောင်း သတိရပါ။ ကြံ့ခိုင်စွာပြောဆိုလည်းရသည်၊ သို့သော်တည်ငြိမ်ယဉ်ကျေးပါ။ ကင်းစောင့်များသည် ဘုရားသခင်ကိုမယုံကြည်သူတင်မက ယုံကြည်သူများကိုပါ အားပေးနှစ်သိမ့်တတ်သည်။ ကင်းစောင့်များသည် အမြဲပေးကမ်းတတ်ပြီး ဘုရားသခင်ထံမှ ပေးကမ်းခြင်းအခွင့်အလမ်းများကို ရှာဖွေရန် နှစ်သက်ကြသူဖြစ်သည်။ ရယူခြင်းထက်



လက်ခံခြင်းထက်ပေးကမ်းခြင်းကပျော်ရွှင်မှုပိုများစေသည်ကိုကင်းစောင့်အမြဲသိနေပါသည်

ပေးကမ်းခြင်းသည်ပိုဝမ်းမြောက်ရကြောင်း ကင်းစောင့်ကအမြဲသိသည်။ ကောင်းမှုပြုလုပ်ရာ၌ စိတ်မလျော့ပါက ပန်းတိုင်ရောက်အောင်လှမ်းလျှင် အဆုံး၌ကောင်းသောအသီးအပွင့်များဆွတ်ခူးရလိမ့်မည်။




# အခန်း ၇
# “ထာ၀ရအကြောင်းကို ကျွန်တော်အမြဲတွေးသည်”

“တောင်ထိပ်ကတောအုပ်၌ မုန်တိုင်းပြင်းထန်သော်လည်း
ကြံ့ခိုင်သည့်သစ်ပင်သည် စိန်ခေါ်နေနိုင်သည်"
– Hudson Taylor

**သမ္မာကျမ်းစာ**ရှိ ကျွန်ုပ်အနှစ်သက်ဆုံး ကျမ်းပိုဒ်များထဲမှ တစ်ခုမှာ တမန်တော် အခန်းကြီး 17 ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်သိရန်လိုအပ်ပြီး ကင်းစောင့်တိုင်းသိလိုသည့် အချက်အလက်များပါရှိသည်ဖြစ်၍ သမ္မာကျမ်းစာကိုအတူ တကွလေ့လာရန်အသင့်ပြင်ထားပါ။

တမန်တော်ဝတ္ထု။ 17:1–2 "ထိုနောက်၊ အံဖိပေါလိမြို့၊ အာပေါလောနိမြို့ကို ရှောက်သွား၍ သက်သာလောနိတ်မြို့သို့ ရောက်ကြ၏။ ထိုမြို့မှာယုဒတရားစရပ်ရှိ၏။ ပေါလုသည် မိမိထုံးစံရှိသည်အတိုင်း ထိုစရပ်သို့ ဝင်၍၊ ဥပုသ် နေ့သုံးရက်တွင် ကျမ်းစာကိုအမှီပြု၍ ထိုသူတို့နှင့်ဆွေးနွေး နှီးနှောသဖြင့်၊"

သမ္မာကျမ်းစာပါ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ကိုးကားချက်မှာ “မိမိထုံးစံရှိသည့်အတိုင်း" ဟုဆိုထားသည်။ သင်သတိထားမိပါသလား၊ ရှင်ပေါလုသည် မယုံကြည်သူနှင့်စကားပြောခြင်းမှာထုံးစံအတိုင်းနေ့စဥ်အသက်တာ၌ပုံမှန်ဖြစ်နေသည်။ ရှင်ပေါလုသွားသည့်နေရာတိုင်း ဤကဲ့သို့ပြုလုပ်သည်။

ဤသို့ပြုလုပ်ခြင်းသည် မဆန်းပါ။ ကျွန်ုပ်တို့လည်း ဤသို့ဖြစ်သင့်သည်။ ကျွန်တော်တို့မည်သည့်နေရာသွားသည်ဖြစ်စေ ကိုယ်ပိုင်ကိစ္စလုပ်သည့်အခါပင်ဖြစ်စေ ဘုရားသခင်အတွက် မျိုးစေ့ကိုကြဲသည့်အခွင့်အရေးကို အမြဲမြင်သင့်သည်။

တစ်ခါကစင်စင်နာတီမှာ ဟောပြောပွဲတစ်ခုပြုလုပ်စဥ်ဟိုတယ်၌ ငါးနှစ်ကြာအလုပ်လုပ်ခဲ့သည့် သန့်ရှင်းရေးသမားနှင့်စကားပြောဖြစ်သည်။ “လွန်ခဲ့တဲ့ငါးနှစ်အတွင်းမှာ ခရစ်ယာန်ဘာသာဝင် ဘယ်နှစ်ယောက်က သင့်ကိုဧဝံဂေလိအကြောင်းမျှဝေငှခဲ့လဲ” ဟုမေးရာ "2ယောက်" ဟုပြန်ဖြေသည်၊ ကျွန်တော်ကဒုတိယပါ။ လွန်ခဲ့သည့်အချိန်က ခရစ်ယာန်နှစ်ယောက်တည်းသာ ဤဟိုတယ်၌တည်းခိုဖူးသည်ဟု သင်ထင်သည်လား။ စာတိုက်ဝန်ထမ်းများ စားပွဲထိုးများ၊ ကုန်စည်ပို့ဆောင်သူ၊ လေယာဉ်ဝန်ထမ်း ငွေကိုင်များအား လာမည့်တရားစီရင်ရာနေ့အတွက်သတိမပြုဘဲ သူတို့ကိုဖြတ်ကျော်စေမည်လား။

တမန်တော်၁၇တွင်လည်းပေါလုက "သူတို့နှင့်အပြန်အလှန်ပြောဆိုသည်” ဟူသော အဓိပ္ပါယ်မှာ မေးခွန်းနှင့်အဖြေနှစ်မျိုးလုံးရှိသည်။ စကားဝိုင်းဆိုသည်မှာ အပြန်အလှန်ပြောဆိုခြင်းဖြစ်သည်။ သူတို့ကယ်တင်ခြင်းမရရှိမီ ဘုရားသခင်နှင့်ထာဝရကာလကိုတွေးတောစေခြင်းသည် အလွန်အရေးကြီးပါသည်။



ဧဝံဂေလိတရားကိုသက်သေခံသောအခါတွင်
ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအသုံးပြုရန်
အလွန်အရေးကြီးပါသည်။အဘယ်ကြောင့်ဆိုသော်
ထိုသူကငြင်းခုံလာလျှင်နှုတ်ကပတ်တော်နှင့်ငြင်းရမည်ဖြစ်သည်။

ဟေရှာယအနာဂတ္တိကျမ်း။ 1:18 "ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသော အဆင်းရှိသော်လည်း၊ မိုဃ်းပွင့်ကဲ့သို့ ဖြူလိမ့်မည်။ ကတ္တီ ပါနီနှင့်တမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။"

ထိုလူများကိုရှင်ပေါလုမည်သို့တုံ့ပြန်ခဲ့သနည်း။သမ္မာကျမ်းစာမှကိုးကားချက်များဖြင့် ကျွန်ုပ်တို့တုံ့ပြန်ရမည်။ ဧဝံဂေလိတရားကိုသက်သေခံသောအခါတွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအသုံးပြုရန်အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူကငြင်းခုံလာလျှင်နှုတ်ကပတ်တော်နှင့်ငြင်းရမည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာကျမ်းစာသည် နှစ်ရှည်စမ်းသပ်ပြီးရပ်တည်နိုင်ကြောင်းမမေ့ပါနှင့်။ ထို့ကြောင့် ထိုလူကိုနောက်တစ်ကြိမ် မတွေ့ရသော်လည်း၊ ဘုရားသခင်၏



အမှန်တရားဖြစ်သည့်သင့်စကားလုံးများက သူ့အားသမ္မာကျမ်းစာမှတစ်ဆင့်ရှာဖွေရန်ညွှန်ကြားပေးနိုင်သည်။

တမန်တော်ဝတ္ထု။ 17:3 "ခရစ်တော်သည် အသေခံရမည်။ သေခြင်းမှ ထမြောက်ရမည်။ ငါဟောပြောသောယေရှုသည် ခရစ်တော်ဖြစ်သည်ဟူသောအကြောင်း အရာတို့ကို ရှင်းလင်းစွာဖွင့်ပြလေ၏။"

ခရစ်တော်သည်လက်ဝါးကပ်တိုင်မှာ အသေခံခြင်းအကြောင်းကို ပေါလုက အမြဲဟောကြားခဲ့သည်။ အကြောင်းရင်းကားထိုအရာသည်တစ်ခုတည်းသော ကယ်တင်ခြင်းလမ်းကြောင်းဖြစ်သည်။

ကောရိန္သုဩဝါဒစာပဌမစောင်။ 1:23 "ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏ အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒအမျိုးသား ထိမိ၍ လဲစရာအကြောင်းဖြစ်၏။ တပါးအမျိုးသား၌ကား၊ မိုက်မဲခြင်းဖြစ်၏။"

မသဲ ၁၆:၁၅ တွင်ယေရှုကပေတရုအား “ သင်တို့လည်းငါ့ကို အဘယ်သူဖြစ်သည်ဆိုကြသနည်းဟု မေးမြန်းတော်မူလျှင်၊"

ယင်းသည်တပည့်တော်များကို အထူးမေးခဲ့သော ကိုယ်ရေးကိုယ်တာမေးခွန်းဖြစ်သည်။ အခြားသူများအားလုံးက သူ့အပေါ်မည်သို့ထင်သည်ကို သိလိုခြင်းမဟုတ်ပါ။ ပေတရု၏အတွေးအခေါ်ကို သိလိုသောကြောင့်သာဖြစ်သည်။ စကားစမြည်ပြောဆိုရာတွင် ယေရှုသည်မည်သူဖြစ်သည်ဟု ထင်မြင်သနည်းဟူသောမေးခွန်းထုတ်ခြင်း သည် ကောင်းသောမေးခွန်းဖြစ်သည်။

တမန်တော်ဝတ္ထု။ 17:4 "ထိုသူအချို့တို့သည် ယုံကြည်ခြင်းသို့ရောက်၍၊ ပေါလု၊ သိလတို့နှင့် ပေါင်းဘော်ကြ၏။ ဘုရားကို ကိုးကွယ်သော ဟေလသလူ အပေါင်းတို့နှင့် ထင်ရှားသော မိန်းမများတို့လည်း ယုံကြည်ကြ၏။"

ဘုရားသခင်သည်ပေါလုအားသူ၏အမှုတော်ထမ်းဆောင်ခြင်းမှ အသီးအနှံ အချို့ကိုတွေ့ခွင့်ပြုခဲ့သည်။ သင်သည် ဘုရားသခင်အတွက် အမှုတော်ထမ်းဆောင်ရာ တွင် အသီးအပွင့်များကို မမြင်ရလျှင်ပင် ဆက်လက်ကြိုးစားနေမည်လား။

တစ်နေ့ ကျွန်တော် ဈေးဝယ်စင်တာတစ်ခုမှာ သက်သေခံခဲ့သည်။ နှစ်နာရီခွဲကြာသော်လည်း သိပ်အဆင်မပြေပါ။ ကျွန်တော်ဘာမှ မလုပ်နိုင်ဟု ခံစားရသည်။ ထို့အပြင်နောက်ဆုံးစကားပြောခဲ့သည့်လူက အလွန်ခေါင်းမာပြီး ကျွန် တော့်ကိုငြင်းပယ်ခဲ့သည်။ "ဒီကနေ ထွက်သွားရင်ပိုကောင်းမယ်” ဟုတွေးပြီး ဈေးဝယ် စင်တာထဲမှ လမ်းလျှောက်ထွက်ခဲ့သည်။ ထိုမှမထွက်ခင်အမျိုးသမီး တစ်ယောက်လမ်း လျှောက်လာသည်ကိုတွေ့၍ သူမကိုနှုတ်ဆက်ရန် ဆုံးဖြတ်လိုက် သည်။ မိနစ်အနည်း ငယ်မျှစကားပြောရာ အမျိုးသမီးက သခင်ဘုရားအကြောင်းကို စိတ်ဝင်စား၏။ ဘုရား သခင်ကကျွန်တော့်ကိုဤစင်တာသို့လာစေခြင်း၏အကြောင်းရင်း ကိုသိလိုက်သည်။ ဘုရားသခင်၏အမှန်တရားကို မိနစ်သုံးဆယ်လောက် စကားများ ပြောခဲ့ကြသည်။

တမန်တော်ဝတ္ထု။ 17:5-6 "ယုဒလူတို့သည် ဆိုးယုတ်လျှပ်ပေါ်သော သူအချို့တို့ကို ခေါ်၍ လူများကို စုဝေးစေပြီးလျှင်၊ မြို့၌ အုတ်အုတ်သဲသဲပြုကြ၏။ ယာသုန်၏ အိမ်ကိုဝိုင်း၍ သူတို့ကို လူများရှေ့သို့ဆွဲထုတ်ခြင်းငှါရှာကြ၏။မတွေ့လျှင်၊ ယာသုန်နှင့်ညီအစ်ကိုအချို့တို့ကို မင်းအရာရှိ တို့ထံသို့ဆွဲငင်၍၊ လောကီနိုင်ငံကို မှောက်လှန်သော ဤသူတို့သည် ဤအရပ်တိုင်အောင် ရောက်ကြပါပြီ။"



မေးခွန်းကို တိုက်ရိုက်ဖြေကြည့်ရအောင်။ သင့်မိသားစု၊ သင့်အိမ်နီးနားချင်းများ၊ သင့်ကျောင်း၊ သင့်လုပ်ငန်းခွင်နှင့်သင့်မြို့ကို ဇောက်ထိုးပြောင်းလဲသည် တိုင်အောင် သင်ဖန်တီးနေပါသလား။ ကျမ်းစာဖတ်သည့်အခါ ခရစ်ယာန်များသည် မြို့အသီးသီး တွင်ကမောက်ကမဖြစ်အောင်ပြုလုပ်သည်။ သို့သော်သူတို့က အခြားနည်းနှင့် လုပ်သည် မဟုတ်။ ချစ်ခြင်းမေတ္တာအားဖြင့်ရင်း၊ နှုတ်ကပတ်တော် ဟောကြားခြင်းအားဖြင့်ရင်း၊ သန့်ရှင်းသောအသက်ရှင်လျှောက်လှမ်းခြင်းဖြင့်ရင်း မြို့တစ်ခုလုံးအား ပြောင်းလဲသွား စေသည်။

အပြင်လူများကကျွန်ုပ်တို့အား နာမည်ပြောင်းပေးသည်ကိုမမေ့ပါနှင့်။ တစ်ယောက်ယောက်ကသင့်ကိုကြည့်ပြီး “သူသည် သံသယမရှိဘဲ ယေရှု၏ တပည့်ဖြစ် သည်မှာ သေချာပါသည်။” ဟုပြောမည်လား။ သို့မဟုတ် အခြားသောစကားလုံးကို ပြောမည်လား။ ထိုသို့ဖြစ်လျှင် ဘုရားသခင်၏အမှန်တရားလမ်းထဲသို့ပြန်လာ၍ ပုံသက် သေကောင်းပြပါ။

တမန်တော်ဝတ္ထု။ 17:7 "ယာသုန်သည်လည်း သူတို့ကို လက်ခံပါပြီ။ ထို သူအပေါင်းတို့သည် ကဲသာဘုရင်၏ အမိန့်တော်ကို ဆန့်ကျင်ဘက်ပြု၍၊ ယေရှုအမည် ရှိသော ရှင်ဘုရင်တပါး ရှိသည်ဆိုတတ်ပါ၏ဟု ဟစ်ကြော်လျက်၊"

သခင်ယေရှုသည် မည်သူဖြစ်သည်ကိုလူအများအား ဆက်လက်ပြောပြပါ။ တစ်နေ့တွင် လေဆိပ်၌ပြင်သစ်လူမျိုးဖြစ်သည့် ကနေဒါနိုင်ငံသားတစ်ဦးနှင့် စကား ပြောခဲ့သည်။ ကျွန်တော်တို့ အမျိုးမျိုးသောကိစ္စများအကြောင်းကို အရသာရှိစွာပြောဆို ပြီးနောက် ကျွန်တော်က “ယေရှုက ဘယ်သူလို့ထင်လဲ” ဟု မေးမေးချင်း သူက ရုတ်တရက် “အိုး! ကျွန်တော် အင်္ဂလိပ်စကားသိပ်မကျွမ်းဘူး” ဟုဆိုကာ သူ့သူငယ် ချင်းကိုပြင်သစ်စကားဖြင့်ဆက်ပြောသည်။ ဤမေးခွန်းကို မမေးမချင်း သူအင်္ဂလိပ် စကား အလွန်ကျွမ်းပါသည်။ ထိုမေးခွန်းကောင်း၍ သူအဖြေမပေးလိုခြင်းဖြစ်သည်။ သူ့သူငယ်ချင်းများနှင့် ကျွန်တော်စကားစပြောရာ သူတို့ထဲမှ တစ်ယောက်က ကျွန် တော့်စာအုပ်ကို လက်ခံလိုက်သည်။

တမန်တော်ဝတ္ထု။ 17:8-11 "မင်းအရာရှိမှစ၍ စုဝေးသောသူတို့၏ စိတ်ကို ထိုသို့သော စကားအားဖြင့် နှောင့်ရှက်ကြ၏။ထိုအခါ ယာသုန်မှစ၍ ကြွင်းသောသူတို့ကို အာမခံပေးစေပြီးမှ လွှတ်လိုက်ကြ၏။ ညဉ့်အခါ ညီအစ်ကိုတို့သည် ပေါလုနှင့်သိလကို ဗေရိမြို့သို့ ချက်ခြင်းလွှတ်လိုက်ကြ၏။ ထိုမြို့သို့ရောက်လျှင်ယုဒတရားစရပ်သို့ဝင်ကြ၏။ ဗေရိမြို့သားတို့ သည် သက်သာလောနိတ်မြို့သားတို့ထက် ထူးမြတ်သဖြင့်၊ အလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည်ကိုသိခြင်းငှါ၊ ကျမ်းစာကို နေ့တိုင်း အစဉ်စေ့စေ့ကြည့်ရှုကြ၏။"

သမ္မာကျမ်းစာကိုဖွင့်သောအခါ နှုတ်ကပတ်တော်ကို အမြဲခံယူလိုစိတ်ရှိပါစေ။ သင်ဖတ်သည့်အချိန်တိုင်း၊ အဖိုးတန်အမှန်တရားများကို သင့်အားပြသရန် ဘုရားသခင် ထံတောင်းလျှောက်လျှင် ကိုယ်တော်သည်ကောင်းကြီးပေးလိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ဖတ်ရှုလေ့လာခြင်းသည် ဘုရားသခင်နှင့်အတူနေ့စဉ်လျှောက် လှမ်းခြင်း၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။



သမ္မာကျမ်းစာကိုဖွင့်သောအခါနှုတ်ကပတ်တော်ကို အမြဲခံယူလိုစိတ်ရှိပါစေ။သင်ဖတ်သည့်အချိန်တိုင်း၊ အဖိုးတန်အမှန်တရားများကိုသင့်အားပြသရန် ဘုရားသခင်ထံတောင်းလျှောက်လျှင် ကိုယ်တော်သည်ကောင်းကြီးပေးလိမ့်မည်

ဗေရိမြို့သားများသည် ပေါလုအတွက်အလွန် ပင်ခွန်အားဖြစ်စေသည်။ ဗေရိမြို့သားများ သည်မိမိပြောဆိုသောစကားကို စမ်းစစ်ပြီး ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့်ကိုက်ညီ မှုရှိမရှိ နှိုင်းယှဉ်စစ်ဆေးသည်။ ကင်းစောင့် များလည်း ဗေရိသားများကဲ့သို့ ပြုသမျှကို သမ္မာကျမ်းစာနှင့်ကိုက်ညီရန်လိုအပ်သည်။ ဗေရိမြို့သားတို့သည် ထိုသို့ပြုသော ကြောင့်၊ ဘုရားသခင်အတွက်ကြီးသောအမှုတို့ကိုပြုကြတော့မည်ဟုရှင်ပေါလုသိသည်။

မယုံကြည်သူများကို သမ္မာကျမ်းစာ ဖတ်ရှုရန်စိန်ခေါ်ပါ။ ထိုသူများသည်ကျမ်းစာနှင့် ပတ်သက်ပြီးငြင်းခုံတတ်ကြသည်။ “ကျမ်းစာဖတ်ဖူးပြီးပြီလား” ဟုမေးလျှင်မကြာခဏ ဆိုသလိုအဖြေမရှိကြပေ။ သူတို့အားကျမ်းစာအရင်ဖတ်ရန် အားပေးသင့်သည်။

သူငယ်ချင်းတစ်ဦးကို သမ္မာကျမ်းစာဖတ်ရန်ကူညီသည့် လွယ်ကူသော နည်းလမ်းမှာ ယောဟန်ခရစ်ဝင်ကျမ်းကို အတူတူဖတ်ပါ။ တစ်နေ့လျှင် အခန်းတစ်ခန်း ဖတ်ပြီးည ၉ းဝဝ နာရီတွင် ဖုန်းခေါ်ကာအတွေးအမြင်ဖလှယ်ပါ။ ယောဟန်တခန်းလုံး



ကိုဖတ်ရန် ရက်ပေါင်း နှစ်ဆယ့်တစ်ရက်သာ ကြာသည်။ သမ္မာကျမ်းစာကို အတူတကွ ဖတ်ရှုခြင်းမှ ကြီးမြတ်သောအကျိုးများသည် သင်တို့နှစ်ဦးဆီသို့ ရောက်လာလိမ့်မည်။

ရောမဩဝါဒစာ။ 10:17 "သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်း အားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏။"

တမန်တော်ဝတ္ထု။ 17:12-16 "ထိုကြောင့်၊ ယုဒလူအများတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏။ အသရေထင်ရှားသော ဟေလသမိန်းမ တို့နှင့် ယောကျ်ားအများတို့သည် လည်း ယုံကြည်ကြ၏။ ပေါလုသည်ဗေရိမြို့၌ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ဟောပြောသည်ကို၊သက်သာလောနိတ်မြို့သားဖြစ်သောယုဒလူတို့သည်ကြားသိရလျှင်၊ ဗေရိမြို့သို့လာပြန်၍ လူများတို့ကို တိုက်တွန်း နှိုးဆော် ကြ၏။ထိုအခါ ညီအစ်ကို တို့သည်ပေါလုကိုပင်လယ်လမ်းဖြင့်သွားစေခြင်းငှါချက်ခြင်းလွှတ်လိုက်ကြ၏။ သိလနှင့် တိမောသေတို့သည် နေရစ်ကြ၏။ ပေါလုကိုပို့သောသူတို့သည် အာသင်မြို့ တိုင်အောင် ပို့ဆောင်ပြီးမှ၊ သိလနှင့် တိမောသေတို့ကို အလျင်အမြန်လာစေခြင်းငှါ မှာစာကိုခံ၍ပြန် ကြ၏။ ပေါလုသည်အာသင်မြို့၌ သိလနှင့်တိမောသေတို့ကိုငံ့လင့်၍နေစဉ်တွင်၊ ထိုမြို့ သည်ရုပ်တုတို့နှင့် အပြည့်ရှိသည်ကိုမြင်လျှင် စိတ်ပူပန်ခြင်းသို့ရောက်၏။"

စောင့်ဆိုင်းခြင်းသည်တခါတရံ၌ ကျွန်ုပ်တို့အတွက်ကောင်းကျိုးရစေသည်။ ရပ်တန့်ပြီးစောင့်ဆိုင်းသည့်အချိန် ကျွန်ုပ်တို့သည်စဉ်းစားစပြုလာသည်။ ထိုအခါ ဘုရားသခင်သည် ကျွန်ုပ်တို့၌ အလုပ်လုပ်နိုင်သည်။ ဤဖြစ်စဉ်က အာရုံထွေပြားမှုများ နေသည့်ကျွန်ုပ်တို့၏ဘဝ၌ ဖြစ်ပေါ်လာရန်ခက်ခဲသည့်အရာဖြစ်သည်။

တစ်ခါကကျွန်တော့်အဖေ့ကိုမျက်စိဆရာဝန်နှင့်ပြနေချိန်ဆရာဝန်စောင့်သည့် အခန်း၌အမျိုးသမီးတစ်ယောက်နှင့်စကားပြောဖြစ်သည်။သူမသည် Mormon ယုံကြည် ခြင်း၌ ကြီးပြင်းလာခဲ့သော်လည်း ယခုအခါဘာသာရေးကို အရေးမထားတော့ပေ။ ကျွန် တော်တို့နက်နက်နဲနဲစကားပြောသည့်အခါ သူမငိုပါတော့သည်။ သူမနှင့်သူ့မိသားစုက ဘုရားသခင်ကို အလေးအနက်ထားရန် လိုသည်ကို သူမ သိခဲ့သည်။ ကျွန်တော်သည် ထိုအခန်း၌ ရည်ရွယ်ချက်ရှိရှိထိုင်စောင့်နေရသည့်အတွက် ဝမ်းသာမိသည်။

ကမ္ဘာပေါ်၌ရုပ်တုကိုးကွယ်မှုများကိုမြင်သောအခါ သင့်အတွက်စိတ်အနှောင့် အယှက်ဖြစ်စေသည်လား။ ဤကျမ်းချက်တွင် "စိတ်အနှောင့်အယှက်ဖြစ်သည်" ဆိုသည်မှာ ဒေါသထွက်ခြင်းကိုဆိုလိုသည်။ ဘုရားသခင်ဖန်ဆင်းထားသော ဤလှပသည့်ကမ္ဘာမှာ ရုပ်တုရှိခိုးသောထိုလူများကို သင်ဒေါသထွက်ဖူးသည်လား။ ဤလောကရှိလူများက ရုပ်တုကိုးကွယ်ဆည်းကပ်ရန် ဘီလီယံနှင့်ချီသောပစ္စည်းများ၊ တီဗွီအစီအစဉ်များ ထုတ်လုပ်ကြသည်ကို စာရင်းပြုစုမှုအားဖြင့်မြင်နိုင်သည်။ သို့သော် ဤအရာများသည် ဘုရားသခင်နှင့်မသက်ဆိုင်ပါ။ တစ်စုံတစ်ခုကို စတင်လုပ်ဆောင်ရန် မည်သည့်အချိန်၌သင့်အတွင်းစိတ်ဝိညာဉ်သည် လှုံ့ဆော်ခံရမည်နည်း?။

အတ္တလန်တာ၌ နှစ်သစ်အကြိုသည့်နေ့မှာ New York ၏ Ball Drop နဲ့ ဆင်တူသည့် Peach Drop ရှိပါသည်။ နှစ်သစ်ကူးအကြိုမှာ ကျွန်တော် အမြဲသွားပြီး သက်သေခံလေ့ရှိသည်။ တစ်နှစ်တာ၏ နောက်ဆုံးဆယ်စက္ကန့်ကို ရေတွက်ရန်အားလုံး ကထွက်လာကြသည်။ Peachအသီးများ တဖြည်းဖြည်း ကျလာသည်နှင့်အမျှ ဆူညံသံများထွက်ပေါ်လာသည်။ မိနစ်နှစ်ဆယ်အတွင်း လူစုလူဝေး ပျောက်ကွယ်သွားသည်။ ဤအရာလည်း ထူးဆန်းလှပါသည်။

ထိုညကကျွန်တော်၏ပန်းတိုင်မှာ မယုံသည့်သူများနှင့်စကားပြောခြင်းဖြစ်သည်။ သန်းခေါင်ယံအချိန်ကိုရောက်သောအခါ နှစ်ဟောင်း၏နောက်ဆုံးညကို အဆုံးသတ်ရန် သို့မဟုတ် နှစ်သစ်ကိုစတင်ရန် ပိုမိုကောင်းမွန်သောနည်းလမ်းအဖြစ် ယေရှုခရစ်ကို မသိသေးသူများနှင့် ဆွေးနွေးရန်ဖြစ်သည်။ အချိန်ကိုနောက်ဆုတ်ရေတွက်နေစဉ်ကျွန်တော်က အာလီ ဟု ခေါ်သောမွတ်စ်လင်မ်တစ်ယောက်နှင့် စကားအလွန်ပြောကောင်းခဲ့သည်။ ဤည၏ပန်းတိုင်တစ်ခုကိုအောင်မြင်စွာကျွန်တော်ရောက်ခဲ့ပြီဖြစ်၍ ကျွန်တော့်အတွင်းစိတ်က “ဟုတ်ပြီ"ဟုအော်ဟစ်နေသည်။ ထိုအချိန်အာလီက "ပျော်ရွှင်စရာနှစ်သစ်ဖြစ်ပါစေ"ဟုကျယ်လောင်စွာပြောသည်၊ “ဒီနေ့ကတော့ ကျွန်တော့်မွေးနေ့ပါ။” သူ့မွေးနေ့က ဇန်နဝါရီလ (၁)ရက်နေ့ပါ။ သူ၏မွေးနေ့ဖြစ်သည့်ဤနှစ်ကို သူမည်သည့်အခါမျှမမေ့စေရန်တခုခုပြုလုပ်မည်ဟုကျွန်တော် ရည်ရွယ်ပါသည်။ စာအုပ်တစ်အုပ်နှင့်ငွေကြေးကိုသူ့အားပေးပြီးဤအရာများသည်သမ္မာကျမ်းစာပါသခင်ယေရှုထံမှ လက်ဆောင်များဖြစ်သည်ဟု ပြောခဲ့သည်။ အာလီကသူ့ပါးပြင်ကွဲလုမတတ် ပြုံးပြသည်။



ပေါလု၏ စိတ်ဝိညာဉ်သည် အတွင်း၌ရှုတ်ယှက်ခတ်နေသည်။ အဘယ်ကြောင့်ဆိုသော်သူသည် အခြေခံမှုများကို ခိုင်ခိုင်မာမာယုံကြည်သောသူဖြစ်သည်။ သင်သည်လည်း နှုတ်ကပတ်တော်နှင့်အညီသင့်ဝိညာဉ်ယုံကြည်မှု၌ကြံ့ခိုင်မည်ကို သင်ယုံကြည်မှုရှိပါသလား။

တမန်တော်ဝတ္ထု။ 17:17 "ထိုကြောင့် တရားစရပ်၌ ယုဒလူမှစ၍ ဘုရား ကို ကိုးကွယ်သောသူတို့နှင့်၎င်း၊ လူများစုဝေးရာအရပ်၌ နေ့တိုင်းတွေ့ကြုံသော သူတို့နှင့်၎င်း ဆွေးနွေးနှီးနှောခြင်းကိုပြု၏။"

ပေါလုသည် အေသင်တွင်နေရာများစွာကို သွားလည်ပတ်ခဲ့ခြင်းရှိပါသလား။ မရှိပါ။ ပေါလုသည် မယုံကြည်သူများကိုအမှန်တရားနှင့် ရင်ဆိုင်ခဲ့သည်။ ကျွန်ုပ်တို့လည်း ထိုနည်းသူပြုလုပ်ရပါမည်။

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ယုံကြည်ခြင်းရှိနေသည်ကို မမေ့ပါနှင့်။ ဘုရားသခင်၌ အပတ်စဉ် သို့မဟုတ် လစဉ်ယုံကြည်ခြင်း သို့မဟုတ် တစ်နှစ်တစ်ကြိမ်သာသနာပြုခြင်းအားဖြင့်သာမဟုတ်ဘဲ နေ့စဉ်အသက်တာ၌ အခွင့်အရေးရသောအခါတွင် မယုံကြည်သူများထံဧဝံဂေလိဖြန့်ရန် လိုအပ်ပါသည်။ ဤသို့ပြုခြင်းသည် ရိုးရှင်းလှသည့်မစ်ရှင်ခရီးသွားနေခြင်းပင်ဖြစ်သည်။


ကျွန်ုပ်တို့သည်နေ့စဉ်နှင့်အမျှယုံကြည်ခြင်းရှိနေသည်ကို မမေ့ပါနှင့်။ ဘုရားသခင်၌အပတ်စဉ်သို့မဟုတ်လစဉ်သာ ယုံကြည်ခြင်းရှိရသည်မဟုတ်။ နေ့စဉ်အသက်တာ၌ ယုံကြည်ခြင်းရှိရသည်

သို့ဆိုလျှင် ဧဝံဂေလိတရားအကြောင်း စကားစမြည်ပြောဆိုရန်သွားသင့်သည့်နေရာရှိပါသလား။

တက္ကသိုလ်ကျောင်းဝင်းတွင် သွားသင့်သည်။ ထိုနေရာသည် ဗဟုသုတရှာဖွေပြီး အကြံဥာဏ်များဖလှယ်သည့်နေရာဖြစ်သည်။ Athens မှာ သင်မြင်သည့်အတိုင်းပင် ထိုလူများသည် အမြင်အမျိုးမျိုးရှိကြသည်။ ပညာရေးအဖွဲ့အစည်းတွင် တစ်ယောက်နှင့်တစ်ယောက် မျှဝေခြင်း တုန့်ပြန်ဖြေကြားခြင်းကို နှစ်သက်ကြသည်။ ထို့အပြင် ခရစ်ယာန်ဘာသာဝင်များသည် အလယ်တန်းနှင့် အထက်တန်းကျောင်းသားဘဝတွင် မိမိ၏ယုံကြည်ခြင်း၌ ယိမ်းယိုင်ကြပြီး တက္ကသိုလ်ရောက်လျှင် ယုံကြည်ခြင်းကိုစွန့်ပစ်ကြသည်ကို ကျွန်ုပ်တို့တွေ့နေရပါသည်။

ထို့ကြောင့်ဤနေရာသည် လူအများနှင့်စကားပြောရန်သင့်လျော်သည့် နေရာဖြစ်လာသည်။

မကြာခင်မှာ စင်စင်နာတီမှာ ဟောပြောပွဲတစ်ခု ပေးရန်သွားခဲ့သည်။ ကျွန်တော် Cincinnati မှာသက်သေခံရန်ဆုံးဖြတ်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားနာထန်နှင့်ကျွန်တော်ပျော်ရွှင်စွာ စကားစမြည်ပြောဖြစ်ခဲ့သည်။ သူက Prolife (ကိုယ်ဝန်ဖျက်ချခြင်းဆန့်ကျင်ရေးသင်္ကေတ) ပါသည့်တီရှပ်ကို ဝတ်ဆင်ထားသည်။ ကျွန်တော်တို့၏ စကားဝိုင်းစတင်ရန် အလွန်လွယ်ကူခဲ့ပါသည်။ ကလေးများကို သတ်သည့်အကြောင်း ပြောနေကြစဉ်ဘေးစားပွဲမှအမျိုးသမီးက ကျွန်တော်တို့စကားဝိုင်းတစ်လျှောက်လုံး သုံးလေးကြိမ် စိုက်ကြည့်ပြီးနားထောင်နေသည်ကိုသတိထားမိသည်။ နေသန်သည် ရိုမန်ကက်သလစ်တစ်ဦးဖြစ်သည်။ သူ၏ကောင်းမြတ်မှုဖြင့် ကောင်းကင်ဘုံသို့ သွားနိုင်လိမ့်မည်ဟု ကျွန်ုပ်အားပြောပါသည်။ အန္တရာယ်လက္ခဏာများကို သင်မြင်ပါသလား။ ၎င်းသည် သမ္မာကျမ်းစာယုံကြည်ချက်မဟုတ်ပါ။ တစ်ကမ္ဘာလုံးမှာရှိသည့်ကလေးကို သင်ကယ်တင်နိုင်သည်ဆိုလျှင်ပင် သန့်ရှင်းသောဘုရားသခင်၏ရှေ့တော်၌သင်သည်ထာဝရကယ်တင်ခြင်းကိုမရဘဲဖြစ်မည်။ နေသန်က ကျွန်တော့်စာအုပ်တွေထဲမှ တစ်အုပ်ဖတ်ပြီးသွားပြီဖြစ်ပြီး မေးခွန်းများမေးကာ စာအုပ်များထပ်တောင်းသည်။ သူ့သူငယ်ချင်းများကို ပေးရန်ဟုဆို၏။




နာသန်နှင့် စကားပြောပြီးနောက် ပေါလ်နှင့်စကားပြောဖြစ်သည်။ ပေါလ်သည် တီးလုံးသံစဥ်ကို နှစ်သက်သော ကျောင်းသားသစ်ဖြစ်သည်။ ထို့အပြင် အဆိုတော်တစ်ယောက်လည်းဖြစ်သည်။ ကျွန်တော်တို့စကားပြောနေစဥ်

သူက “ထာဝရအကြောင်းကို ကျွန်တော်တစ်ချိန်လုံး တွေးနေတယ်” ဟုပြော၏။ သင်မည်သူနှင့်တွေ့မည်ကို သင်မသိနိုင်ပါ။ သူသည် ဘဝအဆုံးသတ်သောအခါမည်သို့ဖြစ်မည်ကို အဖြေရှာရန် ကြိုးစားနေသူလည်း ဖြစ်နိုင်သည်။ မိနစ်သုံးဆယ်မျှ စကားစမြည်ပြောပြီး ပေါလ်ဖတ်ရန် စာစောင်အချို့ကို ပေးလိုက်သည်။



သူထပြီးကျွန်တော့်လက်ကိုကိုင်ကာပြောသည် “ဒီမှာလာပြီးစကားပြောပေးလို့ ကျေးဇူးတင်ပါတယ်။” ဤနေရာမှာရှိသည့်လူတိုင်းက သင့်ကိုငြင်းပယ်ကြမည် မဟုတ်ပါ။

ပေါလ်နှင့်စကားပြောပြီးနောက် တက္ကသိုလ်ကျောင်းသား Akmal ကိုတွေ့ခဲ့သည်။ ကျွန်တော်တည်းခိုသည့် ဟိုတယ်မှာညှော်ကြိုဝန်ထမ်းလည်းလုပ်နေသူဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပတ်သက်သော အံ့သြဖွယ်စကားဝိုင်းပြောဖြစ်သည်။ ထို့အပြင်တက္ကသိုလ်မှာလည်း စကားပြောဖြစ်သည်။ သူသည်မူဆလင်မိသားစုမှ ကြီးပြင်းခဲ့သည်။ သူ့ဦးလေးက အီမာမ်ပါ။ သူက ဘာသာရေးကို သိပ်စိတ်မဝင်စားသကဲ့သို့၊ ခရစ်ယာန်ဘာသာကိုလည်း စိတ်မဝင်စားပါ။ သို့သော်ဘုရားသခင်အကြောင်းဆွေးနွေးရသည်မှာ သူနားထောင်သည်။ ကျွန်ုပ်တို့ကင်းစောင့်၏အလုပ်မှာမျိုးစေ့ကိုမြေတွင်ကြဲရန်ဖြစ်ပြီး ဆက်၍ကြဲရန်ပင်ဖြစ်သည်။

တက္ကသိုလ်ခြံစည်းရိုးအတွင်း (ဒါမှမဟုတ်အလယ်တန်းနဲ့အထက်တန်းကျောင်းတွင်) ပြောဆိုသောစကားဝိုင်းမှာ အမြဲလိုလိုတွေ့ရတတ်သည့် အကြောင်းအရာများထဲမှတစ်ခုမှာ ဆင့်ကဲဖြစ်စဉ် သီအိုရီဖြစ်သည်။ ကျွန်ုပ်တို့က မျောက်ဝံမှလူသားအဖြစ်အမှန်ပင်ဆင့်ကဲပြောင်းလဲခဲ့သည်လား။

မျှော်လင့်ခြင်းဇဝံဂေလိအသင်း(Reasons for Hope)မှမက်ရှင် Carl Kirby ၏အကြံပေးစကားမှာ “ဘုရားသခင် အဲ့လိုတကယ်ပြောတာလား?” ဟုမေးစေသည်။ အလွန်ကောင်းသည့်မေးခွန်းပါ။ လေးနက်ခြင်းတော့မဟုတ်ပါ၊ သာသနာမေးခွန်လည်းမဟုတ်၊ ရိုးရှင်းသော မေးခွန်းဖြစ်ပါသည်။ ဘုရားသခင်က တစ်မျိုးမိန့်မှာသည်၊ မြွေကနောက်တစ်မျိုးပြောသည်၊ အာဒံနှင့်ဧဝတို့သည် ကတစ်မျိုးပြောပြန်သည်။ မည်သူကအမှန်တရားပြောသည်ကို ကောက်ချက်ချရန် လူ၏ကိုယ်ပိုင်ဉာဏ်ကိုအသုံးပြု၍ရနိုင်သည်ဟုထင်သောကြောင့် ကြီးစွာသောပျက်စီးဆုံးရှုံးမှုကို ဖြစ်စေခဲ့သည်။ ပြဿနာက ယနေ့ကျွန်ုပ်တို့သည် အလားတူလုပ်ဆောင်နေခြင်းဖြစ်သည်။ မည်သည့်အရာကအမှန်တရားဖြစ်ကြောင်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအသုံးပြု၍ရှာဖွေမည့်အစား မိမိ၏ဉာဏ်နှင့်တွေးတောနေတတ်ကြသည်။

ထိုအရာသည် Carl ၏ အဓိက သော့ချက်ဖြစ်ပါသည်။ ဆင့်ကဲဖြစ်စဉ် သီအိုရီတစ်ခုလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် သံသယထားခြင်း ဖြစ်သည်။ ဆင့်ကဲဖြစ်စဉ် သီအိုရီကရှိကြောင်းကို သမ္မာကျမ်းစာတွင် ထည့်သွင်းမည်ဟု ကြိုးစားကြသည်။ သို့သော်သမ္မာကျမ်းသည် ဘုရားသခင်မှတ်တမ်းတင်ခဲ့သည့် စကားဖြစ်သောကြောင့် ထိုကြိုးစားမှုမအောင်မြင်ခဲ့ပါ။

"ကောင်းကင်တွင် ကြယ်ဘယ်နှစ်လုံးရှိသည်ကို သင်သိပါသလား။ ကြယ်အလွန်များပါသည်။လွယ်ကူစွာတွေးခေါ်မည်ဆိုလျှင်ညဘက်ကောင်းကင်ကိုမော့ကြည့်ပါ။ ထင်ရှားသောကြယ်စုမှာ "ထွန်နက္ခတ်" သို့မဟုတ် "ရေမှုတ်ကြီးကြယ်စု" ဖြစ်သည်။ ရေမှုတ်ကြယ်၏အတွင်းပိုင်းတွင်ကြယ်သန်းပေါင်းများစွာရှိသေးသည်။ ဤအံ့သြစရာကို သင်ခံစားဖူးလား။ ထိုဆန်းကျယ်ခြင်းထက် ဆန်းကျယ်သည်မှာ ထွန်ကြယ်အုပ်စု၏ ရေမှုတ်ကြယ်စုသည် စကြာဝဠာစနစ်၏ ဘီလီယံနဲ့ချီသည့်ကြယ်များစွာပါဝင်မှုဖြစ်သည်။ စကြာဝဠာတစ်ခုထဲတွင် အနည်းဆုံးကြယ်တစ်သန်း သို့မဟုတ် သန်းပေါင်းများစွာပါဝင်သည်။ ကျွန်ုပ်တို့၏ နေအဖွဲ့အစည်းထဲမှာပင် ခန့်မှန်းခြေအားဖြင့် ကြယ်ပေါင်း ဘီလီယံနှစ်ရာ ရှိပါသည်။ ဟိုက်ဒရိုဂျင် ဓာတ်ငွေ့သည် ဓါတ်ငွေ့များဆွဲထုတ်ကာစုပေါင်းပြီး ကြယ်အသစ်တစ်ပွင့်ဖြစ်ပေါ်လာသည်မှာ မည်သို့နည်း။ ကြယ်ခုနစ်ဆယ် ထရီလီယံ ထရီလီယံနှင့်ထရီလီယံကို အဝေးကြည့်မှန်ပြောင်းဖြင့် မြင်နိုင်သည် (ဆိုလိုသည်မှာ ဂဏန်းခုနစ်၏နောက်၌သုညနှစ်ဆယ့်နှစ်လုံးထည့်ခြင်း ကိန်းဂဏန်းဖြစ်သည်) ကြယ်၏ပေါ်ထွန်းမှုဆန်းကျယ်မှု၊ထို့အပြင်မှန်ပြောင်းဖြင့် မမြင်ရသော ကြယ်များသည် အဆုံးမရှိ ရှိပါသေးသည်ဟု အချို့ဆိုထား၏။

သို့ဆိုလျှင် ဤစကြာဝဠာက မည်သို့ပေါင်းစည်းလာသနည်း။

ကမ္ဘာဦးကျမ်း 1:1 "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။"

ထို့အပြင် ဆင့်ကဲဖြစ်စဉ်သီအိုရီလက်တွေ့ဖြစ်စေရန် လူယောက်ျားများနှင့် လူမိန်းမများသည် မျိုးပွားမှုစနစ် အပြည့်အဝလုပ်ဆောင်နိုင်ရန် တစ်ချိန်တည်း တစ်နေရာတည်းတွင် ဆင့်ကဲဖြစ်ပေါ်ရန်လိုအပ်သည်။ အကယ်၍လူယောက်ျားများဆင့်ကဲ



ပြောင်းလဲပြီး နောက်အနှစ် ၁၀၀ မှလူမိန်းမများဆင့်ကဲပြောင်းလဲခဲ့လျှင်မည်သည့် အကျိုးမျှမရှိပါ။ သို့မဟုတ် လူယောက်ျားကအမေရိကတိုက်တွင် ဖြစ်ထွန်းပြီး လူမိန်းမများကဥရောပတွင် ဆင့်ကဲပြောင်းလဲလာသည်ဆိုလျှင် အချင်းချင်းတွေ့ဆုံရန် နည်းလမ်းမရှိကြ၍ မည်သည့်အကျိုးမျှမရှိပါ။ သို့တင်မကကမ္ဘာပေါ်ရှိ သက်ရှိမျိုးစိတ်တိုင်းတွင်ဤသို့ဆင့်ကဲဖြစ်ပေါ်ရန်လိုအပ်သည်။ ကမ္ဘာပေါ်တွင်မျိုးစိတ်ပေါင်း ရှစ်သန်းကျော်ရှိသည်ဟုဆိုထားသော ဆောင်းပါးတစ်ပုဒ်ကိုမကြာခင်ကတွေ့လိုက်ရပါသည်။ ဆိုလိုသည်မှာ ထိုမျိုးစိတ်တစ်ခုရှိ အထီးသတ္တဝါ ရှစ်သန်းသည် တစ်ချိန်တည်း တစ်နေရာတည်း၌ ဆင့်ကဲပြောင်းလဲပြီး ထိုမျိုးစိတ်၏အမသတ္တဝါများလည်း တစ်ချိန်တည်း တစ်နေရာတည်းတွင် ဆင့်ကဲပြောင်းလဲရမည်။ မျိုးစိတ်တစ်ခုတည်းတွင် ဤဖြစ်ရပ်အောင်မြင်နိုင်ခြေနည်းပါးလှပါသည်။ သို့ဆိုလျှင် အခြားမျိုးစိတ်ရှစ်သန်းအတွက် မည်သို့ဖြစ်နိုင်မည်နည်း။ ဖြစ်နိုင်ချေမရှိသကဲ့သို့ ဖြစ်လည်းမဖြစ်နိုင်ပါ။

ဤသည်မှာ ဆင့်ကဲဖြစ်စဉ်သီအိုရီကို ဆွေးနွေးချိန်၌ မေးရန်မေးခွန်းကောင်းများဖြစ်သည်။

- သက်ရှိများသည် သက်မဲ့အရာများမှ မည်သို့ ဖြစ်ပေါ်လာသနည်း။
- စနစ်တကျဖွဲ့စည်းထားသောစနစ်သည်စနစ်မကျသောအရာမှမည်သို့ ပြောင်းလဲလာသနည်း။
- အကယ်၍ ဘစ်ဂ်ဘန်း(Big Bang)ကြီးကြီးမားမား ပေါက်ကွဲခဲ့သည်ဆိုလျှင် ထိုကြီးကြီးမားမား ပေါက်ကွဲမှုဖြစ်ပေါ်စေသော အရာဝတ္ထုနှင့် စွမ်းအင် Big Bang က ဘယ်ကလာသနည်း။

ဖန်ဆင်းခြင်းနှင့် ဆင့်ကဲဖြစ်ပေါ်ခြင်း၏ ခေါင်းစဉ်နှင့် နောက်ထပ်အချက်အလက်များအတွက် ဤဝေ့ဆိုဒ်မှလေ့လာနိုင်သည်။

www.creation.com

www.answersingenesis.org

www.rforh.com

စကားစမြည်ပြောရန် နောက်ထပ်ကောင်းသည့်နေရာတစ်ခုမှာ ကော်ဖီဆိုင်ဖြစ်ပါသည်။ လူအများအားဖြင့် ကောင်ဖီဆိုင်ကို အဘယ်ကြောင့်ထိုင်ကြ

သနည်း။ စကားပြောရန်ထိုင်ကြသည်၊ထိုအရာသည် သင်ရှာဖွေနေသောအရာဖြစ်သည်။ ထို့ကြောင့်တစ်စုံတစ်ယောက်၏ ဘေး၌ဝင်ထိုင်ပြီး စကားပြောကြပါစို့။

ဤသည်မှာဆင့်ကဲဖြစ်စဉ်သီအိုရီကိုဆွေးနွေးချိန်၌ မေးရန်မေးခွန်းကောင်းများဖြစ်သည်။

- သက်ရှိများသည် သက်မဲ့အရာများမှ မည်သို့ ဖြစ်ပေါ်လာသနည်း။
- စနစ်တကျဖွဲ့စည်းထားသောစနစ်သည်စနစ်မကျသောအရာမှမည်သို့ ပြောင်းလဲလာသနည်း။
- အကယ်၍ဘစ်ဂ်ဘန်း(BigBang)ကြီးကြီးမားမားပေါက်ကွဲခဲ့သည်ဆိုလျှင် ထိုကြီးကြီးမားမားပေါက်ကွဲမှုဖြစ်ပေါ်စေသောအရာဝတ္ထုနှင့်စွမ်းအင် Big Bang ကဘယ်ကလာသနည်း။



ကယ်လီဖိုးနီးယားပြည်နယ် Fresnoမှာတစ်ခါတုန်းကကျွန်တော်တို့အုပ်စုဇဝ်ဂေလိတရားကို သက်သေခံရန်ကော်ဖီဆိုင်သို့ဥ်းစွာ ထိုင်ခဲ့ကြသည်။ ထို့နောက်လူစုခွဲပြီး လူထိုင်နေသည့်စားပွဲအသီးသီးသို့ဝင်ထိုင်ကြသည်။ အလွန်ပျော်စရာကောင်းပါသည်။ ကျွန်တော်ကအသက်နှစ်ဆယ်လောက်ရှိသည့် လူငယ်နှစ်ယောက်၏စားပွဲ၌ ဝင်ထိုင်လိုက်ကာစကားစပြောသည်။ သူတို့ထဲမှတစ်ယောက်က ယုံကြည်သူဖြစ်ပြီးနောက်တစ်ယောက်ကမယုံကြည်သူပါ။ ကျွန်တော်ထိုမယုံကြည်သူကို ဥ်းတည်ကာဇဝ်ဂေလိဝေငှသည်။ တခါတရံသူ၏မေးခွန်းကို ကျွန်တော်ကူညီဖြေပေးခဲ့သည်။ သူ့ယုံကြည်သူသူငယ်ချင်းက မနာလိုသည့်အကြည့်ဖြင့် သက်သေထွက်ဆိုရမည့်သူက သူဖြစ်ရမည်ဆိုသည်ကို သူသိလိုက်သည်။ စကားပြောပြီးသည်နှင့် ကျွန်တော်ထပြီး သူတို့နှင့်လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထိုယုံကြည်သူကိုကြည့်ကာ "အခုဒီမျိုးစေ့ကို ရေလောင်းပေးခြင်းနဲ့ကူညီပေးပါ" ဟု ဘုရားသခင်အတွက် ရဲစွမ်းသတ္တိရှိရန် သူ့ကိုခွန်အားပေးစကားပြောဖြစ်ခဲ့သည်။

ဈေးဝယ်စင်တာများသည် သက်သေခံရန် ကောင်းမွန်သောနေရာတစ်ခုဖြစ်သည်။ ခရစ္စမတ်ရာသီမှာ လူများကလက်ဆောင်များလာဝယ်ကြသည်။ ကျွန်တော်က သူတို့နှင့် စကားပြောရသည်ကိုကြိုက်သည်။ ဤသည်မှာ လိုက်ဖက်သည့်ပေါင်းစပ်မှုတစ်ခုပါ။

မကြာသေးမီက ဈေးဝယ်စင်တာတွင် ကျွန်တော်ကလုံခြုံရေး ဝန်ထမ်းနှင့်စကားပြောဖြစ်သည်။ သူကအာဖဂန်နစ္စတန်မှာတိုက်ခိုက်ခဲ့သည့် စစ်သားတစ်ယောက်ဟုသိရသည်။ သူစစ်မြေပြင်မှအပြန်တစ်နေ့မှာသူသည် သေနတ်ဒဏ်ရာရသည်ကိုနောက်ပိုင်းမှသိလိုက်သည်။ ကျည်ဆန်သည် ကျည်ကာအင်္ကျီ၏တစ်ဝက်ကို ထိုးဖောက်ဝင်ရောက်ပြီး ကျန်တစ်ဝက်သည် သူ့ရင်ဘတ်ကိုထိုးဝင်သွားသည်။ သို့သော်သူ့ခန္ဓာအတွင်းမှ Adrenaline ဟော်မုန်းကြောင့် သူ့တာဝန်ကိုပြီးမြောက်အောင်တိုက်ခိုက်မှုကိုဆောင်ရွက်နိုင်ခဲ့သည်။ သူ့မိခင်သည်သူ့အားအမြဲဆုတောင်းပေးလျက်ရှိသည်။ ထိုအချိန်တွင် သူသည် ကယ်တင်ခြင်းမရသေးသော်လည်း သူ့အမေကသူ့အကြောင်းကို ဘုရားကျောင်း၏စာအုပ်ဆိုင်တာဝန်ခံ အမျိုးသမီးတစ်ဦးအားအမြဲပြောပြကာ သူကယ်တင်ခြင်းရန်အတွက်နှစ်ယောက်စလုံး အတူတကွ ဆုတောင်းကြသည်။ အာဖဂန်နစ္စတန်မှ ပြန်လာပြီးနောက် အိမ်တွင်နေဖြစ်သည်။ ကျမ်းစာဖတ်ပြီး အမေနှင့်ဘုရားကျောင်းသွားသည်။ သူနောင်တရဖို့ မဆုံးဖြတ်မချင်း သူမသည် ကယ်တင်ခြင်းအကြောင်းဝေငှခဲ့သည်။ နောက်ပိုင်းမှာ ဘုရားကျောင်း၏စာအုပ်ဆိုင်မှာ အလုပ်လုပ်သည့်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့ပါသည်။ လုံခြုံရေးအရာရှိ Samuel ၏ အံ့သြစရာကောင်းသော သက်သေခံချက်ပင်ဖြစ်ပါသည်။

တစ်ခါကဈေးဝယ်စင်တာတစ်ခုတွင် ကျွန်တော့်နောက်မှလူတစ်ယောက်ကတုတ်ထောက်သုံးပြီးလမ်းလျှောက်နေသည်ကိုသတိထားမိသည်။ ထို့ကြောင့်ကျွန်တော်ကအရှိန်လျှော့ပြီး နှုတ်ဆက်လိုက်သည်။ ဆံပင်တိုကို ညှပ်ထားသောကြောင့်စစ်သားလားဟုမေးရာ ဟုတ်တယ် ဟုပြန်ဖြေသည်၊ နိုင်ငံရပ်ခြားမှာ စစ်သွားတုန်းရခဲ့သည့်ဒဏ်ရာလားဟု ဆက်မေးသည်။ အဖြေက "ဟုတ်တယ်" ။ ဒဏ်ရာရမှု၏အကြောင်းကိုပြောပြနိုင်မည်လားမေးရာ သူတို့သည် Humvee ကားဖြင့် ကင်းထောက်နေစဥ်RPG ဒုံးပျံကျလာ၍ သူအပါအဝင်ကင်းထောက်များနှင့်အတူ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့သည်။ သူ၏ဦးနှောက်နှင့် ကျောရိုးတို့ကို ထိခိုက်ပြီးရာသက်ပန်ပျက်စီးမှုရခဲ့သည်။ ထိုအချိန်တွင် သူ့သူငယ်ချင်းက RPG ကျည်ဆံထိပြီးသူ၏အရိုးအပိုင်းအစများနှင့် RPG ကျည်ဆံအပိုင်းအစများရောနှောကာ သူ၏လက်ကိုလာထိပြီး ဒဏ်ရာရစေပြန်သည်။ အဆိုပါ ဒုံးကျည်ထိမှန်ခံရသူမှာ ခြေထောက်နှစ်ဖက်စလုံး ဒဏ်ရာရရှိခဲ့သော်လည်း ယင်းဖြစ်စဉ်ကြောင့် မည်သူမျှသေဆုံးခဲ့ခြင်းမရှိခဲ့ပေ။

ကျွန်တော်သူ့ကိုမေးလိုက်သည် သေလုနီးကြုံတွေ့ခဲ့ပြီးဖြစ်၍ အကယ်၍သေလျှင်မည်သို့ဖြစ်မည်ကို ခင်ဗျားတွေးဖူးပါသလား ဟုမေးလိုက်သည်။ ဤမေးခွန်းကစကားဆက်ပြောရန်အခွင့်ရစေပြီးဈေးဝယ်စင်တာတွင်လေးဆယ့်ငါးမိနစ်ဆက်၍စကားပြောဖြစ်ပါသည်။ သူသည်သင်းအုပ်ဆရာအဖြစ်ခန့်အပ်ခံရကြောင်း ပြောပြသည်။ နောက်ဘဝ မည်သို့မည်ပုံဖြစ်မည်ကို စိတ်မဝင်စားဘဲလက်ရှိအသက်ရှင်စဥ်တွင် သခင်

ယေရှုနောက်သို့ လိုက်ရန်သာစိတ်ဝင်စားသည်ဟုဆို၏။ ထို့အပြင် သမ္မာကျမ်းစာက ခေတ်အဆက်ဆက်ပုံပျက်ပန်းပျက်ယူဆမှုလွဲချော်ခံခဲ့သည်ဟုလည်းသူပြောသည်။ ဤကဲ့သို့အဖြေပေးသည့်သူများနှင့်လည်း ဆုံဖူးပါသည်။ စိတ်ဝင်စားစရာကောင်းသည့် အတွေးအမြင်များ ဖလှယ်ခဲ့ကြသည်။ ဝီလျှံကို သမ္မာကျမ်းစာ၏အမှန်တရားနှင့် ကိုက်ညီစွာစိန်ခေါ်သည်မှာကောင်းသည့်အပြင် ကျွန်တော်တို့စကားဝိုင်းလည်း အလွန်ပျော်ဖွယ်ကောင်းပါသည်။

တခါက ဈေးဝယ်စင်တာတစ်ခုမှာ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်သည့် အသက်ကြီးရင့်သောအမျိုးသားတစ်ဦးနဲ့ တွေ့ဆုံခွင့်ရခဲ့သည်။ “ခင်ဗျားဒီလို ဆုံးဖြတ်ချက်ချအောင် ဘဝလမ်းတစ်လျှောက်မှာဘာတွေကြုံတွေ့ခဲ့တာလဲ” ဟုမေးရာ၊ "ဖိနပ်ထဲက သဲတွေကြောင့်ပါ" ဟုဖြေသည်။ "ဘာကို ဆိုလိုတာလဲ"ဟု ကျွန်တော်ပြန်မေးလိုက်သည်။ သူ့အားဧဝံဂေလိတရားကို လာရောက်သက်သေခံသူ အများအပြားရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ သူ့အတွက် သတင်းကောင်းဖြစ်ပြီး ၎င်းသည် သူ့အား ဘုရားသခင်အကြောင်း တသက်တာလုံး တွေးတောစေခဲ့သည်။ အမှန်တရားကို ရှာတွေ့နိုင်သည်အထိသူ့ကိုစိတ်အနှောင့်အယှက်ဖြစ်စေသည်။ “ဖိနပ်ထဲမှာကျောက်စရစ်ခဲ” ဟူသောအသုံးအနှုန်းကိုကြားဖူးပေမည်။ ဤသို့ကြုံဖူးလျှင် ညီးငွေ့သည့်စိတ်ဖြင့်ဖိနပ်ချွတ်ပြီး ထိုသဲများကိုဖယ်ရှားရန် ရပ်တန့်လိုက်မည်ဖြစ်သည်။ လူများ၏တွေးခေါ်မှုသည် အဖြေရှာလိုသည်။ ထို့ကြောင့်မေးခွန်းကောင်းများမေးပါ။ စကားပြောကောင်းအောင် လုပ်ပါ။ ကောင်းသောစကားလုံး သို့မဟုတ် မက်ဆေ့ချ်တစ်ခုပေးပါ။ စာအုပ်ကောင်းတစ်အုပ် သို့မဟုတ် လက်ကမ်းကြော်ငြာတစ်ခုပေးပါ။ စိတ်ကူးများပွင့်စေရန် ဤကောင်းသောအရာများကိုပေးပါ။ အပြင်ထွက်၍အမှန်တရားကို ရှာကြပါ။




သင်လုပ်နိုင်သည့် နောက်တစ်ချက်မှာ “ဆုတောင်းချက်” (www.prayerstop.org) ဖြစ်သည်။ လမ်းလျှောက်နေသောသူများအားဆုတောင်းပေးခြင်းဖြစ်သည်။ လူနည်းစုကသူတို့အတွက် ဆုတောင်းခြင်းကိုငြင်းဆိုမှုမရှိဘဲကြီးကျယ်သည့် စကားဝိုင်းကို ဖြစ်ပေါ်စေပါလိမ့်မည်။



ထို့အပြင်ပွဲမစမီ ဘောလုံးကွင်း၏ကားရပ်နားရာနေရာတွင် ကားနောက်ခန်းထဲမှာထမင်းစားကြသည့်သူများအားသက်သေခံခြင်း၊ သို့မဟုတ် ပြိုင်ပွဲမဝင်ခင်လူစုလူဝေးအား လက်ကမ်းစာစောင်များ ပေးခြင်းဖြစ်သည်။ လွန်ခဲ့သောဆယ့်ရှစ်နှစ်က ကျွန်တော်သင်ပေးသည့်ကျောင်းသူနှစ်ယောက်နှင့် တွေ့သည်။ တက္ကသိုလ်ဘောလုံးကွင်းရှေ့တွင် ကျွန်တော်လက်ကမ်းကြော်ငြာစာရွက်များကို ဝေငှရာအမျိုးသမီးတစ်ဦးကစာစောင်ကိုလက်ခံရရှိဖူးကြောင်းပြောပြသည်။ “ဘယ်ကရလဲ” ဟုမေးရာနောက်ဆုံးဘောလုံးပြိုင်ပွဲတုန်းကဟုပြော၏။ လွန်ခဲ့တဲ့ သုံးလလောက်က ဤနေရာ၌ ဧဝံဂေလိတရားလက်ကမ်းစာစောင်များကို ကျွန်တော်ဝေခဲ့သည်။

ဤသည်မှာဂျပန်လေတပ်မှူး Mitsuo Fujida ၏ဇာတ်လမ်းဖြစ်ပါသည်။ "တိုရာ၊ တိုရာ၊ တိုရာ" တိုက်ခိုက်မှုမစမီ ပွဲတင်သံထပ်ခဲ့သည်။ သူသည် ဟေဟာဘာဝဆိပ်ကမ်းသို့သွားနေသည့် ဒီဇင်ဘာ၇ ရက် ၁၉၄၁ ခုနှစ်အဖြစ်အပျက်များကိုပြန်ပြောင်းပြောပြသည်။

“ကျွန်တော် အရမ်းစိတ်လှုပ်ရှားနေတယ်ဆိုတာ ဝန်ခံရပါမယ်။ ထိုနေ့ဟာဝိုင်အီအချိန် မနက်၃ နာရီအချိန်အိပ်ရာက နိုးခဲ့တယ်၊ ကျွန်တော့်ရဲ့အသက်သုံးဆယ့်ကိုးနှစ်ပြည့်မွေးနေ့ပြီးနောက် လေးရက်မြောက်နေ့လဲဖြစ်တယ်။ ကျွန်တော်တို့ရဲ့ လေယာဉ်တင်သင်္ဘော ခြောက်စီးဟာ မြောက်ဘက်ကို ရွက်လွှင့်ခဲ့တယ်။ အိုးဟာဟူးကျွန်းနဲ့ မိုင် ၂၃၀ ခန့်အကွာဖြစ်တယ်။ ကျွန်တော်တပ်ခွဲမှူးတစ်ဦးအနေနဲ့ Type 97" လေယာဉ်(အင်ဂျင်တစ်လုံး လူထိုင်ခုံသုံးနေရာ၊ အလျားလိုက်ဗုံးခွဲခြင်းနှင့် တော်ပီဒိုတိုက်ခိုက်မှုအတွက် သုံးသောထိုင်ခုံ)ကို စက်မနိုးခင် ဓါတ်ခွဲခန်းမှာ နောက်ဆုံးမိနစ်အထိ ထောက်လှမ်းရေးအစီရင်ခံစာများကို ပြန်လည်သုံးသပ်ခဲ့တယ်။

အရှေ့ဘက်မှတက်လာတဲ့နေမင်းကြီးဟာ တိမ်ဖြူများထက်မှာတောက်ပနေပါတယ်။ တပ်ခွဲလေယဥ်ကို ကျွန်တော်ဦးဆောင်နေချိန် ကျွန်တော့်မှာရှင်းလင်းပြတ်သားတဲ့ရည်ရွယ်ချက်ကအမြင့်ပေ ၃၆၀ ကိုဟာဝိုင်အီသို့လေယာဉ်အစင်းရေ ၃၆၀ နဲ့ အမေရိကန်ရေတပ်ကိုရုတ်တရက် ဖျက်ဆီးပစ်လိုက်ဖို့ဖြစ်တယ်။ ရန်သူမသိစေဘဲ ပစိဖိတ်သမုဒ္ဒရာကို ကမောက်ကမဖြစ်စေဖို့ရည်ရွယ်တယ်။ ဒါပေမဲ့အမေရိကန်ရဲ့တချို့သင်္ဘောဟာအဲဒီမှာမရှိခဲ့ရင် ကျွန်တော့်ရဲ့ရည်ရွယ်ချက်မအောင်မြင်မှာကို စိုးရိမ်တယ်။

ဒီလိုတိုက်ခိုက်မှုမျိုးဟာ အမေရိကန်နဲ့စစ်ပွဲကြီးတစ်ခုအဖြစ် ထိပ်တိုက်ရင်ဆိုင်မှုတွေဖြစ်လာနိုင်ချေရှိတယ်လို့ ကျွန်တော်မတွေးပါ။ စစ်ရေးအောင်မြင်မှုတွေအတွက်ပဲ စဉ်းစားပါတယ်။

တောက်ပတဲ့တနင်္ဂနွေနေ့မနက် ဟာဝိုင်အီကျွန်းစုများအနီးကို ကျွန်ုပ်တို့ရောက်ရှိနေပြီး ဆိပ်ကမ်းဧရိယာကို ကွင်းဆင်းလေ့လာပြီးဖြစ်ပါတယ်။ ဟိုနိုလူလူကျွန်းတစ်ဝိုက် ကျွန်ုပ်တို့ရဲ့လေယဉ်အောက်မှာ ငြိမ်သက်စွာကျောက်ချရပ်နားနေတဲ့ အမေရိကန် ရေတပ်တစ်ခုလုံးကို မြင်လိုက်ချိန် ကျွန်တော်ပြုံးမိတယ်။ မိုက်ခရိုဖုန်းကို ကိုင်ပြီး "တပ်သားများအားလုံး! တိုက်ခိုက်လို့ရပြီ“ လို့အမိန့်ပေးလိုက်တယ်။ အဲဒီအချိန်က မနက် ၇ နာရီ ၄၉ မိနစ်။

ကျွန်တော်တို့ရဲ့ တော်ပီဒိုလေယဉ်၊ ဗုံးကြဲလေယာဉ်၊ စစ်တိုက်လေယဉ်ဟာ မမျှော်လင့်ဘဲတိုက်ခတ်လာတဲ့ ဟာရီကိန်းမုန်တိုင်းလိုပါပဲ။ ပြီးတော့မီးခိုးတွေတက်လာတာနဲ့အမျှ ကျွန်တော့်ရဲ့စစ်လေယာဉ်တတပ်လုံးဟာ ဖော်မပြနိုင်တဲ့ အရှိန်အဟုန်နဲ့ တိုက်ခိုက်ခဲ့ပါတယ်။ အစွမ်းအစကြီးမားတဲ့စစ်သင်္ဘောကြီးတစ်စီးပြီးတစ်စီး ရေထဲမြုပ်သွားတာကိုမြင်ပြီး ကျွန်တော့်ရဲ့နှလုံးသားက ရွှင်မြူးစွာခုန်နေပါတယ်။ ပစ်ခတ်မှုသုံးနာရီအကြာမှာ Pearl Harbor သာမက အနီးနားကလေဆိပ်တွေ၊ တန်းလျားတွေနှင့် သင်္ဘောကျင်းတွေကို အမြင့်ပေငါးဆယ်ကနေ ပစ်ခတ်ဖို့ အမိန့်ရောက်လာတယ်။ အဲ့နောက်မှာကျွန်တော်လေယဉ်ကို အမြင့်တက်မောင်းပြီး တိုက်ခိုက်ခဲ့တဲ့ ပျက်စီးမှုတွေကို ကြီးကြပ်ရေးမှူးထံအသေးစိတ်သတင်းပို့ပါတယ်။

ဆိပ်ကမ်းမှာဆိုက်ကပ်ထားတဲ့ စစ်သင်္ဘောရှစ်စင်းထဲက သင်္ဘောငါးစင်း ပျက်စီးခဲ့တယ်။ တခြားစစ်သင်္ဘောငယ်များလည်း ပျက်စီးသွားတယ်။ ပြန်လည်မပြင်ဆင်နိုင်တဲ့ဆုံးရှုံးမှုမှာ အမေရိကန်ရေတပ်မှ တပ်ဖွဲ့ဝင် ၃,၀၇၇ ဦးသေဆုံးတယ် ဒါမှမဟုတ်ပျောက်ဆုံးတယ်၊ နောက်ထပ် ၈၇၆ ဦး ကဒဏ်ရာရရှိတယ်။ ကုန်းတပ်သား ၂၂၆ ဦး အသက်ဆုံးရှုံးပြီး ဒဏ်ရာရသူ ၃၉၆ ဦး ရှိခဲ့တယ်။

အဲ့ဒါကကျွန်တော့်ရဲ့လုပ်ငန်းမှာ စိတ်လှုပ်ရှားဖို့ အကောင်းဆုံး အောင်မြင်မှုဖြစ်ပါတယ်။

နောက်လေးနှစ်အကြာကျွန်တော်ရဲ့ကျွမ်းကျင်မှုကိုမြှင့်တင်ဖို့ဆုံးဖြတ်ခဲ့တယ်။ Pearl Harbor မှာ ကျွန်တော့်ရဲ့ အောင်မြင်မှုတွေပိုတက်လှမ်းနိုင်ဖို့ အိန္ဒိယသမုဒ္ဒရာထဲက Solomon Islands မှာ စစ်ဆင်ရေးတွေလေ့ကျင့်မှုတယ်။ ကျွန်တော်အောင်မြင်မှုရခဲ့



ပါတယ် ဒါပေမယ့် 1942 ခုနှစ် ဇွန်လ 4 ရက်နေ့ Midway တိုက်ပွဲမတိုင်ခင်မှာတော့ အူတက်ရောဂါလက္ခဏာဖြစ်ခဲ့လို့ ခွဲစိတ်ကုသနေရတယ်။ လေယဉ်လဲမပျံသန်းနိုင်ကုတင်မှာလဲလျောင်းရင်းနဲ့ကျွန်တော့်ရဲ့ဧရိယာတဝိုက်မှာလက်နက်ကြီး ပေါက်ကွဲသံကို ကြားရတိုင်း မျက်မှောင်ကြုတ်နေရတယ်။ ကျွန်တော်တို့စစ်တပ်က ပထမဦးဆုံးအကြိမ်ကြီးမားလှတဲ့ရှုံးနိမ့်မှုကိုခံခဲ့ရတယ်။ ကျွန်တော်တို့ရဲ့စစ်သင်္ဘောဆယ်စင်းဆုံးရှုံးခဲ့ရပါတယ်။

အဲဒီကတည်းက ကျွန်တော်တို့ရဲ့စစ်ဆင်ရေးအခြေအနေက ပိုဆိုးလာတယ်။ ဒါပေမဲ့ကျွန်တော်လက်မလျှော့ချင်ဘူး၊ စစ်မြေပြင်မှာ ကျွန်တော်နောက်ဆုံးလူအဖြစ် စစ်တိုက်ချင်ပေမယ့် ဧကရာဇ်ကကျွန်တော်တို့ကို လက်နက်ချဖို့ကြေညာတဲ့အခါ ကျွန်တော်သဘောတူလိုက်ရတယ်။

အဏုမြူဗုံးမကြဲခင်တစ်ရက်အလိုမှာကျွန်တော်ဟီရိုရှီးမားမှာရှိခဲ့ပြီး စစ်တပ်နဲ့တစ်ပတ်ကြာစစ်ရေးဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်။ တိုကျိုကိုအမြန်ဆုံးပြန်ဖို့ ရေတပ်ဌာနချုပ်ကမိန့်ကြားမှုကို ဖုန်းအားဖြင့်ကျွန်တော်သိလိုက်ရပါတယ်။ အဲ့ဒါက အဏုမြူဗုံးမကြဲခင်တစ်ရက်အလိုမှာပါ။

စစ်ပြီးတဲ့အခါ ကျွန်တော့်ရဲ့စစ်မှုထမ်းခြင်းလည်း ပြီးသွားပြီ။ ဘာကြောင့်လဲဆိုတော့ ဂျပန်တပ်တွေအားလုံးပြိုကွဲသွားလို့ပါ။ ကျွန်တော်ရဲ့မွေးရပ်ဇာတိ အိုဆာကာအနီးရှိရွာတရွာမှာစိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကြောင်းပြုခဲ့တယ်။ ဒါဟာစိတ်ပျက်စရာကောင်းတဲ့ ဘဝတစ်ခုပါပဲ။ အထူးသဖြင့် တိုကျိုမှာစစ်ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေး စတင်နေချိန်မှာတော့ ကျွန်တော်ဟာတရားစွဲချက်မခံရပေမဲ့ ဗိုလ်ချုပ်ကြီး Douglas MacArthur ကကျွန်တော့်ကို အကြိမ်ပေါင်းများစွာသက်သေအဖြစ်ဆင့်ခေါ်ခဲ့လို့ ကျွန်တော်မပျော်မရွှင်ဖြစ်လာပါတယ်။။

တစ်နေ့မှာတော့ တိုကျိုမှာရှိတဲ့ Shibuya ဘူတာရုံကနေ လမ်းလျှောက်ထွက်ခဲ့ရင်း၊ အမေရိကန်သားတွေက စာရွက်တချို့ပေးဝေနေတာကို တွေ့လိုက်တယ်။ ကျွန်တော်ဖြတ်သွားတဲ့အခါသူက “ကျွန်တော်က ဂျပန်စစ်သုံ့ပန်းဖြစ်ခဲ့ဖူးတယ်” ဆိုတဲ့စာစောင်ကို ကျွန်တော့်ကိုကမ်းပေးတယ်။ ( Bible Literature International ကထုတ်ဝေတာ။ Bible Meditation League လို့လဲလူသိများတယ်) စစ်သုံ့ပန်းများကို ညှဉ်းပန်းနှိပ်စက်ခြင်းရဲ့အမှုကို စစ်ဆေးခြင်းနဲ့ပတ်သက်တဲ့ကိစ္စဖြစ်တယ်။ အဲ့အချိန်ကဖြစ်ပွားတဲ့ကိစ္စမို့ ကျွန်တော်လက်ကမ်းစာစောင်ကို ယူလိုက်တယ်။

ကျွန်တော်ဖတ်လိုက်ရတဲ့အရာက အံ့သြစရာကောင်းတယ်။ နောက်ဆုံးတော့ ကျွန်တော့်ဘဝကို ပြောင်းလဲစေခဲ့တယ်။ ဖြစ်ပျက်ခဲ့တဲ့အချိန်ကို ပြန်တွေးကြည့်ဖြစ်တယ်၊ အဲဒီတနင်္ဂနွေမှာ ကျွန်တော်ဖော်ဟာဘိုဆိပ်ကမ်းကို လေယဥ်မောင်းပြီးဖြတ်ပျံသန်းချိန် ကယ်လီဖိုးနီးယားရှိစစ်တန်းလျားရဲ့ မီးဖိုချောင်မှာ Jake Deceaser ဆိုတဲ့ အမေရိကန်စစ်သားတစ်ဦးက တာဝန်ထမ်းဆောင်နေတယ်။ ဖော်ဟာဘိုဆိပ်ကမ်း ရုတ်တရက်တိုက်ခိုက်ခံလိုက်ရတယ်ဆိုတဲ့သတင်းကိုရေဒီယိုကနေသူကြားလိုက်ရတော့ ကိုင်ထားတဲ့အာလူးတစ်လုံးကို နံရံမှာပစ်ပေါက်ပြီး "Yun | မင်းကိုငါတို့ဘာလုပ်မလဲ စောင့်ကြည့်နေ" လို့အော်လိုက်တယ်။

တစ်လအကြာမှာသူဟာ တိုကျိုကိုပျံသန်းတဲ့ Jimmy Dolittle ရဲ့တပ်ခွဲနှင့် အတူလျှို့ဝှက်မစ်ရှင်တစ်ခုအတွက်တာဝန်ထမ်းဆောင်ခဲ့တယ်။ ၁၉၄၂ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှာ လေယာဉ်တင်သင်္ဘော Hornet တိုက်ခိုက်ဖျက်စီးခံခဲ့ရတယ်။ Deceaser ကလေယာဉ်မှူးတွေထဲကတစ်ဦးဖြစ်တယ်။ ဗုံးကြဲလေယာဉ်တပ်စုက တိုက်ခိုက်မှုပြီးသွားတဲ့နောက်လက်စားချေရတာကို ဝမ်းသာအားရကျေနပ်နေခဲ့ပါတယ်။ သူတို့ဟာ တရုတ်နိုင်ငံကို တိုက်ရိုက်ပျံသန်းဖို့ ရည်ရွယ်ထားပေမယ့် လောင်စာဆီကုန်သွားတဲ့ အတွက် လေထီးနဲ့လေယာဉ်ပေါ်ကနေ ဆင်းခဲ့ရပါတယ်။ ဂျပန်မှာသိမ်းပိုက်ထားတဲ့ နယ်မြေပေါ်ကို လေထီးနဲ့ဆင်းခဲ့တယ်။ နောက်နေ့မနက်မှာ သူကဂျပန်စစ်သုံ့ပန်းဖြစ်လိုက်ရပြီဆိုတာသူ့ကိုယ်သူသိလိုက်ရတယ်။

လပေါင်းလေးဆယ်ကျော်ကြာအောင်ထောင်ချခံရတယ်။DeCezerဟာဂျပန် အစောင့်ရဲ့ ရက်ရက်စက်စက်ဆက်ဆံမှုကြောင့် ရက်စက်ကြမ်းကြုတ်တဲ့ဂျပန်အစောင့်တွေကို ပြင်းထန်မုန်းတီးစိတ်က ဥ◌ီးနှောက်ပျက်လုနီးပါးအထိ မြင့်တက်ခဲ့တယ်။ အမေရိကန်စစ်သုံ့ပန်းတွေအချင်းချင်းဝေမျှဖို့သမ္မာကျမ်းစာတစ်အုပ်ရခဲ့တယ်။DeCezer ကစစ်ဗိုလ်မဟုတ်တော့ တခြားအရာရှိတွေ ဖတ်ပြီးအောင်စောင့်ဆိုင်းခဲ့ရပြီး နောက်ဆုံးမှသူ့အလှည့်ရောက်လာခဲ့တယ်။ ချုပ်နှောင်တဲ့စခန်းမှာ သုံးပတ်ကြာ သူသမ္မာကျမ်းစာကိုဖတ်တယ်၊ ဖတ်တယ်၊ ဖတ်တယ်... ကျမ်းစာအုပ်က တခြားစာအုပ်ထက် ထူးဆန်း



တယ်ဆိုတာသူနားလည်သွားတဲ့အထိပါပဲ။ အချုပ်ခန်းကျဉ်းကျဥ္းထဲမှာဖတ်ရင်း ကျမ်းချက်များက သူ့အသက်တာကိုပီပီပြင်ပြင်မြင်သာထင်ရှားစေခဲ့တယ်။

ခရစ်တော်ရဲ့တန်ခိုးတော်က Decaser ဘဝကြီးကိုပြောင်းလဲစေခဲ့တယ်။ အကျဉ်းချုပ်မှူးပေါ်မုန်းတီးတဲ့ သဘောထားကနေ ချစ်ခြင်းမေတ္တာနဲ့သူတို့အပေါ်စိုးရိမ်တဲ့စိတ်ထားအဖြစ်ပြောင်းလဲစေခဲ့တယ်။သူ့တိုင်းပြည်ကစစ်ပွဲနိုင်လို့သူပြန်လွတ်မြောက်တဲ့တစ်နေ့မှာဂျပန်ကိုပြန်လာပြီး သူ့ဘဝပြောင်းလဲစေတဲ့ စာအုပ်ကိုတခြားလူအားဝေငှမယ်လို့ဆုံးဖြတ်ခဲ့တယ်။

အဲ့ဒါက Jake လုပ်ဆောင်တဲ့အရာပါ။ Seattle Pacific တက္ကသိုလ်မှာ သင်တန်းပြီးတဲ့နောက် သူ့အကြောင်းကိုသက်သေခံတဲ့ လက်ကမ်းစာစောင်ငယ်နဲ့အတူ သာသနာပြုအဖြစ် ဂျပန်နိုင်ငံကို သူပြန်လာခဲ့တယ်။ ကျွန်တော်လုံးဝ မရှင်းပြနိုင်တဲ့အရာပါ။

ကျွန်တော်မေ့လို့မရပါ။ Jakeရဲ့အတွင်းစိတ်ငြိမ်းချမ်းမှုကိုလှုံ့ဆော်ပေးတဲ့ လက်ကမ်းစာစောင်သေးသေးလေးကိုဖတ်ပြီးအဲဒါငါရှာနေတဲ့အရာဘဲလို့သိလိုက်တယ်။ တကယ်လို့ ဒီအမေရိကန်က သမ္မာကျမ်းစာထဲမှာ ငြိမ်သက်ခြင်းကိုရှာတွေ့နိုင်ရင်၊ ကျွန်တော်ကိုယ်တိုင်လည်းဝယ်သင့်တယ်။ ဗုဒ္ဓဘာသာရေးနောက်ခံရှိပေမယ့် စမ်းကြည့်သင့်တယ်။

အဲဒီနောက် ရက်သတ္တပတ်တွေမှာ ကျမ်းစာကို လောဘကြီးစွာ ဖတ်ခဲ့တယ်။ ကျမ်းစာရဲ့အရေးကြီးဆုံးအပိုင်းဖြစ်တဲ့ လုကာ ၂၃:၂၄ မှာယေရှုခရစ်ရဲ့ လက်ဝါးကပ်တိုင်မှာအသေခံခြင်းဖြစ်တယ်။ သခင်ယေရှုမသေဆုံးခင်ဆုတောင်းတာက “အိုအဖ သူဘာလုပ်ခဲ့လဲဆိုတာ သူတို့မသိတဲ့အတွက် သူတို့ကို ခွင့်လွှတ်ပါ။” သခင်ယေရှုရဲ့ အဲ့လိုဆုတောင်းပေးတဲ့ထဲကကျွန်တော်ဟာတစ်ယောက်အပါအဝင်ဖြစ်လို့ ကိုယ်တော်ကိုကျေးဇူးတင်မိပါတယ်။ အမျိုးသားရေးဝါဒစွဲတဲ့ကျွန်တော်က လူအများအပြားကိုသတ်ခဲ့တယ်။ ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာကိုကျွန်တော်မသိခဲ့ဖူးပါ။ ခရစ်တော်က ဒီအချစ်ကိုလူသားရဲ့ နှလုံးသားတိုင်းမှာ ပြုစုပျိုးထောင်ရန် ရည်ရွယ်ထားကြောင်းကိုလဲ မသိခဲ့ပေ။

အဲ့အချိန်မှာ ကျွန်တော်ကယေရှုကို ပထမဆုံးအကြိမ်သိခဲ့ရပါတယ်။ လူသားရဲ့အပြစ်ဒဏ်ကိုဖြေလွတ်ဖို့သခင်ယေရှုအသေခံခဲ့ခြင်းရဲ့အဓိပ္ပါယ်ကိုကျွန်တော်နားလည်လာပါတယ်။ အဲဒါကြောင့်ကျွန်တော်ဒီလိုဆုတောင်းခဲ့တယ်၊ အကျွန်ုပ်ရဲ့ဆိုးသွမ်းခြင်းကိုခွင့်လွှတ်တော်မူပါ၊ ကျွန်ုပ်ကိုခါးသီးခြင်းနှင့်မျှော်လင့်ချက်ကင်းတဲ့ လေယာဉ်မှူးဟောင်းအဖြစ်မှ မျှတသောအသက်တာရှိပြီး ရည်ရွယ်ချက်ရှိတဲ့ခရစ်ယာန်တစ်ဦးဖြစ်လာစေပါလို့ ဆုတောင်းပါတယ်။

ဧပြီလ 14 ရက် 1950 ဟာကျွန်တော့်ရဲ့အမှတ်ရစရာဒုတိယနေ့ဖြစ်ပါတယ်။ အဲ့နေ့မှာကျွန်တော်ကလူသစ်ဖြစ်လာခဲ့တယ်၊ ခရစ်တော်ကကျွန်တော့်ရဲ့ အတွေးအခေါ်အမျှော်အမြင်တွေအားလုံးကို ပြောင်းလဲခဲ့တယ်။ အရင်ကမုန်းတီးမှုတွေ လူကိုဂရုမစိုက်မှုတွေနဲ့ပြည့်တဲ့ကျွန်တော် ဒီနောက်ပိုင်းမှာကျွန်တော်ရဲ့သူငယ်ချင်းများနဲ့မိသားစုများက ကျွန်တော်ပြောင်းလဲသွားတာကိုမြင်ကြတယ်။ ကျွန်တော်ခရစ်တော်နောက်လိုက်ဖို့ ဆုံးဖြတ်ချက်ချတာကို သူတို့တွေနားလည်ရခက်နေကြတယ်။

သတင်းစာကခေါင်းစဉ်အကြီးကြီးတစ်ခုထုတ်လိုက်တယ်။ "ဖော်ဟိုဘိုဆိပ်ကမ်း၏သူရဲကောင်းသည်ခရစ်ယာန်ဘာသာသို့ကူးပြောင်းခဲ့သည်။”ကျွန်တော့်ရဲ့ရဲဘော်ရဲဘက်များက လာရောက်လည်ပတ်ပြီး ဘာသာမပြောင်းဖို့ သွေးဆောင်ကြတယ်။ စစ်ပွဲမှာအနိုင်ရခဲ့တဲ့ အမေရိကန်တွေကိုကပ်ဖားလုပ်ဖို့ခရစ်ယာန်ဘာသာကို ကူးပြောင်းလာတဲ့အခွင့်အရေးသမားလို့ လူတချို့ကကျွန်တော့်ကို စွပ်စွဲကြပါတယ်။

သူတို့ရဲ့စွပ်စွဲမှုမှားကြောင်းကို အချိန်ကသက်သေပြခဲ့တယ်။ ကျွန်တော့်ရဲ့အသက်တာကိုပြောင်းလဲပေးတော်မူတဲ့ အရှင်ဘုရားသခင်ကို တခြားလူတွေသိဖို့မိတ်ဆက်ပေးလိုပါတယ်။ အဲဒါကြောင့်ဧဝံဂေလိဆရာအဖြစ် ဂျပန်နဲ့အရှေ့ကမ္ဘာခြမ်းအနှံ့ခရီးထွက်ခဲ့တယ်။



လာမဲ့ဆယ်စုနှစ်များမှာ ဂျပန်နဲ့အခြားနိုင်ငံများမှ ခေါင်းဆောင်များဟာ ယေရှုခရစ်ရဲ့အကြောင်းကို လျစ်လျူရှုမနေသင့်ပါ။ ဒီရှုတ်ယှက်ခတ်နေတဲ့ကမ္ဘာကြီးအတွက် ကိုယ်တော်ဟာကျွန်တော်တို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်တယ်ဆိုတာကို လူငယ်များသိရှိဖို့လိုအပ်ပါတယ်။

ကျွန်တော့်နိုင်ငံဟာ ကမ္ဘာပေါ်မှာစာတတ်မြောက်မှုနှုန်းအမြင့်ဆုံးနိုင်ငံပါ။ သို့သော်ပညာရေးကကယ်တင်ခြင်းသို့ မပို့ဆောင်နိုင်ပါ။ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ အမျိုးသားရေးနဲ့ ပုဂ္ဂိုလ်ရေးတွေဟာ ယေရှုခရစ်နဲ့တွေ့ဆုံခြင်းအားဖြင့်သာ ဒီအရာတွေဖြစ်ပေါ်နိုင်မှာဖြစ်ပါတယ်။

ဖြစ်နိုင်ရင် အတိတ်ကိုပြန်ပြီး ပြုပြင်ချင်ပါတယ်။ လွန်ခဲ့သော နှစ်ဆယ့်ကိုးနှစ်က Pearl Harbor မှာ ကျွန်တော့်ရဲ့လုပ်ရပ်တွေကို ပြုပြင်ဖို့ အခုကျွန်တော် လုပ်ဆောင်နေပါတယ်။ ကြေကွဲစရာဖြစ်ရပ်တွေဖြစ်ပေါ်စေတဲ့ လူ့နှလုံးသားထဲမှာကူးစက်နေတဲ့ အမုန်းတရားအမြစ်တွယ်ခြင်းကိုဖျက်ဆီးလိုက်ပါ။ ဒီအမုန်းပွားမှုတွေကို သခင်ယေရှုရဲ့အကူအညီမပါဘဲ မနှုတ်ပစ်နိုင်ပါ။

ကိုယ်တော်သာကျွန်တော်ရဲ့ဘဝကိုပြောင်းလဲစေခဲ့ပြီး ဘဝရဲ့ခွန်အားဖြစ်တယ်။ ကိုယ်တော်က Jake Deceaser အတွက်တစ်ခုတည်းသော အဖြေဖြစ်တယ်။ ကိုယ်တော်သာလျှင်ယနေ့ခေတ် လူငယ်များအတွက် တစ်ခုတည်းသော အဖြေဖြစ်တယ်"

ထို့ကြောင့်ဧဝံဂေလိတရားလက်ကမ်းစာစောင်သည် အမှန်ပင်အကျိုးသက်ရောက်မှုရှိပါသည်။ ပိုမိုသိရှိလိုသူများအတွက်အချက်အလက်နှင့် လက်ကမ်းစာစောင်များရယူရန် www.markcahill.org သို့ ဝင်ရောက်ကြည့်ရှု ဆက်သွယ်နိုင်ပါသည်။ ပန်းခြံများ၊ ကမ်းခြေများ၊ မြို့ပြင်မှဘားများနှင့်ပွဲတော်များသည် ဧဝံဂေလိပြုလုပ်ရန် နေရာကောင်းများဖြစ်သည်။

တချိန်ကဘားတည်ရှိရာအရပ်တွင် ကျွန်တော်သည်ဧဝံဂေလိတရားကို ဟောပြောရန်သွားခဲ့ဖူးသည်။ ဘားပတ်ပတ်လည်ကိုရပ်ပြီး လှည့်ကြည့်လိုက်သည်။ ပါတီပွဲတွေမှာ လူများမူးပြီး သူတို့အသက်တာ၏တန်ဖိုးကို စွန့်ပစ်ကြသည်ကို မြင်သည်။ "Mark Cahill ရယ် မင်းအရင်တုန်းကလဲ အခုသူတို့ရဲ့ဘဝလိုဘဲ ပျော်စရာကောင်း

တယ်လို့ မင်းထင်ဖူးတယ်မဟုတ်လား" ဟုတ်ပါသည်၊ ကျွန်တော်ကိုယ်တိုင်ယခင်က ဤကဲ့သို့ရန်သူ၏ လှည့်စားခြင်းကို ခံခဲ့ရသည်။ ဤအရာက ကျွန်တော့်အား ဤနေရာသို့ပြန်လာရန် တွန်းအားပေးခဲ့သည်။ အချိန်မနှောင်းမီ ယေရှုခရစ်၏ ကယ်တင်ခြင်းအား ဤသူများရရှိရန် ဧဝံဂေလိပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

မကြာသေးမီက ကျွန်ုပ်သည် ဤကဲ့သို့သော အီးမေးလ်တစ်စောင် လက်ခံရရှိခဲ့သည်–

“တက္ကသိုလ်စတက်တုန်းကပါ။ ဘုရားသခင်သည် ကျွန်မကိုနည်းအမျိုးမျိုးနဲ့ လိုက်ခေါ်တော်မူတယ်။ တစ်ညမှာကျွန်မသူငယ်ချင်းတွေနှင့် ဘားမျိုးစုံမှာ အရက်သောက်ရင်း Mark Cahill က ကျွန်မတို့ဆီ လျှောက်လာပြီး၊ ဘုရားသခင်အကြောင်း သက်သေခံခဲ့တယ်။ ကျွန်မဘုရားကျောင်းမှ ကြီးပြင်းခဲ့ပေမဲ့ ပျောက်သောသိုးဖြစ်နေတယ်။ ခရစ်ယာန်အသက်တာ ဆိုတာကျွန်မမှာလုံးဝမရှိပါ။ Mark ရဲ့ဟောပြောချက်ကိုနားထောင်ရတာ သိပ်တော့မရှင်း၊ ဘာကြောင့်လဲဆိုတော့ ကျွန်မခန္ဓာကိုယ်ထဲမှာ အယ်လ်ကိုဟောပမာဏ များနေတာကြောင့် နဲနဲဘဲမှတ်မိတယ်။ ဒါပေမဲ့ကျွန်မနားလည်နိုင်သောအရာတစ်ခုမှာ ဘုရားသခင်ဟာကျွန်မကိုချစ်ပြီး သူ့ရဲ့သမီးအဖြစ်ပြန်ရဖို့အလိုရှိတယ်။ ကျွန်မအိမ်အပြန်လမ်းတစ်လျှောက်လုံး ငိုခဲ့တယ်။ဒီလိုဘဝမျိုးနဲ့ ရှင်သန်နေတာကိုလဲဝမ်းနည်းမိတယ်။ နောက်ရက်မှာကျွန်မတို့က အဲ့ညမှာ ဖြစ်ပျက်တဲ့ အအကြောင်း စကားပြောဖြစ်ကြတယ်။ (အမူးပြေပြီးနောက်ဖြစ်တယ်) အကျဉ်းချုပ်ပြောရရင် နောက်နှစ်အနည်းငယ်မှာ ကျွန်မရဲ့အသက်တာကို ဘုရားသခင်ထံ ဆက်ကပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ နောက်ဆယ့်သုံးနှစ်အကြာဒီနေ့မှာ ကျွန်မဟာ ကောင်းမွန်လှတဲ့သင်းအုပ်ဆရာတစ်ဦးရဲ့ဇနီးဖြစ်ခဲ့ပြီး ကျွန်မတို့ဟာဧဝံဂေလိတရားကို လူသားအားလုံးသိရှိဖို့ဟောပြောအမှုဆောင်နေပါတယ်။

မနေ့ညကပရောဖက်ယေရမိအကြောင်းကိုဖတ်တော့ယေရမိက လှောင်ပြောင်တဲ့လူတွေအကြား သူပြောတဲ့ဘုရားစကားကိုဂရုမစိုက်လို့ "ကျွန်ုပ်မမွေးလာသင့်" လို့ ငိုကြွေးတယ်။ ဒါပေမဲ့ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ ယေရမိရဲ့အရိုးမှာ မီးလို



လောင်ကျွမ်းနေလို့ သူဟာဘုရားသခင်ရဲ့ သတင်းစကားကိုနားမလည်တဲ့သူအား သစ္စာရှိရှိဟောပြော အမှုထမ်းဆောင်တယ်။ ထိုနည်းတူ ဘုရားသခင်ကိုနာခံပြီး မူးဝေနေတဲ့မိန်းကလေးတွေဆီ ဧဝံဂေလိဝေငှခဲ့တဲ့ Mark Cahill ဆိုတဲ့အမျိုးသားတစ်ယောက်အကြောင်း တွေးမိတယ်။ လမ်းပေါ်မှာအရက်မူးပြီး မျက်လုံးတွေမှုန်ဝါးနေတဲ့နေသူကို ဧဝံဂေလိဟောပြောရတာဟာ ပင်ပန်းတဲ့အလုပ်တစ်ခုပါ။ ကျေးဇူးတင်စကားတစ်ခွန်းမှမရတဲ့အပြင် ရလဒ်မပြနိုင်လောက်တဲ့မျိုးစေ့ကိုကြဲတဲ့အလုပ်တစ်ခုဖြစ်နေပါသေးတယ်။ (မျိုးစေ့ဟာ မြေကြီးထဲကို ကျခဲ့လားလို့ သံသယဝင်စရာဖြစ်နေသေးတယ်) ကျွန်မအသက်နှစ်ဆယ်ကျော်တုန်းက ကျွန်မ၏အသက်တာကိုပြောင်းလဲစေတဲ့သူရဲ့နာမည်ကိုမှတ်မိနေသေးတယ်လို့ ကျွန်မရဲ့ခေါင်းဆောင်တယောက်နဲ့သူ့ဇနီးကိုပြောပြခဲ့သည်။ အာ့ကြောင့်ဒီညမှာ သူ့သစ္စာရှိမှုအတွက်ကျေးဇူးတင်ကြောင်း၊ သူ့ရဲ့သစ္စာရှိရှိအမှုတော်ထမ်းခြင်းအတွက် ကျေးဇူးတင်ကြောင်းပြောဖို့ သူ့အကြောင်းကို ကွန်ပြူတာကတဆင့် ရှာဖွေခဲ့ရပါတယ်။"

မည်သူနှင့်စကားပြောနေသည်ကို ကျွန်တော်တို့မသိနိုင်ပါ။ သူမသည် အရက်မူးနေသော အမျိုးသမီးဖြစ်သော်လည်း တစ်နေ့တွင်သူမသည် တရားဟောဆရာ၏ဇနီးနှင့်ဝိညာဉ်ရေးခေါင်းဆောင်ဖြစ်လာနိုင်သည်။ ကင်းစောင့်သည် ဘုရားသခင်ပေးဆောင်သောတာဝန်ကို သစ္စာရှိစွာထမ်းဆောင်ရန်သာလိုအပ်သည်။ ရလဒ်ကိုသာအမြဲမရှာပါနှင့်။ ထိုညမှာရလဒ် မတွေ့ခဲ့ရပါ၊ သို့သော် လူ့အမြင်အားဖြင့် မတတ်နိုင်သော်လည်း ဘုရားသခင်သည် အရှုံးမပေး။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမြဲတမ်းသစ္စာရှိရှိ ပြုမူရမည့် ကင်းစောင့်ကောင်းဖြစ်ရမည်။

ရှင်မဿဲခရစ်ဝင်။ 8:26 "ကိုယ်တော်က၊ ယုံကြည်အားနည်းသော သူတို့၊ အဘယ်ကြောင့် ကြောက်တတ်သနည်းဟု မေးတော်မူ ပြီးလျှင်၊ ထ၍ လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏။"

ကောရိန္သုသြဝါဒစာဒုတိယစောင်။ 5:7 "အစဉ် ရဲရင့်သောစိတ်ရှိကြ၏။ မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်အတိုင်း"

ရှင်မဿဲခရစ်ဝင်။ 8:26 "ကိုယ်တော်က၊ ယုံကြည်အားနည်းသော သူတို့၊ အဘယ်ကြောင့် ကြောက်တတ်သနည်းဟု မေးတော်မူ ပြီးလျှင်၊ ထ၍ လေနှင့်ပင်လယ်ကို ဆုံးမတော်မူသဖြင့် အလွန်သာယာလေ၏။"

ကောရိန္သုဩဝါသစာဒုတိယစောင်။ 5:7 "အစဉ် ရဲရင့်သောစိတ်ရှိကြ၏။ မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းရှိသည်အတိုင်း၊ ငါတို့သည် ကျင့်ဆောင်ပြုမူသည်ဖြစ်၍၊"

ရှင်မဿဲခရစ်ဝင်။ 25:23 "အရှင်က၊ သာဓု သစ္စာရှိသောငယ်သားကောင်း၊ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသော အမှုအခွင့်ကို သင်၌ ငါအပ်ပေးမည်။ သင်၏ သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏။"

သင့်တစ်နေ့တာကာ၌ လူများ၏စိတ်ဝိညာဉ်ကို ဘုရားသခင်ထံ ပို့ဆောင်ရန် မမေ့ပါနှင့်။ ခါတ်ဆီဆိုင်မှလူကို အဘယ်ကြောင့် စကားမပြောဘဲနေမည်နည်း။ ဘာမင်ဂမ်တွင် စုံတွဲတစ်တွဲနှင့် စကားပြောဆိုခဲ့သည်။ နောက်ဆုံးတော့ ကျွန်တော့်စာအုပ်ကိုပါပေးခဲ့သည်။ သူတို့နှစ်ယောက်နောက်ပြန်လှည့်လာပြီး "ခင်ဗျား တခြားစာအုပ်တွေ ရေးဖူးလား" ဟုမေးရာ ရေးတယ်၊ ဘယ်စာအုပ်တွေဖတ်ဖူးလဲဟု မေးရာ "ထောင်ကျတုန်းက အဲဒီစာအုပ်တွေထဲက တစ်အုပ်ဖတ်ဖူးတယ်" ဟုသူမ ဖြေသည်။ ထိုအမျိုးသားလဲအတူတူပင်။ သူဆေးဖြတ်စခန်းတွင် လူနာကို ကြည့်ရှုသည့် သူထံမှ ထိုနည်းတူစာအုပ်တစ်အုပ်လက်ခံခဲ့ရသည်။ အထက်မှစာသားအတိုင်း ဘုရား ပြင်ဆင်ပေးထားသောခါတ်ဆီဆိုင်ကိုသွားနိုင်ပါစေဟုကြိုပြီးဆုတောင်းခဲ့သောကြောင့် ကျွန်တော့်အတွက်ဤကိစ္စသည်ထူးထူးဆန်းဆန်းတော့မဟုတ်ပါ။ ဘုရားသခင် ၏လုပ် ဆောင်မှုသည်ကျွန်တော့်မျက်စိရှေ့မှာမြင်လိုက်ရ၍အလွန်စိတ်လှုပ်ရှားမိပါသည်။

သင်တည်းသည့်ဟိုတယ်ကလူများကို အဘယ်ကြောင့်ဘုရားသခင်အကြောင်းမ ပြောပြသနည်း။ တနေ့ကျွန်တော်စင်စင်နေတိမှဟိုတယ်တစ်ခုတွင်ဝါလန်ဒီနာဟူသော အမျိုးသမီးနှင့်စကားပြောဖြစ်သည်။ သူမသည် ရုရှားလူမျိုးဖြစ်သည်။ သူမ၏အဘိုး သည်ယေရှုခရစ်တော်ကိုယုံကြည်သောကြောင့်ရုရှားတွင် ဖမ်းဆီးအကျဉ်းချခံခဲ့ရသည်။ သခင်ယေရှုကိုငြင်းပယ်ရန် သူကငြင်းဆန်ခဲ့သောကြောင့် နှစ်နှစ်ကြာအလုပ်ကြမ်းလုပ် ခဲ့ရသည်။ နှိပ်စက်ညှင်းပန်းမှုကိုမြင်သည့်သူမ၏ဖခင်သည်ယုံကြည်သူ မဖြစ်လိုပါ။



သို့သော်သင်သည်ဘုရားသခင်၏ကြီးမြတ်မှုကိုမြင်ရလိမ့်မည်။ ယခုတွင်သူမ၏ဖခင် သည် ယုံကြည်သူဖြစ်လာရုံတင်မက ရုရှားနိုင်ငံ၌အမှုတော်ဆောင်ဖြစ်နေပြီ။ သူမ၏ အဘိုးခံစားရသည့်ဖြစ်ရပ်သည် သူမ၏ဖခင်အား ဘုရားသခင်၌လိုက်လျှောက်ခြင်းကို မတားဆီးနိုင်ပါ။ သခင်ယေရှုနှင့်လျှောက်လှမ်းရန် မည်သည့်အရာမဆိုပေးဆပ်နိုင် သည်။ ဝါလန်ဒီနာကိုယ်တိုင် ဝိညာဥ်ရေးရာကြွခိုင်ပြီး ဘုရားသခင်အကြောင်းပြောရ သည်ကိုနှစ်သက်ပါသည်။

တမန်တော်ဝတ္ထု။ 17:18 "ထိုအခါ ဧပိကုရုတပည့်တို့နှင့် သတောအိတ် ပညာရှိအချို့တို့ သည် ပေါလုနှင့် ဆိုင်ပြိုင်၍၊ အချို့က၊ ဤမရေရသောလူသည် အဘယ်သို့ပြောချင်သနည်းဟု ဆို၏။ အချို့ကလည်း၊ ဤသူသည် တကျွန်းတနိုင်ငံ နတ်ဘုရားတို့၏ အကြောင်းကို ဟောပြောသောသူ ဖြစ်ဟန်ရှိသည်ဟုဆို၏။ ဆိုသည်အကြောင်းကား၊ ပေါလုသည် ယေရှု၏တရားနှင့်ထမြောက် ခြင်း တရားတည်းဟူသော ဧဝံဂေလိတရားကို ဟောသတည်း။"

ရှင်ပေါလုက ထိုသူတို့ကိုဒေါသထွက်သည်မဟုတ်၊ သို့သော်ထိုသူတို့ လိမ်လည်ခံရသည်ကို မကျေနပ်ခြင်းဖြစ်သည်။ ထို့အပြင်ရှင်ပေါလုက ဤကိစ္စနှင့် ပတ်သက်၍ တစုံတခုပြုလုပ်လိုသည်။

သင်သည်သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုပြောရ မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ဤအချက်က သခင်ယေရှုသည် ကမ္ဘာပေါ်ရှိ အခြားသာသနာရှင်များနှင့်ကွာခြားကြောင်းသိသာထင်ရှားစေခြင်းကြောင့်ဖြစ်သည်။

ကောရိန္သုဩဝါဒစာပဌမစောင်။ 15:14 "ခရစ်တော်သည် ထမြောက်တော်မမူလျှင်၊ ငါတို့ ဟောပြောခြင်း၌ အကျိုးမရှိ သင်တို့ယုံကြည်ခြင်း၌လည်း အကျိုးမရှိ။"

သခင်ယေရှုသည်ရှင်ပြန်ထမြောက်မှုမရှိခဲ့လျှင် အကြောင်းအရာ အားလုံးသည်လည်း ဒဏ္ဍာရီသာဖြစ်မည်။ လူတယောက်ကကျွန်တော့်ကိုပြောဖူး သည်မှာ သခင်ယေရှုရှင်ပြန်ထမြောက်မှုမရှိလျှင်ပင် ကျွန်တော်ကခရစ်ယာန်ကောင်း ဖြစ်နေမည်။ ထိုအရာမမှန်ပါ။ သေခြင်းတရား၏နောက်၌ အဘယ်အရာဖြစ်ပေါ်မည်ဟု အခြားသောသူကို ကျွန်တော်လိုက်ပြောပြနေခြင်းမှာ အလဟဿသာဖြစ်မည်။ ကျွန်

တော့်အပြစ်ကိုဖြေလွတ်မည်ဟူသော စကားကိုယုံခြင်းမှာလည်း ယုံမှားခြင်းသာဖြစ်နေမည်။ ကျွန်တော်၏အသက်ရှင်လျှောက်လှမ်းမှုမှာလဲ အကျိုးမဲ့နေလိမ့်မည်။ ဤအရာသည်အမှန်တကယ်ဖြစ်လျှင် ကျွန်တော်သည် ထာဝရဆုပေါက်သူဖြစ်မည်။ သင်ကိုယ်တိုင်လည်း ထာဝရအသက်တာကို အလောင်းအစားလုပ်နေသည်ဆိုတာကိုမမေ့ပါနှင့်။ သခင်ယေရှုကမည်သူနည်းဟုသင်လောင်းကစားလုပ်နေသည်။ ထို့ကြောင့်သင့်အသက်တာမဆုံးရှုံးခင်သခင်ယေရှုကမည်သူဖြစ်သည်ကိုသင်ကိုယ်တိုင်အသိအကျသိရန်လိုအပ်ပါသည်။




တမန်တော်ဝတ္ထု။ 17:19 "ထိုအခါ၊ ထိုသူတို့သည်ပေါလုကိုခေါ်၍အာရေတောင် သို့ဆောင်သွားပြီးလျှင်၊ သင်သည်ဟောပြောသော ဤအယူဝါဒသစ်ကိုငါတို့သိအပ်သလော။"

ယောက်တိုင်း၏စိတ်တွင် မေးခွန်းရှိနေသည်။ သင်သည်ထိုမေးခွန်းများကိုဖြေနိုင်ရန်အသင့်ရှိရမည်။

ရှင်ပေတရုဩဝါဒစာပဌမစောင်။ 3:15 "စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကိုရိုသေခြင်းရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြော ခြင်းငှါ၊ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့။"

တနေ့ လေယဉ်နှင့်ခရီးသွားချိန် ကျွန်တော့်ဘေး၌ အင်ဂျင်နီယာ တစ်ဦးနှင့်ထိုင်ဖြစ်သည်။ သူသည် ကုမ္ပဏီလေးခုပိုင်ဆိုင်ပြီး အလွန်တွေးခေါ်တတ်သူဖြစ်သည်။ ကျွန်တော့်အားများစွာသောမေးခွန်းထုတ်ခဲ့သည် " ဘုရားသခင်ရှိတယ်ဆိုတာ ခင်ဗျားဘယ်လိုသိလဲ" "ကျမ်းစာကအမှန်တရားဖြစ်တယ်ဆိုတာ ခင်ဗျားဘယ်လိုသိမလဲ" စသည့်မေးခွန်းများစွာမေးသည်။ စကားပြောခြင်း၏ နောက်ဆုံး၌ " ခင်ဗျားဘာမေးစရာရှိသေးလဲ " ဟုကျွန်တော်သူ့ကိုမေးသည်။သူပြန်ဖြေသည်မှာ "မရှိတော့ဘူး။ ခင်ဗျားကို ကျွန်တော်မေးခဲ့တဲ့မေးခွန်းတိုင်းကို ခင်ဗျားအပြည့်အဝ ဖြေကြား



ခဲ့တယ်။” ကျွန်တော်သက်သေခံခြင်းအလေ့အကျင့်နှင့် မိမိယုံကြည်ခြင်း၌ ရင့်ကျက်ရန်အချိန်ယူခဲ့သည်မှာအလွန်ကောင်းပါသည်။

ထို့နောက်ကျွန်တော့်ဘေးမှာတစ်ယောက်ယောက်ထိုင်ရာ၌ အမြဲ ဆုတောင်းလေ့ရှိကြောင်း၊ ကျွန်တော်တို့နှစ်ယောက်ကပ်ထိုင်ခွင့်ရသည်မှာ တိုက်ဆိုင်မှုမဟုတ်ကြောင်း သူ့အားပြောပြသည်။ သူကျွန်တော့်ကိုလှမ်းကြည့်ရင်း “တကယ်တော့ ကျွန်တော်ဒီလေယာဉ်ပေါ် မတက်ရလောက်ဘူး” ဟုဆိုသည်။ ထိုနေ့မနက်က သူ့ခရီးသွားအိတ်ထဲမှာ ကျည်ဆံတစ်ဘူးပါပါသည်။ လွန်ခဲ့တဲ့ တစ်လလောက်က သူငယ်ချင်းတစ်ယောက်က သူ့ကိုပေးခဲ့သည့် ထိုဘူးလေးကိုသူက သူ့ခရီးသွားအိတ်ထဲပစ်ထည့်ခဲ့သည်။ ထို့နောက် လေဆိပ်ကို သယ်လာခဲ့သည်။ လေဆိပ်၌ ရဲ နှင့် FBI တို့နှင့်ထိုကျည်ဆန်ကိစ္စ အလွန်ပင်ဆွေးနွေးနေရ၍ ကြန့်ကြာစေခဲ့သည်။ သူလက်မှတ်ဝယ်ထားသည့် Atlanta ကိုသွားသည့် လေယာဉ်ကိုမမှီလိုက်ပါ။ ထို့ကြောင့်ကျွန်တော်တို့ ဤလေယာဉ်တစ်စီး၌ တယောက်နဲ့တယောက် ကပ်ထိုင်ခွင့်ရခြင်းဖြစ်သည်။ ကျွန်တော်ကသူ့ကို ပြောလိုက်သည်။ “ကျွန်တော့်ဘေးမှာ ဘုရားသခင်ပြင်ဆင်ပေးတဲ့သူတစ်စုံတစ်ယောက်လာထိုင်ဖို့ ဆုတောင်းနေခဲ့တယ်။ ဒါပေမယ့် ခင်ဗျားအိတ်ကပ်ထဲကကျည်ဆံတွေနဲ့တော့ ကျွန်တော်ဘာမှမဆိုင်ဘူးနော်!”

တမန်တော်ဝတ္ထု။ 17:20 "ငါတို့မသိမကျွမ်းဘူးသောအရာတို့ကို သင်သည် ကြားပြော၏။ ထိုအရာများကား အဘယ်သို့ ဆိုလိုသည် ကို ငါတို့သိချင်ပါသည်ဟု ဆိုကြ၏။"

စောစောကပြောခဲ့သကဲ့သို့ ပညတ်တော်အကြောင်း ပြောဆိုရန်အလွန်အရေးကြီးပါသည်။ အပြစ်ဆိုသည်မှာ လူသားအတွက်မထူးဆန်းပါ။ လူသားများတွင်သြတ္တပ္ပစိတ်ရှိ၍ ထိုပညတ်တော်တို့ကို ဖောက်ဖျက်ကြောင်း သိကြ၏။

ဟေဗြဲသြဝါဒစာ။ 4:13 "ငါတို့ကိုစစ်ကြောစီရင်တော်မူသော သူရှေ့၌ မထင်ရှားသောအရာတစုံတခုမျှမရှိ၊ ခပ်သိမ်းသော အရာတို့သည် အကွယ်အကာ မရှိဘဲ၊ မျက်မှောက်တော်၌ လှန်ထားလျက် ရှိကြ၏။"

တရားစီရင်သောနေ့၌ ကျွန်ုပ်တို့မည်သို့မျှအံ့သြမှာမဟုတ်ပါ။ ဘုရားသခင်ကိုလည်းအံ့အားသင့်စေမည့်မည်သည့်အရာမျှမရှိ။ မည်သို့ပင်ဆိုစေကာမူ ကျမ်းစာသည် ဘုရားသခင်ကိုအလေးထားသော သတင်းစကားဖြစ်သည်ကို မမေ့ပါနှင့်။ ဘုရားသခင်သည်ကျွန်ုပ်တို့ဘဝ၏အသေးစိတ်အချက်အလက်များကိုဂရုပြုပါသည်။ ကျွန်ုပ်တို့သည်လည်း ချစ်ခြင်းမေတ္တာနှင့်ပြည့်သည့်ဖန်ဆင်းရှင်၏ အမှုဆောင်နေခြင်းဖြစ်သည်။




တမန်တော်ဝတ္ထု။ 17:21 "အာသင်မြို့သူမြို့သားအပေါင်းတို့နှင့် ဧည့်သည်များတို့သည် သိတင်းစကားကိုကြားပြောခြင်း၊ နား ထောင်ခြင်းအမှုမှတပါးအခြားသောအမှုဖြင့် ကာလကိုမလွန်စေတတ်ကြ။"

လူသည်တစ်ယောက်နှင့်တစ်ယောက် စကားပြောရသည်ကို သဘောကျ သည့်အတွက် အကြောင်းအရာတစ်ခုခုပြောရန် ဖိတ်ခေါ်လိုပါသည်။ တစ်ယောက်ယောက်နှင့် စကားပြောလေလေ ခင်မင်ရင်းနှီးမှု ပိုတိုးလာလေပါ။ စကားဝိုင်းအတွင်း သင်ပိုမိုလေးနက်သောမေးခွန်းများကို စတင်မေးပြီးသည်နှင့် သူတို့သည်သင့်အား စတင်သဘောကျလာသောကြောင့် စကားဝိုင်းကို ဆက်လက်ပြောဆိုသွားနိုင်မည်ဖြစ်သည်။

တမန်တော်ဝတ္ထု။ 17:22 "ထိုအခါ ပေါလုသည် အာရေတောင်ပေါ်၌ ရပ်လျက်၊ အချင်းအာသင်လူတို့၊ သင်တို့သည် ခပ်သိမ်း သော အရာတို့၌ နတ်ဘုရားတို့ကို အလွန်ရိုသေ တတ်ကြသည်ကို ငါမြင်ပါ၏။"

ကံကိုယုံခြင်းဟူသောစကားလုံးသည် "အယူသီးခြင်း" ဟူသောဘာသာရေးထုံးတမ်းစဉ်လာကို ဆိုလိုသည်။ နတ်ဘုရားများကို ကိုးကွယ်ခြင်း အပြုအမူကို မည်သည့်နေရာသွားသွား ထုံးစံတော်တော်များများမှာ တွေ့နေရပါသည်။



တမန်တော်ဝတ္ထု။ 17:23 "လမ်း၌သွား၍သင်တို့၏ ဘုရားများကို ကြည့်ရှု သည်တွင်၊ ငါတို့မသိသော ဘုရားသခင်အတို့ဟူ၍ အက္ခရာတင်သောယဇ်ပလ္လင်တခုကို တွေ့ပါ၏။ သင်တို့ သည် မသိဘဲလျက် ကိုးကွယ်သော ဘုရားသခင်၏ အကြောင်းကို ငါဟောပြော၏။"

ဤလူများသည် ဘာသာရေးထောင်ချောက်ထဲမှာ ပိတ်မိနေကြသည်ကို သင်မြင်ပါပြီ။ သူတို့သည်မိမိ၏ ကိုးကွယ်ခြင်းမှားယွင်းခဲ့လျှင် “မသိသောဘုရားသခင်” ဟူသောဆင်းတုတော်ရှိသေးကြောင်း အရန်ထား၍ကိုးကွယ်သည်။ တရားစီရင်ရာတွင် ဤဘုရား၏ရှေ့တော်၌ရပ်ရကောင်း ရပ်ရလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။

ဟိုတယ်တစ်ခုတွင် ဟိန္ဒူဘာသာဝင်ဖြစ်သည့် ဟော်တယ်ပိုင်ရှင်နှင့် တွေ့ခဲ့သည်။ သူ့မှာ ဗြဟ္မာ၊ ဗိဿနိုးနဲ့ ယေရှုရုပ်ပွားတော်ရှိသည်။ သူသေသွားတဲ့အခါ သူကိုးကွယ်သည့်ဤဘုရားသုံးပါးထဲမှ တစ်ပါးကသူ့ရှေ့မှာ ပေါ်ထွန်းခဲ့မည်ဆိုလျှင် သူကိုယ်တိုင်ဦးညွှတ်ခဲ့ကြောင်း ပြောနိုင်ရန်ဖြစ်သည်။

ကျေးဇူးပြုပြီး ကျွန်တော်သင်ပေးခဲ့သည့်အတိုင်း စကားဝိုင်းသို့ ခေါ်ဆောင်ရန် အဆောက်အအုံများမှာရေးသားသည့်စာများ၊ တီရှပ်များ၊ ဦးထုပ်များ၊ လက်ဝတ်ရတနာများ၊ တက်တူးများ သို့မဟုတ် လက်ကောက်များပေါ်တွင် ရေးထိုးထားသော စကားလုံးများကို အသုံးပြုပါ၊ ၎င်းများအားလုံးသည် ဝိညာဉ်ရေးရာ ဟောပြောချက်ဆီသို့ ဦးတည်သွားစေနိုင်သည်။

တမန်တော်ဝတ္ထု။ 17:24 "လောကဓာတ်မှစ၍ လောကဓာတ်၌ ရှိလေသမျှ သောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင် သည်၊ ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသော အရှင်ဖြစ်၍၊ လူတို့လက်ဖြင့် လုပ်သော ဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။"

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၏။ ဤအရာကိုနားလည်ရန် အလွန်အရေးကြီးသည့်အုတ်မြစ် ချရမည်ဖြစ်သည်။ ဘုရားသခင်မရှိဟု လူများ၏သူတို့နားထဲ၌ ထပ်ခါထပ်ခါထည့်သွင်းခံရကြသည်။ လူသားများသည် တိရိစ္ဆာန်များမှ ဆင်းသက်လာသည်ဟု ဆိုကြသည်။ သို့သော်ကျမ်းစာမှဖန်ဆင်းခြင်း အကြောင်းအရာသည် အရေးကြီးသောအပိုင်းမှာပါဝင်သည်။ ကမ္ဘာဦးကျမ်းသည် အရေးကြီးသောကျမ်းဖြစ်သည်။

တမန်တော်ဝတ္ထု။ 17:25–26 "ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့် တကွထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်း သောအရာတို့ကို ပေးတော်မူသောအရှင်ဖြစ်၍၊ တစုံ တခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေး ခြင်းကို ခံတော်မူသည်မဟုတ်။ဘုရားသခင်သည် မြေတပြင်လုံး၌ နေရသော လူအမျိုးမျိုးတို့ ကိုတသွေးတည်းနှင့် ဖန်ဆင်းတော်မူ၍၊ သူတို့အားခွဲဝေစီမံသောအချိန် ကာလကိုငှင်း၊ သူတို့၏ နေရာအပိုင်းအခြားကိုငှင်း မှတ်သားတော်မူ၏။"

ဘုရားသခင်သာလျှင် ကျွန်ုပ်တို့ကို အသက်ရှုခြင်း ပေးအပ်သူဖြစ်သည်။ ဒံယေလပြောသည့်အတိုင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်ရှူခြင်းကို သူ၏ လက်ထဲတွင် ဆုပ်ကိုင်ထားသည်။ ကျွန်ုပ်တို့ ကျေးဇူးတင်သင့်သည်၊ ထိုအသက်ရှုခြင်း ကိုမြတ်နိုးသင့်သည်။ ထာဝရအသက်၏ အကြောင်းအရာကို အခြားသူတို့အား ပြော ကြားရမည်။

ကျွန်ုပ်တို့သည်မျိုးရိုးတစ်ခုတည်းမှ ဆင်းသက်လာကြောင်း ဘုရားသခင် မိန့်ဆိုထားသည်။ ကျွန်ုပ်တို့အားလုံးသည် တူညီသောမျိုးဆက်ဖြစ်သောကြောင့် လူမျိုး ရေးခွဲခြားမှု လုံးဝမပြုသင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကဲ့သို့ အတွေးအခေါ်များကို အတုယူရပါမည်။

ဗျာဒိတ်ကျမ်း။ 7:9 "ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီး ဘာသာစကားကို ပြော သောလူအမျိုးအနွယ်ခပ်သိမ်းတို့ အထဲမှ ထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ် ရှေ့မှာရပ်နေကြ၏။"



ဘုရားသခင်နှင့်အတူ ပလ္လင်တော်ရှေ့၌ မတူညီသောယုံကြည်သူ အများအပြားကြားမှာ ဘုရားသခင်အား ပျပ်ဝပ်ကိုးကွယ်ရသည့် ထိုနေ့သည် သာယာ သောနေ့ဖြစ်လိမ့်မည်။ ကျွန်တော်အမြဲပြောပါသည်၊ လူတိုင်းက သင်နှင့်အားလုံးတူ နေလျှင် သင်ဒုက္ခရောက်ရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခြင်းမှာ ထိုကဲ့သို့ မဟုတ်ပေ။ လူမျိုးမတူသည့် သူငယ်ချင်းများ မရှိလျှင် ဒီနေ့သင်သည် ပြောင်းလဲသင့်ပြီ!

တမန်တော်ဝတ္ထု။ 17:27 "အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည် အကြောင်း တည်း။ သို့ဆိုသော်လည်း၊ ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။"

ဘုရားသခင်သည် မည်သူနှင့်မျှ မဝေးပါ။ ကျွန်ုပ်တို့၏အပြစ်တွေအတွက် နောင်တရကြပါစို့။ သူ့ကိုသာ ယုံကြည်ပါ။ ခရစ်ယာန်အချို့က နောင်တမရသော သူများသည် ကယ်တင်ခြင်းသို့မရောက်သေးဘဲ ဘုရားသခင်နှင့် ဝေးကွာနေပါသည်၊ သူတို့ကိုကယ်တင်ရန် နည်းလမ်းမရှိသည့်တိုင်အောင် ဝေးနေသည် ဟုယူဆကြသည်။

" Sam ၏သား" ဟုအမည်တင်ရသော လူသတ်သမား ဒါဝိဒ် ဘိုခိုဝစ်ဆီမှ ကျွန်တော်စာငါးစောင်ရခဲ့သည်။ သူသည် 70 ဆယ်စုနှစ် (1970 နှင့် 1979 ခုနှစ်အကြား) New York ၏ လူသတ်သမားဖြစ်ခဲ့သည်။ သူ၏အပြစ်များကို နောင်တရပြီး တစ်ဖန် မွေးဖွားခဲ့သည်။ ထောင်ထဲမှာနှစ်ဆယ့်ငါးနှစ်ကြာဝတ်ပြုအစည်းအဝေးလုပ်ကာ ဘုရား သခင်အားကိုးကွယ်ခဲ့သည်။ စစ်မှန်သောနောင်တကို သူရခဲ့ပြီဟု အစောင့်များက မကြာခဏပြောသည်။ အကျဉ်းခန်းထဲမှာ ဘုရားသခင်အတွက် ငိုကြွေးချဉ်းကပ်ခဲ့ပြီး ဘုရားသခင်က သူ့အားအဖြေပေးသည်။ အမြင့်ဆုံးသောအရှင်သည် ကျွန်ုပ်တို့နှင့် မဝေးပါ။ ထိုသူသည် မည်သူဖြစ်ပါစေ ဘုရားသခင်နှင့်မဝေးပါ။

တမန်တော်ဝတ္ထု။ 17:28–29 "ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက်ရှိကြ၏။ ထိုသို့နှင့်အညီ၊ သင်တို့တွင် လင်္ကာဆရာအချို့တို့က၊ ငါတို့သည်ကား၊

နွယ်တော်သားပင်၊ ဘုရားမျိုးပေ၊ ဖြစ်ကြလေဟု စပ်ဆိုသ တည်း။ ထိုသို့ငါတို့သည် ဘုရားသခင်၏ အမျိုးအနွယ်ဖြစ်လျက်နှင့် လူတို့အတတ်အကြံအစည်အားဖြင့် ထုလုပ် သောရွှေရုပ်တု၊ ငွေရုပ်တု၊ ကျောက်ရုပ်တုနှင့် ဘုရားသခင်တူတော်မူသည်ဟု မထင်မမှတ်အပ်။"

ဘုရားသခင်ကလူသားကို ကိုးကွယ်သည့်နှလုံးသား ထည့်သွင်းဖန်ဆင်းထားသည်။ သမ္မာကျမ်းစာ၌ဆိုထားသည်မှာ လူများကဘုရားကို မကိုးကွယ်လျှင် တစ်စုံတစ်ယောက် သို့မဟုတ် မည်သည့်အရာတစ်ခုခုရှိခိုး ကိုးကွယ်ကြလိမ့်မည်။

ဘုရားသခင်ကလူသားကိုကိုးကွယ်သည့်နှလုံးသား ထည့်သွင်းဖန်ဆင်းထားသည်။သမ္မာကျမ်းစာ၌ ဆိုထားသည်မှာလူများကဘုရားကိုမကိုးကွယ်လျှင် တစ်စုံတစ်ယောက် သို့မဟုတ် မည်သည့်အရာ တစ်ခုခုရှိခိုး ကိုးကွယ်ကြလိမ့်မည်။



လေးနှစ်တိုင်း၌ ကမ္ဘာတဝှမ်းက လူများသည် ရုပ်မြင်သံကြားမှ ရွှေတံဆိပ်၊ ငွေတံဆိပ်သို့မဟုတ်ကြေးတံဆိပ်များ အတွက် ယှဉ်ပြိုင်ခြင်းကို စောင့်ကြည့်နေကြသည်။ အချို့သောသူသည် ဒင်္ဂါးပြားတစ်ပြား အတွက်အချိန်ပေါင်းများစွာ သို့မဟုတ် တစ်သက်လုံးနီးပါး ကြာမြင့်စွာကြိုးစားရယူသည်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျွန်တော်ချားလ်စ်နှင့်အတူ Barkley ကောလိပ်အဆင့်ဘတ်စကတ်ဘောကစားခဲ့သည်။နှစ်အကြာတွင်ကျွန်တော်တို့ကြီးပြင်းလာသည့်အခါ၊ ကျွန်တော် Phoenix မှာရှိသည့် သူ့အိမ်ကိုသွားလည်သည်။ သူ့အိမ်နံရံ၌ အိပ်မက်ထဲမှအမေရိကန်အသင်း၏ပုံအပြင် အသင်းမှရရှိခဲ့သည့်အိုလံပစ်ရွှေတံဆိပ်ကို ချိတ်ဆွဲထားသည်။ ထိုပုံလေးကို ကြည့်ပြီး ကျွန်တော် ချားလ်စ်ကိုမေးလိုက်သည်။ “ဒါပဲလား။ ဒီလောက်ပဲလား။” ဒင်္ဂါးပြားသည် အလွန်သေးငယ်သောကြောင့် အံ့သြသွားသည်။ ကျွန်တော်ကိုယ်တိုင်လည်း အိုလံပစ်ရွှေတံဆိပ်ဆိုသည်မှာ မည်သို့ဖြစ်သင့်သည်ကို မျှော်လင့်ထားသည်မသိ။ သို့သော်သေချာသည်က ဤကဲ့သို့မဟုတ်ပါ။ နာမည်ကြီး ရက်ပ်ပါများ၏လည်ပင်းတွင် ချိတ်ဆွဲထားသော ဒင်္ဂါးပြားများကဲ့သို့ မျှော်လင့်ကောင်းမျှော်လင့်လိမ့်မည်။

တစ်ခါက ကျွန်တော်စာသင်တုန်းက အိုလံပစ်ရေငုပ်သမားတစ်ယောက် လာရောက်ပြီး ကျောင်းသားများကို ပညာပေးဟောပြောပွဲလုပ်သည်။ သူမသည် စင်ပေါ်မှ ဆင်းကာ သူမ၏ဆု ကြေးတံဆိပ်ပြားသေတ္တာကို ဖွင့်လိုက်သည်။ ထို့နောက်



သူ့ပတ်ဝန်းကျင်မှ ကျောင်းသားများကို မေးသည်၊"ကျွန်မရဲ့တံဆိပ်ကို ကိုင်ချင်တဲ့သူရှိလား။” တံဆိပ်ကို ကိုးကွယ်နေသလိုပင်၊ အံ့သြစရာပါ။ ရွှေဒင်္ဂါးပြားတောင်မဟုတ်သေးပါ!

အမြင့်ဆုံးသော ဘုရားသခင်တစ်ပါးတည်းကိုသာ ကိုးကွယ်ပါ။ စစ်မှန်သော ပျော်ရွှင်မှုကိုရလိမ့်မည်။

တမန်တော်ဝတ္ထု။ 17:30 "ဘုရားသခင်သည် မိုက်မဲသော အချိန်ကာလတို့ကို အမှုမထားဘူးသော်လည်း၊ ယခုမှာ ကိုယ်အပြစ်ကို မြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသော အရပ်တို့၌ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏။"

ဘုရားသခင်သည် လူသား၏မသိနားမလည်မှုကို လျစ်လျူမရှုတော့ဘဲလျက် ကျမ်းစာအတိုင်းနောင်တရရန် အားလုံးကိုမိန့်တော်မူခဲ့သည်။ ခရစ်ယာန်ဖြစ်လာခြင်းမှာ “ငရဲမှလွတ်မြောက်ရန် အခမဲ့လက်မှတ်” ကိုတမင်တကာလာယူခြင်းမဟုတ်ပါ။ ဤသည်မှာ အလွန်လေးနက်သောတာဝန်ဖြစ်ပြီး ယခုလူသားတို့၏ ထာဝရအသက်သည် ကြိုးဖြင့်ဆွဲထားသကဲ့သို့ဖြစ်သည်။ ဤကိစ္စကိုကျွန်ုပ်တို့ဖြစ်သင့်သလောက်အရေးပေးရန် ချိန်ဆကြပါစို့။

တမန်တော်ဝတ္ထု။ 17:31 "အကြောင်းမူကား၊ ခန့်ထားတော်မူသော သူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့် ညီလျော်စွာစစ်ကြောစီရင် မည့်နေ့ရက်ကို ချိန်းချက် တော်မူပြီ။ ထိုသူကို သေခြင်းမှ ထမြောက် စေတော်မူ သော အားဖြင့် ခပ်သိမ်းသောလူတို့အား ယုံလောက်သော သက်သေကိုပြတော်မူပြီဟု ပေါလုဟောပြော၏။"

ဤတွင် ရှင်ပြန်ထမြောက်ခြင်းသည် မည်မျှအရေးကြီးကြောင်း ပေါလုထပ်မံအလေးပေးဖော်ပြခဲ့သည်။ “ယေရှုသည် သေခြင်းမှထမြောက်သောအခါ သင်တို့သည်လည်း ထမြောက်ကြလိမ့်မည်။” ဟုကျွန်တော်လူအများကိုပြောလေ့ရှိသည်။ ဤသည်မှာလူတို့၏အသက်တာတွင် စိုက်ပျိုးရန်ကောင်းသော မျိုးစေ့ဖြစ်သည်။ လူအများ၏အတွေး၌ မြောက်များစွာသောသူတို့သေဆုံးကြပြီဟု ယူဆသော်လည်း အမှန်မှာသူတို့အသက်ရှင်နေဆဲဖြစ်သည်။

ဒံယေလအနာဂတ္တိကျမ်း။ 12:2 "ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သော သူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား၊ ထာဝရအသက် ရှင်ခြင်းနှင့်၎င်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရ အသရေပျက်ခြင်းနှင့်၎င်း နိုးကြလိမ့်မည်။"

တမန်တော်ဝတ္ထု။ 17:32–34 "သေသောသူတို့၏ ထမြောက်ခြင်းအကြောင်းကို ကြားရလျှင်၊ အချို့တို့သည် ကဲ့ရဲ့ကြ၏။ အချို့တို့က၊ ဤအမှုမှာ သင်၏စကားကို ငါတို့သည် နောက်တဖန် နားထောင်ဦးမည်ဟု ဆိုကြ၏။ထိုသို့ဆိုကြသောအခါ ပေါလုသည်ထိုသူတို့ အထဲမှထွက်သွားလေ၏။လူအချို့တို့သည် ပေါလု၌ မှီဝဲဆည်းကပ်၍ ယုံကြည်ခြင်းသို့ ရောက်ကြ၏။ ထိုသူတို့အဝင်ဒယောနုသိ အမည်ရှိသော အာရေဩပတ် မင်းတယောက်၊ ဒမာရိ အမည်ရှိသော မိန်းမတယောက်မှစ၍ အခြားသောသူရှိ ကြ၏။"

ဘုရားသခင်၏ ထာဝရအမှန်တရားများအကြောင်း ကြားသည့်အခါ အချို့က ကဲ့ရဲ့ကြသည်။ ရှင်ပြန်ထမြောက်ခြင်းကို လှောင်ပြောင်ကြပေမည်။ သို့သော်ကင်းစောင့် ကဇဝံဂေလိလုပ်ခြင်းမှာ လူသားများရွှေ့မျက်နှာရလိုခြင်းမဟုတ်ကြောင်း အမြဲသိသည်။ ကင်းစောင့်သူသိသည်မှာ အယောက်တိုင်းကသူတို့ကိုမနှစ်သက်သော်လည်း ဤအရာကိုစိတ်ထဲမထား၊ မယုံကြည်သူများ၏ ဝိညာဉ်သာလျှင် ကင်းစောင့်များအတွက်အရေးကြီးဆုံးဖြစ်သည်။

မစ်ရှင်ခရီးစဉ်က ပျော်စရာကောင်းသော်လည်း မိမိပတ်ဝန်းကျင်မှာရှိသည့်သူများ၏ ဝိညာဉ်ကိုလည်း မမေ့သင့်ပါ။ တစ်ကြိမ်က Los Angeles ရှိ Biola တက္ကသိုလ်တွင် ကျောင်းသားတွေကို ကျွန်တော်မေးခွန်းထုတ်ခဲ့သည်။ Venice အနီးနားမှာရှိသည့်ကမ်းခြေမှာတရားဟောခြင်းဖြင့် ထိုကမ်းခြေမှလူများ၏ဝိညာဉ်ကို ဂရုမစိုက်လျှင် ဗင်နီဇွဲလားပြည်သူများ၏ ဝိညာဉ်ကိုဂရုစိုက်သည်ဟု မည်သို့ပြောနိုင်မည်နည်း။ နောက်ပိုင်းတွင်ကျွန်တော်သိလိုက်ရသည်မှာ အသက်ရှစ်ဆယ်ကျော်အမျိုးသားသည် ထိုကမ်းခြေ၌အမြဲဧဝံဂေလိပြုလုပ်ကြောင်း၊ ထိုစကားကို သူကြားသောအခါ ဝမ်းသာအားရ ခုန်ကလိုက်သည်။ ဝိညာဉ်များအားလုံးသည် ဘုရားသခင်အတွက် အရေးကြီးသည်ကို သင်လည်းသိပါမည်။



အစောင့်များအားလုံးသည် ဤကမ္ဘာကြီးကို ဇောက်ထိုးလှန်ပစ်၍ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်ရန် ရည်မှန်းချက်ရှိနေကြသည်။ ဤအချက်ကို ကင်းစောင့်များ သိသည်။ ကင်းစောင့်များသည်ဤကမ္ဘာမြေကြီးအတွက် အသက်ရှင်နေကြခြင်းဖြစ်သည်။ သူတို့သည် ဧဝံဂေလိတရားကို နေရာတိုင်းတွင် သယ်ဆောင်ကြလိမ့်မည်။ တမန်တော်ဝတ္ထု၌ ပေါလုပြုသကဲ့သို့၊ ဧဝံဂေလိတရားကို ဟောပြောရမည်။ ကင်းစောင့်များတို့ရပ်ကွက်တိုင်းလမ်းမတိုင်းနှင့် ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် ယခုချက်ခြင်း ဧဝံဂေလိပြုလုပ်ပါ။






# အခန်း ၈
# ငါ့စကားက မီးကဲ့သို့မဟုတ်လား။

“ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ အမှိုက်အစာများဖြင့် မျိုးဆက်သစ်ကို တည်ဆောက်နေပါသည်။ လူငယ်များအတွက် ဗီဒီယိုများ၊ ရုပ်ရှင်များ၊ ဂိမ်းများ၊ ဖျော်ဖြေရေးပုံစံဖြင့် ရုပ်ပြစာအုပ်များကို ကူးယူဖော်ပြပါသည်။ သမ္မာကျမ်းစာမှ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပြန်လည်ရေးသားခြင်း၊ မှေးမှိန်ခြင်း၊ ဇာတိပိုင်း၏အရသာကို ကျေနပ်စေရန် ထိထိမိမိဇာတ်လမ်းအဖြစ် ဖန်တီးထားခြင်းအဖြစ်ပြောင်းလဲကြသည်။ ဤတို့သည် သံသယနှင့် ရှုပ်ထွေးမှုများဖြင့် တောနက်ထဲသို့ သာဥ◌ီးတည်လျောက်လှမ်းစေခြင်းဖြစ်သည်။”

–Dave Hunt

**ကင်းစောင့်များ**အမြဲသိနေသည့် အရာတစ်ခုမှာ အမှန်တရားကိုကြေငြာရမည်ဖြစ်သည်။ ဤခေတ်၌နေရာအနှံ့လှည့်စားမှုများနေ၍ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့်အမှန်တရားကိုမကြေငြာလျှင်၊ သခင်ယေရှု၏ဧဝံဂေလိတရားကို တိတိကျကျမဝေငှလျှင် ကျွန်ုပ်တို့အားလုံးအတွက်မည်သည့် မျှော်လင့်ချက်မျှမရှိပါ။ ဒါအမှန်ပင်ဖြစ်သည်။

ကင်းစောင့်များသိသည်မှာ သူဟောပြောသည့်ဧဝံဂေလိ၏ အရင်းအမြစ်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပြီး ကျမ်းစာ၏အမှန်တရားကို နားလည်သည်။ ၎င်းသည်အရာအားလုံးကိုပြောင်းလဲနိုင်စေသည်။

“ဝေးလံခေါင်သီသည့်တိုင်းပြည်မှာ သမ္မာကျမ်းစာကို တစ်ခုတည်းသော ဥပဒေအဖြစ်အသုံးပြုခဲ့လျှင် ပြည်သူပြည်သားတိုင်းသည် ကျမ်းစာ၌ပါသော စည်းကမ်းများနှင့်အညီ မိမိတို့၏အပြုအမူကို ထိန်းချုပ်မည်။ လူအပေါင်းတို့သည် မိမိကိုယ်မိမိလုံ့လရှိခြင်း၊ ခြွေတာခြင်း၊တရားမျှတခြင်း၊ ကရုဏာရှိခြင်း၊ ရက်ရောခြင်း၊ မေတ္တာတရားရှိခြင်း၊ အနန္တတန်ခိုးရှင် ဘုရားသခင်ကို ရိုသေခြင်းရှိကြ၍ … ပြည့်စုံသော လူ့အဖွဲ့အစည်းဖြစ်လိမ့်သည်။ ထိုနယ်မြေသည် "ပရဒိသု”မြေနှင့်တူပေလိမ့်မည်။" ၁၆

ဂျွန်အဒမ်

.....................................................................................................

“ကျွန်တော်ကျမ်းစာကို ယုံကြည်ချက်ကြီးကြီးမားမားရှိတယ်၊ ကျွန်တော့်ကလေးတွေ ကျမ်းစာစဖတ်တာမြန်လေလေ သူတို့ကနိုင်ငံတော်အတွက် အကျိုးပြုသောနိုင်ငံသားများဖြစ်လာမယ်လို့ ပိုယုံကြည်လာလေဖြစ်ပါတယ်။ ပြီးတော့ လူ့အဖွဲ့အစည်းမှာ လေးစားရတဲ့ပုဂ္ဂိုလ်လဲဖြစ်လိမ့်မယ်။”

"ကျွန်တော်နေ့တိုင်း ကျမ်းစာဖတ်တယ်။ နှစ်တိုင်းကျမ်းစာတစ်အုပ်လုံး တစ်ကြိမ်ပြီးအောင်ဖတ်တယ် ။ ကျွန်တော် မနက်အိပ်ရာထပြီး ပထမနာရီမှာနေ့တိုင်း ကျမ်းစာဖတ်ဖို့အချိန်ပေးပါတယ်…။

**John Quincy Adams**

.....................................................................................................



“ သမ္မာကျမ်းစာသည် ဘုရားသခင်ထံမှ ရေကြောင်းလမ်းပြမြေပုံတစ်ခု ဖြစ်သည်။ သင်မောင်းနှင်နိုင်ရန် လမ်းညွှန်ပေးသည်။ ပင်လယ်ကြမ်းပြင်၏ အောက်ခြေအထိ နစ်မြုပ်ခြင်းမှ ကာကွယ်ပေးသည်။ ပင်လယ်အော်ကမည်သည့် နေရာမှာရှိသည်၊ ထိုနေရာကို မည်သို့သွားရမည်ဆိုသည်ကို ထောက်ပြပေးသည်။ ကျောက်တုံးများကို ရှောင်ရှားခြင်းဖြင့် အန္တရာယ်ရှိသောသဲသောင်ပြင်များမှကာကွယ်ပေးသည်" ၁၈

Henry Ward Beach

.....................................................................................................

"ကျွန်တော့်ရဲ့အောင်မြင်မှုလျှို့ဝှက်ချက်လား! အရမ်းရိုးရှင်းပါတယ်။ သမ္မာကျမ်းစာထဲမှာပါပါတယ်။ “သင်တို့သွားရာလမ်း၌ ကိုယ်တော်ကို ဝန်ခံကြလော့။ သင်၏လမ်းကို ဖြောင့်စေတော်မူလိမ့်မည်။” ၁၉

George Washington Carver

.....................................................................................................

“သမ္မာကျမ်းစာက တားမြစ်ခံရတယ်၊ မီးရှို့ခံတယ်၊ ချစ်တယ်၊ မြတ်နိုးတယ်၊ ကျယ်ပြန့်စွာဖတ်ရှုခြင်းခံရတယ်။ ပညာတတ်မျိုးဆက်များရဲ့ အတိုက်ခိုက်ခံရဆုံးသောစာဖြစ်ပြီး ယုံကြည်ကိုးစားမှုဆုံးရှုံးစေဖို့ ကြိုးစားခဲ့ကြတယ်။ ခေတ်အဆက်ဆက် အာဏာရှင်များက ၎င်းကိုဥပဒေနဲ့မှားကြောင်းကြံဆတဲ့အပြင် တိတ်တဆိတ်ဖတ်ရှုသူများကို ကွပ်မျက်လိုက်ပေမဲ့ စစ်သားများကလက်နက်များထက် အစွမ်းထက်တယ်လို့ယုံကြည်လို့ စစ်မြေပြင်ကို သယ်ဆောင်သွားကြတယ်။ ကျမ်းစာက လူသားတွေကို ပြောင်းလဲနိုင်စွမ်းရှိတယ်။ ရက်စက်ယုတ်မာတဲ့ လုပ်ကြံသတ်ဖြတ်သူတွေကိုတောင် နူးညံ့သိမ်မွေ့တဲ့ သူတော်စင်အဖြစ်ရောက်စေတယ်။” ၂၀

Charles Colson

.....................................................................................................

**"သင်သေခါနီးမှာ ဘယ်စာအုပ်ကိုခေါင်းအုံးအစား ခေါင်းအုန်းချင်လဲလို့ စဉ်းစားဖူးလား။ အဲဒါသင်လိုအပ်တဲ့ စာအုပ်ပါ။ သက်ရှိထင်ရှားရှိနေချိန် လေ့လာပါ၊ ကမ္ဘာပေါ်မှာ ဒီလိုစာအုပ်တစ်အုပ်ပဲရှိတယ်။”** ၂၁

Joseph Cook

.............................................................................

**“အနှစ်ခြောက်ဆယ်ကျော် သမ္မာကျမ်းစာကို နေ့တိုင်းနီးပါးဖတ်နေတဲ့ ကျွန်တော်က ကျမ်းစာဟာကျွန်တော့်ရဲ့လိုအပ်ချက်တွေအတွက် အမြဲတမ်းဆန်းသစ်စေပြီး ပြောင်းလဲနေတဲ့နေ့စဉ်ဝိုင်းမှာ အံ့သြဖွယ်သင့်လျော်စေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ”** ၂၂

Shel B. DeMille

.............................................................................

**“ကျွန်ုပ်တို့တွေအတွက် လှုံ့ဆော်မှုနဲ့လမ်းညွှန်မှုတွေကို မပျက်စီးနိုင်တဲ့ အမှန်တရားတွေပြည့်နေတဲ့ဘဏ္ဍာဟာ သမ္မာကျမ်းစာမှာသာတွေ့နိုင်ပါမယ်။”** ၂၃

အဲလိဇဘက်ဘုရင်မကြီး

.............................................................................



**"ထုတ်ဖူးတဲ့စာအုပ်ထဲမှာ သမ္မာကျမ်းစာက တန်ဖိုးအရှိဆုံးစာအုပ်ဖြစ်တယ်"**၂၄

ဖယ်ရစ် ဟယ်ရီ

.............................................................................

**“ကျမ်းစာသည် ဤနိုင်ငံကိုတည်ထောင်သော အုတ်မြစ်ဖြစ်သည်။”** ၂၅

အင်ဒရူးဂျက်ဆင်

.............................................................................

**“ဤကျမ်းမြတ်ကို စေ့စေ့ကြည့်ရှုစစ်ဆေးပါ ပိုမိုကောင်းမွန်တဲ့နိုင်ငံသားဖြစ်မယ်။ ပိုကောင်းတဲ့အဖေဖြစ်မယ်။ ပိုမိုကောင်းမွန်တဲ့ခင်ပွန်းဖြစ်လာမယ်။”** ၂၆

သောမတ်စ်ဂျက်ဖာဆင်

.............................................................................

**“ကျမ်းဂန်များတွင် နှစ်သိမ့်မှုပေးသည်မှာ– “မြင်ရသောအရာများသည် ခဏတာဖြစ်ပြီး မမြင်နိုင်သည့်အရာက ထာဝရတည်မြဲခြင်းပါ"** ၂၇

Helen Keller

.............................................................................

“သမ္မာကျမ်းစာသည် ကျွန်ုပ်၏မေးခွန်းများ၊ စိတ်ရှုပ်ထွေးမှုများနှင့် ဆင်းရဲဒုက္ခများကြုံတွေ့ရာတွင် အရေးကြီးဆုံးစာအုပ်ဖြစ်သည်။ သမ္မာကျမ်းစာသည် ကျွန်တော်၏အလင်း၊ အရင်းအမြစ်နှင့် ခွန်အားဖြစ်သည်။၂၈

ရိုဗတ် အီ.လီ

……………………………………………………………………

"ကောင်းကင်ဘုံမှအကူအညီမပါဘဲ ကျွန်တော်မအောင်မြင်နိုင်ပါ၊ သို့သော် ကောင်းကင်ဘုံမှ ကူညီမှုရှိပြီဆိုလျှင် မအောင်မြင်ဘဲမနေပါ။”

“သမ္မာကျမ်းစာသည် ဘုရားသခင်ပေးသည့် အကောင်းဆုံးလက်ဆောင်ဟု ကျွန်တော်ယုံကြည်ပါသည်။ လူသားအတွက် လောက၏ကယ်တင်ရှင်၊ ကောင်းမြတ်ခြင်းအပေါင်းတို့သည် ဤစာအုပ်မှတဆင့် ပြောပြထားပါသည်။ ဤကျမ်းစာမပါဘဲ အမှားနှင့်အမှန်ကို မည်သို့ခွဲရမည်ကို မသိနိုင်ပါ။” ၂၉

အေဗရာဟင်လင်ကွန်း

……………………………………………………………………

“အနောက်တိုင်းနိုင်ငံမှစာပေများသည် အများအားဖြင့် သမ္မာကျမ်းစာကို ကိုးကား ရေးသားထားခြင်းဖြစ်သည် ” ၃၀

Thomas B. Macaulay

……………………………………………………………………



“ဖတ်သင့်သော စာအုပ်သည် သင့်အတွက် တွေးခေါ်ပေးသောစာအုပ် မဟုတ်ဘဲ သင့်အတွက်တွေးတောစေသော စာအုပ်ဖြစ်သင့်သည်။ ကမ္ဘာပေါ်တွင် ဤသို့လုပ်နိုင်သည့်စာအုပ်မှာ သမ္မာကျမ်းစာမှလွဲ၍ တခြားစာအုပ်မရှိပါ။၃၁

James McCos

……………………………………………………………………

“အပြစ်တရားက သင့်ကိုဤစာအုပ်ထဲမှ ဆွဲထုတ်လိမ့်မည်။ သို့သော် ဤစာအုပ်က သင့်ကိုအပြစ်တရားထဲမှဆွဲနုတ်လိမ့်မည်။” ၃၂

D. L. Moody's

……………………………………………………………………

“သမ္မာကျမ်းစာကို နက်နဲစွာနားလည်သဘောပေါက်ခြင်းသည် ပညာရှာဖွေသူအတွက် မရှိမဖြစ်လိုအပ်သော အရာတစ်ခုဖြစ်သည်။၃၃

ဒေါက်တာ Robert Miligan

……………………………………………………………………

“အမှန်တရားသည် ကွမ်တမ်သီအိုရီထက် ကမ္ဘာဦးကျမ်း၌ ပိုများသည်။”

Malcolm Muggerridge

……………………………………………………………………

**“သမ္မာကျမ်းစာသည် စာအုပ်တစ်အုပ်မျှသာမဟုတ်ပါ။ သို့သော် အသက်ရှင်သည့်စာအုပ်ဖြစ်ပြီး တန်ခိုးအာဏာ နှင့် မောင်းနှင်စွမ်းရှိ၍ ပိတ်ဆို့သောအရာအားလုံးကို နယ်နိမိတ်ကျော်ကာ ထိုးဖောက်နိုင်စွမ်းရှိသည်။ ကြည့်ပါ၊ ဤစာအုပ်ကို တင်ပြလိုပါသည်။ အခြားစာအုပ်အားလုံးထက် သာလွန်သော စာအုပ်ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် ဤစာဖတ်ရန်မည်သောအခါမျှ လစ်လျူမရှုပါ။ အလွန်ဝမ်းသာသည့်စိတ်နှင့် နေ့တိုင်းဖတ်ပါသည်။** ၃၅

နပိုလီယံ

..............................................................................

**“သမ္မာကျမ်းစာသည် မှန်ကန်ကြောင်း အထောက်အထားရှိသည်။ သမိုင်းမှဖြစ်ရပ်များက အထင်လွဲမှားမှုအမျိုးမျိုးကို အမှန်တရားဖြစ်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းထားသည့် လူသားကရေးသားထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ကျွန်တော်နေ့တိုင်း ကျမ်းစာလေ့လာသည်။”**၃၆

ဆာ အိုင်ဇက်နယူတန်

..............................................................................

**“ဤစာအုပ်ငယ် (သမ္မာကျမ်းစာ) ကပြောသင့်ပြောထိုက်သည်ကိုပြောထားသည်။ အရာအားလုံးကအရေးကြီးပြီး ပရောဖက်ပြုချက်များဖြစ်သည်။ လူတိုင်းမှတ်တမ်းတင်စေလိုသောအရာကို မှတ်တမ်းတင်ပြီးဖြစ်ပါသည်။** ၃၇

Trodecab Obadiah

..............................................................................



**“ကျမ်းစာသည် လူသန်းနှင့်ချီနှစ်သက်သောစာအုပ်ဖြစ်သည်။ ဖတ်ရှုသူများ သန်းနှင့်ချီရှိပြီး၊ လေ့လာဆည်းပူးနေသူ သန်းပေါင်းများစွာရှိသည်။”**

**“ယုဒလူတို့သည် (ဘုရားသခင်၏ကျမ်းစာ)ကိုစောင့်ရှောက်ထားကြသည်။ မည်သည့်စာအုပ်မှ ဤသို့မစောင့်ရှောက်ကြပါ။ ရှေး Massara လက်ရေးစာမူမှ အချက်တိုင်း၊ စာလုံးတိုင်း၊ ဝဏ္ဏတိုင်း၊ စာမျက်နှာအတိုကောက်တိုင်း စာပိုဒ်တိုင်းကို သူတို့အစဉ်အလာအတိုင်းကူးယူကြသည်။ မြင့်မြတ်သော၊ စေ့စေ့စပ်စပ်ရှိသော၊ ဖြောင့်မှန်ပြီးပြည့်စုံသော ကျမ်းပြုဆရာများက ထိန်းသိမ်းစောင့်ရှောက်ကြသည်။"**၃၈

ဘားနတ်ရမ်

..............................................................................

**“အမေရိကကိုလွှမ်းမိုးမှုများစွာနှင့် တည်ဆောက်ထားမှုကြောင့် ထူးခြားသောသွင်ပြင်လက္ခဏာရှိသော နိုင်ငံသားများဖြစ်သည်။ ကျမ်းစာမှလွဲ၍ မည်သည့်အရာမှကြာရှည်ခံအုပ်မြစ်ချနိုင်သည့် အရာမရှိပါ။"** ၃၉

ရော်နယ်ရေဂင်

..............................................................................

**“တိုင်းပြည်၏ပျော်ရွှင်ငြိမ်းချမ်းရေးအတွက် ပြည်သူများသည် ကျမ်းစာကိုအခြေခံ၍ အသက်ရှင်လျှောက်လှမ်းရန် အလွန်အရေးကြီးပါသည်။ ပညာတတ်ဖြစ်စေ ပညာမတတ်ဖြစ်စေ ကြံ့ခိုင်စွာရပ်တည်နိုင်စေရန် သမ္မာကျမ်းစာ၏ အခြေခံမှုများကို လျစ်လျူရှု၍မရပါ။”**

**“ကျမ်းစာကို စေ့စေ့စပ်စပ် နားလည်ခြင်းသည် တက္ကသိုလ်အဆင့် ပညာရေးစည်းပူးခြင်းထက် ပိုကောင်းပါသည်။"**၄၀

သီအိုဒိုရုစဗဲ့

..........................................................................................

**“သမ္မာကျမ်းစာ၏စာသားသည် အခြားဘာသာရေးစာအုပ်များထက် သာလွန်သည်။ စံနှုန်းအမြင့်ဆုံးကျင့်ဝတ်ဖော်ပြခြင်း၊ အပြည့်အဝနာခံမှု၊ အပြစ်ကို ပုံစံအမျိုးမျိုးဖြင့် ရှုတ်ချခြင်းအပြင် အပြစ်သားများသည် ဘုရားသခင်ထံပြန်လာရန် မှန်ကန်သောအသက်တာရှိရန်မည်သို့ အသက်ရှင်ရမည်ကိုဖော်ပြသည်။ ထိုကျမ်းစာသည် ဘုရားသခင်ထံမှ မှုတ်သွင်းခြင်းမခံရလျှင် မည်သို့ရေးသားနိုင်မည်နည်း။”**၄၁

Henry Thiestain

..........................................................................................

**“သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏အနာဂတ်ကို သေချာပေါက်ပြောပြသည့်တစ်ခုတည်းသောစာအုပ်ဖြစ်ပြီး၊ “ငါဘယ်ကလာတာလဲ၊ ဘာကြောင့်ဒီမှာရှိနေတာလဲ၊ ငါဘယ်သွားနေတာလဲ" ဟူသောအချက်များကိုအဖြေပေးနိုင်သောစာအုပ်ဖြစ်သည်။"**၄၂

အမည်မဲ့

..........................................................................................



**“ကျန်မစာအုပ်တွေ အများကြီးဖတ်ဖူးတယ်။ ဒါပေမဲ့ကျမ်းစာက ကျွန်မကိုပြန်ဖတ်ပါတယ်”** ၄၃

အမည်မဲ့

..........................................................................................

**“ဤစာအုပ်(သမ္မာကျမ်းစာ)သည် အင်္ဂလန်နိုင်ငံကိုကြီးမြတ်စေသည့် လျှို့ဝှက်ချက်ဖြစ်သည်ဟု သင်၏ဗြိတိန်မင်းသားကိုပြောပြပါ။"** ၄၄

ဗစ်တိုးရီးယားဘုရင်မ (အာဖရိကမင်းသားထံသို့)

..........................................................................................

**“ဘုရားသခင်နှင့်သမ္မာကျမ်းစာမပါဘဲကမ္ဘာကြီးကိုမှန်ကန်စွာ အုပ်ချုပ်နိုင်ရန်မှာ မဖြစ်နိုင်ပါ။"** ၄၅

ဂျော့ချ်ဝါရှင်တန်

..........................................................................................

**“ကျွန်တော့်အမြင် သို့မဟုတ် ကျွန်တော့်ပုံစံတစ်ခုခုကို သဘောကျခဲ့လျှင် ထိုကောင်းမှုကို ကျွန်တော့်မိဘတွေဆီ အပ်နှံပါမည်။ ကျွန်တော်ငယ်စဉ်ကတည်းက သမ္မာကျမ်းစာကို ချစ်မြတ်နိုးရန် မိဘကသွန်သင်ခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် သမ္မာကျမ်းစာတွင် သွန်သင်ထားသည့်မူများကို လိုက်လျှောက်လျှင် ကျွန်ုပ်တို့၏ နိုင်ငံသည် ဆက်လက်တိုးတက်ပြီး ကြီးပွားတိုးတက်မည်ဖြစ်သည်။ ကျွန်ုပ်တို့ ကိုယ်တိုင်နှင့် ကျွန်ုပ်တို့၏သားသမီးတို့သည် ကျမ်းစာ၏ဆုံးမဩဝါဒနှင့် အခွင့်အာဏာကို လစ်လျူရှုလျှင် ဘေးဆိုးက သူတို့ကိုမည်သည့်အချိန်၌လွှမ်းမိုးမည်ကို မည်သူမျှ မပြောနိုင်ပါ။ ထို့အပြင်ကျွန်ုပ်၏တိုးပွားမှုကို အနက်ရှိုင်းဆုံးအမှောင်ထဲမှာနှစ်မြုပ် စေနိုင်ပါသည်။"**

**“ကျမ်းစာကလူတွေကို ဘဝအတွက်အသက်ရှင်ခြင်းနှင့် လူသေခြင်းအတွက်အဆင်သင့်ဖြစ်အောင် လေ့ကျင့်ပေးသည်။”**

**“ကျမ်းစာမပါလျှင် ပညာရေးသည် အသုံးမဝင်ပါ။"** ၄၆

Daniel Webster

.........................................................................

**“ဤစာအုပ်(ကျမ်းစာ)ကို တစ်စုံတစ်ယောက်က ရေးခဲ့သည်။ ထိုလူသုံးမျိုးတွင် လူကောင်း၊ လူဆိုး၊ သို့မဟုတ် ဘုရားသခင်ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် လူကောင်းများက သမ္မာကျမ်းစာကို လက်ခံသည်။ လူကောင်းများသည် လိမ်လည်လှည့်ဖြားခြင်း မပြုကြပါ။ လူဆိုးများလည်း ကျမ်းစာရေးသူမဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် လူဆိုးများသည် မိမိတို့ကိုယ်ကို ပြစ်တင်ရှုတ်ချသည့်အရာများကို မရေးကြသောကြောင့် ကောက်ချက်ချရန်တစ်ခုသာကျန်တော့သည်။ ဘုရားသခင်မှုတ်သွင်းခြင်း အားဖြင့်သာ သမ္မာကျမ်းစာရေးသားကြောင်းသိသာထင်ရှားစွာတွေ့ရသည်။”**

**"ကျွန်တော်သည်အသေးအဖွဲကိစ္စတိုင်းကအစသမ္မာကျမ်းစာကို လိုက်နာသည်။**၄၇

John Wesley

..............................................................................

**“သမ္မာကျမ်းစာကို နေ့တိုင်းမဖတ်သည့်သူတွေအတွက် သနားမိသည်၊ ဘာကြောင့် သူတို့ကိုယ်သူတို့ ဒီခွန်အားနဲ့ရှင်လန်းမှုကိုဆုံးရှုံးစေသလဲဟုတွေးမိသည်။”**



**“ဤလောကၡ တည်ရှိကုန်သော အကောင်းဆုံးတို့ကို စွန့်ပယ်သောသူသည် ကျမ်းစာကိုသိရန် ရှောင်ရှားသူဖြစ်၏။** ၄၈

Woodrow Wilson

..........................................................................

ကင်းစောင့်သည် ဘုရားသခင်၏ နှုတ်ကပတ်တော် အရေးကြီးပုံကို အမြဲသိနားလည်သည်။ ကျမ်းစာအုပ်သည် စာအုပ်စင်ပေါ်ရှိ အထင်ရှားဆုံးနေရာတွင်တင်ထားရန် ထိုက်တန်သည်။ သို့သော် ကျမ်းစာကိုဖုန်မှုန့်များစုလာသည့်အထိ မည်သည့်မှမလုပ်ဘဲထားခြင်းသည် အသုံးမဝင်ပါ။ လေ့လာမှုကြောင့် စာရွက်များစုတ်သွားသည်အထိ လှန်ပြီးခြစ်ထားသည့်သမ္မာကျမ်းစာအုပ်သာလျှင် ဘုရားသခင်အလိုရှိသော ကျမ်းစာအုပ်ပုံစံဖြစ်ပါသည်။




တိမောသေဩဝါဒစာဒုတိယစောင် 3:14–17 – "သင်သည်အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုငင်း၊ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငင်း သိမှတ်သည်နှင့်၊ အထက်ကသင်၍ နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့။ ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။"

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို အသက်တော်မှုတ်သွင်းခြင်းဖြင့် ကျမ်းစာတစ်အုပ်လုံးဖြစ်ပေါ်ခဲ့သည်။ ကလေးများပင် သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာနိုင်ပါသည်။ ကလေးများလေ့ကျင့်သင်ယူသင့်သည့် ပထမဆုံးစာအုပ်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။သို့သော်ကလေးများအားရုပ်ပုံများပါသော သမ္မာကျမ်းစာများကို အသုံးပြုသည့်အခါ သတိထားရမည်။ အဘယ်ကြောင့်ဆိုသော်သူတို့သည် မှန်ကန်သောအကြောင်းအရာကို စိတ်မဝင်စားဘဲ ပုံများကိုစွဲလန်းနေမည်ကိုစိုးရိမ်ရသည်။ စာတန်က သမ္မာကျမ်းစာသည် ဖြစ်ရပ်မှန်မဟုတ် ဒဏ္ဍာရီမျှသာဖြစ်သည်ဟု သူတို့ကိုလှည့်စားလိမ့်မည်။ သခင်ယေရှု ငယ်စဉ်အခါတွင် ကာတွန်းပုံပါသောကျမ်းစာမရှိပါ။ သို့သော်ကိုယ်တော်သည်ကောင်းမွန်စွာကြီးထွားနိုင်ခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သားသမီးများ၏ စိတ်နှလုံး၌ထည့်သွင်းပေးပါ။



သမ္မာကျမ်းစာ၏အမှန်တရားအစိတ်အပိုင်းတစ်ခုမှာ သင့်အားအလွန်တိကျသောနည်းလမ်းဖြင့် စကားပြောပါသည်။ သင်၏ဝိညာဉ်ကို အမှန်တရားနှင့်ငင်း ထိုးဖောက်လုပ်ဆောင်မည်။

ရှင်ပေတရုဩဝါဒစာဒုတိယစောင်။ 1:18–19 "ကောင်းကင်က ရောက်လာသော ထိုအသံတော် ကို ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာ သခင်ဘုရား နှင့်အတူရှိသောအခါ ကြားရကြ၏။ ထိုမှတပါး၊ သာ၍မြဲမြံသော နာဂတ္တိ စကား တော်သည် ငါတို့၌ ရှိသေး၏။ စိတ်နှလုံးထဲ၌ ဘာရုဏ်တက်၍ကြယ်နီပေါ်ထွက်သည်ကာလတိုင်အောင်၊ ထိုအနာဂတ္တိစကားတော်ကိုမှောင်မိုက်အရပ်၌ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍၊ သင်တို့သည် အမှီပြုသင့်ကြ၏။"

သင့်လက်၌ရှိသောသမ္မာကျမ်းစာသည တိကျသောပရောဖက်ပြုချက်များဖြစ်ပြီး ဤအမှောင်ကမ္ဘာထဲတွင် သင့်ကိုအလင်းပေး၍လမ်းပြမည်။

ဟေဗြဲဩဝါဒစာ။ 4:12 "ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာ တို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုငင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုငင်း ပိုင်းခြား ၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။"



သမ္မာကျမ်းစာ၏ အမှန်တရားအစိတ်အပိုင်းတစ်ခုမှာ သင့်အားအလွန်တိကျသောနည်းလမ်းဖြင့် စကားပြောပါသည်။ သင်၏ဝိညာဉ်ကို အမှန်တရားနှင့် ထိုးဖောက်လုပ်ဆောင်မည်။ သမ္မာတရားသည်အသိဉာဏ်နှင့်ဝန်ခံခြင်းကို ယူဆောင်လာသောကြောင့် "သင်သည်သမ္မာကျမ်းစာကိုဖတ်ပြီးပြီလား" ဟုမေးခြင်းသည်အကောင်းဆုံးဖြစ်သည်။ တပါးသူအားကျမ်းစာဖတ်ရန်တိုက်တွန်းခြင်းသည် အလွန်အရေးကြီးပါသည်။

ကျွန်တော်ကယ်တင်ခြင်းမခံရမီအချိန်ကိုပြန်သွားသတိရမိပါသည်။ ကျွန်တော့်မှာ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ရှိသည်။ သူသည်မတရားသောမေထုန်၌နစ်မြုပ်နေချိန်ဖြစ်သည်၊ သူသည် ခရစ်ယာန်တစ်ဦးဖြစ်ပြီး သူကျမ်းစာဖတ်တိုင်း၊ သူဖတ်သည့်ကျမ်းပုဒ်တိုင်းနီးပါး မတရားမေထုန်ပြုခြင်းနှင့်ပတ်သက်သည့် သတိပေးချက်ဖြစ်နေသည်ဟု ဆိုသည်။ ထိုအချိန်တုန်းက ကျွန်တော်မယုံခဲ့ပါ။ ကျွန်တော်လည်း ဆင်ခြင်ဥာဏ်ဖြင့် “အဲဒီကျမ်းချက်တွေကို မင်းဖတ်ပြီးသားတွေဖြစ်တယ်။ ဒါပေမဲ့အဲဒီတုန်းကမင်းအတွက်သီးခြားအဓိပ္ပာယ်မရှိခဲ့၊ အခုမှသီးခြင်း တို့ထိခြင်းခံရတာဖြစ်မယ်” ဟုဆိုခဲ့သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်၍ တန်ခိုးရှိသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့် များမကြာမီ သူ၏ပြုမူခြင်းသည်သူ့ဇနီးအပေါ်သော်ငင်း ၊ ဘုရားသခင်အပေါ်သော်ငင်း မှားယွင်းမှုပြုနေကြောင်းသိစေကာသူ့ကိုနောင်တရစေခဲ့သည်။

ဗျာဒိတ်ကျမ်း။ 22:18–19 "ဤစာစောင်၏ အနာဂတ္တိစကားကို ကြားသော သူအပေါင်းတို့အားငါသက်သေခံသည်ကား၊ အကြင်သူ သည် ဤအရာတို့၌ထပ်၍ အသစ်သွင်း၏။ ဤစာစောင်၌ ရေးထားသော ဘေးဒဏ်တို့ကို ထိုသူအပေါ်သို့ ဘုရားသခင် သက်ရောက်စေတော်မူမည်။ အကြင်သူသည် ဤစာစောင်၏ အနာဂတ္တိ စကားအချို့ကို နှုတ်ပယ်၏။ ဤစာစောင်၌ ရေးထားသော အသက်ပင်နှင့်ငင်း၊ သန့်ရှင်းသော မြို့တော်နှင့် ငင်း ၊ ထိုသူစပ်ဆိုင်သော အခွင့်ကိုဘုရားသခင် နှုတ်ပယ် တော်မူမည်။"

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို အလေးအနက်ထားတော်မူ၏။ သင်သည် နှုတ်ကပတ်တော် ရှုပ်ထွေးအောင်မလုပ်သင့်ပါ။ မော်မွန်ကျမ်းကို မထည့်ရပါ။ “အဖိုးတန်သောပုလဲ”ဟူသော စကားစုများကိုမထည့်သင့်ပါ။ ကုရ်အာန်ကို မထည့်သင့်၊ Hadith များမဖြည့်သင့် ၊ သမ္မာကျမ်းသည် ပြည့်စုံပြီးသားဖြစ်သည်။

သုတ္တံကျမ်း။ 30:5-6 "ဘုရားသခင်၏ စကားတော်ရှိသမျှသည် စင်ကြယ်၏။ ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင် သည် အကွယ်အကာဖြစ်တော်မူ၏။ စကားတော်၌ ထပ်၍ မသွင်းနှင့်။ သို့ပြုလျှင် အပြစ်တင်တော်မူ၍၊ သင်သည် မုသာသုံးသောသူ ဖြစ်လိမ့်မည်။"

ရှင်လုကာခရစ်ဝင်။ 11:27-28 "ထိုသို့မိန့်တော်မူစဉ်တွင် မိန်းမတယောက်သည် လူအစုအဝေးထဲကခေါ်၍ ကိုယ်တော်ကို လွယ်သော ဝမ်းနှင့် စို့တော်မူသောသားမြတ်သည် မင်္ဂလာရှိပါ၏ဟု လျှောက်လျှင်၊ ကိုယ်တော်က၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို နာ၍ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်ဟု မိန့်တော်မူ၏။"

နာခံခြင်းသည်ခရစ်ယာန်အသက်တာအတွက်အရေးကြီးသည့်သော့ချက်ဖြစ်သည်။ ဤစာအုပ်ထဲ၌ ကျမ်းစာပိုဒ်များစွာကို သင်ဖတ်ရလိမ့်မည်။ ကျွန်တော်၏သူငယ်ချင်းနည်းတူ " ဖတ်ရှုပြီး လိုက်၍လုပ်ဆောင်ပါ" သင့်ဘဝတစ်လျှောက်လုံး နုတ်ကပတ်တော်အတိုင်းလိုက်နာ၍ လျှောက်လမ်းပါ။

ဗျာဒိတ်ကျမ်း။ 6:9 "ပဉ္စမတံဆိပ်ကိုဖွင့်သောအခါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်၎င်း၊ မိမိတို့ သက်သေခံ ချက်ကြောင့်၎င်း၊ အသေသတ်ခြင်းကိုခံရသောသူတို့၏ ဝိညာဉ်များကို ယဇ်ပလ္လင်အောက်၌ ငါမြင်၏။"

နုတ်ကပတ်တော်အတိုင်း သင်အသေသတ်ခံနိုင်ပါသလား?



တိမောသေဩဝါဒစာဒုတိယစောင် 2:9 "ထိုတရားကြောင့် ငါသည်လူဆိုးကဲ့သို့ ချည်နှောင်ခြင်းတိုင်အောင်ဆင်းရဲဒုက္ခကိုခံရ၏။ သို့သော်လည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည်ချည်နှောင်ခြင်းနှင့် ကင်းလွတ်၏။"

မကြာသေးခင်ကမှ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆီမှ အီးမေးလ်တစ်စောင် ဖတ်လိုက်ရသည်။ တရုတ်ပြည်မှာ ကောင်လေးတစ်ယောက်က ဧဝံဂေလိလက်ကမ်းစာစောင်များပေးကမ်းခြင်းကြောင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ သင်သည်ကာလတစ်ခုကိုစွန့်လွှတ်ပြီး ထောင်ထဲသွားရမည့် ဘဝအဖြစ်ပေးဆပ်နိုင်မည်လား? သို့မဟုတ် ကယ်တင်ခြင်းမခံရသောသူတို့အား ဘုရားသခင်၏ ဧဝံဂေလိတရားကိုဝေငှရန် သင်၏အသက်တာတစ်ခုလုံးကို စွန့်လွှတ်နိုင်မည်လား?

ယောရှုမှတ်စာ။ 1:7-9 "သို့ဖြစ်၍ ငါ၏ကျွန်မောရှေ မှာထားသော တရားအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းငှါ အားယူ ၍ အလွန်ရဲရင့်ခြင်းရှိလော့။ ကြံစည်လေသမျှတို့၌ အောင်မည်အကြောင်း ထိုတရားလမ်းသို့ လိုက်လော့။ လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲနှင့်။ ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့် မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဘတ် မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ် ကြည့်ရှုဘတ်ရွတ်ရမည်။သို့ပြုလျှင် သင်သည် အကြံထမြောက်၍ အောင်မြင်လိမ့် မည်။သင့်ကို ငါမှာထားသည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏။"

ကင်းစောင့်တစ်ဦးအနေနှင့် သင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမြဲတွေးတောနေပါသလား။ သင်၏ဝိညာဉ်ရေးတိုက်ခိုက်ချိန်မှာ သင့်စိတ်ထဲမှာ နုတ်ကပတ်တော်စကားလုံးများရှိပါသလား။ ဝိညာဉ်ရေးစစ်ပွဲတွင် ပါဝင်နေချိန်၌ ထိုနုတ်ကပတ်တော်စကားလုံးများ သင့်စိတ်ထဲမှာ ရှိနေပါသလား။

ရှင်ပေတရုဩဝါဒစာပဋ္ဌမစောင်။ 2:2 "အမျိုးမျိုးသော မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ပြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍၊ ကယ်တင်ခြင်းအလိုငှါ နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊"

သမ္မာကျမ်းစာကို နှလုံး၌နက်နဲစွာ နားလည်မှုမရှိလျှင် သင်သည် ဖြစ်ချင်သည့်ဘုရားသခင်၏ တပည့်တော်မဖြစ်နိုင်ပါ။ နှုတ်ကပတ်တော်သည် သင့်နှလုံး၌စိမ့်ဝင်မှုမရှိလျှင်သင့်ဝိညာဉ်ရေးရာသည်ကြီးထွားရင့်ကျက်ခြင်းမရှိနိုင်ပါ။ အာဟာရပြည့်ဝသည့် အစားအစာများကိုမစားလျှင် ခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးခြင်းကြုံလာမည်။ မှန်ကန်သောအာဟာရ၊ သန့်ရှင်းစင်ကြယ်သောရေ လတ်ဆတ်သောလေကို လုံလုံလောက်လောက်မရရှိပါက သင့်ခန္ဓာကိုယ်ကမသန်မာဖြစ်ပြီး သေဆုံးရလိမ့်မည်။ ဝိညာဉ်လည်း ထိုနည်းလည်းကောင်းပင်။ နှုတ်ကပတ်တော်မပါလျှင် ဝိညာဉ်ရေးအရ လိုအပ်သော အစားအစာများ လုံလောက်စွာမရရှိ၍ သင်သည် ပျော့ပျောင်းလာကာ အားနည်းပြီး နုနယ်သော ခရစ်ယာန်တစ်ဦး ဖြစ်လာလိမ့်မည်။ စစ်မှန်သောခရစ်ယာန်ဖြစ်ရန် မထိုက်တန်ပါ။


သမ္မာကျမ်းစာကိုနှလုံး၌နက်နဲစွာနားလည်မှုမရှိလျှင် သင်သည် ဖြစ်ချင်သည့်ဘုရားသခင်၏ တပည့်တော်မဖြစ်နိုင်ပါ။နှုတ်ကပတ်တော်သည့် သင့်နှလုံး၌စိမ့်ဝင်မှုမရှိလျှင် သင့်ဝိညာဉ်ရေးရာသည် ကြီးထွားရင့်ကျက်ခြင်းမရှိနိုင်ပါ။

ရှင်မာကုခရစ်ဝင်။ 7:7–8 "လူတို့စီရင်သော ပညတ်တို့ကို သွန်သင်၍နည်းဥပဒေပေးလျက်ပင်၊ ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏ဟု၊ နောက်ဖြစ်လတံ့သောအရာကို လျောက်ပတ်စွာ ဟောခဲ့ပြီ။ အကြောင်းမူကား၊ သင်တို့သည် ဘုရားသခင်၏ ပညတ်တော်ကို ပယ်၍ ခွက်ဖလားဆေးခြင်းတည်းဟူ သော လူတို့မှ ဆက်ခံသောနည်းဥပဒေသကို ခံယူလျှက်၊ ထိုသို့သော အခြားအကျင့်အလေ့များတို့ကို ကျင့်လေ့ ရှိကြ၏။"

လူ့အမြင် သို့မဟုတ် ဘုရားသခင့်အမှန်တရား ၊ ဤနှစ်ခုအကြားသင့်အားရွေးချယ်စေလျှင် သင်မည်သူ့နောက်လိုက်လုပ်မည်နည်း။



တိမောသေဩဝါဒစာဒုတိယစောင် 4:2–3 "နှုတ်ကပတ်တရားတော်ကို ပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကို ဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။"

တစ်ချိန်ကကျွန်တော် Wichita မှာရှိသည့် ဘုရားကျောင်းတစ်ခုတွင်ဝေမျှအပြီး သင်းအုပ်ဆရာက ကျွန်တော့်ကိုလက်ဆောင်ပေးခဲ့ပါသည်။ ထိုလက်ဆောင်၌ စာအိပ်တစ်ခုပါပြီး “နှုတ်ကပါတ်တော်ကို ဟောပါ” ဟူသော စာကြောင်းတိုရေးထားသည့် ကတ်တစ်ခုပါရှိသည်။ လေးဆယ်ရာခိုင်နှုန်းသော သင်းအုပ်ဆရာများသည် ၎င်းတို့၏ အသင်းသားများကို အကြွင်းမဲ့အမှန်တရားအကြောင်းကို တစ်ရာရာခိုင်နှုန်းပြည့် ဟောပြောရန် မရဲရင့်ကြပေ။ ဤကိန်းဂဏန်းအမှန်ဖြစ်လျှင် ထိုသင်းအုပ်ဆရာများသည် တရားဟောစင်မှဆင်းပြီး တရားဟောဆရာမဖြစ်သင့်တော့ပါ။ သို့မဟုတ် သူသည်လူများကိုကြောက်ရွံ့သည့်စိတ် ဖြေဖျောက်ရမည်။ ကင်းစောင့်သည် လူများ၏ခံစားချက်ကိုအဓိကထားခြင်း သို့မဟုတ် ဤအကြောင်းကြောင့် လူအချို့ကပိုက်ဆံထောက်ပံ့ခြင်းကိုရပ်တန့်မည်ကို စိုးရိမ်ခြင်းများ မရှိသင့်ပါ။ သို့သော်သူတို့ကအမြဲပင် အမှန်တရားအတိုင်း လုပ်လိမ့်မည်။

သုတ္တံကျမ်း။ 2:1–6 "ငါ့သား၊ သင်သည်ပညာစကားကို နားထောင်၍၊စေတနာစိတ်နှင့် ဉာဏ်ကို ရှာဖွေသည်တိုင်အောင်၊ ငါ့စကားကို နားခံ၍၊ ငါ့ပညတ်တို့ကို ကိုယ်အထဲ၌ သွင်းမိလျှင်၎င်း၊ သိပ္ပံအတတ်ကိုခေါ်၍၊ ဉာဏ်နောက်သို့ အသံ ကိုလွှင့်လျှင်၎င်း၊ ငွေကိုရှာတတ်သကဲ့သို့ ပညာကိုရှာ၍၊ ဝှက်ထား သောဘဏ္ဍာကို စူးစမ်းတတ်သကဲ့သို့၊ ဉာဏ်ကို စူးစမ်း လျှင်၎င်း၊ ထာဝရဘုရားကို ကြောက်သောသဘော၌ ကျင်လည်၍၊ ဘုရားသခင်ကိုသိသော ဉာဏ်နှင့်ပြည့်စုံ လိမ့်မည်။ အကြောင်းမူကား၊ ထာဝရဘုရားသည်ပညာကိုပေးတော်မူတတ်၏။ နားလည်နိုင်သော ဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏။"

ခေတ်ကာလတစ်ခုတွင် အမေရိကတွင် လူအများအပြားသည် အနောက်ဘက်ပိုင်းဒေသတွင် ရွှေတူးရန်ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ သင်သည်စာအုပ်စင်ဆီသို့ ခြေလှမ်းအနည်းငယ်လှမ်းပြီး ထာဝရဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့် ဘဏ္ဍာကိုတူးမည်လား?

ဆာလံကျမ်း 119:9–11 "လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ်တော် အတိုင်း သတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်း မဲ့ရှာပါ၏။ ပညတ်တော်လမ်းမှ လွဲစေတော်မမူပါနှင့်။ ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည် အကြောင်း၊ ဗျာဒိတ်တော်ကို နှလုံးထဲမှာ သိုထားပါပြီ။"

အဘယ်သူမျှမခိုးယူနိုင်သော အဖိုးတန်ရတနာများကို ကျွန်တော်တို့ ဝှက်ထားကြသည်။ သင်သည်ဘုရားသခင်၌ အပြစ်မလုပ်မိရန်နှုတ်ကပတ်တော်ဝှက်ထားပြီလား။ တစ်စုံတစ်ယောက်သည် သင်၏ကျမ်းစာကို ခိုးယူလျှင်ပင်၊ အဖိုးတန်သောဥစ္စာများဖြစ်သည့်နှုတ်ကပတ်တော်က သင့်စိတ်နှင့်မှတ်ဉာဏ်တွင် လုံခြုံနေဦးမည်လား။

ဆာလံကျမ်း 119:98 "ပညတ်တရားတော်သည်အကျွန်ုပ်၏ရန်သူတို့ထက်၊ အကျွန်ုပ်ကိုသာ၍ ပညာရှိစေပါ၏။ ပညတ်တရား တော်သည် အကျွန်ုပ်၌ အစဉ်တည်ပါ၏။"

ကင်းစောင့်လုပ်သောအရာများထဲမှတစ်ခုမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမြဲညွှန်ပြနေခြင်းဖြစ်သည်။ အဘယ်ကြောင့်နည်း? အဘယ်ကြောင့်ဆိုသော် နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ၌တည်မြဲနေပြီးဖြစ်သောကြောင့်ပင်။ သင်သည် ကျမ်းချက်တိုင်းကို သင့်စိတ်တိုင်းကျပြင်းခုန်နိုင်သည်။ သို့သော်ထိုအမှန်တရားများက ဘယ်သောအခါမှ မပြောင်းလဲသည့် ထာဝရအမှန်တရားများဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ခိုင်မြဲစွာ ရပ်တည်ခြင်းသည် ကောင်းကြီးမင်္ဂလာ ဖြစ်သည်။ အကြောင်းမှာ၊ ဤအရာသည် မလှုပ်နိုင်သောကျောက် ဖြစ်သောကြောင့်ပင်ဖြစ်သည်။



ဆာလံကျမ်း 119:97–105 "ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တနေ့လုံးဆင်ခြင်အောက်မေ့လျက် နေပါ၏။ ပညတ်တရားတော်သည် အကျွန်ုပ်၏ ရန်သူတို့ ထက်၊ အကျွန်ုပ်ကိုသာ၍ ပညာရှိစေပါ၏။ ပညတ်တရားတော်သည် အကျွန်ုပ်၌ အစဉ်တည်ပါ၏။ သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့်၊ အကျွန်ုပ်၏ ဆရာ အပေါင်းတို့ထက်သာ၍ နားလည်ပါ၏။ ကိုယ်တော်၏ ဥပဒေသများကို စောင့်သော ကြောင့်၊ အသက်ကြီးသူတို့ထက်သာ၍ ဥာဏ်ကောင်း ပါ၏။ နှုတ်ကပတ်တော်ကို စောင့်လိုသောငှါ၊ မကောင်းသောလမ်း ရှိသမျှတို့ကို လွှဲရှောင်ပါ၏။ ကိုယ်တော်သည် သွန်သင်တော်မူသောကြောင့်၊ စီရင်တော်မူချက်တို့မှ အကျွန်ုပ်လွှဲ၍ မသွားပါ။ မိန့်တော်မူချက်တို့သည် အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာပျားရည်ထက်သာ၍ချိုကြပါ၏။ ကိုယ်တော်၏ဥပဒေသများအားဖြင့်၊ အကျွန်ုပ် သည် ဥာဏ်တိုး ပွား၍၊ မိစ္ဆာလမ်းရှိသမျှတို့ကို မုန်းပါ၏။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။"

အရသာရှိသည့်အစားအစာများကို မြည်းစမ်းရသည့်အခါ အလွန်ကောင်းသည့်ခံစားချက်ဖြစ်သည်။ ထိုအရသာရှိသော အစားအစာကိုစားသုံးရန် သင်အကြိုက်ဆုံး စားသောက်ဆိုင်ကို သွားရမည်ကိုလည်း သင်နှစ်သက်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ပတ်သက်၍ အလားတူခံစားရပါသလား? ယနေ့သင့်အတွက် ဘုရားသခင် ဘာပေးမည်နည်းဟု သိလိုစိတ်ဖြင့် သမ္မာကျမ်းစာကိုမြည်းစမ်းဖတ်ရှုရန်၊ ကျမ်းစာအုပ်ဖွင့်ရန် မစောင့်ဆိုင်းနိုင်တော့ပါ ဟုသင်ခံစားဖူးပါသလား?

တိမောသေသြဝါဒစာဒုတိယစောင် 2:15 "သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက် စရာအကြောင်းမရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစားအားထုတ် လော့။"

ခွဲလုံ့လဟူသော စကားလုံးသည် အားထုတ်ခြင်း သို့မဟုတ် ခွဲလုံ့လကို အသုံးပြုခြင်းဟု ဆိုလိုသည်။ ကျွန်ုပ်တို့သည် အားကစားပြိုင်ပွဲအတွက် ပင်ပန်းနွမ်းနယ်စွာလေ့ကျင့်ခြင်း၊ စာမေးပွဲကြီးအတွက် စာများအလွတ်ရွတ်ဆိုရန် အားထုတ်ခဲ့ခြင်းများပြုခဲ့သည့်အတိုင်း ကျွန်ုပ်တို့၏ခန္ဓာကိုယ် ပင်ပန်းသည်အထိ ဘုရားသခင့် နှုတ်ကပတ်တော်ကို လေ့လာဖူးပါသလား။

ရှင်ပေတရုဩဝါဒစာပဌမစောင်။ 1:24–25 "လူမျိုးရှိသမျှသည်လည်း မြက်ပွင့်ကဲ့သို့ဖြစ်၏။ လူမျိုး၏ ဘုန်းရှိသမျှသည်လည်း မြက်ပွင့်ကဲ့သို့ဖြစ်၏။ မြက်ပင်သည်ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား၊ ကာလအစဉ်အမြဲတည်၏။ ထိုနှုတ်ကပတ်တော်သည်၊သင် တို့အား ဟောပြောသော ဧဝံဂေလိတရားဖြစ်သတည်း။ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထာဝရဖြစ်သည်။ နှုတ်ကပတ်တော်သည် ထာဝစဉ်အသက်ရှင်လိမ့်မည်၊ ကျွန်ုပ်တို့အားလုံးသည် ဆုံးရှုံးသွားမည့်အခြားစကားလုံးများကို သိမ်းဆည်းခြင်းထက် ထာဝရတည်မြဲနေမည့် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်တို့၏နှလုံးသားများကို ပြည့်နှက်နေသင့်သည်။"

ထာဝရတည်မြဲနေမည့် အရာသုံးမျိုးရှိသည်ကို မမေ့ပါနဲ့။ ၎င်းတို့မှာ ဘုရားသခင်သည်သုံးပါးတစ်ဆူဖြစ်သည်၊ ကိုယ်တော်၏နှုတ်ကပတ်တော်နှင့် လူများ၏ ဝိညာဉ်ရေးရာ ဤသုံးရပ်သည် ကင်းစောင့်များအတွက် အမြဲပင်အရေးကြီးပါသည်။



ထာဝရတည်မြဲနေမည့်အရာသုံးမျိုးရှိသည်ကိုမမေ့ပါနဲ့။
၎င်းတို့မှာ ဘုရားသခင်သည်သုံးပါးတစ်ဆူဖြစ်သည်၊
ကိုယ်တော်၏နှုတ်ကပတ်တော်နှင့်လူများ၏ဝိညာဉ်ရေးရာ
ဤသုံးရပ်သည်ကင်းစောင့်များအတွက် အမြဲပင်အရေးကြီးပါသည်။

ကင်းစောင့်များ၏ ကြောက်မက်ဖွယ် အန္တရာယ်များထဲမှတစ်ခုမှာ မှားယွင်းသော သွန်သင်ချက်များဖြစ်သည်။ စာတန်သည် အယူဝါဒအချို့ကို မြှုပ်နှံရန်ကြိုးစားလိမ့်မည်။ ကျဉ်းမြောင်းတဲ့လမ်းမှထွက်ရန် စာတန်သွေးဆောင်မည်၊ မည်သို့ဖြစ်ပေါ်လာသည်ကိုသူဂရုမစိုက်ပါ၊မည်သူကသင်



ပေးသည်ကိုဂရုမစိုက်ပါ၊ မည်သည့်စာအုပ်၌ပါဝင်သည်မှာအရေးမကြီးပါ၊ ထိုစာအုပ်ကိုဖတ်သည့်အခါအမှန်တရားလမ်းဖြစ်သည့် ကျဉ်းသောလမ်မှသင့်ကိုထွက်စေလိုပြီး ပြင်ပလမ်းကြောင်းပေါ်၌ ကြာမြင့်စွာလျှောက်စေလိုသည်မှာ စာတန်၏ဆန္ဒဖြစ်သည်။

ထို့ကြောင့် အမြဲသတိထားရမည်မှာ မှားယွင်းသောသွန်သင်ချက်များသို့ လမ်းလွဲမပါသွားရန် မိမိကိုယ်ကိုကာကွယ်ထားရမည်။ သင်ကြားရသမျှကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် ဆန်းစစ်ရမည်။ နှုတ်ကပတ်တော်နှင့်မကိုက်ညီလျှင် “လမ်းဘေးမှာစွန့်ပစ်ခဲ့ပါ။ ရန်သူကသင်၏ယုံကြည်ခြင်းကို မှားယွင်းသောခံတပ်များကာဆီးခြင်းမပြုမီ သင်အမြန်ဆုံးရုန်းထွက်ခဲ့ပါ။

ယခုအချိန်၌ကောင်းကင်ကို သွားသည့် လမ်းများစွာရှိသည်၊ သခင်ယေရှုတစ်လမ်းတည်းသာမဟုတ် ဟူသောမှားယွင်းသည့် သင်ကြားချက်များကို လူများစွာကသင်နေကြသည်။

Jean Robinson, gay ဖြစ်ကြောင်းပွင့်ပွင့်လင်းလင်းဖော်ပြသည့် Episcopal Church ၏ဆရာတော်သည် New Hampshire မြို့မှာ သမ္မတ Barack Obama ၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် ပြောကြားခဲ့ပါသည်မှာ–

“ဝါရှင်တန်မှ ကြိုဆိုပါတယ်။ အပျော်ကြီး စတင်ပါတော့မယ်။ ဒါပေမယ့် ခဏလောက်ကျွန်ုပ်နဲ့ရပ်လိုက်ပါ၊ တိုင်းပြည်နဲ့ကျွန်ုပ်တို့ရဲ့နောက်သမ္မတအသစ်ကို ဘုရားသခင်ကောင်းချီးပေးပါစေ၊ “အိုဘုရားသခင်...ကျွန်ုပ်တို့ကို အကန့်အသတ်မရှိနားလည်ပေးတဲ့ဘုရားသခင်ထံဆုတောင်းပါတယ်" [၄၉]

တစ်စုံတစ်ယောက် "ကျွန်ုပ်တို့ကိုအကန့်အသတ်မရှိ နားလည်ပေးတဲ့ဘုရားသခင် " ဟုပြောသောအခါ သင်မည်သို့ခံစားနားလည်ပါသနည်း။

သို့သော် သမ္မတ၏ ကျမ်းသစ္စာကျိန်ဆိုပွဲတွင်ဆရာတော် Rak Warren က ဆုတောင်းပေးခဲ့သည်မှာ–

“ကျွန်ုပ်၏အသက်တာကိုပြောင်းလဲပေးသောဘုရားသခင်၏နာမမှာ ယောရှုဝါ ဇေ ဟေဇု ဂျီဇက်၏နာမ၌ ကျွန်ုပ်သည်နှိမ့်ချစွာဖြင့် ဆုတောင်းရန် သွန်သင်ပေးသောဘုရားဖြစ်သည်။"[၅၀]

“ယေရှုဝါ” သည်ဟေဗြဲဘာသာဖြင့်အသံထွက်သော “ယေရှု” ဟူသောအမည်ဖြစ်ပြီး ဂျူးလူမျိုးအများဆုံးအသုံးပြုသည်။ "ဇေ” သည်အာရဗီဘာသာအသံထွက်သော "ယေရှု" ဟူသောအမည်ဖြစ်ပြီး မွတ်စလင်လူမျိုးအများဆုံးသုံးကြသည်။ သခင်ယေရှု၏အမည်ကို စပိန်လူမျိုးများအနေဖြင့် "ဟေဇု" ဟုအသံထွက်ပြီး ကပ်သလစ်ဘာသာဝင်များသုံးကြသည်။ "ဂျီဇက်"သည် "ယေရှု" ကိုခေါ်သည့်

အင်္ဂလိပ်အသံထွက်ဖြစ်သည်။ ဆရာတော် Rak Warren က ဤသို့ ဘာသာအမျိုးမျိုးကို သုံးပြီး ဆုတောင်းသည်မှာ မှန်ကန်ပါသလား ?

သမ္မတ Barack Obama ကို ကပ်သရီဖျူးစာနီမှအင်တာဗျူးရာ ပြောကြားခဲ့ပါသည်မှာ

“ကျွန်တော်ကခရစ်ယာန် ထုံးတမ်းစဉ်လာကို အခြေခံတယ်။ ပန်းတိုင်ရောက်ဖို့ လမ်းကြောင်းတွေ အများကြီးရှိတယ်လို့လဲ ယုံကြည်တယ်။ အဲ့အရာက အထက်မှကြီးမားတဲ့တန်ခိုးက ကျွန်ုပ်တို့အပေါ်မှာရှိပြီး ကျွန်ုပ်တို့လဲလူသားအချင်းချင်း ချိတ်ဆက်နေတယ်လို့ ယုံကြည်ပါတယ်။" 51

သမ္မတ အိုဘားမားပြောသွားသည့်စကား၌ ပန်းတိုင်သို့ရောက်နိုင်သည့်လမ်းကြောင်းများစွာ ရှိသည်ဆိုသည်မှာ မှန်ကန်ပါသလား?

ပုပ်ရဟန်းမင်းကြီး John Paul II က

"အခြားဘာသာတရားကလူတွေ ဘာသာရေးထုံးတမ်းစဉ်လာကို စိတ်ရင်းမှန်နဲ့ လိုက်နာဆောင်ရွက်ကြရင်ဖြစ်စေ၊ မိမိတို့ဩတ္တပ္ပစိတ်ရဲ့ ဦးဆောင်မှုကို လိုက်နာကြရင်ဖြစ်စေ ၊ သူတို့တွေယေရှုခရစ်ကို မသိကြသေးပေမဲ့ သူတို့ကျင့်ဆောင်မှုကြောင့် ဘုရားသခင်ကိုကယ်တင်ရှင်အဖြစ် လက်ခံခြင်းနဲ့ကိုက်ညီပါတယ်။၅၂

ဘုရားသခင်ကိုကယ်တင်ရှင်အဖြစ်လက်မခံသေးလျှင် ကယ်တင်ခြင်းကိုမည်သို့ရရှိမည်နည်း။

Bill Makham က ပြောသည်မှာ

“ဝေးလံခေါင်သီတဲ့နိုင်ငံတွေမှာ သာသနာပလူတွေကကယ်တင်ခြင်းမရဘဲ ငရဲပြည်ရောက်သွားရမယ်လို့ ယုံကြည်ခဲ့ဖူးတယ်။ သို့သော်အခုအဲ့အချက်ကိုမယုံကြည်တော့ပါ။ အသက်ရှင်တဲ့ဘုရားသခင်ရဲ့ဖြစ်တည်မှုကို သိဖို့ တခြားနည်းလမ်းတွေ ရှိမယ်လို့ ယုံကြည်ပါတယ်။၅၃



ထို့ကြောင့် ဘုရားသခင်တည်ရှိကြောင်းကို လက်ခံရန် အခြားနည်းလမ်းရှိပါသလား။ သို့မဟုတ် တစ်လမ်းတည်းသာရှိသည်လား။

သမ္မတဘုရ်က Cynthia McFadden နဲ့ တွေ့ဆုံမေးမြန်းခန်းမှာပြောဆိုသည်မှာ “ရက်ရောပြီး ကြီးမားတဲ့ချစ်ခြင်းနဲ့ပြည့်ဝတဲ့ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ရှိတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ လူများစွာကို ပွေ့ဖက်ဖို့လုံလောက်တဲ့ ချစ်ခြင်းမေတ္တာဘုရားဖြစ်တယ်လို့ယုံကြည်တယ်။ ဒါဟာ ကျဉ်းမြောင်းတဲ့ အယူအဆမဟုတ် ကျယ်ပြန့်တဲ့အယူအဆတစ်ခုလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ ယုံတဲ့နည်းလမ်းက ခရစ်တော်အားဖြင့်ကယ်တင်ခြင်းရရှိပြီး အခြားသူများမှာ ဘုရားသခင်ဆီသွားမဲ့ မတူတဲ့လမ်းကြောင်းရှိတယ်လို့ယုံကြည်ပါတယ်။၅၄

ရှင်မဿဲခရစ်ဝင်။ 7:13–14 "ကျဉ်းသောတံခါးကိုဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်းသည် ဖြစ်၍ ဝင်သောသူတို့သည်များကြ၏။ အသက်ရှင်ခြင်းသို့ ရောက်သောလမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍၊ တွေ့ဝင်သော သူတို့သည် နည်းကြ၏။"

အတိအကျကမည်သည့်လမ်းနည်း။ ကျဉ်းမြောင်းသောလမ်းဟု သခင်ယေရှု ပြောသည်မှာမှန်သည်လား။ သို့မဟုတ် သမ္မတဘုရှ် ပြောသည့်ကျယ်ပြန့်သော လမ်းက မှန်သည်လား။

The Shack ဝတ္ထုတွင် ပေါလ်ယန်းက သခင်ယေရှုမိန့်ကြားမှုကိုရေးထားသည်မှာ

"Papa (အဖေ) သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်နဲ့ ဆက်ဆံရေးအတွက် အကောင်းဆုံးနည်းလမ်းက ငါဖြစ်တယ်။"၅၅

ထို့ကြောင့်၊ ယေရှုသည် ကျွန်ုပ်တို့နှင့် ကောင်းကင်ဘုံရှိအဘဘုရားသခင် အကြားဆက်ဆံရေးရှိရန် အကောင်းဆုံးလမ်းဖြစ်သည်လား။ သို့မဟုတ်ကိုယ်တော်က တစ်ခုတည်းသောနည်းလမ်းဖြစ်သည်လား။

ကင်းစောင့်များအနေနှင့် အဖြေမှန်ကိုအဘယ်မှာ ရှာတွေ့နိုင်မည်နည်း။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အမြဲကြည့်ရမည်။

ရှင်ယောဟန်ခရစ်ဝင်။ 14:6 "ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားကိုလည်းဖြစ်၏။ အသက်သည်လည်းဖြစ်၏။ ငါ့ကို အမှီ မပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။"

တမန်တော်ဝတ္ထု။ 4:12 "ထိုသခင်၏နာမတော်မှတပါးငါတို့ကို ကယ်တင်နိုင်သောနာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။"

တမန်တော်ဝတ္ထု။ 16:30–31 "သူတို့ကို ပြင်သို့ထုတ်ပြီးလျှင်လည်း၊ သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏။ ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင်သင်နှင့် သင်၏အိမ်သူအိမ်သားတို့သည်ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်ဟုပြောဆိုလျက်၊"

တိမောသေသြဝါဒစာပဌမစောင် 2:5 "ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့၏စပ်ကြားမှာ၊ လူဖြစ်သောယေရှုခရစ်တည်းဟူသောအာမခံတဦးတည်းရှိ၏။"

ရှင်ယောဟန်သြဝါဒစာပဌမစောင်။ 2:23 "သားတော်ကိုငြင်းပယ်သောသူမည်သည်ကား၊ ခမည်းတော်ကိုမသိ။ သားတော်ကို ဝန်ခံသောသူ မည်သည်ကား၊ ခမည်းတော်ကိုသိ၏။"

ရှင်ယောဟန်သြဝါဒစာပဌမစောင်။ 5:11–12 "သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ။"



ရှင်ယောဟန်ခရစ်ဝင်။ 3:16 "ဘုရားသခင်၏သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏။"

ရှင်ယောဟန်ခရစ်ဝင်။ 3:36 "သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကိုပယ်သောသူမူကားအသက်ကိုမတွေ့ရ။ထိုသူ၏အပေါ်၌ဘုရားသခင်၏အမျက်တော်တည်နေသည်ဟု ယောဟန်ဟောလေ၏။"

ရှင်ယောဟန်ခရစ်ဝင်။ 8:24 "ထိုကြောင့်သင်တို့သည် ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟုငါဆို၏။ ငါသည်ဤမည်သောသူဖြစ်သည်ကို သင်တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု မိန့်တော်မူ၏။ ဤကျမ်းချက်များကသင့်ကို ရှင်းလင်းစွာမြင်စေသည်မဟုတ်လား။ ဇဝေဇဝါဖြစ်စေသည့်အချက်မှာလူများ၏ ခံစားချက်မှလာခြင်းသာဖြစ်သည်။ အချို့သူကတစ်ယောက်ယောက်နှင့် ကတိကအောက်ဖြစ်မည်၊ မကျေနပ်မှုဖြစ်မည်ကိုစိုးရိမ်၍ ထိုအရာမှားသည်ဟု တိုက်ရိုက်မပြောရဲကြပါ။ အမှန်တရားပြောခြင်းမှာ တစုံတဦး၏နယ်ကျော်ခြင်းလား? မဟုတ်ပါ။ အမှန်ပြောခြင်းသည် ထိုသူတို့အားစိုးရိမ်ပူပန်သည့်စိတ်ရှိ၍အမှန်ပြောခြင်းပင်ဖြစ်သည်။"

နုတ်ကပတ်တော်၌ပြောထားသည်မှာ ဤလောက၌ မှားယွင်းသောဧဝံဂေလိပြောလိမ့်မည်ဟူသည်ကို သင်နားလည်ရပါမည်။

ဂလာတိသြဝါဒစာ။ 1:6–9 "ခရစ်တော်၏ ကျေးဇူးအားဖြင့် သင်တို့ကို ခေါ်တော်မူသောသူနှင့် ဤမျှလောက်မြန်မြန်ခွာ၍ သင်တို့သည်အခြားသော ဧဝံဂေလိတရားကို ခံယူကြရသောကြောင့် ငါသည်အံ့သြခြင်းရှိ၏။ ထိုဧဝံဂေလိတရားသည် ဧဝံဂေလိတရားမဟုတ်။ သင်တို့ကို နှောက်ယှက်၍ ခရစ်တော်၏ ဧဝံဂေလိတရားကို မှောက်လှန်ချင်သောသူ အချို့ရှိကြ၏။ သို့သော်လည်း၊ သင်တို့အားငါဟောပြောသော ဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရားကို ငါတို့သည်ဟောပြောသော်ငည်း၊ကောင်းကင်ဘုံမှလာသောကောင်းကင်တမန်ဟောပြောသော်ငည်း၊ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။ တဖန်တုံ၊ သင်တို့ခံယူပြီးသော ဧဝံဂေလိတရားမှတပါး အခြားသော ဧဝံဂေလိတရားကို တစုံ တယောက်သောသူဟောပြောလျှင်၊ ထိုသူသည် ကျိန်တော်မူခြင်းကို ခံစေဟု ငါတို့ဆိုခဲ့ပြီးသည်အတိုင်း ယခုငါထပ်၍ဆိုသေး၏။"



"ကျိန်ခြင်း"ဟူသောစကားလုံးမှာတစုံတခုမှကျိန်စာသင့်ပြီးပြန်ပြုပြင်၍မရသောအရာဖြစ်သည်။ထိုစကားလုံးသည်ပြင်းထန်ပြီးလေးနက်သောစကားလုံးဖြစ်သည်။ဘုရားသခင်သည်ဤအချက်၌ ပေါ့ဆခြင်းမရှိ၍ ဇဝံဂေလိတရားကိုနောက်ပြောင်လျှင်သားတော်ကိုစိန်ခေါ်ရာရောက်သောကြောင့်ကိုယ်တော်သည်ဤကိစ္စနှင့်ပတ်သက်၍လေးလေးနက်နက်စီရင်လိမ့်မည်။

"ကျိန်ခြင်း" ဟူသောစကားလုံးမှာ တစုံတခုမှကျိန်စာသင့်ပြီးပြန်ပြုပြင်၍မရသောအရာဖြစ်သည်။ ထိုစကားလုံးသည် ပြင်းထန်ပြီးလေးနက်သော စကားလုံးဖြစ်သည်။ ဘုရားသခင်သည်ဤအချက်၌ ပေါ့ဆခြင်းမရှိ၍ ဧဝံဂေလိတရားကိုနောက်ပြောင်လျှင် သားတော်ကိုစိန်ခေါ်ရာရောက်သောကြောင့် ကိုယ်တော်သည် ဤကိစ္စနှင့်ပတ်သက်၍လေးလေးနက်နက်စီရင်လိမ့်မည်။

ကောရိန္သုဩဝါဒစာဒုတိယစောင်။ 11:4 "သင်တို့ရှိရာသို့ ရောက်လာသောသူသည် ငါတို့ မဟောမပြောသေးသော ယေရှုတပါးကို ဟောပြောသော်၎င်း၊ သင်တို့သည်မခံရသေးသော ဝိညာဉ်တော်တပါးကို ခံရသော်၎င်း၊ နားမထောင်သေးသော ဧဝံဂေလိတရားစကားကိုနားထောင်သော်၎င်း၊ ထိုသူကို သည်းခံကောင်း၏။"

ကောရိန္သုဒုတိယစာစောင်တွင် ဤအကြောင်းကိုဆက်လက်၍မိန့်တော်မူသည်။ ခမည်းတော်ထံသွားသောလမ်းမှာ ဧဝံဂေလိတရားဖြင့်သွားရသည့်တစ်လမ်းတည်းသာရှိသည်၊ ၎င်းမှာယေရှုလမ်းဖြစ်သည်ကို ဘုရားသခင့်ဆင့်ဆိုခဲ့သည်။

ဂလာတိဩဝါဒစာ။ 1:10 "အကြောင်းမူကား၊ ယခုတွင် ငါသည် လူတို့၏ အလိုသို့လိုက်သလော။ ဘုရားသခင်၏ အလိုတော်ကို လိုက်သလော။ လူတို့စိတ်ကို နှူးညွတ်စေခြင်းငှါ ရှာကြံသလော။ လူတို့စိတ်ကိုနှူးညွတ်စေခြင်းငှါ ရှာကြံသေးလျှင်၊ ခရစ်တော်၏ အစေခံကျွန်မဟုတ်ပြီ။"



ကင်းစောင့်သူ မိမိအပေါ်အခြားသူများမည်သို့ထင်မြင်မည်ကိုမစိုးရိမ်ပါ။ မှားယွင်းသောသင်ကြားမှုထဲမရောက်ရန် လမ်းညွှန်ခြင်းသည်သာအရေးကြီးသည်။ လူ့အလိုကိုလိုက်ခြင်းမှာကင်းစောင့်အတွက် ရွေးချယ်ရမည့်လမ်းမဟုတ်ပါ။

ရှင်ယောဟန်ခရစ်ဝင်။ 17:3 "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို၎င်း၊ စေ လွှတ်တော်မူသော ယေရှုခရစ်ကို၎င်း၊ သိကျွမ်းခြင်းတည်း။"

သင်ကိုယ်တိုင်က သခင်ယေရှုတစ်လမ်းတည်းသာခမည်းတော်ထံရောက်သည်ကို သံသယဝင်လျှင် နုတ်ကပတ်တော်ကိုသံသယဝင်နေခြင်းဖြစ်သည်။ သမ္မာကျမ်းစာသည် မှားယွင်းမှုမရှိသောနုတ်ကပတ်တော်ဖြစ်သည်မဟုတ်လား။

ရှင်ပေတရုဩဝါဒစာဒုတိယစောင်။ 1:20–21 "ကျမ်းစာ၌ပါသော အာနာဂတ္တိစကားမည်သည် ကား၊ ကိုယ်အလိုအလျောက်အနက်မပေါ်ဟု ရှေ့ဦးစွာ သိမှတ်ကြလော့။အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူ အလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်၊ ဘုရားသခင်၏ သန့်ရှင်းသောသူတို့သည် သန့်ရှင်း သော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။"

ကျွန်ုပ်တို့သည် သမိုင်းနှင့်ရှေးဟောင်းသုတေသနအားဖြင့်ကျမ်းစာ ပရောဖက်ပြုချက်တို့သည် ပြီးမြောက်ခဲ့ကြောင်းတွေ့ရသောကြောင့် သမ္မာကျမ်းစာသည် သင့်အနာဂတ်ထာဝရဝိညာဉ်အတွက် ယုံကြည်စိတ်ချစွာပုံအပ်နိုင်သော ဓမ္မကျမ်းဖြစ်၏။ အခြားသောဘာသာရေးက ကျမ်းစာသည်တစ်အုပ်တည်း သို့မဟုတ် များစွာရှိသည်ဟုဆိုကောင်းဆိုမည်။ သို့သော် သမ္မာကျမ်းစာသည် သမိုင်းတစ်လျှောက်၌ သက်သေပြခဲ့သည့် မှန်ကန်သည့် တစ်ခုတည်းသောသမ္မာကျမ်းစာအုပ်ဖြစ်သည်။

ဆာလံကျမ်း 12:6 "ထာဝရဘုရား မိန့်တော်မူချက်တို့သည် သန့်ရှင်း ခြင်းရှိ၍ မြေနှင့် ကင်းစင်စေခြင်းငှါ၊ မိုက်၌ခုနစ်ကြိမ် စစ်သော ငွေကဲ့သို့ဖြစ်ကြ၏။"

ဘုရားသခင်၏နုတ်ကပတ်တော်က စမ်းစစ်ပြီးဖြစ်သည့်အပြင် သန့်ရှင်းသောနုတ်ကပတ်တော်ဖြစ်သည်။

ဆာလံကျမ်း 19:7 "ထာဝရဘုရား၏ တရားတော်သည် စုံလင်သည် ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရဘုရား၏ သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသော သူတို့ကို လိမ္မာစေတတ်၏။"

ဘုရားသခင့်ကျမ်းစာများသည် စုံလင်ပြီး စုံလင်ကြောင်း ကျွန်ုပ်တို့သိသည်။ ပညတ်တော်တို့ကို စောင့်ရှောက်၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် ရပ်တည်သကဲ့သို့ သူ၏ စီရင်ထုံးဖွဲ့ချက်များနှင့် စကားများကိုနာခံသည်။
လူတော်တော်များများက "ယေရှုက ဘယ်သူလဲ" ဟုသံသယဝင်ကြသည်။ တစ်ခါတုန်းက ဈေးဝယ်စင်တာတစ်ခုတွင်အမျိုးသမီးတစ်ဦးနှင့် စကားပြောဖူးသည်။ သူမနာမည် ဒေဗောရဟုခေါ်သည်။ သူမက "ယေရှုက ဘုရားသခင်ဖြစ်တယ်ဆိုတာ သင်အမှန်တကယ်ထင်ပါသလား" ဟုမေးခဲ့သည်။ ယေဟောဝါဂိုဏ်းဂနမှ ယုံကြည်ခြင်း၌ကြီးပြင်းလာသူဖြစ်သည်။ ယေဟောဝါသက်သေများက ယေရှုသည် ကောင်းကင်တမန်မိက္ခေလဖြစ်ကြောင်း သူမအားသွန်သင်ခဲ့သည်။ မကြာသေးခင်၌ သူမသည် ယေဟောဝါသက်သေများ၏အသင်းတော်မှ ပယ်ထုတ်ခံခဲ့ရသည်။

ရှင်ယောဟန်ခရစ်ဝင်။ 1:1 "အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော် သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။"

ရှင်ယောဟန်ခရစ်ဝင်။ 1:14 "နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။"



ယေရှုသည် နှုတ်ကပတ်တော်ဖြစ်ပြီး နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း ယောဟန်ခရစ်ဝင်ကျမ်းမှ ရှင်းရှင်းလင်းလင်းသိရသည်။ ထို့ကြောင့် ယေရှုသည် ဘုရားသခင်ဖြစ်တော်မူ၏။

ရှင်ယောဟန်ဩဝါဒစာပဌမစောင်။ 5:7 "သို့ဖြစ်လျှင်၊ ကောင်းကင်ဘုံ၌ ခမည်းတော်တပါး နှုတ်ကပတ်တော်တပါး၊ သန့်ရှင်းသော ဝိညာဉ်တော်တပါး၊ သက်သေခံသုံးပါးရှိ၍ ထိုသုံးပါတို့သည် တလုံးတဝတည်း ဖြစ်တော်မူ၏။ဤကျမ်းချက်က ဘုရားသခင်သည် သုံးပါးပေါင်းတစ်ဆူဖြစ်ကြောင်းရှင်းလင်းသည်။"

ရှင်ယောဟန်ခရစ်ဝင်။ 10:30 "ငါသည် ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။"

တိမောသေဩဝါဒစာပဌမစောင် 3:16 "မှန်သောကိုးကွယ်ခြင်း၏ နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ ပေါ်ထွန်းတော်မူပြီ။ဟုတ်မှန်တော်မူခြင်းအကြောင်းသည်ဝိညာဉ်တော်အားဖြင့်ထင်ရှားပြီ။ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ရှုမြင်ရကြပြီ။ တပါးအမျိုးသားတို့သည် သိတင်းတော်ကို ကြားရကြပြီ။ လောကီသားတို့သည် ယုံကြည်ရကြပြီ။ ဘုန်းအသရေနှင့်တကွ အထက်သို့ဆောင်ယူခြင်းကိုခံတော်မူပြီ။"

"ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူပြီ" ဤမျှရှင်းလင်းသောအချက်မရှိတော့ပါ

ရှင်ယောဟန်ခရစ်ဝင်။ 5:18 "သို့ဖြစ်၍ ဥပုသ်နေ့ကို ဖျက်သည်သာမက၊ ဘုရားသခင်ကို မိမိအဘဟုခေါ်၍ မိမိကိုဘုရားသခင်နှင့် ပြိုင်နိုင်းတော်မူသောကြောင့်၊ ယုဒလူတို့သည် ကိုယ်တော်ကို သတ်ခြင်းငှါ သာ၍ရှာကြံကြ၏။"

ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်း အခိုင်အမာဆိုကြောင်း ဂျူးလူမျိုးများ ပင်သိရှိကြပြီး ယေရှုကိုကျောက်ခဲနှင့်ပစ်ရန် ကြိုးစားကြသည်။ ယနေ့ကိုယ်တော်သည် ဘုရားသခင်ဖြစ်ကြောင်းရှင်းရှင်းလင်းလင်းဖော်ပြထားသည်ကိုလွန်ခဲ့သောနှစ်ပေါင်း 2,000 ကလူများသိနိုင်လျှင် ယခုကျွန်ုပ်တို့သည်ရန်သူ၏လှည့်ဖြားမှုနောက်မလိုက်ပါနှင့်။

ရှင်ယောဟန်ခရစ်ဝင်။ 11:25–26 "ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကို ယုံကြည် သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့် မည်။ ငါ့စကားကိုယုံသလောဟု မေးတော်မူလျှင်၊ မာသက၊ ဟုတ်ပါ၏သခင်။"

ယေရှုသည် ထာဝရအသက်၏သော့ကို ကိုင်ဆောင်ထားသည်။ သခင်ယေရှုသည် အသက်ဖြစ်ပြီး ကိုယ်တော်ကိုယုံကြည်သောအခါ၊ သင်သည်ကိုယ်တော်နှင့်အတူ ထာဝရရှိနေလိမ့်မည်။ ကင်းစောင့်က ဤကဲ့သို့မေးခွန်းမေးရန်လိုအပ်ကြောင်းသိသည်။ “ယေရှုက ဘယ်သူလို့သင်ထင်သလဲ"

ယခုခေတ်တွင် သင်ကြားလေ့ရှိသော အယူဝါဒမှာလူသည်ဝိညာဉ်ရေးရာ သေဆုံးသွားသည်။ သူတို့သည်ဒုစရိုက်၌လုံးလုံးနှစ်မြုပ်သောကြောင့် နောင်တမရသည် အထိဖြစ်ကာ သခင်ယေရှုခရစ်ကို ယုံကြည် ခြင်းဖြင့်အပြစ်၏ခွင့်လွှတ်ခြင်းကို မခံယူနိုင်ကြပါ။ လူတို့သည် သူတို့၏အပြစ်ကြောင့် ဘုရားသခင်နှင့်ဝေးကွာနေသည်မှာ မှန်ပါသည်။ သို့သော် ၎င်းသည်သူ၏အပြစ်များနှင့် နောင်တမရနိုင်သော အခြေအနေတွင် ရှိနေသည်ဟုမဆိုလိုပါ။ “သမ္မာကျမ်းစာတလျောက်၌ ဘုရားသခင်ကလူသားသည်အပြစ်သားဖြစ်ပြီး အပြစ်၌ကျခဲ့ခြင်းအကြောင်းကို လက်ခံကြောင်း ဖော်ပြခဲ့သည်။ ဘုရားသခင်ကလူသားကို ခရစ်တော်၏လမ်းကိုရွေးချယ်စေလိုပြီး အမှန်တရားငြင်းပယ်ခြင်းကိုအလိုမရှိပါ။ "၅၆



ယခုခေတ်တွင်သင်ကြားလေ့ရှိသောအယူဝါဒမှာ လူသည်ဝိညာဉ်ရေးရာ၌သေဆုံးသွားသည်။ သူတို့သည်ဒုစရိုက်၌လုံးလုံးနှစ်မြုပ်သောကြောင့် နောင်တမရသည်အထိဖြစ်ကာသခင်ယေရှုခရစ်ကို ယုံကြည်ခြင်းဖြင့်အပြစ်၏ခွင့်လွှတ်ခြင်းကို မခံယူနိုင်ကြပါ။



ဟေရှာယအနာဂတ္တိကျမ်း။ 1:18 "ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသော အဆင်းရှိသော်လည်း၊ မိုဃ်းပွင့်ကဲ့သို့ ဖြူလိမ်မည်။ ကတ္တီ ပါနီနှင့်တမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။"

ကျွန်ုပ်တို့သည်အပြစ်၌လုံးဝသေပြီးလုံးလုံးဖောက်ပြန်နေပါက၊ ဘုရားသခင်ကို သိနားလည်ခြင်း လုံးဝမရှိသည့်တိုင်အောင်ဖြစ်လျှင် အဘယ်ကြောင့်ဘုရားသခင်က ကျွန်ုပ်တို့ကိုတရားစီရင်မှုရှိစေသနည်း။

ဆာလံကျမ်း 14:1–3 "ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ် ၏။ ထိုသို့သောသူတို့သည် ဆွေးမြေ့ယိုယွင်း၍စက်ဆုပ်ဘွယ်သောအမှုကိုပြုတတ်ကြ၏။ ကောင်းသောအမှုကိုပြုသော သူတယောက်မျှမရှိ။ နားလည်သောသူ၊ဘုရားသခင်ကိုရှာသော သူတစုံတယောက်ရှိ သည်မရှိသည်ကို သိမြင်ခြင်းငှါ ထာဝရဘုရားသည်ကောင်းကင်ပေါ်ကလူသားတို့ကိုငုံ့၍ကြည့်ရှုတော်မူ၏။လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း ဆွေးမြေ့ယိုယွင်းခြင်းရှိကြ၏။ ကောင်း သော အကျင့်ကိုကျင့်သော သူမရှိ။ တယောက်မျှမရှိ။"



ကျွန်ုပ်တို့သည်အပြစ်၌လုံးဝသေပြီး လုံးလုံးဖောက်ပြန်နေပါက၊ဘုရားသခင်ကို သိနားလည်ခြင်းလုံးဝမရှိသည့်တိုင်အောင် ဖြစ်လျှင် အဘယ်ကြောင့်ဘုရားသခင်က ကျွန်ုပ်တို့ကိုတရားစီရင်မှုရှိစေသနည်း။

သမ္မာကျမ်းစာက လူမိုက်များသည်ဘုရားသခင်မရှိဟု စိတ်နှလုံးထဲတွင် ပြောကြသည်ဟု သတိထားမိသည်။ ထိုကောက်ချက်အားဖြင့်ကြည့်လျှင် သူတို့သည် ဘုရားသခင်ရှိကြောင်းကိုလက်မခံသည့်လမ်း ရွေးချယ်ကြသည်။ ဘုရားမရှိဟူသော အတွေးအခေါ်ပိတ်ထားခံရသည် ဟုမဆိုလိုပါ။ သို့သော် သူတို့ကိုယ်တိုင်က ဘုရားသခင်ရှိကြောင်းကိုမယုံရန် ဆုံးဖြတ်လိုက်သည်။ ထို့အတွက်ကြောင့် သူတို့ယိုယွင်းလာပြီး ကောင်းမှုမရှိပါ။

ဘုရားသခင်သည်လူသားတို့အသက်ရှင်နေသ၍မိမိကိုယ်တိုင်ရွေးချယ်ခွင့် ပေးထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်ဤကမ္ဘာမြေပေါ်တွင် အသက်ရှင်နေရဆဲဖြစ်သည်။ ဤမျှသာဖြစ်သည်။

ဟေရှာယအနာဂတ္တိကျမ်း။ 55:3 "နားညွတ်သော နားနှင့် ငါ့ထံသို့ လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင် သင်တို့၏ ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်။ ငါသည်လည်း၊ သင်တို့နှင့် ထာဝရ ပဋိညာဉ်ပြု၍၊ ဒါဝိဒ်၌ မြဲမြံသော ကျေးဇူးတော်ကို သင်တို့ အား ပေးမည်။"

ဟေရှာယအနာဂတ္တိကျမ်း။ 55:7 "ဆိုးသော သူသည် မိမိလမ်းကိုင်း၊ မတရား သောသူသည် မိမိအကြံတို့ကိုင်း စွန့်ပစ်၍၊ ထာဝရ ဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနား တော်မူလိမ့်မည်။ ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲ ပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူ လိမ့်မည်။"

မတရားသောသူတို့သည်အပြစ်ပြုသောလမ်းမှ ထွက်လာနိုင်သည်ကိုသင်တွေ့ မြင်ရ၏။ဤအရာမှာဘုရားသခင်သတ်မှတ်ထားသောနောင်တရရန်အချက်ဖြစ်ကြောင်း လည်း တွေ့ရပါသည်။

နောင်တရခြင်းဖြင့်ကိုယ်တော်ကို မယုံကြည်နိုင်သူများအား ဘုရားသခင် မည်သို့တရားစီရင်မည်နည်း ဟူသောအတွေးမှာ ထူးဆန်းသောအတွေးပင်ဖြစ်သည်။

ကမ္ဘာဦးကျမ်း 18:25 "…….မြေကြီးလုံးကို စီရင်တော်မူသော သခင်သည်၊ တရားသဖြင့် ပြုတော်မူမည် မဟုတ်လောဟု လျှောက်ဆို၏။"

ရောမသြဝါဒစာ။ 9:14 "သို့ဖြစ်၍၊ အဘယ်သို့ ပြောရမည်နည်း။ ဘုရားသခင်သည် မတရားသောအမှုကို ပြုတော်မူ သလော။ ထိုသို့မပြောရ။"

ရှင်ယောဟန်သြဝါဒစာပဌမစောင်။ 4:7 "ချစ်သူတို့၊ ငါတို့သည် အချင်းချင်း ချစ်ကြကုန်အံ့၊ အကြောင်းမူကား၊ ချစ်ချင်းမေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင် ဖြစ်ဘွားစေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကို သိသောသူလည်းဖြစ်၏။"



ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်။ မေတ္တာရှင်ဖြစ်သောဘုရားသခင်ထံမှ ချစ်ခြင်းမေတ္တာကို သင်ခွဲထုတ်၍မရပါ။

ရှင်ပေတရုသြဝါဒစာဒုတိယစောင်။ 3:9 "လူအချို့တို့သည်၊ နှေးခြင်းကိုမှတ်သည် အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှ မပျက် စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကို သည်းခံ တော်မူ၏။"

သမ္မာကျမ်းစာထဲမှမေတ္တာရှင်ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပျက်စီးခြင်းသို့မရောက်စေလိုဘဲ သူနှင့်အတူထာဝရအသက်ကို ရစေလိုပါသည်။ ထို့ကြောင့်လူသားသည် မိမိကိုယ်တိုင်ဆုံးဖြတ်နိုင်ခွင့်ရှိရန် ဖန်ဆင်းတော်မူ၏။ ရွေးချယ် ရန် အရည်အချင်းမဲ့သူမဟုတ်ပါ။ လူသားသည် ဇဝ်ဂေလိတရားကို နားလည်နိုင်စွမ်းမရှိ ဟု မည်သည့်ကျမ်းချက်မျှ မဖော်ပြထားပါ။



သမ္မာကျမ်းစာထဲမှမေတ္တာရှင်ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှပျက်စီးခြင်းသို့ မရောက်စေလိုဘဲသူနှင့်အတူထာဝရအသက်ကို ရစေလိုပါသည်။ထို့ကြောင့်လူသားသည်မိမိကိုယ်တိုင် ဆုံးဖြတ်နိုင်ခွင့်ရှိရန် ဖန်ဆင်းတော်မူ၏။ ရွေးချယ်ရန် အရည်အချင်းမဲ့သူမဟုတ်ပါ

ရှင်ယောဟန်ခရစ်ဝင်။ 3:19-20 "အပြစ်စီရင်ခြင်းကို ခံရကြောင်းကား၊ အလင်းသည် ဤလောကသို့ဝင်၍၊ လူတို့သည် မကောင်းသော အကျင့်ကို ကျင့်သောကြောင့်၊ အလင်းထက် မှောင်မိုက်ကိုသာ၍နှစ်သက်ကြ၏။ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပျင်း၍ မိမိတို့အကျင့်၌အပြစ်ပါမည်ကိုမထင်ရှားစေခြင်းငှါ အလင်းသို့ မချဉ်းကပ်ကြ။"

လူသားသည် အမှောင်ကို ချစ်သည်။ အလင်းကို မချစ်ပါ။ ထိုအချက်မှာ အပြစ်မှနောင်တရပြီး အလင်းဆီသို့လှည့်သွားနိုင်စွမ်းမရှိဟု မဆိုလိုပေ။

သို့သော်သူတို့သည် အမှောင်ကိုချစ်ကြသောကြောင့်ဖြစ်သည်၊ အမှောင်က သူတို့ချစ်ခြင်းကိုခံရသည်။ သို့သော် ဘုရားသခင်သည်သူတို့ချစ်သောသူမဟုတ်ပေ။

ရှင်မဿဲခရစ်ဝင်။ 4:17 "ထိုအခါမှစ၍ ယေရှုက၊ နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီဟူသော တရားကို ဟောစပြုတော်မူ၏။"

ဤနေရာတွင် သခင်ယေရှုသည် မည်သူနှင့်စကားပြောသနည်း။ ကိုယ်တော်၏ရှေ့မှောက်၌ရှိနေသူလူတိုင်းနှင့် စကားပြောနေသည်။ အဘယ်ကြောင့်ဆိုသော်လူတိုင်းမှာ အပြစ်မှနောင်တရနိုင်စွမ်းရှိသည်။ မေးစရာမှာ သူတို့ကနောင်တရမည်လား ?

သင်မြင်သည့်အတိုင်း လူသားများသည်အပြစ်မှနောင်တရပြီး ယေရှုခရစ်ထံမှခွင့်လွှတ်ခြင်းရယူကာ ယုံကြည်လာနိုင်မည်မဟုတ်ဟု ဆိုခြင်းသည် သမ္မာကျမ်းနှင့် မကိုက်ညီဖြစ်နေသည်။ လူတို့သည်၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များချနိုင်သောကြောင့်ယေရှုခရစ်၏ခွင့်လွှတ်ခြင်းကို လက်ခံပြီး



ယုံကြည်သူဖြစ်လာနိုင်သည်။ သူတို့လုပ်နိုင်ကြသည်။ ရာစုနှစ်များစွာကြာအောင် အမွေဆက်ခံခဲ့သောနောက်ထပ်စိတ်ဝင်စားစရာကောင်းသည့်သွန်သင်ချက်တစ်ခုမှာ လူအချို့သည် ချွတ်ယွင်းချက်မရှိဘဲ ကောင်းကင်ဘုံသို့သွားကြရမည်ဟုခရစ်ယာန်ဘာသာဝင်များအလယ်၌အချေချသွန်သင်နေကြပါသည်။ ဘုရားသခင်ကသူတို့ကို အစဦးတည်းကရွေးချယ်တော်မူပြီး ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များမပါဘဲ ကယ်တင်ခြင်းရရန် ကြိုတင်သတ်မှတ်ထားသည်ဟုဆို၏။ ဘုရားသခင်ကိုမရှာဘဲအပြစ်နှင့်အတူသေဆုံးကာ တစ်ဖန်မွေးဖွားလာသည့်နောက် ၎င်းတို့၏အပြစ်များမှနောင်တရပြီး ဘုရားသခင်ထံရောက်ရှိလာနိုင်သည်ဟု ယုံကြည်ကြသည်။ သို့ဆိုလျှင် အမှန်တရား၏တစ်ဖက်ခြမ်းကို ခံယူရန် လိုအပ်သည်။ ၎င်းမှာ ဘုရားသခင်သည်အချို့သောသူကို ခြွင်းချက်မရှိ ငရဲသို့လွှတ်လိုက်သည်ဟူသောအချက်ပင်ဖြစ်သည်။



ဤကိစ္စအတွက်သူတို့ဘာမှ မလုပ်နိုင်ပါ။ သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့ဖတ်ရှုရသည့် ချစ်ခြင်းမေတ္တာနှင့်ပြည့်သည့်ဘုရားဟုတ်ပါသလား?

သို့ဆိုလျှင်ဤဘာသာတရား၏ ကြီးမားသည့်ပြဿနာက အဘယ်အရာနည်း။ အလွန်ရိုးရှင်းပါသည် | ကျွန်ုပ်မလုပ်ဖူးသည့်အရာအတွက် ဘုရားသခင်ကကျွန်ုပ်ကို မည်သို့တာဝန်ယူစေသနည်း။ ကိုယ်တော်ကိုယ်တိုင် ကျွန်ုပ်ဘဝကိုဤသို့ဖြစ်ပျက်ရန် ပြင်ဆင် နေခဲ့ခြင်းဖြစ်သည်။

တမန်တော်ဝတ္ထု။ 10:34 "ထိုအခါပေတရုသည် နှုတ်ကိုဖွင့်၍၊ အကယ် စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။"

တမန်တော်ဝတ္ထု။ 10:43 "ထိုသခင်ကို ယုံကြည်သောသူရှိသမျှတို့သည် နာမတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်း ကျေးဇူးကို ခံရကြလတံ့ဟူ၍ မရောဖက် အပေါင်းတို့သည် ထိုသခင် ၏ သက်သေခံဖြစ်ကြသည်ဟု ပေတရုမြွက် ဆို၏။"

ခြွင်းချက်မရှိဘဲ ရွေးကောက်မှုရှိလျှင် ဘုရားသခင်သည် မျက်နှာလိုက်ရာကျသည်။ သမ္မာကျမ်းစာအရမူကား၊ ဘုရားသခင်သည်ထိုကဲ့သို့မဟုတ်သည်မှာ သေချာပါသည်။ ဘုရားသခင်က ယုံကြည်သူအား မိမိစိတ်ဆုံးဖြတ်မှုမှ ဖြစ်ပေါ်လာသော ယုံကြည်ခြင်းကို တန်ဖိုးထားသည်။ ယုံကြည်သူတိုင်း၏ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံမှအပြစ်လွှတ်ခြင်းအခွင့်ရသည်ကိုမမေ့ပါနှင့်။ထာဝရဘုရားကိုချီးမွမ်းကြလော့။

ရောမသြဝါဒစာ။ 10:9–11 "အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင် ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါ နှုတ်ဖြင့် ဝန်ခံရ၏။ ကျမ်းစာလာသည်ကား၊ ထိုကျောက်ကို အမှီပြု သော သူမည်သည်ကား၊ ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသတည်း။"

ဘုရားသခင်၏ရွေးချယ်ခြင်းသည် လူတစ်ဦး၏ယုံကြည်ချက်အပေါ်အခြေခံ ကြောင်း သမ္မာကျမ်းစာကသွန်သင်သည်။ သင်ယုံကြည်သောအခါ သင်သည်ရွေးချယ်ခံ ရသူများထဲမှ တစ်ဦးဖြစ်သည်။

ရှင်ပေတရုဩဝါဒစာပဌမစောင်။ 1:1-2 "ယေရှုခရစ်၏ တမန်တော် ငါပေတရုသည်၊ နားထောင်ခြင်းကျေးဇူး၊ ယေရှုခရစ်၏ အသွေးတော်နှင့် ဖြန်းခြင်းကျေးဇူးကိုခံရ မည်အကြောင်း၊ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းသို့ရောက်၍၊ ခမည်းတော် ဘုရားသခင်၏ အနာဂတံသဥာဏ်တော်အတိုင်း ရွေးကောက်တော်မူသောသူတည်း ဟူသော၊ ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှိပြည်၊ ဗိသုနိပြည်၊ အရပ်ရပ်တို့၌ ကွဲပြားသော ဧည့်သည်အာဂန္တုတို့ကို ကြားလိုက်ပါ၏။ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌များပြားပါစေသော။"

'ရွေးချယ်ခြင်း' သည် ယုံကြည်သူများအားခေါ်ဝေါ်သည့် ဝေါဟာရဖြစ်သည်။ မည်သူကကယ်တင်ခြင်းရမည်ကို ဘုရားသခင်ကကြိုသိသည်။ အကြောင်းမူကား၊ ဘုရားသခင်သည် အကန့်အသန့်မဲ့ကြီးမြတ်သောဘုရားဖြစ်သောကြောင့်ပင်။ ရိုးရှင်း သောအရာဖြစ်သည်။ ဘုရားသခင်က မည်သူမည်ဝါသည် ကောင်းကင်ဘုံသို့ သွားရမည်ကို ကြိုတင်မသတ်မှတ်ထားသည့်အပြင် မည်သူသည်ငရဲသို့သွားရမည် ကိုလည်း ကြိုတင်မသတ်မှတ်ထားပေ။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်ဆန့်ကျင် ဘက်ဖြစ်သည်။ဘုရားသခင်၏ပုံသဏ္ဍာန်တော်သည်အလွန်အရေးကြီးသည်။ သင်သည် ဘုရားသခင်၏စရိုက်ပုံသဏ္ဍာန်ကိုသူ၏သွန်သင်ချက်များနှင့် ခွဲထွက်၍မရပေ။ ဤအရာ နှစ်ခုလုံး တဆက်တည်းဆောင်ရွက်ရမည်။

တိမောသေဩဝါဒစာပဌမစောင် 2:4 "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော် ရှိ၏။"

Dave Hunt ၏ DVD တွင် What Love Is This? (ဒီအချစ်က ဘာလဲ?) ဟုသူက အလွန်စိတ်ဝင်စား စရာကောင်းသည့် မှတ်ချက်တစ်ခုကို ပေးခဲ့သည်။ ရွေးကောက် တင်မြှောက်ခြင်းကိုကြိုတင်သတ်မှတ်ထားသည်ဟူသော မှားယွင်းသည့်အယူဝါဒကို



ပြည့်စုံစေရန် ကျမ်းစာမှအချို့သောကျမ်းချက်များ၏အဓိပ္ပါယ်ကို ပြောင်းလဲရန်လို အပ်ပါသည်။ ဥပမာ-

- "ကမ္ဘာကြီး" ဟူသောစကားလုံးကို "ရွေးကောက်ခံရသူ" အဖြစ်ပြောင်းလဲရမည်။.......20 ကြိမ်
- "မည်သူမဆို " ဟူသောစကားလုံးကို "ရွေးကောက်ခံရသူ" အဖြစ်ပြောင်းရပါမည်။....16 ကြိမ်
- "အဘယ်သူ " ဟူသောစကားလုံးကို "ရွေးကောက်ခံရသူ" အဖြစ်ပြောင်းရပါမည်။.....16 ကြိမ်
- "အားလုံး " ဟူသောစကားလုံးကို "ရွေးကောက်ခံရသူ" အဖြစ်ပြောင်းရပါမည်။..........16 ကြိမ်
- " လူသားတိုင်း " ဟူသောစကားလုံးကို "ရွေးကောက်ခံရသူ" အဖြစ်ပြောင်းရပါမည်။....6 ကြိမ်

သူတို့၏အယူဝါဒနှင့်ကိုက်ညီရန် သမ္မာကျမ်းစာပါ အချို့သောစကားလုံးများ ၏အဓိပ္ပာယ်ကို အကြိမ်ပေါင်းခုနစ်ဆယ်ကျော် ပြောင်းလဲပစ်ရမည်ဖြစ်သည်။ သမ္မာ ကျမ်းစာကို ဤကဲ့သို့မည်သူမျှ ဖျက်ဆီးနိုင်ခွင့်မရှိပါ။ သင့်အယူဝါဒနှင့် ကိုက်ညီစေရန် နှုတ်ကပတ်တော်၏ အဓိပ္ပာယ်ကို ပြောင်းလဲခြင်းသည် မာရ်နတ်၏ဦးတည်ချက် ဖြစ်သည်။ ဘုရားသခင်မှလာခြင်း မဟုတ်ပါ။

ရောမဩဝါဒစာ။ 10:12-13 "ယုဒအမျိုး၊ ဟေလသအမျိုးကိုမရွေး၊ လူ အပေါင်းတို့ကို အစိုးရသော အရှင်တပါးတည်းရှိ၍၊ ကိုယ်တော်ကိုပဌာနပြုသော သူအပေါင်းတို့၌ ကျေးဇူး ကြွယ်ဝတော်မူ၏။ အကြောင်းမူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။"

ရောမဩဝါဒစာ။ 9:30-33 "ထိုကြောင့်၊ အဘယ်သို့ပြောရမည်နည်းဟူမူကား၊ ဖြောင့်မတ်ခြင်းကို မှီအောင် မလိုက်သောတပါး အမျိုးသားတို့သည် ဖြောင့်မတ်ခြင်းကို မှီကြ၏။ ထိုသို့ဆိုသော်၊ ယုံကြည်ခြင်းအားဖြင့် မှီသောဖြောင့်မတ်ခြင်းကို ဆိုလို သတည်း။ ဖြောင့်မတ်ခြင်းတရားကိုမှီအောင်လိုက်သော ဣသရေလလူတို့မူကား၊ ဖြောင့်မတ်ခြင်းတရားကို မမှီကြ။ အဘယ်ကြောင့် မမှီကြသနည်း။ ယုံကြည်ခြင်း အားဖြင့်မလိုက်၊ ပညတ်တရား၏ အကျင့်အားဖြင့်မလိုက်၊ ပညတ်တရား၏ အကျင့် အားဖြင့်သာ လိုက်ကြသတည်း။ ကျမ်းစာ၌လာသည်ကား၊ ထိမိ၍ လဲစရာ ကျောက်၊ မှားယွင်းစရာကျောက်ကို ဇိအုန်တောင်ပေါ်မှာ ငါချထား၏။ ထိုကျောက်ကိုအမှီပြု

သောသူ မည်သည်ကား၊ ရှက်ကြောက်ခြင်းမရှိ နိုင်ရာဟုလာသည်နှင့်မညီ၊ ထိုကျောက်ကို ဣသရေလလူတို့သည် ထိမိ၍ လဲကြ၏။"

"မည်သူ" ဆိုသည်မှာ "မည်သူ" ကိုဆိုလိုခြင်းဖြစ်သည်။ ဘာမှမရှုပ်ထွေးပါ။ သမ္မာကျမ်းစာက သင်မည်သည့်အရာကို ယုံကြည်သင့်သည်ဟုသတ်မှတ်ပေးသည်။ သင်၏ယုံကြည်ချက်အားဖြင့် သမ္မာကျမ်းစာ၏အဓိပ္ပာယ်ကို မသတ်မှတ်စေပါနှင့်။ လူများစွာသည် သမ္မာကျမ်းစာကို ကြိုတွေးထားပြီးဖတ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ မိမိထင်ထားသည့်အတိုင်း သမ္မာကျမ်းစာကမည်သို့ပြောသနည်း သို့မဟုတ် သမ္မာကျမ်းစာကမည်သို့ပြောစေလိုသည်ဟု ကြိုတင်တွေးတောမိကြသည်။ ကျမ်းစာ၏ ဖော်ပြသည့်အမှန်တရားကိုဖုံးကွယ်နေသည့် ပုံဖော်ခြင်းအမျိုးမျိုးကိုပယ်ရှားလိုက်ပါ။ သမ္မာကျမ်းစာအားဖြင့် သမ္မာကျမ်းစာ၏ အဓိပ္ပာယ်ဖွင့်ဆိုခွင့်ပေးပါ၊ သင်သည်မှားယွင်းသောသွန်သင်ချက်များမှ ကင်းဝေးလိမ့်မည်။

အခြားသောမှားယွင်းသည့်အယူဝါဒမှာ ခြွင်းချက်မရှိသော ရွေးကောက်တင်မြှောက်ခြင်း၏ မှားယွင်းသောအယူဝါဒနှင့် ဆက်စပ်နေသည်။ သခင်ယေရှုသည် သူရွေးကောက်ထားသောသူအတွက်သာအပြစ်ဖြေရန်အသေခံတော်မူကြောင်း သွန်သင်သည်။ တလောကလုံး၏ အပြစ်အတွက် အသေခံခဲ့ခြင်းမဟုတ်ဟုယုံကြည်ကြသည်။ ဤသဘောတရားကို "အကန့်အသတ်ဖြင့် အပြစ်မှရွေးနုတ်ခြင်း" ဟုခေါ်သည်။ သို့ဆိုလျှင် ကင်းစောင့်တစ်ဦး မည်သို့လုပ်သင့်သနည်း။ ဧကန်မုချ လိုက်ရှာကြရမည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်မှ အဖြေဖြစ်သည်။

ရှင်ယောဟန်သြဝါဒစာပဌမစောင်။ 2:2 "ထိုသခင်သည်ငါတို့၏အပြစ်မက၊ လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏။"

ရှင်ယောဟန်ခရစ်ဝင်။ 1:29 "နက်ဖြန်နေ့၌ယေရှုကြွလာတော်မူသည်ကို ယောဟန်သည်မြင်လျှင်၊ ဤလောက၏အပြစ်ကို ဆောင် သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့။"



ဟေရှာယအနာဂတ္တိကျမ်း။ 53:6 "ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။"

လူတစ်ဦးသည် ဟေရှာယ ၅၃:၆ မှကျမ်းပိုဒ်ရှိ "ငါတို့" ဟူသောစကားစု၏အစမှ နောက်ဆုံးစကားစုတိုင်အောင် မူရင်းအဓိပ္ပါယ်ကို သိမ်းဆည်းထားပြီးဖတ်ပါ၊ ထို့နောက်သင်သည် မှန်ကန်စွာနားလည်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး၏ အပြစ်များအတွက် ပေးဆပ်ရန် လက်ဝါးကပ်တိုင်၌ သခင်ယေရှုအသေခံခဲ့သည်။ နောက်မေးခွန်းတစ်ခုမှာ ဤကိစ္စ၌သင်မည်သို့ဆက်လုပ်မည်နည်း။

ကင်းစောင့်တစ်ဦးသည် ဤသို့ကြွေးကြော်ရမည်ကိုမြင်ယောင်ကြည့်ပါ။ "အမျိုးသမီးနှင့်အမျိုးသားများခင်ဗျားသခင်ယေရှုအသေခံတော်မူကြောင်းသတင်းကောင်းကိုသင်တို့အားပြောပြရန် ဤနေရာသို့ကျွန်တော်လာခဲ့ပြီး သင်တို့ထဲမှအချို့သူ၏ အပြစ်များကိုသာလွှတ်ပေးမည်ဖြစ်သည်!


ကင်းစောင့်တစ်ဦးသည်ဤသို့ကြွေးကြော်ရမည်ကို မြင်ယောင်ကြည့်ပါ။"အမျိုးသမီးနှင့်အမျိုးသားများခင်ဗျား သခင်ယေရှုအသေခံတော်မူကြောင်းသတင်းကောင်းကို သင်တို့အားပြောပြရန်ဤနေရာသို့ကျွန်တော်လာခဲ့ပြီး သင်တို့ထဲမှအချို့သူ၏အပြစ်များကိုသာလွှတ်ပေးမည်ဖြစ်သည်! ဤသို့ပြောခြင်းမှာအဓိပ္ပါယ်မဲ့လှပါသည်။

ဤသို့ပြောခြင်းမှာ အဓိပ္ပါယ်မဲ့လှပါသည်။ သို့သော်သင်ပြောရမည်မှာ သခင်ယေရှုသည် လူအပေါင်းတို့၏ အပြစ်တိုင်းလွှတ်တော်မူသည်ကို ဟောပြောရလိမ့်မည်။

နောက်ထပ်မှားယွင်းသောသွန်သင်ချက်တစ်ခုရှိသေးသည်မှာ လူသည်ဘုရားသခင်ကို မဟန့်သားနိုင်ဟူသောသွန်သင်ခြင်းဖြစ်သည်။ သင်သည်ဘုရားသခင်ကိုလက်ခံရန်ဆုံးဖြတ်ပြီးနောက် သင်မယုံလိုတော့လျှင်ပင် သင်သည်ကယ်တင်ခြင်းရခဲ့ပြီးပြီ၊ ကိုယ်တော်ကိုငြင်းပယ်ရန်သင်ဘာမှ မတတ်နိုင်ဟူသောအချက်ဖြစ်သည်။ တမန်တော် အခန်းကြီး ၇ တွင် လူများသည် ဘုရားသခင်ကို ဟန့်တားနိုင်သည်။ အခန်းငယ် ၅၁ တွင် "လည်ပင်းခိုင်မာ၍ နှလုံးဖြင့်၎င်း၊ နားဖြင့်၎င်း အရေဖျားလှီးခြင်းကို မခံသောလူတို့၊ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို အစဉ်မပြတ် ဆန့်ကျင် ဘက် ပြုလေ့ရှိကြ၏။ သင်တို့ဘိုးဘေးများ၏ အလေ့နှင့် သင်တို့အလေ့တူ၏။"

ဟုတ်ပါသည်၊ သန့်ရှင်းသောဝိညာဉ်တော်ကို တားဆီးနိုင်ပါသည့်အပြင် လူများစွာက အမြဲလိုလို သန့်ရှင်းသောဝိညာဥ်တော်အား ဆန့်ကျင်ကြသည်။ မေးခွန်းမှာ မည်သည့်အချိန်၌သင်က သန့်ရှင်းသောဝိညာဉ်တော်ကိုနာခံမည်နည်း။

ကောလောသဲဩဝါဒစာ 3:1 "အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရား သခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေ တော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြာလော့။"

ကင်းစောင့်သည် ကျွန်ုပ်တို့ထာဝရဆီသို့ ဦးတည်နေစဥ်စာတန်ပေးသည့် မှားယွင်းသောသွန်သင်ချက်အားလုံးကို သတိထားနေရမည်ဖြစ်သည်။

ကောလောသဲဩဝါဒစာ 2:8 "ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနုကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီး စေခြင်းငှါ သတိပြုကြလော့။"

လူသားများသည် ၎င်းတို့၏ ကိုယ်ပိုင် စိတ်ကူးများကို ဖန်တီးတတ်သည်။ ဤအကြံဥာဏ်များကို သူတို့ကဂုဏ်ယူကြသည်ကို ကျွန်တော်တစ်ချိန်လုံးကြားနေရသည်။ အမှန်မှာနေမင်းအောက်၌ အသစ်အဆန်းမရှိပါ။ စိတ်ကူး "အသစ်" များသည်နဂိုမှရှိပြီးဖြစ်သည့်ရန်သူမှလာသောစိတ်ကူးဖြစ်သည်။ စာတန်သည်ခရစ်ယာန်များကိုမည်သည့်အရာနှင့်မဆိုသွေးဆောင်ကာ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုတိုက်ခိုက်သည်။ ထိုသွေးဆောင်မှုသည် မည်မျှပင်ညာဏ်မဲ့သည်၊ မည်မျှပင်ကျမ်းစာနှင့်မကိုက်ညီသည်ကိုသူဂရုမစိုက်ပါ။

ရောမဩဝါဒစာ။ 1:18–20 "သမ္မာတရားကိုအဓမ္မဖြင့် ဆီးတားနှိပ်စက်သော သူတို့ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်း အမှုအမျိုးမျိုးတို့ တဘက၌ဘုရားသခင်၏အမျက်တော်သည်ကောင်းကင်မှထင်ရှားလျက်ရှိ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သောဘုရားသခင်၏အကြောင်းအရာတို့သည်သူတို့တွင် ထင်ရှား



လျက်ရှိ၏။ဘုရားသခင်သည်သူတို့အားပြတော်မူပြီ။အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထိုကြောင့်သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။"

အကယ်၍လူသားများသည် နောင်တရခြင်းအားဖြင့် ဘုရားသခင်ကို ယုံကြည်ခွင့်မရှိဘဲ ထာဝရဘုရားသခင်သည် ထိုသူတို့အားငြင်းပယ်ပြီးငရဲသွားရန် ခန့်အပ်ခဲ့သည်ဆိုလျှင် နောက်ဆုံးသောတရားစီရင်ရာနေ့၌ ဘုရားသခင်၏ပုလ္လင်တော်ရှေ့တွင် သူတို့ကဤအချက်ဖြင့် ဆင်ခြေပေးလိမ့်မည်။ သို့သော် ရောမအခန်းကြီး ၁ တွင်ဘုရားသခင်၏အံ့ဩဖွယ်ဖန်ဆင်းခြင်းများတွေ့ရသည့်အတိုင်း တရားစီရင်ရာနေ့၌ ဤစကြဝဠာကြီးအား မည်သူဖန်ဆင်းခဲ့သည်ကို ထိုသူအဘယ်ကြောင့်ရှာမတွေ့နိုင်ခဲ့ကြောင်း သူ၌အကြောင်းပြချက်မရှိပေ။

နောက်တစ်ခုမှာမေတ္တာရှိသောဘုရားသခင် (၁ယော ၄၇၊ ယော ၃ ံး၁၆) သည် သူ၏ကျေးဇူးတော်ကို လူများစွာထံမရောက်ရန် အဘယ်ကြောင့်တားဆီးမည်နည်း။ တားဆီးခဲ့ပါက ဘုရား၏အချစ်သည် မည်သို့သောအချစ်မျိုးဖြစ်သနည်း?။

ဇာဝ်ဂေလိများကိုပြောသည့် အတုအယောင်ပရောဖက်များသည် နေရာတိုင်းတွင် ဟောပြောကြသည်။ ကျွန်ုပ်တို့ကမ္ဘာ၏နေရာတိုင်း၌ ဤသွန်သင်ချက်များထဲမှာ လှည့်စားခံနေရသည်မဟုတ်ကြောင်း သေချာပါသလား။

တရားဟောရာကျမ်း 30:19 "အသက်ရှင်ခြင်း၊ သေခြင်း၊ ကောင်းကြီးပေးခြင်း၊ ကျိန်ခြင်းတို့ကို သင့်ရှေ့၌ ငါထားသည်ဟု သင့်တဘက်၌ကောင်းကင်မြေကြီးကို ငါတိုင်တည်၏။"

ကျမ်းစာအစမှအဆုံးထိဖတ်ရန် လူအများကိုကျွန်တော်တိုက်တွန်းပါသည်။ အမှန်မှာတစ်နှစ်အတွင်း အစမှအဆုံးအထိနှစ်တိုင်းဖတ်နိုင်လျှင်ပိုကောင်းပါသည်။



သမ္မာကျမ်းစာကိုပထမစာမျက်နှာမှ နောက်ဆုံး စာမျက်နှာအထိ ဖတ်ပြီးလူတိုင်းသည်လူသားတိုင်းက ဆုံးဖြတ်ချက်ချရမည်ကို သတိမရခြင်းသည်မဖြစ်နိုင်ပါ။ လူတိုင်း၌ရွေးချယ်ခွင့်ရှိသည်။ ဘုရားသခင်ကိုရွေးချယ်မည်လား ငြင်းပယ်မည်လားဟူသောဆုံးဖြတ်ချက်အတွက်လည်း ကျွန်ုပ်တို့ကိုယ်တိုင်တာဝန်ယူရပါမည်။

ဤသို့မှားယွင်းသောသွန်သင်ချက်များ၏ပြဿနာသည် အလွန်အရေးကြီးသောအချက်ဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဘုရားသခင်၏ အသွင်သဏ္ဍာန်အပြင် ဧဝံဂေလိတရားတို့နှင့်သက်ဆိုင်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် အဘယ်သူနည်း။ (သို့မဟုတ် မည်သူမဟုတ်သနည်း) ဤသည်မှာသာမညကိစ္စမဟုတ်ပါ၊ အဓိကအချက်ဖြစ်သည်။ အချို့သူများက အသေးအဖွဲပြဿနာတစ်ခုဖြစ်သည်ဟု ကျွန်ုပ်ကိုပြောလေ့ရှိသည်။ ဘုရားသခင်၏ အသွင်အပြင်အကြောင်းပြောသည့်အခါတိုင်းဘုရားသခင်၏သတင်းကောင်းနှင့်ပတ်သက်နေ၍ ဤအရာသည်အဓိကအချက်ဖြစ်ပါသည်။

သို့ဆိုလျှင်ဘုရားသခင်၏ ချွင်းချက်မရှိသောရွေးချယ်ခြင်းနှင့်ပတ်သက်သည့်သွန်သင်မှု၏အဖြေရှာကြည့်ရအောင်။ သင်သည်မိဘတစ်ဦးဖြစ်ပြီးသားသမီးလေးယောက်ရှိသည်ဆိုပါစို့။ ဘုရားသခင်သည် ကလေးတစ်ဦးကိုကောင်းကင်ဘုံတက်ရန်ရွေးချယ်ပြီး ကျန်သုံးယောက်ကို ငြင်းပယ်ကာ ငရဲသို့ပို့မည်။ ထို့ကြောင့် ညတိုင်းသင့်ကလေးကို ပွေ့ဖက်ပြီး အိပ်ရာမဝင်ခင် စောင်ခြုံပေးချိန် သင့်စိတ်ထဲတွင် "ဒီကလေးလေးယောက်ထဲက ဘယ်ကလေးက ထာဝရငရဲကို ရောက်သွားမှာလဲ" ဟုတွေးမိမည်။ သင်သည်မိဘတစ်ယောက်အနေဖြင့်မည်သို့ခံစားမည်နည်း။ အိုး! နောက်တစ်ခုက ဤကိစ္စ၌သင်မည်သို့မျှမလုပ်နိုင်ပါ၊ ထို့ကြောင့်ကလေးကို သူလျှောက်ရမည့်လမ်း ၊ အိမ်၌နေထိုင်သောအခါ၊ လမ်းပေါ်၌လျှောက်သောအခါ၊ အိပ်ယာ၌အိပ်ချိန် သို့မဟုတ် ထချိန်တွင် နှုတ်ကပါတ်တော်များကိုသွန်သင်ခြင်းသည်မည်သို့မျှအကျိုးမရှိပါ၊ ကျွန်ုပ်ထပ်ပြောပါမည်။ သင့်ကလေး၏ အနာဂတ်အတွက် မည်သည့်အကျိုးသက်ရောက်မှုမျှရှိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည်ဘုရားသခင်ထံမှ ရွေးချယ်ခံရခြင်း သို့မဟုတ် ငြင်းပယ်ထားပြီးသောကြောင့်ဖြစ်သည်။



အမေရိကန်တောင်ပိုင်းမှာ စကားပုံတစ်ခုရှိသည်။ "ဒီခွေးက အမဲမလိုက်ဘူး" (That dog won't hunt  အဲဒီအကြံအစည်က အလုပ်မဖြစ်ဘူး- ဘာသာပြန်သူ) ဤရွေးနုတ်ခြင်းဆိုင်ရာအယူဝါဒကိုကြည့်လျှင် သာမန်အသိတရားဖြင့်စမ်းစစ်ရာ၌မဖြစ်နိုင်သောအချက်ဖြစ်သည်။ ယုတ္တိဗေဒစမ်းသပ်မှု၌လည်းမဖြစ်နိုင်၊ ခွေးသည်အမဲမလိုက်သကဲ့သို့ ကျမ်းစာဖြင့်စမ်းစစ်ရာ၌မဖြစ်နိုင်သောအချက်ဖြစ်သည်။

တိတုဩဝါဒစာ 1:9 "စင်ကြယ်သော ဩဝါဒအားဖြင့် တိုက်တွန်းသွေးဆောင်ခြင်းငှါလည်း၊ ငြင်းခုံသောသူတို့၏ စကားကို ချေခြင်းငှါလည်း တတ်နိုင်မည်အကြောင်း၊ ကိုယ်တိုင်သင်ပြီးသောသစ္စာစကားတော်ကို အမြဲစွဲလမ်းသောသူ ဖြစ်ရမည်။"

ကင့်စောင့်သူ၏ "အယူဝါဒ" ဆိုသည့်လိုက်လျှောက်ရန်နည်းလမ်း သို့မဟုတ် သင်ကြားမှုသည် ရပ်တည်သည့်မှုရှိရမည်။ ဘဏ်ဝန်ထမ်း သို့မဟုတ် ကာစီနိုဝန်ထမ်းများသည် ငွေစက္ကူကိုအမြဲကိုင်နေရ၍ ငွေစက္ကူအတုကိုကိုင်မိလျှင် အတုဖြစ်ကြောင်းချက်ချင်းသတိထားမိသည်။ ထိုသူများသည် ငွေစက္ကူအတုကိုကိုင်ဆော့ရန်မသင့်တော်ပါ။ အဘယ်ကြောင့်ဆိုသော် မကြာခဏကိုင်ကြည့်ခြင်းသည် လက်ချောင်းများကငွေအတုနှင့်ရင်းနှီးသွားပြီး နောက်ပိုင်း၌အတုအစစ်မခွဲခြားတတ်ဖြစ်ပါမည်။ ကင်းစောင့်များ!! သမ္မာကျမ်းစာလေ့လာရန်မမေ့ပါနှင့်၊ တနေ့သင်သည် မှားယွင်းသောနုတ်ကပတ်တော်၏ သင်ကြားမှုကိုလွယ်ကူစွာ ခွဲခြားတတ်မည်ဖြစ်ပါသည်။



ဘဏ်ဝန်ထမ်းသို့မဟုတ်ကာစီနိုဝန်ထမ်းများသည် ငွေစက္ကူကိုအမြဲကိုင်နေရ၍ငွေစက္ကူအတုကိုကိုင်မိလျှင် အတုဖြစ်ကြောင်းချက်ချင်းသတိထားမိသည်

ရှင်ယောဟန်ဩဝါဒစာဒုတိယစောင်။ 1:9 "ခရစ်တော်၏ဒေသနာ၌မတည်ဘဲ လွန်ကျူးသောသူမည်သည်ကား၊ ဘုရားသခင်ကိုမသိ။ ခရစ်တော် ၏ ဒေသနာ၌ တည်သောသူသည် ခမည်းတော်နှင့် သားတော်ကိုသိ၏။"

ဘုရားသခင်သည်မှန်ကန်သောသင်ကြားမှုကိုအလေးထားသည်။ သင်ရော ?

ဖေက်ဩဝါဒစာ။ 4:14–15 "အကြောင်းမူကား၊ သူတပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့ သွေးဆောင်ခြင်းငှါ လှည့်ဖြား ပြောဆိုသဖြင့်၊ ငါတို့သည်နောက်တဖန် ခပ်သိမ်းသော ဩဝါဒ လေတိုက်၍ဖရိုဖရဲလွင့်သွားသော သူငယ် မဖြစ်ဘဲလျက်၊ မေတ္တာစိတ်နှင့်သမ္မာတရားကို ဟောပြောသဖြင့်၊ ဦးခေါင်းတည်းဟူသောခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည် အကြောင်းတည်း။"

ကင်းစောင့်သည် မိမိ၏ယုံကြည်ချက်ကြံ့ခိုင်သောကြောင့် မှားယွင်းသည့်သင်ကြားမှု၌ သွေးဆောင်ခံသွားခြင်းမရှိပါ။

ရှင်မဿဲခရစ်ဝင်။ 22:29 "ယေရှုကလည်း၊ သင်တို့သည် ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကို မသိသော ကြောင့် မှားသောအယူကိုယူကြ၏။"

ကင်းစောင့်သည် သမ္မာကျမ်းစာကို အသေးစိတ်နားလည်ရန် အလွန်ဂရုစိုက်လေ့လာသည်။ ဤနောက်ဆုံးသောကာလ၌ ကျွန်ုပ်တို့သည်လူအများကိုလမ်းမှားသို့မပို့ဆောင်သင့်ပါ၊ တံပိုးကိုကျယ်လောင်စွာနှင့် ပီပြင်စွာမှုတ်ရပါမည်။

တရားဟောရာကျမ်း 13:1–5 "သင်တို့တွင် ပရောဖက်ပြုသောသူ၊ အိပ်မက်ကိုမြင်သောသူသည်ပေါ်လာ၍၊သင်တို့မသိသော အခြားတပါးသောဘုရားကို ဆည်းကပ်၍ဝတ်ပြုကြစို့ဟု ပြောဆိုလျက်၊ နိမိတ် လက္ခဏာ၊ အံ့ဘွယ်သောအမှုကို ပေး၍၊ ထိုနိမိတ် လက္ခဏာ၊ အံ့ဘွယ်သောအမှုသည် ပြည့်စုံသော်လည်း၊ ထိုပရောဖက်ပြုသောသူ၊ အိပ်မက်ကို မြင်သော သူတို့၏ စကားကို နားမထောင်ရ။ အကြောင်းမူကား၊ သင်တို့သည် သင်တို့၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ချစ်သည် မချစ်သည်ကို၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် စုံစမ်းတော်မူ၏။ သင်တို့၏ဘုရားသခင် ထာဝရဘုရားနောက် တော်သို့ လိုက်ရကြမည်။ ကြောက်ရွံ့ သောစိတ်နှင့် ပညတ်တော်တို့ကို စောင့်ရကြမည်။ စကားတော်ကို နားထောင်လျက် ဝတ်ပြု၍၊ ကိုယ်တော်၌ ဆည်းကပ်မှီဝဲရ ကြမည်။ ကျွန်ခံနေရာအဲဂုတ္တုပြည်မှ သင်တို့ကို ကယ်နှုတ်



ဆောင်ယူခဲ့တော်မူသော သင်တို့၏ဘုရားသခင်ထာဝရဘုရားထံတော်မှ လွဲစေခြင်းငှာ၎င်း၊ သင်တို့၏ဘုရား သခင် ထာဝရဘုရားသည်၊ သင်တို့လိုက်စရာဘို့ မှာထားတော်မူသောလမ်းမှ ထွက်စေခြင်းငှာ၎င်း ဟောပြော သောကြောင့်၊ ထိုပရောဖက်ပြုသူနှင့်အိပ်မက်မြင်သူ တို့သည် အသေသတ်ခြင်းကို ခံရကြမည်။ ထိုသို့ ဒုစရိုက် အပြစ်ကို သင်တို့အထဲက ပယ်ရှင်းရကြမည်။"

အကယ်၍တစ်ဥ◌ီးတစ်ယောက်ကသူပြုသောအံ့ဩဖွယ်ရာသည်ဘုရားသခင်ဆီသို့ဥ◌ီးဆောင် သွားခြင်းမရှိလျှင် ထိုသူနှင့်အဝေးဆုံးသို့ရှောင်ရှားပါ။

ရှင်ယောဟန်ခရစ်ဝင်။ 8:31–33 "ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟု၊ ယုံကြည်သော ယုဒ လူတို့အား မိန့်တော်မူ၏။ ယုဒလူတို့ကလည်း၊ ငါတို့သည် အာဗြဟံအမျိုးဖြစ်ကြ၏။ အဘယ်သူထံ၌ တရံတခါမျှ ကျွန်မခံကြ။ လွှတ်လိမ့်မည်ဟု၍ သင်သည်အဘယ်သို့ပြောဆိုသနည်းဟု မေးမြန်းကြ၏။ ယေရှုကလည်း၊ ငါအမှန်အကန်ဆို သည်ကား၊"

ကင်းစောင့်သည်သမ္မာကျမ်းမှအမှန်တရားကို ကောင်းစွာသိနားလည်သောအခါ ကျွန်ုပ်တို့သည်လွတ်မြောက်ခြင်းရရှိမည် ၊ အမှန်တကယ်လွတ်မြောက်မည်။

ကင်းစောင့်များသတိကောင်းကောင်းရှိပါ၊ အသင်းတော်သည် ကျွန်ုပ်တို့၏အသက်တာကိုလေ့ကျင့်သောနေရာ၊ ကောင်းသောသင်ကြားမှု ၊ အသက်တာအားစိန်ခေါ်သည့်နေရာ၊ နောက်ဆုံးသောကာလအတွက်ကျမ်းစာနှင့်ကိုက်ညီသောသွန်သင်မှုပေးသည့်နေရာဖြစ်သင့်သည်။ မယုံကြည်သူကိုသာဖိတ်ခေါ်သည့် အပြစ်အကြောင်း၊ နောင်တရခြင်း၊ ငရဲ ၊ သန့်ရှင်းခြင်းအကြောင်း နှင့် ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်းများမသင်ကြားသည့် အသင်းတော်အားသတိထားပါ။ လူအများပြောသည်ကို ကျွန်တော်ကြားဖူးသည်မှာ"အသိုင်းအဝိုင်းနှင့်ဝင်ဆန့်ရန်" ဟုဆိုကာ ဧဝံဂေလိကိုမှုန်ဝါးစွာဝေငှခြင်းသည်မသင့်လျော်ပါ။ ကျွန်ုပ်တို့၏တာဝန်မှာ သမ္မာကျမ်းအတိုင်းဆုပ်ကိုင်လျောက်လှမ်းရမည်မှာအရေးကြီးလှပါသည်။

ယေရမိအနာဂတ္တိကျမ်း။ 23:29 "ငါ၏ နှုတ်ကပတ်တော်သည် မီးကဲ့သို့၎င်း၊ ကျောက်ကို ထုချေသောသံတူကဲ့သို့၎င်း ဖြစ်သည်မဟုတ် လောဟု ထာဝရဘုရား မေးတော်မူ၏။"

ကင်းစောင့်များတသက်လုံးမှတ်ထားရမည်မှာ ဘုရားသခင်၏နှုတ်ကပတ်သည် မည်မျှပင်တန်ခိုးရှိကြောင်း မှတ်ထားပါ။

**"သင်၌ဆုပ်ပျက်နေသောကျမ်းစာအုပ်ရှိလျှင် သင်၏အသက်တာသည် ဆုပ်ပျက်မှုမရှိပါ"**၅၈

–Adrian Rogers

သမ္မာကျမ်းစာသည် ပူဖေးအစားအသောက်ကဲ့သို့မဟုတ် မိမိကြိုက်သည့်အစာကိုသာ ရွေးချယ်စားသောက်ခြင်းမျိုးပြု၍မရပါ။ ထိုနေရာနဲနဲ ဤနေရာနဲနဲ ဆွဲထုတ်ယူခြင်းသည် သခင်ယေရှုထံမှမိမိလိုရာကိုသာ ရွေးယူခြင်းနှင့်တူသည်။ အချို့မှာ ကယ်တင်ခြင်းနှင့် အကြွင်းမဲ့ချစ်ခြင်းကို ကြိုက်သော်လည်း ဘုရားသခင်နှင့် ရင်းနှီးပြီးနာခံမှု၊ မိမိဇာတိသဘော၌ သေခြင်းများကိုမကြိုက်ပါ။



သမ္မာကျမ်းစာသည် ပူဖေးအစားအသောက်ကဲ့သို့မဟုတ် မိမိကြိုက်သည့်အစာကိုသာရွေးချယ် စားသောက်ခြင်းမျိုးပြု၍မရပါ။



**သမ္မာကျမ်းသည်အကောင်းဆုံးအစားအစာဖြစ်ပြီး အဟာရနှင့်ပြည့်ဝသောကြောင့် အပြည့်အဝစားသင့်သည့်အစာဖြစ်သည်။**

ကင်းစောင့်များသည် စုံစမ်းမှုများစွာကြုံတွေ့ရမည်။ မှားယွင်းသည့်အယူဝါဒပေါ် ပေါက်ခြင်းသည်ကင်းစောင့်များကအများနောက်လိုက်မည်လားနှုတ်ကပတ်အတိုင်းလိုက်လျှောက်မည်လားဟု စုံစမ်းခြင်းဖြစ်သည်။ သင်သည်ရပ်တည်မှု၌ကြံ့ခိုင်လျှင် အချို့သောပေးဆပ်မှုတော့ရှိပေမည်။ သို့သော်ကင်းစောင့်များ ကောင်းစွာသိသည်မှာ ဘုရားသခင်ကြောင့်နှိပ်စက်ညှဉ်းပန်းခြင်းခံရခြင်းသည် အဖိုးထိုက်တန်လှပါသည်။ ကင်းစောင့်များက အံ့ဩဖွယ်ရာပြုခြင်း၌ပင် ကောင်းစွာ ခွဲခြားတတ်သည်။ ဤနောက်ဆုံးသောကာလ၌ စာတန်သည်သင့်ဘေးပတ်ပတ်လည်တွင် လှည့်လည်ကသင့်ကို ကျဉ်းမြောင်းသောအမှန်တရားလမ်းမှ တွန်းထုတ်နေသည်။ ဘုရားသခင်၏အမှန်တရားလမ်း၌ရပ်တည်ကာ နောက်ဆုံးသောကာလအတွက် အသင့်ဖြစ်ရန်လေ့ကျင့်ထားပါ။ ဘုရားသခင်သင့်ကိုချထားသည့်နေရာတွင် သင်သည်စွမ်းအားအပြည့်ဖြင့် ဧဝံဂေလိတရားကိုပြောကြားနိုင်မည်ဖြစ်သည်။

သမ္မာကျမ်းသည်အကောင်းဆုံးအစားအစာဖြစ်ပြီး အဟာရနှင့်ပြည့်ဝသောကြောင့် အပြည့်အဝစားသင့်သည့်အစာဖြစ်သည်။






# အခန်း ၉
# အချင်းချင်းထံကူးသွားရန်လမ်းမရှိ

“စဉ်းစားပါ။ မပျက်စီးနိုင်သောခန္ဓာနှင့်ဝိညာဉ်တို့၏ အဆက်မပြတ် ဆင်းရဲဒုက္ခဝေဒနာသည်
အလွန်ပြင်းထန်သည်၊ သက်သာရန် နည်းလမ်းမရှိပေ၊ တစ်စက္ကန့်မျှမရှိ...
အာရုံများ၏အစိတ်အပိုင်းတိုင်းကို အချိန်တိုင်းဝါးမြိုသွားပြီး ပြပြင်းထန်သောဝေဒနာသည်
ခန္ဓာ၏ချွေးပေါက်တိုင်းသို့ ပျံ့နှံ့သွားသည်။ အဆုံးမရှိသော ထာဝရ... နာကျင်နေပါမည်။
ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်၏နာကျင်ခြင်းသည်အဆုံးစွန်မရှိ၊ မျိုးဆက်ပေါင်း
တစ်သန်းကျော်ပင်လျှင်ကြုံတွေ့ခဲ့ရသကဲ့သို့ဖြစ်မည်။
John Wesley

ရှင်လုကာခရစ်ဝင်။ 16:19–31

အခန်းငယ်19 " ယဖန်တုံ၊ သူဋ္ဌေးတယောက်သည် နီမောင်းသော ကမ္ဗလာနှင့်ပိတ်ချောကိုဝတ်ဆင်၍၊ ကာမဂုဏ် စည်းစိမ်၌ နေ့တိုင်းပျော်မွေ့ လျက်နေ၏။ "

ဘုရားသခင်ထံမှ ကောင်းချီးများကို သင်ရရှိသောအခါ ထိုကောင်းချီးများကို သင်မည်သို့အသုံးပြုမည်နည်း။ ကိုယ့်အတွက်သာလျှင်အသုံးပြုမည် သို့မဟုတ် အခြားသူများကို ကောင်းချီးပေးရန် အသုံးပြုမည်ဟု သင်တွေးဖူးပါသလား။

တစ်နေ့နေ့၌သင်သည် ရွှေပေါ်မြတင်အဆင့်မှပြုတ်ကျကာ အခက်အခဲများကြားလျှောက်လှမ်းရလျှင် ဖေးမရန်တစ်ယောက်ယောက် လိုအပ်လိမ့်မည်။ အကယ်၍ သင်သည်သူတို့နှင့်တူညီသော အခြေအနေတွင်ရှိနေမည်၊ သင်သည် အခြားသူများကသင့်အပေါ်ဆက်ဆံစေလိုသည့်နည်းတူ သင်သည်တပါးသူအပေါ်ဆက်ဆံမည်လား။ ထိုသို့မဟုတ်ပါက ယနေ့၌သင်စတင်လုပ်ဆောင်ရမည့် နေ့ဖြစ်သည်။

တရားဟောရာကျမ်း 8:17-18 " ငါ့တန်ခိုး၊ ငါ့လက်သတ္တိအားဖြင့် ဤစည်းစိမ်ကို ငါရတတ်သည်ဟု စိတ်ထဲမှာ အောက်မေ့ခြင်းအပြစ်ကို သတိနှင့် ကြဉ်ရှောင်လော့။ သင်၏ဘုရားသခင် ထာဝရဘုရားကိုသာ အောက်မေ့ရမည်။ အကြောင်းမူကား၊ သင်၏ ဘိုးဘေးတို့ အား ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားတော်ကို ယနေ့ကဲ့သို့ တည်စေလိုသောငှာ၊ စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏။"

စည်းစိမ်ဥစ္စာကို ပေးဆောင်တော်မူသော ဘုရားသခင်ဖြစ်တော်မူကြောင်းကို မမေ့ပါနှင့်။ ရရှိခဲ့သော ကောင်းချီးများအတွက်၊ ကျေးဇူးတော်ချီးမွမ်းကြပါ။

သင်သည် လူသားတို့၏ အထင်ကြီးလေးစားခြင်းကို ခံလိုပါသလား သို့မဟုတ် ဘုရားသခင်ထံမှချီးမြှောက်ခြင်းခံလိုပါသလား။ သင်၏ချမ်းသာကြွယ်ဝမှုကို ကစားစရာကြွားဝါသကဲ့သို့ အကြိမ်များစွာ ဖော်ပြနေသော်လည်း ဤကမ္ဘာမှသေဆုံးရမည့်နေ့၌ သင့်အသက်တာအတွက် အရေးကြီးသည့်အရာသည်အဘယ်နည်း။

ရှင်လုကာခရစ်ဝင်။ 16:20 "လာဇရုအမည်ရှိသော သူဆင်းရဲတယောက်သည် တကိုယ်လုံး၌ အနာစိမ်းပေါက်၍၊"

ဤအကြောင်းအရာသည် သဏ္ဍာရီမဟုတ်ဘဲ အမှန်တရားဖြစ်ကြောင်းကို ကျွန်တော်တို့ သိပြီးသားဖြစ်သည်။ သခင်ယေရှုသည် မည်သူ့ကိုမျှ သီးခြားအမည်ဖြင့် ဥပမာပြောလေ့မရှိခဲ့ပါ။ သို့သော်ဤနေရာ၌ လာဇရုနှင့်အာဗြဟံအကြောင်းကိုနာမည်ထည့်ပြောထားသည်။ ဤသည်မှာနောက်တဖက်ကမ်း၌ လက်တွေ့အသက်ရှင်နေကြသည့်သူများ၏ အတွေ့အကြုံဖြစ်သည်ကို ဖော်ပြနေသည်။



လမ်းသရဲများကိုတွေ့လျှင်သင်မည်သို့ပြုသနည်း။ သူတို့ကိုရှောင်သွားပါသလား? အခြားလမ်းသို့သင်ရှောင်သွားပါသလား? သူတို့သည်သင့်ကိုဓါးပြတိုက်လိမ့်မည်ဟု သင်ယူဆပြီးဖြစ်ပါသလား ။ ထို့ကြောင့်သင်သည် ထိုအန္တရာယ်မှရှောင်ရှားရန်ကြိုးစားနေပါသလား။

တနေ့တွင်ကျွန်တော်သည် တနေကုန်ဧဝံဂေလိဝေငှပြီး ရာသီပွဲတော်တခုမှ ထွက်လာပြီး ကားပေါ်ပြန်တက်မည့်အချိန်တွင် အမျိုးသားတယောက်ကအုပ်တံတိုင်းပေါ်ထိုင်ကာကျွန်တော့်ကိုပြောသည် "ခင်ဗျားကျွန်တော့်ကိုကူညီပါလား ကျွန်တော်ပိုက်ဆံမရှိဘူး" ထိုနေ့၌ကျွန်တော်အလွန်ပင်ပန်းလွန်း၍ စကားပြောခြင်းဖြင့် အနားယူရသည့်ခံစားချက်ကိုနှစ်သက်သည်။ သူနှင့်စကားပြောရာ သူသည်ထောင်မှထွက်လာသူဖြစ်ကြောင်း သခင်ယေရှုအကြောင်းကိုကောင်းစွာပြောဖြစ်ကြသည်။ သူထောင်ထဲနေစဉ် သခင်ယေရှု၏အကြောင်းကိုတော်တော်များများဖတ်ခဲ့ဖူးသည်။ သူ့ကိုကောင်းကြီးဖြစ်သည့်အနေဖြင့် ပိုက်ဆံကူညီခဲ့သည်။ သူမျက်ရည်ပေါက်ပေါက်ကျနေသည်မှာ အံ့သြစရာ၊ ကျွန်တော်သူ့အားဒေါ်လာဆယ်သိန်းပေးနေသည့်အလား။ ထို့နောက်သူပြောပြသည်မှာ ထိုတနေ့လုံး၌ ကျွန်တော်သာလျှင် သူပိုက်ဆံတောင်းရဲသည့် ပထမဆုံးသောသူဖြစ်သည်ဆို၏။ သူငွေတောင်းခြင်းအတွက်ရှက်ကြောင်း၊ ထောင်မှလည်းသူ့အား အက်လန်တာသွားရန် ကားလက်မှတ်ဝယ်ပေးကြောင်း၊ ပိုက်ဆံလိုက်တောင်းခြင်းကသိက္ခာကျကြောင်း ။ သို့သော်နောက်ဆုံး၌သူသည်ထိုအဆင့်သို့ရောက်ခဲ့ကြောင်းပြောပြသည်။ ထိုနေ့၌သူ့ဘေးနားမှ ဖြတ်လျှောက်သောသူမှာ ကျွန်တော်ဖြစ်ရခြင်းအတွက် ဝမ်းသာလှပါသည်။ ကျွန်တော့်အသက်တာအားဖြင့် ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေမည်ဟု မျှော်လင့်ပါသည်။

အက်လန်တာလမ်းတွင် လူအားလုံးထက်ရဲရင့်သည့်သူမှာ ဂျွန်ဖြစ်ပါသည်။ ဂျွန်သည်အိုးအိမ်မဲ့သူဖြစ်ပြီး သူကိုယ်တိုင်လည်းလမ်းပေါ်နေရသည်ကို ကြိုက်ကြောင်းကျွန်တော်ကိုပြောသည်။ ကျွန်တော်တို့မြို့လည်တွင် လူစည်းရုံးရေးပြုစဉ်သူကအမြဲလာရောက်ကာဝေစာများကူညီဝေပေးခြင်းဧဝံဂေလိပြောခြင်း၌ပါဝင်လုပ်ဆောင်သည်။ သူသည်ကျမ်းစာကိုကောင်းကောင်းသိသည်။ သူ့အားနေ့စဉ်လိုအပ်သည့် အသုံးအဆောင်ပေးရန် ကျွန်တော့်မမေ့ဖူးပါ။ ဂျွန်သည် ကိုယ်ပိုင်အိမ်ရှိသောအခြားသူများထက်သာ၍ ဧဝံဂေလိဝေငှသည်။ သူ၏ကောင်းကင်ဆုများစွာရမည့်နေ့ကိုမြင်ရန် ကျွန်တော်၏စိတ်ပင်မထိန်းနိုင်တော့လောက်ပါ။

အခန်းငယ် 21 "သူဌေး၏စားပွဲမှကျသော စားနုပ်စားပေါက်ကို စားပါရစေဟု တောင့်တသောစိတ်နှင့် သူဌေးအိမ် တံခါးနားမှာ တုံးလုံးနေ၏။ ခွေးတို့သည် လာ၍ အနာစိမ်းများကို လျက်ကြ။"

တခါတရံ၌သင်အလွန်ဆာလောင်နေချိန် အခြားသူများ၏စားပွဲအောက်မှ စားကျွင်းစားကျန်သည် ကြယ် 5ပွင့်ရထားသည့် စားကောင်းသောအစာဖြစ်နိုင်ပါသည်။ ကျွန်တော်အစာမစားမီ အမြဲဆုတောင်းသည်မှာ ကျွန်တော့်ရှေ့မှအစာကိုတန်ဖိုးမြင်တတ်ရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချိန်အနည်းငယ်အတွင်း၌ပင် ဘုရားသခင်သည် အစာများကိုယူသွားကာ ကျွန်တော်သည်အခြားသူများ၏စားပွဲအောက်မှ အစာကောက်စားရမည့်အဆင့်ဖြစ်သွားနိုင်သည်။

အခန်းငယ် 22 "တနေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကိုခံရလေ၏။"

ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ အားလုံးကသင်္ချိုင်းအုပ်ဂူ၌ အဆုံးသတ်ရစမြဲသာ။ တခါတရံ ကျွန်တော်တို့သည် သင်္ချိုင်းကိုသွားလည်ပြီး ပတ်ပတ်လည်ကိုလေ့လာသင့်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ လူငယ်ရောသက်ကြီးရွယ်အိုပါ ထိုနေရာ၌တွေ့ရမည်။ သို့သော် သင်သည်ဤကမ္ဘာ၌ 15နှစ်နေနေ 115နှစ်နေနေ ထာဝရအသက်တာနှင့်နှိုင်းယှဉ်၍မရပါ။ မကြာမီကကျွန်တော်အသင်းတော်တစ်ခု၌ သွားရောက်ခွန်အားပေးသောအခါ ထိုအသင်းတော်၌ဆံပင်ဖြူနေသည့်သက်ကြီးသူများစွာရှိသည်။ ကျွန်တော်သည်အသက်ကြီးသူများကိုနှစ်သက်သည်၊ ထိုသူများမှာ နှိမ့်ချသောစိတ်ရှိသည့်အပြင် သဘောထားကြီးပြီး အသိညာဏ်ကြွယ်ဝသည်။ အကြောင်းအရာတစ်ခုကို အသက်ငယ်သူများနားလည်ရန် ကျွန်တော်ကြိုးစားရှင်းပြခဲ့စဉ် အသက်ကြီးသည်များအား မေးခွန်းထုတ်လိုက်သည်။ "အချိန်ကျော်လွန်မှု အရမ်းမြန်ဆန်တယ်မဟုတ်လား" ဟုမေးရာ ခန့်ချောများကအရေပြားတွန့်နေသည့် မျက်နှာမှ အပြုံးများနှင့်ခေါင်းညိမ့်ကြသည်။ အသက်တာကျော်လွန်မှုအလွန်မြန်ဆန်ပြီး ပြန်လည်ပြုပြင်ရန်အခွင့်မရတော့ပါ။ နောက်ထပ်အခွင့်ထပ်မရတော့သည့် ကမ္ဘာကြီး၌သင်သည် တစ်ခါသာလျှင်အသက်ရှင်ခွင့်ရှိသည်။ ထိုနောက်၌ အဆုံးစီရင်သည့်အချိန်ရောက်ပြီဖြစ်၍တစ်ကြိမ်သာအခွင့်ရှိသောဤလောက၌ မျှော်လင့်ချက်မဲ့စွာ သင်မည်သို့လျှောက်လှမ်းမည်နည်း။



အခန်းငယ် 23 "မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကို ခံရလျက် မျှော်ကြည့်၍၊ အာဗြဟံကိုငင်း၊ အာဗြဟံ၏ ရင်ခွင်၌ လာဇရုကိုငင်း အဝေးကမြင်လျှင်၊"

သူဌေးသည် သတိရှိနေသေး၍အဖြစ်အပျက်ကိုမြင်သည်၊ ထိုအမြင်ကို သူမကြိုက်။ အချို့သူများအမြင်၌ သေခြင်းတရားသည်အဆုံးသတ်ဖြစ်ပြီး ထိုနောက်၌ မည်သည့်အရာမျှမရှိဟုယူဆသည်။ ဤကျမ်းချက်၌ ဤသူဌေးသည်အသက်ရှင်နေပြီး သေခြင်းတရားသည်သူ့အတွက် နောက်တစ်ခန်းသွားရန် တံခါးဖွင့်သည့်သော့ချက်ဖြစ်နေပြီး ထိုအခန်းကိုသူမကြိုက်ပါ။ သို့သော်ထိုအခန်းသို့သွားရန် သူကိုယ်တိုင်ရွေးချယ်သောလမ်းဖြစ်သည်။

ငရဲသည်အမှန်တကယ်ရှိသောနေရာဖြစ်သည်။ ကျွန်တော့်သူငယ်ချင်းများ စကြနောက်ကြသည့်အတိုင်း ငရဲတွင်သူငယ်ချင်းများနှင့် ပါတီပွဲကြီးကျင်းပကာ "တီးလုံးများစွာရှိသော"နေရာဟူသော အတွေးကိုလက်မခံပါနှင့်။ ထိုအတွေးသည် သခင်ယေရှုကိုငြင်းပယ်ခြင်းဖြစ်ပြီး ငရဲသည်ပြင်းထန်မှုမရှိဟုခံစားစေခြင်းသာဖြစ်သည်။ ကင်းစောင့်များအနေဖြင့် ငရဲအကြောင်းကိုအမြဲ အလေးထားရမည်။ သူတို့သည် တံပိုးထုတ်၍ ဘုရားသခင်၏စကားနားမထောင်ခြင်း၏ဆိုးယုတ်မှုနှင့် ထာဝရအသက်အတွက်ပင်အကျိုးသက်ရောက်ကြောင်း လူအများသိစေရန်မှတ်ရမည်။

အမေရိကန်၏အကျော်ကြားဆုံးဘုရားမဲ့ဝါဒီတစ်ဦးဖြစ်သည့်Robert Ingersoll က “ငရဲဆိုတဲ့အရာဟာ လက်စားချေခြင်းနဲ့ ရက်စက်ကြမ်းကြုတ်တဲ့အတွေးမှပေါ်ပေါက်လာတာဖြစ်ပြီး ကြောက်ရွံ့တဲ့စိတ်ခတ်တွေ စိမ့်ဝင်ခြင်းကြောင့်သာဖြစ်တယ်။ ကျွန်တော်ဒီသာသနာကိုမကြိုက်၊ ဒီသင်ကြားမှုကိုမကြိုက်၊ ကျွန်တော်မုန်းတယ် ဒီသင်ကြားမှုကိုကျွန်တော်ဆန့်ကျင်တယ်"



ငရဲသည်အမှန်တကယ်ရှိသောနေရာဖြစ်သည်။ ကျွန်တော့သူငယ်ချင်းစနေ့ာက်ကြသည့်အတိုင်း ငရဲတွင်သူငယ်ချင်းများနှင့်ပါတီပွဲကြီးကျင်းပကာ "တီးလုံးများစွာရှိသော"နေရာဟူသောအတွေးကို လက်မခံပါနှင့်။

ကျွန်တော်အမြဲပြောဖူးသည်မှာ သင်၏ယုံကြည်မှုသည်အရေးမကြီးပါ၊ အမှန်တရားသာလျှင်အရေးကြီးသောအရာဖြစ်သည်။ ငရဲအကြောင်းကို သင်မယုံကြည်သော်လည်း ငရဲက အမှန်ပင်ရှိသည်ဟုကျမ်းစာ၌အသိအလင်းဖော်ပြထားသည်။

ကျွန်တော်တို့မမေ့သင့်သည်မှာ ငရဲအကြောင်းကို သခင်ယေရှုကိုယ်တိုင်ပြောခဲ့သည်။ အကယ်၍ အမှန်တကယ်ငရဲမရှိလျှင် သခင်ယေရှုက ကမ္ဘာပေါ်ရှိလူသားသန်းပေါင်းများစွာကို လိမ်လည်နေခြင်းဖြစ်မည်။ သို့သော်သခင်ယေရှု၏သဏ္ဌာန်မှာ ထိုသို့မဟုတ်ပါ။

ယောဟန်၏တပည့်တစ်ဦးဖြစ်သော Polycarp သည်ငရဲဆိုသည်မှာ အမှန်တကယ်ရှိကြောင်းသိသည်။ သူယုံကြည်သူအဖြစ်ရပ်တည်မှုကြောင့် နှိပ်စက်ညှဥ်းပန်းခံရပြီး မီးရှို့ခံရမည်ဟုခြိမ်းခြောက်ရာ သူက “သင်ကကျွန်ုပ်ကို တစ်နာရီလောက်ပဲတောက်လောင်နေတဲ့မီးနဲ့ ခြိမ်းခြောက်တယ်။ လောင်ပြီး တာနဲ့မှိန်သွားမယ်။ ဒါပေမဲ့ဘုရားမဲ့များအတွက် ရောက်လာမဲ့တရားစီရင်ခြင်းမီးဟာ ထာဝရမငြိမ်းတဲ့မီးဆိုတာ သင်တို့မသိကြ။ ဘာကြောင့်စောင့်နေရသလဲ? သင်တို့အလိုရှိတဲ့အတိုင်း ကျွန်ုပ်ကိုမီးနဲ့ရှို့ပါ "၆၁

ငရဲသည် အမှန်တကယ်နှင့် ထာဝရဖြစ်ကြောင်း Polycarp သိသည်။ အပြစ်သားများသွားရမည့်နေရာဖြစ်ကြောင်း လူတွေကိုသတိပေးလိုသည်။

ငရဲကို သမ္မာကျမ်းစာတွင် ဖော်ပြထားသည်မှာ “မငြိမ်းနိုင်သော မီး၊ ဒဏ်ပေးခြင်း၊ နာကျင်ခြင်းဝေဒနာခံစားရသည့်နေရာ ၊ သင်သည်သတိရှိနေလျှင် သင်စိတ်မကောင်းဖြစ်ရမည့်နေရာဖြစ်သည်။” ၎င်းနေရာသည် “ဆာလောင်မှု၊ စိတ်ကျဥ္စ်းကြပ်မှု၊ စိတ်ပျက်မှု၊ ဒေါသ” နှင့်ပြည့်သောနေရာတစ်ခုဖြစ်သည်။ “ဘုရားသခင်၏အမျက်တော်ထွက်သည့်" နေရာလည်းဖြစ်သည်။



သမ္မာကျမ်းစာက ငရဲသို့သွားမည့်သူများ၏ အမည်များကိုလည်း ဖော်ပြထားပါသည်။ ထိုသူတို့မှာ စာတန်၊ ခရစ်တော်ကိုဆန့်ကျင်သူ၊ ပရောဖက်အတုအယောင် ၊ အပြစ်၌လဲကျသည့်ကောင်းကင်တမန်၊ ယုဒရှကာရုတ်နှင့် ကယ်တင်ခြင်းမရသေးသောသူအပေါင်းတို့ဖြစ်ကြသည်။

ဗျာဒိတ်ကျမ်း။ 21:8 "ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံ့ရှာဘွယ်သောသူ၊ လူအသက်ကို သတ်သော သူ၊ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ် သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား၊ ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့်လောင်သော မီးအိုင်ထဲ၌မိမိတို့ အဘို့ကိုရကြလိမ့်မည် ဟူ၍၎င်း ငါ့အား မိန့်တော်မူ၏။"

ဘုရားသခင်သည် ငရဲ၏ဇာတ်လမ်းကို ရှင်းရှင်းလင်းလင်းပြောပြပြီး ထိုနေရာသို့သွားမည့်သူများ၏အမည်များကို စာရင်းပြုစုထားသည်။ စကားလေးတစ်ခွန်းနှင့် လိမ်ညာမှုတစ်ခုက သင့်ကိုထိုနေရာသို့ ပို့ပေးလိမ့်မည်။ ဘုရားသခင်သည် အပြစ်အနာအဆာကင်းစင်သောကြောင့် ဒုစရိုက်တိုင်းသည် ကိုယ်တော်အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ သို့သော် ယေရှုခရစ်၏အသွေးတော်ကြောင့် ကျွန်ုပ်တို့၏အပြစ်များကင်းစင်ခဲ့သည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့အားလုံးသည် နာကျင်မှုဝေဒနာများကို ကမ္ဘာပေါ်တွင်ထာဝရကြုံတွေ့ရမည်ဖြစ်သည်။

သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် 1:9 "ထိုသခင်သည် မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော် ထင်ရှားခြင်းကို၎င်း၊ ငါတို့သက်သေကို သင်တို့သည် ယုံကြည်သည်ဖြစ်၍၊"

ဗျာဒိတ်ကျမ်း။ 14:10-11 "ထိုသူသည်ဘုရားသခင်၏ ဒေါသဖလား၌ လောင်းသော အမျက်တော်စပျစ်ရည်စစ်ကို သောက်ရ လိမ့်မည်။ သန့်ရှင်းသောကောင်းကင်တမန်တို့ရှေ့၊ သိုးသငယ်ရှေ့တွင်၊ ကန့်နှင့်ရောသောမီးထဲမှာ ပြင်းစွာ သော ညှဉ်းဆဲခြင်းကို ခံရလိမ့်မည်။ ထိုညှဉ်းဆဲခြင်း၏ မီးခိုးသည် ကမ္ဘာအဆက်ဆက် တက်လျက်ရှိ၏။

သားရဲနှင့် သူ၏ရုပ်တုကို ကိုးကွယ် ၍၊ သူ၏နာမတံဆိပ်လက်မှတ်ကို ခံသောသူတို့သည် နေ့ညဉ့်မပြတ် သက်သာ မရကြဟု၊ လိုက်၍ကြီးသော အသံနှင့် ပြောဆို၏။"

ဗျာဒိတ်ကျမ်း။ 20:10–15 "သူတို့ကိုလှည့်ဖြားသော မာရ်နတ်ကိုလည်း၊ သားရဲနှင့်မိစ္ဆာပရောဖက်ရှိရာ၊ ကန့်နှင့်ရောနှောသော မီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည် နေညဉ့်မပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံရကြလတံ့။ တဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုငင်း၊ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုငင်းငါမြင်၏။ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့ နေစရာအရပ်မရှိ။ သေလွန်သောသူ အကြီးအငယ်တို့သည် ပလ္လင် တော်ရှေ့မှာ ရပ်နကြသည်ကို ငါမြင်၏။ စာစောင်များ ကို ဖွင့်ထား၏ အသက်စာစောင်တည်းဟူသော အခြား တပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန် သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင် ခြင်းကို ခံရကြ၏။သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကို အပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ ရှိသော လူသေတို့ကို အပ်ပေးကြ၏။ လူအသီးအသီး တို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။ ထိုအခါမရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။ အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏။"

ငရဲသည် ဆင်းရဲဒုက္ခနှင့် ပြည့်သောနေရာ၊ အမှန်တကယ်နာကျင်ခြင်းကို ခံစားရသည့်နေရာ ဤဥပမာကဲ့သို့ သူဌေးသည်သေပြီးသည့်တိုင် သူ၏မျက်လုံးနှင့် အခြားအာရုံများသည် အလုပ်လုပ်ဆဲဖြစ်သည်။

"ဤအချက်က အလွန်ရှင်းပါသည်၊ ဤသူသည်လူစစ်စစ်ဖြစ်ပြီးစစ်မှန်သည့်နေရာ၌ စစ်မှန်သောဒုက္ခကို ငရဲလို့ခေါ်သောနေရာ၌ အမှန်ပင်ခံစားနေရခြင်းဖြစ်သည်။၆၂





ငရဲသည်ဆင်းရဲဒုက္ခနှင့် ပြည့်သောနေရာ၊ အမှန်တကယ်နာကျင်ခြင်းကိုခံစားရသည့်နေရာ ဤဥပမာကဲ့သို့ သူဌေးသည်သေပြီးသည့်တိုင် သူ၏မျက်လုံးနှင့် အခြားအာရုံများသည် အလုပ်လုပ်ဆဲဖြစ်သည်။

အခန်းငယ် 24 "အိုအဘအာဗြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသော ကြောင့်၊ လာဇရုသည်မိမိလက်ဖျားကိုရေ၌နှစ်၍ အကျွန်ုပ်လျှာကိုအေးစေခြင်းငှါ သူ့ကိုအကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။"

သဌေးက အကူအညီရရန်ဟစ်အော်သည်၊ သူမည်သည့်အရာအလိုရှိပါသနည်း? သနားခြင်းဂရုနာဖြစ်သည်။ လူတိုင်းကမည်သည့်အရာကိုအလိုရှိသည်ကိုသင်သိပါသလား၊ ဂရုဏာဖြစ်သည်။ ကျွန်တော်သည်မေတ္တာဂရုဏာကိုအလိုရှိသည်။ ကျွန်တော်နှင့်ထိုက်သင့်သည့်အရာကို ကျွန်တော်အလိုမရှိ၊ ကျွန်တော်နှင့်မထိုက်သင့်သည့်အရာကိုအလိုရှိသည်။ ကျွန်တော်သည်ဘုရားသခင်ထံမှ မျက်နှာသာရရန်မထိုက်တန်ပါ။ သို့သော်ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်တော်မျက်နှာသာရခဲ့၏။ ထို့ပြင်သေချာသည်မှာနောက်အသက်တာ၌လည်း မေတ္တာဂရုဏာရလိုသည်။ ဘုရားသခင်က သခင်ယေရှု၏အသွေးတော်မှတဆင့် ကျွန်တော်အားပေးကမ်း၏။ ကျွန်တော်ရရှိခြင်းအကြောင်းရင်းမှာ ဤလောက၌အသက်ရှင်စဥ်၌ ကိုယ်တော်နောက်လိုက်လျှောက်ခြင်းသာဖြစ်သည်။

ဆာလံကျမ်း 136:1 " ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ် ကျေးဇူးတော်ကို ချီးမွမ်းကြလော့။"

ဆာလံကျမ်း 86:5 "အို ထာဝရဘုရား၊ ကိုယ်တော်သည် ကောင်း သောသဘော၊ သည်းခံတတ်သော သဘောနှင့် ပြည့်စုံ၍၊ ကိုယ်တော်ကို ပဋ္ဌနာပြုသော သူအပေါင်းတို့အား ကရုဏာတော်ကြွယ်ဝပါ၏။"

ဘုရားသခင်သည် အလွန်သနားကြင်နာခြင်း ကရုဏာရှိပါသည်။ မည်သူ တဦးတယောက်ကိုမှငရဲမသွားစေလိုပါ။ ဘုရားထံမှထိုဂရုဏာကိုရရှိပြီလား၊ တစ်နေ့ တွင်သူ၏ကျေးဇူးတော်ကို လူသားတို့သည် ရရှိလိမ့်မည်မဟုတ်ကြောင်း သင်သိသင့် သည်။ သူတို့ဘုရားသခင်ကို ငြင်းပယ်ခြင်းသည် နောက်ဆုံးအချိန်သို့ရောက်လာပြီး အပြစ်များခွင့်လွှတ်ခြင်းနှင့် ကရုဏာကို မရနိုင်တော့ပေ။ သူတို့အပေါ်၌ ပေးဆောင်လို သောကျေးဇူးတော်သည် မရှိတော့ပါ။

ငရဲသည် အစစ်အမှန်ဖြစ်သည်။ ရှည်လျားပြီးပူပြင်းသည့် နွေရာသီကိုကြုံဖူး ပါသလား။ ရေငတ်ပြေရန် တစ်ခုတည်းသောအလိုရှိသည့်အရာက ရေအေးသာလျှင် မဟုတ်ပါသလား။ ကျွန်တော်ငယ်ငယ်တုန်းကပေါ့၊ မူလတန်းကျောင်းမှာ ဘတ်စကတ် ဘောကစားကြရန်လူစုစည်းပါသည်။ ပူပြင်းသောတနင်္ဂနွေနေ့လည်ခင်းတွင် Converse ဖိနပ် Zach Taylor တံဆိပ်ကို ဝတ်ဆင်ကာ ကပ်တရာခင်းထားသောလမ်း ပေါ်တွင် နာရီပေါင်းများစွာ ပြေးလွှားနေခဲ့သည်။ Coke နှင့် Gatorade အအေးခံထားသည့်ကြီး သောပုံးကိုပါယူဆောင်သွားကြသည်။ ငရဲပြည်တွင်မည်မျှပူပြင်းသည်ကိုလူတွေ သိကြ လိမ့်မည်။ Gatorade ကို တစ်ငုံသောက်ရန် မီးတွင်းထဲ တွားသွားသော်လည်း ထိုအခွင့်အရေးကမရှိတော့ပါ။ သူတို့၏ ကံကြမ္မာကို တံဆိပ်ခတ်လိုက်ပြီဖြစ်သည်။ အားလုံး၏မျှော်လင့်ချက်များ ပျောက်ဆုံးပါပြီ။ သခင်ယေရှုကိုသူတို့ငြင်းပယ်ခြင်းသည် ကန့်သတ်ချက်သို့ရောက်သွားပြီးဖြစ်ပါသည်။

အခန်းငယ် 24 တွင် "အိုအဘအာဗြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ် သည် ဤမီးလျှံ၌ ပြင်းစွာခံရသော ကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှါ သူ့ကို အကျွန်ုပ်ရှိရာသို့ စေ လွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။"

သူဌေး၏ အသိစိတ်သည် သူ့အတိတ်ဘဝကို အသေးစိတ်ပြန် မှတ်မိစေ ခဲ့သည်။ တံခါးရှေ့မှာ အမြဲထိုင်နေသည့်လာဇရုကို သူမှတ်မိသေးသည်။ ထို့အပြင် ထိုသို့ပြုခွင့်ရသည့်အခါ၌ပင် သူသည်လာဇရုအတွက် ဘာမှမလုပ်ခဲ့ကြောင်းမှတ်မိ၏။



သို့ဆိုလျှင် သင်သည်မည်သည့်အရာနှင့် အလဲအလှယ်လုပ်မည်နည်း။ New York City မှဇိမ်ခံကွန်ဒိုတစ်ခု၏အပေါ်ဆုံးအထပ် သို့မဟုတ် Palm Beach ရှိ ပင်လယ်ကမ်းစပ်မှအိမ်ကြီးနှင့် ကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်အတူရှိသည့် ထာဝရ အသက်ရရန်လဲလှယ်မည်လား။ သို့သော်မလှည့်စားပါနဲ့၊ လူသည်ခန်းနားသည့်အိမ်ကြီး နည်းတူ အိပ်ခန်းနှစ်ခန်းပါသည့် အိမ်လေးကိုကိုးကွယ်နိုင်ပြီး Kia တံဆိပ်ကားတွေ ကိုလည်း Lamborghini ကားကဲ့သို့ ဝတ်ပြုကိုးကွယ်နိုင်သည်။ အမှန်တွင်သင်၏ နှလုံးသားပေါ်မှာသာ မူတည်သည်။ သင့်နှလုံးသားက မည်သည့်အရာနှင့်မည်သူ့ကို ကိုးကွယ်နေသနည်း။ ကင်းစောင့်က သူတို့မည်သူ့ကို ကိုးကွယ်ကြောင်း သူတို့ဘဝမှာ ပထမဆုံးနှင့်အရေးအကြီးဆုံးက မည်သူဖြစ် ကြောင်း အမြဲသိနေသည်။



လူသည်ခန်းနားသည့်အိမ်ကြီးနည်းတူ အိပ်ခန်းနှစ်ခန်းပါသည့်အိမ်လေးကို ကိုးကွယ်နိုင်ပြီး Kia တံဆိပ်ကားတွေ ကိုလည်း Lamborghini ကားကဲ့သို့ ဝတ်ပြုကိုးကွယ်နိုင်သည်။အမှန်တွင် သင်၏နှလုံးသားပေါ်မှာသာ မူတည်သည်။

အခန်းငယ် 26 တွင် "ထိုမှတပါး၊ ငါတို့နှင့် သင်တို့စပ်ကြား၌အလွန်နက်လှသောချောက်ကြီး တည်လျက်ရှိ၏။ ထိုကြောင့် ဤ အရပ်မှသင်တို့ ရှိရာသို့ ကူးချင်သောသူမကူးနိုင်။ ထိုအရပ်မှ ငါတို့ရှိရာသို့ ကူးချင်းသောသူလည်း မကူးနိုင်ဟု ဆို၏။"

ထိုသို့ပင်မလုံလောက်သေးပါ။ တစ်ဖက်မှတစ်ဖက်သို့ ကူးမသွားနိုင်ပါ။ သင်သေသောအခါ တရားစီရင်ခြင်းသည် ကြိုတင်သတ်မှတ်ထားသည့်အတိုင်းဖြစ် လိမ့်မည်။ ယေရှုခရစ်၌ တရားမျှတမှုရရန် တဖန်ပြန်လည်ပြုပြင်နိုင်ရန် သင့်အတွက် ဒုတိယအခွင့်အရေးမရှိတော့ပါ။

ဟေဗြဲသြဝါဒစာ။ 9:27 "လူသည် တခါတည်းသေ၍ ထိုနောက်မှ တရား စီရင်တော်မူ ခြင်းကိုခံရသကဲ့သို့၊"

စဉ်းစားကြည့်ပါ၊ ငရဲ၌ရှိလူများသည် ငရဲမှထွက်ကာ ကောင်းကင်ဘုံရှိ လူများနှင့် အတူနေချင်ကြပေမည်။ ကောင်းကင်ကလူများကလည်း ထိုလူတွေကို

ငရဲထဲမှထုတ် ချင် ရှာကြလိမ့်မည်။ သို့သော် တစ်ယောက်နှင့်တစ်ယောက် ကူးသွားရန် လမ်းမရှိပါ။ ထို့ကြောင့် ကင်းစောင့်များသည် တခြားသူများအသက်ရှင်ဆဲ၌ မိမိတာဝန်ကိုထမ်းဆောင်ရမည်ကို သိနေပါသည်။ ကျွန်ုပ်တို့သည် လူအများအား တရားစီရင်ခြင်းအကြောင်းကို သူတို့သေပြီးမှ သတိပေးခြင်းမဟုတ်ဘဲ သူတို့အသက်ရှင်နေတုန်း၌သတိပေးခြင်းဖြစ်သည်။

အခန်းငယ် 27-28 တွင် "သူဌေးကလည်း၊ အိုအဘ၊ ထိုသို့မှန်လျှင်၊ အကျွန်ုပ်၌ ညီငါးယောက်ရှိပါသည်ဖြစ်၍၊ သူတို့သည် ဤပြင်းပြစွာ ခံရာအရပ်သို့မရောက်မည် အကြောင်း၊ သူတို့အားသက်သေခံစေခြင်းငှါ၊ လာဇရုကိုအကျွန်ုပ်အဘ၏အိမ်သို့စေလွှတ်တော်မူပါ။ အကျွန်ုပ် တောင်းပန်ပါ၏ဟု ပြောဆိုလျှင်၊"

သူဌေးကအဘယ့်ကြောင့် တစ်စုံတစ်ဦးကို ဖခင်၏အိမ်သို့စေလွှတ်ရန် ဘုရားသခင်ထံ တောင်းလျှောက်ခဲ့သနည်း။ လူသည်သေသွားသော်လည်း အသက်ရှင်နေချိန်မှာ မည်သည့်အရာပြုလုပ်ခဲ့ကြောင်း မှတ်မိသေးသောကြောင့်ဖြစ်သည်။ သူတို့ငရဲကိုရောက်သွားရခြင်းအကြောင်းသိကြလိမ့်မည်။ သူတို့၏ကံကြမ္မာကို တံဆိပ်ခတ်ပြီးနောက်ယေရှုခရစ်ကိုငြင်းပယ်ခဲ့ကြသည့်အရာသည်ထာဝရအကျိုးသက်ရောက်ခြင်းဖြစ်သည်။ ဤနေရာတွင် စိတ်ဝင်စားစရာတစ်ခု ဖြစ်ပျက်ခဲ့သည်မှာ သန်းကြွယ်သူဌေးက တပါးသူကို ဂရုစိုက်မှုဖြစ်ပေါ်လာသည်။ လောကတွင်အသက်ရှင်တုန်းက ဘုရားသခင်အကြောင်း စိတ်မဝင်စားသော်လည်း ယခုတွင်အရာအားလုံး ပြောင်းလဲသွားပါပြီ။ ငရဲမှသူဌေးက သူ့ညီအကိုများကို တစ်စုံတစ်ယောက်မှသက်သေခံစေလိုသည်လား? သူ၏ညီအကိုများနှင့်ဆက်ဆံရေးကောင်းမကောင်း ကျွန်ုပ်တို့မသိခဲ့ပါ၊ သူတို့အကြားဆက်ဆံရေးကောင်းမည် သို့မဟုတ် ကောင်းချင်မှကောင်းမည်။ သူ၏ညီအကိုများအား ဥစ္စာဝေပေးဖူးချင် ဝေပေးနိုင်သည်။ ဘာကြောင့်သူကညီအကိုများအားစိုးရိမ်သနည်း။ သူ၏လောကီအသက်တာ ကုန်ဆုံးသော်လည်း သူ၏ခံစားချက်များ မသေဘဲ ထာဝရတည်မြဲနေသောကြောင့်သည်။ သူ၏ညီအစ်ကိုများကို



သူဌေးကအဘယ့်ကြောင့်တစ်စုံတစ်ဦးကို ဖခင်၏အိမ်သို့စေလွှတ်ရန်ဘုရားသခင်ထံ တောင်းလျှောက်ခဲ့သနည်း။လူသည်သေသွားသော်လည်း အသက်ရှင်နေချိန်မှာ မည်သည့်အရာပြုလုပ်ခဲ့ကြောင်းမှတ်မိသေးသောကြောင့်ဖြစ်သည်။



မည်သို့သက်သေခံစေလိုသနည်း? ခန့်မှန်းရလွယ်ပါသည်။ သူ၏အစ်ကိုတို့အား ဤဆင်းရဲသောအရပ်သို့ မလာစေလိုပါ။ ထို့ကြောင့်သူဌေးက သူ့ဆွေမျိုးများကို ယေရှုခရစ်အကြောင်းပြောပြနိုင်သည့်တယောက်ယောက်ကိုအလိုရှိသည်။ ဘုရားသခင်က သူ၏ဆွေမျိုးများအား ကောင်းကင်သို့မဟုတ်ငရဲသွားရန် ကြိုတင်မသတ်မှတ်ထားကြောင်းသူသိသည်။သူတို့သည်မိမိတို့၏ရွေးချယ်မှုအတိုင်းရရှိမည်ဖြစ်ပြီးယေရှုခရစ်နှင့်ပတ်သက်သည့် တိကျသောအချက်အလက်များကို သိရှိရန် လိုအပ်သည်။ ယခုပင်သိရန်လိုအပ်သည်။

ကောင်းကင်ဘုံရှိလူတို့သည် မျက်နှာချင်းဆိုင်ဧဝံဂေလိဟောပြောခြင်းကို ယုံကြည်ကြသည်မှာ စိတ်ဝင်စားစရာပင်မဟုတ်သလား။ ငရဲမှလူတစ်ဦးက ဧဝံဂေလိတရားကိုမျက်နှာချင်းဆိုင်တိုက်ရိုက်ပြောခြင်းကို ယုံကြည်သည်။ သို့သော်ခရစ်ယာန်ဟုအမည်တပ်သောလူများသည် သခင်ယေရှုခရစ်၌ယုံကြည်ခြင်းတရားကို ဟောပြောခြင်းမပြုကြပါ။ ထို့ကြောင့်သူတို့သည် မျက်နှာချင်းဆိုင်ဧဝံဂေလိဟောပြောခြင်းကို မယုံကြည်ကြသူများဖြစ်သွားသည်။ကင်းစောင့်များသည်ထိုသို့အဖြစ်မခံ၊ကယ်တင်ခြင်းမခံရ သေးသူများကို သတိပေးရန် ကျွန်ုပ်တို့စိတ်ပူပန်နေပါသည်။

ဘုရားသခင်ကို မယုံကြည်ဘဲ သေဆုံးသွားသည့် သင့်သူငယ်ချင်းတစ်ယောက်အကြောင်း စဉ်းစားကြည့်ပါ။ ကျေးဇူးပြုပြီး ငြိမ်ပြီးနားထောင်ကြည့်ပါ။ သူ့အသံကို သင်ကြားပါသလား။ ငရဲမှသူ၏ အော်ဟစ်သံကိုသင်ကြားပါသလား။ "ကျေးဇူးပြုပြီးကျွန်တော့်ရဲ့ဆွေမျိုးကို သခင်ယေရှုအကြောင်း ပြောပြပါ။သူတို့ဒီဆင်းရဲတဲ့နေရာကို လာစရာမလိုအောင်ပြောပြပါ။” ခဏလောက် လေးလေးနက်နက် စဉ်းစားပါ။ ထိုသူကိုမြင်ယောင်ပြီး သူပြောနေသည့် ဤစကားများကို ကြားသည့်အထိ ကြိုးစားနားထောင်ပါ။ ဘုရားသခင်ကိုမယုံကြည်ဘဲသေဆုံးသွားသည့် ခံစားချက်မဲ့သည့် စကားများမဟုတ်ပါ။ ဤသည်မှာကြောက်မက်ဖွယ်ကောင်းသည့် ထာဝရတည်မြဲနေမည့်အဖြစ်အပျက်တစ်ခုပါ။ ယေရှုခရစ်တော်ကို သိကျွမ်းခြင်း၏ အရေးပါမှုအမှန်တရားကို ယခုသူတို့သိပါပြီ။



သင့်သူငယ်ချင်းတစ်ယောက်အကြောင်း စဉ်းစားကြည့်ပါ။ကျေးဇူးပြုပြီးငြိမ်ပြီး နားထောင်ကြည့်ပါ။သူ့အသံကိုသင်ကြားပါသလား။ ငရဲမှသူ၏ အော်ဟစ်သံကို သင်ကြားပါသလား

သို့သော်သူတို့အတွက် အလွန်နောက်ကျနေပြီ၊ ထို့ပြင် ဤသို့ဒုက္ခခံစားရသည့်နေရာကို နောက်ထပ်လူများ မသွားစေချင်ကြပါ။

ကယ်တင်ခြင်းမရဘဲ ငရဲသို့သွားရမည့်လူကို မြင်ယောင်ကြည့်ရန် ခဏ အချိန်ယူပါ။ ခရစ်တော်ကိုငြင်းဆိုခဲ့သည့် Frank Sinatra ၊ Steve Jobs ကဲ့သို့ သောနာမည်ကြီးများ သို့မဟုတ် ဓာတ်ဆီဆိုင်မှာ တွေ့ခဲ့သည့်သူ သို့မဟုတ် ဈေးဝယ် စင်တာမှာ သူတို့၏ ပုံရိပ်ကိုမြင်ယောင်ကြည့်ပါ။ အော်ဟစ်နေသည့်သူတို့၏အသံကို နားထောင်ပါ။ ထိုသို့ဒုက္ခနှင့်မချိမဆံ့နာကျင်ခြင်းရှိသည့် နေရာကိုဘယ်သူမှထပ်မသွား စေချင်ပါ။ ဘုရားသခင်ကိုမသိသေးဘဲ မည်သူမျှမသေစေလိုသည့် သူတို့၏ဆန္ဒနည်းတူ သင်၌ရှိပါသလား။ ကင်းစောင့်က ဤကိစ္စကို အာရုံစိုက်လိမ့်မည်။ ဘုရားသခင်၏အလို တော်အတိုင်း ပြုလိုသောစိတ်ရှိပြီး သူတို့၏အတွေးသည် သံမဏိကဲ့သို့ ခိုင်ခံ့အောင်ထု လုပ်ထားကြသည်။ အစောင့်များ၏ တာဝန်ကို အာရုံစိုက်ကာ နောက်ပြန်မလှည့်ကြပါ။

အခန်းငယ် 29 "အာဗြဟံက၊ သင်၏ညီတို့၌ မောရှေမှစ၍ ပရောဖက်များရှိကြ၏။ ပရောဖက်တို့၏ စကားကို နား ထောင်ကြစေဟုဆို၏။"

ဤတွင်အာဗြဟံက ရှင်းရှင်းလင်းလင်းပြောထားသည်မှာ ထိုလူများ၌ သမ္မာကျမ်းစာရှိပြီးသားဖြစ်သည်။ သူတို့တွင် တိုရာဟုခေါ်သော မောရှေ၏ ပညတ္တိကျမ်းရှိသည်။ သူတို့၏ရှေ့မှာ အဖြေအားလုံးရှိသည်။ သူတို့တွင် ယုံကြည်ပြီး အမှန်တရားကို ရှာဖွေနိုင်သည့် သမ္မာကျမ်းစာပါ ပရောဖက်ပြုချက်အားလုံးရှိသည်။

ရှင်ယောဟန်ခရစ်ဝင်။ 6:45 "အနာဂတ္တိကျမ်းစာ၌လာသည်ကား၊ ထိုသူအပေါင်း တို့သည် ဘုရားသခင်ဆုံးမသွန်သင်တော်မူသောသူ ဖြစ်ကြလိမ့်မည်ဟု လာသည်နှင့် အညီ။ ခမည်းတော်ထံ၌နားထောင်၍ နည်းခံသောသူမှန်သမျှတို့သည် ငါ့ထံသို့ လာကြ၏။"



သို့သော်စစ်မှန်သည့်မေးခွန်းမှာ သူတို့သည်ရှာဖွေကြပါသလား?

တရားဟောရာကျမ်း 4:29 "သို့သော်လည်း၊ ထိုအရပ်တို့၌ သင်တို့၏ဘုရား သခင် ထာဝရဘုရားကို တဖန်ရှာလိုသောအခါ၊ စိတ်နှလုံး အကြွင်းမဲ့ရှာလျှင် တွေ့ရကြလိမ့်မည်။"

ဟေဗြဲဩဝါဒစာ။ 11:6 "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူ သည်ကိုင်း၊ ယုံကြည်ရမည်။"

ဘုရားသခင်သည် မည်သူဖြစ်သည်ဟု ရှာဖွေရန် သူတို့၌ တာဝန်ရှိကြောင်း လူတို့အား သတိပေးပါ။ လောကီအရာကို ရှာကြမည်လား သို့မဟုတ် ဘုရားသခင်နိုင်ငံ တော်ကိုရှာကြမည်လား၊ တစ်ခုခုကိုသူတို့ရွေးချယ်ရမည်။

အခန်းငယ် 30 " သူဌေးကလည်း၊ မဟုတ်ပါ အဘအာဗြဟံ။ သေသောလူစု ထဲက တယောက်သောသူသည် ထ မြောက်၍ သူတို့ရှိရာသို့ သွားလျှင်၊ သူတို့သည် နောင်တရကြပါလိမ့်မည်ဟုဆိုသော်၊"

အမှန်လား? သေလွန်သောသူတို့သည် လောကသို့ပြန်သွားနိုင်သည်ဆိုပါက သူတို့သည်နောင်တရ၍ ဘုရားသခင်ကိုယုံကြည်လိမ့်မည်ဆိုသည်မှာ မှန်သလား။ ကျွန် တော်ကန့်ကွက်ပါသည်။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင်သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းကို မြင်ဖူးသူများ၏သက်သေခံချက်သည်ငြင်းပယ်စရာမရှိပါ။

သခင်ယေရှုကို မယုံကြည်သူများသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ယုံမည်မဟုတ်ပါ။ ထို့ကြောင့်၊ အချက်အလက်အထောက်အထား၏နိယာမကို ငြင်းပယ်သောသူဖြစ်သည်။ အမှန်မှာဘုရားသခင်ကို ယုံကြည်သည်ဖြစ်စေ မယုံကြည်သည်ဖြစ်စေ ကျွန်ုပ်တို့ဆန္ဒသာဖြစ်သည်။လူများသည်ဘုရားသခင်ကို မယုံကြည်ချင်ကြသည့်နည်းတူ သခင်ယေရှုကိုလည်း မယုံချင်ကြပါ။ သူတို့ မယုံကြည်ချင်သည့် အဓိကအကြောင်းရင်းကအဘာယ်နည်း? အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ရှိသောအခါ မိမိအသက်တာကိုမိမိမထိန်းချုပ်နိုင်ဟုခံယူခြင်းကြောင့်ဖြစ်သည်။ ယေရှုကိုငြင်းပယ်ခြင်းသည် သင်၏အလိုအတိုင်းအသက်ရှင်ခွင့်ရသော်လည်း အချိန်တိုအတွင်းသာ ဖြစ်လိမ့်မည်။ သင်သေသောအခါထိုပလ္လင်ပေါ်တွင် ထိုင်သောသူသည် သင်မဟုတ်ဘဲ ဘုရားသခင်ဖြစ်ကြောင်းသေချာစွာ သိလိမ့်မည်။

အခန်းငယ် 31 တွင် "အာဗြဟံက၊ သူတို့သည် မောရှေ၏စကား၊ ပရောဖက်တို့၏စကားကို နားမထောင်လျှင်၊ တယောက် သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြဟု အာဗြဟံဆိုသည်ဟု မိန့်တော်မူ၏။"

သင်မှန်းဆသည့်အတိုင်း ထိုသူဌေး၏ညီအကိုများက အမှန်တရားကို နားမထောင်ချင်ကြပါ။ တစ်ယောက်ယောက်က သေဆုံးပြီးသင်္ချိုင်းတွင်းမှထွက်၍ ထလာလျှင်ပင်ငြင်းကြလိမ့်မည်။သူတို့၏မောက်မာမှုက သူတို့အတွက်အတားအဆီးဖြစ်နေသည်။ သူတို့၏ မောက်မာခြင်းကြောင့် “ကျွန်ုပ်ကသာ အကောင်းဆုံးလူသားပါ" ဟု ပြောကြမည်။ အဖြစ်မှန်သည် မိမိကိုယ်ကို လှည့်ဖြားသည့်စိတ်ကူးယဉ်ပုံပြင်နှင့်မတူပါ။

ဆာလံကျမ်း 10:4 "မတရားသောသူသည် မာနထောင်လွှားသော ကြောင့်၊ မစဉ်းစားတတ်ပါ။ ဘုရားသခင်မရှိဟု အစဉ် အောက်မေ့တတ်ပါ၏။"



သုတ္တံကျမ်း။ 16:18 "မာနသည်ပျက်စီးခြင်းအရင်၊ ထောင်လွှားသော သဘောသည် ရှုတ်ချခြင်း အရင်၌ နေရာကျတတ်၏။"

အကယ်၍သူဌေးသည် လောကပေါ်တွင် အသက်ပြန်ရှင်ရန် ငါးစက္ကန့်မျှအခွင့်ရှိပါက သူ၏အပြစ်များကို လျင်မြန်စွာဝန်ခံပြီးနောင်တရကာ သခင်ယေရှုထံတစ်ဖန်မွေးဖွားလာခြင်းပြုမည်ဖြစ်သည်။ သို့သော် ထိုအခွင့်အရေးမရနိုင်တော့ပါ။

မေတ္တာရှင်ဘုရားသခင်သည် လူတို့ကို ငရဲသို့သွားခွင့်ပြုနိုင်သလော။ ဘုရားသခင်က လူများ၏ရွေးချယ်မှုကိုထာဝရတိုင်အောင် အကျိုးသက်ရောက်ခွင့်ပေးသောကြောင့်ဖြစ်သည်။

တရားဟောရာကျမ်း 32:3-5 "ငါသည် ထာဝရဘုရား၏ နာမတော်ကိုဘော်ပြသည်ဖြစ်၍၊ ငါတို့ဘုရားသခင်၏ ဘုန်းအာနုဘော်တော် ကို ချီးမွမ်းကြလော့။
ဘုရားသခင်သည် မူလအမြစ်ဖြစ်၍၊ အမှုတော် သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့် ညီလျက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သော ဘုရားဖြစ်တော်မူ၏။ သူတို့သည် ယိုယွင်းကြပြီ။ ဘုရားသခင်၏ သားမဟုတ်၊ အညစ်အကြေး ကပ်ကြ၏။ သဘောကောက်၍ ဖောက်ပြန်သောအမျိုးဖြစ်ကြ၏။"

ဘုရားသခင်သည် တရားမျှတပြီး ကိုယ်တော်၏တရားမျှတခြင်းကြောင့်လူသားများသည် သူတို့၏အပြစ်များအတွက် အပြစ်ပေးခံရခြင်းသာဖြစ်သည်။

သုတ္တံကျမ်း။ 16:25 "လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော် လည်း၊ အဆုံး၌သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏။"

ဘုရားသခင်သည် မည်သူ့ကိုမျှ ချစ်ရန်နှင့်နာခံရန် အတင်းအကျပ် မလုပ်ဆောင်ပါ။ လူသားတိုင်းကယုံကြည်သည်ဖြစ်စေမယုံကြည်သည်ဖြစ်စေထာဝရအကျိုးသက်ရောက်မည့်မိမိ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့်ကိုဘုရားသခင်ပေးထားသည်။

ရှင်မဿဲခရစ်ဝင်။ 25:41 "ထိုအခါ လက်ဝဲတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက၊ ကျိန်ခြင်းကို ခံရသောသူတို့၊ မာရန်နတ်နှင့် သူ၏တမန်တို့အဘို့ ပြင်ဆင်သောထာဝရမီးထဲသို့ ငါ့ထံမှ ခွာသွားကြလော့။"

ငရဲသည် မာရ်နတ်နှင့်သူ၏အဖွဲ့သားအတွက် ဖန်ဆင်းခဲ့သည်။ သို့သော် လူသားများသွားလိုလျှင် ထိုနေရာသို့သွားပိုင်ခွင့်ရှိသည်။ အကယ်၍လူတစ်ဦးက ဘုရားသခင်သည်သူ့ကိုငရဲသို့ စေလွှတ်မည်မဟုတ်ဟု ပြောခဲ့ပါက၊ ကျွန်တော်သည် သူ့စကားကိုလုံးဝသဘောတူပါသည်။ ကျွန်တော်သဘောတူသည်ကို သူယုံနိုင်မည်မဟုတ်၊ ထို့နောက်ကျွန်တော်ဆက်ပြောသည်မှာ“ဘုရားသခင်ပြုတော်မူမည့်အရာသည် လက်ခံမှုတံဆိပ်ခတ်ထားခြင်းဖြစ်သည်။ ဘုရားသခင်နှင့်ယေရှုကို ငြင်းပယ်ခြင်းသည် လည်းသင့်ရွေးချယ်မှုအတိုင်းဖြစ်သည်။” ဤအချက်ကို သင်တွေးကြည့်သောအခါ လူသားများသည် မိမိကိုယ်ကိုမိမိပင် ငရဲသို့ပို့ကြသည်။ ဘုရားသခင်မူကား သခင်ယေရှုအားဖြင့်လူတို့သည်သူ့ထံသို့ရောက်စေသည့်လမ်းကိုပြင်ဆင်ပေးသည်။သင်ကိုယ်တိုင်ကဘုရားသခင်ကိုလက်ခံသည် သို့မဟုတ် ငြင်းပယ်သည်မှာ သင်၏ရွေးချယ်ချက်ပင်ဖြစ်သည်။


“ကောင်းကင်ကအမှန်ရှိပါသည်၊ငရဲကအလွန်ပူပြင်းသည်၊ ထာဝရကာလကကြာမြင့်၏”ဟူသည်အတိုင်း ကင်းစောင့်သည် ဤသုံးမျိုးလုံးကို သိ၏၊ ကင်းစောင့်သည် ပြောဆိုရမည့်အချိန်ရောက်ကြောင်းသိ၏၊ကင်းစောင့်သည် ဤအရာကအသေးအဖွဲ့မဟုတ်ကြောင်း သိ၏။

သို့သော်ကင်းစောင့်ကတစ်ခုခုလုပ်လိုသည်။ ၎င်းမှာထာဝရအသက်ကိုဆုံးရှုံးမည့်သူတွေအတွက် လမ်းမမှားစေရန် တစ်ခုခုလုပ်ရန် အမြဲကြိုးစားနေသူဖြစ်သည်။

တစ်စုံတစ်ယောက်ပြောသည့်အတိုင်း “ကောင်းကင်က အမှန်ရှိပါသည်၊ ငရဲက အလွန်ပူပြင်းသည်၊ ထာဝရကာလက ကြာမြင့်၏”ဟူသည်အတိုင်းကင်းစောင့်သည် ဤသုံးမျိုးလုံးကို သိ၏။ ကင်းစောင့်သည်



ပြောဆိုရမည့်အချိန်ရောက်ကြောင်းသိ၏။ ကင်းစောင့်သည် ဤအရာကအသေးအဖွဲ့မဟုတ်ကြောင်း သိ၏။

ကင်းစောင့်များကျွန်တော့်စကားကိုနားထောင်ကြပါ! ဤအချက်အလွန်ပြင်းထန်ပါသည်။ မည်သူ့ကိုမျှ သခင်ယေရှုကိုလက်မခံဘဲသေခြင်းဖြင့် ထာဝရငရဲသို့ မသွားစေပါနှင့်။ ကင်းစောင့်များ တံပိုးမှုတ်၍လူများအား ထိုငရဲပြည်သို့မသွားကြရန် သတိပေးလော့။ ငရဲအကြောင်းပြောလျှင် မိမိအပေါ် ပြန်လှန်ပုတ်ခတ်မှုမျိုးကြုံရသော်လည်း လူ၏ထာဝရအသက်ကပို၍အရေးကြီးသည်။




# အခန်း ၁၀
# အချိန်မကျန်တော့ပါ။

" ကျွန်တော်တို့ဟာ မနေ့ညကမှသခင်ယေရှုသေဆုံးသွားပြီး
ဒီနေ့နံနက်မှာရှင်ပြန်ထမြောက်တယ်၊ ဒီမွန်းလွဲပိုင်းမှာဘဲ
ဒုတိယတကြိမ်ပြန်ကြွလာမဲ့ပုံစံမျိုးနဲ့ အသက်ရှင်သင့်တယ်။"
–Adrian Rogers

ရောမဩဝါဒစာ။ 13:11–12 "ထိုမှတပါး၊ ငါတို့ကို ကယ်တင်သော ကျေးဇူးတော်သည် ငါတို့ ယုံကြည်သောနေ့ရက်၌နီးသည်ထက်ယခုသာ၍ နီးသောကြောင့်၎င်း၊ညဥ့်အချိန်ကုန်လု၍နေ့အချိန်ရောက်လုသောကြောင့်၎င်း၊ ယခုအခါအိပ်ပျော်ရာမှနိုးရသော အချိန်ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏အကျင့်ကို ပယ်ရှား၍၊ အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။

ကင်းစောင့်သည် အချိန်ကို အမြဲသိနေရမည်။ အချိန်မည်မျှကုန်သွားပြီ၊ ရက်များတိုတောင်းလာပြီဆိုတာ သူတို့သိရမည်။ ယနေ့သေဆုံးသောသူများအတွက် ဒုတိယအခွင့်အရေး မရှိပါ။ ကင်းစောင့်သည် ဤလောက၏အမှုတို့ကို သူတို့၏ဘဝမှာ အရေးကြီးဆုံးနေရာမထားသင့်တော့ပါ။"

တိမောသေသြဝါဒစာဒုတိယစောင် 2:1–4 "ငါ့သား၊သင်သည်ယေရှုခရစ်၌ရှိသောကျေးဇူးတော် အားဖြင့် ခိုင်ခံ့ခြင်းရှိလော့။ သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌အပ်ပေးလော့။ ထိုသို့အလိုငှါသင်သည်၊ ယေရှုခရစ်ထံ၌ကောင်းသော စစ်သူရဲကဲ့သို့၊ ဆင်းရဲဒုက္ခကိုသည်းခံလော့၊ စစ်သူရဲမည်သည်ကား၊ မိမိကိုစစ်သူရဲအရာ၌ခန့်ထားသောသူကို နှစ်သက်စေခြင်းငှါ၊ လောကီမှု ရေးနှင့်ပွမ်းနှောရှုပ်ထွေးခြင်းကို ပယ်ရှားတတ်၏။"

ဤလောကရှိအရာဝတ္ထုများသည် ကင်းစောင့်များအား မဆွဲဆောင်နိုင်ပါ။ ဤအရာများက ထာဝရကာလအတွက် မည်သည့်အဓိပ္ပါယ်မျှမရှိကြောင်းကျွန်ုပ်တို့သိ၏။အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်း၌အလွန်ရှင်းလင်းစွာဖော်ပြထားခြင်းကြောင့်ဖြစ်သည်။

ရှင်ယာကုပ်သြဝါဒစာ။4:4"မတရားသောမေထုန်၌မှီဝဲသောယောကျ်ားမိန်းမတို့၊လောကီမိဿဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့် မိဿဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ ရန်သူဖြစ်၏။"

ရှင်ယောဟန်သြဝါဒစာပဌမစောင်။ 2:15–17 "လောကကိုငှင်း၊ လောက၌ရှိသောအရာတို့ကိုငှင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား၊ ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီ စည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ လောကနှင့်လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့် အညီကျင့်သောသူမူကား၊ နိစ္စထာဝရတည်၏။"

လောကကြီးနှင့်မိတ်မဖွဲ့ထားပါနှင့်။ ထာဝရအတွက်အရေးမပါသောအရာသည် သင့်အားအလကားအချိန်ကုန်စေသည်။ အဘယ်ကြောင့်ဆိုသော်ညအချိန်ကုန်ဆုံးမှု



ကြာမြင့် ပြီး နေ့အချိန်ပြန်လည်ရောက်လာတော့မည်။ ယခုသင်လုပ်သင့်သည့် အရာကိုလျှင်မြန်စွာလုပ်သင့်သည်။



လောကကြီးနှင့်မိတ်မဖွဲ့ထားပါနှင့်။ ထာဝရအတွက်အရေးမပါသောအရာသည် သင့်အား အလကားအချိန်ကုန်စေသည်။

ဒံယေလအနာဂတ္တိကျမ်း။ 9:9–14 "အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပုန်ကန်သော်လည်း၊ အကျွန်ုပ်တို့အရှင်ဘုရားသခင်သည် ကရုဏာကိုပြခြင်း၊အပြစ်ကိုဖြေရှင်းခြင်းအခွင့်နှင့်ဆိုင်တော်မူ၏။ အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားသည် ကျွန်တော်ရင်း၊ ပရောဖက်တို့ဖြင့် အကျွန်ုပ်တို့၌ ထားတော် မူသောပညတ်တရားတော်လမ်းသို့ လိုက်ခြင်းငှါ၊ ဗျာဒိတ် တော်အသံကို အကျွန်ုပ်တို့သည်နားမထောင်ဘဲ နေကြပါပြီ။ အကယ်စင်စစ် ဣသရေလအမျိုးသားအပေါင်းတို့သည် ဗျာဒိတ်တော်အသံကို နားမထောင်၊ လွှဲသွား၍ ပညတ်တရားတော်ကို လွန်ကျူးကြပါပြီ။ သို့ဖြစ်၍၊ ကိုယ်တော်ကို ပြစ်မှားသော အပြစ်ကြောင့်၊ ကျိန်ဆိုတော်မူခြင်းတည်းဟူသော ဘုရားသခင်၏ ကျွန်မောရှေ၏ ပညတ္တိကျမ်း၌ မှတ်သားသော အကျိန်ကို အကျွန်ုပ်တို့အပေါ်သို့ သွန်းလောင်းတော်မူ၏။ အကျွန်ုပ်တို့တဘက်၊ အကျွန်ုပ်တို့ကို အုပ်သော တရားသူကြီးတို့ တဘက်၌ မိန့်တော်မူသော စကားတော် ကိုတည်စေ၍၊ အကျွန်ုပ်တို့အပေါ်မှာ ကြီးစွာသော ဘေး ဥပဒ်ကို ရောက်စေတော်မူပြီ။ အကြောင်းမူကား၊ ယေရု ရှလင်မြို့၌ ဘေးရောက်သကဲ့သို့ ကောင်းကင်အောက် တွင် အဘယ်အရပ်၌မျှမရောက်စဖူးပါ။ မောရှေ၏ ပညတ္တိကျမ်းစာ၌ မှတ်သားသည် အတိုင်း၊ ဤဘေးဥပဒ်ရှိသမျှသည် အကျွန်ုပ်တို့အပေါ်မှာ ရောက်ပါပြီ။ အကျွန်ုပ်တို့သည် ဒုစရိုက်များကိုရှောင်၍ သမ္မာတရားတော်ကို နားလည်ခြင်းအလိုငှါ၊ အကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရားထံတော်၌ မတောင်းပန်ဘဲနေကြပါပြီတကား။ ထို့ကြောင့် ထာဝရဘုရားသည်ဘေးဥပဒ်ကိုစောင့်၍အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားသည် ပြုတော်မူသမျှတို့၌ ဖြောင့်မတ်တော်မူ၏။ အကျွန်ုပ်တို့သည် ဗျာဒိတ်တော်အသံကို နားမထောင်ဘဲ နေကြပါပြီ တကား။"

ဘုရားသခင်သည်ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောဘုရားဖြစ်သည်။ ဘုရားသခင်ကကျွန်ုပ်တို့အားနောင်တရရန်အခွင့်ပေးသည်။ သို့သော် အချို့သူများအတွက်သို့မဟုတ် အချို့လူမျိုးများအတွက် ကိုယ်တော်ကဤစကားဆိုလိမ့်မည်။ သင့်အချိန်ကုန်ပြီ သင်နောင်တရရန်အချိန်မကျန်တော့ပါဟုဆိုမည်ဖြစ်သည်။

ရောမဩဝါဒစာ။ 2:4 "ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်ကို နောင်တလမ်းသို့ သွေးဆောင်သည်ကို မသိမမှတ်ဘဲ၊ ကြွယ်ဝစွာ ကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းတို့ကို မထီမဲ့မြင်ပြုသလော။"

ဘုရားသခင်၏ကောင်းမှုကြောင့် ကျွန်ုပ်တို့ကိုကိုယ်တော့်ထံပြန်ရန်အကြံအစည်ရှိခြင်းဖြစ်သည်။ ကိုယ်တော်၏ကောင်းမှုကြောင့်သာ လူဆိုးများနှင့်အပြစ်သားများအားယနေ့ထိအသက်ရှင်ခွင့်ပေးခြင်းဖြစ်သည်။ ဘုရားသခင်၏မေတ္တာဂရုဏာတော်ကြောင့် ကျွန်ုပ်တို့နောင်တရရန် ဘုရားသခင် အချိန်ပေးနေခြင်းဖြစ်သည်။



ဘုရားသခင်၏ကောင်းမှုကြောင့်ကျွန်ုပ်တို့ကိုကိုယ်တော့်ထံပြန်ရန်အကြံအစည်ရှိခြင်းဖြစ်သည်။ ကိုယ်တော်၏ကောင်းမှုကြောင့်သာလူဆိုးများနှင့်အပြစ်သားများအားယနေ့ထိအသက်ရှင်ခွင့်ပေးခြင်းဖြစ်သည်။ ဘုရားသခင်၏မေတ္တာဂရုဏာတော်ကြောင့်ကျွန်ုပ်တို့နောင်တရရန်ဘုရားသခင်အချိန်ပေးနေခြင်းဖြစ်သည်။

သို့သော်မေးစရာမေးခွန်းမှာ ထိုသူများအားရောက်ရှိလာမည့် တရားစီရင်ခြင်းအတွက် နောင်တရရန်အဘယ်သူသတိပေးနေပါသနည်း? ဤလောကကြီးသည်အပြစ်နှင့်လွှမ်းခြုံပြီး ဆိုးယုတ်ခြင်းအကြောင်းနှင့်သူတို့နောင်တရရန် ကျွန်ုပ်တို့သတိပေးရမည့်တာဝန်ရှိသည်။ လူကိုဘုရားသခင်၏ပုံသဏ္ဍာန်နဲ့အညီ ဖန်ဆင်းသည်။ သို့သော်ထိုအရာကို မည်သူမျှဂရုမစိုက်သကဲ့သို့ပင်။ ကျွန်ုပ်တို့သည် တိရစ္ဆာန်များကိုလူသားအချင်းချင်းထက်ကြင်နာသနားနေတတ်ပါသည်။ဤအရာများကိုကင်းစောင့်တို့တွင်မပြုမိစေနှင့်။ ဝိညာဉ်တိုင်းသည် ဘုရားသခင်အတွက် အဖိုးတန်ပြီး အရေးကြီးကြောင်း ကျွန်ုပ်တို့သိသည်။ ကျွန်ုပ်တို့ကသူတို့အား ချစ်၍ သတိပေးခြင်းဖြစ်သည်။ ဘုရားသခင်သည် ကြီးစွာသော



တရားစီရင်ခြင်းပြုလိမ့်မည်။ လောကီသားတို့၏ ဒုစရိုက်ကြောင့် ဘုရားသခင်ကဤလောကကို အပြစ်စီရင်မည်။ ကျွန်တော်တို့သေချာသိရမည့်အရာမှာ လူများကိုအသင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

ပွဲသိမ်းရန်နှစ်မိနစ်သာကျန်တော့သည့်ဘတ်စကက်ဘောဂိမ်းမှာသင့်အမှတ်ကရှစ်မှတ်နောက်ကျနေသည်ဆိုလျှင် သင်မည်သို့ပြုမည်နည်း? သင်သည် ကစားနှုန်းကိုအရှိန်မြှင့်လိုက်ပြီး ထိုးဖောက်သည့်နည်းဖြင့်ကစားမည်။ ဂိမ်းကို သက်တမ်းရှည်စေရန်တမင်တကာစံချိန်ကို ကျူးလွန်ပြီးရှေ့တိုးလိမ့်မည်။ အမှတ်သုံးမှတ်ရအောင် ပွတ်တိုက်ပြီးပစ်လိမ့်မည်။ ကမ္ဘာပေါ်၌ လူသားများဝိညာဉ်ကယ်တင်ခြင်းရရန် ကျန်နေသည့်အချိန်က အလွန်တိုတောင်းလှပါသည်။ ယခုအချိန်ရှိနေသ၍ ကင်းစောင့်များအလောတကြီးနှင့်သတင်းကောင်းဝေငှရန်လိုအပ်ပါသည်။

ရှင်ယာကုပ်ဩဝါဒစာ။ 4:14 "နက်ဖြန်နေ့၌အဘယ်သို့ ဖြစ်မည်ကိုသင်တို့မသိကြ။ သင်တို့အသက်သည်အဘယ်သို့သောအရာဖြစ်သနည်း။ ခဏထင်ရှားပြီးမှ ကွယ်ပျောက်တတ်သော အခိုးအငွေ့ဖြစ်၏။"

သေခြင်းတရားသည်မည်သူ့၌မဆိုလျင်မြန်စွာရောက်ရှိလာနိုင်သည်။တစ်ချိန်ချိန်တွင်ကျွန်ုပ်တို့တစ်ဦးစီ၏ အချိန်ဇယားတွင် သေခြင်းတရားပေါ်လာလိမ့်မည်။ သင်ဘုရားသခင်နှင့်တွေ့ဆုံရန်သင်အဆင်သင့်ဖြစ်ပြီလား။ ထို့အပြင်ထိုနေ့ရက်အတွက်တခြားသူများကိုပြင်ဆင်ပြီးပြီလား။

ဖလော်ရီဒါကိုပျံသန်းသည့်ခရီးစဉ်၌ စစ်ရဟတ်ယာဉ်မှူးတစ်ယောက်၏ဘေးမှာထိုင်ပြီး စကားပြောဖြစ်ခဲ့ပါသည်။ သူက အာဖဂန်နစ္စတန်မှအပြီးပြန်လာတာဖြစ်ပြီး သူ့မိသားစုနှင့် တွေ့ဆုံရန်မစောင့်နိုင်တော့ပါ။ သို့နှင့်ကျွန်တော်ကသူ့ကိုရဟတ်ယာဉ်မောင်းသည့်အတွေ့အကြုံတလျှောက် သေလုမျောပါးပျံသန်းမှုအတွေ့အကြုံရှိဖူးပါသလားဟုမေးလိုက်သည်။ သူကဗီယက်နမ်မှာ လေ့ကျင့်ရေးစခန်း၌ တစ်ကြိမ်ရှိခဲ့သည်ဟုပြောပါသည်။ သူ၏ ရဟတ်ယာဉ်၌ ဝက်အူတစ်ခုကလွတ်ထွက်သွားပြီး ပန်ကာထဲသို့ပျက်ကျသွားသည်။ ရဟတ်ယာဉ်သည် စတင်ပျက်ကျသော်လည်း အရေးပေါ်

ဆင်းနိုင်ရန် သူကလူတိုင်းကို ပြင်ဆင်ထားပြီးဖြစ်သည်။ အားလုံးဘေးကင်းစွာထွက်လာနိုင်ကြသည်။ ထို့အပြင်သူပြောသည်မှာ “မြင်ရတဲ့မြင်ကွင်းကအံ့သြစရာပဲရဟတ်ယာဉ်မီးလောင်တာအရမ်းမြန်ဆန်ပြီး ချက်ချင်းဆိုသလိုလောင်ပြီးသား အကြွင်းဘဲရှိတော့တယ်”ဟုဆိုသည်။ မီးလုံးဝငြိမ်းသွားချိန် ရဟတ်ယာဉ်၏အပြင်ဘောင် အပိုင်းအစသာကျန်ခဲ့သည်။ ဤအဖြစ်အပျက်သည် ထာဝရကာလနှင့်နီးစပ်သည်။ သို့သော်ဘုရားသခင်က Carlos ကို သူ့ဘဝ၌ရှေ့ဆက်ဖို့ရန် အချိန်ပေးပါသည်။

သင်သည်ဂျပန်နိုင်ငံတွင် ရှိနေနိုင်ပြီး စနေ၊ တနင်္ဂနွေအတွက်လုပ်ဆောင်ရန်လုပ်ငန်းများစွာရှိနေမည်။ သို့သော်သောကြာနေ့ နေ့လည် 2:45 တွင်မြေပြင်ကြီးတုန်ခါသွားပြီး ၉.၀ ရစ်ချ်တာစကေး ရှိသည့်ငလျင်ကြောင့် ရေထုထည်များရွေ့လျားကာ ဆူနာမီ ဖြစ်ပေါ်လာသည်။ အချိန်တိုအတွင်း မရေမတွက်နိုင်သော လူများလည်းသေဆုံးပြီး ထာဝရဆီသို့ ဦးတည်သွားခဲ့ကြသည်။ အချိန်သည်မြန်ဆန်းလှပါသည်။ အကယ်၍သင်သည် ကြာသပတေးနေ့တွင် ဆူနာမီကျရောက်တော့မည်ကို သင်ကြိုတင်သိလျှင် သင်ဘာလုပ်မည်နည်း။ ဧဝံဂေလိအကြောင်းကို လူများစွာအား သင်ဝေလိမ့်မည် ။ အရေးကြီးသောမေးခွန်းမှာ၊ ဤသို့ကြုံတွေ့နေရသူတွေကို မည်သူသတိပေးမည်နည်း။ နောက်နေ့ ဆူနာမီနှင့်ကြုံရမည်၊ ထိုသူတို့အား ဖန်ဆင်းရှင်နှင့် မည်သို့တွေ့ဆုံစေရမည်ကို သိရန် ထိုသို့ပြုရမည်မှာ ကင်းစောင့်များပြုရမည်ဖြစ်သည်။



အချိန်သည်မြန်ဆန်းလှပါသည်။အကယ်၍သင်သည်ကြာသပတေးနေ့တွင်ဆူနာမီကျရောက်တော့မည်ကို သင်ကြိုတင်သိလျှင် သင်ဘာလုပ်မည်နည်း

ဂျပန်နိုင်ငံရှိအချို့နေရာများတွင် သတိပေးချက်အဖြစ် တောင်ကုန်းများပေါ်တွင် ကျောက်တုံးကြီးများအားစည်းကာသကဲ့သို့ တားထားသည်။ ဤလိုင်းအောက်၌ လူများအားအိမ်ဆောက်ခွင့်မပေးပါ။ အကြောင်းရင်းမှာယခင်က ဆူနာမီဖြစ်ခဲ့ပြီးအရာအားလုံး ပျက်စီးသွားသောကြောင့်ဖြစ်သည်။ သို့သော်ဤကဲ့သို့ကျောက်တုံးအတန်းများရှိသည့်မြို့တမြို့မှာ 2011 ခုနှစ်တွင်ဆူနာမီဖြစ်ရပ်အပြီးတွင်မည်သူမျှမသေဆုံးခဲ့ပါ။ အဘယ်ကြောင့်နည်း?



အဘယ်ကြောင့်ဆိုသော် သူတို့သည်ကျောက်၏ အမြင့်ကိုအခြေခံပြီးသတိပေးသည့်အချက်ကိုလိုက်နာကြ၍ဖြစ်သည်။

အကယ်၍လူတို့သည် ဤလောကမှသတိပေးသောအချက်များကိုနားထောင်ဆဲဖြစ်သည်ဆိုလျှင် ထာဝရအသက်နှင့်ပတ်သက်သည့်သတိပေးချက်ကိုပါနားထောင်သင့်သည်။ ကင်းစောင့်ကလူတိုင်းကို နောက်ဆုံးထွက်သက်၏နောက်ကွယ်၌စောင့်နေသောအရာအတွက် သတိပေးရမည့်အချိန်ရောက်ပြီဆိုသည်ကို သိသည်။

ဂျပန်မှဆူနာမီအကြောင်းဗီဒီယိုကလစ်ကိုကြည့်သည့်အခါနောက်ခံတွင်လော်စပီကာ၏အသံများကြားနေရသည်။ ကင်းစောင့်များတံပိုးမှုတ်သောအခါ လူတို့ကိုသတိပေးနေခြင်းဖြစ်သည်။ ဤသတိပေးသံအပေါ် မည်သို့တုန့်ပြန်မည်မှာ ကြားရသူ၏ဆုံးဖြတ်ချက်သာဖြစ်သည်။

ဆာလံကျမ်း 90:4 "ရှေ့တော်၌ အနှစ်တထောင်သည်လွန်ပြီးသောမနေ့ကဲ့သို့၎င်း၊ ညဥ့်ယံတယံကဲ့သို့၎င်း ဖြစ်ပါ၏။"

ဆာလံကျမ်း 90:12 "အကျွန်ုပ်တို့သည် ပညာတရားကိုနှလုံးသွင်းမိမည်အကြောင်း၊ကိုယ်နေ့ရက်ကာလကို ရေတွက်နိုင်စေခြင်းငှါသွန်သင်တော်မူပါ။"



အကယ်၍လူတို့သည်ဤလောကမှသတိပေးသောအချက်များကိုနားထောင်ဆဲဖြစ်သည်ဆိုလျှင်ထာဝရအသက်နှင့်ပတ်သက်သည့်သတိပေးချက်ကိုပါနားထောင်သင့်သည်။ကင်းစောင့်ကလူတိုင်းကိုသူတို့ရဲ့နောက်ဆုံးထွက်သက်၏နောက်ကွယ်၌စောင့်နေသောအရာအတွက်သတိပေးရမည့်အချိန်ရောက်ပြီဆိုသည်ကို သိသည်။

ကင်းစောင့်သည် သူ၏ကျန်ရှိသောနေ့ရက်များကို ရေတွက်ကာအချိန်ကိုအကျိုးရှိရှိအသုံးချရမည်။ ကင်းစောင့်ကဤသို့မပြောပါ “ငါအသက်ကြီးလာရင်ငါဒါတွေ.....လုပ်မယ်” ထိုသို့မဟုတ်ပါ။ ဤနေ့သာလျှင် အလွန်အရေးကြီးပါသည်။

ကောရိန္သုသြဝါသစာဒုတိယစောင်။ 6:2 "....ကယ်တင်ရာနေ့ရက်ကာလ၌ သင့်ကိုငါမစပြီဟု...."

ယနေ့သည် တစ်စုံတစ်ယောက်အတွက် ကယ်တင်ခြင်းနေ့ဖြစ်သည်။ ဒီနေ့သည်တစ်စုံတစ်ဦးအတွက် ထာဝရအသက်နှင့်ပတ်သက်သည့်အကြောင်းကိုသတိပေးရမည့်နေ့ဖြစ်သည်။ ယနေ့သည်သင်အသက်ရှင်နေသ၍ တန်ဖိုးအရှိဆုံးနေ့ဖြစ်သည်။ မနက်ဖြန်ရောက်လာမည်ဟု ဘယ်သူကိုမှ ကတိပေးမထားပါ။ ကင်းစောင့်များကသူတို့၏အချိန်ကို ဂရုတစိုက်သုံးကြမည်။

ပထမဆုံးဆီဇာကမည်သူနည်း။ မနှစ်ကနယ်ရှင်နယ်ဘောလုံးအသင်းမှ ပထမဆုံးရွေးချယ်ခံရသည့် ကစားသမားကမည်သူနည်း။ လွန်ခဲ့သည့်ငါးနှစ်ကဘတ်စကက်ဘောချန်ပီယံကို မည်သူအနိုင်ရခဲ့သနည်း။ ဘဝဆိုသည်မှာ ဖြတ်သန်းလာပြီး ပြန်ထွက်သွားခြင်းဖြစ်သည်ဟူသော အမှန်တရားကို နားလည်ရမည်။ နေ့ရက်များသည် လျင်မြန်စွာ ကုန်လွန်သွားသည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ သင်၏အချိန်ကို ပညာရှိရှိအသုံးပြုနေသည်မှာ သေချာပါသလား။

စားပွဲပေါ်တွင်ပုလင်းနှစ်လုံးထားပြီး ပုလင်းတစ်လုံးတွင် ဂေါ်လီ ၃၆၄၀ လုံးထည့်ပါ။ ဂေါ်လီတစ်လုံးစီကို စနေနေ့တစ်ခုအဖြစ် သတ်မှတ်ပါ။ တွက်ချက်သောအခါ၊ ၎င်းသည် နှစ် ခုနစ်ဆယ်ပျမ်းမျှနီးပါးဖြစ်သည်။ ထို့နောက်တစ်ပတ်ကို ဂေါ်လီတစ်လုံးနိုက်ပြီးအခြားပုလင်းတစ်လုံးထဲတွင် ထည့်ထားပါကသင့်မျက်စိရှေ့တွင်သင့်ဘဝကုန်ဆုံးမှုကို ကြည့်ရှုနိုင်မည်ဖြစ်သည်။ ဂေါ်လီများခွက်တစ်လုံးမှတစ်လုံးသို့ ရွှေ့သွားခြင်းဖြင့်ကုန်ဆုံးသည့်အချိန်ကိုမြင်ရမည်။ တန်ဖိုးမရှိသည့်အရာတွေအတွက် အချိန်မဖြုန်းရန် တစ်နေ့ထာဝရဘုရားရှေ့တော်၌ရပ်စဉ် ဤအချက်သည်အရေးကြီးကြောင်းကိုသင်မြင်လာပါလိမ့်မည်။

ကျွန်ုပ်တို့တစ်ယောက်စီတိုင်းအတွက် သေခြင်း၏နောက်ပိုင်း အသက်တာသည်လက်ရှိအသက်ရှင်ချိန်ထက် သာ၍ကြာရှည်ပါလိမ့်မည်။ သုသာန်သည်ကျွန်ုပ်တို့အား ဤအချက်ကိုအမှတ်ရစေမည့် နေရာဖြစ်သည်။ သင်္ချိုင်းများ၊ ဟောင်းနွမ်းဟောင်းနွမ်းနေသော အုတ်ဂူများက ကျွန်တော်တို့အတွက် သတိပြုစရာပါ။ ထိုသင်္ချိုင်းတွင်းရှိလူတိုင်းသည် ယနေ့တိုင်ရှိနေဆဲဖြစ်သည်ကို မမေ့ပါနှင့်။ ကာလအစဉ်အမြဲတည်လိမ့်မည်မှာအမှန်တရားပင်ဖြစ်သည်။

လူတွေကို သင်မည်သို့မြင်သနည်း။ လူဖြူ၊ လူမည်း၊ အာရှ၊ ချမ်းသာ၊ ဆင်းရဲ၊ အားကစားသမား၊ အားကစားသမားမဟုတ်သူ၊ ထက်မြက်သူ၊ ဉာဏ်ရည်ထက်မြက်တဲ့သူများ၊ ညဏ်ရည်အလယ်အလတ်၊ လှပသည် သို့မဟုတ်မလှပသူ၊ ယနေ့



သင့်မျက်လုံးနှင့်မြင်သည့်လူများက ထာဝရရှင်သန်နေမည့်သူများဖြစ်သည်။ ဆိုလိုသည်မှာပလ္လင်တော်ရှေ့တွင်ဘုရားသခင်အားဝတ်ပြုရန် ထာဝရအသက်ရှင်နေမည်လားသို့မဟုတ် ငရဲမှာထာဝရပျက်စီးနေကြမည်လား။ ထို့ကြောင့်ကျွန်တော်သင့်ကိုထပ်မေးပါရစေ။ ဒီနေ့လူအများကို သင်မည်သို့မြင်သနည်း။

တနေ့တွင် ကျွန်တော်သည် သမ္မာကျမ်းစာထဲမှယေရှုဘေးတွင် လက်ဝါးကပ်တိုင်တင်ခံရသည့်ခါးပြအကြောင်းနှင့်သူ၌မိသားစုရှိလားဟုတွေးမိသည်။ သို့မဟုတ် မိသားစု၏ဂုဏ်သိက္ခာကို ထိခိုက်စေ၍သူ သေဒဏ်ပေးခံရချိန်၌ ဆွေမျိုးများမလာကြသည်လား? သူသည်လက်ဝါးကားတိုင်၌ ကွပ်မျက်ခံရချိန် မိဘများရှိပါသလား။ သူတို့သားကိုလက်ဝါးကပ်တိုင်မှာအသေသတ်ချိန်၌သူတို့မရှိလျှင် အံ့သြဖွယ်နောက်ဆုံးခန်းကို မြင်ရန်အခွင့်ဆုံးရှုံးခံလိုက်ရပြီ။



ယနေ့သင့်မျက်လုံးနှင့်မြင်သည့်လူများက ထာဝရရှင်သန်နေမည့်သူများပါ။ဆိုလိုသည်မှာ ပလ္လင်တော်ရှေ့တွင်ကိုးကွယ်ရန်ထာဝရအသက်ရှင် နေမည်လား သို့မဟုတ်ငရဲမှာထာဝရပျက်စီးအောင်ကြ လိမ့်မည်လား။ထို့ကြောင့်ကျွန်တော်သင့်ကိုထပ်မေးပါရစေ။ ဒီနေ့ လူတွေကိုသင်မည်သို့မြင်သနည်း။

ရှင်လုကာခရစ်ဝင်။ 23:42–43 "သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့ တော်မူပါဟု ယေရှုကို လျှောက်ဆို၏။ ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူ၏။"

ယေရှုသည် သူ၏နောက်ဆုံးထွက်သက်အထိ ကင်းစောင့်အဖြစ် အမှုထမ်းခဲ့သည်။ သခင်ယေရှု၏ပတ်ဝန်းကျင်ရှိလူတိုင်းသည် ဘုရားသခင်၏သမ္မာတရားကိုကြားသိရသည်မှာ သေချာသောအရာဖြစ်သည်။ ရွေးနုတ်ခြင်းခံရသည့်လက်ဝါးကပ်တိုင်ပေါ်မှခါးပြသည်ထာဝရအသက်အကြောင်းကို ဤစာအုပ်ကို ဖတ်သူတိုင်းထက် သာ၍နားလည်သည်။ သခင်ယေရှုသည် ခမည်းတော်ထံတော်၏ အမှုတော်ကို ပြီးမြောက်စေသည့်နည်းတူ ကင်းစောင့်တိုင်းကိုလည်း အလားတူလုပ်ဆောင်ရန် ဖိတ်ခေါ်နေသည်။



ယေရှုသည်သူ၏နောက်ဆုံးထွက်သက်အထိ ကင်းစောင့်အဖြစ်အမှုထမ်းခဲ့သည်။သခင်ယေရှု၏ ပတ်ဝန်းကျင်ရှိလူတိုင်းသည်ဘုရားသခင်၏သမ္မာတရားကို ကြားသိရသည်မှာသေချာသောအရာဖြစ်သည်။ရွေးနှုတ်ခြင်း ခံရသောလက်ဝါးကပ်တိုင်ပေါ်မှဓါးပြသည်ထာဝရအသက် အကြောင်းကိုဤစာအုပ်ကိုဖတ်သူတိုင်းထက်သာ၍နားလည်သည်။

ဟေဗြဲသြဝါဒစာ။ 12:2 "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကိုစေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည်မိမိရှေ့၌ ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ပလ္လင်တော် လက်ျာဘက်၌ထိုင်နေတော်မူ၏။"

တိမောသေသြဝါဒစာဒုတိယစောင် 4:7 "ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည် ခြင်းတရားကို စောင့်ရှောက်ပြီ။"

သေခါနီးအိပ်ယာပေါ်မှာလဲလျောင်းနေသည့်ဖခင်တစ်ယောက်၏ဇာတ်လမ်းကိုကျွန်တော်ဖတ်ဖြစ်သည်။ သူသည်အားလုံးကိုနုတ်ဆက်နေစဉ် သူ့သားနှစ်ယောက်ကိုကြည့်ပြီး သူတို့နှစ်ယောက်ကကယ်တင်ခြင်းမခံရသေးသောကြောင့် သူနှင့်ထိုသားများကို နောက်တစ်ကြိမ်မတွေ့ရတော့ကြောင်း အဖိုးအိုကပြောပြသည်။ သူတို့ကိုအရမ်းချစ်ကြောင်း သို့သော်ထာဝရခွဲခွာသွားရမည်ဖြစ်ကြောင်းပြောသည်။ သခင်ယေရှုကို မယုံကြည်သောကြောင့် ထာဝရခွဲခွာရမည်ဖြစ်သည်။ ဖခင်သေဆုံးပြီးနောက်မကြာမီတွင် သားနှစ်ယောက်စလုံးသည် ၎င်းတို့၏အပြစ်များကို နောင်တရကာဝိညာဉ်ပိုင်း၌ အသစ်တဖန်ပြန်လည်မွေးဖွားခဲ့ကြသည်။ ဖခင်ဖြစ်သူကနောက်ဆုံးထွက်သက်အထိကင်းစောင့်အဖြစ် ဆောင်ရွက်ခဲ့သည်။

ပေတရုသည် ယေရှုကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့သည်။ သို့သော်ထိုအရာကဇာတ်လမ်း၏အဆုံးမဟုတ်ပါ။ ယေရှုခရစ်၏အမှုအတွက်မိမိတာဝန်များကိုထူးချွန်စွာထမ်းဆောင်သူဖြစ်သည်။ ကင်းစောင့်သည် မိမိ၏တာဝန်များကို ပြီးပြည့်စုံစွာထမ်းဆောင်ကြသူများဖြစ်သည်။



ကျွန်တော်သည်ဘုရားကျောင်းတစ်ခုတွင် မျှဝေခဲ့စဉ် သင်းအုပ်ဆရာက အသင်းသားတွေကို ပြောသည်မှာ အသင်းသားအားလုံး၏ 100 ရာခိုင်နှုန်းက ယေရှုခရစ်၏ဇေဝေလိအကြောင်းကို သက်သေခံစေလိုပါသည်။ သင်းအုပ်ဆရာက သူကြည့်ရှုသည့်သိုးစုအားလုံးကို ကင်းစောင့်တာဝန်၌ကောင်းမွန်စွာ ထမ်းဆောင်စေလိုသည်။

တစ်ညနေခင်းတွင် နီဘရာစကာရှိဟိုတယ်အခန်းမှ စကြံ၌လမ်းလျှောက်နေစဉ် အမျိုးသားတစ်ဦးကို သတိပြုမိခဲ့သည်။ ကျွန်တော့်အခန်းတံခါးကို မလောဘဲဖွင့်လိုက်ပြီး ကျွန်တော့်အနားသူရောက်လာရာ ကျွန်ုပ်တို့စကားပြောဖြစ်ကြသည်။ သူပြောပြသည်မှာ အိုင်ယာလန်တွင် သူငယ်ချင်းများနှင့် ဂေါက်ကစားရန်သွားခဲ့ပြီး လေယာဉ်ဆင်းသက်သည့်အခါ မက်ဆေ့ချ်ကို စစ်လိုက်ရာသူ၏ ဆယ့်ခြောက်နှစ်သမီးလေး ATV ယာဉ်(မောင်းနှင်သွားလာနိုင်သည့်ယာဉ်ငယ်-ဘာသာပြန်သူ) မတော်တဆမှုဖြင့် သေဆုံးကြောင်းသိရသည်။



ပေတရုသည်ယေရှုကိုသုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့သည်။ သို့သော်ထိုအရာကဇာတ်လမ်း၏အဆုံးမဟုတ်ပါ။ ယေရှုခရစ်၏အမှုအတွက်မိမိတာဝန်များကို ထူးချွန်စွာထမ်းဆောင်သူဖြစ်သည်။ကင်းစောင့်သည် မိမိ၏တာဝန်များကိုပြီးပြည့်စုံစွာထမ်းဆောင်ကြသူများဖြစ်သည်။

သူမ၏ယာဉ်ကလမ်းမမှထွက်ကာ လမ်းအစွန်းမှ ကျောက်တုံးကြီးနှင့် တိုက်မိသွားခြင်းဖြစ်သည်။ သို့နှင့်သူလည်း သူ့သမီးကို သင်္ဂြိုဟ်ရန် ထိုလေယာဉ်နှင့်ပင်အိမ်ပြန်ခဲ့သည်။ သူ၏သမီးကိုမည်မျှပင်လွမ်းမည်ဟု သင်စိတ်ကူးနိုင်သည်။ သူကခရစ်ယာန်တစ်ယောက်ပါ။ သို့သော်ဤအခြေအနေ၌နပန်းလုံးရသည်။ ကျွန်တော်မေးလိုက်သည် “ခင်ဗျားသူနဲ့ဆယ့်ငါးနှစ် ဒါမှမဟုတ် ဆယ့်ခြောက်နှစ်လောက်နေနိုင်မယ်ဆိုရင် ခင်ဗျားဘယ်ဟာရွေးမလဲ” ဟုမေးတော့ “ဆယ့်ခြောက်နှစ်၊ ခင်ဗျားဘာကိုပြောမည်ဆိုတာကိုကျတော်သိတယ်။ ကျွန်တော်ပြန်ပြောလိုက်သည်မှာ သူမနှင့်အတူအသက်နှစ်ဆယ်တိုင်အောင် နေသင့်သည်၊ သူမ လက်ထပ်ပြီး မြေးပေးနိုင်သည်စသည်တို့ကို မြင်တွေ့ရသင့်သည်၊ လူတိုင်းအတွက် မနက်ဖြန်ဆိုသည်မှာ သေချာပေါက်အာမခံချက်မရှိပါ။ တစ်စုံတစ်ဦးသည် မျှော်လင့်ထားသည်ထက် စော၍သေဆုံးရခြင်းမှာ ဝမ်းနည်းဖွယ်ကောင်းသည့် အဖြစ်အပျက်ဟုမြင်မည့်အစား ဆယ့်ခြောက်နှစ်ကာလအတွက် သူနှင့်အတူနေခွင့်ပေးသော ဘုရားသခင်ကို ကျေးဇူးတင်သည် ၊ ကျွန်ုပ်တို့သည် မိမိချစ်သော

သူများနှင့်အတူ နေခွင့်ရသည့်နေ့ရက်တိုင်းအတွက် ဘုရားသခင်အားကျေးဇူးတင်သင့်သည်။ ထိုကဲ့သို့မြင်ခြင်းအားဖြင့် အသက်ရှင်ခွင့်ရသည့်ကျွန်ုပ်တို့ဘဝမှာ ဘုရားသခင်အားသာ၍ကျေးဇူးတင်တတ်သည့်နှလုံးသားရှိလာလိမ့်မည်။ ဘုရားသခင်အတွက် နောက်ထပ်တစ်ရက် အသက်ရှင်နိုင်မည်ကို ကျွန်ုပ်မယုံကြည်နိုင်သလောက်ပင်ဖြစ်နေသည်။

ဆာလံကျမ်း 126:6 "မျက်ရည်ကျလျက်ကြဲရန် မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည်၊ ကောက်လှိုင်းများကို ဆောင်လျက်ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။"

ကောရိန္သုဩဝါဒစာဒုတိယစောင်။ 5:10 "အကြောင်းမူကား၊ ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကို အသီးအသီးခံခြင်းငှါ၊ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်။"

ကောရိန္သုဩဝါဒစာပဌမစောင်။ 3:12–13 "ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍ တည်ဆောက်သောသူရှိသမျှ၊ အသီးသီးလုပ်သော အလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဘော်ပြချိန် နေ့ရက် သည် မီးအားဖြင့် ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သော အလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်။"

ကင်းစောင့်! တစ်နေ့တွင် သင်၏အလုပ်က သက်သေပြလိမ့်မည်။ သင်သေသွားသောအခါ သက်ရောက်မည့်အကျိုးအတွက် သင်အာရုံစိုက်နေသည်လား? အရေးမကြီးသည့်အရာများနှင့်အချိန်ဖြုန်းပြီးအသက်ရှင်နေသည်လား။ အရေးမကြီးသောအရာများကိုခဏလောက်မေ့လျော့ထားပါ ဖြစ်နိုင်လျှင်ထိုအရာကိုလွှင့်ပစ်လိုက်ပါ။ ကျမ်းစာထဲမှ ကင်းစောင့်က လေဆာရောင်ခြည်ကဲ့သို့ ရှင်းလင်းပြတ်သားသောအာရုံရှိရမည်။



ရှင်လုကာခရစ်ဝင်။ 19:10 "လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော် မူ၏။"

ခရစ်ယာန်တရားဥပဒေစိုးမိုးရေးဌာနက ကျွန်တော်ဧဝံဂေလိဟောပြောမှုကြောင့်ပြဿနာရှိသည့်အခါကျွန်တော့်အားမကြာခဏကူညီပေးလေ့ရှိသည်။ကျွန်တော့်အားသူတစ်ခုပြောပြသည်မှာ လမ်းဘေးတရားဟောသည့်ဧဝံဂေလိဆရာက San Diego တွင် ဖမ်းဆီးခံခဲ့ရသည်။ ခရိုင်ရှေ့နေက ထိုတရားဟောဆရာက မည်သည့်အမှားမျှမလုပ်ခဲ့သောကြောင့် လွှတ်ပေးရန်ပြောရာ ရဲကအချုပ်ခန်းထဲမှထုတ်လာချိန် "ကျွန်တော် နောက်ထပ် ဆယ်မိနစ်လောက်နေလို့ရမလား၊ ခဏပေးစောင့်ပါ!" သူမည်သည့်အရာပြုလုပ်သနည်း။ ကယ်တင်ခြင်းမစရသေးသော ယေရှုခရစ်ကိုလိုအပ်သူဝိညာဉ်များကို သက်သေခံနေခြင်းဖြစ်သည်။

သုတ္တံကျမ်း။ 28:1 "လိုက်သောသူမရှိသော်လည်း၊ မတရားသောသူ သည် ပြေးတတ်၏။ ဖြောင့်မတ်သောသူမူကား၊ ခြင်္သေ့ကဲ့ သို့ ရဲရင့်တတ်၏။"

ကင်းစောင့်များကရဲရင့်ရမည်။ ရွေးချယ်ရန်လမ်းမရှိပါ။ ကင်းစောင့်များအနေနှင့်လည်း မရွေးချယ်လိုပါ။ တစ်လမ်းတည်းသာဖြစ်ပြီး ထိုလမ်းက ရဲရင့်ခြင်းဖြစ်သည်။

ဖေက်ဩဝါဒစာ။ 6:18–20 "ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်း ပဋ္ဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဘို့ ဆုတောင်းလျက် စောင့် ရှောက်ကြလော့။
ငါသည် ဧဝံဂေလိတရားကြောင့် သံကြိုးနှင့် ချည်နှောင်ခြင်းကိုခံလျက်၊ သံတမန်အမှုကို ပြုရသည်ဖြစ်၍၊ ထိုတရား၏ နက်နဲသောအရာကို ဘော်ပြခြင်းငှါ ငါသည်နှုတ်ကို ရဲရင့်စွာ ဖွင့်လှစ်ခြင်း အခွင့်ရှိမည်အကြောင်းကိုငှင်း၊ ထိုတရားကိုဟောပြောအပ်သည်နှင့်အညီ၊ ရဲရင့်စွာဟော ပြောမည်အကြောင်းအကိုငှင်း၊ ငါ့အဘို့လည်း ဆုတောင်းကြလော့။"

အကြီးမြတ်ဆုံးသော ကင်းစောင့်များထဲမှ တစ်ဦးဖြစ်သည့် ပေါလုသည်ပင် ရဲရင့်မှုအတွက်ဆုတောင်းစေသောကြောင့် ကျွန်ုပ်တို့လည်းတောင်းရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့နှင့်လျှောက်လှမ်းနေပါသည်။ ကျွန်ုပ်တို့ဉာဏ်ထက်သာ၍ကြီးသောအံ့ဖွယ်အမှုတို့ကိုအဘယ်သူပြုနိုင်သနည်း ဘုရားသခင်တပါးတည်းသာဖြစ်၏။

ရှင်မဿဲခရစ်ဝင်။ 15:14 "ထိုသူတို့ကိုရှိပါလေစေ။ သူတို့သည်လူကန်းတို့အားလမ်းပြသောလူကန်းဖြစ်၏။ လူကန်းချင်းတဦးကို တဦးလမ်းပြလျှင်၊ နှစ်ဦးတို့သည် တွင်းထဲသို့ကျကြလိမ့်မည်ဟု မိန့်တော်မူ၏။"

ကင်းစောင့်များသည်မျက်လုံးကန်းသူများမဟုတ်ပါ။ မည်သူ့နောက်လိုက်နေသည်ကိုသိသည်။ မိမိရှေ့၌တွင်းမရှိ သို့သော်ဘုရားသခင်၏ ပုလ္လင်တော်ရှိကြောင်းသိသည်။ မည်သူ့ကိုအစီရင်ချက်တင်ပြရမည်ကို ကွင်းကွင်းကွက်ကွက်မြင်ရသည့်လူအုပ်စုဖြစ်သည်။

ရှင်လုကာခရစ်ဝင်။ 9:23–27 "ထိုမှတပါး၊ လူအပေါင်းတို့အား မိန့်တော်မူသည်ကား၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကို ကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်အသက်ရှုံး၏၊ထိုသူသည်မိမိအသက်ကိုကယ်ဆယ်လိမ့်မည်။ ဤစကြာဝဠာကို အကြွင်းမဲ့အစိုးရ၍ ကိုယ်ကို ကိုယ်ဆုံးရှုံးသောသူသည် အဘယ်ကျေးဇူးရှိသနည်း။
အကြင်သူသည် ငါ့ကိုရှင်း၊ ငါ့စကားကိုရှင်းရှက်၏၊ လူသားသည် မိမိဘုန်း၊ မိမိအဘခမည်းတော်၏ ဘုန်း၊ သန့်ရှင်းသောကောင်းကင်တမန်တို့၏ဘုန်းကို ဆောင်လျက်ကြွလာသောအခါ၊ ထိုသူကို ရှက်တော် မူလတံ့။ ငါအမှန်ဆိုသည်ကား၊ ဤအရပ်၌ရှိသောသူအချို့တို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်မီ သေ ခြင်းသို့ မရောက်ရကြဟု မိန့်တော်မူ၏။"



ရောမသြဝါဒစာ။ 1:16 "ငါသည်ခရစ်တော်၏ ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။"

ကင်းစောင့်တို့သည် အတိတ်မှမိမိတို့၏အပြစ်အတွက် ရှက်ကြသည်။ အတိတ်မှအချိန်ဖြုန်းခြင်းအတွက် ရှက်ကြသည်။ ဤကမ္ဘာနှင့်သက်ဆိုင်သောအရာများအတွက် ရှက်ကြသည်။ သို့သော် သူတို့သည် ယေရှုခရစ်အတွက် ဘယ်သောအခါမှ မရှက်ခဲ့ကြပါ။ ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်၌ ကျွန်ုပ်တို့၏မျက်လုံးများကို အာရုံစူးစိုက်ထားကြသည်။ အဘယ်ကြောင့်ဆိုသော်လက်ဝါးကပ်တိုင်မရှိလျှင်ကျွန်ုပ်တို့မှာ သန့်ရှင်းသောဝိညာဉတော်မှတန်ခိုးရှိမှာမဟုတ်ကြောင်းသိသည်။ ထို့ကြောင့်ဤတိုက်ပွဲ၌ တိုက်စဉ်ကာလတွင် ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ကိုထမ်းကြမည်။

ဆာလံကျမ်း 127:1 "ထာဝရဘုရားသည် အိမ်ကိုဆောက်တော်မမူ လျှင်၊ ဆောက်သောသူတို့သည် အချည်းနှီးလုပ်ဆောင် ကြ၏။ ထာဝရဘုရားသည်မြို့ကိုစောင့်တော်မမူလျှင် ၊ကင်းစောင့်တို့သည်အချည်းနှီးစောင့်ကြ၏။"



ကင်းစောင့်တို့သည်အတိတ်မှမိမိတို့၏အပြစ်အတွက် ရှက်ကြသည်။အတိတ်မှအချိန်ဖြုန်းခြင်းအတွက်ရှက်ကြသည်။ ဤကမ္ဘာနှင့်သက်ဆိုင်သောအရာများအတွက်ရှက်ကြသည်။ သို့သော်သူတို့သည်ယေရှုခရစ်အတွက်ဘယ်သောအခါမှမရှက်ခဲ့ကြပါ။

ကျွန်ုပ်တို့အား ကာကွယ်စောင့်မသူမှာ ဘုရားသခင်ဖြစ်သည်။ အခြားမည်သူမျှမရှိပါ။

ရှင်မဿဲခရစ်ဝင်။ 10:36–40 "ကိုယ်အိမ်သူအိမ်သားတို့သည်လည်း ကိုယ်ရန်သူ ဖြစ်ကြလိမ့်မည်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန်။အကြင်သူသည်ငါ့ကိုချစ်သည်ထက်သားသမီးကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန်။ အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ မလိုက်၊ ထိုသူသည် ငါနှင့် မထိုက် မတန်။မိမိအသက်ကို တွေ့သောသူသည် အသက်ရှုံး

လိမ့်မည်။ ငါ့ကြောင့် မိမိအသက်ရှုံးသောသူမူကား အသက်ကိုတွေ့လိမ့်မည်။ သင်တို့ကို လက်ခံသောသူသည် ငါ့ကိုလက်ခံ၏။ ငါ့ကို လက်ခံသောသူသည် ငါ့ကို စေလွှတ်တော်မူသောသူကို လက်ခံ၏။"

ကင်းစောင့်အများအားဖြင့်ကြုံရသည်မှာ မိသားစု၏ငြင်းပယ်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းခံကြရသည်။ ထိုဖြစ်ရပ်အတွက်ဝမ်းနည်းဖွယ်ကောင်းပါသည်။ သို့သော် သမ္မာကျမ်းမှ ကင်းစောင့်များသိသည်မှာ အသက်ဆုံးရှုံးခြင်း၏နောက်ပိုင်း၌ကြိုဆိုသူမှာ မည်သူဖြစ်ကြောင်း ကောင်းကောင်းသိသောကြောင့်ဖြစ်သည်။

ဟေဗြဲသြဝါဒစာ။ 11:38 "ဤလောကသည် ထိုသူတို့နှင့် မထိုက်မတန်။ သူတို့သည် တောကြိုတောင်ကြား၊ ဥမင်မြေတွင်းထဲမှာအပြောင်းပြောင်းအလည်လည်နေရကြ၏။"

ဤကမ္ဘာကသင်နှင့်ထိုက်တန်လျှင်သင်သည် သမ္မာကျမ်းစာမှကင်းစောင့်များထဲတွင်မပါဝင်ပါ။ ဤလောကနှင့် အဆင်ပြေလျှင်ပြဿနာကြီးဖြစ်နေပါပြီ။ ဤလောကသည်သင်အတွက်မဟုတ်ကြောင်း သင်သိသောအခါ သင်မွေးဖွားလာရခြင်း၏ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ပြီးဖြစ်သည်။ သို့ဆိုလျှင် ဘယ်အရာကမှ သင့်ကိုမှားယွင်းခြင်းသို့မသွေးဆောင်နိုင်လျှင် သင်သည်သမ္မာကျမ်းစာနှင့်ကိုက်ညီသည့် ကင်းစောင့်ဖြစ်သည်။

ဗျာဒိတ်ကျမ်း။ 12:11 "သူတို့သည် သိုးသငယ်၏ အသွေးအားဖြင့်၎င်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်၎င်းအောင်မြင်၍၊ အသေခံသည်တိုင် အောင်ကိုယ်အသက်ကို မနှမြောကြ။"



ဤလောကသည်သင်အတွက်မဟုတ်ကြောင်း သင်သိသောအခါသင်မွေးဖွားလာရခြင်း၏ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ပြီးဖြစ်သည်။



သေခြင်းတရားသည် သခင်ယေရှုထံသွားရန်တံခါးဟူသောအမှန်တရားသာဖြစ်ကြောင်းမမေ့ပါနှင့်။

ကျွန်ုပ်တို့ကဤလောက၌နေခြင်းသည် လောကကိုအုပ်စိုးရန်မဟုတ် ကျွန်ုပ်တို့သွားလေရာရာ၌၎င်း ပြုလုပ်သည့်အရာ၌၎င်း တပါးသူအားအကျိုးသက်ရောက်မှုရှိစေရန် အသက်ရှင်နေကြခြင်းဖြစ်သည်။

ရှင်ယောဟန်ခရစ်ဝင်။ 15:18–20 "လောကီသားတို့သည် သင်တို့ကိုမုန်းလျှင်၊ သင်တို့ကို မမုန်းမှီ ငါ့ကိုမုန်းကြသည်ကို သိမှတ်ကြလော့။ သင်တို့သည် လောကီနှင့်ဆက်ဆံလျှင်၊ လောကီသားတို့သည် မိမိတို့နှင့်ဆက်ဆံသော သင်တို့ကို ချစ် ကြလိမ့်မည်။ သင်တို့သည်လောကီနှင့်မဆက်ဆံ၊ လောကီထဲကငါရွေးကောက်သော သူဖြစ်သောကြောင့်၊ လောကီသားတို့သည် သင်တို့ကိုမုန်းကြ၏။ ကျွန်သည် မိမိသခင်ထက်သာ၍ကြီးမြတ်သည်မဟုတ်ဟု ငါပြောခဲ့ပြီးသောစကားကို အောက်မေ့ကြလော့။ သူတို့သည် ငါ့ကိုညှဉ်းဆဲလျှင်သင်တို့ကိုညှဉ်းဆဲကြလိမ့်မည်။ ငါ့စကားကိုနားထောင်လျှင် သင်တို့၏စကားကို နားထောင်ကြလိမ့်မည်။"

တိမောသေသြဝါဒစာဒုတိယစောင် 3:11–12 "ထိုသို့သော အမှုတို့ကို ငါတွေ့ရသော်လည်း၊ တွေ့သမျှတို့မှ သခင်ဘုရားသည် ငါ့ကိုကယ်နှုတ်တော်မူပြီ။ ယေရှုခရစ်၏တရားတော်နှင့်အညီ၊ ဘုရားဝတ်၌ မွေ့လျော်၍ နေခြင်းငှါအလိုရှိသောသူ အပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်။

အနှိမ်ခံရခြင်းသည် ကင်းစောင့်၏တစိတ်တပိုင်းဖြစ်သည်။ ဘုရားသခင်ပင်လျှင် ဤအရာ၌သည်းခံခဲ့ရပေသည်။"



သုတ္တံကျမ်း။ 30:5 "ဘုရားသခင်၏ စကားတော်ရှိသမျှသည်စင်ကြယ်၏။ ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင် သည် အကွယ်အကာဖြစ်တော်မူ၏။"

သင့်ကိုအကာအကွယ်ပေးသောဒိုင်းမှာဘုရားသခင်ဖြစ်သည်။ ဤအမှန်တရားစကားကို သင့်နှလုံးထဲ၏ ထိပ်ဆုံး၌မှတ်သားထားပါ။

ရှင်မဿဲခရစ်ဝင်။ 26:41 "စုံစမ်းနှောင့်ရှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့။ စိတ်ဝိညာဉ်ကားစေတနာရှိပြားသော်လည်း၊ ကိုယ်မူကား အားနည်းသည်ဟု ပေတရုအား မိန့်တော်မူပြီးမှ၊"

ကင်းစောင့်များသိသည်မှာ ဇာတိသဘော၏ အတိုက်အခိုက်အောက်၌အရှုံးမခံပါ။

ရှင်လုကာခရစ်ဝင်။ 19:39–40 "လူအစုအဝေး၌ပါသော ဖာရိရှဲအချို့တို့က၊ အရှင်ဘုရား၊ ကိုယ်တော်၏တပည့်တို့ကို ဆုံးမပါဟု လျှောက်ကြသော်၊ ယေရှုကလည်း၊ ငါဆိုသည်ကား၊ ဤသူတို့သည် တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည် ချက်ခြင်းကြွေးကြော်ကြလိမ့်မည်ဟု မိန့်တော်မူ၏။"

ထာဝရအမှန်တရားကို ကျောက်တုံးများအားဖြင့် ကျယ်လောင်စွာကြေငြာခြင်းမျိုးမဖြစ်စေလိုသည်မှာ သေချာပါသည်။ ကင်းစောင့်များ!! သင်တို့အသံဖြင့် ထာဝရဘုရားပြုတော်မူပြီးသောအမှုကို ကျယ်လောင်သောသတိပေးခြင်းဖြင့် ဇဝံဂေလိပြုပါ။



ရှင်ပေတရုဩဝါဒစာပဌမစောင်။ 1:7–9 "သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း၊ အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကိုထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏။ ထိုသခင်ကိုသင်တို့သည် မမြင်ဘူးသော်လည်းချစ်ကြ၏။ ယခုမှာလည်းမမြင်ဘဲလျက်၊ ယုံကြည်သော အားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော၊ ပြော၍မမှီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်၍၊ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်းတည်းဟူသော ယုံကြည်ခြင်း၏ အကျိုးကိုခံရကြ၏။"

လောကအရာများအားလုံးသည် ကင်းစောင့်များထံမှချစ်ခြင်းရရှိမည်မဟုတ်ပါ။ ဤလောကီအရာများသည်လျှင်မြန်စွာ ကျော်လွန်သွားမည်ကိုသတိရှိပါ။

သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် 1:4–5 "သို့ဖြစ်၍၊ သင်တို့သည် ညှဉ်းဆဲခြင်း၊ ဒုက္ခဆင်းရဲခြင်းကို ခံရသမျှတို့၌ သည်းခံ၍ ယုံကြည်ခြင်းရှိ သည်ကို ငါတို့သည် ထောက်၍၊ ဘုရားသခင်၏ အသင်းတော်များတွင် သင်တို့ကြောင့် ဝါကြွားကြ၏။ သင်တို့သည် ဘုရားသခင်၏နိုင်ငံတော်အတွက် ဆင်းရဲခံရ၍၊ ထိုနိုင်ငံတော်ကို ဝင်စားထိုက်သည်ဟု မှတ်တော်မူခြင်းကို ခံရစေခြင်းငှါ၊ တရားသဖြင့် ဘုရားသခင်စီရင်တော်မူခြင်းအမှုသည် ထိုသို့သောအားဖြင့် ထင်ရှားလျက်ရှိ၏။"

ရှင်ပေတရုဩဝါဒစာဒုတိယစောင်။ 3:10–14 "သူခိုးသည် ညဉ့်အခါလာသကဲ့သို့၊ ထာဝရ ဘုရား၏ နေ့ရက်သည် လာလိမ့်ည်။ ထိုနေ့၌ မိုဃ်း ကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက် သွားလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာ ပြုလုပ် သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ သို့ဖြစ်၍၊ ဤအရာ အလုံးစုံတို့သည် ကုန်စင်မည်မှန်သော ကြောင့်၊ မိုဃ်းကောင်းကင်သည် မီးနှင့်ပျက်၍ လောက ဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကိုခံရသော နေ့တည်းဟူသော၊ ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟုသင်တို့သည် မြော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူ ဖြစ်အပ်ကြသနည်း။ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း၊

ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုဃ်းကောင်း ကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ဂတိတော် နှင့်အညီ မြော်လင့်ကြ၏။ ထိုသို့မြော်လင့်ခြင်းရှိသောကြောင့်၊ ချစ်သူတို့၊ သင်တို့သည် အညစ်အကြေးနှင့် ကင်းစင်၍ အဘယ် အပြစ်မျှမပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ်စွာ ရောက်မည် အကြောင်း ကြိုးစားအားထုတ်ကြလော့။"

ဟေရှာယအနာဂတ္တိကျမ်း။ 13:13 "သို့ဖြစ်၍၊ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ ဒေါသအမျက်တော်ပြင်းစွာထွက်သောနေ့ရက်၌၊ မိုဃ်းကောင်းကင်ကို ငါလှုပ်ရှားမည်။ မြေကြီး လည်း မိမိနေရာမှ ရွေ့ရလိမ့်မည်။"

ဇေဖနိအနာဂတ္တိကျမ်း 1:8 "ထာဝရဘုရားပွဲခံတော်မူသောနေ့၌မင်းများ၊ ဆွေတော်မျိုးတော်များနှင့် ထူးခြားစွာ ဝတ်သောသူများ အပေါင်းတို့ကို ငါစစ်ကြောမည်။"

ဗျာဒိတ်ကျမ်း။ 12:12 "ထို့ကြောင့် ကောင်းကင်နှင့် ကောင်းကင်သားတို့ ရွှင်လန်းကြလော့။ မြေကြီးနှင့်ပင်လယ်သည်အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မာရ်နတ်သည် မိမိကာလ တခဏသာရှိသည်ကိုသိ၍၊ ပြင်းစွာသော ဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ ဆင်းလေပြီဟု ဆိုကြသည်ကို ငါကြား၏။"

ဗျာဒိတ်ကျမ်း။ 10:6 "ဘုရားသခင်၏ ကျွန်တော်မျိုးပရောဖက်တို့အား ဝမ်းမြောက်စရာသိတင်းကို ဗျာဒိတ်ထားတော်မူသည် နှင့်စပ်ဆိုင်သော ဘုရားသခင်၏ နက်နဲသောအရာ သည်၊ ကာလမနှေးဘဲ သတ္တမကောင်းကင်တမန် တံပိုး မှုတ်ခြင်း အသံမြည်သောနေ့ရက်ကာလ၌ ပြည့်စုံခြင်းသို့ ရောက်မည် ဟုကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာကိုငင်း ၊ အရပ်ရပ်၌ရှိရှိသမျှတို့ကိုငင်း၊"



"အချိန်သိပ်မကျန်တော့ပါ၊ကျွန်ုပ်တို့မမြင်ဖူးသောဘုရားသခင်၏အမြတ်တော်ကျရောက်လိမ့်မည်။ ကင်းစောင့်များကဤအကြောင်းကိုကောင်းစွာသိသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့ကနတ်ကပတ်တော်ကို သိသောသူဖြစ်သောကြောင့်ပင်။ ကင်းစောင့်များသည်ဘုရားသခင်၏ အမြတ်တော်မကျရောက်ခင်လူအများကိုပြင်ဆင်ရန်လိုအပ်သည်။ (အမှန်ပင်လိုအပ်သည်)

တခါကဝေရိုဘစ်မြို့မှစားသောက်ဆိုင်တဆိုင်၌ ဝေစာနှင့်အတူဒေါ်လာနှစ်ဆယ်ကို စားဖိုမှူးနှင့်စာပွဲထိုးအတွက် ကျွန်တော်ပေးခဲ့သည်။ သူတို့အလုပ်ကိုပင်ပင်ပန်းပန်းလုပ်ခဲ့မှုအတွက် ကျွန်တော်ကသူတို့အပေါ် ကောင်းကြီးဖြစ်လို၍ဖြစ်သည်။ ထို့အပြင်သူတို့က ဧဝံဂေလိသတင်းကောင်းရရှိရန်လိုအပ်သည်။ ကျွန်တော်ဆိုင်မှအထွက် တံခါးနားရောက်သော် အန်ထိုနီဟူသောစားဖိုမှူးတစ်ယောက်က စားပွဲထိုးအား ကျွန်တော်ဝေပေးသည့်စာအုပ်မျိုးထပ်ရှိပါသလားဟုမေးသည်။ သူပြောပြသည်မှာ မီးဖိုချောင်၌အလုပ်လုပ်နေစဥ်သူ၏လုပ်ဖော်ကိုင်ဖက်များသည် တစ်နေ့သေရမည်ဟုပြောသည့်အပြင် ထိုသေခြင်းတရား၏နောက်၌ ထာဝရသေခြင်းတရားရှိကြောင်းသူတို့မသိကြဟုတွေးနေစဥ် လစ်ကကျွန်တော့်အား သင်၏ဝေစာလာပေး၍ အလွန်ဝမ်းသာမိသည်။ ထိုဝေစာများအား သူ့မိတ်ဆွေများကိုပေးမည်၊ ထိုစာစောင်များသည် ဒေါ်လာနှစ်ဆယ်ထက်တန်းဖိုးရှိသည်ဟုဆိုသည်။ သူ၏အသက်တာ၌ ကင်းစောင့်ဖြစ်ခြင်းစတင်တည်ထောင်နေကြောင်းတွေ့ရသည်။



"အချိန်သိပ်မကျန်တော့ပါ၊ကျွန်ုပ်တို့မမြင်ဖူးသောဘုရားသခင်၏အမြတ်တော်ကျရောက်လိမ့်မည်။ ကင်းစောင့်များကဤအကြောင်းကိုကောင်းစွာသိသည်၊ အဘယ်ကြောင့်ဆိုသော်သူတို့ကနတ်ကပတ်တော်ကိုသိသောသူဖြစ်သောကြောင့်ပင်။ကင်းစောင့်များသည်ဘုရားသခင်၏ အမြတ်တော်မကျရောက်ခင်လူအများကိုပြင်ဆင်ရန်လိုအပ်သည်။ (အမှန်ပင်လိုအပ်သည်)

ဒံယေလအနာဂတ္တိကျမ်း။ 5:23 "ကောင်းကင်ဘုံ၏ အရှင်ကို ဆန့်ကျင်ဘက်ပြု၍၊ ဗိမာန်တော်၏ ဖလားတို့ကို ရှေ့တော်သို့ ယူခဲ့စေ၍၊ ကိုယ်တော်တိုင်မှစသော မှူးတော်မတ်တော်၊ မိဖုရား၊ မောင်းမမိဿံတို့သည် ထိုဖလားတို့နှင့်စပျစ်ရည်ကို သောက်ကြပြီတကား။ မျက်စိမမြင်၊ နားမကြား၊ အဘယ် အရာကိုမျှ မသိသော ငွေဘုရား၊ ရွှေဘုရား၊ ကြေးဝါ ဘုရား၊ သံဘုရား၊ သစ်သားဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်း၍၊ ကိုယ်တော်၏ အသက်သခင်တည်းဟူသော ကိုယ်တော်၏ အမှုအလုံးစုံတို့ကို စီရင်ပိုင်တော်မူသော ဘုရားသခင်ကို မချီးမွမ်းဘဲ နေပါပြီတကား။"

တင်းနစ်အားကစားသမား မာတီးနား နာဖရာတိရိုဝါ ကသူမန္တိကင်ဆာဖြစ်ကြောင်းစစ်ဆေးတွေ့ရှိသောအခါ သူပြောသည်မှာ " ကျမအရမ်းလန့်ပြီး ဒူးတွေပါတုန်ကုန်တယ် ကျမကမိမိရဲ့ဘဝနဲ့ခန္ဓာကိုကောင်းကောင်းထိန်းချုပ်နိုင်တယ်လို့ ယူဆခဲ့တာ ဒီလိုဖြစ်မယ်လို့မထင်ခဲ့ဘူး ကျမထိန်းချုပ်နိုင်တဲ့စွမ်းအားထက်ကျော်လွန်နေတယ်။"

ဘုရားသခင်က မာတီးနား၏ အသက်ရှူမှုကိုလက်တော်အားဖြင့်ထိန်းချုပ်ပေးပြီး အသက်အနည်းငယ်ဆက်ပေးလိုက်သည်။ ဘုရားသခင်က သူမအားလိင်တူဆက်ဆံခြင်း၊ မာန်မာနထောင်လွှားခြင်း လောဘကြီးခြင်းမှနောင်တရရန် အခွင့်ပေးခဲ့သည်။ မေးခွန်းမှာသူမ နောင်တရမည်လား? နောက်မေးခွန်းမှာဘယ်သူကသူမ၏အတွက်ကင်းစောင့်ဖြစ်ပြီးဧဝံဂေလိပြောပေးမည်နည်း?

သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် 1:8–9 "ဘုရားသခင်ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်။ ထိုသခင်သည် မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော် ထင်ရှားခြင်းကိုငှင်း၊ ငါတို့သက်သေကို သင်တို့သည် ယုံကြည်သည်ဖြစ်၍၊"

ရှင်မဿဲခရစ်ဝင်။ 23:37 "အိုယေရုရှလင်မြို့၊ ယေရုရှလင်မြို့၊ သင်သည် ပရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့်



ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။"

လူတိုင်းကဘုရားသခင်ထံမလာနိုင်သည်မဟုတ်၊ သူတို့ကိုယ်တိုင်ကဘုရားသခင်ထံမလာခြင်းသာဖြစ်သည်။ဤကျမ်းချက်၌သခင်ယေရှုသတိပေးထားသည်အတိုင်း လူတိုင်းကသတိပေးခြင်းခံရမည်။

ဇာခရိအနာဂတ္တိကျမ်း 2:5 "ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်မြို့ကိုကာသောမီးမြို့ရိုးဖြစ်မည်။ မြို့အလယ်၌လည်း ငါသည် မြို့၏ဘုန်းအသရေဖြစ်မည်။"

ဘုရားသခင်သည်ကျွန်ုပ်တို့အားအကာအကွယ်ပေးသည်၊ ယုံကြည်သူများထံရောက်လာမည့်ဘေးအမျိုးကို ကာကွယ်ပေးသည့် မီးမြို့ရိုးဖြစ်သည်။ ကင်းစောင့်များက ဤနေ့၌တင်မက နောင်တွင်ကျရောက်မည့်ဘေးမှကာကွယ်ပေးသည့်ကြီးမြတ်သောအကွယ်အကာ ဘုရားသခင်ကို စိတ်ချယုံကြည်သည်။

ကင်းစောင့်သည်ချစ်ခြင်းနှင့်ပြည့်ဝသူဖြစ်သည်ကိုမမေ့ပါနှင့် ၊ ဘုရားသခင်ကိုချစ်သည် ကားတိုင်ကိုချစ်သည် မယုံကြည်သူကိုချစ်သည်။ ထို့ကြောင့် ဘုရားသခင်ကိုမသိသေးသည့် လူများအတွက် ချစ်ခြင်းဖြင့်သင်တတ်နိုင်သ၍ တံပိုးကိုမှုတ်ပါ။



ဘုရားသခင်သည်ကျွန်ုပ်တို့အားအကာအကွယ်ပေးသည်
ယုံကြည်သူများထံရောက်လာမည့်ဘေးအမျိုးကို
ကာကွယ်ပေးသည့် မီးမြို့ရိုးဖြစ်သည်။

သင်၏နေ့စဉ်အသက်တာကို နောက်ဆုံးသောနေ့ကဲ့သို့အသက်ရှင်ပါ။ တနေ့မှာသင်သည်အမှန်ဘက်၌ရပ်တည်နေကြောင်းတွေ့ရမည်။ ထိုအရာသည်လူတိုင်းအတွက် အမှန်တရားဖြစ်သည်။

ထိုသူများအား ဤနေ့သည်သူတို့၏နောက်ဆုံးနေ့ဟုမြင်ပါ၊ တနေ့သင်သည် အမှန်ဘက်ရပ်တည်နေသည်ဖြစ်ကြောင်းတွေ့ရမည်။

တိတုဩဝါဒစာ 2:13 "ငါတို့ကို ဆုံးမသွန်သင်၍၊ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှား ပေါ် ထွန်းလျက်ရှိ၏။"

ယေရမိအနာဂတ္တိကျမ်း။ 20:8-9 "အကျွန်ုပ်သည် ဟောပြောလေရာရာ၌ အနိုင်အထက်ပြုခြင်း၊ ညှဉ်းဆဲခြင်းအမှုကြောင့် အော်ဟစ်၍ ကြွေးကြော်ရပါ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော် သည် အကျွန်ုပ်၌ ကဲ့ရဲ့ခြင်း၊ အစဉ်ပြက်ပြယ်ခြင်းကို ခံစေရာအကြောင်း ဖြစ်ပါ၏။ ထိုကြောင့်၊ ငါသည် နှုတ်ကပတ်တော်ကို မကြား မပြော၊ နာမတော်ကို အမှီပြု၍ မဟောဘဲနေမည်ဟု သဘောထားသော်လည်း၊ ငါ့အရိုးတို့၌ ချုပ်ထား၍၊ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ ဖြစ်သောကြောင့်၊ အလွန်ငြီးငွေ့သဖြင့် အောင့်၍မနေနိုင်။"



သခင်ယေရှုနောက်လိုက်ဟုဆိုကာ ဘုရားသခင်၏ချစ်ခြင်း၌ပြည့်ဝခြင်းမရှိသည့်အပြင် မယုံကြည်သူကိုစိုးရိမ်စိတ်မရှိလျှင်ဥပဒေအတိုင်း လိုက်မလုပ်သူနှင့်တူသည်။ကင်းစောင့်စစ်မှန်လျှင် ချစ်ခြင်းမေတ္တာပြည့်ဝနေသူဖြစ်ရမည်။

သခင်ယေရှုနောက်လိုက်ဟုဆိုကာ ဘုရားသခင်၏ချစ်ခြင်း၌ပြည့်ဝ ခြင်းမရှိသည့် အပြင်မယုံကြည်သူကိုစိုးရိမ်စိတ်မရှိလျှင် ဥပဒေအတိုင်းလိုက်မလုပ်သူနှင့်တူသည်။ ကင်းစောင့်စစ်မှန်လျှင် ချစ်ခြင်းမေတ္တာပြည့်ဝနေသူဖြစ်ရမည်။ Titanic သင်္ဘော၌ပါဝင်စီးနှင်းသော နှစ်ခြင်းဆရာတော်ဂျွန် ဟာဘွန်က ဤအကြောင်း၌ကောင်းကောင်းသက်သေခံနိုင်ပါသည်။

သင်္ဘော၏အမြီးပိုင်းကအပေါ်ကိုမြောက်တက်လာချိန် ဂျွန် ဟာဘွန် က သင်္ဘောကုန်းပတ်ပေါ်တက်သွားသည်ကို အချို့သူမြင်သည်ဟုသတင်းရသည်။ သူက "အမျိုးသမီးများ ကလေးများ နှင့် ကယ်တယ်ခြင်းမရသေးသူများ အသက်ကယ်လှေထဲ



ဆင်းပါ" ဟုအော်ပြောသည်။ မိနစ်အနည်းငယ်တွင် Titanic သင်္ဘောမှအသံကျယ်လောင်စွာပေါ်လာသည်။ အချို့သူများက ပေါက်ကွဲသံဟုဆိုကြသည်။ အမှန်မှာ မဟာသင်္ဘောကြီးက နှစ်ပိုင်းကွဲတော့မည်ဖြစ်သည်။ ထိုအချိန်တွင်လူအများက သင်္ဘောကုန်းပတ်မှခုန်ချကာ နက်မှောင်ပြီးအေးစက်လှသည့် ပင်လယ်ရေပြင်ကြီးပေါ်ခုန်ချကြသည်။ ဂျွန် ဟာဘွန်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

ထိုညတွင် လူပေါင်း 1528ယောက်က အေးစက်နေသောပင်လယ်ပြင်ကြီးပေါ်ခေါင်းသာပေါလော်ပေါ်နေကြသည်။ ဂျွန် ဟာဘွန်က ရူးသွပ်စွာရေကူးကာ ထိုလူများအအေးဒဏ်ကြောင့်အသက်မဆုံးရှုံးခင် ဧဝံဂေလိဝေငှသည်ကိုအချို့သူမြင်ကြသည်။ အမောဆို့နေကာသင်္ဘောအတိုအစပေါ်တက်နေသည့်အမျိုးသားတစ်ဦးထံ ဂျွန် ဟာဘွန်သွားကာသင်ကယ်တင်ခြင်းရပြီးပြီလားဟုမေးရာထိုအမျိုးသားကမရသေးဟုဖြေသည်။

ဟာဘွန်ကထိုအမျိုးသားကို ခရစ်တော်၌ကယ်တင်ခြင်းရရန် ကြိုးစားသော်လည်း သတိလွတ်တော့မည့်ထိုအမျိုးသားကငြင်းပယ်ခဲ့သည်။ ဂျွန် ဟာဘွန်က မိမိ၏အသက်ကယ်အင်္ကျီကိုချွတ်ပြီး ထိုအမျိုးသားကို "အဲ့လိုဆိုရင် ခင်ဗျားက ဒီအရာကိုကျွန်တော့ထက်ပိုပြီးလိုအပ်မှာပါ" ဟုပြောကာပစ်ပေးလိုက်သည်။ ထို့နောက် ရေကူးကာအခြားသူများအားဧဝံဂေလိပြောသည်။မိနစ်အနည်းငယ်ကြာသော် ထိုအမျိုးသားထံထပ်ပြန်လာပြီး ဧဝံဂေလိဝေငှရာ ထိုသူကယ်တင်ခြင်းရရှိခဲ့သည်။ ပင်လယ်ထဲ 1528 ယောက်မျှောနေရာ အသက်ကယ်လှေအားဖြင့် 6ယောက်ကိုကယ်နိုင်ခဲ့သည်။ ထိုခြောက်ယောက်ထဲ၌ သင်္ဘောအတိုအစကိုကုပ်တွယ်သည့် ထိုအမျိုးသားကတစ်ယောက်အပါအဝင်ဖြစ်သည်။

လေးနှစ်ကျော်လွန်လာသောအခါ Titanic မှအသက်လွတ်ခဲ့သူများစုဝေးပွဲတွင် ထိုလူကမျက်ရည်ဝဲကာပြောပြသည်။ ဂျွန် ဟာဘွန်က သူ့ကိုခရစ်တော်နှင့်တွေ့စေပြီးနောက်၌ ရေကူးကာအခြားသူများကိုသတင်းကောင်းဝေငှသည်။ ရေခဲရည်၏အအေးဒဏ်ကြောင့် သူ၏ခန္ဓာနှန်းနေသည်၊ သူ၏နောက်ဆုံးစကားခွန်းမှာ

"သခင်ယေရှု၏နာမတော်၌ယုံကြည်ပါကယ်တင်ခြင်းကိုရမည်"[၆၆] ဟူသောစကားဖြင့် အသက်ဆုံးရှုံးခဲ့သည်။

ဂျွန် ဟာဘွန်သည် နောက်ဆုံးထွက်သက်အထိကင်းစောင့်တာဝန်ထမ်းဆောင်ခဲ့သည်။ သင်လည်းထိုသို့ဖြစ်မည်လား?

**"ဧဝံဂေလိပြုလုပ်ခြင်းကိုမယုံကြည်သောသူမှာ သမ္မာသစ်ကျမ်းကိုမဖတ်ရသေးသောသူဖြစ်သည်။ ကနဉ္ဉီးသို့ပြန်လေ့လာမည်ဆိုလျှင် သခင်ယေရှုမိန့်ကြားသည့်လယ်ကွင်းမှာ ကမ္ဘာကြီးဖြစ်သည်။ ကနဉ္ဉီးအသင်းတော်သည် ခရစ်တော်မိန့်ကြားသည့်အတိုင်းမလွဲမတွေလိုက်လုပ်ခြင်းကြောင့် အရှေ့ အနောက် တောင် မြောက်အရပ်မျက်နှာသို့ ဧဝံဂေလိပြန်နှံ့ခဲ့သည်။"** [၆၇]

" ဂျေ ဟာဝတ် ဟယ်တင်တန်"

.......................................................................

**"အကယ်၍သင်၏သတင်းကောင်းဝေငှခြင်းသည်အခြားသူ၏နှလုံးသား၌မတို့ထိလျှင် သင်၏နှလုံးသား၌လည်းမတို့ထိသောကြောင့်ပင်ဖြစ်သည်။"**[၆၇]

ခေလိ အာဘော့တ်

.............................................................................

**"အချို့သူကဘုရားကျောင်း၏ခေါင်းလောင်းသံအနီးတဝှက်သာ ဧဝံဂေလိပြုလိုကြသည်၊ သို့သော်ကျွန်ုပ်မှာ ငရဲနှင့်တကိုက်အကွာသာနီးသောသူများကိုဧဝံဂေလိပြုလိုသည်။"**[၆၉]

စီထီစတတ်

..............................................................................



**"ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို ကျွန်ုပ်တို့ပြောနေကြသော်လည်း ကမ္ဘာတဝှမ်းလုံးရှိလူများမှာခရစ်တော်၏ပထမဆုံးကြွလာခြင်းအကြောင်းကိုပင် တစ်ခါမျှမကြားဖူးကြပါ။"**[၇၀]

စဝက် ဂျေ စမစ်

.............................................................................

**"ခရစ်တော်၏ဝိညာဉ်တော်သည် ဧဝံဂေလိပြုလုပ်ခြင်းဝိညာဉ်ဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့်နီးကပ်လေလေ သာသနာပြုခြင်းကိုသာ၍အလေးထားလေဖြစ်သည်။"**[၇၁]

ဟင်နရီမာတင်

.............................................................................

**"ခရစ်ယာန်တစ်ယောက်အနေနဲ့ ကျွန်ုပ်တို့သည် နေရာတိုင်းရှိ လူသားတိုင်းအပေါ် အချိန်တိုင်းတွင် အကြွေးတင်နေကြသော်လည်း သူတို့၏လမ်းလွဲနေမှုကို မျက်ကွယ်ပြုထားကြသည်။ ကျွန်ုပ်တို့သည် လောက၌မှီခိုနေကြသော အားလျော့၊ ပျင်းရိသည့်လူများဖြစ်နေပြီ။ အဘယ့်ကြောင့် ရာဇဝတ်မှု၌ လမ်းလွဲသွားသောသူများအပေါ် ဥပေက္ခာပြုသနည်း။ ရှုံ့ချအပြစ်တင်ထိုက်သည်မှာ သာ၍ကောင်းမွန်သော နည်းလမ်းကို သိရှိသော်ည်း ကျွန်ုပ်တို့ကထိုအတိုင်း မလုပ်ခြင်းပင်ဖြစ်သည်။"**[၇၂]

လီအိုနာ ရာဝေဟင်

.................................................................................

**“ဘုရားသခင့်သာသနာတော်အတွက် စိတ်အားထက်သန်မှုက မိမိ၏ ဉာဏ်ပညာဖြင့်ဖြစ်ပေါ်လာခြင်း သို့မဟုတ် ဓမ္မဆိုင်ရာ ငြင်းခုံမှုများအားဖြင့်ဖြစ်ပေါ်လာခြင်းမဟုတ်၊ ချစ်ခြင်းမေတ္တာကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်။”** ၇၃

ရိုလန်အယ်လန်

.................................................................................

**“လူတိုင်းသည် ပစ္စုပ္ပန်နှနှင့်ထာဝရ မစ်ရှင်များဖြစ်ကြသည်။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေသူသည်မစ်ရှင်ဖြစ်သည်။ အပြစ်အနာအဆာများအား လူ့အဖွဲ့အစည်းထဲကို ဩဇာဖြန့်သည့်မစ်ရှင် သို့မဟုတ် သူသည်မြေကြီးစွန်းတိုင်အောင် ဘုရားသခင်ကို ချီးမွမ်းကိုးကွယ်ခြင်းသို့ ရောက်အောင် ကောင်းကြီးမင်္ဂလာကို ယူဆောင်လာပေးမည့်မစ်ရှင်ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ယောက်သည်လေဟာနယ်မဖြစ်နိုင်ပါ။ သူသည်လူနေမှုပုံစံနှင့်မပတ်သက်သောသူသို့မဟုတ်သူ့ပတ်ဝန်းကျင်ရှိသူများနှင့်လုံးဝအထိအတွေ့မရှိသောသူဟူ၍ မရှိပါ။"** ၇၄

သောမတ်စ် ဆာမစ်

.................................................................................

**“သင်ကဘုရားသခင်သင့်ကို "မခေါ်ဘူး" ဟုတ်ပါသလား? "မခေါ်ဘူး" ဟုဆိုသည်ထက် "ခေါ်သံကိုမကြားဘူး" ဟုပြောခြင်းကသာ၍သင့်တော်မည်ထင်သည်။ သင့်နားကိုကျမ်းစာ၌ ကပ်ကြည့်ကာ အပြစ်သားတို့ကို အပြစ်မီးလျှံထဲမှ ဆွဲထုတ်ရန် သင့်အား ခေါ်နေသည့် ဘုရားသခင်၏ အသံကို နားထောင်ပါ။ လေးလံသော ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ပြီး ဆင်းရဲဒုက္ခရောက်နေသော လူသားတို့၏စိတ်နှလုံး၏အကူအညီတောင်းသံ၊ ငရဲတံခါးအနီးမှာသင်သွားရပ်ကာ သနားစရာကောင်းသော ငိုသံ အော်ဟစ်အကူအညီတောင်းသံကို နားထောင်ပါ။ သူတို့ဖခင်၏အိမ်သို့သွား၍ မိဘ၊ ညီအစ်ကို ညီအစ်မ၊ အစေအခိုင်းတို့ကို ငရဲသို့မသွားရန် တောင်းပန်စေလိုသည်။ မေတ္တာ**



**ကရုဏာနှင့် ပြည့်စုံသောခရစ်တော်၏မျက်နှာတော်ကိုသင်ကြည့်ရှုပါ။ ဘုရားသခင်၏ ကရုဏာတော် ဧဝံဂေလိပြုရန် အခြေအနေတိုင်း၌ စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းရှိသမျှ၊ အစွမ်းသတ္တိရှိသမျှဖြင့် ကမ္ဘာစွန်းတိုင်ပြုလုပ်မည်ဟု သင်ပြောနိုင်မည်လား။”** ၇၅

ဝီလျံ ဘွတ်

.................................................................................

ကျွန်တော် ကိုးကားခဲ့သည့် သူများအားလုံးသည် လွန်စွာလေးစားရသည့် ရာထူးကြီးကင်းစောင့်များဟုပြောရလိမ့်မည်။ သူတို့သည် ဘဝ၏အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သည့်သူများဖြစ်သည်။

ဤစာအုပ်ကိုဤစာမျက်နှာအထိဖတ်လာလျှင် သင်သည်ကျွန်ုပ်ကို မမုန်းပါဟုထင်သည်။ သို့သော်အရေးကြီးသောမေးခွန်းတစ်ခုမှာ သင့်အားဘုရားသခင်ခေါ်တော်မူသည့်အတိုင်း ယခုသင်မည်သည့်အစီအစဥ်ရှိသနည်း ၊ မည်သည့်အရာပြုလုပ်မည်နည်း? ။ သင်သည်နောက်တဖန်မွေးဖွားခဲ့လျှင် ယခုသင်သည် ကင်းစောင့်များထဲမှတစ်ဦးဖြစ်သည်။ သတိနှင့်နေပါ၊ အမြဲပြင်ဆင်ထားပါ။ မိမိတို့၏အပြစ်အတွက် နောင်တရပြီး ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းမပြုပါက ၎င်းတို့အတွက် ဆင်းရဲဒုက္ခ ရောက်မည်ကိုလူအများသိရှိစေရန် သင်တတ်နိုင်သမျှ ဧဝံဂေလိပြုပါ။



အခု စာအုပ်ချရမည့်အချိန်ရောက်ပြီ။ ကင်းစောင့်အသင်းသားဖြစ်ရန်အချိန်ရောက်ပြီ။ ပါးစပ်ဖွင့်ရန် အချိန်တန်ပြီ။ တံပိုးခရာကို ကောက်ယူပြီး ကျယ်လောင်စွာမှုတ်ရန်အချိန်တန်ပြီ။ ကျွန်ုပ်တို့ဘုရားသခင်သည် မတရားသောသူ၏သေခြင်းကို မနှစ်သက်၊ ကျွန်ုပ်တို့လည်း ကင်းစောင့်တစ်ဦးအနေဖြင့် မကျေနပ်ပါ။ တိုက်ပွဲစတင်ပါပြီ။ **ကင်းစောင့်သည် အလွန်လိုအပ်သည်၊ အခုပင်လိုအပ်နေသည်။ နောက်မကျခင်သင်သည် ကင်းစောင့်အဖြစ် စာရင်းသွင်းမည်လား?**

" ထိုအတူ၊ အချင်းလူသား၊ သင့်ကိုဣသရေလ အမျိုး၌ ကင်းစောင့်စေခြင်းငှါ ငါခန့်ထားသောကြောင့်၊ သင်သည်ငါ၏ နှုတ်ထွက်စကားကို နာခံ၍ သူတို့ကို သတိပေးရမည်။

ငါသည် လူဆိုးအား၊ အိုလူဆိုး၊ အကယ်စင်စစ် သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသောသူကို သူ၏လမ်းမှ လွှဲစေခြင်းငှါ သင်သည် သတိမပေးလျှင်၊ ထိုလူဆိုးသည် မိမိအပြစ်ကြောင့် အသက်ဆုံးလိမ့်မည်။ သို့ရာတွင်၊ သူ၏အသက်ကိုသင်၌ ငါတောင်းမည်။

သို့မဟုတ်။ လူဆိုးကိုသူ၏ လမ်းမှလွှဲစေခြင်းငှါ သင်သည် သတိပေး၍ သူသည်မလွှဲဘဲနေလျှင်၊ မိမိ အပြစ်ကြောင့် အသက်ဆုံးသော်လည်း၊ သင်သည် ကိုယ် အသက်ကို ကယ်တင်ပြီ။

သို့ဖြစ်၍၊ အချင်းလူသား၊ ဣသရေလ အမျိုးသားတို့အား ဟောပြောရမည်မှာ၊ ငါတို့သည် ကိုယ်ပြုမိသော ဒုစရိုက်အပြစ်ကို ခံရသဖြင့် အားလျော့ သည်ဖြစ်၍၊ အဘယ်သို့ အသက်ရှင်နိုင်ပါမည်နည်းဟု သင်တို့ဆိုကြသော်၊



အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း၊ ဆိုးသောသူသည် အသေ ခံခြင်းအမှုကို ငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုသော လမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာ ငါနှစ်သက်၏။ အိုဣသရေလအမျိုးသားတို့၊ သင်တို့လိုက် သောလမ်းဆိုးမှ လွှဲကြလော့။ လွှဲကြလော့။ အဘယ် ကြောင့်အသေခံလိုကြသနည်း။"

ယေဇကျေလအနာဂတ္တိကျမ်း။ 33:7–11

# မှတ်စုများ

1 Oswald Chambers, <http://internationalwallofprayer.org/Q01–FAMOUS–QUOTES.html>

2 John Wesley,<http://goodreads.com/author/quotes/151350.John_Wesley>

3 Hudson Taylor, <http://christian–quotes.ochristian.com/Hudson–Taylor–Quotes>

4 President Andrew Jackson, <http://quotationsbook.com/quote/8746>

5 Harry A. Ironside,<http://wholesomewords.org/echoes/ironsidesays.html>

6 Andy Stanley, <http://usatoday.com/news/religion/2007–10–10–christians–young_N.htm>

7 Hudson Taylor, <http://christian–quotes.ochristian.com/Hudson–Taylor–Quotes>

8 Ibid.

9 Way of Life Encyclopedia of the Bible & Christianity, edited by David W. Cloud, 447.

10 John Wesley, <http://thinkexist.com/quotes/john_wesley>

11 Hudson Taylor, <http://christianquotes.ochristian.com/HudsonTaylor–Quotes/page–3.shtml>

12 Carl Kerby, (president of Reasons for Hope, in personal correspondence)

13 Ibid.

14 Mitsuo Fuchida, <http://biblebelievers.com/fuchida1.html>

15 Dave Hunt, <http://listmyfive.com/026f0dd9/The–Top–FiveQuotes–By–Christian–ApologistDave–Hunt>

16 John Adams, <http://internationalwallofprayer.org/Q–01–FAMOUS–QUOTES.html>
17 John Quincy Adams, Ibid.
18 Henry Ward Beecher, Ibid.
19 George Washington Carver, Ibid.
20 Charles Colson, Ibid.
21 Joseph Cook, Ibid.
22 Cecil B. DeMille, Ibid.
23 Queen Elizabeth, Ibid.
24 Patrick Henry, Ibid.
25 Andrew Jackson, Ibid.
26 Thomas Jefferson, Ibid.
27 Helen Keller, Ibid.
28 Robert E. Lee, Ibid.
29 Abraham Lincoln, Ibid.
30 Thomas B. Macaulay, Ibid.
31 James McCosh, Ibid.
32 D.L. Moody, Ibid.
33 Dr. Robert Milikan, Ibid.
34 Malcolm Muggeridge, Ibid.
35 Napoleon, Ibid.
36 Sir Isaac Newton, Ibid.
37 Mordecai Obadiah, Ibid.
38 Bernard Ramm, Ibid.
39 Ronald Reagan, Ibid.
40 Theodore Roosevelt, Ibid.
41 Henry Thiessen, Ibid.
42 Anonymous, Ibid.



43 Anonymous, Ibid.
44 Queen Victoria, Ibid.
45 George Washington, Ibid.
46 Daniel Webster, Ibid.
47 John Wesley, Ibid.
48 Woodrow Wilson, Ibid.
49 Gene Robinson,<http://episcopalcafe.com/lead/faith_and_politics/gene_robinsons_prayer_for_pres.html>
50 Rick Warren, <http://wnd.com/?pageId=86632>
51 Barack Obama, <http://cathleenfalsani.com/obama–on–faith–theexclusive–interview>
52 Pope John Paul II, <http://transcripts.cnn.com/TRANSCRIPTS/0811/19/cnr.07.html>
53 Billy Graham, <http://transcripts.cnn.com/TRANSCRIPTS/0811/19/cnr.07.html>
54 President Bush, <http://sbcbaptistpress.org/bpnews.asp?id=29507>
55 Paul Young, The Shack, <http://rcmetcalf.wordpress.com /2008/11/07/hello–world>
56 Brenda Nickel, Basic Reformed Theology Explained And Exposed, 73.
57 Dave Hunt, What Love Is This?, <http://thebereancall.org>
58 Adrian Rogers, <http://rayfowler.org/2008/11/15/ten–great–adrianrogers–quotes>
59 John Wesley, Sermon #73, <http://tentmaker.org/Quotes/hell–fire.htm>
60 Robert Ingersoll,<http://sermonnotebook.org/new%20testament/Luke%2016_19_31.htm>
61 Peter Kirby, <http://earlychristianwritings.com/text/martyrdompolycarp–roberts.html>

62 Alan Carr, <http://sermonnotebook.org/new%20testament/Luke%2016_19_31.htm>

63 Adrian Rogers, <http://rayfowler.org/2008/11/15/ten-great-adrianrogers-quotes>

64 Emily Esfahani Smith, <http://theblaze.com/stories/this-smallmystical-stone-saved-japanesevillagers-from-tsunamis-lethaleffects>

65 Lorenzo Benet, <http://people.com/people/article/0,,20358261,00.html>

66 Steve Van Nattan, <http://blessedquietness.com/journal/housechu/harper.htm>

67 J. Howard Edington, <http://tentmaker.org/Quotes/evangelismquotes.htm>

68 Curry R. Blake, Ibid.

69 C.T. Studd, Ibid.

70 Oswald J. Smith, Ibid.

71 Henry Martyn, Ibid.

72 Leonard Ravenhill, Ibid.

73 Roland Allen, Ibid.

74 Thomas Chalmers, Ibid.

75 William Booth, Ibid.





Mark Cahill သည် Auburn တက္ကသိုလ်မှ စီးပွားရေးမေဂျာဖြင့်ဘွဲ့ရရှိထားသူဖြစ်သည်။ ဘတ်စကတ်ဘော လောက၏ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံရပြီး IBM စီးပွားရေးလောကတွင်ဥ◌ီးစီးလုပ်ဆောင်ခဲ့သည်။ သူသည် စီမံခန့်ခွဲမှုရာထူးအမျိုးမျိုးကို ထမ်းဆောင်ခဲ့ပြီး အထက်တန်းကျောင်းတွင် လေးနှစ်ကြာ သင်ကြားခဲ့သည်။ Mark သည် နှစ်စဉ်လူထောင်ပေါင်းများစွာနှင့် စကားပြောဆိုသည်။ သူသည် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များစွာတွင် တင်ပြခွင့်ရခဲ့သည်။ Mark ၏ စိတ်အားထက်သန်မှုသည် လူများနှင့်တွေ့ဆုံပြီး သူတို့ယုံကြည်ရာကို ရှာဖွေတွေ့ရှိခြင်း အဘယ်ကြောင့် ထိုသို့ယုံကြည်ကြသနည်းဟု ရှာဖွေခြင်းဖြစ်သည်။ သင်သည် Mark ကို ဈေးဝယ်စင်တာများ၊ ဖျော်ဖြေပွဲများ၊ အနုပညာနှင့်ဂီတပွဲတော်များ၊ လေဆိပ်များ၊ ကမ်းခြေများ၊ အားကစားပွဲများ၊ တက္ကသိုလ်များ၊ မြို့ကြီးများမှဘားများ စသည်တို့တွင် တွေ့နိုင်သည်။